MIMU

harp

Humanitarian Assistance and Resilience Programme Facility

လူသားချင်းစာနာထောက်ထားမှု အကူအညီနှင့် ပြန်လည်ထူထောင်နိုင်စွမ်း ထောက်ပံ့မှု အစီအစဉ် နှင့်
မြန်မာ သတင်းအချက်အလက် စီမံခန့်ခွဲမှုယူနစ်

# ထိခိုက်လွယ်မှု အခြေအနေ
# မြန်မာနိုင်ငံ

## လိုအပ်နေမှုများ၊ လွှမ်းခြုံပေးနိုင်မှုအတိုင်းအတာ နှင့် လစ်ဟာနေမှုများ အတွက် အချက်အလက်များအပေါ် ဆင့်ပွားလေ့လာသုံးသပ်မှု

ဇွန်လ ၂၀၁၈



Myanmar's Nightlights, 2016. (NASA)

Cover image :
NASA, 2016. Downloaded May 2018 from
https://earthobservatory.nasa.gov/Features/NightLights/page3.php

Canada

European Union
Civil Protection and
Humanitarian Aid

UKaid
from the British people

*မြန်မာနိုင်ငံတွင်း ထိခိုက်လွယ်မှု အခြေအနေ -- လိုအပ်နေမှုများ၊ လွှမ်းခြုံပေးနိုင်မှု အတိုင်းအတာ နှင့် လစ်ဟာနေမှု များအတွက် အချက်အလက်များအပေါ် ဆင့်ပွားလေ့လာသုံးသပ်မှုအား* ယူကေနိုင်ငံတကာ ဖွံ့ဖြိုးရေးဌာန၊ ကနေဒါ နိုင်ငံအစိုးရ နှင့် ဥရောပသမဂ္ဂ လူသားချင်းစာနာထောက်ထားမှု အကူအညီတို့က ငွေကြေးထောက်ပံ့ပေးထား ပါသည်။

**ကိုးကားရန် အကြံပြုထားသည့်စာရွက်စာတမ်း --** HARP-F and MIMU (2018). Vulnerability in Myanmar: A Secondary Data Review of Needs, Coverage and Gaps.

**သက်ဆိုင်မှုမရှိကြောင်း ရှင်းလင်းချက် --** ယခုထုတ်ဝေမှုအတွင်း ဖော်ပြထားသည့် အမြင်များသည် စာရေးသားသူ(များ) နှင့်သာ သက်ဆိုင်ပြီး၊ HARP-F ၊ ကုလသမဂ္ဂ၊ MIMU ၊ ကနေဒါနိုင်ငံအစိုးရ၊ ဥရောပသမဂ္ဂ၊ သို့တည်းမဟုတ် ယူကေနိုင်ငံတကာ ဖွံ့ဖြိုးရေးဌာနတို့၏ တရားဝင် အမြင်သဘောထားအဖြစ် မည်သည့်နည်းဖြင့်မျှ ယူဆနိုင်မည် မဟုတ်ပေ။ HARP-F ၊ MIMU ၊ ကုလသမဂ္ဂ နှင့် ယခုကဲ့သို့ လေ့လာဆောင်ရွက်မှုအတွက် အလှူ ရှင်များဖြစ်ကြသည့် အဖွဲ့အစည်းများသည် ယခုထုတ်ဝေမှုတွင် ပါဝင်သည့် သတင်းအချက်အလက်အပေါ် အခြေခံ၍ဖြစ်ပေါ်လာနိုင်သည့် မည်သည့်အသုံးချမှုပြုခြင်းကိစ္စကိုမျှ တာဝန်ယူပေးနိုင်မည် မဟုတ်ပေ။

# မာတိကာ


မာတိကာ i
ပုံများအတွက် မာတိကာ iii
အတိုကောက် အသုံးအနှုန်းများ v

ကျေးဇူးတင်လွှာ vi

အနှစ်ချုပ် ဖော်ပြချက် 1

အစီရင်ခံချက်အား ဖွဲ့စည်းထားပုံ 5

နိဒါန်း 6

ထိခိုက်လွယ်မှု အရေးကိစ္စကို အဘယ်ကြောင့် အလေးပေးရသနည်း။ 7

အပိုင်း (၁) ဆောင်ရွက်ပုံနည်းစနစ် နှင့် ကန့်သတ်ချက်ရှိခြင်းများ 9

ထိခိုက်လွယ်မှု အညွှန်းဖော်ပြချက် 9
ယခုဆန်းစစ်ချက်အတွက် အခက်အခဲအကန့်အသတ်များ 13

အပိုင်း (၂) ထိခိုက်လွယ်မှု ဖြစ်စေခြင်း အကြောင်းတရားများ 15

၁ ရာသီဥတုကြောင့် ဘေးသင့်နိုင်ခြေ နှင့် ဘေးအန္တရာယ်ကျရောက်မှုအား စီမံကိုင်တွယ်မှု 15
ဘေးဒုက္ခကြုံတွေ့မှုအား စီမံကိုင်တွယ်မှု စနစ်ယန္တရားများ 17
ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသတွင်း ပတ်ဝန်းကျင်ဆိုင်ရာ ပျက်စီးခြင်း နှင့် ထိခိုက်လွယ်မှု 18
အလယ်ပိုင်း အပူပိုင်းဒေသတွင်း ရေအရင်းအမြစ် စီမံခန့်ခွဲမှု နှင့် ထိခိုက်လွယ်မှု အခြေအနေ 21

၂ ပဋိပက္ခ 26

၃ ရင်းနှီးမြှုပ်နှံမှုနည်းပါးခြင်း နှင့် ဖွံ့ဖြိုးမှုနောက်ကျခြင်း 32
အဖွဲ့အစည်းလိုက် စွမ်းရည် 32
အရွယ်အစား သေးငယ်သော မြို့ပြ အချက်အချာတည်နေရာများ နှင့် ဆင်းရဲနွမ်းပါးမှု လျော့ကျမှုနှင့် ဘေးဒဏ်ခံနိုင်ရည် 39
အကူအညီ အထောက်အပံ့ နှင့် လူမှုအဖွဲ့အစည်း 40
အမိုးအကာ နှင့် အိုးအိမ် 43
ရေအရင်းအမြစ် စီမံခန့်ခွဲမှု နှင့် ရေဆိုး/မိလ္လာထုတ်စနစ် 46
ကျန်းမာရေး နှင့် အာဟာရ 50
ပညာရေးကဏ္ဍ 56
အသက်မွေးဝမ်းကျောင်းမှု နှင့် အိမ်ထောင်စု အသုံးစရိတ် 63
စိုက်ပျိုးရေးလုပ်ငန်း နှင့် စားနပ်ရိက္ခာ ဖူလုံမှု 68

အပိုင်း (၃) ထိခိုက်လွယ်မှု - အဓိက တွေ့ရှိချက်များ 72

အပိုင်း (၄) အမျိုးတူမြို့နယ် အုပ်စုများကို လေ့လာဆန်းစစ်ချက် 78

အမျိုးတူမြို့နယ် စုစည်းခြင်း 80

အမျိုးအစား-၁ ဖွံ့ဖြိုးမှုဆိုင်ရာ လိုအပ်နေမှုများ နှင့်/သို့ ပဋိပက္ခသက်ရောက်မှု တို့ကြောင့် လွန်စွာသီးခြားဖြစ်နေသည့်နေရာများ 82
အမျိုးအစား-၂ လူသားဖွံ့ဖြိုးမှုအားနည်းသော ပဋိပက္ခဒဏ်ခံရသည့် ဒေသများ 84
အမျိုးအစား-၃ ပဋိပက္ခဒဏ်ခံရသည့် ဒေသများရှိ ဗဟိုချက်များ 86
အမျိုးအစား-၄ အခြေခံဝန်ဆောင်မှုများ နှင့် အခြေခံအဆောက်အအုံများ လက်လှမ်းမီသုံးစွဲနိုင်မှုလွန်စွာ နည်းပါးခြင်း 88
အမျိုးအစား-၅ တစ်ဦးချင်းအမြတ်အစွန်းအမြင့်မားဆုံးရှိသည့် စိုက်ပျိုးရေးမြို့နယ်များ 90
အမျိုးအစား-၆ ဒုတိယမြို့တော်များ နှင့် မြို့များရှိသည့် စိုက်ပျိုးရေးနေရာ ဒေသများ 92
အမျိုးအစား-၇ တိုးတက်ဖြစ်ထွန်းလာမည့် မြို့ပြနှင့်ကပ်လျက်ဒေသ နှင့် မြို့ပြဒေသများ 94
အမျိုးအစား-၈ ငွေကြေးပို အဆင်ပြေသည့် လူနေထူထပ်သော မြို့လယ်ခေါင်များ 96

နောက်ဆက်တွဲ - ဆောင်ရွက်ပုံနည်းစနစ်ဆိုင်ရာ ထပ်ဆင့်မှတ်ချက်များ 98

လူမှုပထဝီ နှင့် အခြေခံ ကိန်းဂဏန်းအချက်အလက်များ 99
ထိခိုက်လွယ်မှုဆိုင်ရာ အညွှန်းဖော်ပြချက် 101
ပဋိပက္ခ အညွှန်းဖော်ပြချက် 101
မြို့နယ် ကြွယ်ဝမှု အဆင့်သတ်မှတ်ချက် 102
သန်းခေါင်စာရင်း အချက်အလက်အတွင်းမှ ဆက်နွယ်ချက်များ 104
ပုံသေတွက်ချက်မှုပုံစံများ၊ ဆုံးဖြတ်သည့်မှုများ နှင့် နောက်ဆုံး ပုံစံစနစ် ထွက်ရှိမှု 105
အချက်အလက်များကို မြို့နယ် အမျိုးအစားလိုက် စုစည်းထားရှိခြင်း 107

ရည်ညွှန်းချက်များ 109

# ပုံများအတွက် မာတိကာ


ပုံ-၁ လေ့လာဆန်းစစ်မှုအတွင်း ထည့်သွင်းစဉ်းစားမှုပြုထားသည့် ထိခိုက်လွယ်မှု ဆိုင်ရာ အဓိက အညွှန်း(ကိန်း)များ 10

ပုံ-၂ မြို့နယ်အမျိုးအစားများကိုခြုံငုံသုံးသပ်ချက် 12

ပုံ-၃ (၂၀၀၈ မှ ၂၀၁၅) ထင်ရှားသည့် ရေကြီးမှု နှင့် ဆိုင်ကလုန်းမုန်တိုင်းတို့ သက်ရောက်သည့် နယ်မြေများ 17

ပုံ-၄ ဧရာဝတီ မြစ်ဝကျွန်းပေါ်ဒေသတွင်း ပျမ်းမျှရေငန် ဝင်ရောက်မှု – MYFish, Delta Alliance 18

ပုံ-၅ လမုပင်ဖုံးလွှမ်းမှု အပြောင်းအလဲ၊ ၁၉၇၈ မှ ၂၀၁၁ ဧရာဝတီ မြစ်ဝကျွန်းပေါ်ဒေသ - ကမ္ဘာ့ပတ်ဝန်းကျင်ဆိုင်ရာ ပြောင်းလဲမှု 19

ပုံ-၆ လမုပင်ဖုံးလွှမ်းမှု အပြောင်းအလဲ ဖြစ်ပေါ်မှု အကြောင်းရင်းများ ၊ ၁၉၇၈ မှ ၂၀၁၁ ဧရာဝတီ မြစ်ဝကျွန်းပေါ်ဒေသ 19

ပုံ-၇ ရာသီဥတု အပြောင်းအလဲအတွက် ကြိုတင်ခန့်မှန်းချက်များ – အမျိုးသားအဆင့် ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျော 20
ညီထွေစွာနေထိုင်ရေးအစီအစဉ်၊ ၂၀၁၂ 22

ပုံ-၈ နှစ်စဉ် မိုးရေချိန် – AWP ၂၀၁၇ 24

ပုံ-၉ MIMU 3W - အပူပိုင်းဒေသတွင်း အဖွဲ့အစည်း၏ လုပ်ငန်းဆောင်တာများ 26

ပုံ-၁၀ ၂၀၁၅ မှ ၂၀၁၆ အတွင်း မှတ်တမ်းတင်ထားသည့် ထိပ်တိုက်တွေ့ဆုံပဋိပက္ခများ 27

ပုံ-၁၁ ၂၀၁၄ ခုနှစ်အတွင်း ထိပ်တိုက်တွေ့ဆုံပဋိပက္ခများ 27

ပုံ-၁၂ ၂၀၁၅ ခုနှစ်အတွင်း ထိပ်တိုက်တွေ့ဆုံပဋိပက္ခများ 27

ပုံ-၁၃ နိုင်ငံ့အဖွဲ့အစည်းမဟုတ်သော လက်နက်ကိုင်တပ်ဖွဲ့များ၏ လှုပ်ရှားမှုနယ်မြေများ (၂၀၁၅) 28

ပုံ-၁၄ ထိပ်တိုက်ဖြစ်မှုများ/ပဋိပက္ခများ နှင့် မငြိမ်သက်မှုတို့အပေါ် ခြုံကြည့်ခြင်း ၂၀၁၅ ဇန်နဝါရီ မှ ၂၀၁၆ စက်တင်ဘာ – ACLED
အချက်အလက်အစု 29

ပုံ-၁၅ ၂၀၁၅ ခုနှစ် IDPs များနှင့် ဒုက္ခသည်များအား လေ့လာခြင်း- မြန်မာနိုင်ငံ ငြိမ်းချမ်းရေး စောင့်ကြည့်လေ့လာမှု 29

ပုံ-၁၆ နေရပ်စွန့်ခွာရွှေ့ပြောင်းရခြင်း၏ သက်ရောက်မှုများ - GFDRR ၂၀၁၁ 30

ပုံ-၁၇ ၂၀၁၅-၂၀၁၆ ပဋိပက္ခအညွှန်းဖော်ပြချက် 31

ပုံ-၁၈ ပဋိပက္ခ တိုက်ရိုက်ခံရခြင်း နှင့် အခြားသော မြို့နယ်များ- ၂၀၁၄ သန်းခေါင်စာရင်း - ACLED ၂၀၁၅-၂၀၁၆ 33

ပုံ-၁၉ ပြည်ထောင်စု ဘတ်ဂျက်အတွင်းမှ အရေးကြီး အချက်များ အနှစ်ချုပ် 33

ပုံ-၂၀ ၂၀၁၄ အတွင်း လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးမှု - သန်းခေါင်စာရင်း 33

ပုံ-၂၁ အမျိုးသား မဟာဓာတ်အားလိုင်း တိုးချဲ့မှု အစီအစဉ်အဆင့်ဆင့် နှင့် ဓာတ်အားလိုင်း လက်လှမ်းမီမှု 34

ပုံ-၂၂ ၂၀၁၄ အာဆီယံ ကျန်းမာရေးဆိုင်ရာ သုံးစွဲမှုများ - ကမ္ဘာ့ဘဏ် 35

ပုံ-၂၃ GDP ၏ ရာခိုင်နှုန်းအရ ကာကွယ်ရေး အသုံးစရိတ် နှင့် အစိုးရ၏ စုစုပေါင်း အသုံးစရိတ် ၂၀၁၄ – Abuza 36

ပုံ-၂၄ တင်ပြခဲ့သည့် ပြည်ထောင်စု ဘတ်ဂျက်များ ၂၀၁၁-၂၀၁၇ (ကိန်းဂဏန်းအားလုံးမှာ မြန်မာကျပ်) – Open Myanmar
Initiative 37

ပုံ-၂၅ နှစ်အလိုက် ပြည်ထောင်စု သုံးစွဲငွေ နှိုင်းယှဉ်ချက် 38

ပုံ-၂၆ ပြည်နယ်/တိုင်းဒေသကြီး အဓိက အညွှန်းဖော်ပြချက်များ (၂၀၁၃/၂၀၁၄) – Open Myanmar Initiative and MIMU-
HARP တို့၏ လေ့လာဆန်းစစ်မှု 41

ပုံ-၂၇ ထိခိုက်လွယ်မှုအခြေအနေဖြစ်ပွားမှုပမာဏ နှင့် ထိခိုက်လွယ်မှု ရှိနေသည့် ခန့်မှန်းလူဦးရေ 41

ပုံ-၂၈ 3W ၏ တစ်ဦးချင်းအတွက် လုပ်ငန်းဆောင်ရွက်ချက်များ နှင့် စုစုပေါင်း လုပ်ငန်းဆောင်ရွက်ချက် 42

ပုံ-၂၉ တစ်ဦးချင်းအတွက် 3W ၏ လုပ်ငန်းဆောင်ရွက်ချက်အား ပြည်နယ်/တိုင်းဒေသကြီး ထိခိုက်လွယ်မှုဆိုင်ရာ ရမှတ်နှင့်
တိုက်ဆိုင်ကြည့်ခြင်း 42

ပုံ-၃၀ ၂၀၁၄-၂၀၁၆ 3W လုပ်ငန်းဆောင်ရွက်မှု အရေအတွက် အများဆုံးရှိသည့် မြို့နယ်များ - MIMU 43

ပုံ-၃၁ သက်ငယ် နှင့် ဝါး ခေါင်မိုးများ ရှိကြသည့် အိမ်ထောင်စုများ – ၂၀၁၄ သန်းခေါင်စာရင်း 43

ပုံ-၃၂ သစ်သား၊ မြေသား နှင့် ဝါးနံရံတို့ ရှိကြသည့် အိမ်ထောင်စုများ – ၂၀၁၄ သန်းခေါင်စာရင်း 44

ပုံ-၃၃ ဝါး (သို့) မြေသားကြမ်းခင်းများ ရှိကြသည့် အိမ်ထောင်စုများ – ၂၀၁၄ သန်းခေါင်စာရင်း 45

ပုံ-၃၄ ဝါး (သို့) မြေသားကြမ်းခင်းများ ရှိကြသည့် မြို့နယ်အလိုက်ရှိ အိမ်ထောင်စုများ – ၂၀၁၄ သန်းခေါင်စာရင်း 46

ပုံ-၃၅ ဘေးကင်းမှုမရှိသည့် မိလ္လာ/ရေဆိုး ထုတ်စနစ် ပျံ့နှံ့တည်ရှိမှု နှင့် ပမာဏ – ၂၀၁၄ သန်းခေါင်စာရင်း 47

ပုံ-၃၆ တိုးတက်ကောင်းမွန်သည့် သောက်သုံးရေ ရှိသည့် အိမ်ထောင်စုများ – ၂၀၁၄ သန်းခေါင်စာရင်း 47

ပုံ-၃၇ ဘေးကင်းသည့် မိလ္လာ/ရေဆိုးထုတ်စနစ် ရှိကြသည့် အိမ်ထောင်စုများ – ၂၀၁၄ သန်းခေါင်စာရင်း 48

ပုံ-၃၈ တိုးတက်ကောင်းမွန်အောင်ပြုလုပ်ထားခြင်းမရှိသည့် သောက်သုံးရေအရင်းအမြစ်များ ပျံ့နှံ့နေမှု နှင့် ပမာဏ – ၂၀၁၄
သန်းခေါင်စာရင်း

ပုံ-၃၉ ဘေးကင်းသည့် သောက်သုံးရေအား လက်လှမ်းမီမှု အနိမ့်ဆုံးအဆင့်ရှိကြသည့် မြို့နယ်များအား နှိုင်းယှဉ်ကြည့်ခြင်း 49

ပုံ-၄၀ သေဆုံးမှုနှုန်း အညွှန်းဖော်ပြချက်များ၊ မြန်မာနိုင်ငံ (၂၀၁၄ သန်းခေါင်စာရင်း) အား ဒေသတွင်းနှင့် ကမ္ဘာလုံးဆိုင်ရာ အညွှန်းဖော်ပြချက်များနှင့် နှိုင်းယှဉ်ပြထား 51

ပုံ-၄၁ မြန်မာနိုင်ငံအဝှမ်း နို့စို့အရွယ် နှင့် (၅)နှစ်အောက်ကလေး သေဆုံးမှုနှုန်း အမြင့်ဆုံးရှိနေသည့် မြို့နယ်များ-၂၀၁၄ သန်းခေါင်စာရင်း 51

ပုံ-၄၂ ပြည်နယ်များနှင့် တိုင်းဒေသကြီးတို့အလိုက် အသက်(၅)နှစ်အောက် ကလေးများ ကြီးထွားဖွံ့ဖြိုးမှု နေးကွေးခြင်း– DHS၂၀၁၅-၂၀၁၆ 52

ပုံ-၄၃ မြို့နယ် နှင့် မြို့နယ်ခွဲအလိုက် အသက်အရွယ် အစောပိုင်းတွင် သေဆုံးမှုနှုန်း– ၂၀၁၄ သန်းခေါင်စာရင်း 52

ပုံ-၄၄ ၂၀၁၂ သေဆုံးမှုနှုန်း နှင့် ရောဂါဖြစ်ပွားမှုနှုန်း တို့အတွက် ထိပ်ဆုံးမှ အကြောင်းတရားများ - ကျန်းမာရေး ဝန်ကြီးဌာန 53

ပုံ-၄၅ ၂၀၁၃ ခုနှစ်အတွင်း ကျေးရွာများ/ရပ်ကွက်များသို့ ကွင်းဆင်းမှု ပျမ်းမျှအကြိမ်ရေ - ကျန်းမာရေး ဝန်ကြီးဌာန 54

ပုံ-၄၆ ပြည်နယ်များ/တိုင်းဒေသကြီးများ အကြား ကျန်းမာရေးကဏ္ဍ ရလဒ်ထွက်ပေါ်မှု၊ ၂၀၁၆ နိဝင်ဘာလ၊ အမျိုးသား ကျန်းမာရေး စီမံချက် 55

ပုံ-၄၇ အသက်အရွယ် အပိုင်းခြားအလိုက် အမြင့်ဆုံးပညာရေး သင်ယူထားမှု၊ ၂၀၁၄ – သန်းခေါင်စာရင်း 57

ပုံ-၄၈ မြို့နယ်အလိုက် ပုံမှန်ပညာရေးသင်ယူထားမှု မရှိသည့်သူများ ပျံ့နှံ့မှုနှင့် ရှိသည့်ပမာဏ – ၂၀၁၄ သန်းခေါင်စာရင်း 58

ပုံ-၄၉ ကျောင်းလုံးဝ မနေဖူးသည့် ကလေးများ အမြင့်မားဆုံးနှုန်းရှိသည့် မြို့နယ်များ – ၂၀၁၄ သန်းခေါင်စာရင်း 58

ပုံ-၅၀ ၂၀၀၂/၀၃ ခုနှစ် ပညာသင်နှစ် အတန်းအမျိုးမျိုးရှိသည့်အနက် ပထမတန်း တက်ရောက်သူများ – ADB (from EMIS data) 60

ပုံ-၅၁ ကျောင်းထွက်သွားသူများ၏ ပထဝီတည်နေရာ အမျိုးမျိုး – ADB 60

ပုံ-၅၂ အလယ်တန်းကျောင်း ပညာရေးသင်ယူထားမှု မရှိသည့်သူများ ပျံ့နှံ့မှုနှင့် ရှိသည့်ပမာဏ – ၂၀၁၄ သန်းခေါင်စာရင်း 61

ပုံ-၅၃ အလယ်တန်းကျောင်း ပညာရေးသင်ယူထားမှု မရှိသည့် အသက်(၂၅)နှစ်နှင့်အထက် လူအရေအတွက် အမြင့်ဆုံးရှိသည့် မြို့နယ်များ – ၂၀၁၄ သန်းခေါင်စာရင်း 61

ပုံ-၅၄ အဆင့်မြင့်ပညာရေး ရှိထားကြသူများ သင်ကြားခဲ့သည့် ဘာသာရပ်နယ်ပယ်များ - ၂၀၁၅ မြန်မာနိုင်ငံ အလုပ်သမား စစ်တမ်း 64

ပုံ-၅၅ လုပ်ငန်းကဏ္ဍအမျိုးအစားအလိုက် ဝင်ငွေများ - ၂၀၁၅ ခုနှစ် မြန်မာနိုင်ငံ အလုပ်သမား စစ်တမ်း 64

ပုံ-၅၆ အိမ်ထောင်စု စုစုပေါင်း ရာခိုင်နှုန်းအဖြစ် ၂၀၁၂ခုနှစ် အိမ်ထောင်စု ဝယ်ယူသုံးစွဲမှုနှုန်း လေ့လာချက် - CSO 66

ပုံ-၅၇ အိမ်ထောင်စု စုစုပေါင်း ရာခိုင်နှုန်းတစ်ခုအဖြစ် အိမ်ထောင်စု ဝယ်ယူသုံးစွဲမှုနှုန်း– CSO ၂၀၁၂ 66

ပုံ-၅၈ ပြည်နယ်/တိုင်းဒေသကြီး အလိုက် ကျေးလက်လမ်းပန်း ဆက်သွယ်မှု – ADB ၂၀၁၆ 67

ပုံ-၅၉ အာဆီယံအတွင်း စိုက်ပျိုးရေးလုပ်ငန်းအတွက် ထည့်ဝင်ရင်းနှီးသည့်အရာများအား နှိုင်းယှဉ်လေ့လာမှု - LIFT 68

ပုံ-၆၀ စိုက်ပျိုးရေးမြေ အကျယ်အဝန်း ညွှန်းဆိုချက် – WFP 70

ပုံ-၆၁ စိုက်ပျိုးရေးလုပ်ငန်း စက်ဝန်းအပေါ် နာဂစ်ဆိုင်ကလုန်းမုန်တိုင်း၏ ရိုက်ခတ်သက်ရောက်မှု – EMI, WB & GFDRR 71

ပုံ-၆၂ ပြည်နယ်/တိုင်းဒေသကြီးအလိုက် ထိခိုက်လွယ်အားနည်းသူ အရေအတွက် 73

ပုံ-၆၃ မြို့နယ်အဆင့် ထိခိုက်လွယ်မှုအညွှန်း နှင့် ထိခိုက်လွယ်မှု ရှိနေသော ခန့်မှန်းလူဦးရေ 74

ပုံ-၆၄ ပြည်နယ် နှင့် တိုင်းဒေသကြီး တစ်ခုချင်းစီရှိ မြို့နယ်များတစ်လျှောက် ထိခိုက်လွယ်အားနည်းသည့် လူထုအမျိုးမျိုး 75

ပုံ-၆၅ မြို့နယ်အလိုက် ထိခိုက်လွယ်မှု အခြေအနေ 76

ပုံ-၆၆ ချင်းပြည်နယ်၏ ရွေးချယ်ထားသည့် သန်းခေါင်စာရင်း အညွှန်းဖော်ပြမှုများ၊ ကြွယ်ဝမှု အဆင့် နှင့် ထိခိုက်လွယ်မှု အဆင့် 77

ပုံ-၆၇ မြို့နယ်အဆင့် ထိခိုက်လွယ်မှုအဆင့်ရလဒ် နှင့် ထိခိုက်လွယ်အားနည်းသူခန့်မှန်း လူဦးရေ 78

ပုံ-၆၈ ဆင်းရဲနွမ်းပါးမှု နှင့် ထိခိုက်လွယ်မှု အညွှန်းဖော်ပြချက်များကို နှိုင်းယှဉ်မှုပြုခြင်း 79

ပုံ-၆၉ MIMU-HARP လေ့လာဆန်းစစ်မှုအပေါ် အခြေခံထားသည့် အမျိုးတူ မြို့နယ် အုပ်စုများ 80

ပုံ-၇၀ အမျိုးအစားသတ်မှတ်မှုအလိုက် ရွေးချယ်ထားသည့် အင်္ဂါရပ်များ နှင့် လူမှုပထဝီ အခြေအနေများ 81

ပုံ-၇၁ အချက်အလက်အစု ဇယားကွက် 99

ပုံ-၇၂ မြို့နယ် အုပ်စုများကို သတ်မှတ်ပေးရာတွင် သုံးသည့် ဆုံးဖြတ်ချက်ချမှတ်ခြင်း ပုံစံကားချပ် 107

# အတိုကောက် အသုံးအနှုန်းများ

| | |
|---|---|
| ACLED | Armed Conflict Location and Event Data [လက်နက်ကိုင်ပဋိပက္ခများဖြစ်ပွားရာနေရာနှင့် ဖြစ်ပွားမှု အချက်အလက်] |
| ADB | Asian Development Bank [အာရှဖွံ့ဖြိုးရေးဘဏ်] |
| ASEAN | Association of Southeast Asian Nations [အာဆီယံ - အရှေ့တောင်အာရှ နိုင်ငံများအဖွဲ့] |
| CCCM | Camp Coordination and Camp Management [စခန်းပေါင်းစပ်ညှိနှိုင်းမှုနှင့် စီမံခန့်ခွဲမှုအဖွဲ့] |
| CDNH | Centre for Diversity and National Harmony [ကွဲပြားခြားနားမှုနှင့် အမျိုးသားရေးသဟဇာတဖြစ်မှုဆိုင်ရာ လေ့လာရေးအဖွဲ့] |
| CSO | Central Statistics Organisation [ဗဟိုစာရင်းအင်းအဖွဲ့] |
| DHS | Demographic Health Survey [လူနေမှုဘဝကျန်းမာရေးဆိုင်ရာ စစ်တမ်း] |
| DRR | Disaster Risk Reduction [ဘေးအန္တရာယ်ဖြစ်နိုင်ခြေ လျှော့ချရေး] |
| EAO | Ethnic Armed Organisation [တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်း] |
| EMI | Earthquake Megacities Initiative [မြို့ကြီးများ ငလျင်အန္တရာယ်ကြိုတင်ကာကွယ်ရေးအဖွဲ့] |
| EMIS | Education Management Information System[ပညာရေးစီမံခန့်ခွဲမှု သတင်းအချက်အလက် လုပ်ဆောင်မှုစနစ်] |
| EWARS | Early Warning Alert and Response System [စောစီးစွာသတင်းရယူခြင်းနှင့် တုံ့ပြန်ဆောင်ရွက်ခြင်း စနစ်] |
| GDP | Gross Domestic Product [ပြည်တွင်း အသားတင်ထုတ်လုပ်မှု/ဝန်ဆောင်မှု စုစုပေါင်းတန်ဖိုး] |
| GFDRR | Global Facility for Disaster Reduction and Recovery [ကမ္ဘာလုံးဆိုင်ရာ ဘေးအန္တရာယ်လျှော့ချရေးနှင့် ပြန်လည်ထူထောင်ရေး အဖွဲ့အစည်း] |
| HARP-F | Humanitarian Assistance and Resilience Programme Facility [လူသားချင်းစာနာထောက်ထားမှု အကူအညီနှင့် ပြန်လည်ထူထောင်နိုင်စွမ်း ထောက်ပံ့မှု အစီအစဉ်] |
| HMIS | Health Management Information System [ကျန်းမာရေးစီမံခန့်ခွဲမှု အထောက်အကူပြု သတင်းစနစ်] |
| ICT | Information and Communication Technologies [သတင်း နှင့် ဆက်သွယ်ရေးဆိုင်ရာ နည်းပညာ] |
| IDP | Internally Displaced Persons [ပြည်တွင်း နေရပ်စွန့်ခွာ ရွှေ့ပြောင်းနေထိုင်ရသူများ] |
| INFORM | Index for Risk Management [အန္တရာယ်ဖြစ်နိုင်ခြေ စီမံခန့်ခွဲမှု အညွှန်းကိန်း] |
| IWMI | International Water Management Institute [ရေအရင်းအမြစ် လေ့လာရေး အပြည်ပြည်ဆိုင်ရာဌာန] |
| KAP | Knowledge, Attitudes, Practices [အသိပညာ၊ သဘောထားများနှင့် အလေ့အထများအပေါ်လေ့လာခြင်း] |
| LIFT | Livelihood and Food Security Trust Fund [အသက်မွေးမှုနှင့် စားနပ်ရိက္ခာဖူလုံရေး ရန်ပုံငွေအဖွဲ့] |
| MIMU | Myanmar Information Management Unit [မြန်မာ သတင်းအချက်အလက် စီမံခန့်ခွဲမှုယူနစ်] |
| MMK | Myanmar Kyats [မြန်မာကျပ်ငွေ] |
| MoH | Ministry of Health [ကျန်းမာရေးဝန်ကြီးဌာန] |
| Mohinga | Myanmar's Aid Information Management System [မြန်မာနိုင်ငံ ကူညီထောက်ပံ့မှု သတင်းအချက်အလက်များ စီမံခန့်ခွဲမှု စနစ်] |
| MoSWRR | Ministry of Social Welfare, Relief and Resettlement [လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေး နှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန] |
| NNDMC | National Natural Disaster Management Committee [နိုင်ငံတော် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေးကော်မတီ] |
| ODA | Official Development Assistance [ဖွံ့ဖြိုးရေး တရားဝင်အကူအညီ] |
| OECD | Organisation for Economic Co-operation and Development [စီးပွားရေး ပူးပေါင်းလုပ်ဆောင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး အဖွဲ့အစည်း] |
| RRD | Relief and Resettlement Department [ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဌာန] |
| STEM | Science, Technology, Engineering, and Mathematics [သိပ္ပံဘာသာရပ်၊ နည်းပညာဘာသာရပ်၊ အင်ဂျင်နီယာဘာသာရပ် နှင့် သင်္ချာဘာသာရပ်] |
| TAF | The Asia Foundation [အာရှဖောင်ဒေးရှင်း] |
| TWh | Terawatt Hours [လျှပ်စစ်စွမ်းအင် တိုင်းတာသည့် ယူနစ်] |
| UN | United Nations [ကမ္ဘာ့ကုလသမဂ္ဂ] |
| USD | United States Dollar [အမေရိကန်ဒေါ်လာ] |
| UXO | Unexploded Ordinance [ပေါက်ကွဲစေတတ်သော စစ်ကျန်ပစ္စည်း] |
| WASH | Water, Sanitation, and Hygiene [ရေ၊ မိလ္လာ/ရေဆိုးထုတ်စနစ် နှင့် တစ်ကိုယ်ရည်/ပတ်ဝန်းကျင် သန့်ရှင်းရေးဆိုင်ရာ] |
| WB | World Bank [ကမ္ဘာ့ဘဏ်] |
| 3W | MIMU Who is doing What, Where ["ဘ"(၃)လုံး -- ဘယ်သူက ဘာကိုလုပ်ဆောင်မည်နည်း၊ ဘယ်နေရာတွင်နည်း] |

# ကျေးဇူးတင်လွှာ

ဤ ကဏ္ဍအမျိုးမျိုးအား စားပွဲတင် လေ့လာသုံးသပ်မှုလုပ်ငန်းမှာ ကုလသမဂ္ဂ ဌာနေ နှင့် လူသားချင်းစာနာမှုဆိုင်ရာ ညှိနှိုင်းရေးမှူးရုံး လက်အောက်ရှိ ဌာနတစ်ခုဖြစ်သည့် မြန်မာ သတင်းအချက်အလက် စီမံခန့်ခွဲမှုယူနစ် (MIMU) နှင့် လူသားချင်းစာနာထောက်ထားမှု အကူအညီနှင့် ပြန်လည်ထူထောင်နိုင်စွမ်း ထောက်ပံ့မှု အစီအစဉ် (HARP-F) တို့၏ မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှုကြောင့် ထွက်ရှိလာသည့် ရလဒ်ဖြစ်ရာ၊ အဆိုပါ ဌာန (၂)ခု စလုံးမှာ မြန်မာနိုင်ငံတစ်ဝှမ်းတွင် လူသားချင်းစာနာမှုဆိုင်ရာနှင့် ဖွံ့ဖြိုးမှုဆိုင်ရာ လုပ်ငန်းအစီအစဉ်များအား အကူအညီပေးအပ်ခြင်းတွင် တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်လျက်ရှိကြပါသည်။

ယင်းလေ့လာသုံးသပ်ချက်သည် အချက်အလက်ဆန်းစစ်ခြင်းတွင် လစ်ဟာမှုများရှိနေခြင်းကို အလေးပေးကြည့်ရှုပြီး နိုင်ငံတစ်ဝှမ်းရှိ မြို့နယ်များအတွင်း ကွဲပြားခြားနားမှုများ နှင့် ကွာဟကွဲလွဲချက်များ အချို့တို့ကို တွေ့ရှိသိမြင်စေရန် ကြိုးပမ်းမှုပြုထားကာ ထိရောက်မှုရှိသော လုပ်ငန်းအစီအစဉ်များ နှင့် မူဝါဒများအား ပုံစံချရေးဆွဲမှုအတွက် အကူအညီဖြစ်စေရန်အတွက် ဖြစ်ပါသည်။ ယင်းလေ့လာသုံးသပ်မှုသည် အများပြည်သူသို့ ထုတ်ပြန်ပေးထားသည့် ဒေတာအချက်အလက်နှင့် သတင်းအချက်အလက်များအပေါ်တွင် အခြေခံမှုပြုထားပြီး ပါဝင်ပတ်သက်သော အဖွဲ့အစည်းဌာနများအားလုံးအနေဖြင့် ၎င်းတို့ပေးအပ်နိုင်သော အသင့်တော်ဆုံးဖြစ်မည့် အကူအညီဆိုင်ရာအပေါ် ရုပ်လုံးဖော်ထုတ်ပေးနိုင်မည့် နည်းလမ်းအတွက် အကူအညီအထောက်အပံ့ဖြစ်စေရန် မျှော်လင့်ထားပါသည်။

ယခု စားပွဲတင်လေ့လာမှုအတွင်း ပါဝင်ထားသည့် ဆောင်ရွက်ပုံနည်းစနစ် နှင့် ဆန်းစစ်ချက်တို့အား အတိုင်ပင်ခံကျွမ်းကျင်ပုဂ္ဂိုလ်က ဦးဆောင်ပြုလုပ်ပေးခဲ့ကာ MIMU နှင့် HARP-F အဖွဲ့တို့မှ မူကြမ်းရေးသားခြင်း၊ ပုံဇယားကွက်များဖြင့်ဖော်ပြပေးခြင်း နှင့် တည်းဖြတ်ပေးခြင်းတို့ကို ပြုလုပ်ပေးခဲ့ပါသည်။

ယခု လေ့လာသုံးသပ်ချက် နှင့် ဆန်းစစ်ချက်အတွင်း အသုံးပြုထားသည့် သတင်းအချက်အလက် နှင့် ဒေတာအချက်အလက်များအား ဝေမျှပေးကြသူ အမျိုးမျိုး၊ အထူးသဖြင့် မြို့နယ်အဆင့် စီမံအုပ်ချုပ်ရေးဆိုင်ရာ ဒေတာအချက်အလက်များအား ရရှိအောင်ဆောင်ရွက်ပေးခဲ့ကြသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၏ အမျိုးမျိုးသော ဌာနဆိုင်ရာတို့အားလည်းကောင်း၊ ယင်းတို့အထဲမှ အရေးပါသောအရာဖြစ်သည့် ယခုဆန်းစစ်ချက်အတွင်း ကျယ်ကျယ်ပြန့်ပြန့်အသုံးပြုထားသည့် ၂၀၁၄ ခုနှစ် အိမ်အကြောင်းအရာ နှင့် လူဦးရေ သန်းခေါင်စာရင်းအတွက်လည်းကောင်း ကျေးဇူးတင်ရှိပါသည်။

သက်ဆိုင်ရာ သတင်းအချက်အလက်များနှင့် အစီရင်ခံစာများအပါအဝင် အဖိုးတန် ထိုးထွင်းသိမြင်မှုများကို ပံ့ပိုးပေးခဲ့ကြသည့် အစိုးမဟုတ်သော အဖွဲ့အစည်းများနှင့် ကုလသမဂ္ဂအဖွဲ့အစည်းများမှ ဝန်ထမ်းများအားလည်းကောင်း နှင့် ဆောင်ရွက်ပုံနည်းစနစ်ဆိုင်ရာ လုပ်ဆောင်ရေးနည်းလမ်းများအပေါ် သုံးသပ်မှုပြုပေးရန် (၂)ကြိမ် တွေ့ဆုံစည်းဝေးမှုပြုလုပ်ခဲ့သည့် နည်းပညာပိုင်း သုံးသပ်ရေးအဖွဲ့ အားလည်းကောင်း မိမိတို့က ကျေးဇူးတင်ရှိပါသည်။

ယခု လေ့လာသုံးသပ်ချက်အား ယူကေ နှင့် ကနေဒါ အစိုးရများအပါအဝင် ဥရောပသမဂ္ဂတို့၏ အရေးတယူထည့်ဝင်ပံ့ပိုးပေးမှုများကြောင့် ဆောင်ရွက်မှုပြုလုပ်နိုင်ခဲ့ခြင်း ဖြစ်ပါသည်။

# အနှစ်ချုပ် ဖော်ပြချက်

## နောက်ခံအကြောင်းအရာနှင့် ဆောင်ရွက်ပုံနည်းစနစ်

စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုအတွက်လည်းကောင်း နှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်များအတွက်လည်းကောင်း ဖြစ်သည့် ကမ္ဘာလုံးဆိုင်ရာ (၂၀၃၀) အစီအစဉ်၌ မြန်မာနိုင်ငံ၏ ခရီးပေါက်တိုးတက်မှုနှုန်းသည် နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုတွင် မည်သူမှမကျန်ခဲ့စေရ ဟူသော အဓိကအခြေခံမှုကို ကိုင်စွဲလျက် အဆင်းရဲဆုံးနှင့် အပစ်ပယ်ခံရဆုံးသော သူများအားဦးတည်မှုပြု၍ နိုင်ငံ၏ဆောင်ရွက်ပုံနည်းလမ်းအပေါ်တွင် များစွာမူတည်ပါလိမ့်မည်။ ယင်းတွင် လိုအပ်သည်မှာ ရှိနှင့်ပြီးသားဖြစ်သည့် ထိခိုက်လွယ်မှု အခြေအနေနှင့် မည်သူသည်၊ မည်သည့်နေရာတွင် မည်သို့ထိခိုက်ခံစားနေသည် ဆိုသည်များအပေါ် နားလည်သဘောပေါက်မှုတစ်ရပ်ကိုပင်ဖြစ်ပါသည်။ ပိုမိုထိရောက်သော အစီအစဉ်ရေးဆွဲခြင်းနှင့် မူဝါဒဆိုင်ရာ ဆုံးဖြတ်ချက်များ ဖြစ်ပေါ်စေခြင်းအပြင် ဆိုခဲ့သည့် နားလည်သိရှိမှုသည်လည်း အရေးပေါ်အခြေအနေ တုံ့ပြန်ကိုင်တွယ်ဆောက်ရွက်ပေးမှုကို အထောက်အကူ ဖြစ်စေပါသည်။

ထိခိုက်လွယ်မှုအခြေအနေတွင် တစ်ခုတည်းသော သတ်မှတ်ချက် လက္ခဏာဟူ၍ မရှိပါ။ ယင်းသည် မတူကွဲပြားသော သွင်ပြင်ရှုထောင့်အမျိုးမျိုးနှင့် ဝိသေသ အမျိုးမျိုးတို့ အန့်တွင်၊ ကွဲပြားသော အချိန်များတွင် ကွဲပြားသော ထိခိုက်နိုင်မှုများမှ ထိခိုက်ခံစားရနိုင်သည့် တစ်ဦးချင်းနှင့် အုပ်စုများနှင့်အတူ တည်ရှိနေပါသည်။ မြန်မာနိုင်ငံအတွင်း ထိခိုက်လွယ်မှုအပေါ် လေ့လာသုံးသပ်မှု အနည်းငယ်သာရှိခဲ့သည် - ရှိသည့်အရာမှာလည်း ပြည်နယ်/တိုင်းဒေသကြီး အဆင့်တွင်သာများပြီး၊ မြို့နယ်များ၊ ကျေးရွာအုပ်စုများနှင့် လူဦးရေအလိုက် အုပ်စုများအတွင်းတွင်သော်လည်းကောင်း နှင့် ယင်းတို့အကြားတွင်သော်လည်းကောင်း ရှိနေသည့် ကွဲပြားခြားနားမှုများကို ဖုံးကွယ်ထားသကဲ့သို့ ဖြစ်နေပါသည်။ နိုင်ငံတစ်ဝှမ်းတွင် ထိခိုက်လွယ်မှု အခြေအနေ၏ ကွာခြား၍အပြောင်းအလဲဖြစ်မှုများအား နားလည်သဘောပေါက်ရန် ပိုမိုအသေးစိတ်သော လေ့လာဆန်းစစ်မှုကို လိုအပ်နေရာတွင်၊ ပြည်နယ်များနှင့် တိုင်းဒေသကြီးများအဆင့်အောက်ရှိ အုပ်ချုပ်မှုအဆင့်များတွင် လိုအပ်ခြင်းဖြစ်ပါသည်။

ဤအစီရင်ခံစာသည် ၂၀၁၄ - ၂၀၁၆ ကာလအတွင်းမှဖြစ်သော အမျိုးသားအဆင့် အချက်အလက်အစုအဝေးများ နှင့် မြို့နယ်အဆင့် သတင်းအချက်အလက်များအား စားပွဲတင်သုံးသပ်မှုနှင့် လေ့လာဆန်းစစ်မှုမှတဆင့် မြန်မာနိုင်ငံတစ်ဝှမ်း ထိခိုက်လွယ်မှုအခြေအနေကို စဉ်းစားသုံးသပ်မှုပြုထားပါသည်။ မြို့နယ်အဆင့်များရှိထိခိုက်လွယ်မှုအခြေအနေကိုပိုမိုနားလည်သဘောပေါက်နိုင်ရန်၊ ဤလေ့လာသုံးသပ်မှုအတွက် သီးသန့်ဖော်ထုတ်ထားသည့် ထိခိုက်လွယ်မှုအညွှန်းတစ်ခုအား အသုံးပြုလျက်၊ နည်းလမ်းရှုထောင့်ပေါင်းစုံပါဝင်သည့် လုပ်နည်းစနစ်တစ်ခုဖြင့် ဆောင်ရွက်ထားသည်။ ဤအညွှန်းမှ ပြန်လည်သုံးသပ်မှု ကာလအတွင်း ပဋိပက္ခ နှင့် အကြမ်းဖက်မှုများ၏ သက်ရောက်မှုများ နှင့် တွဲဖက်လျက် လူသားပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု၏ အစိတ်အပိုင်းများကိုထင်ဟပ်နိုင်ရန် အများပြည်သူမှ ရယူအသုံးပြုနိုင်သော အချက်အလက်များကို အခြေခံထားသည်။ ထိုကဲ့သို့သော အညွှန်းများတွင် သီးခြားအညွှန်းကိန်းများအား ရွေးချယ်ထားရာ ကွဲပြားသောတိုင်းရင်းသားလူမျိုးစုနှင့် ပထဝီဇရိယာများ တစ်လျှောက် သီးခြားအညွှန်းကိန်း တစ်ခုခု၏ ဆီလျော်မှုနှင့် မြို့နယ်အဆင့်တွင် အခြေခံသော မည်သည့်အညွှန်းမဆိုသည် မြို့နယ်အတွင်း ပြောင်းလဲမှုများကို မပြနိုင်ဆိုသော အချက်အပါအဝင် အကန့်အသတ်များရှိသည်။ ဤကဲ့သို့ဖြစ်ရာ ထိခိုက်လွယ်မှုအညွှန်းအား အလုံးစုံ သို့မဟုတ် ပြီးပြည့်စုံသော တိုင်းတာမှုတစ်ခုဟု မယူဆနိုင်သော်လည်း မြို့နယ်များအတွင်း ကွဲပြားမှုများ ထည့်သွင်းစဉ်းစားရန်အတွက် ညွှန်ပြသော နည်းလမ်းတစ်ခုကိုပေးပါသည်။

၂၀၁၄ခုနှစ် သန်းခေါင်စာရင်း ကောက်ယူမှုတွင် လစ်ဟာနေမှုများသည် အထူးသဖြင့် ရခိုင်ပြည်နယ်တွင်းရှိသော အချို့မြို့နယ်များအတွက် ရလဒ်များအပေါ်တွင် အရေးပါသောထည့်သွင်းစဉ်းစားမှု တစ်ခုဖြစ်ခဲ့သည်။ အချို့သော နေရာများ အထူးသဖြင့် လူဦးရေ ခန့်မှန်း (၁၀၉၀၀၀၀) အားစာရင်းမကောက်ခဲ့သော ရခိုင်ပြည်နယ်၊ ကချင်ပြည်နယ် (၉၇ ရွာမှ လူဦးရေ ၄၆၆၀၀ ကို စာရင်းမကောက်ခဲ့) နှင့် ကရင်ပြည်နယ် (လူဦးရေ ၆၉၇၅၃ အား စာရင်းမကောက်ခဲ့) အတွက် သန်းခေါင်စာရင်း အချက်အလက်အပြည့်အစုံအား မရရှိနိုင်ခဲ့ပါ။ ထိုစာရင်း မကောက်ခဲ့သော ဇရိယာများတွင် ထိခိုက်လွယ်မှုသည် ခန့်မှန်းထားသည်ထက် ပိုမိုမြင့်မားနိုင်သည်။ ဤအကန့်အသတ်များဖြင့်ပင် သန်းခေါင်စာရင်းမပါဝင်သော လူဦးရေအများဆုံး ဖြစ်သည့် ရခိုင်ပြည်နယ်သည် စူးစမ်းရာဖွေတွေ့ရှိခဲ့သော တစ်ဦးချင်းနှင့် စုပေါင်းညွှန်းကိန်းများအရ ထိခိုက်လွယ်မှု အများဆုံးသော နေရာများမှတစ်ခုအဖြစ် တစ်သမတ်တည်း ရှိနေခဲ့သည်။

လေ့လာသုံးသပ်မှုမှ မြန်မာနိုင်ငံတွင် ထိခိုက်လွယ်မှုများအပေါ် လက်ရှိအမြင်များကို အတည်ပြုနိုင်ပြီး၊ တစ်ခါတစ်ရံတွင် စိန်ခေါ်မှုများ ဖြစ်လာပါသည်။ နိုင်ငံတစ်ဝှမ်း ထိခိုက်လွယ်မှုများ၏ သီးခြားပုံစံများကို ဤအစီရင်ခံစာတွင် အမှတ်အသားပြုထားသည်။ ယေဘုယျအားဖြင့် နိုင်ငံတစ်ဝှမ်းလုံး ထိခိုက်လွယ်မှု အချက်အလက်များနှင့် စီမံကိန်းများ၏ လက်ရှိအလေးပေးမှုကို ပြန်လည်သုံးသပ်ရန် အခွင့်အလမ်းတစ်ခုကို ပေးပြီး၊ လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာနှင့် ဖွံ့ဖြိုးမှုစီမံကိန်းနှင့် စီမံချက်ရေးဆွဲခြင်းများအကြား ဆက်စပ်မှုအပေါ် ပိုမိုခိုင်မာသော လေ့လာသုံးသပ်မှုတစ်ခုကို ပေးပါသည်။

မြန်မာနိုင်ငံရှိ ကနဦးကတည်းကရှိနေသော ထိခိုက်လွယ်သည့် လူဦးရေအပေါ် လေ့လာထားသော ပိုမိုရှင်းလင်းသည့် သုံးသပ်ချက်များသည် အရေးပေါ်တုံ့ပြန်မှုများတွင် ပိုမိုစောလျင်စွာပံ့ပိုးနိုင်ပြီး၊ ပိုမိုကောင်းမွန်စွာ ဦးစားပေးဆောင်ရွက်နိုင်ပါမည်။ ပျက်စီးဆုံးရှုံးမှု အသေးစိတ်အချက်အလက်များကို ကောက်ယူရာတွင် အကူအညီလိုအပ်နိုင်သည့် ဖြစ်နိုင်ခြေရှိသူအပေါ် ပိုမိုနားလည်မှုရှိစေသကဲ့သို့ ဦးစားပေးလုပ်ဆောင်မည့် ပြန်လည်ထူထောင်ရာတွင်လည်း အထောက်အကူဖြစ်စေပါသည်။

# အဓိက လေ့လာတွေ့ရှိချက်များ

**ရာသီဥတုအန္တရာယ် နှင့် ဘေးအန္တရာယ်စီမံခန့်ခွဲမှု** - မြန်မာနိုင်ငံ၏ ပြည်တွင်းအသားတင် ထုတ်လုပ်မှုတန်ဖိုး (GDP) (၃%) သည် သဘာဝဘေးအန္တရာယ်များကြောင့် နစ်စဉ်ဆုံးရှုံးလျက်ရှိသောကြောင့် ကုလသမဂ္ဂ အစီရင်ခံစာတစ်ခုမှ မြန်မာနိုင်ငံအား ရာသီဥတုဖြစ်စဉ် ပြင်းထန်လွန်မှုများကြောင့် ထိခိုက်အလွယ်ဆုံး (၃) နိုင်ငံတွင် ထည့်သွင်းထားသည်။ ထိုဖြစ်စဉ်များ၏ လူမှုစီးပွားရေး သက်ရောက်မှုများသည် ထိခိုက်လွယ်မှု အများဆုံး ဖြစ်စေတတ်ပါသည်။ ဧရာဝတီ မြစ်ဝကျွန်းပေါ်ဒေသသည် နိုင်ငံ၏လူဦးရေ အထူထပ်ဆုံးသော ဒေသတစ်ခုဖြစ်ပြီး၊ ရာသီဥတု အပြောင်းအလဲနှင့် အခြားရေယှက်နေသော အကြောင်းရင်းများ စုစည်းမှုကြောင့် ထိခိုက်လွယ်သည်။ အလယ်ပိုင်း မိုးနည်းဒေသတွင် ဆင်းရဲချို့တဲ့မှုနှင့် စားနပ်ရိက္ခာ မလုံလောက်မှုများ အကြောင်းအရင်းဖြစ်သော ရေအရင်းအမြစ် ပြောင်းလဲမှုအား စီမံခန့်ခွဲနိုင်စွမ်း မရှိခြင်းကြောင့် ထိုဒေသသည် ထိခိုက်လွယ်ပါသည်။

**ပဋိပက္ခ** - ဤလေ့လာမှုတွင် ပဋိပက္ခများခံစားရသည့် ဒေသများအဖြစ် ပဋိပက္ခ ဖြစ်ပွားဆဲဒေသများ၊ နေရပ်စွန့်ခွာသွားသောဒေသများနှင့် ၂၀၁၅ -၂၀၁၆ ကာလအတွင်း ဖြစ်ပွားသော အဓိကရုဏ်းများ သို့မဟုတ် ဆန္ဒပြမှုများကို ကြုံတွေ့ရသည့် ဒေသများအား ထည့်သွင်းစဉ်းစားသည်။ ထိခိုက်လွယ်မှု အတိုင်းအတာသည် ထိုကာလအတွင်း ပဋိပက္ခများအား တိုက်ရိုက်ခံစားရသည့် မြို့နယ် (၆၈) မြို့နယ်အတွင်း လူနေမှု အဆင့်အတန်းအားဖြင့် သိသာစွာပြောင်းလဲမှုရှိပြီး၊ ယေဘုယျအားဖြင့် ပဋိပက္ခမဖြစ်ပွားသည့် ဒေသများထက် (၂၃%) လျော့နည်းသည်။ ပဋိပက္ခ ဖြစ်ပွားသည့် ဒေသရှိ လူမှုဘဝ သက်ရောက်မှုများသည် ကျောင်းနေခွင့်ရရှိမှုပေါ်တွင် များစွာသက်ရောက်နေပြီး၊ ထိုကာလအတွင်း ပဋိပက္ခသက်ရောက်ခံစားရသည့် မြို့နယ်များတွင် ကျောင်းလုံးဝမတက်ခဲ့သူများ သို့မဟုတ် အတန်းပညာ မတတ်မြောက်သူများ၏ ပျမ်းမျှအရေအတွက်သည် ပဋိပက္ခ ထိခိုက်ခံစားရခြင်း မရှိသည့် မြို့နယ်များထက် နစ်ဆရှိသည်ကို တွေ့ရှိရသည်။

**အဖွဲ့အစည်းပိုင်းဆိုင်ရာစွမ်းဆောင်ရည်** - ၂၀၁၁ ပြုပြင်ပြောင်းလဲရေးများမှစ၍ ပြည်ထောင်စု ရသုံးမှန်းခြေငွေစာရင်း (Budget) ကို စစ်ရေးဆိုင်ရာသုံးစွဲမှုများနည်းတူ လျှပ်စစ်ဓာတ်အားပေးရေး၊ စွမ်းအင်ရှာဖွေဖော်ထုတ်ခြင်းနှင့် အခြေခံအဆောက်အအုံ လိုအပ်ချက်များပေါ်တွင် များစွာသုံးစွဲခဲ့သည်။ ဗဟိုချုပ်ကိုင်မှုလျှော့ချရေးသည် တဖြည်းဖြည်း တိုးတက်လာသော်လည်း တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွက် ဘဏ္ဍာရေးသတ်မှတ်ချက်သည် (၈%) တွင် ဆက်လက်နိမ့်ကျလျက်ရှိသည်။ တစ်ဦးချင်းအလိုက်သုံးစွဲမှုမှာ ၂၀၁၆ တွင် အမေရိကန်ဒေါ်လာ (၃၅.၆၀) ဖြင့် ဆက်လက်နိမ့်ကျနေသော်လည်း ကျန်းမာရေးနှင့် ပညာရေးအတွက် ဘဏ္ဍာရေးသတ်မှတ်ချက်သည် ၂၀၁၁/၁၂ မှစ၍ သိသာစွာ တိုးမြှင့်ထားသည်။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနအတွက် ဘဏ္ဍာရေးသတ်မှတ်ချက်သည် လွန်စွာနည်းပါးပြီး များစွာမပြောင်းလဲဘဲ ပြည်တွင်းအသားတင် ထုတ်လုပ်မှုတန်ဖိုး၏ (၀.၀၃%) တွင် တည်တန့်နေသည်။

**မြို့ပြနှင့် ကျေးလက်ခြားနားချက်များ** - မြို့ပြနှင့် ကျေးလက်ဒေသများတွင် နေထိုင်သူများအကြား လူနေမှုအခြေအနေများနှင့် စီးပွားရေးဆိုင်ရာ လွတ်လပ်ခွင့်များတွင် ထင်ရှားသောကွာဟချက်များကို တွေ့ရသည်။ ကျေးလက်ဒေသရှိ ကျေးရွာများ၏ (၇၂%) သည် လျှပ်စစ်မီးမရရှိဘဲ ကျေးလက်နေပြည်သူများတွင် သန့်ရှင်းသောသောက်ရေနှင့် ရေဆိုးနုတ်စနစ်များ လက်လှမ်းမီအသုံးပြုနိုင်ခွင့်များ သိသာစွာနည်းပါးနေသည် - ပညာရေးဆိုင်ရာ ရလဒ်များမှာ သိသာထင်ရှားစွာ ပြောင်းလဲမှုရှိပြီး ကျေးလက်ဒေသများတွင် အထက်တန်းကျောင်း တက်ရောက်နိုင်မှုနှုန်းသည် မြို့ပြဒေသများ၏ တစ်ဝက်သာ ရှိသည်။ မည်သို့ပင်ဆိုစေကာမူ ကျေးလက်ဒေသများအား နိုင်ငံတစ်ဝှမ်းတွင် တူညီသော အခြေအနေရှိသည်ဟုယူဆ၍မရဘဲ မြို့ပြဒေသများသည်လည်း တူညီသောနည်းလမ်းများ လိုအပ်သည်ဟု ယူဆ၍ မရနိုင်ပါ။

**အကူအညီနှင့်အရပ်ဘက်လူမှုအဖွဲ့အစည်း** - ၂၀၁၆ ခုနှစ်ကို နိုင်ငံတကာ၊ နိုင်ငံပေါင်းစုံနှင့် နှစ်နိုင်ငံအကြား အကူအညီ အားလုံးပေါင်း အမေရိကန်ဒေါ်လာ (၇.၄၄) သန်း အကူအညီပေးမည်ဟု ကတိကဝတ် ရရှိသော နှစ်အဖြစ်မြင်တွေ့ခဲ့ရပြီး ၎င်းတို့ထဲမှ (၂၄%) ကို ထိုကာလအတွင်း ထောက်ပံ့ပေးခဲ့သည်။ ထောက်ပံ့မှုများ၏ (၄၄%) အား ထောက်ပံ့ရေး အေဂျင်စီများနှင့် ဘဏ္ဍာရေးအဖွဲ့အစည်းများမှ တစ်ဆင့်ရောက်ရှိခဲ့ပြီး၊ အနည်းဆုံး (၃၃%) သည် အစိုးရအဖွဲ့အစည်းများသို့ တိုက်ရိုက်ရောက်ရှိခဲ့သည်။ ထောက်ပံ့ရေးအေဂျင်စီများမှတစ်ဆင့် ရောက်လာသော ODA များသည် ကျန်းမာရေးနှင့် အာဟာရ၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ၊ အခြေခံအဆောက်အအုံ၊ စိုက်ပျိုးရေးနှင့် အကာအကွယ်ပေးရေး ကဏ္ဍများတွင်များစွာသက်ရောက်မှု ရှိသည်။ ဤလေ့လာသုံးသပ်မှုအရ ထိခိုက်လွယ်သော လူဦးရေ၏ (၁၄%) ခန့်ရှိသော မြို့နယ် (၂၅) ခုတွင် အရပ်ဘက် လူမှုအဖွဲ့အစည်းများမှ အစီရင်ခံခဲ့သည့် ဆောင်ရွက်ချက် သုံးပုံတစ်ပုံခန့်ကို အလေးပေး ဆောင်ရွက်ခဲ့သည်။

**အမိုးအကာနှင့် အိုးအိမ်** - အိုးအိမ်အရည်အသွေးသည် ထိခိုက်လွယ် ဖော်ပြရာတွင် အရေးပါသော ညွှန်ပြချက်တစ်ခု ဖြစ်သည်။ မြန်မာနိုင်ငံရှိ အိမ်ထောင်စု အားလုံး၏ သုံးပုံတစ်ပုံသည် ဝါး သို့မဟုတ် မြေသားကြမ်းခင်းများ အသုံးပြုဆဲဖြစ်ပြီး၊ (၃၆%) သည် ဓနိ သို့မဟုတ် ဝါး အမိုးအောက်တွင် နေထိုင်ကြရသည်။ ရခိုင် နှင့် ဧရာဝတီ ဒေသများသည် ဆိုင်ကလုန်းမုန်တိုင်း သို့မဟုတ် ပြင်းထန်သောရေကြီးမှုဒဏ်အား ကြံ့ကြံ့မခံနိုင်သော အရည်အသွေးနိမ့် အမိုးနှင့်အကာပစ္စည်းများ အသုံးပြုမှု အများဆုံးဖြစ်သည်။ မြေသားနှင့် ဝါး ကြမ်းခင်း အသုံးပြုသည့် အိမ်ထောင်စု အရေအတွက် အများဆုံးရှိသည့် မြို့နယ်များမှာ ရခိုင်မြောက်ပိုင်း (စာရင်းကောက်ခံမှုလျော့) နှင့် စိုက်ပျိုးရေး အဓိကလုပ်ကိုင်သည့် ဒေသများဖြစ်သော မကွေး၊ မန္တလေးနှင့် စစ်ကိုင်းတိုင်းဒေသကြီး တို့တွင်တည်ရှိသည်။

**ရေအရင်းအမြစ်စီမံခန့်ခွဲမှုနှင့် ရေဆိုးနုတ်စနစ်** - ၂၀၁၄ သန်းခေါင်စာရင်းအရ နိုင်ငံတစ်ဝှမ်းအိမ်ထောင်စုများအားလုံး၏ (၂၆%) သည် အန္တရာယ်ကင်းသော ရေဆိုးနုတ်စနစ် ကင်းမဲ့နေကာ၊ (၃၁%) သည် သန့်ရှင်းကောင်းမွန်သည့် သောက်သုံးရေရရှိမှု မရှိဟု ဖော်ပြထားသည်။ ရခိုင်ဒေသသည် အန္တရာယ်ကင်းသော ရေဆိုးနုတ်စနစ်အဆင့်တွင် သိသာထင်ရှားစွာ အနိမ့်ဆုံးဖြစ်ကာ ဧရာဝတီ၊ ပဲခူး၊ ရခိုင်နှင့် ရန်ကုန်တိုင်းဒေသများသည် ပိုမိုကောင်းမွန်သောရေအရင်းအမြစ်ရရှိမှု အနည်းဆုံးဖြစ်သည်။ မသန့်ရှင်းသော ရေနှင့် ရေဆိုးနုတ်စနစ်ရှိသော ဒေသများသည် နေရာထိုင်ခင်း နွမ်းပါးသည့် ဒေသများနှင့် အဓိကအားဖြင့် တစ်နေရာတည်း ဖြစ်နေသည်ကို တွေ့ရပါသည်။

**ကျန်းမာရေးနှင့်အာဟာရ** - မြန်မာနိုင်ငံ၏ သေဆုံးမှုနှုန်းသည် ကောင်းမွန်သော ကျန်းမာရေး စောင့်ရှောက်မှု များဖြင့် ကြိုတင်ကာကွယ်ကုသ၍ ရနိုင်သော ကူးစက်ရောဂါများနှင့် ထိခိုက်ဒဏ်ရာရမှုများကြောင့် အများဆုံး ဖြစ်ပါသည်။ မိခင်နှင့်ကလေး စောင့်ရှောက်မှုများကို ပိုမိုတိုးမြှင့်လုပ်ဆောင်ခြင်းအပြင် အသုံးစရိတ် ပိုမိုသုံးစွဲခြင်း ပြုလုပ်သော်လည်း ကိုယ်ဝန်ဆောင်နှင့် ကလေးမွေးဖွားမှု ဆိုင်ရာ အကြောင်းအရာများသည် သေဆုံးနှုန်းနှင့် ရောဂါဖြစ်ပွားနှုန်းတို့၏ အဓိက အကြောင်းရင်းများ ဖြစ်နေဆဲဖြစ်သည်။ မြန်မာနိုင်ငံ၏ မိခင်သေဆုံးနှုန်းနှင့် (၅) နှစ်အောက် ကလေး သေဆုံးနှုန်းများသည် အာဆီယံပျမ်းမျှနှုန်း၏ နှစ်ဆထက်ကျော်ပြီးမွေးကင်းစ ကလေးသေဆုံးမှုနှုန်းသည် အာဆီယံပျမ်းမျှနှုန်း၏ (၂.၆) ဆ ရှိသည်။ ကျယ်ပြန့်သော ပထဝီဆိုင်ရာအနေအထား၊ တိုင်းရင်းသား လူမျိုးအလိုက်နှင့် လူမှုစီးပွားရေးဆိုင်ရာ ကွာဟမှုများရှိသည်။ မွေးကင်းစ ကလေးသေနှုန်းသည် ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာခရိုင်နှင့် ချင်းပြည်နယ်၊ မင်းတပ်ခရိုင် တို့တွင်အမြင့်ဆုံးဖြစ်ပြီး၊ မကွေး၊ စစ်ကိုင်းနှင့် တနင်္သာရီဒေသများတွင် မွေးဖွားပြီး အစောပိုင်း နှစ်များအတွင်း ကလေးသေဆုံးနှုန်းသည် သိသာစွာ မြင့်မားပါသည်။ ကျေးလက်ရှိ ကလေးသူငယ်များသည် (၃၂% ကြီးထွားနှုန်းတန့်) မြို့ပြရှိ ကလေးသူငယ်များ (၂၀%ကြီးထွားနှုန်းတန့်) ထက် ပြင်းထန်စွာ အာဟာရချို့တဲ့မှုကို ခံစားရမှု ရှိနိုင်သည်။ သို့သော် လေ့လာသုံးသပ်မှုတွင် ကျန်းမာရေးနှင့် အာဟာရဆိုင်ရာ အချက်အလက်များသည် မြို့နယ်နှင့် အောက်ခြေအဆင့်တွင် အများပြည်သူ ကြည့်ရှုရယူနိုင်သော သတင်းအချက်အလက်များ မရှိခြင်းကြောင့် အကန့်အသတ် ရှိနေသေးသည်။

**ပညာရေး** - အသက် (၁၅) နှစ်အထက် လူဦးရေ၏ (၈၉.၅%) သည် စာတတ်မြောက်သူများဖြစ်သော်လည်း အသက်၊ ကျား/မ နှင့် ပထဝီဆိုင်ရာ တည်နေရာအလိုက် ကွာဟမှုများရှိသည်။ စာတတ်မြောက်မှုနှုန်းသည် ကျေးလက်ဒေသများတွင် မြို့ပြဒေသများထက်နိမ့်ကျပြီး ပြည်နယ်နှင့် တိုင်းဒေသကြီးများ အတွင်းသိသာစွာ ပြောင်းလဲမှုရှိသည်။ မြန်မာနိုင်ငံတွင် ကလေးသူငယ်များ အားလုံး၏ ထက်ဝက်ထက်မက ပိုသောအရေအတွက်သည် ကျောင်းလုံးဝမတက်ဖူးသည့် မြို့နယ်ပေါင်းမှာ (၁၉) မြို့နယ်ဖြစ်ပြီး ထိုမြို့နယ်များအနက်မှ (၁၈) မြို့နယ် ပါဝင်နေသော ရှမ်းပြည်နယ်၏ စာတတ်မြောက်မှုနှုန်းသည် သိသာစွာ နိမ့်ကျနေသည်။ မိုင်းခတ်မြို့နယ်သည် အထူးသိသာပြီး (၈၅%) သော ကလေးသူငယ်များသည် ကျောင်းလုံးဝမတက်ဖူးကြပေ။ ပညာရေးသင်ခွင့် မရရှိသူ အရေအတွက်များသော အခြားမြို့နယ်များမှာ ကရင်၊ မကွေးနှင့် ရခိုင်ဒေသများတွင်ရှိသည်။ ကျေးလက်မိသားစုများ၊ ဆင်းရဲသော သို့မဟုတ် အခြားအခွင့်အလမ်း မရှိသည့်အုပ်စုများမှ ကလေးသူငယ်များသည် မူလတန်း မှ အထက်တန်းသို့ ပြောင်းရွှေ့ပညာသင်ယူမှု သို့မဟုတ် ၎င်းတို့၏ အထက်တန်းပညာရေးကို ပြီးဆုံးသည်အထိ သင်ယူနိုင်ခြေ နည်းပါသည်။

**အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ** - မြန်မာနိုင်ငံရှိ တစ်နေ့အနိမ့်ဆုံး လုပ်အားခသည် အလွန်နိမ့်ကျလျက်ရှိပြီး၊ ထက်ဝက်ကျော်သော လူဦးရေမှာ စိုက်ပျိုးရေး၊ သစ်တောနှင့် ငါးလုပ်ငန်းများတွင် ပြည်ထောင်စုပျမ်းမျှလစာ၏ (၁၈%) ထက်နည်းသော ပျမ်းမျှဝင်ငွေဖြင့် လုပ်ကိုင်လျက်ရှိသည်။ အမျိုးသားများသည် ယေဘုယျအားဖြင့် အမျိုးသမီးများထက် လခပိုရပြီး အမျိုးသားနေ့စား အလုပ်သမားများသည် အမျိုးသမီးနေ့စား အလုပ်သမားများထက် (၄၇%) ပိုမိုရရှိသည်။ စိုက်ပျိုးရေး လုပ်ကိုင်သော အိမ်ထောင်ဦးစီးများသည် ကဏ္ဍများအားလုံးတွင် ဝင်ငွေအနည်းဆုံးရပြီး၊ ကျေးလက် အိမ်ထောင်စုများသည် မြို့ပြနေအိမ်ထောင်စုများထက် ကြွေးမြီတင်ရှိမှု နှစ်ဆရှိနိုင်သည်။ ရခိုင်၊ ချင်းနှင့် မကွေးဒေသများ၏ ကျေးလက်ဒေသများရှိ အိမ်ထောင်စုများသည် ၎င်းတို့လစဉ်ဝင်ငွေ၏ (၇၀%) ခန့်ကို စားသုံးစရိတ်အပေါ်တွင် သုံးစွဲကြရသည်။ စားသုံးစရိတ်သည် အိမ်ထောင်စု၏ သုံးစွဲမှုအပေါ် ကြီးစိုးနေပြီး ပိုမိုပြည့်စုံသော မြို့ပြဒေသများတွင်ပင် စားနပ်ရိက္ခာအပေါ် အိမ်ထောင်စု၏ ဝင်ငွေကို (၅၅%) ထက်လျော့ပြီး သုံးနိုင်သောဒေသများ မရှိပါ။

**စိုက်ပျိုးရေးနှင့်စားနပ်ရိက္ခာဖူလုံမှု** - (၅၄%) သော လုပ်သားအင်အားသည် စိုက်ပျိုးရေး၊ သစ်တောနှင့် ငါးလုပ်ငန်း များတွင်လုပ်ကိုင်နေကြသည်။ သို့သော် မြန်မာနိုင်ငံသည် အာဆီယံဒေသအတွင်းတွင် စိုက်ပျိုးရေးလုပ်ငန်းမှ အမြတ်အနည်းဆုံး နှင့် စိုက်ပျိုးရေးလုပ်အားခမှာ အနိမ့်ဆုံးဖြစ်ပါသည်။ ထိုထုတ်လုပ်မှုစွမ်းရည် နိမ့်ကျမှုအတွက် အကြောင်းရင်းမှာ လယ်ယာလုပ်ငန်းတွင် စက်အစားထိုး အသုံးပြုမှုနှုန်း နိမ့်ကျခြင်း၊ ပိုးသတ်ဆေးနှင့် မြေသြဇာများ အသုံးပြုမှုနည်းခြင်းနှင့် ကာယလုပ်အား အပေါ်ကြီးမားစွာ မှီခိုခြင်းများ ပါဝင်သည်။ မြန်မာနိုင်ငံရှိ အဓိကသီးနှံများ အားလုံးတွင် ရေအများဆုံး အသုံးပြုရသော စပါးသည် နယ်ပယ်များစွာ၏ ရေအရင်းအမြစ်များအပေါ် သိသာထင်ရှားသော ကုန်ခမ်းမှုကိုဖြစ်စေပြီး တစ်ပိုင်တစ်နိုင် လယ်သမားများအတွက် အမြတ်ရနိုင်စွမ်း နည်းပါးနိုင်သည်။ စိုက်ပျိုးရေးလုပ်ငန်းမှ ဝင်ငွေတစ်ခုတည်းဖြင့် တစ်ပိုင်တစ်နိုင် လယ်သမားများအား ဆင်းရဲချို့တဲ့မှုမှ လွတ်မြောက်ရန် မလုံလောက်ပါ။ ကျယ်ပြန့်ပြီး တိုးတက်ကောင်းမွန်သည့် စိုက်ပျိုးရေးလုပ်ငန်း တိုးချဲ့ခြင်းများသည် ဖွဲ့စည်းတည်ဆောက်ပုံ နှင့်ဆိုင်သော ပြောင်းလဲမှုများအတွက် အဓိကသော့ချက် ဖြစ်သည်။


## ထိခိုက်လွယ်မှု အဆင့်များ

ဤလေ့လာဆန်းစစ်ချက်တွင် ဖေါ်ထုတ်ထားသည့် ထိခိုက်လွယ်မှု အညွှန်းကိန်းကို အခြေခံပြီး မြန်မာနိုင်ငံရှိ ခန့်မှန်း လူဦးရေ (၂၂.၇) သန်း သို့မဟုတ် လူဦးရေ၏ (၄၄%) တွင် လူသားဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု နှင့်/သို့မဟုတ် ဖြစ်ပွားဆဲ ပဋိပက္ခ / အကြမ်းဖက်မှုများနှင့် ဆက်စပ်သော ထိခိုက်လွယ်မှု ပုံသဏ္ဍာန်တချို့ဖြစ်ပေါ် တည်ရှိနေသည်ကို တွေ့ရသည်။ ထိုသူများတွင် ကြံ့ခိုင်မှုမရှိသော နေအိမ်၊ ပညာသင်ကြားမှုမရရှိခြင်း၊ ပညာရေး အောင်မြင်မှု ချို့တဲ့ခြင်း၊ အန္တရာယ်ကင်းသော ရေဆိုးနုတ်စနစ် မရှိခြင်း၊ ကောင်းမွန်သော သောက်ရေရရှိမှု မရှိခြင်းနှင့် ပဋိပက္ခများကို တိုက်ရိုက်သက်ရောက် ခံစားရမှုများစသော အခြေအနေတစ်ခု သို့မဟုတ် တစ်ခုထက်ပိုသော ပေါင်းစပ်မှုများကို တွေ့ကြုံနေရသည်။

ရှမ်းပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးသည် အရွယ်အစားနှင့် ထိခိုက်လွယ်မှုများတွင် အခြားပြည်နယ်နှင့် တိုင်းဒေသကြီးများနှင့် နှိုင်းယှဉ်လျှင် ထိခိုက်လွယ်သော လူဦးရေ အများဆုံးရှိသော ဒေသများဖြစ်ပါသည်။ ရန်ကုန်တိုင်းနှင့် ရှမ်းပြည်နယ်သည် ထိခိုက်လွယ်မှု (ထိခိုက်လွယ်သူများ၏ အရေအတွက်နှင့် ထိခိုက်လွယ်မှု အဆင့်အားဖြင့်) တွင် မြို့နယ်အလိုက် ပြောင်းလဲမှု အများဆုံးဖြစ်ပြီး ၎င်းတို့၏ နောက်တွင် မန္တလေး၊ ချင်းနှင့် ရခိုင်တို့ဖြစ်သည်။ ထိုမြို့နယ်များတွင် ရင်းနှီးမြုပ်နှံမှုများနှင့် အလုပ်အကိုင် အခွင့်အလမ်းများ အားဆွဲဆောင်ရန် လိုအပ်သော လူဦးရေ သိပ်သည်းမှု မရှိခြင်းကြောင့် ထိခိုက်လွယ်မှု အများဆုံးသော ဇရိယာများ၏ ချို့တဲ့သော လူနေမှုအခြေအနေသည် ဆက်လက်ဖြစ်ပေါ်နေမည်ဟု ခန့်မှန်းထားသည်။

# မြို့နယ် အမျိုးအစားများ[1]

ဤလေ့လာဆန်းစစ်ချက်တွင် အသုံးပြုခဲ့သော ထိခိုက်လွယ်မှု အညွှန်းကိန်းမှ မြန်မာနိုင်ငံရှိ ထိခိုက်လွယ်သော လူဦးရေ၏ မတူကွဲပြားမှုနှင့် ဖြန့်ကျက်မှုများအား ပိုမိုသဘောပေါက် နားလည်စေပါသည်။ ထိုထိခိုက်လွယ်မှု အညွှန်းကိုအသုံးပြု၍ မြန်မာနိုင်ငံရှိ မြို့နယ် (၃၃၀) အား နိုင်ငံ၏ ကွဲပြားသောနေရာဒေသများမှ မြို့နယ်များအကြား တူညီမှုအချို့နှင့် ပြည်နယ်နှင့် တိုင်းဒေသကြီးများအကြား ဖြစ်ပေါ်လျက်ရှိသော ကြီးမားသည့် ကွာခြားချက်များအား ဖော်ပြလျက် ၎င်းတို့၏တူညီသော ဝိသေသများနှင့် ဖွံ့ဖြိုးမှုဆိုင်ရာ လိုအပ်ချက်များ အပေါ်အခြေခံပြီး အဓိကအမျိုးအစား (၈)ခု အဖြစ် စုစည်းခဲ့သည်။ ရလဒ်မှာ မူဝါဒနှင့် စီမံကိန်းများ ရေးဆွဲရာတွင် ထိခိုက်လွယ်မှု အများဆုံးသောသူများအား နည်းစနစ်ကျစွာ ထည့်သွင်းစဉ်းစားနိုင်ရန် ရှုထောင့်အမြင်တစ်ခုအား ရရှိစေခဲ့သည်။ အစီရင်ခံစာမှ ထိခိုက်လွယ်မှုအပေါ် မိမိတို့ ပိုမိုသဘောပေါက် နားလည်စေရန် မြို့နယ်အဆင့်နှင့်ထိုထက်နိမ့်သော အဆင့်များအထိ ခွဲခြမ်းစိတ်ဖြာထားသော အချက်အလက်များအား မျှဝေခြင်းနှင့် အရေးပါမှုကိုလည်း မီးမောင်းထိုးပြထားပါသည်။




အမျိုးအစား (၁) ဖွံ့ဖြိုးမှုဆိုင်ရာ လိုအပ်နေမှုများ နှင့်/သို့ ပဋိပက္ခသက်ရောက်မှု စသည်တို့ကြောင့် လွန်စွာသီးခြားဖြစ်နေသည့်နေရာများ

အမျိုးအစား (၂) လူသားဖွံ့ဖြိုးမှုအားနည်းသော ပဋိပက္ခဒဏ်ခံရသည့် ဒေသများ

အမျိုးအစား (၃) ပဋိပက္ခဒဏ်ခံရသည့် ဒေသများရှိ ဗဟိုချက်များ

အမျိုးအစား (၄) အခြေခံဝန်ဆောင်မှုများ နှင့် အခြေခံအဆောက်အအုံများ လက်လှမ်းမီသုံးစွဲနိုင်မှုလွန်စွာ နည်းပါးခြင်း

အမျိုးအစား (၅) တစ်ဦးချင်းအမြတ်အစွန်းအမြင့်မားဆုံးရှိသည့် စိုက်ပျိုးရေး မြို့နယ်များ

အမျိုးအစား (၆) ဒုတိယမြို့တော်များ နှင့် မြို့များရှိသည့် စိုက်ပျိုးရေးနေရာဒေသများ

အမျိုးအစား (၇) တိုးတက်ဖြစ်ထွန်းလာမည့် မြို့ပြနှင့်ကပ်လျက်ဒေသ နှင့် မြို့ပြဒေသများ

အမျိုးအစား (၈) ငွေကြေး ပိုမိုအဆင်ပြေသည့် လူနေထူထပ်သော မြို့လယ်ခေါင်များ

[1] လူဦးရေကိန်းဂဏန်းများမှအပ မြို့နယ်တန်ဖိုးများသည် သန်းခေါင်စာရင်းကောက်ယူခဲ့သည့် လူဦးရေအပေါ်အခြေခံထားခြင်းဖြစ်ပြီး သန်းခေါင်စာရင်းကောက်ယူထားခြင်းမရှိသည့် လူအုပ်စုများကို အပြည့်အဝ ထင်ဟပ်မည်မဟုတ်ပါ။

# အစီရင်ခံချက်အား ဖွဲ့စည်းထားပုံ

ယခုစားပွဲတင်လေ့လာသုံးသပ်မှုသည် ရရှိနိုင်သော အချက်အလက်များ နှင့် သုံးသပ်အကဲဖြတ်ချက်များအပေါ် မူတည်၍ နိုင်ငံတစ်ဝှမ်းရှိ အခြေအနေကို ဦးတည်အလေးပေးထားပါသည်။ အောက်ပါအခန်းများအတွင်း လေ့လာသုံးသပ်မှု ရလဒ်များကို စုစည်းဖော်ပြထားပါသည် --

| | |
|---|---|
| နိဒါန်း | **အစီရင်ခံချက်၏ ရည်ရွယ်ချက်** နှင့် အသုံးပြုထားသည့် ဆောင်ရွက်ပုံနည်းလမ်းအတွက် အလုံးစုံ ကျိုးကြောင်းဆီလျော်မှု အခြေခံဖော်ပြချက်။ |
| အပိုင်း (၁) | **ဆောင်ရွက်ပုံနည်းစနစ် နှင့် ကန့်သတ်ချက်ရှိခြင်းများက** ဖော်ပြသည်မှာ အခြေအနေအား လေ့လာစစ်ဆေးရန် နှင့် ယခု လေ့လာဆန်းစစ်မှု၏ အစိတ်အပိုင်းအနေဖြင့် တစ်နိုင်ငံလုံးရှိ မြို့နယ်များတစ်လျှောက် အသုံးပြုထားသည့် ထိခိုက်လွယ်မှုအခြေအနေ အညွှန်းဖော်ပြချက်အား ပြုစုဖော်ထုတ်ရန် အသုံးပြုထားသည့် ဆောင်ရွက်ပုံနည်းလမ်းကိုပင် ဖြစ်ပါသည်။ |
| အပိုင်း (၂) | **ထိခိုက်လွယ်မှုဖြစ်စေခြင်း အကြောင်းတရားများ** အပိုင်းအတွင်း ထည့်သွင်းစဉ်းစားမှုပြုထားသည်မှာ ပဋိပက္ခ၊ သဘာဝဘေးအန္တရာယ်၊ ရင်းနှီးထည့်ဝင်မှု နည်းပါးခြင်းနှင့် ဖွံ့ဖြိုးတိုးတက်မှု နောက်ကျခြင်း စသည်တို့၏ မတူညီသည့် ရိုက်ခတ်သက်ရောက်မှုများ နိုင်ငံ၏ ဒေသများအတွင်းကျရောက်ပုံကို အဖွဲ့အစည်းအလိုက် စွမ်းဆောင်ရည်၊ လူမှုအဖွဲ့အစည်း၊ အမိုးအကာ နှင့် အိုးအိမ်အခြေအနေ၊ ရေအရင်းအမြစ် စီမံခန့်ခွဲမှုနှင့် မိလ္လာ/ရေဆိုးထုတ်စနစ်၊ ကျန်းမာရေးနှင့် အာဟာရ၊ ပညာရေး၊ အသက်မွေးဝမ်းကျောင်းမှု နှင့် အိမ်ထောင်စု ဝယ်ယူသုံးစွဲမှုနှုန်း၊ စိုက်ပျိုးရေး နှင့် စားနပ်ရိက္ခာဖူလုံရေး စသည်တို့အပေါ်တွင် အလေးပေးကြည့်ရှုခြင်းအားဖြင့် စဉ်းစားခြင်း ဖြစ်ပါသည်။ |
| အပိုင်း (၃) | **ထိခိုက်လွယ်မှုဆိုင်ရာ အဓိက တွေ့ရှိချက်များက** ဖော်ပြသည်မှာ ကဏ္ဍအသီးသီး တစ်လျှောက် အတွင်း အချို့သော အဓိကကျသည့် လေ့လာတွေ့ရှိချက်များအတွက် အနှစ်ချုပ်ဖော်ပြချက် အကျဉ်း နှင့် နည်းလမ်းရှုထောင့်ပေါင်းစုံခြုံငုံသည့် ထိခိုက်လွယ်မှုဆိုင်ရာ အညွှန်းဖော်ပြချက်အား အသုံးပြုပုံကို ဖြစ်ပါသည်။ |
| အပိုင်း (၄) | **အမျိုးတူမြို့နယ် အုပ်စုများကို လေ့လာဆန်းစစ်ချက်က** ထိခိုက်လွယ်မှုဆိုင်ရာ အညွှန်းဖော်ပြချက်အား မြို့နယ်များတစ်လျှောက်အတွင်း အသုံးပြုထားပုံကို လေ့လာသုံးသပ်ပေးပြီး မြို့နယ်အမျိုးအစား (၈)မျိုး အဖြစ် အမျိုးတူမြို့နယ်များကို သီးခြားအုပ်စုဖွဲ့ပေးထားပုံကို ဖော်ပြတင်ဆက်ပေးပါသည်။ |
| နောက်ဆက်တွဲများ | ဆောင်ရွက်ပုံနည်းစနစ်ဆိုင်ရာ ထပ်ဆင့်မှတ်ချက်များ |
| | ရည်ညွှန်းချက်များ |

# နိဒါန်း

ထိခိုက်လွယ်ခြင်း ဆိုသည်ကို ဝိသေသလက္ခဏာ တစ်မျိုးတည်းဖြင့် သတ်မှတ်၍ ဖော်ပြထားခြင်းမရှိပါ။ ရှုထောင့်အမျိုးမျိုး နှင့် ဝိသေသလက္ခဏာ အမျိုးမျိုးတို့ မတူကွဲပြားမှုအသီးသီးတို့အတွင်း တည်ရှိနေသည့်အရာပင်ဖြစ်ပြီး လူတစ်ဦးတစ်ယောက်ချင်း၊ လူအုပ်စု အမျိုးအစားများတို့သည် မတူညီသည့်အချိန်အမျိုးမျိုးတွင် မတူညီသည့် ထိခိုက်လွယ်မှု အမျိုးအစားများ၏ ရိုက်ခတ်သက်ရောက်မှုကို တွေ့ကြုံခံရနိုင်ပါသည်။ အထူးသဖြင့် ဆင်းရဲနွမ်းပါးသော နေရာဒေသများတွင် အိမ်နေထိုင်မှုအခြေအနေ ကောင်းမွန်တိုးတက်မှုများအတွက်ကြောင့် ဥပမာအားဖြင့် ကျန်းမာရေး၊ ချမ်းသာရေး နှင့် ဘေးဒုက္ခအပေါ်ခံနိုင်စွမ်းတို့အပေါ်တွင် အကူအညီရရှိကြသည့် အိမ်ထောင်မိသားစုများအကြားတွင် ကောင်းမွန်တိုးတက်မှုများ ဖြစ်စေပါသည်။ အပြန်အလှန်အားဖြင့် အဆိုပါ အကူအညီများမရှိသောအခါ သဘာဝဘေးအန္တရာယ်တစ်ခုကြောင့် အချို့သော လူမှုအသိုင်းအဝိုင်းများအတွက် ပိုမိုကြီးမားသည့် အန္တရာယ်ကျရောက်နိုင်ခြေ နှင့် ထိခိုက်လွယ်မှုအခြေအနေတစ်ရပ်သို့ ကျရောက်နိုင်ခြေ ရှိနေပါသည်။

ဆင်းရဲချို့တဲ့မှုအများဆုံး နှင့် ဖယ်ကြဉ်မှုအခံရဆုံးသော လူတို့အား တိုးတက်မှုဖြစ်စဉ်ကြောင့် နောက်ကျကျန်နေစေခြင်းမရှိရန် လုပ်ဆောင်ခြင်းသည် ၂၀၃၀ ခုနှစ် အပြည်ပြည်ဆိုင်ရာ အစီအစဉ်ဖြစ်သည့် ရေရှည်တည်တံ့မည့် ဖွံ့ဖြိုးမှုအတွက် နှင့် ရေရှည်တည်တံ့စေမည့် ဖွံ့ဖြိုးမှုပန်းတိုင်များသို့ ရောက်ရှိခြင်းအတွက် ဗဟိုချက်မပင်ဖြစ်ပါသည်။ ၂၀၃၀ ခုနှစ် အစီအစဉ်ကို ကမ္ဘာ့ခေါင်းဆောင်များက ၂၀၁၅ ခုနှစ် စက်တင်ဘာလ (၁၅) ရက်နေ့တွင် လက်ခံခဲ့ကြခြင်းဖြစ်ကာ၊ ဆင်းရဲချို့တဲ့မှု အမျိုးစားအားလုံးကို အဆုံးတိုင်စေရန်၊ သာတူညီမျှမှုမရှိခြင်းကို တိုက်ဖျက်ရန်၊ ကမ္ဘာ့ရာသီဥတု ပြောင်းလဲမှုကို ကိုင်တွယ်ရန် နှင့် သဘာဝပတ်ဝန်းကျင်ကို ကာကွယ်ရန် တို့အတွက် ဦးတည်ထားခြင်းဖြစ်ပါသည်။ "မည်သူမျှ မကျန်ခဲ့စေရ" ဆိုသည့် လိုအပ်ချက်ကို အလေးပေးအာရုံစိုက်ခြင်းအပြင် ထပ်ဆင့်လိုအပ်သည်မှာ အမြင့်မားဆုံးနှင့် ပထမဦးဆုံး ချို့တဲ့လိုအပ်ရာများရှိနေသောသူများအပေါ် ဦးတည်အလေးပေးရန် ဆိုသည့်အချက်ပင်ဖြစ်သည်။

မြန်မာနိုင်ငံတွင်းရှိ လူထုများအတွင်း ရှိနှင့်ထားသည့် ထိခိုက်လွယ်မှု အခြေအနေကို ပိုမိုကောင်းမွန်သည့် သတ်မှတ်ဖွင့်ဆို ချက်အားဖြင့်လည်း ပိုမိုဆောလျင်ပြီး ပိုမိုကောင်းစွာ သတ်မှတ်ရွေးချယ်၍ ပြုလုပ်သည့် အရေးအပေါ်အခြေအနေ တုံ့ပြန်ကိုင်တွယ် ဆောင်ရွက်ပေးမှုကို အထောက်အကူဖြစ်စေမည်ဖြစ်သည်။ အကူအညီအတွက် အရေးပေါ်အခြေအနေသက်ရောက်လျက်ရှိသည့် နေရာဒေသများအပေါ် ထိရောက်မှုရှိသည့် ဦးစားပေးဆောင်ရွက်မှု ပြုလုပ်ပေးရန်အတွက် လိုအပ်သည့်အချက်မှာ ထိခိုက်သက်ရောက်မှုရှိထားသည့် နေရာဒေသများတွင်း ရှိနှင့်ပြီးဖြစ်သည့် ထိခိုက်လွယ်မှုဖြစ်ရပ်ကို ထိခိုက်သက်ရောက်မှု ပမာဏနှင့် ကြီးလေးမှုတို့နှင့်ယှဉ်၍ နားလည်သိရှိမှုပင် ဖြစ်ပါသည်။ ထိခိုက်မှု နှင့် ဆုံးရှုံးမှုဆိုင်ရာ အချက်အလက်အသေးစိတ်ကို ကောက်ယူစုဆောင်းလျက်ရှိနေစဉ်ပင် ယခုအကြိုဆန်းစစ်ချက်အရ ချက်ချင်းလက်ငင်း အကူအညီကို လိုအပ်မှုရှိနိုင်သော ရိုက်ခတ်သက်ရောက်မှု ခံရနိုင်ခြေရှိသူများကို ဖော်ညွှန်းပြနေပါသည်။ ထိခိုက်မှု နှင့် ဆုံးရှုံးမှု ကိန်းဂဏန်းများ ခိုင်မာမှုရှိသွားသောအခါ၊ ယခင်ရှိထားသည့် ထိခိုက်လွယ်မှု အခြေအနေမှာ ကြားကာလပိုင်း မှ နှောင်းပိုင်းအဆင့်ထိ ကူညီကယ်ဆယ်ရေး လုပ်ငန်းအဆင့်တွင် ခွဲဝေဆောင်ရွက်မှုများအား ဆုံးဖြတ်သတ်မှတ်ရာတွင် အဓိက အင်္ဂါရပ်အစိတ်အပိုင်းအဖြစ် ဆက်လက်ရှိနေကာ ပြန်လည်ထူထောင်ရေး ဦးစားပေးလုပ်ငန်းများအား ထားရှိခြင်းအတွက်လည်း ထိုနည်းတူပင် ဖြစ်ပါသည်။

ထိခိုက်လွယ်မှုရှိသော၊ ဖယ်ကြဉ်လျစ်လျူရှုခြင်းခံထားရသော လူအုပ်စုများ၏ လိုအပ်ရာများကို ပြည့်မီအောင်ဆောင်ရွက်ပေးခြင်းအတွက် မည်သူသည် သက်ရောက်မှုကိုခံရသည်၊ မည်သည့်နေရာတွင်ဖြစ်သည် နှင့် အဘယ်သို့ဖြစ်သည် ဆိုသည်တို့ကို နားလည် သိရှိမှုတစ်ရပ် လိုအပ်ပါသည်။ ယင်းက တဖန်လိုအပ်သည်မှာ နိုင်ငံအဝှမ်းရှိ အောက်ခြေအဆင့်အဖြစ်ဆုံးအဆင့်တွင် ထိခိုက်လွယ်မှု အခြေအနေဆိုင်ရာ အမျိုးမျိုးသော ပုံသဏ္ဍာန်ဖြစ်စဉ်ဖြစ်ပေါ်မှုတို့ကို နားလည်သိရှိမှုတစ်ရပ် ဖော်ဆောင်ခြင်းကို လိုအပ်ပြီး၊ နေရာဒေသအသီးအသီးရှိ လူမှုအသိုက်အဝန်းများနှင့် လူထုအုပ်စုများ၏ အခြေအနေအပေါ်တွင် ပိုမိုကောင်းစွာ နားလည်သိရှိနိုင်ရန်အတွက် အပြောင်းအလဲဖြစ်စဉ်များကို ပုံမှန်စောင့်ကြည့်လေ့လာခြင်းကို လိုအပ်ပါသည်။ မြန်မာနိုင်ငံတွင် ဆင်းရဲနွမ်းပါးသူ လက်ရှိလူဦးရေအား ရေတွက်ထားမှု မရှိသေးပါ (ဥပမာ - ပြည်ထောင်စုတစ်ဝှမ်း ဝယ်ယူသုံးစွဲမှု စစ်တမ်းတစ်ရပ်)။ အိမ်ထောင်စုများ နေထိုင်မှုရေးရာ အခြေအနေအဆင့်အတန်းများအား ပေါင်းစပ်အကဲဖြတ်မှုစစ်တမ်းကို နောက်ဆုံးပြုလုပ်ထားခဲ့သည်မှာ ၂၀၁၀ ခုနှစ်တွင်ဖြစ်ပြီး၊ ယင်းက နောက်ဆုံး အဖြစ်ဆုံးသော အချက်အလက်များကိုပေးနိုင်သော်လည်း၊ ယခုတွင် ခေတ်မီခြင်းမရှိတော့ဘဲ၊ ပြည်နယ်/တိုင်းဒေသကြီး အဆင့်အတွက်သာ အချက်အလက်များရရှိနိုင်ပါသည်။ အသစ်လုပ်ဆောင်မည့် လေ့လာမှုစစ်တမ်းကို ၂၀၁၈ ခုနှစ်အတွက် စီစဉ်ရေးဆွဲထားပါသည်။

ယခုအစီရင်ခံစာအနေဖြင့် ရရှိနိုင်သော ထုတ်ပြန်ထားသည့် အချက်အလက်များအပေါ် အခြေခံကာ နည်းလမ်းရှုထောင့်ပေါင်းစုံပါဝင်သည့် လုပ်နည်းစနစ်တစ်ခုကို အသုံးပြု၍ မြန်မာနိုင်ငံအဝှမ်းရှိ မြို့နယ်အဆင့် ထိခိုက်လွယ်မှုအခြေအနေကို လေ့လာစူးစမ်းမှုပြုလုပ်ပါသည်။ မြန်မာနိုင်ငံတွင် ကြီးမားသည့် စစ်တမ်းများ အများစုအနေဖြင့် အချက်အလက်များကို ပြည်နယ် နှင့် တိုင်းဒေသကြီးအလိုက်ဖြစ်သော ကျယ်ပြောသည့် အဆင့်တစ်ခုဖြင့်သာ ဖော်ပြလေ့ရှိပါသည်။ ယင်းအခြေအနေက ပြည်နယ်များရှိ ကြီးမားသည့် ကွာဟခြားနားချက်များကို ဖုံးကွယ်သွားနိုင်ရာ၊ ဥပမာဆိုရလျှင် ရှမ်းပြည်နယ်သည် ကြီးမားကျယ်ပြန့်ပြီး အမျိုးစုံလင်သော နောက်ခံအကြောင်းတရားများရှိသူတို့ နေထိုင်ရာဖြစ်ပြီး၊ လူနေထူထပ်မှု နည်းပါးသည့် မြို့နယ်များ၊ ပဋိပက္ခ နှင့် နေရပ်စွန့်ခွာ ရွှေ့ပြောင်းရမှုတို့ ဖြစ်ပွားလျက်ရှိသည့် နေရာဒေသများ၊ ထို့ပြင် ဖွံ့ဖြိုးကြီးထွားမှုနှင့် ပြောင်းလဲမှု အတော်များများကို တွေ့ကြုံနေကြရသည့် ကြီးမားသည့် နယ်စပ်မြို့တော်များ စသဖြင့် ပါဝင်နေခြင်းဖြစ်သည်။ မြို့နယ်အဆင့် စာရင်းအချက်အလက်အတွက်ဆိုလျှင် အစုံလင်ဆုံးပါဝင်သည့် အချက်အလက်ရင်းမြစ်များမှာ ၂၀၁၄ ခုနှစ် လူဦးရေ နှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းနှင့် ယခုအစီရင်ခံစာအတွင်း များစွာသော ဆန်းစစ်မှုအတွက် အခြေခံဖြစ်သည့် သက်ဆိုင်ရာ ဝန်ကြီးဌာနများက ပုံမှန်ကောက်ယူသည့် စီမံအုပ်ချုပ်ရေးဆိုင်ရာ အချက်အလက်တို့ ဖြစ်လေ့ရှိပါသည်။

ထိခိုက်လွယ်မှု အညွှန်းဖော်ပြချက် နှင့် မြို့နယ်များအဆင့် အချက်အလက်စုစည်းမှုတို့က မြန်မာနိုင်ငံတွင်း ကွဲပြားသည့် အခြေအနေအမျိုးမျိုး နှင့် ထိခိုက်လွယ်အားနည်းနေသူတို့ ပျံ့နှံ့တည်ရှိနေမှုကို ကျယ်ပြန့်စွာ နားလည်သိရှိမှုတစ်ရပ်ကို ဖြစ်ပေါ်စေရာ – ယင်းနှစ် ချက်စလုံးမှာ ထိုသူများအပေါ် သက်ရောက်လျက်ရှိသည့် အမျိုးမျိုးသော အရေးကိစ္စပြဿနာများနှင့် အန္တရာယ်ကျရောက်နိုင်ခြေများကို ဦးတည်ဖြေရှင်းပေးရန်အတွက် နည်းဗျူဟာများ ရေးဆွဲဖော်ထုတ်ခြင်းတွင် စဉ်းစားသုံးသပ်ရန်အတွက် အရေးပါသည့် အကြောင်းအချက်များပင်ဖြစ်ပါသည်။ အစိတ်အပိုင်းအမျိုးအမျိုးပါဝင်ဖွဲ့စည်းထားသည့် ယင်းညွှန်ပြချက်က ဖွံ့ဖြိုးမှုနောက်ကျခြင်း၊ ရာသီဥတုကြောင့် ဘေးကြုံတွေ့နိုင်ခြေ နှင့် ပဋိပက္ခပိုင်းဆိုင်ရာ အညွှန်းဖော်ပြချက်တို့ဖြစ်သည့် အခြေအနေအရပ်ရပ်ကို ကြိုတင်ခန့်မှန်းမှု ပြုလုပ်ပေးပါသည်။ ယခု ဆောင်ရွက်မှုစံပြုပုံစံကို အစပိုင်းအနေဖြင့် မြို့နယ်အဆင့်အတွက် လက်တွေ့အသုံးပြုထားခဲ့သော်လည်း၊ ယင်းပုံစံစနစ်သဘောတရားမှာ ကျေးရွာအုပ်စုအဆင့်အတွက်လည်း လိုအပ်သည့်အချက်အလက်များ ရရှိအောင်ပြုလုပ်ကာ ဆောင်ရွက်၍ ရနိုင်ပါသည်။

ထုတ်ပြန်ထားသည့်အချက်အလက်များမရှိခြင်းကြောင့်အချို့သောကိစ္စကဏ္ဍရပ်များအတွက်ထင်ဟပ်ဖော်ပြမှုကိုပေးအပ်နိုင်ခြင်းမရှိရာတွင်၊ ပိုမိုပွင့်လင်း သည့်ပုံစံဖြင့် အချက်အလက်မျှဝေပေးခြင်းကို လိုအပ်နေကြောင်း မီးမောင်းထိုးပြနေပါသည်။ ကျန်းမာရေး နှင့် အာဟာရဖြည့်တင်းရေး ကဏ္ဍရပ်များကို ထင်ဟပ်ဖော်ပြမှုမပေးနိုင်ရာဝယ်၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများအနေဖြင့် ပုံမှန်ဆိုသလို အချက်အလက်များကောက်ယူထားမှုရှိနေသည့်တိုင် မြို့နယ်အဆင့်အတွက် ထုတ်ပြန်ထားသော အချက်အလက်များ မရှိသည့်အတွက်ကြောင့်ဖြစ်ပါသည်။ အချို့သော ကိစ္စကဏ္ဍရပ်များအတွက် ဆန်းစစ်မှုပြုလုပ်နိုင်သည့်အဆင့်မှာလည်း ကန့်သတ်ချက်ရှိခဲ့ရာ၊ မြို့နယ်အဆင့်အတွက်သော်လည်းကောင်း မြို့နယ်အားလုံးအတွက်သော်လည်းကောင်း အချက်အလက်များကို လုံးဝကောက်ယူမှုမရှိခြင်း သို့တည်းမဟုတ် မြို့နယ်အဆင့်အတွက် ရရှိနိုင်မှုမရှိခြင်း ဖြစ်နေသည့်အတွက် ဖြစ်ပါသည်။ အသီးသီးကွဲပြားသော ထိခိုက်လွယ်မှု အခြေအနေဖြစ်စဉ်အရပ်ရပ်ကို အသိအမှတ်ပြုပေးထားသည့် အမျိုးမျိုးသော လုပ်ငန်းအစီအစဉ်များနှင့် မူဝါဒပိုင်းအရ ကိုင်တွယ်ဖြေရှင်းဆောင်ရွက်ပေးသည့်လုပ်ငန်းများကို အကူအညီဖြစ်စေရန် ရည်စူး၍ ထပ်ဆင့်ဆန်းစစ်မှုတို့ ဖြစ်ပေါ်လာစေရန်အတွက် အချက်အလက်ကောက်ယူမှုနည်းလမ်းစနစ်များနှင့် အချက်အလက်ပိုင်း အကန့်အသတ်ဖြစ်နေမှုများကို ဖော်ပြပေး၍ ကောက်ယူထားသည့်အချက်အလက်များကို ဝေမျှပေးနိုင်ရန် တိုက်တွန်းမှုပြုလုပ်ခြင်းအတွက် ပိုမိုပွင့်လင်းမှုရှိသည့် ပုံစံနည်းလမ်းတစ်ရပ်ကို လိုအပ်နေပါသည်။

ထိခိုက်လွယ်မှုကို နားလည်သိရှိရန်အတွက် ယခုကဲ့သို့ နည်းလမ်းရှုထောင့်မျိုးစုံပါဝင်သည့် လုပ်နည်းလုပ်ဟန်က ရှင်းလင်းစွာ ဖော်ညွှန်းနေသည်မှာ မြို့နယ်အဆင့်အတွက် ကွဲပြားခြားနားမှုအမျိုးမျိုးရှိနေပြီး၊ ယင်းကြောင့် နိုင်ငံအဝှမ်းတွင် ဖွံ့ဖြိုးရေးဆိုင်ရာ လိုအပ်နေသည့်အရာများနှင့် ကွာဟချက်ရှိနေမှုများအပေါ်တွင် မိမိတို့ နားလည်သိရှိမှုကို ပိုမိုကျယ်ပြန့်တိုးပွားစေပါသည်။ မြန်မာနိုင်ငံ၏ မြို့နယ် (၃၃၀) တို့မှာ မြို့နယ်တစ်ခုချင်းစီတိုင်းသည် မြို့ပြ၊ ကျေးလက် နှင့် ဝေးလံသည့် နေရာဒေသများ၊ ထို့ပြင် ချမ်းသာမှု နှင့် ထိခိုက်လွယ်မှုအတွက် တစ်ခါတစ်ရံ သိသာထင်ရှားသည့် အခြေအနေမတူမှု ဖြစ်ပေါ်နေသည့် လူထုအသိုင်းအဝိုင်းတို့ ပေါင်းစပ်ပါဝင်လျက်ရှိသည့် နယ်ပယ်ကြီးမားသည့် စီမံအုပ်ချုပ်မှုဆိုင်ရာ နယ်မြေများပင်ဖြစ်ပါသည်။ ထပ်ဆင့် အချက်အလက်များနှင့် ဆန်းစစ်မှုတို့ကို လိုအပ်မည်ဖြစ်ရာ ကျေးရွာအုပ်စု၊ ကျေးရွာ နှင့် ကျေးရွာခွဲအဆင့်တို့ရှိ အခြေအနေကို နားလည်သိရှိရန်အတွက်ဖြစ်ပြီး၊ ယင်းအဆင့်တွင် ကျေးရွာတွင်း အစည်းအဝေးများကဲ့သို့သော ပါဝင်ပြောဆိုဆွေးနွေးခွင့်စနစ်များသည် တိုးတက်ဖြစ်ထွန်းမှုကြောင့် နောက်တွင်ကျန်ရစ်ရန်အဖြစ်နိုင်ဆုံးသော အိမ်ထောင်စုများနှင့် လူပုဂ္ဂိုလ်များကို ဖော်ထုတ်သတ်မှတ်ရာတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်နေနိုင်ပါသည်။

# ထိခိုက်လွယ်မှု အရေးကိစ္စကို အဘယ်ကြောင့် အလေးပေးရသနည်း။

မြန်မာနိုင်ငံသည် မကြာသေးမီက မှတ်သားလောက်ဖွယ် ဖွံ့ဖြိုးမှုဆိုင်ရာများကို ရရှိအောင်ပြုလုပ်ထားခဲ့ပြီး နိုင်ငံမှ လူများစွာတို့အတွက် စီးပွားရေးနှင့် နိုင်ငံရေး အခွင့်လမ်းများ ရရှိခံစားကြရန် အလားအလာများကို ဖွင့်ပေးလိုက်ခြင်းဖြစ်သော်လည်း၊ မည်သူတို့သည် အဆိုပါ ကောင်းမွန်တိုးတက်မှုများအား မျှဝေပေးခံထားရခြင်းမရှိကြောင်း သတင်းအချက်အလက်မှာ ရရှိခြင်းမရှိချေ။ ဆင်းရဲနွမ်းပါးမှု နှင့် ထိခိုက်လွယ်မှုအတွက် နိုင်ငံလုံးဆိုင်ရာ ဆန်းစစ်ချက် မရှိထားသေးဘဲ၊ ယင်းဆန်းစစ်ချက်ရှိထားလျှင် ဖွံ့ဖြိုးမှုဆိုင်ရာအတွက် လိုအပ်နေသည့်အရာများနှင့် ဟာကွက်များကို နားလည်သိရှိနိုင်ပြီး အလေးပေးကိုင်တွယ်နိုင်မည်ဖြစ်သော်လည်း၊ ဆင်းရဲနွမ်းပါးမှုဆိုင်ရာ အချက်အလက်များစွာတို့မှာ ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့်အတွက်သာ ရှိနေသေးပါသည်။

သို့ပါလျက် ဖြေရှင်းပေးမှုမရှိသည့် ဖွံ့ဖြိုးမှုဆိုင်ရာ လိုအပ်ချက်ကြောင့် အရေးပေါ်အခြေအနေများ စတင်ဖြစ်ပွားစေလျက် လူသားချင်းစာနာမှု လုပ်ငန်းပမာဏတိုးပွားမှုအဖြစ်သို့ လျင်မြန်စွာ အသွင်ကူးပြောင်းသွားနေပါသည်။ ထိခိုက်လွယ်မှုအဆင့် မြင့်မားနေသည့် နေရာဒေသများတွင် အဆိုပါဖြစ်ရပ်များ၏ အချိုးအစားညီမျှမှုမရှိဘဲ ရိုက်ခတ်သက်ရောက်မှုကျရောက်နိုင်ခြေ အများဆုံးရှိသူတို့မှာ ဖိအားများနှင့် ဘေးသင့်မှုများထံမှ မိမိတို့ကိုယ်မိမိတို့ ကာကွယ်တားဆီးထားနိုင်စွမ်း အနိမ့်ဆုံးအဆင့်ရှိကြသည့် ဆင်းရဲနွမ်းပါးသူများ၊ မြေယာမရှိသူများ၊ ထိခိုက်လွယ်အားနည်းသောသူတို့ဖြစ်ပါသည်။ လူသားချင်းစာနာမှုဆောင်ရွက်ချက်နှင့် ဘေးဒဏ်သင့်မှုမှ ပြန်လည်နလန်ထူရေးကိစ္စတို့မှာ နိုင်ငံတော်၏ ဘတ်ဂျက်အပေါ် တောင်းဆိုမှုရှိနိုင်ပြီး ဖွံ့ဖြိုးမှုဆိုင်ရာ ဦးစားပေးလုပ်ဆောင်ရမည့်အရာများအပေါ် အာရုံလွဲချော်မှုဖြစ်စေနိုင်ပါသည်။ တုံ့ပြန်ဖြေရှင်းဆောင်ရွက်ပေးရန်နှင့် ပြန်လည်ထူထောင်ရန်အတွက် အရင်းအမြစ်များခွဲဝေမှုမှာ လုံလောက်မှုမရှိသည့်အခါဝယ် ထိခိုက်သက်ရောက်မှုရှိသည့် နေရာဒေသများအတွက် ဖွံ့ဖြိုးတိုးတက်မှုခရီးလမ်းအနေဖြင့်ဆိုရလျှင် ဆက်လက်၍ ပိုမိုနေးကွေးနောက်ကျကျန်နေခြင်းကို ဖြစ်ပေါ်စေပါမည်။

လက်ရှိ စာရွက်စာတမ်းစာပေများအပေါ် လေ့လာသုံးသပ်မှုက ဖော်ပြသည်မှာ မြန်မာနိုင်ငံတွင် သာတူညီမျှစွာ ဖွံ့ဖြိုးတိုးတက်မှု နှင့် ဘေးဒဏ်ခံနိုင်စွမ်းတည်ဆောက်မှုအပေါ်တွင် ကန့်သတ်အားနည်းမှုဖြစ်စေသည့် ထပ်တူကျသည့် အကြောင်းတရား (၃)မျိုးရှိရာ၊ ၎င်းတို့မှာ (၁) ပဋိပက္ခ၊ ခွဲခြားဆက်ဆံမှုနှင့် မတည်ငြိမ်မှု၊ (၂) ရင်းနှီးမြှုပ်နှံမှုနည်းပါးခြင်း၊ ဖွံ့ဖြိုးမှုနောက်ကျခြင်းနှင့် လူမှုအဖွဲ့အစည်းအပေါ် ခိုင်မာသည့် အကာအကွယ်ပေးမှု မရှိခြင်း၊ နှင့် (၃) ရာသီဥတုနှင့် ဘေးဆိုးများ အန္တရာယ်ဖြစ်နိုင်ခြေများရှိနေခြင်း တို့ဖြစ်ကြပါသည်။ အဆိုပါ အဓိကပင်မ အကြောင်းတရား (၃)မျိုးသည် ယခုလေ့လာဆန်းစစ်မှုအတွက် နှင့် ယခုအစီရင်ခံတင်ဆက်မှုအတွက် အခြေခံကို ဖြစ်ပေါ်စေပါသည်။

ဘေးအန္တရာယ်ဖြစ်နိုင်ခြေအား စီမံကိုင်တွယ်မှု[၂]အတွက် INFORM ၏ ညွှန်းဆိုဖော်ပြချက်သည် မြန်မာနိုင်ငံအား အန္တရာယ်ဖြစ်နိုင်ခြေအဆင့် အလွန်မြင့်မားပြီး ကျဆင်းမှုမရှိသည့် နိုင်ငံအဖြစ် အမျိုးအစားခွဲခြားပေးကာ၊ ယင်းမှာ နိုင်ငံအဆင့်အနေဖြင့် အန္တရာယ်တွင်းကျရောက်နေမှု၊ ထိခိုက်လွယ်မှုအခြေနေ ရှိနေမှု နှင့် ကိုင်တွယ်ဖြေရှင်းနိုင်စွမ်းတို့အပေါ်တွင် အခြေခံဖော်ပြခြင်းဖြစ်ပါသည်။ မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာတစ်ဝှမ်းနိုင်ငံပေါင်း (၁၉၁) နိုင်ငံတွင် အဆင့် (၁၂) ချိတ်ပြီး၊ ပါကစ္စတန်နိုင်ငံ နှင့် ဟေတီနိုင်ငံထက် အနည်းငယ်ရှေ့ရောက်နေကာ၊ ဆီးရီးယားနိုင်ငံ နှင့် အီရတ်နိုင်ငံတို့၏ နောက်တွင်ကပ်လျက်ရှိနေပါသည်။ ယင်းအချက်မှာ ယခုလေ့လာဆန်းစစ်မှု၏ တွေ့ရှိချက်များနှင့် တစ်ပြေးညီဖြစ်ကာ၊ မြန်မာနိုင်ငံအနေဖြင့် ဘေးအန္တရာယ်ဖြစ်နိုင်ခြေအဆင့် မြင့်မားရခြင်းမှာ ထိခိုက်လွယ်အားနည်းနေသော ကြီးမားသည့် လူအုပ်စုများရှိနေခြင်း၊ လူမှုအဖွဲ့အစည်း၏ စွမ်းရည်နိမ့်ပါးမှု နှင့် သဘာဝနှင့် လူတို့ပြုလုပ်သော ဘေးဆိုးများအတွင်း မြင့်မြင့်မားမား ကျရောက်နေခြင်းတို့ကြောင့် ဖြစ်ပါသည်။ အဆိုပါ ဘေးအန္တရာယ်ဖြစ်နိုင်ခြေများကို ကိုင်တွယ်စီမံရေးမှာ မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် အင်မတန် အရေးကြီးလျက်ရှိပါသည်။

[၂] INFORM (၂၀၁၇). ဘေးအန္တရာယ်ဖြစ်နိုင်မှု စီမံခန့်ခွဲရေးအတွက် အညွှန်း -- ၂၀၁၇ ခုနှစ် ရလဒ်များ။ INFORM အညွှန်းဖော်ပြချက်ဆိုသည်မှာ လူသားချင်းစာနာမှုရေးရာ အကျပ်အတည်းဖြစ်ရပ်များ နှင့် ဘေးအန္တရာယ်များအတွက် အပြည်ပြည်ဆိုင်ရာဖြစ်သော၊ လွတ်လပ်စွာရရှိအသုံးပြုနိုင်သော ဘေးအန္တရာယ်ဖြစ်နိုင်ခြေ အကဲဖြတ်မှုတစ်ရပ်ဖြစ်ပြီး ကာကွယ်တားဆီးခြင်း၊ ကြိုတင်ပြင်ဆင်ထားခြင်း နှင့် ဖြစ်ပွားမှုအပေါ် တုံ့ပြန်ဆောင်ရွက်ခြင်း တို့အတွက် ဆုံးဖြတ်လုပ်ဆောင်ခြင်းများကို အကူအညီဖြစ်စေရန် ပုံစံပြုထားခြင်းဖြစ်ပါသည်။ ယင်းကို တွက်ချက်မှုပြုသည့်အခါ နိုင်ငံအဆင့်အတွက်ဖြစ်ပြီး ဘေးဒုက္ခတွင်းကျရောက်နေမှု၊ ထိခိုက်လွယ်မှု နှင့် ကိုင်တွယ်ဖြေရှင်းဆောင်ရွက်နိုင်စွမ်း တို့အပေါ်တွင် အခြေတည်ထားခြင်းဖြစ်ပါသည်။

မြန်မာနိုင်ငံအတွက် ကမ္ဘာ့အရှည်ကြာဆုံး ပြည်တွင်းပဋိပက္ခ ဆက်လက်ဖြစ်ပွားမှု ရှိနေဆဲဖြစ်ပါသည်။ ပဋိပက္ခတင်းမာမှုများ နှင့် နယ်မြေတွင်း အကြမ်းဖက်ပြင်းထန်မှုတို့မှာ များလှစွာသော အရေးကိစ္စပြဿနာများမှ မူလအရင်းခံလာသော်လည်း အဆိုပါ ပဋိပက္ခနယ်မြေများထဲမှ အချို့တွင် သဘာဝသယံဇာတ ခေါင်းပုံဖြတ်ခံရခြင်းကိစ္စနှင့်လည်း နက်နက်ရှိုင်းရှိုင်း ယှက်နွယ်ချိတ်ဆက်လျက် ရှိနေပါသည်။ ဆက်လက်ဖြစ်ပွားနေသော ပဋိပက္ခနှင့် သဘာဝသယံဇာတများ ခံစားခွင့်ကို မညီမျှစွာ ခွဲဝေယူခြင်းတို့မှာ မတည်ငြိမ်မှု၊ အဂတိလိုက်စားမှု နှင့် အုပ်စုကွဲပြားမှု၊ ရင်းနှီးမြှုပ်နှံမှုများအား စိတ်ပျက်အားလျော့စေခြင်းများကို ပိုမိုဖြစ်ပွားစေနိုင်မည်ဖြစ်နေရာ၊ ရင်းနှီးမြှုပ်နှံမှုရှိခဲ့လျှင် အလုပ်အကိုင်များဖန်တီးပေးနိုင်မည်ဖြစ်ပြီး မြန်မာနိုင်ငံ၏ သယံဇာတရင်းမြစ်များ ပေါကြွယ်သည့် နယ်မြေဒေသများအတွင်း တိုးတက်မှုကို ဖြစ်ထွန်းစေမည် ဖြစ်ပါသည်။

ရာသီဥတုကြောင့်ဖြစ်သော ဘေးဒဏ်သင့်နိုင်ခြေများ နှင့် ပဋိပက္ခတို့တွင် ကြီးမားကျယ်ပြန့်သောအခြေအနေများ၊ ထို့ပြင် အများအားဖြင့် ထည့်သွင်းတွက်ချက်လေ့မရှိသည့် စီးပွားရေးဆိုင်ရာ အခြေအနေအရပ်ရပ်တို့ ရှိနေပါသည်။ ပြင်းထန်သည့် မိုးလေဝသ အခြေအနေဖြစ်ရပ်များ နှင့် ပုံမှန်တည်ငြိမ်မှုမရှိသည့် မိုးလေဝသ ဖြစ်ထွန်းမှုပုံစံများ အရေအတွက် နှင့် ပြင်းထန်မှု နှစ်မျိုးလုံး တိုးပွားလာဖွယ်ရှိမည်ဟု မျှော်မှန်းရပါသည်။ ၂၀၁၅ ခုနှစ်အတွင်း ပြင်းထန်ကြီးကျယ်သော ရေကြီးမှုကြောင့် အိမ်ထောင်စုအဆင့် နှင့် လူမှုအဖွဲ့အစည်းအဆင့်[၇] နှစ်ရပ်စလုံးတွင် စီးပွားရေးအရ ထိခိုက်လွယ်အားနည်းမှုများ အမျိုးမျိုးသို့ကျရောက်စေခဲ့ပြီး၊ ငွေကြေးဖောင်းပွမှု လျင်မြန်စွာ တိုးမြင့်သွားခြင်း (၁၆% အထိ)၊ ပြည်ပပို့ကုန်တင်ပို့မှု (၁၂%) လျော့ကျသွားခြင်း၊ ကုန်သွယ်မှုလိုငွေ တိုးများသွားခြင်း အပါအဝင် နိုင်ငံခြားငွေလဲလှယ်နှုန်းများ အတက်အကျဖြစ်ခြင်းကို ဖြစ်ပွားစေခြင်းများအားဖြင့် ဖြစ်ပါသည်။ နောက်ဆက်တွဲအကျိုးဆက်များသည် ရေရှည်အသွင်ဆောင်နိုင်ပြီး၊ ရာသီဥတုနှင့် သက်ဆိုင်သည့် ဖြစ်စဉ်ဖြစ်ရပ်များကြောင့် ရိုက်ခတ်သက်ရောက်မှုအပေါ် သုတေသနပြုလေ့လာခြင်းက ဖော်ပြသည်မှာ ဘေးဒုက္ခဖြစ်ပွားပြီးနောက် အနှစ် (၂၀) ကြာမျှအထိ ထိခိုက်သက်ရောက်မှုခံရသည့် လူထုများအနေဖြင့် ၎င်းတို့၏ ယခင် တိုးတက်ဖြစ်ထွန်းမှု လမ်းစဉ်အခြေအနေကို ပြန်ရောက်နိုင်မည် မဟုတ်ကြောင်း ဖြစ်ပါသည်။[၉]

---

[၇] ကမ္ဘာ့ဘဏ်အုပ်စု - အသေးစားစီးပွားရေး နှင့် ဘဏ္ဍာရေးရာ စီမံခန့်ခွဲမှု (၂၀၁၅)။ မြန်မာ့စီးပွားရေး စောင့်ကြည့်လေ့လာမှု။

[၉] Hsiang S. M. & Jina A. S. (၂၀၁၄). သဘာဝပတ်ဝန်းကျင်ဆိုင်ရာကပ်ဘေး၏ ရေရှည်စီးပွားရေးဖွံ့ဖြိုးကြီးထွားမှုအပေါ် တမင်ပြုလုပ်ခြင်းမဟုတ်သည့် အကျိုးသက်ရောက်မှု - ဆိုင်ကလုန်းမုန်တိုင်းပေါင်း (၆၇၀၀) ၏ သာဓက။ Cambridge မြို့တော်, Massachusetts ပြည်နယ်: စီးပွားရေးဆိုင်ရာ အမျိုးသားအဆင့် သုတေသနဌာန

# အပိုင်း ၁
# ဆောင်ရွက်ပုံနည်းစနစ်နှင့် ကန့်သတ်ချက်ရှိခြင်းများ

ယခုဆန်းစစ်ချက်သည် ၂၀၁၄ ခုနှစ် မှ ၂၀၁၆ ခုနှစ် ကာလအတွက် အများပြည်သူသို့ထုတ်ပြန်ခဲ့သည့် မြို့နယ်အဆင့် အချက်အလက်များ၊ သက်ဆိုင်ရာအစီရင်ခံစာများနှင့် အကဲဖြတ်သုံးသပ်ချက်များအပေါ်အခြေခံထားခြင်း ဖြစ်ပါသည်။ နိုင်ငံတစ်ဝှမ်းရှိ မြို့နယ်များအားလုံးကို သုံးသပ်ဆန်းစစ်မှုတစ်ခု ပြုလုပ်ရန် ရည်ရွယ်ထားခြင်းဖြစ်သော်လည်း ရရှိသည့် အချက်အလက်များ၏ အရည်အသွေးနှင့် လွှမ်းခြုံနိုင်မှု နှစ်ရပ်စလုံးတို့မှာ မြန်မာနိုင်ငံတွင်း၌ ကောင်းစွာ မှတ်တမ်းတင်ထားခြင်းများမရှိသည့်အတွက် မည်သည့် အချက်အလက်ဆန်းစစ်မှုလုပ်ငန်း မဆိုတွင် ကန့်သတ်ချက်များရှိနေခဲ့ပါသည်။ ဤတွင် ခြွင်းချက်တစ်ခုမှာ ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းဖြစ်ပြီး၊ ၎င်းကိုပင် အဓိကအချက်အလက်ပင်ရင်းဇာစ်မြစ်အနေဖြင့် အသုံးပြုခဲ့ခြင်းဖြစ်ပါသည်။ သတင်းအချက်အလက်ရရှိရာ အခြားသောဇာစ်မြစ်များ၌ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ မြန်မာ သတင်းအချက်အလက်စီမံခန့်ခွဲမှု ယူနစ် (MIMU) ၊ အသက်မွေးမှုနှင့် အစားအစာဖူလုံရေး ယုံကြည်အပ်နှံရန်ပုံငွေ (LIFT) ၊ ကုလသမဂ္ဂ အဖွဲ့အစည်းဌာနများ၊ အမျိုးသားရေး မတူကွဲပြားခြားနားမှု နှင့် ညီညွတ်ရေးဆိုင်ရာ လေ့လာရေးအဖွဲ့၊ မြန်မာ့ငြိမ်းချမ်းရေးစောင့်ကြည့်ရေးအဖွဲ့ (MPM)၊ ကမ္ဘာ့ဘဏ် နှင့် လက်နက်ကိုင်ပဋိပက္ခများဖြစ်ပွားရာနေရာနှင့် ဖြစ်ပွားမှု အချက်အလက်များ စုဆောင်းဆန်းစစ်ရေး စီမံကိန်းအဖွဲ့ (ACLED) စသည့်အဖွဲ့များလည်း ပါဝင်ပါသည်။ ယခုဆန်းစစ်ချက်အတွက် အသုံးပြုထားသည့် အချက်အလက်ဆိုင်ရာ ရင်းမြစ်များနှင့် စပ်လျဉ်း၍ ထပ်ဆင့်အချက်အလက်ကို နောက်ဆက်တွဲစာမျက်နှာ၌ ဖော်ပြထားပါသည်။

ယခုဆန်းစစ်ချက်အတွက် ဆောင်ရွက်မှုနည်းစနစ်ကို သီးသန့်ရေးဆွဲခဲ့ခြင်းဖြစ်ပြီး ထိုသို့ပြုလုပ်ရာ၌ နည်းပညာပိုင်း ဆောင်ရွက်ပုံနှင့် အဓိကတွေ့ရှိချက်များ စသည်တို့နှင့်စပ်လျဉ်း၍ ဆွေးနွေးတိုင်ပင်နှီးနှောမှုအားလည်း ထည့်သွင်းခဲ့ပါသည်။ အချက်အလက်များနှင့်ပတ်သက်သော အခြားရွေးချယ်စရာနည်းလမ်းများ၊ ကိစ္စရပ်များနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ ထိခိုက်လွယ်မှုဆိုင်ရာ အညွှန်းကိန်းကို ရေးဆွဲထုတ်လုပ်ရာ၌ အသုံးပြုသည့် နည်းပညာပိုင်းဆိုင်ရာ ချဉ်းကပ်ပုံနှင့် ယူဆချက်များ တရားဝင်ခိုင်မာမှုရှိစေရေး အကြံပြုချက်များ ရရှိနိုင်ရန် မြန်မာနိုင်ငံအခြေပြုအဖွဲ့အစည်းများမှ စာရင်းအင်းနှင့် သတင်းအချက်အလက်စီမံခန့်ခွဲမှု ကျွမ်းကျင်ပညာရှင်များ ပါဝင်သည့် နည်းပညာပိုင်းဆိုင်ရာ ပြန်လည်သုံးသပ်ရေး အစည်းအဝေးနစ်ရပ်ကို စီစဉ်ကျင်းပခဲ့ပါသည်။ အဓိကတွေ့ရှိချက်များကိုလည်းကောင်း၊ မြို့နယ်များအား အပြီးသတ်အုပ်စုဖွဲ့စုစည်းမှုကိုလည်းကောင်း ဝင်ရောက်ဆောင်ရွက်နိုင်မည့် နယ်ပယ်များကိုလည်းကောင်း ပြန်လည်သုံးသပ်နိုင်ရန်အတွက် ၂၀၁၇ခုနှစ် မတ်လတွင် လူသားချင်းစာနာမှုနှင့် ဖွံ့ဖြိုးမှုဆိုင်ရာ အဖွဲ့အစည်းများမှ ဝန်ထမ်းများဖြင့် အတည်ပြုရေး အလုပ်ရုံအစည်းအဝေးတစ်ရပ်ကို ကျင်းပကာ၊ ရရှိခဲ့သည့် တုံ့ပြန်ဆွေးနွေးချက်များကို ယခုအဆုံးသတ်ဆန်းစစ်ချက်တွင် ထည့်သွင်းခဲ့ပါသည်။

မြန်မာနိုင်ငံတွင် ထိခိုက်လွယ်မှု ဖြစ်ရသည့် အဓိကအကြောင်းရင်း (၃)ချက် ဖြစ်သော ပဋိပက္ခနှင့် မတည်ငြိမ်မှု၊ ရာသီဥတုနှင့် ဘေးအန္တရာယ်သင့်နိုင်ခြေများ၊ နှင့် ဖွံ့ဖြိုးမှုနောက်ကျခြင်း (ဝါ) ရင်းနှီးမြှုပ်နှံမှုနည်းပါးခြင်း စသည့်တို့အပေါ်တွင် ယခုဆန်းစစ်ချက်မူဘောင်ကို ယေဘုယျအခြေတည်ထားခြင်း ဖြစ်ပါသည်။ ထိခိုက်လွယ်မှုဆိုသည့် ကိစ္စကို မြို့နယ်အဆင့်တွင် လက်တွေ့ကျသော အဓိပ္ပာယ်ဖွင့်ဆိုနိုင်ရန် အမျိုးမျိုးသော အညွှန်းဖော်ပြချက်များအကြား နီးနွယ်ဆက်စပ်ခြင်းများရှိမရှိ စူးစမ်းရှာဖွေနိုင်ရန်အတွက် သက်ဆိုင်ရာ အချက်အလက်များကို ကောက်ယူစုဆောင်း၍ အပြန်အလှန်ချိတ်ဆက်ကြည့်ခဲ့ပါသည်။ ရရှိသည့်အချက်အလက်များအား အသေအချာ ပိုက်စိပ်တိုက် ပေါင်းစည်းပြီးသည့်နောက် အချက်အလက်အစုအစည်းနှင့် တိုက်ဆိုင်၍ မြို့နယ်အဆင့်ဖြစ်နိုင်ခြေရှိသော ခန့်မှန်းကိန်းတန်ဖိုးကို တွက်ချက်ရန်အတွက် အညွှန်း (ကိန်း) ဖော်ပြချက်ပေါင်း (၂၄)ခု ကိုရွေးချယ်ကာ ယင်းတို့ကို မတူညီသည့် ရှေ့နောက်ပေါင်းစပ်မှုပုံစံ (၃၁)မျိုး စီစဉ်၍ ဆန်းစစ်ခဲ့ပြီး ထပ်ဆင့်ဆန်းစစ်မှုပြုလုပ်ရာတွင် အသုံးပြုနိုင်ရန်အတွက် အတိကျဆုံးအညွှန်းဖော်ပြချက်ကို ဖော်ထုတ်သတ်မှတ်၍ သီးခြားဖြစ်သည့် ဝိသေသလက္ခဏာများရှိသည့်အလျောက် မြို့နယ်များကို အုပ်စုခွဲခြားမှုပြုခဲ့ပါသည်။

## ထိခိုက်လွယ်မှု အညွှန်းဖော်ပြချက်

အများပြည်သူသို့ထုတ်ပြန်ထားသည့် မြို့နယ်အဆင့် အချက်အလက်များမှ ထိခိုက်လွယ်မှု အညွှန်းဖော်ပြမှုကို ဆွဲယူထုတ်နုတ်ထားခြင်းဖြစ်သည်။ ထိခိုက်လွယ်မှုကို ဆုံးဖြတ်ရာတွင် ပုံမှန်အသုံးပြုရသည့် အချို့သော အချက်အလက်များသည် မြန်မာနိုင်ငံတွင် မရရှိခြင်း (သို့) မြို့နယ်အဆင့်၌ မရှိဘဲဖြစ်နေပါသည်။ ထို့ကြောင့် ဤအညွှန်းဖော်ပြချက်သည် ရရှိသည့်အချက်အလက်များမှ ထွက်ပေါ်လာသော အညွှန်းကိန်းကို ရွေးချယ်ကာ ထပ်တလဲလဲဆန်းစစ်သည့် နည်းလမ်းကို အသုံးပြုထားခြင်းဖြစ်ပြီး အသုံးပြုခဲ့သည့် ၎င်းအချက်အလက်များသည် အခြားသောဆန်းစစ်ချက်များ၏ ရလဒ်များကို ကြိုတင်တွက်ဆရာ၌ ဤအညွှန်းဖော်ပြချက်သည် ယုံကြည်အားထားရမှုရှိမရှိကို စိစစ်ခဲ့သည့် အချက်အလက်များဖြစ်ပါသည်။

ထွက်ရှိလာသည့် ထိခိုက်လွယ်မှုဆိုင်ရာ ဤအညွှန်းဖော်ပြချက်သည် လုပ်ငန်းအစီအစဉ် ရေးဆွဲခြင်းအတွက်လည်းကောင်း၊ ထပ်ဆင့်ဆန်းစစ်ချက်များအတွက်လည်းကောင်း ရင်းမြစ်တစ်ခုအနေဖြင့် နိုင်ငံတစ်ဝှမ်းရှိ မြို့နယ်အဆင့်တွင် ဖွံ့ဖြိုးမှုဆိုင်ရာကိစ္စ၌ အသီးသီးကွဲပြားစွာ လိုအပ်နေမှုများကို ထင်ဟပ်ဖော်ပြလျက်ရှိပေသည်။ ၎င်းသည် လူသားဖွံ့ဖြိုးမှုတိုင်းတာသည့် ယူနစ်များကို ၂၀၁၄-၂၀၁၆ ကာလတစ်လျှောက်အတွင်း ပဋိပက္ခနှင့် ပြင်းထန်သည့်တိုက်ခိုက်မှုတို့၏ သက်ရောက်ရိုက်ခတ်မှုများနှင့်ပတ်သက်၍ ရရှိလိုက်သော အချက်အလက်များနှင့် ပေါင်းစပ်ပေးထားခြင်းဖြစ်သည်။[၅] ထိခိုက်လွယ်မှုဆိုင်ရာ ဤအညွှန်းဖော်ပြချက်တွင် ၂၀၁၄ခုနှစ် သန်းခေါင်စာရင်းကောက်ယူရာတွင် တိုင်းတာခဲ့သည့်အတိုင်း လူမှုစီးပွားဆိုင်ရာနှင့် လူမှုပထဝီဆိုင်ရာတို့နှင့် ဆက်စပ်လျက်ရှိသော အညွှန်းဖော်ပြမှု (၁၀)မျိုး ပါဝင်ပြီး၊ ထို့ပြင် ဤ (၂)နှစ်တာကာလအတွင်း ထိပ်တိုက်အချင်းဖြစ်ပွားမှုများ၊ ထိခိုက်သေဆုံးမှုများ၊ အရပ်သားများအပေါ် အကြမ်းဖက်မှု၊ နေရပ်စွန့်ခွာရွှေ့ပြောင်းမှုများနှင့်စပ်လျဉ်း၍ သတင်းရရှိသည့် အရေအတွက်အပေါ် အခြေခံထားသည့် ပဋိပက္ခအညွှန်းဖော်ပြချက်တစ်ခုတို့ ပါဝင်လျက်ရှိပါသည်။ ထိခိုက်လွယ်မှုဆိုင်ရာ ရမှတ်ဖော်ပြချက်တစ်ခု ထွက်ရှိလာစေရန် မည်သည့်ဘက်ကိုမဆို အသာစီးမပေးဘဲ ယခုစံသတ်မှတ်ချက်များကို အသုံးပြုခဲ့ပါသည်။

[၅] မြန်မာနိုင်ငံ၏အတိုက်အခံဖြစ်ပွားနေသည့်ဒေသများ- နယ်မြေစိုးမိုးရေးနှင့် ပဋိပက္ခ၊ ထောက်ပံ့ကူညီမှုနှင့် ဖွံ့ဖြိုးရေး(၂၀၁၇) လေ့လာမှုတွင် The Asia Foundation သည် မတူညီသော ချဉ်းကပ်ပုံနည်းလမ်းတစ်ခုကို လုပ်ဆောင်ခဲ့ပြီး ယင်းသည် ပဋိပက္ခဖြစ်ပွားရာတွင်သက်ရောက်သော မြို့နယ်များအပေါ် ဤတိုင်းတာချက်များနှင့်အလေးထားအာရုံစိုက်ရာများကို ခွဲခြားပေးသည်။

ယခုဆန်းစစ်ချက်မှ ထွက်ရှိလာသည့် ရလဒ်များက နိုင်ငံလုံးအဆင့်တွင် ပိုမိုအသေးစိတ်ဆန်းစစ်နိုင်ရန်အတွက် အလေးပေးရမည့် နယ်ပယ်များအပေါ်ညွှန်ပြပေးခဲ့ပြီး ၎င်းတို့ကိုဤအစီရင်ခံစာတွင်မှတ်တမ်းတင်ထားရှိပါသည်။ ဆိုခဲ့သည့်အတိုင်းယခုစာတမ်းတွင်ဖော်ပြပါရှိသည့် ထိခိုက်လွယ်မှုဟူသည် အောက်ပါတို့ကို ညွှန်ပြဖော်ညွှန်းလျက်ရှိသော အခြေအနေအရပ်ရပ်တို့၏ သီးခြားပေါင်းစပ်မှုကို ရည်ညွှန်းလျက်ရှိပါသည် --

- မလုံခြုံမှု၊ နောက်ခံအခြေအနေ မကြာခဏပြောင်းလဲမှုများ၊ လွတ်လပ်စွာ ခရီးသွားလာနိုင်မှုမရှိခြင်း
- ကျွန်းသဖွယ်သီးခြားတည်ရှိမှု၊ ဝေးလံခေါင်ခြင်း၊ အခြေခံအဆောက်အအုံကွန်ရက်များ ကျဲပါးခြင်းနှင့် စီးပွားရေးအချက်အချာနေရာများနှင့် ဆက်သွယ်ဆက်ဆံမှုနည်းပါးခြင်း
- အိမ်ရာစနစ် အားနည်းမှု၊ စုဆောင်းငွေမရှိမှု၊ အတည်တကျမရှိသော သက်မွေးမှုလုပ်ငန်းများနှင့် ဆက်လက်ရှင်သန်နိုင်ရေးနှင့် အစာအာဟာရတို့အတွက် မိမိနှင့်နီးစပ်ရာ သဘာဝပတ်ဝန်းကျင်အပေါ်တွင် လွန်စွာမှီခိုအားထားနေရသောသူများ

| *ထိခိုက်လွယ်မှုဆိုင်ရာ အညွှန်းဖော်ပြချက်တွင် ပါဝင်သော အစိတ်အပိုင်းများ*[၆] | |
|---|---|
| | ● ဝါးနှင့် သက်ငယ်အမိုးများ ရာခိုင်နှုန်း<br>● ဝါး၊ ရွှံ့မြေကြီး (သို့) သစ်သားနံရံ ရာခိုင်နှုန်း<br>● ဘေးကင်းသည့် မိလ္လာ/ရေဆိုးထုတ်စနစ်မရှိသည့် အိမ်ထောင်စု ရာခိုင်နှုန်း<br>● တိုးတက်ကောင်းမွန်သည့် သောက်သုံးရေအရင်းအမြစ်ကို အသုံးမပြုသည့် အိမ်ထောင်စု ရာခိုင်နှုန်း<br>● အလင်းပေးရန် လျှပ်စစ်ဓာတ်အားမရှိသည့် အိမ်ထောင်စု ရာခိုင်နှုန်း<br>● တရားဝင်အသိအမှတ်ပြု သက်သေခံစာရွက်စာတမ်း မရှိသည့်သူများ ရာခိုင်နှုန်း<br>● မှီခိုကလေးအချိုး<br>● စာမတတ်သည့် အမျိုးသမီး ရာခိုင်နှုန်း<br>● အလယ်တန်းဆင့်ထိ ကျောင်းပညာရေးမရှိသည့်သူများ ရာခိုင်နှုန်း<br>● လုပ်ခလစာမရရှိသည့် မိသားစုလုပ်သား ရာခိုင်နှုန်း<br>● ပဋိပက္ခအညွှန်းဖော်ပြချက် (ထိပ်တိုက်ပဋိပက္ခဖြစ်ပွားမှုများ၊ အရပ်သားများအပေါ် အကြမ်းဖက်မှု၊ ထိခိုက်သေဆုံးမှုများနှင့် နေရပ်စွန့်ခွာ ရွှေ့ပြောင်းရမှုဆိုင်ရာ ညွှန်ပြဖော်ဆိုချက်များ) |

ပုံ (၁) လေ့လာဆန်းစစ်မှုအတွင်း ထည့်သွင်းစဉ်းစားမှုပြုထားသည့် ထိခိုက်လွယ်မှုဆိုင်ရာ အဓိက အညွှန်း(ကိန်း)များ

| | လေ့လာဆန်းစစ်မှုအတွင်း ထည့်သွင်းစဉ်းစားမှုပြုထားသည့် ထိခိုက်လွယ်မှုဆိုင်ရာ အဓိက အညွှန်း(ကိန်း)များ | ထိခိုက်လွယ်မှု အညွှန်းကိန်းတွင်း ပါဝင်အစိတ်အပိုင်းများ |
|---|---|---|
| လူမှုပထဝီ | တရားဝင်အသိအမှတ်ပြု သက်သေခံစာရွက်စာတမ်း မရှိသည့်သူများ ရာခိုင်နှုန်း<br>မှီခိုကလေး အချိုး<br>မှီခိုသက်ကြီးရွယ်အို အချိုး<br>မသန်စွမ်းသူများ ရာခိုင်နှုန်း | တရားဝင်အသိအမှတ်ပြု သက်သေခံစာရွက်စာတမ်း မရှိသည့်သူများ ရာခိုင်နှုန်း<br>မှီခိုကလေး အချိုး |
| အိုးအိမ် နှင့် အသုံးအဆောင် ပစ္စည်းများ | ဝါး (သို့) သက်ငယ်အမိုးရှိသည့် အိမ်များ ရာခိုင်နှုန်း<br>ဝါး၊ ရွှံ့မြေကြီး (သို့) သစ်သားနံရံများရှိသည့် အိမ်များ ရာခိုင်နှုန်း<br>မြေသား (သို့) ဝါး ကြမ်းခင်းများရှိသည့် အိမ်များ ရာခိုင်နှုန်း<br>လျှပ်စစ်ဓာတ်အားမရှိသည့် အိမ်ထောင်စုများ ရာခိုင်နှုန်း<br>အိမ်ထောင်စုတစ်ခုတွင် ရှိသည့် ဆက်သွယ်ရေးကိရိယာပစ္စည်း အရေအတွက် | ဝါးနှင့် သက်ငယ်အမိုးများ ရာခိုင်နှုန်း<br>ဝါး၊ ရွှံ့မြေကြီး (သို့) သစ်သားနံရံ ရာခိုင်နှုန်း<br>အလင်းပေးရန် လျှပ်စစ်ဓာတ်အားမရှိသည့် အိမ်ထောင်စု ရာခိုင်နှုန်း |
| ပညာရေး | စာမတတ်သည့် အမျိုးသား နှင့် အမျိုးသမီး ရာခိုင်နှုန်း<br>ပုံမှန်ပညာရေးသင်ယူထားမှုမရှိသူများ ရာခိုင်နှုန်း<br>အလယ်တန်းဆင့်ထိ ကျောင်းပညာရေးမရှိသည့်သူများ ရာခိုင်နှုန်း<br>အထက်တန်းဆင့်ထိ ကျောင်းပညာရေးမရှိသည့်သူများ ရာခိုင်နှုန်း<br>ကျောင်းတက်ရောက်ခြင်းမရှိသည့် ကလေးများ ရာခိုင်နှုန်း<br>ကျောင်းလုံးဝတက်ရောက်ဖူးခြင်းမရှိသည့် ကလေးများ ရာခိုင်နှုန်း | စာမတတ်သည့် အမျိုးသမီး ရာခိုင်နှုန်း<br>အလယ်တန်းဆင့်ထိ ကျောင်းပညာရေးမရှိသည့်သူများ ရာခိုင်နှုန်း |
| ရေ နှင့် မိလ္လာ/ရေဆိုး ထုတ်စနစ် | တိုးတက်ကောင်းမွန်သည့် သောက်သုံးရေအရင်းအမြစ်ကို အသုံးမပြုသည့် အိမ်ထောင်စုများ ရာခိုင်နှုန်း<br>ဘေးကင်းသည့် မိလ္လာ/ရေဆိုးထုတ်စနစ်မရှိသည့် အိမ်ထောင်စုများ ရာခိုင်နှုန်း<br>အိမ်သာမရှိသည့် အိမ်ထောင်စုများ ရာခိုင်နှုန်း | ဘေးကင်းသည့် မိလ္လာ/ရေဆိုးထုတ်စနစ်မရှိသည့် အိမ်ထောင်စုများ ရာခိုင်နှုန်း<br>တိုးတက်ကောင်းမွန်သည့် သောက်သုံးရေအရင်းအမြစ်ကို အသုံးမပြုသည့် အိမ်ထောင်စုများ ရာခိုင်နှုန်း |
| လုပ်သား နှင့် အလုပ်အကိုင် | လုပ်ခလစာမရရှိသည့် မိသားစုလုပ်သား ရာခိုင်နှုန်း<br>လုပ်သားအင်အားထုအတွင်း ပါဝင်မှုနှုန်း | လုပ်ခလစာမရရှိသည့် မိသားစုလုပ်သား ရာခိုင်နှုန်း |
| ပဋိပက္ခ နှင့် နေရပ်စွန့်ခွာ ရွှေ့ပြောင်းရမှု | ရေရှည်ကြာမြင့်စွာ နေရပ်စွန့်ခွာရွှေ့ပြောင်းနေထိုင်သည့် လူထု ရာခိုင်နှုန်း<br>ထိပ်တိုက်တွေ့ဆုံပဋိပက္ခများ ရာခိုင်နှုန်း<br>အရပ်သားများအပေါ် အကြမ်းဖက်မှု ဖြစ်ပွားမှုများ ရာခိုင်နှုန်း<br>ပဋိပက္ခတွင်း ထိခိုက်သေဆုံးမှုများ ရာခိုင်နှုန်း | ပဋိပက္ခအညွှန်းဖော်ပြချက် (ထိပ်တိုက်ပဋိပက္ခဖြစ်ပွားမှုများ၊ အရပ်သားများအပေါ် အကြမ်းဖက်မှု၊ ထိခိုက်သေဆုံးမှုများနှင့် နေရပ်စွန့်ခွာ ရွှေ့ပြောင်းရမှုဆိုင်ရာ ညွှန်ပြဖော်ဆိုချက်များ) |

[၆] လူဦးရေကိန်းဂဏန်းများမှအပ မြို့နယ်တန်ဖိုးများသည် သန်းခေါင်စာရင်းကောက်ယူခဲ့သည့် လူဦးရေအပေါ်အခြေခံထားခြင်းဖြစ်ပြီး သန်းခေါင်စာရင်းကောက်ယူထားခြင်းမရှိသည့်လူအုပ်စုများကို အပြည့်အဝ ထင်ဟပ်မည်မဟုတ်ပါ။

ထပ်၍ပြုလုပ်သည့် ဆန်းစစ်ချက်သည် လူမှုစီးပွားရေးဆိုင်ရာ လက္ခဏာအင်္ဂါရပ်များနှင့် လူမှုပထဝီအခြေအနေများအပေါ် အခြေခံ၍ မြို့နယ်ပေါင်း (၃၃၀) ကို အဓိကအမျိုးအစား (၈) မျိုး အဖြစ် စုစည်းပေးထားခြင်းဖြစ်သည်။ ယခု ဆန်းစစ်ချက်ဆိုင်ရာ ရည်ရွယ်ချက်များအတွက် မြို့နယ်တစ်ခုစီသည် မြို့နယ်အမျိုးအစား (၈)မျိုး၌ တစ်မျိုးတွင်သာ အကျုံးဝင်ရမည်ဖြစ်ပြီး မြို့နယ်အဆင့်အတွက် ထိခိုက်လွယ်မှုဆိုင်ရာ သတ်သတ်မှတ်မှတ်ဖြစ်သော ကိစ္စရပ်နယ်ပယ်များကို ညွှန်းဆိုပြသမှုတစ်ရပ် ပေးအပ်ရမည်။ သတ်မှတ်လိုက်သည့် မည်သည့်မြို့နယ်အတွက်မဆို ယင်းမြို့နယ်အတွင်းမှာပင် အမျိုးမျိုးသော ကိစ္စရပ်နယ်ပယ်များ၌ အခြေအနေအမျိုးမျိုးရှိနေမည်ဆိုသည်မှာ ရှင်းပါသည်၊ သို့သော် ထိုရည်ရွယ်ချက်အတွက်ရရှိသည့် အချက်အလက်အနိမ့်ဆုံးအဆင့်အနေဖြင့် မြို့နယ်အဆင့်အချက်အလက်အပေါ် အခြေခံကာ အမျိုးတူရာစုစည်းမှုကိုပြုလုပ်ခြင်းဖြစ်သည်။ မြို့နယ်အလိုက် အမျိုးတူစုစည်းခြင်းကို အပိုင်း-၄ အမျိုးတူမြို့နယ် အုပ်စုများကို လေ့လာဆန်းစစ်ချက်တွင် ထပ်မံ၍လေ့လာဖော်ပြထားပြီး ယခုအစီရင်ခံစာသည် တိကျသောပြဿနာ/ကိစ္စရပ်များကို ကိုင်တွယ်ရာတွင် သက်ဆိုင်သည့် သတင်းအချက်အလက်နှင့် မဟာဗျူဟာများသာမက ရနိုင်သည့်အချက်အလက်များကို ထုတ်နုတ်သုံးစွဲခြင်းဖြင့် ကဏ္ဍအလိုက် သုံးသပ်မှုကိုလည်း ပြုလုပ်ထားပါသည်။

အမျိုးတူစုစည်းသည့် နည်းလမ်းကိုကျင့်သုံးခြင်းဖြင့် ပြည်နယ်နှင့်တိုင်းဒေသကြီးများအတွင်း၌ရှိသော (သို့တည်းမဟုတ်) အသီးအသီးတို့တွင်ရှိကြသော မြို့နယ်များအချင်းချင်းအကြားရှိ မတူကွဲပြားမှုများကို ပို၍သိသာစွာ နားလည်သဘောပေါက်မှုကို ဖြစ်ပေါ်စေပါသည်။ ပုံ (၂) သည် ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း နှင့် လက်နက်ကိုင်ပဋိပက္ခများဖြစ်ပွားရာနေရာနှင့် ဖြစ်ပွားမှုအချက်အလက်များ စုဆောင်းဆန်းစစ်ရေး စီမံကိန်းအဖွဲ့ (ACLED)၏ ၂၀၁၅-၂၀၁၆ခုနှစ်အချက်အလက် စသည်တို့မှ ကောက်ယူစုဆောင်းခဲ့သည့် အချက်အလက်ပေါ်အခြေခံထားသော အမျိုးတူရာစုစည်းမှု၏ ခြုံငုံရလဒ်များကိုဖော်ပြနေခြင်းဖြစ်သည်။ "ထိခိုက်လွယ်မှုရှိနေသော လူဦးရေခန့်မှန်းအရေအတွက်" ဆိုသည်မှာ စာတတ်မြောက်မှုအဆင့်နိမ့်ပါးခြင်း၊ မိလ္လာ/ရေဆိုးထုတ်စနစ်၊ လျှပ်စစ်၊ တိုးတက်ကောင်းမွန်သည့် သောက်သုံးရေရရှိမှု၊ အိမ်ရာအရည်အသွေး၊ အသိအမှတ်ပြုစာရွက်စာတမ်းပြသရန် လိုအပ်သော ဝန်ဆောင်မှု/အခွင့်အလမ်းများ လက်လှမ်းမီရရှိမှုနှင့် မှီခိုကလေးသူငယ်ရှိမှုနှုန်းမြင့်မားမှု စသည်တို့ပါဝင်သည့် ထိခိုက်လွယ်မှုဆိုင်ရာ အညွှန်းဖော်ပြချက်တွင်ပါဝင်နေသည့် ထိခိုက်လွယ်မှု သွင်ပြင်လက္ခဏာများ (သို့) အချို့တို့၏ အထူးသဖြင့် သက်ရောက်မှုခံရသည့် နယ်ပယ်နေရာများအတွင်းရှိနေသည့် လူဦးရေပင်ဖြစ်သည်။

| | |
|---|---|
| *မြို့နယ်အမျိုးအစားများကို ထင်ဟပ်စေရန် သုံးစွဲသည့် အင်္ဂါရပ်များ* | • စာတတ်မြောက်မှု<br>• မှီခိုကလေးသူငယ်အချိုး<br>• ပညာရေးအမြင့်ဆုံးအဆင့်<br>• သက်သေခံ အထောက်အထားကတ်ပြားများမရှိခြင်း<br>• ဘေးကင်းသော မိလ္လာ/ရေဆိုးထုတ်စနစ်<br>• တိုးတက်ကောင်းမွန်သည့် သောက်သုံးရေအရင်းအမြစ်ကို သုံးစွဲမှု<br>• အိမ်ရာအရည်အသွေး<br>• မြို့ပြလူဦးရေ<br>• အလင်းပေးရန်လျှပ်စစ်သုံးစွဲမှု<br>• ပဋိပက္ခအညွှန်းဖော်ပြချက် (ထိပ်တိုက်ပဋိပက္ခဖြစ်ပွားမှုများ၊ အရပ်သားများအပေါ် အကြမ်းဖက်မှု၊ ထိခိုက်သေဆုံးမှုများနှင့် နေရပ်စွန့်ခွာ ရွှေ့ပြောင်းရမှုဆိုင်ရာ ညွှန်ပြဖော်ဆိုချက်များ) |

ဥပမာဆိုရသော် မြို့နယ်အမျိုးအစား (၁) သည် ၂၀၁၄ခုနှစ် သန်းခေါင်စာရင်းမှရရှိသည့် အချက်အလက်များဖြစ်သည့် (ဥပမာ- ဘေးကင်းသော မိလ္လာ/ရေဆိုးထုတ်စနစ်၊ ပိုမိုကောင်းမွန်သည့် ရေအရင်းအမြစ်နှင့် လျှပ်စစ်ဓာတ်အားတို့အား ရရှိအသုံးပြုနိုင်မှု လွန်စွာနည်းပါးခြင်း၊ စာတတ်မြောက်မှု၊ ပညာရေး၊ အသိအမှတ်ပြုစာရွက်စာတမ်းများရရှိနိုင်မှု အနိမ့်ဆုံးအဆင့်ရှိနေခြင်း၊ နှင့် မှီခိုကလေးသူငယ်မြင့်မားမှု) တို့အပေါ် အခြေခံ၍ အထူးသဖြင့် ဖွံ့ဖြိုးမှုအားနည်းသောအညွှန်းများရှိထားသည့် မြို့နယ် (၃၆) မြို့နယ်ကို အတူတကွ စုစည်းပေးထားခြင်းဖြစ်သည်။ ACLED မှစုဆောင်းရရှိသည့် အချက်အလက်ပေါ်အခြေခံ၍ ပြန်လည်သုံးသပ်သည့်ကာလတွင်လည်း ၎င်းမြို့နယ်များသည် ပဋိပက္ခ/တင်းမာမှု ပိုမိုမြင့်မားစွာရှိနေတတ်သည့် မြို့နယ်များဖြစ်သည်။ ၎င်းအမျိုးအစား (၁) တွင်ပါဝင်သည့်မြို့နယ်များအတွင်းရှိ ခန့်မှန်းလူဦးရေ (၂.၇) သန်းခန့်သည် ယခုထိခိုက်လွယ်မှုအချက်များ၏ ရိုက်ခတ်မှုဒဏ်ကို အဆင့်တစ်ခုထိခံရသူများဖြစ်သည်။

အခြားတစ်ဖက်တွင် အမျိုးအစား (၄) မှာ အထူးသဖြင့်ကျေးလက်ဒေသဖြစ်ပြီး လျှပ်စစ်ဓာတ်အားရရှိမှု ပိုမိုနည်းပါးသည့်တိုင်အောင် ပညာရေး၊ စာတတ်မြောက်မှု၊ ဘေးကင်းသည့်မိလ္လာ/ရေးဆိုးထုတ်စနစ် စသည့်အဆင့်တို့ သိသိသာသာ ပိုမိုကောင်းမွန်ခြင်းနှင့် ပဋိပက္ခ/တင်းမာမှုနည်းပါးလှသည့် မြို့နယ် (၇၄)မြို့နယ်ကို အုပ်စုဖွဲ့ထားသည့် အမျိုးအစားဖြစ်သည်။ သို့သော် ယခုအမျိုးအစား (၄) ၏ မြို့နယ်များရှိ လူဦးရေအများအပြားမှာ ပိုမိုကောင်းမွန်သည့်သောက်သုံးရေရရှိမှု နည်းပါးခြင်းနှင့် အရည်အသွေးညံ့ဖျင်းသည့် အိမ်အမိုးဖြင့်နေထိုင်ရပြီး ထိခိုက်လွယ်မှုဆိုင်ရာ အညွှန်းကိန်း အသုံးပြုသောအခါ ထိခိုက်လွယ်မှု ပိုမိုမြင့်မားသည့် အတန်းအစားအတွင်း ကျရောက်သွားသော လူဦးရေစုစုပေါင်းသည် (၅.၈) သန်းထိရောက်ရှိနေပါသည်။

အမျိုးအစား (၈) အတွင်း အများအားဖြင့် မြို့ပြများဖြစ်သည့် မြို့နယ် (၃၄)ခု၏ ပညာရေး၊ လျှပ်စစ်ဓာတ်အားရရှိမှု နှင့် ဘေးကင်းသည့် မိလ္လာစနစ်ရှိမှု စသည်အဆင့်များ ယေဘုယျအားဖြင့် ပိုမိုမြင့်မားနေခြင်းကို၊ ပဋိပက္ခအညွှန်းကိန်းဖော်ပြချက် အတွင်းတွင် သက်သေခံစာရွက်စာတမ်းများ ရရှိနိုင်မှု၊ ထို့ပြင် မှီခိုကလေးသူငယ်အချိုးနှင့် သတ်မှတ်အကဲဖြတ်မှုအဆင့်များ ယေဘုယျအားဖြင့် ပိုမိုနိမ့်ပါးနေမှုကို ခွဲခြားနိုင်းယှဉ်ကြည့်နိုင်ပါသည်။ ထိုသို့ဖြစ်နေသည့်တိုင်အောင် အဆိုပါအညွှန်းကိန်းဖော်ပြချက်များကို အခြေခံရပါက ယင်းမြို့နယ်များရှိ ခန့်မှန်းလူဦးရေ (၁) သန်းမှာ ထိခိုက်လွယ်မှုရှိကာ အကူအညီလိုအပ်နေဆဲဖြစ်သည်။ ထပ်မံပြုလုပ်သည့်ဆန်းစစ်ချက်က တိကျသောလိုအပ်ချက်များကို ဖော်ထုတ်ပြပါသည်။ ဥပမာအားဖြင့် အမြင့်ဆုံးနှင့် အနိမ့်ဆုံးပညာရေးအဆင့်ရှိသည့် မြို့နယ်များကို ပြန်လည်သုံးသပ်ရာတွင် လှိုင်သာယာမြို့နယ်သည် ကျောင်းပြင်ပ ကလေးသူငယ်နှင့် လူငယ်ဦးရေ အထူးမြင့်မားသည့် မြို့နယ်ဖြစ်သည်ကို တွေ့ရှိရပါသည်။ ဤသည်ပင်လျှင် အထက်ပါပြဿနာများကို ထိရောက်စွာ ဖြေရှင်းနိုင်ရန် မူဝါဒများချမှတ် အကောင်အထည်ဖော်ဆောင်ရွက်ရန် သတင်းအချက်အလက်ပင် ဖြစ်ပါသည်။

ထိခိုက်လွယ်မှုဆိုင်ရာ အညွှန်းကိန်းကိုအသုံးပြုခြင်းဖြင့် မြို့နယ်တစ်မြို့နယ်စီရှိ ထိခိုက်လွယ်မှု ရှိနေသော လူဦးရေကို ခန့်မှန်းနိုင်ပါသည်။ မြို့နယ်တစ်မြို့နယ် (၎င်းနောက် မြို့နယ်အမျိုးအစားတစ်မျိုးစီ) ရှိ ထိခိုက်လွယ်မှု ရှိနေသော ခန့်မှန်းလူဦးရေကို သက်ဆိုင်ရာမြို့နယ်လူဦးရေဖြင့်မြှောက်ထားသည့် (ထိခိုက်လွယ်မှုဆိုင်ရာ အညွှန်းဖော်ပြချက်အတွင်း ရာခိုင်နှုန်းကိန်း အမျိုးမျိုးတို့၏ ပျမ်းမျှအနေဖြင့်သတ်မှတ်သည့်) ထိခိုက်လွယ်အားနည်းသော လူဦးရေ ရာခိုင်နှုန်း (%) ဖြင့်တွက်ချက်ခြင်း ဖြစ်သည်။ ထိုကဲ့သို့ပင် မည်သည့်စံသတ်မှတ်ချက်ကိုမျှ အသုံးမပြုထားပါ။

## ပုံ (၂) မြို့နယ်အမျိုးအစားများကို ခြုံငုံသုံးသပ်ချက်*

| အမျိုးစား | အမျိုးအစားအလိုက် မြို့နယ် အရေအတွက် | စာတတ်မြောက်မှု (%) | မှီခိုကလေးအချိုး (%) | အမြင့်ဆုံးပညာရေး- မရှိသူ (%) | အမြင့်ဆုံးပညာရေး-- အနိမ့်ဆုံး အလယ်တန်း အဆင့်ရှိသူ(%) | သက်သေခံကတ်မရှိသူ စုစုပေါင်း (%) | ဘေးကင်းသည့် မိလ္လာ/ ရေဆိုးထုတ်စနစ် (%) | ကောင်းမွန်သော သောက်ရေရင်းမြစ် (%) | ပဋိပက္ခ အညွှန်းခွဲ | ကြမ်းခင်းအမျိုးစား - ဝါး (သို့) မြေသား (%) | ခေါင်မိုးအမျိုးစား- သက်ငယ်/ဝါး (%) | မြို့ပြလူဦးရေ (%) | လျှပ်စစ်ဓာတ်အား (%) | ထိခိုက်လွယ်မှုရှိ ခန့်မှန်း လူဦးရေ[၇] (လူအရေအတွက်) |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 1 | 36 | 50.87 | 58.80 | 59.06 | 15.64 | 52.69 | 35.17 | 41.85 | 43.79 | 49.44 | 42.01 | 12.15 | 19.02 | 2,733,320 |
| 2 | 25 | 67.35 | 58.67 | 42.56 | 27.87 | 26.29 | 57.50 | 44.33 | 41.67 | 53.89 | 35.68 | 20.47 | 22.63 | 1,519,749 |
| 3 | 21 | 70.09 | 52.09 | 36.83 | 32.00 | 23.72 | 74.79 | 61.48 | 70.99 | 23.65 | 25.51 | 28.33 | 34.24 | 1,402,254 |
| 4 | 74 | 91.86 | 53.41 | 14.25 | 33.43 | 28.62 | 68.53 | 57.82 | 91.22 | 27.47 | 52.62 | 14.97 | 11.62 | 5,817,188 |
| 5 | 64 | 94.47 | 39.72 | 12.05 | 31.17 | 23.84 | 73.84 | 73.63 | 96.29 | 42.28 | 40.20 | 12.00 | 15.23 | 4,484,117 |
| 6 | 65 | 92.78 | 42.30 | 12.69 | 39.29 | 23.84 | 80.45 | 75.88 | 87.26 | 34.89 | 30.05 | 28.21 | 40.44 | 4,957,216 |
| 7 | 11 | 95.49 | 38.91 | 7.42 | 51.84 | 25.49 | 89.18 | 73.71 | 93.72 | 27.95 | 21.90 | 64.66 | 61.64 | 734,867 |
| 8 | 34 | 97.74 | 25.65 | 3.51 | 76.15 | 14.14 | 96.65 | 96.99 | 97.25 | 6.13 | 4.11 | 97.24 | 94.76 | 1,026,422 |

အမျိုးအစား (၁) - ဖွံ့ဖြိုးမှုဆိုင်ရာ လိုအပ်နေမှုများ နှင့်/သို့ ပဋိပက္ခသက်ရောက်မှု စသည်တို့ကြောင့် လွန်စွာသီးခြားဖြစ်နေသည့်နေရာများ
အမျိုးအစား (၂) - လူသားဖွံ့ဖြိုးမှုအားနည်းသော ပဋိပက္ခဒဏ်ခံရသည့် ဒေသများ
အမျိုးအစား (၃) - ပဋိပက္ခဒဏ်ခံရသည့် ဒေသများရှိ ဗဟိုချက်များ
အမျိုးအစား (၄) - အခြေခံဝန်ဆောင်မှုများနှင့် အခြေခံအဆောက်အအုံများ လက်လှမ်းမီသုံးစွဲနိုင်မှုလွန်စွာ နည်းပါးခြင်း
အမျိုးအစား (၅) - တစ်ဦးချင်းအမြတ်အစွန်းအမြင့်မားဆုံးရှိသည့် စိုက်ပျိုးရေးမြို့နယ်များ
အမျိုးအစား (၆) - ဒုတိယမြို့တော်များ နှင့် မြို့များရှိသည့် စိုက်ပျိုးရေးနေရာဒေသများ
အမျိုးအစား (၇) - တိုးတက်ဖြစ်ထွန်းလာမည့် မြို့ပြနှင့်ကပ်လျက်ဒေသနှင့် မြို့ပြဒေသများ
အမျိုးအစား (၈) - ငွေကြေး ပိုအဆင်ပြေသည့် လူနေထူထပ်သော မြို့လယ်ခေါင်များ

*လူဦးရေကိန်းဂဏန်းများမှအပ မြို့နယ်တန်ဖိုးများသည် သန်းခေါင်စာရင်းကောက်ယူခဲ့သည့် လူဦးရေအပေါ်အခြေခံထားခြင်းဖြစ်ပြီး သန်းခေါင်စာရင်းကောက်ယူထားခြင်းမရှိသည့် လူအုပ်စုများကို အပြည့်အဝ ထင်ဟပ်မည်မဟုတ်ပါ။

[၇] ထိခိုက်လွယ်သည့် ခန့်မှန်းခြေ လူဦးရေဆိုသည်မှာ ထိခိုက်လွယ်သည့် လူထုရာခိုင်နှုန်း (%) (ထိခိုက်လွယ်မှု အညွှန်းဖော်ပြချက်အတွင်းမှ ရာနှုန်းကိန်းအမျိုးမျိုးတို့အား ပျမ်းမျှယူထားသောအရာ) အား သက်ဆိုင်ရာ မြို့နယ်လူဦးရေနှင့် မြှောက်ပေးခြင်း ဖြစ်ပါသည်။

# ယခုဆန်းစစ်ချက်အတွက် အခက်အခဲအကန့်အသတ်များ

ထိခိုက်လွယ်မှုဆိုင်ရာ ဤအညွှန်းကိန်းသည် အကြွင်းမဲ့ ပြီးပြည့်စုံသည့်ဆောင်ရွက်ချက်တစ်ခုမဟုတ်သော်လည်း မြို့နယ်များအကြားနှိုင်းယှဉ်ရန် အညွှန်းနည်းလမ်းတစ်ခုအဖြစ် ဆောင်ရွက်ပေးပါသည်။ တိကျသည့်အညွှန်းများအသုံးပြုခြင်း၊ ယခုဤဆန်းစစ်ချက်အတွက် အတိအကျ ထုတ်လုပ်ခဲ့သည့် အမျိုးမျိုးပေါင်းစပ်ပါဝင်နေသော ထိခိုက်လွယ်မှုဆိုင်ရာ အညွှန်းကိန်းတစ်ခုကို အသုံးပြုခြင်းဖြင့် မြို့နယ်များ၏ အခြေအနေကို နှိုင်းယှဉ်ပြသပေးနိုင်ပါသည်။ ဖော်ပြပါ မည်သည့်အညွှန်းကိန်းမဆိုအသုံးပြုခြင်းတွင် ပင်ကိုယ်အားနည်းချက်များကိုယ်စီရှိပြီး သိသာထူးခြားမှု အရှိဆုံးမှာ အမျိုးမျိုးသောတိုင်းရင်းသားများနှင့် ပထဝီနယ်မြေဒေသအမျိုးမျိုး (အိုးအိမ်အမျိုးအစား ကဲ့သို့သော) အကြား အလားတူအညွှန်းကိန်း၏ဆီလျော်အပ်စပ်မှုသည်လည်းကောင်း၊ ဖြစ်ပွားစေသည့်အကြောင်းရင်းများနှင့်အညွှန်းကိန်းများအပြန်အလှန်သက်ရောက်မှုသည် (ဤနေရာတွင် ပဋိပက္ခ နှင့် သုခချမ်းသာ) လည်းကောင်း၊ အညွှန်းများကို ရွေးချယ်မှုသည် (ရွေးချယ်လိုက်သည့်အချိန်ကာလတစ်ခုအတွက် နိုင်ငံတစ်ခွင်တစ်ပြင်လုံးတွင် ရှိထားခဲ့သော အချက်အလက်စုများ၏ အခြေအနေကြောင့် ရွေးချယ်မှုများစွာမပြုလုပ်နိုင်ပါ) လည်းကောင်း၊ အရေးပါမှု အနည်းအများကို ထင်ဟပ်မှုပြုလုပ်ရန် အညွှန်းဖော်ပြချက်အတွင်း ပါရှိသည့် အချို့သောအညွှန်းများကို ပိုမိုအလေးပေးခြင်းဆိုင်ရာ ဆုံးဖြတ်ချက်များ ချမှတ်ရခြင်းကြောင့်လည်းကောင်း အားနည်းချက်များရှိပါသည်။ ဤနေရာတွင်(အညွှန်းများအပေါ်) အသာစီးအလေးပေးမှု မပြုလုပ်ခဲ့ဘဲ ထိခိုက်လွယ်မှုဆိုင်ရာ အပြီးသတ်အညွှန်းဖော်ပြချက်ကို တရားဝင်ခိုင်မာမှုရှိစေရန် အခြားသောနိုင်ငံတစ်ဝှမ်းဆန်းစစ်ချက်များနှင့် တိုက်ဆိုင်စစ်ဆေးခဲ့ပါသည်။

၂၀၁၄ သန်းခေါင်စာရင်းကောက်ယူရေတွက်မှု၏ လစ်ဟာချက်များကိုလည်း အရေးတကြီးထည့်သွင်း စဉ်းစားခဲ့ပါသည်။[၈] သန်းခေါင်စာရင်းအား မြန်မာနိုင်ငံ၏အကြီးမားဆုံး၊ အပြည့်စုံဆုံးအချက်အလက်စုအနေဖြင့်သော်လည်းကောင်း၊ ကာလဒေသတစ်ခုအတွင်းလူမွေးဖွား/သေဆုံး/နာမကျန်းမှုဆိုင်ရာအချက်အလက်များ၊ လူနေထိုင်မှုလူမှုရေးအခြေအနေအညွှန်းများထွက်ရှိရာ ပင်မနေရာအနေဖြင့်သော်လည်းကောင်း အခြေခံ၍ ထိခိုက်လွယ်မှုဆိုင်ရာ ယခုအညွှန်းကိန်းအတွက် အသုံးပြုခဲ့သည့် အချက်အလက်စုကို တည်ဆောက်ခဲ့ခြင်းဖြစ်ပါသည်။ အဓိကအားဖြင့်ရခိုင်ပြည်နယ် (ခန့်မှန်းလူဦးရေ ၁၀၉၀၀၀၀ ယောက်)၊ ထို့အပြင်ကချင်ပြည်နယ်တွင်းရှိ (၉၇ရွာမှ ၄၆၆၀၀ ဦး) နှင့် ကရင်ပြည်နယ်မှ (၆၉၇၅၃ ဦး) စသဖြင့်တစ်စိတ်တစ်ဒေသ (သို့) လုံး၀ ကောက်ယူရေတွက်ခြင်းမပြုခဲ့သည့် ခန့်မှန်းလူဦးရေ (၁၂ ၀၆၃၅၃) ဦး ရှိသောကြောင့် သန်းခေါင်စာရင်းမှာလည်း အကန့်အသတ်များရှိနေခဲ့ပါသည်။ ခရိုင်အဆင့် အချက်အလက်သာရရှိခဲ့သည့် ဒေသအနည်းငယ်ရှိ မြို့နယ်လူဦးရေ ခန့်မှန်းချက်များသည် အခြားအချက်အလက်ဇာစ်မြစ်ဖြစ်သော(ကျန်းမာရေးဝန်ကြီးဌာန) မှ ရရှိသည့် မြို့နယ်လူဦးရေ အချိုးများအပေါ် အခြေခံကာ တွက်ချက်ထားခြင်းဖြစ်သည်။

သန်းခေါင်စာရင်းကောက်ယူထားခြင်းမရှိသူများ၏ နေထိုင်မှုအခြေအနေများနှင့်စပ်လျဉ်း၍ ဘက်စုံအချက်အလက်များ မရရှိခြင်းကြောင့် ၎င်းတို့အခြေအနေသည် ဘေးပတ်ဝန်းကျင်ဒေသများနှင့် မည်မျှကွာခြားနေသည်ဆိုသည်ကို ၎င်းတို့(ကောက်ယူထားခြင်းမခံရသူများ) အတွက် ရည်ရွယ်ပြုလုပ်သည့်လေ့လာဆန်းစစ်ချက်များထံမှသာ ကောက်ချက်ချသိရှိနိုင်မည်ဖြစ်သည်။ ဥပမာအားဖြင့်ရခိုင်ပြည်နယ်တွင် CDNH မှပြုလုပ်ခဲ့သည့်အတိုင်း အသေးစားလေ့လာမှုများကဖော်ပြနေသည်မှာ သန်းခေါင်စာရင်းကောက်ယူခြင်းမခံရသည့် သူများသည် ယေဘုယျအားဖြင့် ဒုပေနာပေခံနိုင်မှု ပိုမိုနည်းပါးလျက်ရှိပြီး လူမှုစီးပွားနှင့်နေထိုင်မှုအခြေအနေများတွင် ကွာခြားမှုများရှိကြောင်း ၎င်းလေ့လာမှုစစ်တမ်းများ မှဖော်ပြလျက်ရှိပါသည်။[၉] ကောက်ယူခြင်းမခံရသည့်ဒေသများတွင် ထိခိုက်လွယ်မှုသည် ခန့်မှန်းသည်ထက် ပိုမိုမြင့်မားကောင်း မြင့်မားနိုင်ပါသည်။

အများပြည်သူရရှိနိုင်သည့် အချက်အလက်များမရှိခြင်းကြောင့် အဓိကလစ်ဟာချက် အတော်များများ ဆက်လက်ကျန်ရှိလျက်ရှိပြီး အထူးသဖြင့် ကျန်းမာရေး၊ အစာအာဟာရကဏ္ဍများနှင့် ကာကွယ်စောင့်ရှောက်ရေးကိစ္စရပ်များတွင် ၎င်းလစ်ဟာချက်များသည်ကျန်ရှိနေဆဲဖြစ်ပါသည်။ ကျန်းမာရေးစီမံခန့်ခွဲမှု သတင်းအချက်အလက်စနစ် (HMIS) မှ မြို့နယ်အဆင့် အချက်အလက်များ ဆက်လက်ကောက်ယူ လျက်ရှိသော်လည်း (၂၀၁၁ခုနှစ် အချက်အလက်မှာ နောက်ဆုံးရရှိသည့် အချက်အလက်ဖြစ်သောကြောင့်) အချိန်အတော်ကြာ အများပြည်သူသို့ ထုတ်ပြန်ဝေငှခြင်းမရှိဘဲ ဖြစ်နေပါသည်။ ၂၀၁၆ခုနှစ် မကြာသေးမီကထွက်ရှိခဲ့သည့် လူမွေးဖွား/သေဆုံး/နာမကျန်းမှုဆိုင်ရာ အချက်အလက်နှင့် ကျန်းမာရေးစစ်တမ်းသည် ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် သတင်းအချက်အလက်များကို ထုတ်ပြန်ခြင်းဖြစ်ပြီး အချို့နေရာတွင် ၎င်းတို့အောက်အဆင့် အချို့အုပ်စုခွဲများအတွက် စံနမူနာ အဖြစ်ထုတ်ပြန်သည့် အချက်အလက်များသည် အထူးနည်းပါးလျက်ရှိပါသည်။ ကျန်းမာရေး၊ အစာအာဟာရနှင့် ပတ်သက်သောဖြေရှင်းကိုင်တွယ်မှုများကို အထောက်အထားအပေါ်အခြေခံသောစီမံကိန်းများ ရေးဆွဲနိုင်ရန်အတွက် မြို့နယ်နှင့် ထို့ထက်နိမ့်သောအဆင့်တို့၌ ကျန်းမာရေး၊ အစာအာဟာရနှင့်ပတ်သက်သော အချက်အလက်များ အများပြည်သူလက်လှမ်းမီရရှိရန် မဖြစ်မနေလိုအပ်လျက်ရှိပါသည်။

တစ်သီးပုဂ္ဂလမြို့နယ်များ၏ စီးပွားရေး အခြေအနေကို ရှင်းပြရန်အတွက် ကိုယ်စားအညွှန်းကိန်းများ သုံးစွဲလာခဲ့ရာ (၂၀၁၅ ခုနှစ်အတွက်သာ အချက်အလက်မပြည့်မစုံရရှိခဲ့သည့်) မြို့နယ်တွင်း စုစုပေါင်းအသားတင်ထုတ်လုပ်မှုကဲ့သို့သော တိကျသည့်အချက်အလက်မရှိသောကြောင့်ဖြစ်သည်။ ၎င်းတို့တွင် အိမ်အမိုးအမျိုးအစား၊ ပညာရေးပြီးစီးမှု အဆင့်များ၊ စိုက်ပျိုးရေးလုပ်ငန်းမှ မဟုတ်သည့် ဝင်ငွေမျိုးရရှိနိုင်ရန်နှင့် နေရာဒေသတစ်ခု၏ လုပ်သားကုန်ထုတ်စွမ်းအား တိုးမြှင့်နိုင်ရန်အတွက် လျှပ်စစ်ဓာတ်အားလက်လှမ်းမီရရှိမှုစသည့် အညွှန်းကိန်းများ ပါဝင်ပါသည်။

ပဋိပက္ခအညွှန်းကိန်းသည် ၂၀၁၅ ဇန်နဝါရီမှ ၂၀၁၆ ဒီဇင်ဘာအထိ ပိုမိုတိုတောင်းသည့် အချိန်ဘောင်အတွင်း ရရှိခဲ့သည့် အချက်အလက်များအပေါ်အခြေခံလျက်ရှိပါသည်။ ဤဆန်းစစ်ချက်ကိုဆောင်ရွက်သည့်အချိန်၌ မြန်မာနိုင်ငံအကြောင်း ပါဝင်သည့် တစ်ခုတည်းရရှိခဲ့သည့် အချက်အလက်စုမှာ ၂၀၁၅ခုနှစ်မှစတင်၍ နှစ်နှစ်တာကာလတစ်ခုအတွက်သာ ရရှိပြီး မီဒီယာသတင်းများမှ စုဆောင်းရရှိခဲ့သော လက်နက်ကိုင်ပဋိပက္ခများဖြစ်ပွားရာနေရာနှင့် ဖြစ်ပွားမှုအချက်အလက်များ စုဆောင်းဆန်းစစ်ရေးစီမံကိန်းအဖွဲ့၏ အချက်အလက်စုသာဖြစ်သည်။ ထိုသို့ဖြစ်သောကြောင့် ၂၀၁၄ခုနှစ် အတွင်း ဖြစ်စဉ်ဖြစ်ရပ်များကို ထည့်တွက်ထားခြင်းမရှိဘဲ ၂၀၁၆ခုနှစ် နှောင်းပိုင်း ဖြစ်စဉ်ဖြစ်ရပ်များမှ သေဆုံး/ဒဏ်ရာရရှိမှုများကိုလည်း အပြည့်အဝအတည်ပြုနိုင်ခြင်း မရှိခဲ့ပါ။ ထိခိုက်လွယ်မှုဆိုင်ရာ အညွှန်းကိန်းတွင် နောက်ဆုံးပါဝင်ခဲ့သည့်

---

[၈] ပြည်သူ့အင်အားဦးစီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန (၂၀၁၅)။ ၂၀၁၄ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း၊ ပြည်ထောင်စု သန်းခေါင်စာရင်းအစီရင်ခံစာ။

[၉] ကွဲပြားခြားနားမှုနှင့် အမျိုးသားရေး သဟဇာတဖြစ်မှုဆိုင်ရာ လေ့လာရေးအဖွဲ့(၂၀၁၅)။ ရခိုင်ပြည်နယ် လိုအပ်ရာများ သုံးသပ်အကဲဖြတ်ချက်။

ပဋိပက္ခအညွှန်းကိန်း၌ နေရပ်စွန့်ခွာရွှေ့ပြောင်းရမှု၊ လူသေဆုံးမှု၊ အရပ်သားများအပေါ်အကြမ်းဖက်မှုနှင့် ထိပ်တိုက် ပဋိပက္ခဖြစ်ပွားမှုများ စသည့်တို့ကို ထင်ဟပ်ထားသည့် အညွှန်းကိန်းများနှင့် ၂၀၁၆ ဒုတိယနှစ်ဝက် အတွင်းသေဆုံး/ဒဏ်ရာရမှုများနှင့် ပတ်သက်သော ထွက်ရှိလာသည့် အစိုးရအချက်အလက်များ စသည်တို့ပါဝင်ပါသည်။

**ဘေးဉပါဒ်အန္တရာယ်နှင့် ရာသီဥတုဆိုင်ရာ အန္တရာယ်ဖြစ်နိုင်ခြေသည်လည်း ဤဆန်းစစ်ချက်တွင် အထူးတလည် ထည့်တွက်စဉ်းစားထားခြင်းမရှိပါ။** ရာသီဥတု အန္တရာယ်များသည် ဖြစ်နိုင်ခြေအနေဖြင့်သာ တည်ရှိခြင်းဖြစ်ပြီး ဥပမာအားဖြင့် နှစ်တစ်ရာမုန်တိုင်းမှာ နှစ်စဉ် တစ်ရာပုံ တစ်ပုံဖြစ်ပွားနိုင်သည့် အလားအလာရှိသောကြောင့် ထိုသို့သောဖြစ်ရပ်များကို ထိခိုက်လွယ်မှုဆိုင်ရာ အညွှန်းကိန်းတွင် ထည့်တွက်ရှင်းပြထားခြင်း မရှိနိုင်ပါ။ ယခင်နှစ်များ အတွင်းဖြစ်ပွားခဲ့သည့် အပျက်အစီးနှင့်ဆုံးရှုံးမှုများနှင့် ပတ်သက်၍ ယုံကြည်စိတ်ချရသည့် မှန်းဆချက်များ မရှိခြင်းကြောင့် ယခင် သဘာဝဘေးဒုက္ခများ၏ သက်ရောက်မှုကိုလည်း တိုက်ရိုက်ထင်ဟပ်ဖော်ပြထားခြင်း မရှိပါ။ ရာသီဥတုနှင့် ပဋိပက္ခဖြစ်ရပ်များ ခြုံငုံသုံးသပ်ချက်တစ်ခုမှ ညွှန်းဆိုပြသနေသည်မှာ အကြီးစားဘေးဆိုးကပ်ဆိုးဒဏ် ခံရသည့် လူအသိုင်းအဝိုင်းများ အနေဖြင့် ၎င်းတို့ မျှော်မှန်းသည့် ဖွံ့ဖြိုးမှုအလားအလာ[10] ကို ရရှိနိုင်တော့မည်မဟုတ်ကြောင်း ညွှန်းဆိုထားသောကြောင့် ပဋိပက္ခနှင့် သဘာဝ ဘေးဒဏ်ခံရသည့် မြန်မာနိုင်ငံ၏ နေရာဒေသများသည် ကာလကြာမြင့်သွားသည့်တိုင်အောင် ဖွံ့ဖြိုးတိုးတက်မှုနည်းပါးခြင်းကို ဆက်လက်ကြုံတွေ့နေရမည်ဖြစ်ကြောင်း ဖော်ပြနေခြင်းဖြစ်ပါသည်။ ထို့ကြောင့် သန်းခေါင်စာရင်းနှင့် အခြားသောအချက်အလက်များ၌ ၂၀၁၄ ခုနှစ်အထိ ရှိခဲ့သည့် သက်ရောက်မှုများကို နှောင့်နှေးခဲ့ရသည့် ကြီးထွားဖွံ့ဖြိုးမှု အလားအလာများအနေဖြင့်သော်လည်းကောင်း၊ နေထိုင်မှုအခြေအနေများနှင့် အခြေခံဝန်ဆောင်မှုများ လက်လှမ်းမီရရှိမှု စသည်တို့အနေဖြင့် ထင်ဟပ်ဖော်ပြရမည် ဖြစ်သည်။

**မြို့ပြလူဦးရေနှင့် လူဦးရေသိပ်သည်းမှုကို ယခုအညွှန်းကိန်းမှ ထုတ်နှုတ်ထားခဲ့သော်လည်း မြို့နယ်အဂ်ါရပ်များကို အမျိုးတူစုစည်းရာ၌ ထည့်သွင်းစဉ်းစားခဲ့ပါသည်။** ထိုသို့လုပ်ရသည့်အကြောင်းရင်းမှာ မြို့ပြဒေသတွင် နေထိုင်ခြင်းသည် ထိခိုက်လွယ်မှု (သို့) ဒုပေနာပေဒဏ်ခံနိုင်မှု အညွှန်းကိန်းတစ်ခုမဟုတ်သော်လည်း သိပ်သည်းဆမြင့်မားသည့် မြို့ပြလူထုအစုစုတို့အကြား ယေဘုယျအားဖြင့် ပိုမိုကောင်းမွန်သည့် နေထိုင်မှုအခြေအနေများသည် ကျေးလက်ဒေသများထက် မြို့ပြ၏ ရလဒ်များ ပိုမိုအသာစီးရစေရန် ဘက်လိုက်မှုဖြစ်သွားစေနိုင်ပါသည်။

**ကျား-မ ရေးရာ ရှုထောင့်များကိုလည်း ပိုမို၍ လေးလေးနက်နက် စူးစမ်းလေ့လာရမည် ဖြစ်ပါသည်။** ဤဆန်းစစ်ချက်၏ အချို့ရှုထောင့်များတွင် ကျား-မ ကိစ္စရပ်များကို ထည့်သွင်းစဉ်းစားထားသော်လည်း ထိခိုက်လွယ်မှု၊ သုခချမ်းသာနှင့် ကျား-မ စသည်တို့အကြား ဆက်စပ်မှုကို ဆွဲထုတ်ပြသရန် ထပ်မံ၍ဆန်းစစ်ချက်ပြုလုပ်ရန် လိုအပ်မည်ဖြစ်ပါသည်။ သန်းခေါင်စာရင်းအတွင်းရှိ ဆန်းစစ်ရန် ခွဲခြားထားသည့် အချက်အလက်များကို အကောင်းဆုံးအသုံးချနိုင်ရန် အညွှန်းကိန်း/ကဏ္ဍအားလုံးတို့အကြား ထိုသို့ဆက်စပ်မှုကိုဖော်ထုတ်ရန် လေ့လာဆန်းစစ်မှု ပြုသင့်ပါသည်။

---

[10] Hsiang S. M. & Jina A. S. (၂၀၁၄). သဘာဝပတ်ဝန်းကျင်ဆိုင်ရာကပ်ဘေး၏ ရေရှည်စီးပွားရေးဖွံ့ဖြိုးကြီးထွားမှုအပေါ် တမင်ပြုလုပ်ခြင်းမဟုတ်သည့် အကျိုးသက်ရောက်မှု -- ဆိုင်ကလုန်းမုန်တိုင်းပေါင်း (၆၇၀၀) ၏ သာဓက။ စီးပွားရေးဆိုင်ရာ အမျိုးသားအဆင့် သုတေသနဌာန။

# အပိုင်း-၂
# ထိခိုက်လွယ်မှု ဖြစ်စေခြင်း အကြောင်းတရားများ

အချက်အလက်များအပေါ်သုံးသပ်မှုပြုခြင်းနှင့် အစောပိုင်းမှ သုံးသပ်အကဲဖြတ်ချက်များက ဖော်ပြနေသည်မှာ ညီမျှစွာ တိုးတက်ဖြစ်ထွန်းမှုနှင့် ဘေးဒဏ်ဒုက္ခဒဏ်ခံနိုင်မှုအား ခိုင်မာစေခြင်းတို့အပေါ်တွင် ကန့်သတ်ထားသည့် သက်ဆိုင်ရာ အကြောင်းတရားအများစုတို့အား တူညီသည့် အရာများရှိနေသည့် အခြေအနေ (၃)ရပ်အတွင်း အမျိုးအစားခွဲခြားထားနိုင်ခြင်းဖြစ်ရာ၊ ယင်းတို့မှာ --

- ရာသီဥတုကြောင့်ဖြစ်ပေါ်နိုင်သော ဘေးအန္တရာယ်နှင့် ဘေးအန္တရာယ်ကျရောက်မှုအား စီမံခန့်ခွဲမှု
- ပဋိပက္ခ
- ရင်းနီးမြှုပ်နှံမှုနည်းပါးခြင်း နှင့် ဖွံ့ဖြိုးမှုနောက်ကျခြင်း

အောက်ပါအခန်းတွင် အဆိုပါ အခြေအနေတစ်ရပ်ချင်းစီအား ပိုမိုအသေးစိတ် စူးစမ်းလေ့လာမှုပြုထားပါသည်။

## ၁။ ရာသီဥတုကြောင့် ဘေးသင့်နိုင်ခြေ နှင့် ဘေးအန္တရာယ်ကျရောက်မှုအား စီမံကိုင်တွယ်မှု

**အဓိကတွေ့ရှိချက်များ**

- ရာသီဥတုကြောင့် ဖြစ်ပေါ်နိုင်သော ဘေးအန္တရာယ်များအနေဖြင့် မြန်မာနိုင်ငံအတွက် ကြီးမားသည့် ခြိမ်းခြောက်မှုကို ဖြစ်ပေါ်စေရာ၊ ယင်းတို့၏ အပြင်းဆုံးဒဏ်ကို ထိခိုက်လွယ်မှု အရှိဆုံးသူများအနေဖြင့် ရိုက်ခတ်သက်ရောက်မှု ခံရနိုင်ခြေရှိနေပါသည်။
- ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပေါ်စေနိုင်သည့် ဘေးအန္တရာယ်ဖြစ်နိုင်ခြေများ နှင့် အထူးသဖြင့် ရေနှင့်ဆိုင်သော မိုးလေဝသဆိုင်ရာ ပြင်းထန်သည့် ဖြစ်ရပ်များတို့သည် လူဦးရေပေါင်း မြောက်များစွာအပေါ်တွင် သက်ရောက်ရိုက်ခတ်နိုင်ခြေရှိရာ၊ လူပေါင်း (၁.၆)သန်းအား နေရပ်ရွှေ့ပြောင်းစေခဲ့သည့် ၂၀၁၅ခုနှစ် နိုင်ငံအဝှမ်း ရေကြီးရေလျှံမှုတွင် တွေ့မြင်ခဲ့ရသည့်အတိုင်းဖြစ်ပါသည်။
- ရုတ်ခြည်း မိုးတိမ်တောင်ဖြစ်ပေါ်မှု၊ မြေသားပြိုကျမှု နှင့် ရေခန်းခြောက်ကာ စီးဆင်းမှုနှုန်းများ ကောင်းမွန်ခြင်းမရှိမှု၊ အခြေခံအဆောက်အအုံပိုင်း အားနည်းမှုနှင့် ထိန်းသိမ်းမှုအားနည်းမှု စသည်တို့ကြောင့်ဖြစ်သော နေရာကွက်ဖြစ်သော မြို့ပြတွင်း ရေကြီးမှု အန္တရာယ်ရှိနေပါသည်။
- လွန်ခဲ့သော (၄) နှစ်တာ ကာလအတွင်း အစီရင်ခံခဲ့သော 3W လုပ်ငန်းများ၏ (၄%)မှာ ကပ်ဘေးကျရောက်မှုကြောင့် ဘေးအန္တရာယ်သင့်နိုင်ခြေ လျှော့ချရေး DRR လုပ်ငန်းများအဖြစ် သတ်မှတ်ခဲ့ခြင်း ဖြစ်ပါသည်။

ကုလသမဂ္ဂအစီရင်ခံစာက မြန်မာနိုင်ငံအား အလွန်ဆိုးရွားသည့် မိုးလေဝသဆိုင်ရာ ဖြစ်ရပ်များ၏ဒဏ်မှ အထိခိုက်လွယ်ဆုံး နိုင်ငံ (၃)နိုင်ငံအတွင်း ထည့်သွင်းမှုပြုထားပါသည်။[၁၁] သဘာဝဘေးအန္တရာယ်နှင့် ဆက်နွယ်သည့် ဘေးဒဏ်များ ကျရောက်နိုင်ခြေမြင့်မားမှု၊ ထိုနည်းတူ ရာသီဥတုအပြောင်းအလဲ၏ ရိုက်ခတ်သက်ရောက်နိုင်ခြေတို့မှာ မြန်မာနိုင်ငံ၏ ပထဝီတည်နေရာ၊ ဘေးဒဏ်ကျရောက်နိုင်ခြေရှိသည့် နေရာဒေသများ များပြားနေခြင်းနှင့် လူမှုစီးပွားရေးဆိုင်ရာ လက်ရှိထိခိုက်လွယ်မှုများ စသည့်များစွာသော အကြောင်းတရားများ၏ ရလဒ်ကြောင့် ဖြစ်ပါသည်။ အထူးသဖြင့် ကျေးလက်ဒေသများတွင် များစွာသော အသက်မွေးဝမ်းကျောင်းမှု အလုပ်များသည် သဘာဝသယံဇာတ အရင်းအမြစ်များနှင့် ပတ်ဝန်းကျင်တို့အပေါ်တွင် မှီတည်လျက်ရှိပြီး၊ အပြန်အလှန်အားဖြင့် ယင်းတို့မှာ တိုးပွားလာသော လူဦးရေ၊ စီးပွားရေးအရ အကျိုးအမြတ်ထုတ်ယူသုံးစွဲမှု၊ ရာသီဥတုအပြောင်းအလဲ နှင့် သဘာဝဘေးတို့ကြောင့် အကျပ်အတည်းအတွင်း ဆိုက်ရောက်နေပါသည်။

သဘာဝဘေးအန္တရာယ်များကြောင့် ဖြစ်ပေါ်ရသော ဘေးဒဏ်များအားဖြင့် မြန်မာနိုင်ငံ၏ GDP မှာ (၃%) မျှအထိ နှစ်စဉ် ဆုံးရှုံးလျက်ရှိပြီး[၁၂] ထို့အတွက်ကြောင့် ပိုမိုဆိုးရွားသော နောက်ဆက်တွဲ ဂယက်ရိုက်ထွေးမှုများဖြစ်စေရာ၊ အထူးသဖြင့် ပိုမိုဆင်းရဲနွမ်းပါးသော ကျေးလက်နေ အိမ်ထောင်စုများ၊ အသေးစားစီးပွားရေးများနှင့်အတူ တောင်သူလယ်သမားများ၊ ထို့အတူ ဘေးဖယ်ကြဉ်ခံထားရသည့် အုပ်စုများ စသည့် များစွာသော အရေအတွက်ရှိသည့်သူများအပေါ်တွင် ဖြစ်ပါသည်။ မြန်မာနိုင်ငံသည် ရာသီဥတုအပြောင်းအလဲနှင့်အတူ ပင်လယ်ရေမျက်နှာပြင် မြင့်တက်ခြင်း၊ ပင်လယ်ရေမျက်နှာပြင် ပူနွေးလာခြင်း၊ နိုင်ငံ၏ မြစ်ဝကျွန်းပေါ်ဒေသရှိ မြစ်အတွင်း ရေငန်ဝင်ရောက်ခြင်း၊ ကြာရှည်သည့် ခြောက်သွေ့ပူပြင်းခြင်းနှင့် စိုက်ပျိုးရေးအပေါ်တွင် အပြောင်းအလဲမြန်သည့် မိုးလေဝသပုံစံများ၏ သက်ရောက်ရိုက်ခတ်မှု စသည်တို့အပါအဝင်ဖြစ်သော နောက်ဆက်တွဲဆိုးကျိုးများ ဖြစ်နိုင်ခြေလည်း အလွန်များပြားနေပါသည်။ ဖြစ်ပေါ်လာနိုင်သော ဘေးဒဏ်သင့်နိုင်ခြေနှင့် ရာသီဥတုပြောင်းလဲဖြစ်ပေါ်မှု၏ အကျိုးဆက်သက်ရောက်မှုများ လျှော့ချနိုင်ရန်တို့အတွက် နည်းပညာပိုင်း၊ တရားဥပဒေပိုင်း နှင့် ဘဏ္ဍာရေးဆိုင်ရာ ဆောင်ရွက်နိုင်မှုအခြေအနေများအား အားဖြည့်ပေးသွားနိုင်ရန် ကြိုးပမ်းဆောင်ရွက်မှုများ ပြုလုပ်လျက်ရှိပါသည်။

ပြင်းထန်သည့် မိုးလေဝသ အခြေအနေဖြစ်ရပ်များ နှင့် ပုံမှန်တည်ငြိမ်မှုမရှိသည့် မိုးလေဝသ ဖြစ်ထွန်းမှုပုံစံများ အရေအတွက် နှင့် ပြင်းထန်မှုနှစ်မျိုးလုံး တိုးပွားလာဖွယ်ရှိမည်ဟု မျှော်မှန်းရပါသည်။အဆိုပါ ရာသီဥတုဆိုင်ရာ ဘေးဒဏ်သင့်နိုင်ခြေများကို စီမံကိုင်တွယ်ခြင်းသည် မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးတကာ့အရေးအပါဆုံး ကိစ္စဖြစ်ပါသည်။ မုန်တိုင်းပေါင်း (၇၀၀၀) နီးပါး၏ ရိုက်ခတ်သက်ရောက်မှုကို အမေရိကန် အမျိုးသား စီးပွားရေးဌာန၏ လေ့လာသုံးသပ်မှုတစ်ရပ်က ဖော်ပြထားသည်မှာ ရာသီဥတုနှင့်ဆက်စပ်သည့် ဘေးအန္တရာယ်များကြောင့်ဖြစ်သည့်စီးပွားရေးဆိုင်ရာဆုံးရှုံးမှုများသည်ပြင်းထန်နိုင်ရုံသာမက ရေရှည်အစဉ်အမြဲအတွက်လည်း အကျိုးသက်ရောက်နိုင်ကြောင်း ဖြစ်ပါသည်။ ရေရှည်အကျိုးသက်ရောက်မှုများသည် စီးပွားရေးအရ တိုက်ရိုက်ဆုံးရှုံးမှုများကို ဖုံးကွယ်ထားပြီး ထုံးစံအားဖြင့် ကြီးမားသည့် ဘေးဒုက္ခများဖြစ်ပွားပြီးနောက်ပိုင်းမှသာ သတ်မှတ်ဖော်ထုတ်၍ ရကာ၊ ထိခိုက်သက်ရောက်မှုခံရသော လူထုများအနေဖြင့် ယခင်က တိုးတက်ဖြစ်ထွန်းမှု လမ်းစဉ်အခြေအနေကို ဘေးဒုက္ခဖြစ်ပွားပြီးနောက်ပိုင်း (၂၀)နှစ် ကြာသည့်တိုင် ပြန်လည်ရောက်ရှိနိုင်ခြင်း မရှိကြချေ။[၁၃]

[၁၁] ကုလသမဂ္ဂ ဘေးဒုက္ခကြောင့် အန္တရာယ်သင့်မှုလျှော့ချရေးဆိုင်ရာရုံး(၂၀၁၅)။ ဘေးဒုက္ခကြောင့် အန္တရာယ်သင့်မှုလျှော့ချရေးအပေါ် ကမ္ဘာလုံးဆိုင်ရာ အကဲဖြတ်အစီရင်ခံစာ ၂၀၁၅၊ New York ၊ UNISDR

[၁၂] အထက်တွင်ရည်ညွှန်းထားပြီးဖြစ်သည်။

**ရာသီဥတုကြောင့်ဖြစ်သော ဘေးဒဏ်သင့်နိုင်ခြေများ နှင့် ပဋိပက္ခတို့တွင် ကြီးမားကျယ်ပြန့်သောအခြေအနေများ၊ ထို့ပြင် အများအားဖြင့် ထည့်သွင်းတွက်ချက်လေ့မရှိသည့် စီးပွားရေးဆိုင်ရာ အခြေအနေအရပ်ရပ်တို့ ရှိနေပါသည်။** ၂၀၁၅ ခုနှစ်တွင်း ပြင်းထန်ဆိုးရွားသော ရေကြီးမှုက အိမ်ထောင်စုအဆင့် နှင့် လူမှုအဖွဲ့အစည်းအဆင့် နှစ်ဆင့်စလုံးတွင် စီးပွားရေးအရ ထိခိုက်လွယ်အားနည်းမှု အမျိုးမျိုးသို့ ကျရောက်စေခဲ့ကြောင်း ထုတ်ဖော်ပြသခဲ့ပါသည်။ ကမ္ဘာ့ဘဏ်အရ၊[၁၄] ရေကြီးရေလျှံမှု၏ ထိခိုက်ရိုက်ခတ်မှုကြောင့် အိမ်ထောင်စုအဆင့်နှင့် လူမှုအဖွဲ့အစည်းအဆင့် (၂)ဆင့် စလုံးတွင် စီးပွားရေးအရ ထိခိုက်လွယ်အားနည်းမှု အမျိုးမျိုးသို့ကျရောက်စေခဲ့ပြီး၊ ငွေကြေးဖောင်းပွမှု လျှင်မြန်စွာ တိုးမြင့်သွားခြင်း (၁၆% အထိ)၊ ပြည်ပပို့ကုန်တင်ပို့မှု (၁၂%) လျော့ကျသွားခြင်း၊ ကုန်သွယ်မှုလိုငွေ တိုးများသွားခြင်း အပါအဝင် နိုင်ငံခြားငွေလဲလှယ်နှုန်းများ အတက်အကျဖြစ်ခြင်းတို့ကို ဖြစ်ပေါ်စေခဲ့ပါသည်။ အဆိုပါ ပြင်းထန်ကြီးမားသည့် မိုးလေဝသအခြေအနေ ဖြစ်ရပ်များ (နှင့် တိုးပွားလာသော ပုံမှန်တည်ငြိမ်မှုမရှိသည့် မိုးလေဝသ ဖြစ်ထွန်းမှုပုံစံများ) တို့သည် ရာသီဥတု အပြောင်းအလဲဒဏ်များမှ မိမိတို့ကိုယ်မိမိတို့ ကာကွယ်တားဆီးထားနိုင်စွမ်း အနိမ့်ဆုံးအဆင့်ရှိကြသည့် ဆင်းရဲနွမ်းပါးသူများ၊ မြေယာမရှိသူများ၊ ထိခိုက်လွယ်အားနည်းသူတို့ဖြစ်ကြသည့် ကမ်းရိုးတမ်းဒေသမှသူများ၊ ထို့နည်းတူ အလယ်ပိုင်းခြောက်သွေ့ဒေသမှ သူများထံ အချိုးအစားညီမျှမှုမရှိဘဲ ကျရောက်တော့မည်ဖြစ်ပါသည်။

**မြန်မာနိုင်ငံတွင် ရာသီဥတုကြောင့် ဘေးသင့်နိုင်ခြေအား တိုင်းတာခြင်းကိစ္စမှာ စိန်ခေါ်မှုအဖြစ်ဆက်လက်ရှိနေပါသည်။** ပဋိပက္ခ၏ တိုက်ရိုက်အခြေအနေကို မြို့နယ်အဆင့် အညွှန်းဖော်ပြမှုအဖြစ် ယခုဆန်းစစ်မှု ရည်ရွယ်ချက်များအတွက် လျော့ချသတ်မှတ်နိုင်သော်လည်း၊ ရာသီဥတုကြောင့် ဘေးသင့်နိုင်ခြေမှာ နောင်တွင်ဖြစ်မည့် ဘေးအန္တရာယ်များ၏ ဖြစ်ပွားမှုပုံစံအား ကြိုတင်ခန့်မှန်းမှု မပြုနိုင်သောကြောင့်လည်းကောင်း၊ ယခင်ကဖြစ်ပွားထားသော ဘေးအန္တရာယ်များ (သို့တည်းမဟုတ်) ယခုနှင့် အနာဂတ်အတွက်ဖြစ်သည့် ဖြစ်ရပ်ဖြစ်စဉ်များ၏ ထိခိုက်ပျက်စီးမှုများနှင့် ဆုံးရှုံးမှုများဆိုင်ရာ အချက်အလက်အစုံအလင်မရှိထားသောကြောင့်လည်းကောင်း ကိန်းဂဏန်းဆိုင်ရာတွက်ချက်မှုအတွက် ပိုမိုခက်ခဲကြောင်း တွေ့ရပါသည်။ ယခင်ကဖြစ်ပွားထားသော ရေနှင့်ဆိုင်သည့် မိုးလေဝသဆိုင်ရာ ဘေးဒုက္ခများနှင့်သက်ဆိုင်သည့် များစွာသော အသေးစိတ်အချက်အလက်များသည် ပျောက်ဆုံးသွားခြင်း (သို့) ဆက်လက်ရရှိနိုင်ခြင်း မရှိတော့ပေ။ ရေနှင့်ဆက်ဆိုင်သည့် အချက်အလက်များ မရှိခြင်း၊ ထို့ပြင် ရရှိနိုင်သော အချက်အလက်များသည် အများအားဖြင့် နယ်မြေဒေသတွင်းတွင်သာ ထိန်းသိမ်းထားရှိခြင်းနှင့် အဖွဲ့အစည်းအမျိုးအမျိုးတို့အတွင်း ပျံ့နှံ့ရောက်ရှိနေခြင်းတို့ဖြစ်နေရာ- အထူးဥပမာအားဖြင့် ရေအရင်းအမြစ်စီမံခန့်ခွဲခြင်းမှာ အစိုးရဌာနအနည်းဆုံး (၁၅)ခု အောက်တွင် ပျံ့နှံ့ရောက်ရှိနေခြင်းဖြစ်ပါသည်။

**ရာသီဥတုကြောင့် ဘေးသင့်နိုင်ခြေများနှင့် ယင်းတို့နှင့် ဆက်နွယ်သည့် ဘေးဒဏ်သင့်မှုများနှင့် ဖိအားများတို့သည် မြန်မာနိုင်ငံအတွက် ပြင်းထန်ကြီးမားသည့် ခြိမ်းခြောက်မှုဖြစ်ကြောင်း သိရှိထားကြပါသည်။** ဂျာမန်စောင့်ကြည့်ရေးအဖွဲ့၏ ကမ္ဘာလုံးဆိုင်ရာ ရာသီဥတုကြောင့် ဘေးသင့်နိုင်ခြင်း အညွှန်းဖော်ပြချက်က မြန်မာနိုင်ငံအား ၁၉၉၆ ခုနှစ်မှ ၂၀၁၅ခုနှစ်အတွင်း ကြီးမားပြင်းထန်သည့် မိုးလေဝသဆိုင်ရာ ဖြစ်စဉ်ဖြစ်ရပ်များကြောင့် အထိခိုက်အသက်ရောက်ခံရဆုံး (၃)နိုင်ငံအတွင်း တစ်နိုင်ငံအဖြစ် ထည့်သွင်းမှုပြုထားပါသည်။ ရာသီဥတု အ ပြောင်းအလဲနှင့် ကြီးမားပြင်းထန်သည့် ရေနှင့်ဆက်စပ်သည့် မိုးလေသဝဆိုင်ရာ ဖြစ်ရပ်များက သက်ရောက်စေသော ဘေးသင့်နိုင်ခြေများတွင် နိုင်ငံအတွင်း ဆက်လက်ဖြစ်ပွားနေသော ပဋိပက္ခများ၏ ပမာဏအတိုင်းအတာထက် များစွာပို၍ လူထုထံ ရိုက်ခတ်သက်ရောက်ဘေးဒုက္ခပေးနိုင်မည့် အလားအလာ ရှိနေရာ - ၂၀၁၅ခုနှစ် နိုင်ငံအဝှမ်း ရေကြီးရေလျှံမှုအနေဖြင့် (၁.၆)သန်းရှိသောသူများကို နေရပ်စွန့်ခွာ ရွှေ့ပြောင်းစေခဲ့ရာတွင် ပဋိပက္ခကြောင့် နေရပ်စွန့်ခွာကြရသည့် ခန့်မှန်းလူဦးရေထက် (၁)သန်း နီးပါး ပိုမိုများပြားပါသည်။

**အဆိုပါဖြစ်ရပ်များကြောင့်ဖြစ်သည့် လူမှုရေးပိုင်း နှင့် စီးပွားရေးပိုင်း ရိုက်ခတ်သက်ရောက်မှုမှာ လွန်စွာ မြင့်မားမှုရှိနိုင်ရာ** - ကမ္ဘာ့ဘဏ်အရ ၂၀၁၅ခုနှစ် ရေကြီးရေလျှံမှုကြောင့် စီးပွားရေးအရ တိုက်ရိုက် ရိုက်ခတ်သက်ရောက်မှုအား ရုပ်ဝတ္ထုပစ္စည်းပိုင်ဆိုင်မှုပိုင်း အနေဖြင့် ပျက်စီးမှုနှင့် ထုတ်လုပ်မှုဆိုင်ရာ ဆုံးရှုံးမှုများအနေဖြင့်ဆိုရလျှင် ၂၀၁၄/၂၀၁၅ GDP ၏ (၃.၁)ရာခိုင်နှုန်း ထိရှိပါသည်။ ဘေးဒုက္ခ၏ အကြီးမားဆုံး ရိုက်ခတ်သက်ရောက်မှုများသည် ချင်းပြည်နယ်၊ ရခိုင်ပြည်နယ် နှင့် ဧရာဝတီတိုင်းဒေသကြီးတို့ရှိ လူ့အဖွဲ့အစည်း၏ ထိခိုက်လွယ်မှု အရှိဆုံး သူများအပေါ်တွင် အချိုးအစားမညီမျှဘဲ ကျရောက်ခဲ့ပါသည်။ အလယ်အလတ်ကာလအတွက် ပြန်လည်နလန်ထူရေးအတွက် အရင်းအမြစ်များမှာ ကျိုးတိုးကျဲတဲဖြစ်နေပြီး၊ အကြောင်းမှာ သက်ဆိုင်ရာ ဝန်ကြီးဌာနများအနေဖြင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းကို ၎င်းတို့၏ ပုံမှန် ရသုံးငွေဘတ်ဂျက်များအတွင်း ထည့်သွင်းရန် ကြိုးပမ်းခဲ့သည့်အတွက်ဖြစ်ကာ၊ ယင်းအတွက်ကြောင့် ပြန်လည်နလန်ထူထောင်ရေး အစီအမံများမှာ ယခင်ကတည်းက နည်းပါးသည့် ခွဲတမ်းအတွင်း အပြိုင်အဆိုင်အနေအထား ဖြစ်သွားခဲ့ရပါသည်။

**အဆိုပါ ဘေးသင့်နိုင်ခြေအား စီမံကိုင်တွယ်ခြင်းအတွက်ဆိုလျှင် စည်းစနစ်ကျသည့် မဟာဗျူဟာများနှင့် မူဝါဒများအား ဖော်ဆောင်၍ အကောင်အထည်ဖော်ခြင်းအား လိုအပ်ပါသည်။** မြန်မာနိုင်ငံ၏ ပထမဦးဆုံးသော အမျိုးသား ရာသီဥတု အပြောင်းအလဲဆိုင်ရာ မူဝါဒအား ၂၀၁၇ခုနှစ် ဧပြီလတွင် အတည်ပြုခဲ့ပြီး ၂၀၁၆ မှ ၂၀၃၀ခုနှစ် ကာလအပိုင်းအခြားအတွက် အကောင်အထည်ဖော်ဆောင်ရမည့် ရာသီဥတု အပြောင်းအလဲအတွက် မဟာဗျူဟာ နှင့် စီမံချက်တစ်ရပ်နှင့် အတူဖြစ်ခဲ့ပါသည်။ ယင်း၏ ဦးစားပေးအစီအစဉ်များထဲမှ တစ်ခုမှာ လူထု၏ ကျန်းမာရေးနှင့် ကောင်းကျိုးချမ်းသာအတွက် ရာသီဥတုကြောင့် ဘေးသင့်နိုင်ခြေအား စီမံကိုင်တွယ်ခြင်းဖြစ်ပြီး၊ ယင်းတွင် လူထုအသိုင်းအဝိုင်းများနှင့် စီးပွားရေးကဏ္ဍအသိုင်းအဝိုင်းများအား ရာသီဥတုကြောင့် ဖြစ်သော ဘေးဒုက္ခများ၊ ဘေးသင့်နိုင်ခြေများနှင့် ရိုက်ခတ်ထိခိုက်မှုများအား တုံ့ပြန်ပြီး ပြန်လည်နလန်ထူနိုင်၍ ကောင်းမွန်ခိုင်မာသည့် လူ့အဖွဲ့အစည်းတစ်ရပ်အား ထူထောင်နိုင်ရန်အတွက် ၎င်းတို့၏ စွမ်းရည်အတွက် အကူအညီပေးအပ်ခြင်းအတွက် သီးခြားအလေးပေးခြင်းကိစ္စ ပါဝင်နေပါသည်။[၁၅]

ပြင်းထန်ကြီးမားသည့် မိုးလေဝသဆိုင်ရာ ဖြစ်ရပ်များ၊ များစွာသော အကျပ်အတည်းဖိအားများနှင့် အခြေအနေအကူးအပြောင်းနှင့် လိုက်လျောညီထွေဆောင်ရွက်ခြင်းတို့အတွက် ပေးဆပ်ရန်အဖိုးအခများ စသည်တို့အတွက် **ထပ်ဆင့်တိုးလာသော အကျိုးသက်ရောက်မှုတို့ဖြစ်သည့် လူသားဆိုင်ရာနှင့် စီးပွားရေးဆိုင်ရာ ကြီးမားသည့် ထိခိုက်ပျက်စီးမှုအပေါ်တွင် အလေးပေးဖြေရှင်းရေးအတွက် စတင်မှုပြုရန် ရာသီဥတုကြောင့် ဘေးသင့်နိုင်ခြေများကို အတိအကျ ဖော်ထုတ်သတ်မှတ်မှုပြုလုပ်မည်ဆိုလျှင် ထပ်ဆင့်သုတေသနပြုလုပ်မှုအား လိုအပ်နေပါသည်။** မိမိတို့၏ ဘေးပတ်ဝန်းကျင်အပေါ်တွင် အစားအစာ၊ ရေ၊ လောင်စာ နှင့် အိုးအိမ်ဆောက်လုပ်ခြင်း ပစ္စည်းတို့အတွက် အများအားဖြင့် မှီခိုအား ထားနေကြရသည့် လူ့အသိုင်းအဝိုင်းအတွင်းမှ ကြံ့ကြံ့ခံနိုင်ရည် အနိမ့်ဆုံးအဆင့်ရှိကြသည့် သူများအပေါ်တွင် အဆိုပါ ပေးဆပ်ရန်အဖိုးအခတို့မှာ အများဆုံးကျရောက်နိုင်မည့် အလားအလာရှိနေပါသည်။ အာမခံစနစ် လွှမ်းခြုံမှုမရှိခြင်းနှင့် အစိုးရ၏ ကူညီကယ်ဆယ်ရေးဆိုင်ရာ ခွဲတမ်းများ နည်းပါးမှုကြောင့် သက်ရောက်မှုခံရသော အိမ်ထောင်စုများအနေဖြင့် ရာသီဥတုကြောင့် ဘေးသင့်နိုင်ခြေများကို အချိုးအစားညီမျှမှုမရှိဘဲ ခံယူနေကြရသည့် အဖြစ်သို့ ရောက်ရှိစေပါသည်။ ဘဏ္ဍာရေးဆိုင်ရာ ထောက်ပံ့ပေးသည့် ကိစ္စရပ်အသစ်များအား အသုံးဝင်မည့်ပုံစံဖြင့် မတည်ဖော်ဆောင်ကာ အလားအလာရှိသော အရေးပေါ်ကိစ္စအတွက် ရန်ပုံငွေများနှင့် ဘေးဒုက္ခဆိုင်ရာ အာမခံထားမှုကိစ္စတို့ကို ပေါင်းစည်း၍ သင့်တော်သော လုပ်ထုံးလုပ်နည်းများကို ရန်ပုံငွေများအား လျင်မြန်ပြီး ဟန်ချက်ညီစွာ ဖြန့်ဝေပေးနိုင်ရန်နှင့် ကူညီကယ်ဆယ်ရေးလုပ်ငန်းဆောင်တာများအား အကောင်အထည်ဖော်ရန် ထားရှိခြင်းအားဖြင့် ဖြစ်ပါမည်။

---

[၁၃]Hsiang S. M. & Jina A. S. (၂၀၁၄). သဘာဝပတ်ဝန်းကျင်ဆိုင်ရာကပ်ဘေး၏ ရေရှည်စီးပွားရေးဖွံ့ဖြိုးကြီးထွားမှုအပေါ် တမင်ပြုလုပ်ခြင်းမဟုတ်သည့် အကျိုးသက်ရောက်မှု -- ဆိုင်ကလုန်းမုန်တိုင်းပေါင်း (၆၇၀၀) ၏ သာဓက။ Cambridge မြို့တော်, Massachusetts ပြည်နယ်: စီးပွားရေးဆိုင်ရာ အမျိုးသားအဆင့် သုတေသနဌာန။

[၁၄]ကမ္ဘာ့ဘဏ်အုပ်စု - အသေးစားစီးပွားရေး နှင့် အခွန်ဘဏ္ဍာရေးစီမံခန့်ခွဲမှု (Fiscal Management) (၂၀၁၅)။ မြန်မာ့စီးပွားရေး စောင့်ကြည့်လေ့လာမှု။


[၁၅]မိုးလေဝသနှင့် ဇလဗေဒ ဦးစီးဌာန (၂၀၁၂)။ မြန်မာနိုင်ငံ၏ အမျိုးသားအဆင့် ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီထွေစွာနေထိုင်ရေးအစီအစဉ်။

# ဘေးဒုက္ခကြုံတွေ့မှုအား စီမံကိုင်တွယ်မှု စနစ်ယန္တရားများ

ထိခိုက်လွယ်အားနည်းနေသောလူများ အဆမတန် များပြားပါက၊ ထို့ပြင် ၎င်းတို့၏ အခြေခံလိုအပ်ရာများရှားပါးမှု ကြီးမားစွာ နက်ရှိုင်းနေပါက ဘေးဒုက္ခ အကျပ်အတည်းတစ်ခု (သို့) အရေးပေါ်အခြေအနေ ကိစ္စတစ်ခု ဖြစ်ပွားမှုအတွင်း လူသားချင်းစာနာမှုဆိုင်ရာ အကူအညီပေးရမည့် အတိုင်းအတာပမာဏတစ်ခုအတွက် ကိုင်တွယ်ရမည့် အခက်အခဲမှာလဲ ကြီးမားလေဖြစ်ပါသည်။ လူသားချင်းစာနာမှု ဆောင်ရွက်ချက်များ နှင့် ဘေးဒဏ်သင့်မှုမှ ပြန်လည်နလန်ထူရေး ကိစ္စတို့မှာ နိုင်ငံတော်၏ ဘတ်ဂျက်အပေါ် များစွာတောင်းဆိုမှုရှိနိုင်ပြီး ဖွံ့ဖြိုးမှုဆိုင်ရာ ဦးစားပေးလုပ်ဆောင်ရမည့် အရာများအပေါ် အာရုံလွဲချော်မှုဖြစ်စေနိုင်ပါသည်။ တုံ့ပြန်ဖြေရှင်းဆောင်ရွက်ပေးရန်နှင့် ပြန်လည်ထူထောင်ရန် အတွက် ရန်ပုံငွေကို ခွဲဝေမှုမှာ လုံလောက်မှုမရှိသည့်အခါဝယ် ထိခိုက်သက်ရောက်မှုရှိသည့် နေရာဒေသများအတွက် စီးပွားရေးအခြေအနေတစ်ရပ်လုံးအတွင်း အကူအညီဖြစ်စေရန် အိမ်နီးနားခြင်းများနည်းတူ တူညီ သည့် ဖြစ်ထွန်းနိုင်သည့် အစွမ်းမရှိသည့်အတွက် ဆက်လက်၍ ပိုမိုနေးကွေး နောက်ကျကျန်နေခြင်းကို ဖြစ်ပေါ်စေပါမည်။

ပြည်ထောင်စုအဆင့် ဝန်ကြီးဌာနများအားလုံး လက်ခံထားသည့် အရေးပေါ်အခြေအနေ စနစ်တကျကိုင်တွယ်စီမံမှုစနစ် လက်ရှိတွင် ရှိမထားသေးပါ။ နိုင်ငံဝန်ထမ်းကဏ္ဍအတွင်းမှ အထက်အရာရှိ တစ်ဦးချင်းစီတို့မှာ တုံ့ပြန်ဖြေရှင်းဆောင်ရွက်မှုများအား ညွှန်ကြားမှုပြုလုပ်ပေးရန်အတွက် ကျယ်ကျယ်ပြန့်ပြန့် တာဝန်ယူထားကြပါသည်။ ဘေးဒုက္ခ၏ အတိုင်းအတာအပေါ်မူတည်လျက် အစိုးရ၏ တုံ့ပြန်ဖြေရှင်းရေးလုပ်ငန်းဆောင်ရွက်ရန် တာဝန်ရှိသည့် အရာရှိမှာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၏ အမြဲတမ်းအတွင်းဝန် သော်လည်းကောင်း၊ သို့တည်းမဟုတ် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဌာန ညွှန်ကြားရေးမှူးချုပ်သော်လည်းကောင်း ဖြစ်နေပါသည်။ ဘေးအန္တရာယ်ကျရောက်မှုအား စီမံကိုင်တွယ်မှုဆိုင်ရာ ဦးဆောင်မှုအပိုင်းအား မကြာသေးခင်က ပြည်ထဲရေးဝန်ကြီးဌာနသို့ ရွှေ့ပြောင်းမှုပြုခဲ့ပြီး၊ (လူ-ကယ်-ပြန်) ဝန်ကြီးဌာန အနေဖြင့် အရေးပေါ်အခြေအနေ ကိုင်တွယ်ဆောင်ရွက်ရေးဗဟိုဌာနအား လည်ပတ်မှုပြုသည့် ဌာနအဖြစ်သာ ရှိထားပြီး၊ ဘေးအန္တရာယ် စီမံကိုင်တွယ်မှု လေ့ကျင့်သင်ကြားရေးစင်တာအား စီမံခန့်ခွဲပြီး အမျိုးသားအဆင့် လျင်မြန်စွာတုံ့ပြန်ဖြေရှင်းဆောင်ရွက်ပေးသည့် အဖွဲ့များအား ဖွဲ့စည်းပေးခြင်းအတွက် ဦးဆောင်မှုတာဝန်အား ယူထားပါသည်။

ပုံ (၃) (၂၀၀၈ မှ ၂၀၁၅) ထင်ရှားသည့် ရေကြီးမှု နှင့် ဆိုင်ကလုန်းမုန်တိုင်းတို့ သက်ရောက်သည့် နယ်မြေများ




ပြည်နယ်/တိုင်းဒေသကြီး အဆင့်တွင် ဘေးအန္တရာယ်များအတွက် ကြိုတင်အသင့်ပြင်ဆင်ထားမှုမှာလည်း မညီမျှသည့် အခြေအနေတွင်ရှိနေပြီး များသောအားဖြင့် အကန့်အသတ်ဖြင့်သာ ဖြစ်ပါသည်။ အချို့သော ပြည်နယ်/တိုင်းဒေသကြီးများတွင် ပိုမိုတောင့်တင်းသည့် စနစ်ယန္တရားများကို လိုအပ်ရာများ သုံးသပ်အကဲဖြတ်ခြင်းများအတွက်နှင့် အကူအညီအထောက်အပံ့အား ခွဲတမ်းနှင့် ရန်ပုံငွေထုတ် ပေးခြင်းများအတွက် ထားရှိပါသည်။ ပြည်နယ်/တိုင်းဒေသကြီး အဆင့် ဘေးအန္တရာယ် စီမံကိုင်တွယ်နိုင်စွမ်းများအတွက် ပိုမို၍ အသေးစိတ်ကျသည့် သုံးသပ်အကဲဖြတ်မှုတစ်ခု လိုအပ်ပြီး၊ တိုက်ရိုက် လုပ်ကိုင်ဆောင်ရွက်ပေးမှုအတွက် ပိုမို၍ အလေးပေးလုပ်ဆောင်ကြသည့် ပြည်နယ်/တိုင်းဒေသကြီး အုပ်ချုပ်ရေးဌာနဆိုင်ရာများနှင့် ပိုမို၍ ထဲထဲဝင်ဝင် ထိတွေ့ဆောင်ရွက်ရန် အရေးကြီးကြောင်းကို အသိအမှတ် ပြုထားရန်ဖြစ်သည်။ ဝန်ကြီးဌာနများ တစ်လျှောက် တစ်ဆို့ပိတ်ပင်နေသည့်အရာများအပေါ် ကျော်လွှားမှုပြုနိုင်ရန်အတွက်နှင့် အမျိုးသား ကယ်ဆယ်ရေး/ပြန်လည်နလန်ထူရေး မူဘောင်များနှင့် ကိုက်ညီသည့်အပြင် ရန်ပုံငွေပေးနိုင်သည့် အရင်းအမြစ်ပင်ရင်း အများအပြားကို လက်ခံအသုံးချနိုင်မည့် သုံးစွဲမှုအားလုံးကို စောင့်ကြည့်လေ့လာသည့် စနစ်နှင့် ဘတ်ဂျက်ချပေးသည့် စနစ်များအား ပေါင်းစည်းမှုကို ဖော်ဆောင် ထူထောင်ရန်အတွက် ချက်ချင်းလက်ငင်းလိုအပ်နေပါသည်။

မြန်မာနိုင်ငံ၏ အမျိုးသားအဆင့် ဘေးအန္တရာယ် စီမံကိုင်တွယ်မှု စနစ်များ ဖွံ့ဖြိုးထူထောင်မှုပြုခြင်းတို့အား ယခုတိုင် ဆက်လက်ဆောင်ရွက်နေရဆဲဖြစ်ကာ၊ မြန်မာနိုင်ငံတွင် ဘေးအန္တရာယ် စီမံကိုင်တွယ်မှုအတွက် လက်ရှိလိုအပ်နေသည့် ခိုင်မာပြီး ဗဟိုတွင် စုစည်းမှုပြုထားသည့် စနစ်များ တည်ထောင်ရန် အခွင့်အလမ်းအား ဖြစ်စေပါသည်။ (လူမှုဝန်ထမ်း) ဝန်ကြီးဌာနသည် DRR အတွက် မြန်မာနိုင်ငံ၏ လုပ်ငန်းစီမံချက်ကို ပြန်လည်သုံးသပ်ခြင်းအား ဦးဆောင်ဆောင်ရွက်နေပြီး၊ ယင်းအားဖြင့် နောင် (၅)နှစ်တာကာလအတွက် အစိုးရ၏ ဦးစားပေးဆောင်ရွက်မှုများကို လမ်းညွှန်ပြသပေးနိုင်မည်ဖြစ်ပါသည်။ NNDMC အတွက် ကော်မတီများနှင့် ကော်မတီခွဲများကိုလည်း ဖွဲ့စည်းလျက်ရှိပါသည်။ အဆိုပါကြိုးပမ်းဆောင်ရွက်မှုများအနေဖြင့် NNDMC နှင့် လုပ်ငန်းများအပါအဝင် လုပ်ပိုင်ခွင့်နှင့် တာဝန်များပါ ရင်ပေါင်တန်းလျက်ရှိသည့် ရှာဖွေရေးနှင့် ကယ်ဆယ်ရေး ကော်မတီအား ဦးစီးသည့် ပြည်ထဲရေးဝန်ကြီးဌာန၏ လုပ်ငန်းနှင့် ချိတ်ဆက်ပေးရန် လိုအပ်မည်။ ကော်မတီနစ်ရပ်လုံးအနေဖြင့် ဥပဒေအရ ဆောင်ရွက်ကြခြင်းဖြစ်သော်လည်း အမျိုးသားအဆင့်တွင် ဘေးဒုက္ခကြုံတွေ့မှု စီမံကိုင်တွယ်မှုဆိုင်ရာ ရန်ပုံငွေ ထောက်ပံ့မှုနှင့် စွမ်းဆောင်ရည် မြင့်တင်ခြင်းတို့ကို မည်သည့်နေရာသို့ ချထားပေးမည်ဆိုသည့်အချက်မှာ ရှင်းလင်းမှုရှိရန် လိုအပ်နေပါသည်။

ဘေးအန္တရာယ် သင့်နိုင်မှုအား လျှော့ချရေးနှင့် ကြံ့ကြံ့ခံနိုင်မှု တည်ဆောက်ရေးတို့အပေါ် အရင်းအနှီးပြုထည့်ဝင်မှုများအား ထိရောက်မှုရှိပြီး လိုအပ်မှုရှိသည်ဟု ရှုမြင်သင့်ရာ၊ ယင်းမှာ စီးပွားရေးဆိုင်ရာသုတေသနပြုရေး အမျိုးသားအဆင့် ဌာနအရဖြစ်ပါသည်။ ကြီးမားသည့် ဘေးဒုက္ခတစ်ခုအား ထိခိုက်ခံစားရခြင်းကြောင့် ရုပ်ဝတ္ထုပိုင်းအရသာမက၊ နိုင်ငံရေးနှင့် စီးပွားရေးပိုင်းဆိုင်ရာ အခြေအနေများကိုလည်း ပြောင်းလဲသွားစေနိုင်ရာတွင် ဖွံ့ဖြိုးမှုအစီအစဉ်များနှင့် ဥပဒေပြုရေးတွင် ဦးစားပေးအစီအစဉ်များကို ဆိုးရွားစွာ နှောင့်နှေးသွားစေနိုင်ပြီး၊ သို့တည်းမဟုတ် ထပ်ဆင့်ကြွေးမြီဖြစ်ပေါ်စေခြင်း (အရေးပေါ်အခြေအနေ တုံ့ပြန်ဖြေရှင်းသည့် ရန်ပုံငွေမှာ အများအားဖြင့် ပြည်သူ့ငွေများ ဖြစ်ပြီး၊ ယင်းတို့မှာ အခြားသော ဦးစားပေးလုပ်ဆောင်စရာများအတွက် ထားသည့် ရန်ပုံငွေများဖြစ်သည်) အားဖြင့်ဖြစ်သည်။ လူထုအတွက် ယင်းအခြေအနေအား ရှောင်ရှားရန်နှင့် တည်ငြိမ်မှုကို ထိန်းသိမ်းထားနိုင်ရန် ကြံ့ကြံ့ခံနိုင်မှုအတွက် အရင်းအနှီးပြုထားရန်လိုအပ်ရာ၊ ထိခိုက်မှုများနှင့် ဖိအားဒဏ်များကို ခံနိုင်ရန် နှင့်/သို့ အလေ့အကျင့်ဖြစ်နိုင်ရန် အစွမ်းကို အထူးသဖြင့် အားကောင်းစေခြင်းအားဖြင့် ဖြစ်ပါသည်။


# ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသတွင်း ပတ်ဝန်းကျင်ဆိုင်ရာ ပျက်စီးခြင်း နှင့် ထိခိုက်လွယ်မှု

ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသသည် နိုင်ငံတွင်း လူဦးရေထူထပ်မှုအများဆုံး နှင့် ထိခိုက်လွယ်မှု အဖြစ်ဆုံး ဒေသများထဲမှ တစ်ခုဖြစ်ပါသည်။ ယင်းဒေသအား ရေငန်ဝင်ရောက်မှု အစဉ်သဖြင့်ရှိနေသည့် မြစ်ဝကျွန်းပေါ်အောက်ပိုင်း၊ ရာသီအလိုက် ရေငန်ဝင်ရောက်မှုရှိသည့် အလယ်ပိုင်း မြစ်ဝကျွန်းပေါ်ဒေသ၊ လက်ရှိတွင် ရေငန်ဝင်ရောက်နိုင်ခြင်းမရှိဘဲ အကောင်းဆုံးသော စိုက်ပျိုးမြေဖြစ်နေသည့် အထက်မြစ်ဝကျွန်းပေါ်ဒေသ နှင့် ရန်ကုန်တစ်ဝိုက်တွင်ရှိသော မြို့ပြဖြစ်နေသော မြစ်ဝကျွန်းပေါ်ဒေသ ဟူ၍ ကြီးမားသည့် ဒေသခွဲ (၄)ခုအဖြစ်[၁၆] ခွဲ နိုင်ပါသည်။ အောက်ပိုင်း၊ အလယ်ပိုင်း နှင့် အထက်ပိုင်း မြစ်ဝကျွန်းပေါ်ဒေသတို့မှာ အကြမ်းအားဖြင့် ကမ်းရိုးတန်းနှင့် မြစ်ဝဖြစ်ပြီး ရေလျှံသည့် ကွင်းပြင်နယ်ပယ်များဖြစ်ပါသည် (ပုံ-၄ အားကြည့်ပါ)။ မြစ်ဝကျွန်းပေါ်ဒေသအတွက် မှတ်သုံးရာသီဥတုကြောင့် နှစ်စဉ်ပျမ်းမျှ မိုးရေချိန်မှာ ဧရာဝတီတိုင်းဒေသကြီး၏ အရှေ့တောင်ဘက်တွင် မီလီမီတာ (၂၅၀၀) မှ အနောက်တောင်ဘက်တွင် (၃၅၀၀)ထိ ဖြစ်ပေါ်စေကာ၊ ရွာသွန်းမှု အများစုမှာ မေလ မှ ဒီဇင်ဘာလအတွင်း ဖြစ်ပါသည်။ ကမ်းရိုးတန်းတစ်လျှောက်မှာ နှစ်ပေါင်း (၁၅၀) ကျော်အတွင်း တည်ငြိမ်မှုရှိခဲ့သည်ဟု ယူဆရပြီး ယခင်ရာစုနှစ်အတွင်း ကီလိုမီတာ (၀.၃၄) နှုန်းဖြင့် ရွေ့တိုးနေခဲ့ပါသည်။[၁၇]

ရာသီဥတု အပြောင်းအလဲအပေါ်တွင် မြန်မာနိုင်ငံ၏ ထိခိုက်လွယ်မှုအား လွှမ်းခြုံလျက်ရှိသော အမျိုးမျိုးသော ရေယှက်နေသည့် အကြောင်းတရားတို့မှာ ဧရာဝတီတိုင်းဒေသကြီးတွင် ဆုံစည်းစုပုံနေကြပါသည်။ ယင်းအကြောင်းတရားများထဲတွင် အလုပ်အကိုင်အတွက် နှင့် နိုင်ငံ့ဝင်ငွေအတွက် ရာသီဥတုအပေါ်တွင် မူတည်နေသည့် ကဏ္ဍရပ်များအပေါ်တွင် မှီခိုနေရခြင်း၊ ကမ်းရိုးတန်းဇုန်နယ်ပယ်များနှင့် မြေနိမ့်ပိုင်း နယ်ပယ်များအတွင်း လူဦးရေ နှင့် စီးပွားရေးလုပ်ဆောင်မှုများ သိပ်သည်းထူထပ်နေခြင်း၊ နိုင်ငံ၏ တည်နေရာအနေအထားကြောင့် ဘူမိဗေဒဆိုင်ရာနှင့် မိုးလေဝသဆိုင်ရာ ဘေးအန္တရာယ်များ (ဥပမာ -- မြေငလျင်များ၊ ရေကြီးရေလျှံမှုများ၊ ဆိုင်ကလုန်းမုန်တိုင်းများ နှင့် ဆူနာမီများ) ဖြစ်ခြင်း၊ ရာသီဥတု အပြောင်းအလဲဆိုင်ရာ ရိုက်ခတ်သက်ရောက်မှုများအပေါ်တွင် တုံ့ပြန်နိုင်စွမ်းအား အကျိုးသက်ရောက်မှုရှိသော ဆင်းရဲနွမ်းပါးမှု မြင့်မားသော အဆင့်များရှိနေခြင်း၊ ထို့ပြင် ရာသီဥတု အပြောင်းအလဲ၏ ရိုက်ခတ်သက်ရောက်မှုများ (သို့) ရာသီဥတုအပြောင်းအလဲဆိုင်ရာ ဖြစ်ရပ်ဖြစ်စဉ်များ၏ နောက်ဆက်တွဲ အကျိုးဆက်များအတွက် အဆင်သင့်ဖြစ်ရန်ပြင်ဆင်မှုပြုရေးတွင် နည်းပညာပိုင်း စွမ်းဆောင်နိုင်မှု နည်းပါးနေခြင်း စသည်တို့ ပါဝင်နေပါသည်။

လူတို့၏ ပြုလုပ်မှုကြောင့် ကြီးမားသည့် ရာသီဥတုဆိုင်ရာ ထိခိုက်မှုများနှင့် ဖိအားများ၏ ရိုက်ခတ်သက်ရောက်မှုအကျိုးကို ပိုမိုဆိုးရွားသွားစေရာဝယ် ကမ္ဘာကြီးပူနွေးလာမှု၊ ဆိုင်ကလုန်းမုန်တိုင်းသင့်နိုင်ခြေ၊ ပင်လယ်ရေမျက်နှာပြင် မြင့်တက်မှု နှင့် ရေထဲတွင် ဆားဓာတ်ပါဝင်မှုနှုန်းတိုးများလာခြင်းတို့ကို များစွာသော ရေကာတာများဆောက်လုပ်ခြင်း၊ ဧရာဝတီ မြစ်ဝကျွန်းပေါ်ဒေသတွင် လမုပင်တောများအား ဖျက်ဆီးမှုပြုခြင်းနှင့် ကျယ်ကျယ်ပြန့်ပြန့် သောင်တူးမှုပြုခြင်းတို့အားဖြင့်ဖြစ်စေခြင်း အစရှိသဖြင့် ဖြစ်ပါသည်။

ပုံ-၄ ဧရာဝတီ မြစ်ဝကျွန်းပေါ်ဒေသတွင်း ပျမ်းမျှရေငန် ဝင်ရောက်မှု – MYFish, Delta Alliance





မြစ်ဝကျွန်းပေါ် လူထုအသိုင်းအဝိုင်းများထံ ကျရောက်သည့် အနီးစပ်ဆုံး ရာသီဥတုဆိုင်ရာ ဘေးသင့်နိုင်ခြေများထဲမှ တစ်ခုမှာ ရေအရင်းအမြစ်များ ပျက်စီးခြင်းဖြစ်ပါသည်။ မြစ်ဝကျွန်းပေါ်ဒေသနှင့် ကမ်းရိုးတန်း နေရာများအတွင်းရှိ ရေအရင်းအမြစ်များအပေါ် ကြီးမားသည့် ဘေးသင့်နိုင်ခြေများတွင် ပတ်ဝန်းကျင်ညစ်ညမ်းစေခြင်း (အထူးသဖြင့် သတ္တုတူးဖော်ခြင်း၊ စက်မှုလုပ်ငန်းနှင့် စိုက်ပျိုးရေးလုပ်ငန်းတို့မှ စွန့်ပစ်သည့်အရာ (သို့) ပြန်လည်ပြုပြင်ပေးထားခြင်းမရှိသည့် ရေများ တို့မှဖြစ်ခြင်း)၊ ခြောက်သွေ့ရာသီတွင် ရေအရင်းအမြစ်များကို အလွန်အကျွံထုတ်ယူခြင်း၊ မြစ်ရေစီးဆင်းမှုများ လွန်စွာအပြောင်းအလဲဖြစ်ခြင်း၊ မုန်တိုင်းတိုက်ခတ်ခြင်း နှင့် ရေကြီးမှုအန္တရာယ်ဖြစ်နိုင်ခြေများ၊ နှင့် ရေအရင်းအမြစ်များနှင့် ရေသိုလှောင်တမံများအတွင်း ဆားငန်ဓာတ်ဝင်ရောက်ခြင်း (ယင်းမှာ စူးစမ်းလေ့လာမှုများစွာ မပြုလုပ်ရသေးသည့်ကိစ္စဖြစ်သော်လည်း ယင်းအချက်မှာ သစ်တောပြုန်းတီးမှုနှုန်းကြောင့် ဖြစ်သည်ဟု နားလည်လက်ခံထားသည်) တို့ပါဝင်ပါသည်။

---


[၁၆]Driel, W.F. van & T.A. Nauta (၂၀၁၄). မြန်မာနိုင်ငံ ဧရာဝတီမြစ်ဝှမ်းဒေသ၏ ထိခိုက်လွယ်မှုနှင့် ဒဏ်ခံနိုင်မှု အကဲဖြတ်ချက်။ အပြည့်အဝအကဲဖြတ်ခြင်း အဆင့်။ Delta Alliance အစီရင်ခံစာ အမှတ် ၁၀။

[၁၇] အထက်တွင်ရည်ညွှန်းထားပြီးဖြစ်သည်။

ပုံ (၅) လမုပင်ဖုံးလွှမ်းမှု အပြောင်းအလဲ၊ ၁၉၇၈ မှ ၂၀၁၁ ဧရာဝတီ မြစ်ဝကျွန်းပေါ်ဒေသ - ကမ္ဘာ့ပတ်ဝန်းကျင်ဆိုင်ရာ ပြောင်းလဲမှု




ပုံ (၆) လမုပင်ဖုံးလွှမ်းမှု အပြောင်းအလဲ ဖြစ်ပေါ်မှု အကြောင်းရင်းများ ၊ ၁၉၇၈ မှ ၂၀၁၁ ဧရာဝတီ မြစ်ဝကျွန်းပေါ်ဒေသ




**လမုပင်များ ကြီးမားသည့် အတိုင်းအတာဖြင့် ပြုန်းတီးခြင်းသည် သဘာဝ အကာအကွယ်အတားအဆီးအား ဖယ်ရှားပစ်ခြင်းဖြစ်ပြီး၊ ပင်လယ်ကမ်းရိုးတန်းနေ လူထုများအတွက် မုန်တိုင်းတိုက်ခတ်ခြင်းနှင့် ဆိုင်ကလုန်းဖြစ်ရပ်များ၏ ပြင်းထန်မှုအား တိုးပွားစေပါသည်။** လမုပင်များသည် ပင်လယ်ရေငန်ဓာတ်ဝင်ရောက်ခြင်းအား လျော့ပါးစေခြင်းတွင် အရေးပါပြီး ပင်လယ်ကျောက်တန်းများနှင့် ပင်လယ်ရေမှော်ကြမ်းပြင်တို့ကို အကာအကွယ်ပေးထားကာ သိသာထင်ရှားသည့် ဇီဝမျိုးစိတ်အမျိုးအမျိုးအား လက်ခံရှင်သန်ခွင့်ပေးလျက် နုန်းတင်အနည်ထိုင်ခြင်းလွှမ်းကဲမှုကို ထိန်းပေးခြင်းအားဖြင့် လေ့သဘော်လမ်းကြောင်းများကို အကာအကွယ်ပေးပါသည်။ သို့ဖြစ်သော်လည်း လမုပင် (၆၇၉၀၁၉)ဧက၏ (၈၃)ရာခိုင်နှုန်းမှာ ၂၀၁၃ခုနှစ်ထိ နှစ်ပေါင်း (၃၃)နှစ်တာ ကာလအတွင်း ပျောက်ဆုံးသွားခဲ့ပြီး၊ ကျန်ရှိသော လမုပင် (၁၇)ရာခိုင် နှုန်းမှာလည်း လျော့ပါးလျက်ရှိကာ သစ်တောပြန်လည်ပေါက်ရန်နှင့် မျိုးပွားရန်အတွက် လုံလောက်သော အရည်အသွေးရှိသည့် မျိုးစေ့များ ထုတ်လုပ်နိုင်ခြင်းမရှိတော့ရာဝယ် စိုက်ပျိုးရေးလုပ်ငန်းတိုးချဲ့မှုနှင့် ပုစွန်နှင့် ငါးကန်များ ပြုလုပ်ကြသည့်အတွက်ကြောင့်ဖြစ်ပါသည်။[၁၈] ပုံ (၅) က ပြသသည်မှာ လမုပင်များ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသတွင်း ၂၀၁၁ခုနှစ်အထိ (၃၃)နှစ်တာ ကာလအတွင်း လျော့ပါးသွားပုံကိုဖြစ် ပါသည်။[၁၉]

**ပုစွန်မွေးမြူရေးလုပ်ငန်းမှာ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသတွင်း နေထိုင်သူများအတွက် လွန်စွာအရေးပါသည့် စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်ပြီး၊ သေးငယ်သော စိုက်ပျိုးရေးလုပ်ငန်းထက်စာလျှင် ရင်းနှီးမြှုပ်နှံမှုနှင့် လုပ်သားအင်အားအပေါ်တွင် များစွာပိုမိုသည့် မြတ်စွန်းမှုကို ပေးစွမ်းပါသည်။** ယင်းလုပ်ငန်းလုပ်ကိုင်မှု ပျံ့နှံ့လာသော်လည်း လမုပင်များဆုံးရှုံးမှုနှင့် သစ်တောပြုန်းတီးခြင်းတို့ဖြစ်လာပြီး ပတ်ဝန်းကျင်ညစ်ညမ်းမှုတိုးပွားလာခြင်းနှင့် ဇီဝမျိုးစိတ်စုံလင်မှု လျော့ကျလာခြင်းတို့ တွဲဖက်ဖြစ်ပေါ်လာပါသည်။ ယင်းအခြေအနေက ထိုးဖောက်ဝင်ရောက်တတ်သော သီးနှံဖျက် သတ္တဝါများနှင့် ရောဂါသယ်ဆောင်သော ခြင်ယင်ပိုးမွှားများအတွက် ဝင်ရောက်နေရာယူရန် ဖြစ်လာစေပြီး၊ ထို့ပြင် ရေနေသတ္တဝါများအတွက် အနာရောဂါဖြစ်ပွားခြင်းများလည်းဖြစ်ကြသည့်အတွက်၊ အဆိုပါအကြောင်းတရားများမှာ ပုစွန်မွေးမြူရေး လုပ်ငန်းလုပ်ကိုင်ကြသူများအတွက် အထက်တွင်ဆိုခဲ့သော အကျိုးအမြတ်များ လျော့ပါးပျက်စီးကာ ကြံ့ကြံ့ခံနိုင်မှုအနေအထား လျော့ပါးသွားစေနိုင်ပါသည်။ Delta Alliance အနေဖြင့် (အခြားသော အဖွဲ့အစည်းဌာနများနှင့်အတူ) အမျိုးသားအဆင့် ရေအရင်းအမြစ်ဆိုင်ရာ စီမံခန့်ခွဲမှု

[၁၈] အထက်တွင်ရည်ညွှန်းထားပြီးဖြစ်သည်။
[၁၉] ဧရာဝတီမြစ်ဝှမ်းဒေသတွင် တောခုတ်ရှင်းလင်းခြင်းနှင့် မြန်မာနိုင်ငံတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရာတွင် နိုင်ငံတကာနှင့်ထိတွေ့ဆောင်ရွက်ခြင်း Webb, E.L., et al.။ Global Environ (၂၀၁၃)၊ http://dx.doi.org/10.1016/j.gloenvcha.2013.10.007.

မူဝါဒများ (စောင့်ကြည့်ရေးနှင့် ဥပဒေလိုက်နာစေရေး ထိန်းကျောင်းကြပ်မတ်ခြင်းဆိုင်ရာ) ထပ်ဆင့်ထားရှိရေးအတွက် တောင်းဆိုမှုပြုထားပြီး အသစ်ပြဋ္ဌာန်းထားသော ပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်မှု သုံးသပ်အကဲဖြတ်ခြင်းဥပဒေအား အကောင်အထည်ဖော်ခြင်းအတွက် အထောက်အကူဖြစ်စေရန်အတွက်ဖြစ်ကာ၊ ယင်းအားဖြင့် ယခုကိစ္စအား တစ်နည်းတစ်ဖုံ ဖြေရှင်းမှုပြုနိုင်လိမ့်မည် ဖြစ်သည်။

ယခင်ကတည်းက ယိုယွင်းမှုရှိထားသည့် ဂေဟစနစ်တစ်ခုအပေါ်တွင် အဆိုပါ များစွာသော ထပ်ပေါင်းဖိအားများဖြစ်သည့် ဆိုင်ကလုန်းမုန်တိုင်းဘေးသင့်နိုင်ခြေနှင့် ရုတ်တရက် ရေကြီးရေလျှံမှုများတို့အနေဖြင့်ပြင်းထန်ပြီး ရေရှည်အတွက်သေချာသည့်ထိခိုက်ပျက်စီးဆုံးရှုံးမှုများကို ဖြစ်ပေါ်နိုင်စေရန် အလားအလာရှိနေပါသည်။ နေရာကွက်ဖြစ်သော မြို့ပေါ် ရေကြီးရေလျှံမှုသည်လည်း သိသာထင်ရှားသည့် ဆုံးရှုံးမှုများကို ဖြစ်ပွားစေနိုင်ပြီး၊ မိုးတိမ်တောင် ရုတ်တရက်ပြိုဆင်းမှု၊ မြေသားတွင်း ရေစိမ့်ဝင်နိုင်မှုနှုန်း၊ ရေစိမ့်ဝင်နိုင်မှုနှုန်းများ နည်းပါးခြင်း၊ အခြေခံအဆောက်အအုံ ကောင်းမွန်မှုမရှိခြင်းနှင့် ကောင်းစွာပြင်ဆင်ထိန်းသိမ်းမှုမရှိခြင်း (ရေစီးရေလာစနစ် အဓိက မလုံလောက်ခြင်း) တို့ကြောင့် ဖြစ်ပေါ်နိုင်ပါသည်။ Delta Alliance အနေဖြင့် မှတ်ချက်ပြုပြောဆိုထားသည်မှာ ရန်ကုန် နှင့် မြို့ပြဝန်းကျင်အများစုအတွင်း ခိုင်မာကောင်းမွန်သည့် အမှိုက်စွန့်ပစ်မှု စီမံခန့်ခွဲရေး အလေ့အထများနှင့် မူဝါဒများ လိုအပ်နေသည် ဟူ၍ဖြစ်သည်။ အခြားသော နိုင်ငံများအတွင်း အစိုးရက အခွင့်အရေးပေးထားသည့် ပြည်သူမှ စီမံခန့်ခွဲသည့် ရွေးချယ်စရာ နည်းလမ်းများသည် အဆိုပါ အရေးကိစ္စများကို ဖြေရှင်းဆောင်ရွက်ရာတွင် အောင်မြင်မှုရရှိနေပါသည်။

ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသနှင့် တစ်နိုင်ငံလုံးအတွက် ထပ်ဆင့် စိန်ခေါ်ချက်များအား လာမည့် ရာစုနှစ်အတွင်း မျှော်မှန်းထား နိုင်ပါသည်။[၂၀] ယင်းမှာ အပူချိန်မြင့်တက်လာခြင်း၊ မိုးခေါင်ခြောက်သွေ့မှုများ ကြာမြင့်ခြင်းနှင့် မိုးရေချိန် တိုးများခြင်းတို့အနေဖြင့် လက်ရှိ ရှိထားသည့် ပြဿနာအခက်အခဲများဖြစ်သည့် ရေရှားပါးမှုနှင့် ရေအရည်အသွေးပိုင်းဆိုင်ရာနှင့်တကွ ရေကြီးရေလျှံမှု ဖြစ်နိုင်ခြေတို့အား ပိုမိုဆိုးရွားသွားစေသောကြောင့် အဓိကဖြစ်ပါသည်။ အဆိုပါ ဖြစ်လာမည့်အရာအား ကြိုတင်ခန့်မှန်းချက်များအား အောက်တွင် ဖော်ပြထားပါသည်--

မြစ်ဝကျွန်းပေါ်ဒေသ၊ မြစ်ကမ်းဘေး နှင့် ကမ်းရိုးတန်းဒေသတို့ရှိ လူထုများအနေဖြင့် တစ်ဆက်တည်းဖြစ်မည့် စိန်ခေါ်ချက်များကို ကြုံတွေ့ကြရကာ၊ ယင်းစိန်ခေါ်ချက် အခက်အခဲများအားလုံးသည် သဘာဝနှင့် လူသားတို့ကြောင့်ဖြစ်သော ထိခိုက်မှုများနှင့် အခက်အခဲဖိအားများအပေါ်တွင် ၎င်းတို့၏ တုံ့ပြန်နိုင်စွမ်းနှင့် ပြန်လည်နလန်ထူနိုင်စွမ်း အပေါ်တွင် စမ်းသပ်မှုပြုမည်ဖြစ်ပါသည်။ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသအား သက်ရောက်လျက်ရှိသည့် ကြီးမားသည့် အရေးကိစ္စများအား ယခုကဲ့သို့ သုံးသပ်လေ့လာခြင်းသည် မြန်မာနိုင်ငံ၏ အဓိက အကြောင်းတရားများနှင့် အကြောင်းရင်းများအား ခြုံငုံလေ့လာမိစေပါသည်။ တည်နေရာအလိုက် အချက်အလက်များအပေါ်နှင့် ဒေသအပေါ် သိရှိနားလည်မှုအား အခြေခံ၍ နေရာရွေးချယ် ဖြေရှင်းဆောင်ရွက်ခြင်းများ ပြုမည်ဆိုလျှင် အဆိုပါ နယ်ပယ်ဒေသများရှိ စိန်ခေါ်ချက်များကို အလေးပေးကိုင်တွယ်၍ ရာသီဥတု အပြောင်းအလဲအပေါ် ကျင့်သားရရှိစေရန်နှင့် အကူးအပြောင်းများ စတင်မှုပြုစေရန် ဘေးသင့်နိုင်မည့် လူထုများအား အကျိုးကျေးဇူးရှိစေသော အစီအစဉ်ချ ဖြေရှင်းဆောင်ရွက်မှုများ၏ ဗဟိုချက်မကို ဖော်ဆောင်ထူထောင်သင့်ပါသည်။ ယင်းသို့ဆောင်ရွက်မည်ဆိုလျှင် ရာသီဥတု အပြောင်းအလဲအလိုက် လိုက်လျောညီထွေနေထိုင်နိုင်ရေးအတွက် ဘေးသင့်နိုင်ခြေများနှင့် အကျိုးကျေးဇူးများအပေါ်တွင် ပွင့်လင်းကာ ထင်သာမြင်သာရှိပြီးလက်လှမ်းမီနိုင်မည့် ဆက်သွယ်ဆက်ဆံပြောဆိုရေးကိစ္စရပ်များကို လိုအပ်မည်ဖြစ်ပါသည်။

နာဂစ်ဆိုင်ကလုန်း ရိုက်ခတ်ခဲ့သည့် မြို့နယ်များတွင် အကူအညီပေးရေး အဖွဲ့အစည်းဌာနများနှင့် ကူညီဖြေရှင်းပေးသည့် လုပ်ငန်းအစီအစဉ်များ မြင့်မြင့်မားမား စုဝေးနေမှုမှာ အထူးသဖြင့် ဆက်လက်၍ ရှိနေပါသည်။ နာဂစ်ဆိုင်ကလုန်းဖြစ်ပွားပြီး အနည်းဆုံး (၄)နှစ် ကြာပြီးနောက် ၂၀၁၂ခုနှစ် မှ ၂၀၁၆ခုနှစ်အတွင်း 3W ၏ အစီရင်ခံမှုပြုထားသည့် လုပ်ငန်းများအတွင်း အပေါ်ယံကြည့်ရှုမှုက ဖော်ညွှန်းပြသနေသည်မှာ ဧရာဝတီတိုင်းဒေသကြီးအတွင်း ထိခိုက်ရိုက်ခတ်မှုရှိသည့် နယ်ပယ်များအတွင်းရှိ မြို့နယ် (၄)ခုဖြစ်သော ဘိုကလေး၊ လပွတ္တာ၊ မော်လမြိုင်ကျွန်းနှင့် ဖျာပုံ မြို့နယ်များတွင်သာ အားလုံးသော လုပ်ငန်းအစီအစဉ်များ ပြုလုပ်ခဲ့သည်ဆိုသည့် အချက်ပင်ဖြစ်သည်။[၂၁] ဖြစ်နိုင်သည့် အချက်မှာ ယင်းမြို့နယ်တို့ နာဂစ်ဆိုင်ကလုန်းသက်ရောက်ခဲ့ရမှုကြောင့် ဖွံ့ဖြိုးရေးလမ်းကြောင်းများအပေါ်တွင် အပြီးတိုင် ပြောင်းလဲပစ်ခဲ့ခြင်းဖြစ်နိုင်ပြီး၊ ယင်းအချက်မှာ ၎င်းတို့ထိခိုက်လွယ်မှုဖြစ်ရပြီး 3W လုပ်ငန်းအစီအစဉ်များ စုပုံရောက်နေရခြင်းအတွက် အကြောင်းရင်းဖြစ်ပါသည်။

ပုံ (၇) ရာသီဥတု အပြောင်းအလဲအတွက် ကြိုတင်ခန့်မှန်းချက်များ -- အမျိုးသားအဆင့် ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီထွေစွာနေထိုင်ရေးအစီအစဉ်၊ ၂၀၁၂

| ၂၀၀၁ မှ ၂၀၂၀ အတွက် ခန့်မှန်းချက်များ | ၂၀၂၁ မှ ၂၀၅၀ အတွက် ခန့်မှန်းချက်များ (၂၀၀၁ နှင့် နှိုင်းယှဉ်ထား) | ၂၀၅၁ မှ ၂၁၀၀ အတွက် ခန့်မှန်းချက်များ (၂၀၀၁ နှင့် နှိုင်းယှဉ်ထား) |
|---|---|---|
| • ဧရာဝတီတိုင်းတွင် (၀.၇)ဒီဂရီဆဲလ်စီယပ်သို့ တိုးခြင်း<br>• မြန်မာနိုင်ငံ၏ မြောက်ပိုင်းနှင့် အလယ်ပိုင်းတို့တွင် မိုးတိမ်ကင်းရှင်းသော နေ့ရက်များတိုးလာကာ ပူပြင်းခြောက်သွေ့မှုအခြေအနေကို ပိုမိုဆိုးရွားစေမည်<br>• နိုင်ငံတစ်ဝှမ်းလုံးတွင် မိုးရေချိန် အမျိုးမျိုးများစွာအပြောင်းအလဲဖြစ်ပြီး ဧရာဝတီတိုင်းတွင် အနည်းငယ်သာ တိုးများမည်။ မိုးရေချိန် အပြောင်းအလဲ အမျိုးမျိုးဖြစ်ပွားမှုများကြောင့် ရေကြီးရေလျှံမှုများ နှင့် မိုးခေါင်းရေရှားမှုများ တိုးမည်။ | • ဧရာဝတီတိုင်းတွင် (၁.၄) ဒီဂရီဆဲလ်စီယပ်သို့ တိုးခြင်း<br>• ဧရာဝတီ မြစ်ဝကျွန်းပေါ်ဒေသတွင် နှစ်စဉ်မိုးရေချိန် ခန့်မှန်း (၂၅၀)မီလီမီတာ တိုးခြင်း - ပိုမိုသည်းထန်သည့် မိုးရွာသွန်းမှုကာလများ ပိုမိုရှည်လျားခြင်း<br>• ပိုမိုရှည်လျားသည့် ပူပြင်းခြောက်သွေ့သော ကာလများ | • ဧရာဝတီတိုင်းတွင် (၃.၅) ဒီဂရီဆဲလ်စီယပ်သို့ တိုးခြင်း<br>• ဧရာဝတီဒေသတွင် မိုးရေချိန် ခန့်မှန်း (၄၅၀)မီလီမီတာ တိုးခြင်း- မုတ်သုံရာသီအားနည်းသွားခြင်း၊ တိမ်ဖုံးလွှမ်းမှု လျော့နည်းခြင်းကြောင့် နှင့် မြန်မာနိုင်ငံ နေရာအများစုတွင် မိုးခေါင်ရေရှားမှုကာလများ တိုးလာခြင်းကြောင့် အခြေနေပိုမိုဆိုးရွားခြင်း |

[၂၀] မိုးလေဝသနှင့် ဇလဗေဒဦးစီဌာန၊ ပို့ဆောင်ရေးဝန်ကြီးဌာန၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောဝန်ကြီးဌာန နှင့် ကုလသမဂ္ဂ သဘာဝပတ်ဝန်းကျင် အစီအစဉ် (၂၀၁၂)။ မြန်မာနိုင်ငံ၏ အမျိုးသားအဆင့် ရာသီဥတုပြောင်းလဲမှုနှင့် လိုက်ရောညီထွေစွာနေထိုင်ရေးအစီအစဉ်။

[၂၁] The MIMU ၏ (3W) "ဘ"(၃)လုံး၊ သို့မဟုတ် ဘယ်သူက ဘာကိုလုပ်ဆောင်မည်နည်း၊ ဘယ်နေရာတွင်နည်း၊ ဆိုသည့်အချက်သည် အဖွဲ့စည်းဌာနများ၏ (အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ ကုလသမဂ္ဂ၊ ကြက်ခြေနီ) လူသားချင်းစာနာမှုနှင့် ဖွံ့ဖြိုးရေး လုပ်ဆောင်ချက်များ အကောင်အထည်ဖော်ဆောင်မှုကို ရှင်းလင်းဖော်ပြပေးသည်။ လက်ရှိတွင် အဖွဲ့ဌာန (၂၀၀) ကျော်မှ ယင်းတို့၏လုပ်ဆောင်ချက်များကို ယခုစနစ်မှတဆင့် ၆ လပြည့်တိုင်း အစီရင်ခံနေပါသည်။

# အလယ်ပိုင်း အပူပိုင်းဒေသတွင်း ရေအရင်းအမြစ် စီမံခန့်ခွဲမှု နှင့် ထိခိုက်လွယ်မှု အခြေအနေ

**ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသကဲ့သို့ပင် အလယ်ပိုင်းအပူပိုင်းဒေသအားလည်း ကျယ်ပြန့်စွာ လေ့လာမှုပြုထားပြီးဖြစ်ကာ၊ အရည်အသွေးမြင့်** မြင့်မားမားရှိသည့် သုတေသနပြုချက်ကိုလည်း အများပြည်သူသို့ ထုတ်ပြန်ပေးပြီးဖြစ်ပါသည်။ အလယ်ပိုင်းအပူပိုင်းဒေသ၏ များစွာသော ကြွန်အင်လက္ခဏာများကြောင့် ယင်း၏ အချို့သော နယ်ပယ်အပိုင်းများအတွက် ရာသီဥတုဆိုင်ရာ ဘေးဒဏ်များနှင့် ထိခိုက်မှုဖိအားများထံမှ အထူးသဖြင့်ထိခိုက်လွယ်မှုကိုဖြစ်စေပြီး၊သီးသန့်အလေးပေး၍ပေါင်းစည်းပေးသည့်ပုံစံဖြင့်ရေဝေရေလဲအတွက်စီမံကိုင်တွယ်ပေးမှုကိုလည်း လိုအပ်လျက်ရှိပါသည်။

**(၈၅၈၅၉)စတုရန်းကီလိုမီတာ (ပြည်ထောင်စုမြေပြင် အကျယ်အဝန်း၏ (၁၂.၈) ရာခိုင်နှုန်း) ရှိသော အလယ်ပိုင်းဇုန်တွင် နေထိုင်ကြသူ (၁၀.၄)သန်း တို့မှာ မြို့နယ် (၅၆)ခု အတွင်း နေထိုင်ကြရာ၊ စစ်ကိုင်း၊ မကွေး နှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် အများအားဖြင့် ဖြစ်ပါသည်။** သို့ဖြစ်သော်လည်း ထို့ကဲ့သို့သော ကြီးမားသည့် လူဦးရေထုထံမှ မျှော်လင့်ထားနိုင်သည့်အတိုင်း ရေအရင်းအမြစ်များအပေါ် စိတ်ချနိုင်သော လက်လှမ်းမီရရှိမှုမရှိခြင်းအား ကြုံတွေ့နေကြရသည်မှလွဲ၍ ၎င်းတို့၏ လူမှုပထဝီအခြေအနေများ၊ လူမှုစီးပွား အဆင့်အတန်းများ၊ သက်ဆိုင်ရာ စွမ်းရည်များနှင့် ထိခိုက်လွယ်မှုများတွင် တူညီခြင်းမရှိသကဲ့သို့ ၎င်းတို့ကြုံတွေ့နေကြရသည့် ရာသီဥတု အနေအထားများ ညီမျှမှု မရှိပါ။ ၎င်းတို့အတွက် တူညီသည့်အရာမှာ ရာသီဥတု အပြောင်းအလဲကြောင့် ပုံမှန်မဟုတ်သည့် မိုးရေချိန်များဖြစ်ကာ၊ ယင်းကြောင့် စိုက်ပျိုးရေးဆိုင်ရာနှင့် တိရစ္ဆာန်မွေးမြူရေးဆိုင်ရာ လုပ်ငန်းများအပေါ်တွင် အဆင်မပြေမှု တိုးပွားစေပါသည်။ ပုံမှန်အားဖြင့် အလယ်ပိုင်းဇုန်အတွင်း ပျမ်းမျှမိုးရေချိန်မှာ (၅၀၀ မှ ၁၀၀၀) မီလီမီတာ အတွင်းရှိပြီး၊ အခြားသော နိုင်ငံအနှံ့အတွင်း ကြုံတွေ့ကြရသည့် (၂၀၀၀ မှ ၅၀၀၀)မီလီမီတာ အောက် များစွာကျရောက်နေပါသည်။ ပူပြင်းခြောက်သွေ့သည့်ရာသီတွင် အပူချိန်မှာ (၄၀)ဒီဂရီဆဲလ်စီယပ်ထိ ရောက်လေ့ရှိပြီး ရေခိုးရေငွေ့ပျံမှု နှုန်းများမှာ မိုးရွာသွန်းသည့်နှုန်းထက် (၂)ဆ များပြားနေပါသည်။

**မိုးရေဖြင့် စိုက်ပျိုးရေးလုပ်ငန်း လုပ်ဆောင်ခြင်းမှာ ယင်းဒေသတွင်းရှိ ကျေးလက်လူထုကြီးအတွက် အသက်မွေးမှု ပင်မရင်းမြစ်အဖြစ် ဆက်လက်ရှိနေပါသည်။** နိုင်ငံ၏ ဆီထွက်သီးနှံများ၊ ပဲများ အများစု၊ နိုင်ငံ၏ ဆန်ထုတ်လုပ်မှု၏ (၅)ပုံ တစ်ပုံကျော်၊ မွေးမြူရေးတိရစ္ဆာန် ထက်ဝက်ခန့်နှင့် အားလုံးသော သိုးနှင့် ဆိတ်များ အကောင်ရေ၏ (၃)ပုံ နှစ်ပုံကျော် တို့ကို အပူပိုင်းဒေသအတွင်းမှ ထွက်ရှိခြင်း ဖြစ်ပါသည်။ ယင်းသို့ဖြစ်သည့်တိုင် အပူပိုင်းဒေသအတွင်းမှ (၅၁၅၀၀၀)ဟက်တာသော ထွန်ယက်စိုက်ပျိုးမြေ၏ (၁၆)ရာခိုင်နှုန်းအောက် ဖြစ်သည့် နည်းပါးသည့် စိုက်ပျိုးမြေအစိတ်အပိုင်းကိုသာ ဆည်မြောင်းရေ ထောက်ပံ့မှုကို အမှန်တကယ် ပေးထားနိုင်ခြင်းရှိပါသည်။[၂၂]

**ရေအရင်းအမြစ်များအတွက် ထိခိုက်လွယ်အားနည်းမှုအခြေအနေအား စနစ်တကျကိုင်တွယ်နိုင်စွမ်း မရှိခြင်းမှာ အပူပိုင်းဒေသတွင်း တည်တံ့နေသည့် ဆင်းရဲနွမ်းပါးမှုနှင့် အစားအစာ မလုံလောက်မှုတို့၏ များစွာသော ရင်းမြစ်အကြောင်းတရားပင် ဖြစ်ပါသည်။** ဆည်မြောင်းရေပေးဝေရေးဆိုင်ရာ အရင်းအနှီးများအနေဖြင့် မျှော်မှန်းထားသလောက် အလုပ်မဖြစ်သည်မှာ သိသာနိုင်လောက်သည့်အထိ ဖြစ်နေရာဝယ် -- ဥပမာအားဖြင့် ရေစုပ်ယူတင်ပို့သည့်စနစ်ဖြစ်သော ညောင်ဦး စီမံကိန်းမှာ စိုစွတ်သောရာသီတွင် ဦးတည်သတ်မှတ်ထားသည့် တည်နေရာများ၏ (၂၆)ရာခိုင်နှုန်းကိုသာ ရေလွှတ်ပေးနိုင်ပြီး၊ ပူပြင်းခြောက်သွေ့ရာသီတွင် (၁၅)ရာခိုင်နှုန်းသာ ဖြစ်ပါသည်။ ၂၀၁၂ခုနှစ် စာရင်းစစ်ချုပ်ရုံးအစီရင်ခံစာတွင် မြစ်ရေတင်ခြင်း (၆၇)ခု အနေဖြင့် ဦးတည်ထားသည့်အနက်မှ (၁၆.၃) ရာခိုင်နှုန်းသာ ဆောင်ရွက်နိုင်ခဲ့ပြီး အချို့သော ရေလှောင်တမံများနှင့် ရေလွှဲဆည်များအနေဖြင့် ရေသွင်းထောက်ပံ့မှု လုံးဝမရှိခဲ့ ဟူ၍ တွေ့ပါသည်။[၂၃]

**စွမ်းအင်နှင့် လျှပ်စစ်ဓာတ်အားတို့အား ရယူသုံးစွဲနိုင်မှု အကန့်အသတ်ဖြစ်နေခြင်းသည် ရေသွင်းရေထုတ်စနစ်များ၏ ထိရောက်မှုအား ကြီးမားစွာ အတားအဆီးဖြစ်စေပါသည်။** သန်းခေါင်စာရင်း အချက်အလက်များက ပြသည့်အချက်မှာ လျှပ်စစ်ဓာတ်အား ရယူသုံးစွဲနိုင်မှုမှာ မြို့ပြများဖြစ်သည့် မုံရွာ၊ စစ်ကိုင်း နှင့် ပခုက္ကူ မြို့နယ်တို့တွင် မြင့်မားလျက်ရှိနေကြောင်း ဖြစ်ပါသည်။ ယင်းမှာ မဟာဓာတ်အားလိုင်း တစ်ဖြည်းဖြည်းတိုးချဲ့မှုကြောင့် ဖြစ်နိုင်သော်လည်း၊ ကျေးလက်ဒေသများမှာ လျှပ်စစ်ဓာတ်အားနှင့် စွမ်းအင်ထောက်ပံ့မှု ပေးအပ်ရန်အတွက် ဦးစားပေးများဖြစ်ကြောင်း သိသာမှုရှိရာတွင် အထူးသဖြင့် အိမ်ထောင်စုများ၏ (၁၀)ရာခိုင်နှုန်းထက်နည်း၍ လျှပ်စစ်ဓာတ်အားကို ရယူသုံးစွဲနိုင်ကြသည့် နေရာများအတွက် ဖြစ်ပါသည် (မကွေးတိုင်းဒေသကြီးတွင် ဆင်ပေါင်ဝဲ၊ နတ်မောက်၊ ပေါက်၊ မြိုင်၊ မြို့သစ်၊ ကံမ နှင့် မင်းတုန်း၊ နှင့် စစ်ကိုင်းတိုင်းဒေသကြီးတွင် အရာတော်၊ ဒီပဲယင်း နှင့် ကနီ)။

**ဆည်မြောင်းဆိုင်ရာ အစိုးရထောက်ပံ့မှုများရှိထားသော်လည်း၊ ယင်းကဲ့သို့သော ကြီးမားသည့် အများပြည်သူအသုံးစရိတ်များမှာ များစွာသော စိုက်ပျိုးရေးသမားများအတွက် ဈေးကြီးလွန်းနေပါသေးသည်။** ၂၀၁၃ခုနှစ်အတွင်း ရေစုပ်စနစ်ဖြင့် ရေသွင်းပေးရေး စီမံကိန်းများအတွက် စိုက်ပျိုးရေးဝန်ကြီးဌာနက ခန့်မှန်းတွက်ချက်ထားသော လုပ်ငန်းဆောင်ရွက်ရန် အကုန်အကျမှာ တစ်ဧကလျှင် (၄၀၀၀၀ မှ ၄၅၀၀၀) ကျပ်ဖြစ်ပြီး၊ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်ကြသူများအနေဖြင့် ပူပြင်းခြောက်သွေ့ရာသီတွင် သီးနှံများ ရေပြည့်ဝစွာရရှိစေရေးအတွက် တစ်ဧကလျှင် (၆၀၀၀ မှ ၉၀၀၀) ကျပ် ပုံမှန် ပေးခဲ့ရပါသည်။[၂၄] IWMI ၏ လူမှုပတ်ဝန်းကျင်ဆိုင်ရာ စစ်တမ်းကောက်ယူမှုအရ အဆိုပါ ရေအရင်းအမြစ်များကို ဖြန့်ဖြူးပေးခြင်းပုံစံမှာ ညီမျှမှုမရှိခြင်း အလွန်မင်းဖြစ်နေကာ ရေဖြန့်ဖြူးပေးမှုအား စည်းကမ်းကြပ်မတ်ပေးရန် နှင့် ညှိနှိုင်းဆောင်ရွက်ပေးရန် လုံလောက်သော ဖွဲ့စည်းမှုပုံစံများမရှိသောကြောင့် စိုက်ပျိုးရေး လုပ်ငန်းကြီးနှင့် လုပ်ငန်းသေး လုပ်ကိုင်ကြသည့်သူများအကြား ပဋိပက္ခများ ဖြစ်ပွားစေကြောင်း ဖြစ်ပါသည်။ အဆိုပါအကြောင်းတရားများက ဖော်ပြနေသည်မှာ ထိခိုက်လွယ်မှုအဆင့်များ ကို လျှော့ချနိုင်ရန် အဆိုပါဒေသများအတွင်း ပြည်သူလူထုဆိုင်ရာ အသုံးစရိတ်များကို ပိုမို၍ ထိရောက်စွာ ခွဲတမ်းပြု၍ စီမံကိုင်တွယ်ရန် လိုအပ်ကြောင်း ဖြစ်ပါသည်။

[၂၂] Johnston R. et al. (၂၀၁၅)။ အစားအစာဖူလုံမှုရှိစေရန်၊ အသက်မွေးဝမ်းကျောင်းမှုနှင့် ကျန်းမာရေးအတွက် မြန်မာနိုင်ငံ၏ အပူပိုင်းဒေသတွင် ရေအရင်းအမြစ်စီမံခန့်ခွဲရာတွင် တိုးတက်စေခြင်း။ နိုင်ငံတကာ ရေအရင်းအမြစ်စီမံခန့်ခွဲခြင်း အင်စတီကျူ။

[၂၃] အထက်တွင်ရည်ညွှန်းထားပြီးဖြစ်သည်။

[၂၄] အထက်တွင်ရည်ညွှန်းထားပြီးဖြစ်သည်။

အပူပိုင်းဒေသတွင် မြေအောက်ရေများမှာ ယခင်က ယူဆထားသည့်အတိုင်း များပြားကြီးမားစွာမရှိပါ။ အဆိုပါ မြေအောက်ရေရင်းမြစ်များကို ရေရှည်တည်တံ့မည့်ပုံစံဖြင့် အသုံးပြုခြင်းစနစ်မှာ လက်ရှိမြေပေါ်တွင် သိုမှီးနေသည့် ရေထုထည်ပမာဏ (၅၀)ရာခိုင်နှုန်းသာ ထုတ်လုပ်ပေးပါလိမ့်မည်။ ယင်းအားဖြင့် စပါးခင်းများ ဆက်လက်တိုးချဲ့၍ ရေသွင်းရန်မရှိလျှင်၊ ထို့ပြင် ရေရှည်တည်တံ့ရေးစဉ်းစားလျက် အများဆုံးထုတ်သုံးနိုင်သည့် မြေအောက်ရေအားထုတ်ယူပြီး အပူပိုင်းဒေသ၏ (၂၆.၃) ရာခိုင်နှုန်းအထိအား ရေသွင်းပေးနိုင်ပေးနိုင်လိမ့်မည်ဖြစ်ပါသည်။[၂၅]

ရာသီဥတု အပြောင်းအလဲကြောင့် မုတ်သုံရာသီကို စောစီးစွာ ကုန်ဆုံးစေပြီး အပူပိုင်းခြောက်သွေ့ဇုန်ဒေသရှိ နယ်ပယ်များအတွင်း ပြင်းထန်ပြီး သိသာထင်ရှားသည့် ရေကြီးရေလျှံမှု အတွဲလိုက်တစ်သီတစ်တန်းကို ဖြစ်ပေါ်စေပါသည်။ နာဂစ်ဆိုင်ကလုန်း၊ ၂၀၁၁ခုနှစ်တွင်း ပခုက္ကူ ရေကြီးခြင်း နှင့် ၂၀၁၅ ခုနှစ်အတွင်း ကြီးမားသည့် ရေကြီးရေလျှံမှုတို့ပါဝင်သည့် မကြာခင်ကဖြစ်သည့် ဖြစ်စဉ်ဖြစ်ရပ်များသည် ပွင့်ဖြူတွင် လူပေါင်း (၁၅၄၇၈)ဦး (လူဦးရေ၏ ၇၀.၅%) တို့အား နေရပ်စွန့်ခွာရွှေ့ပြောင်းစေပြီး အိမ်ပေါင်း (၂၅၃၅၈) လုံးအား ရေဖုံးလွှမ်းစေခဲ့ပါသည်။[၂၇] အပူပိုင်းဒေသတွင်းရှိ များစွာသော ရေစီမံခန့်ခွဲရေးဆိုင်ရာ အခြေခံအဆောက်အအုံများအား ထိုကဲ့သို့သော များပြားသည့် မိုးရေချိန်ရွာသွန်းမှုအား ခံနိုင်ရည်ရှိရန် ဆောက်လုပ်ထားခြင်းမဟုတ်ဘဲ၊ ရေပိုလွှဲများမှာလည်း ပုံမှန်အားဖြင့် မှန်ကန်သင့်တော်စွာ ပုံစံပြုထားခြင်းမရှိခြင်း နှင့်/သို့ ရေကြီးရေလျှံမှုကို ကိုင်တွယ်နိုင်ရန် ပုံစံပြုထားခြင်း မရှိပေ။

ပုံ (၈) နှစ်စဉ် မိုးရေချိန် – AWP ၂၀၁၇ [၂၆]




ထို့ကဲ့သို့ဖြစ်နေစဉ် သစ်တောပြုန်းတီးခြင်း၊ စားကျက်မြေအသုံးပြုမှုလွန်ကဲခြင်း၊ ထင်းစိုက်ရန် သစ်များအလွန်အကျွံခုတ်ယူခြင်း နှင့် အားနည်းသည့် စိုက်ပျိုးရေးအလေ့အထများတို့ကြောင့် မြေဆီလွှာအား တိုက်စားမှုဖြစ်စေကာ မြေပြင်ကောင်းမွန်ခြင်းမရှိတော့ခြင်းတို့ ဖြစ်စေပါသည်။ စိုက်ပျိုးမြေအဖြစ်မှ ကန္တာရဆန်မှု တိုးပွားလာခြင်းကြောင့် အသုံးဝင်သည့်မြေပြင်အားဆုံးရှုံးရခြင်းနှင့် ရေစီးရေလာမှုပိုမိုအားနည်းသွားသောကြောင့် တူးမြောင်းများအတွင်း အနည်ထိုင်မှု လွန်ကဲစေခြင်း၊ ယင်းမှတစ်ဆင့် ရေစုပ်စက်များအား ပျက်စီးမှုဖြစ်စေခြင်းနှင့် ဒေသတွင်း စီးဆင်းနေသည့် မြစ်များအား လမ်းကြောင်းပေးရန် ခက်ခဲမှုတိုးပွားလာခြင်းတို့ ဖြစ်စေပါသည်။

အချက်အလက်အပေါ် အခြေခံ၍ ဆုံးဖြတ်ခြင်းလုပ်ငန်းစဉ်သည် ရေနှင့်ဆိုင်သော အချက်အလက်များမရှိခြင်းနှင့် အစိတ်အပိုင်းလိုက်ခွဲ၍ ရေအရင်းအမြစ်စီမံကိုင်တွယ်မှုပြုခြင်း တို့ကြောင့် နှောင့်နှေးမှုဖြစ်နေရပါသည်။ အစိုးရဌာန အနည်းဆုံး (၁၅)ခုတို့သည် တစ်နည်းတစ်ဖုံဖြင့် ရေအရင်းအမြစ်စီမံခန့်ခွဲမှု တာဝန်ကို ယူထားကြပြီး၊ ရေနှင့်သက်ဆိုင်သော အချက်အလက်များမှာ အစိုးရဌာနများအတွင်း၊ ခရိုင်များအတွင်း နှင့် ဆည်မြောင်းဆိုင်ရာ စီမံချက်များအတွင်း ပျံ့နှံ့လျက်ရှိကြပါသည်။ ပြည်သူလူထုဆိုင်ရာ ရေအရင်းအမြစ်စီမံခန့်ခွဲမှုအား ပေါင်းစည်းဆောင်ရွက်မှုပြုရန်မှာ (WASH) နှင့်သက်ဆိုင်သော အရေးကြီး ထောက်ခံအကြံပြုချက်များထဲမှ တစ်ခုဖြစ်ကာ၊ ရေကြီးရေလျှံမှုဖြစ်ပွားပြီး-မြေပြိုမှုဖြစ်ပွားပြီး လိုအပ်ရာများကို သုံးသပ်အကဲဖြတ်ခြင်းနှင့် ၂၀၁၅ခုနှစ် ပြည်ထောင်စုအဝှမ်း ရေကြီးရေလျှံမှုအတွက် အမျိုးသား ပြန်လည်ထူထောင်ရေးမူဘောင်နှင့် အစီအစဉ်တို့တွင် ဖော်ပြထားခြင်းဖြစ်ပါသည်။

များမကြာခင်က နှစ်အနည်းငယ်အတွင်း အချို့သော တိုးတက်ဖြစ်ထွန်းမှုများ ဆောင်ရွက်ထားနိုင်ခဲ့ရာ ရေအရင်းအမြစ်များဆိုင်ရာ အစီအစဉ်ချမှတ်ရေးနှင့် သတင်းအချက်အလက်ဖြန့်ဖြူးခြင်းတို့ကို ပေါင်းစပ်ညှိနှိုင်းပေးရန် အမျိုးသား ရေအရင်းအမြစ်များ ကော်မတီ အပါအဝင်ဖြစ်၍၊ ထို့ပြင် သီးသန့်ဖြစ်သော ရေအရင်းအမြစ်များ စီမံခန့်ခွဲမှုဆိုင်ရာ စီမံကိန်းများအတွက် အလှူရှင်များ၏ သိသာထင်ရှားသော အဆင့်များအထိ အကူအညီပေးအပ်ခြင်းလည်း ပါဝင်ပါသည်။ ခေတ်မီသော ဆောင်ရွက်မှုနည်းလမ်းများပါသည့် ထိရောက်၍ ဘက်စုံလွှမ်းခြုံမှုရှိသည့် ရေနှင့်ဆက်ဆိုင်သည့် စီမံခန့်ခွဲမှုစနစ်တစ်ခုအတွက်မှသည် ကွန်ရက်အချိတ်အဆက်များ၊ အချက်အလက်ကောက်ယူ ဆန်းစစ်မှုတို့ကို စောင့်ကြည့်လေ့လာခြင်းအထိ လိုအပ်မှုရှိနေရာ IMWI မှ ထောက်ခံအကြံပြုထားသည့် အတိုင်း ရေအရင်းအမြစ်များကို လွန်ကဲစွာ ထုတ်ယူအသုံးချခြင်းမှ ရှောင်ရှားနိုင်ရန်နှင့် အပူပိုင်းဒေသအတွင်း ဘေးအန္တရာယ်တွေ့ကြုံနိုင်ခြေကို လျှော့ချနိုင်ရန်အတွက် ဖြစ်ပါသည်။

အပူပိုင်းခြောက်သွေ့ဇုန်ဒေသတွင်းတွင် ကျန်းမာရေးဆိုင်ရာ ဖြေရှင်းဆောင်ရွက်မှုစီမံကိန်းများက တင်ပြပါ ဌာနများအပေါ်တွင် စိုးမိုးခြယ်လှယ်ထားလျက် ရှိနေပါသေးသည်။ ပိုမိုအခြေအနေကောင်းပြီး ပိုမိုမြို့ပြဆန်သည့် နေရာများဖြစ်သည့် ပခုက္ကူ၊ ရေနံချောင်း၊ မိတ္ထီလာ နှင့် မုံရွာတို့တွင် အဖွဲ့အစည်းဌာနဆိုင်ရာများ၏ လုပ်ငန်းစီမံချက်များ ပိုမိုသိပ်သည်းစွာ ရှိနေခြင်းက ထိုနယ်ပယ်များ၏ လူဦးရေထုထပ်မှုအား ဖော်ညွှန်းပြသရမည့်အစား ဘေးအန္တရာယ်တွေ့ကြုံနိုင်ခြေကို လျှော့၍ ဖော်ညွှန်းပေးနေသည့် ပုံစံဖြစ်နေပါသည်။

---

[၂၅] အထက်တွင်ရည်ညွှန်းထားပြီးဖြစ်သည်။
[၂၆] Drury, L.W.,မြန်မာနိုင်ငံအလယ်ပိုင်း-အပူပိုင်းဒေသ၏ ဇလဘူမိဗေဒ။ The Australian Water Partnership (၂၀၁၇)။
[၂၇] အရေးပေါ်စီမံခန့်ခွဲမှုဗဟိုဌာန(၂၀၁၅)။ ၂၀၁၅ ရေကြီးခြင်းနှင့် မြေပြိုခြင်းအပေါ် အမျိုးသား သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီအခြေနေဖြစ်ရပ်အစီရင်ခံစာ (#၁-၆)၊ နေပြည်တော် အမျိုးသား သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီ။

အပူပိုင်းခြောက်သွေ့ဇုန်ဒေသအတွင်းဘေးအန္တရာယ်တွေ့နိုင်ခြေအဆင့်များအားလျော့ချမည်ဆိုလျှင်များစွာသောအရေးကိစ္စများအပေါ်တွင် အလေးပေးအာရုံစိုက်မှုလိုအပ်မည်ဖြစ်ရာ IMWI နှင့် LIFT တို့ သတ်မှတ်ဖော်ထုတ်မှုပြုထားသည့် ထိရောက်သည့် ရေနှင့်သက်ဆိုင်သည့် စီမံခန့်ခွဲမှုအတွက် ဦးစားပေး ရင်းနှီးမြှုပ်နှံရမည့်အရာများ အပါအဝင်ဖြစ်နေပါသည်။

- ပိုမို နက်ရှိုင်းပြီး တည်နေရာကောင်းစွာချထားသည့် ဆည်များ နှင့် ရေထုတ်ယူသုံးစွဲရေး အဆောက်အအုံများကဲ့သို့သော ပိုမိုကြီးမားသည့် အခြေခံအဆောက်အအုံပိုင်းဆိုင်ရာ လုပ်ငန်းများအတွက် ဆောက်လုပ်ရေးနှင့် ပြုပြင်ထိန်းသိမ်းထားရှိရေးတို့ကို ဖြစ်ထွန်းလာစေရန် ပိုမိုပမာဏကြီးမားပြီး၊ လူထုအသိုင်းအဝိုင်းအခြေပြု လုပ်ငန်းခွင့်ပြုငွေ (သို့) ချေးငှားမှုအပေါ် အခြေခံသည့် ဘဏ္ဍာရေး ထောက်ပံ့မှုဆိုင်ရာ အစီအမံများအား ထူထောင်ဖော်ဆောင်ခြင်း။
- ဝေးလံခေါင်းပါးသည့် တည်နေရာများအတွင်း ကုန်ကျသည့် လုပ်သားအင်အားအတွက်သာမက သယ်ယူပို့ဆောင်ရေးနှင့် အခြားသော လုပ်ငန်းပိုင်းဆိုင်ရာ ကုန်ကျစရိတ်များအတွက် မရှိမဖြစ် ဘတ်ဂျက်ချထားပေးရေး အပါအဝင်ဖြစ်သည့် စိုက်ပျိုးရေးတိုးချဲ့မှုဆိုင်ရာ ဝန်ဆောင်မှုများအတွင်း ထပ်ဆင့် ရင်းနှီးမြှုပ်နှံမှု။
- အစိုးရဌာနများနှင့် အစိုးရမဟုတ်သည့် အဖွဲ့အစည်းများအတွက် အချက်အလက်အခြေခံ ဆုံးဖြတ်ချက်ချသည့် လုပ်ငန်းစဉ်အား အကူအညီဖြစ်စေရန် သုတေသနပြုခြင်း၊ အချက်အလက် ဆန်းစစ်လေ့လာခြင်း နှင့် တွေ့ရှိချက်အထောက်အထားကို ဖြန့်ဖြူးဝေမျှပေးခြင်းတို့အတွက် ထပ်ဆင့် ငွေကြေးခွဲတမ်းများ ချထားပေးရေး (ယင်းတွင် အချက်အလက်များကို ပိုမိုပျံ့နှံ့မှုရှိအောင် ဝေမျှပေးခြင်းနှင့် သတင်းအချက်အလက်များကို ပေါင်းစပ်ညှိနှိုင်း၍ တစ်ပေါင်းတစ်စည်းတည်းထားရှိရေးတို့ ပါဝင်သည်)။
- ရေအရင်းအမြစ် စီမံခန့်ခွဲမှုကို တစ်ပေါင်းတစ်စည်းတည်းထားရှိရေး -- ရေအားလျှပ်စစ်ဆည်များ၊ ဆည်မြောင်းရေသွင်းထုတ်မှုနှင့် အခြား အရေးပါသည့် အခြေခံအဆောက်အအုံများ အပါအဝင်ဖြစ်ကာ နိုင်ငံတော်အဆင့် ကော်မတီတစ်ရပ် (သို့) နှစ်ရပ်၏ လက်အောက်တွင်ထားရှိရေး (ရာသီဥတု အပြောင်းအလဲနှင့်အညီ လိုက်လျောညီထွေမှုအရေး ကော်မတီနှင့် ရေနှောက်ယှဉ်တွဲလျက်ဖြစ်ကောင်းဖြစ်မည်) နယ်မြေတွင်းအဆင့်တွင် အခြားနေရာကိစ္စများအတွက် ချမှတ်ထားသည့် ရေဝေရေလဲ စီမံခန့်ခွဲရေးဆိုင်ရာ မဟာဗျူဟာများအပေါ် အသေးစိတ် သုံးသပ်မှုပြုသင့်ပါသည်။
- မက်လုံးပေးဆွဲဆောင်ခြင်း (ပြည်သူ့ရန်ပုံငွေမှ (သို့) ဌာနရန်ပုံငွေမှ) ကို ဆန်စပါးနှင့် တိရစ္ဆာန်ကြီးများ (ကျွဲနွား နှင့် သိုးဆိတ်တို့မှာ အထူးသဖြင့် ရေများစွာလိုအပ်) မှ ပိုမို မျိုးကွဲစုံလင်သည့် အရာများဖြစ်သည့် ဆီထွက်သီးနှံ၊ အခွံမာသီးများ၊ ကြက်ဘဲ နှင့် စိုက်ပျိုးရေးမှ မဟုတ်သည့် ဝင်ငွေ စသည်တို့အပေါ် ပိုမိုတိုးများလာစေရန် ပြုလုပ်ပေးခြင်း။
- စီးပွားရေးဆိုင်ရာ လမ်းကြောင်းနည်းလမ်းများမှတစ်ဆင့် မြေဆီလွှာနှင့် ရေ ထိန်းသိမ်းစောင့်ရှောက်ရေး အစီအမံများကို ဦးစားပေး အစီအစဉ်သတ်မှတ်ခြင်း၊ ယင်းတွင် ပါဝင်မည်မှာ ထင်းလောင်စာအပေါ် မှီခိုအားထားမှုလျော့ချရန် မဟာဓာတ်အားလိုင်း ချဲ့ထွင်ပေးခြင်း၊ တရားမဝင် သစ်တောခုတ်ယူခြင်းများကို ပြစ်ဒဏ်စီရင် ထိန်းသိမ်းအရေးယူဆောင်ရွက်ခြင်းနှင့် သစ်တောပင်များအား ထိန်းသိမ်းသည့် စိုက်ပျိုးရေးလုပ်ငန်းများကို သစ်တောပြန်လည်ဖုံးလွှမ်းရေး (ရေကြီးရေလျှံမှုအား ထိန်းချုပ်ရေးအတွက်လည်း တိုးတက်ကောင်းမွန်မည်) အား ဖြစ်ပေါ်စေရန်အတွက် ထူထောင်ထားရှိခြင်းတို့ ဖြစ်ပါသည်။

သုံးသပ်ကောက်ချက်ချရလျှင် ဆိုင်ကလုန်းမုန်တိုင်းများ/မုန်တိုင်းများ၊ ရေကြီးရေလျှံမှုများနှင့် ပြောင်းလဲလာသော မိုးလေဝသဆိုင်ရာ ဖြစ်စဉ်ပုံစံများ စသော ကြီးမားသည့် ရာသီဥတုဆိုင်ရာ ကပ်ဘေးဆိုက်မှုနှင့် ဖိအားများ၏ ဘေးဒဏ်သင့်နိုင်ခြေများစွာအပေါ် ထိခိုက်လွယ်မှုရှိနေကြသော အိမ်ထောင်စုများသည် ကျရောက်မှုနှင့် ခံစားရမှု အများဆုံး ဖြစ်နေကြပါသည်။ အတူတကွဖြစ်ပြီး ပေါင်းစပ်ညှိ နှိုင်း၍ ကြိုတင်ပြင်ဆင်မှုဆိုင်ရာ ကြိုးပမ်းအားထုတ်မှုများအား လိုအပ်မည်ဖြစ်ရာ နိုင်ငံတော်အဆင့် နှင့် ဒေသန္တရအဆင့်တို့တွင်ဖြစ်ပြီး ကျေးလက်နေ လူထုများအတွက် အကူအညီဖြစ်စေရန်အတွက် နေထိုင်မှုအခြေအနေများကို မြှင့်တင်ပေးခြင်းအားဖြင့်သော်လည်းကောင်းနှင့် ဘေးဒဏ်ခံနိုင်ရည်ရှိသည့် အမိုးအကာအဆောက်အအုံများ ဆောက်လုပ်ခြင်းအားဖြင့်သော်လည်းကောင်း ဖြစ်ပါသည်။


မူဝါဒချမှတ်ကြသူများအနေဖြင့် ရာသီဥတုပြောင်းလဲခြင်းနှင့်အညီ လိုက်လျောညီထွေနေထိုင်ရန် ဆောင်ရွက်မှုလုပ်ငန်းများကို အကုန်အကျများသည်ဟု မထင်မြင်ဘဲ "ကာကွယ်စောင့်ရှောက်မှု နှင့် အကျိုးဖြစ်ထွန်းမှု" ဆိုင်ရာ ရင်းနှီးထည့်ဝင်မှုများ အဖြစ် စဉ်းစားသုံးသပ်သင့်ပေသည်။ အသစ်သော နည်းပညာများနှင့် ရင်းနှီးမြှုပ်နှံမှုများဆိုရာဝယ် အဆုံးတွင် ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်သော များစွာသောသူတို့အတွက် ကြီးမားသည့် စီးပွားရေးဆိုင်ရာ အခွင့်အလမ်းတစ်ရပ်ကို ကိုယ်စားပြုပေးမည်ဖြစ်ပါသည်။ ရင်းနှီးမြှုပ်နှံမှုကို လိုအပ်ရာတွင် အကြံပြုထားသည့် ဖြေရှင်းနည်းလမ်းများ၏ ထိရောက်မှုပမာဏကို အသေးစိတ် လေ့လာဆန်းစစ်ခြင်းအတွက် သင့်တော်မှန်ကန်သော စောင့်ကြည့်လေ့လာခြင်းနှင့် ပြန်လည်သုံးသပ်အကဲဖြတ်ခြင်းလုပ်ငန်းပါဝင်သည့် ထပ်တလဲလဲပြုလုပ်ရသည့် အတွေ့အကြုံအပေါ်လေ့လာနိုင်မည့် အစီအစဉ်များ ရေးဆွဲဖော်ဆောင်ခြင်း အတွက်ဖြစ်ပါသည်။ အလားအလာရှိသော ဖြေရှင်းနည်းလမ်းများအား ထပ်ဆင့်၍ ပြန်လည်ပုံစံပြုခြင်းအား စမ်းသပ်သုံးစွဲကြည့်ရန်သင့်ပြီး၊ ပြည်ထောင်စုတစ်ဝှမ်းလုံးအတွင်း များပြားလှသည့် နောက်ခံအခြေအနေအရပ်ရပ်အတွက် လုံလောက်မျှတသော လိုက်လျောညီထွေမှုရှိစေရန်အတွက် ဖြစ်ပါသည်။

ရာသီဥတုပြောင်းလဲမှု၊ ရေနှင့်ဆိုင်သော မိုးလေသဝဆိုင်ရာ ပြင်းထန်သည့် ဖြစ်စဉ်ဖြစ်ရပ်များတို့ကြောင့်ဖြစ်သည့် စီးပွားရေးဆိုင်ရာ များစွာသော အကျိုးဆက်များနှင့် ဘေးသင့်နိုင်ခြေများကြောင့် သီးသန့်အလားအလာအဖြစ် လူသားအပေါ် အခြားရိုက်ခတ်သက်ရောက်မှုများ ဖြစ်ပွားနိုင်ခြေမှာ နိုင်ငံအတွင်း လက်ရှိဖြစ်ပွားလျက်ရှိသည့် ပဋိပက္ခများနှင့် ရှည်ကြာသော ကြပ်တည်းမှုများတို့ထက် ပိုမိုကြီးမားသည့် အတိုင်းအတာရှိနေပါသည်။ မကြာသေးမီက နောက်ဆုံးဖြစ်ပွားထားသည့် ကြီးမားသည့် ရာသီဥတုဆိုင်ရာ ဖြစ်စဉ်ဖြစ်ရပ်များ (ပြည်ထောင်စုအဝှမ်း ၂၀၁၅ခုနှစ် ရေကြီးရေလျှံမှု) သည် လူပေါင်း (၁.၆)သန်း ကို နေရပ်စွန့်ခွာ ရွှေ့ပြောင်းမှုဖြစ်စေခဲ့ပြီး၊ ယင်းမှာ ပဋိပက္ခကြောင့် နေရပ်စွန့်ခွာခဲ့ကြရသည့် ခန့်မှန်းလူဦးရေထက် (၁)သန်း နီးပါး ပိုမိုနေပါသည်။ ပြန်လည်နလန်ထူရန် လုံလောက်မှုမရှိသော ရင်းနှီးမြှုပ်နှံဆောင်ရွက်မှုနှင့်အတူ ရေကြီးရေလျှံမှုနှင့် မြေပြိုမှုကြောင့် ထိခိုက်ခံရသည် လူများအတွက် ရေရှည် နေရပ်စွန့်ခွာရွှေ့ပြောင်းမှုဖြစ် နိုင်ခြေလည်းရှိနေရာ၊ ပိုင်ဆိုင်မှုအတွက် တရားဝင်အထောက်အထားဆိုင်ရာများရှိထားကြသည့် သူများအတွက်ပင်ဖြစ်နေပါသည်။

ဘေးဒုက္ခကြုံတွေ့မှုများအတွင်း အိမ်ထောင်စုများ ကြွေးတင်ရှိခြင်းကိစ္စနှင့် ယင်းကြောင့် လူများအား ဆင်းရဲနွမ်းပါးမှု သံသရာတွင်း ပိတ်မိနိုင်ခြေရှိမှုကို အလေးပေးဖြေရှင်းပေးရန် ကြိုးပမ်းမှုများ လိုအပ်နေပါသည်။ ၂၀၁၅ခုနှစ် ရေကြီးရေလျှံမှုများ[၂၈] နောက်ပိုင်း Pact က ဆောင်ရွက်ခဲ့သည့်နည်းတူ အဆင့်ဆင့်သော လုပ်ဆောင်မှုများသည် (ဥပမာ - ဘေးဒဏ်သင့် နေရာများတွင် တင်ရှိနေသော ချေးငွေများကို အခြားနည်းဖြင့် နောက်ပိုင်းတွင် ပြန်လည်ပေးဆပ်ရန် စီစဉ်ခြင်း၊ အချို့သော ငွေချေးယူနေကြသူများကို အရင်းအနှီးမတည်ငွေများ ပြန်လည်ထုထောင်ပေးခြင်း) အိမ်ထောင်စုများ မြန်ဆန်စွာ ပြန်လည်နလန်ထူနိုင်ရန်နှင့် ဆင်းရဲနွမ်းပါးမှု သံသရာအား ရှောင်ရှားနိုင်စေရန် အားပေးမှုဖြစ်စေပါသည်။ ယခုကိစ္စနှင့် ဖိလစ်ပိုင်နိုင်ငံတွင် Haiyan တိုင်ဖုန်းတိုက်ခတ်မှုအတွင်း အသေးစားချေးငွေ အဖွဲ့အစည်းများ၏ အတွေ့အကြုံတို့က

[၂၈] Jason Meikle ကိုယ်ရေးကိုယ်တာဆက်သွယ်ပြောဆိုခြင်း၊ နိုဝင်ဘာ ၂၀၁၆

ပုံ (၉) MIMU 3W - အပူပိုင်းဒေသတွင်း အဖွဲ့အစည်း၏ လုပ်ငန်းဆောင်တာများ



ဖော်ပြနေသည်မှာ ငွေချေးငှားပေးသူများအတွက် ဘေးဒုက္ခများသည် ဆုံးရှုံးမှုများကို ဖြစ်ပေါ်စေနိုင်သော်လည်း၊ ယင်းဆုံးရှုံးမှုများကို လူ့အဖွဲ့အစည်းအလိုက်အဆင့်အတွင်း လျှော့ချပေးနိုင်ခြေရှိပြီး၊ ကိစ္စရပ်တစ်ခုလုံးအတွက် အာမခံချက်ပေးသော အစီအစဉ်အသီးသီးတို့အတွက် ရင်းနှီးထည့်ဝင်မှုမှာ အရေးပါသည့် လုပ်ဆောင်ချက်ခြေလှမ်း ဖြစ်နိုင်ပါသည်။ ထို့ပြင် အကြွေးလျှော်ပေးခြင်းမှာ ပုံမှန်အားဖြင့် ရှားပါးသည့်ကိစ္စဖြစ်ပြီး အရေးကိစ္စများအတွက် အဆုံးအစွန်ဆုံးဖြစ်သည့်အနေအထားမှအပ လိုအပ်မှုမရှိနိုင်ပါ။

**ဖြေရှင်းဆောင်ရွက်မှုပြုသည့် စီမံကိန်းများအား ပုံစံပြုခြင်းနှင့် အကောင်အထည်ဖော်ဆောင်ခြင်းတို့တွင် ပိုမိုမြင့်မားပြီး ခိုင်မာမှုရှိသည့် ဗဟိုမှထိန်းချုပ်မှုနှင့်တကွ အမျိုးသားအဆင့် စီမံရေး နှင့် ဒေသန္တရအဆင့် လိုက်လျောညီထွေမှုရှိရေးနှင့် ပါဝင်ဆောင်ရွက်ရေးတို့ အားလုံးရှိထားရန် လိုအပ်ချက်တစ်ရပ်ရှိနေပါသည်။** အမျိုးသားအဆင့်အတွက် ရာသီဥတုဆိုင်ရာ ဘေးအန္တရာယ်ဖြစ်နိုင်ခြေများနှင့် သဘာဝဘေးအန္တရာယ်များကို မည်သို့ စနစ်တကျကိုင်တွယ်စီမံမည်ဆိုသည်ကို အစိုးရဘက်မှ ပိုမိုရှင်းလင်းစွာသတ်မှတ်ပေးရန် လိုအပ်ပါသည်။ ဒေသန္တရ အချက်အလက်များ (နှင့် ယင်းအား ကောက်ယူပြီး သတ်မှတ်အသုံးချခြင်း) ကို အသုံးပြုခြင်းမှာ နည်းပါးလျက်ရှိရာ- အမျိုးသား အဆင့် ပေါင်းစပ်ညှိနှိုင်းခြင်းအတွင်း ယင်းသို့ဟာကွက်ဖြစ်နေမှုက ဒေသန္တရအဆင့်တွင် စမ်းသပ်လေ့လာခြင်းနှင့် လိုက်လျောညီထွေမှုရှိရေးအတွက် ဆောင်ရွက်ရန် များစွာတို့ကိုပေါ်ပေါက်စေသော်လည်း၊ ဖြေရှင်းဆောင်ရွက်ပေးသည့် စီမံကိန်းများကို ပမာဏအတိုင်းအတာအလိုက် သတ်မှတ်ပေးခြင်းမှ အစိုးရက အကျိုးများရယူနိုင်ရန် အမျိုးသားအဆင့် (သို့) ဒေသတွင်းအဆင့် တို့တွင် ဖြေရှင်းဆောင်ရွက်ရေး စီမံကိန်းများအား ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်မှုမရှိဟုလည်း ဆိုလိုနိုင်ပါသည်။

**ဒေသန္တရအဆင့်တွင် မကြာသေးမီက စစ်တမ်းလေ့လာမှုများက အထူးသဖြင့် ဆိုင်ကလုန်းမုန်တိုင်းများ၏ သက်ရောက်ရိုက်ခတ်မှုကို လျှော့ချပေးနိုင်ရန်အတွက် များစွာသော ထောက်ခံအကြံပြုချက်များကို စုဆောင်းမှုပြုလုပ်ပေးခဲ့ပါသည်။** ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသတွင်း ထိခိုက်လွယ်မှုနှင့် ဘေးဒဏ်ခံနိုင်မှုဆိုင်ရာ သုံးသပ်အကဲဖြတ်ချက်၊ ထို့နည်းတူ REACH ၏ ရခိုင်ပြည်နယ်တွင်း ဘေးဒဏ်သင့်နိုင်ခြေ လျှော့ချရေးအတွက် အသိပညာ၊ သဘောထားများနှင့် အလေ့အထလုပ်နည်းစနစ်များ (KAP) အပေါ် လေ့လာမှုတစ်ရပ် စသည့် နှစ်မျိုးစလုံးကို ၂၀၁၅ခုနှစ်အတွင်း ထုတ်ဝေမှုပြုလုပ်ခဲ့ပြီး၊ ယင်းတို့အားဖြင့် အချို့သော အသုံးဝင်သည့် အချက်အလက်များကို လေ့လာတွေ့ ရှိခဲ့ပါသည်။ စစ်တမ်းကောက်ယူမှုပြုလုပ်သည့်နယ်မြေမှာ ရခိုင်ပြည်နယ်မြောက်ပိုင်းဖြစ်ရာတွင် ယင်းသည် နိုင်ငံအတွင်း ထိခိုက်လွယ်မှု အရှိဆုံး နယ်မြေများထဲမှ တစ်ခုဖြစ်ပြီး ကောင်းကျိုးချမ်းသာအဆင့် အနိမ့်ဆုံးအဆင့်များ အချို့ရှိနေလျက် (ဥပမာ ပေါက်တော) ထိခိုက်လွယ်မှု အရှိဆုံးသော လူများ (ဥပမာ မောင်တော) တို့ရှိနေရာ၊ ထိုအချက်တို့ကို စွဲမှတ်လျက် REACH စစ်တမ်းလေ့လာမှုကတွေ့ရှိခဲ့သည်မှာ --

- (၇၅) ရာခိုင်နှုန်းသော အိမ်ထောင်စုများက တင်ပြသည်မှာ ၎င်းတို့၏ အရေးကြီး စာရွက်စာတမ်းကို တစ်နေရာတွင် လုံခြုံစွာ ထားရှိသည်၊ (၄၈) ရာခိုင်နှုန်းတို့တွင် အရေးပေါ် စားနပ်ရိက္ခာများ ထားရှိသည် ဟူ၍ ဖြစ်ပါသည်။ သို့ဖြစ်သော်လည်း (၃၅) ရာခိုင်နှုန်းသော သူတို့မှာ ဘေးအန္တရာယ်တစ်ခု ဖြစ်ပွားပါက မည်သည်နေရာသို့ သွားရောက်ရမည်ကို မသိရှိကြပါ၊ (၈၀)ရာခိုင်နှုန်းသော သူတို့က ပြောသည်မှာ အထူးသဖြင့် ပိုင်ဆိုင်မှုကို ထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်သည်အတွက် အိမ်ထောင်စုဝင်များအားလုံး နေအိမ်မှ ဘေးလွတ်ရာထွက်ခွာမှုမပြုခင် အခြေအနေများကို သုံးသပ်လေ့လာမှုပြုမည် ဟူ၍ ဖြစ်ပါသည်။
- စစ်တမ်းကောက်ယူခံခဲ့ရသော (၆၃)ရာခိုင်နှုန်းသော သူတို့က သိရှိထားကြသည်မှာ ဘေးသင့်မှုလျှော့ချရေးအတွင်း အလိုအပ်ဆုံး ဦးစားပေးရမည့်အရာမှာ ဆိုင်ကလုန်းမုန်တိုင်းအား ခံနိုင်ရည်ရှိသည့် ပိုမိုတောင့်တင်းသည့် အမိုးအကာများကို ဆောက်လုပ်ခြင်းဖြစ်ကြောင်း၊ (၃)ပုံ (၁)ပုံသော သူတို့က ခံစားရသည်မှာ ကပ်ဘေးများ၏ ရိုက်ခတ်သက်ရောက်မှုများကို အသိပညာပေးလုပ်ငန်းက လျှော့ချပေးနိုင်လိမ့်မည် ဟူ၍ဖြစ်ပါသည်။ (၃)ပုံ (၁)ပုံ ရှိသောသူတို့က ကိုးကားပြောကြသည်မှာ ဒေသန္တရရှိ ဂေဟာစနစ်များကို ပြန်လည်ထူထောင်ရန် လိုအပ်ကြောင်းဖြစ်ကာ၊ (၁၈)ရာခိုင်နှုန်းသောသူတို့က လမုတောများပြန်လည်စိုက်ပျိုးခြင်းကို သီးသန့်ပြောဆိုမှု ပြုခဲ့ပါသည်။
- လူတွေ့မေးမြန်းခံခဲ့ရသော လူဦးရေ ထက်ဝက်ကျော်ခန့်က ပြောကြသည်မှာ မိမိတို့၏ အိမ်ထောင်စုများကို ပိုမို အာရုံစိုက်အလေးပေးလိုကြပြီး၊ ရပ်ရွာတစ်ခုလုံးအတွက် အကူအညီပေးရန် အချိန်မရှိကြကြောင်းဖြစ်ကာ၊ REACH က မှတ်ချက်ပြုပြော ကြားသည်မှာ ရပ်ရွာအတွင်း ညီညွတ်မှုမှာ အတွေ့အကြုံများစွာအရ များစွာခိုင်မာမှုရှိနိုင်ပြီး ဘေးဒဏ်များခံနေရစဉ်အတွင်း ပရဟိတ လူငယ်အဖွဲ့များက အကူအညီပေးခြင်းကဲ့သို့သော အရေးပေါ်အခြေအနေတွင်း ဖွဲ့စည်းဆောင်ရွက်မှုများအတွက် အရေးပါသည့် အခန်းကဏ္ဍဖြစ်ကြောင်း ဟူ၍ဖြစ်ပါသည်။

**သို့ဖြစ်သော်လည်း စိုးရိမ်ဖွယ်ရာ အချို့လည်းရှိနေသေးရာ - လူတွေ့မေးမြန်းခဲ့သော (၄၂) ရာခိုင်နှုန်းသော သူတို့အနေဖြင့် ဘေးဒုက္ခတစ်ခုကြုံတွေ့နေရစဉ်အတွင်း မည်သူသည် လုပ်ငန်းတာဝန်အမျိုးမျိုးကို တာဝန်ရှိကြောင်း မသိရှိကြခြင်း ဖြစ်ပါသည်။** မေးမြန်းခဲ့သောသူ (၁၃) ရာခိုင်နှုန်းကသာ ၎င်းတို့ရပ်ရွာအသိုင်းအဝိုင်းအတွင်း ဘေးဒုက္ခ စီမံခန့်ခွဲရေး ကော်မတီတစ်ရပ်ရှိကြောင်း ပြောကြပြီး၊ (၆)ရာခိုင်နှုန်းသော သူတို့သာ ဘေးဒုက္ခဆိုင်ရာ အကြိုပြင်ဆင်မှု လေ့ကျင့်ဆောင်ရွက်မှုတစ်ခုအတွင်း ပါဝင်မှုရှိခဲ့ကြပါသည်။ အဆိုပါ ရလဒ်များအနေဖြင့် ပညာရေးအနိမ့်ဆုံးရှိကြသည့် နိုင်ငံ၏ ထိခိုက်လွယ်မှု အရှိဆုံးသော မြို့နယ်များမှ ထွက်ရှိလာခြင်းဖြစ်သော်လည်း ရာသီဥတုဆိုင်ရာ ဘေးဒဏ်သင့်နိုင်ခြေများနှင့် ပဋိပက္ခတို့မှ ၎င်းတို့၏ ထိခိုက်လွယ်မှု နှင့် ဆက်စပ်နေခြင်းနှင့်အတူ ကံမကောင်း အကြောင်းမလှစွာ ယင်းတို့နှင့် တွေ့ကြုံရင်းနှီးမှုရှိနေခြင်းတို့က ၎င်းတို့၏ ဘေးအန္တရာယ်များအပေါ် အသိပညာကို တိုးပွားလာစေခဲ့ပါသည်။ အဆိုပါ နယ်မြေများအတွင်း ပိုမိုကိုက်ညီမှုရှိသည့် ဖြေရှင်းဆောင်ရွက်မှုလုပ်ငန်းများအတွက် ထပ်ဆင့်သုတေသနပြုလေ့လာမှုတို့ လိုအပ်နေပါသည်။

**ဘေးအန္တရာယ် စီမံခန့်ခွဲရေး လုပ်ငန်းများအတွက် သိသာထင်ရှားသည့် အခွင့်အလမ်းများသည် မြန်မာနိုင်ငံတွင်း အဆင့်တိုင်းတွင် တည်ရှိလျက်ရှိရာ၊ နိုင်ငံတော်အဆင့် နှင့် ပြည်နယ်/တိုင်းဒေသကြီးအဆင့် စွမ်းဆောင်ရည်မြင့်တင်ခြင်းနှင့် မူဝါဒရေးဆွဲဖော်ဆောင်ခြင်းမှသည် ဒေသန္တရအဆင့် အသိပညာမြင့်တင်ခြင်း၊ ဘေးသင့်နိုင်ခြေ သုံးသပ်အကဲဖြတ်ခြင်းများ နှင့် ဒဏ်ခံနိုင်ရည်ရှိသည့် အခြေခံအဆောက်အအုံများအပေါ် ရင်းနှီးမြှုပ်နှံခြင်းအထိ ဖြစ်ပါသည်။** လွန်ခဲ့သော (၄)နှစ်အတွင်း တင်ပြခဲ့သည့် 3W လုပ်ငန်းဆောင်တာများ၏ (၄)ရာခိုင်နှုန်းမှာ ဘေးအန္တရာယ်တွင်း ဘေးသင့်နိုင်ခြေလျှော့ချရေး DRR ဆိုင်ရာ ဖြေရှင်းမှုလုပ်ငန်းများ အထူးသဖြင့်ဖြစ်ကြောင်း မှတ်သားထားခဲ့ရာ၊ အကြိုပြင်ဆင်မှုများအတွက် အသုံးပြုခဲ့သော ငွေကြေး တစ်ဒေါ်လာအတွက် အကူအညီပေးရေး အသုံးစရိတ် (၇) ဒေါ်လာအား ကာမိစေသည့် ရလဒ်မှာ ထူးခြားသည့် အရေးပါမှုပင်ဖြစ်ပါသည်။[၂၉] ထပ်ဆင့် အလေးပေးဆောင်ရွက်မှုအား ဆက်လက်လိုအပ်မည်ဖြစ်ရာ နိုင်ငံအဝှမ်း ဖြစ်ပေါ်လာနိုင်သည့် ဘေးအန္တရာယ်များ၏ ဆိုးကျိုးပေးသည့် နောက်ဆက်တွဲ အကျိုးဆက်များကို လျှော့ချနိုင်ရန်အတွက်ဖြစ်ပြီး၊ အထူးသဖြင့် ထိခိုက်လွယ်သော ကမ်းရိုးတမ်းနှင့် မြစ်ဝဒေသများ နှင့်တကွ အလယ်ဗဟို အပူပိုင်းဒေသတို့အတွက် ပါဝင်ပါသည်။

[၂၉] ကုလသမဂ္ဂ ဖွံ့ဖြိုးမှုအစီအစဉ် (၂၀၁၆)။ #Act Now – Save Later လှုပ်ရှားမှု၊ ၂၀၁၆ ဒီဇင်ဘာ ၁၂ ရက်နေ့ http://www.undp.org/ content/undp/en/home/ourwork/get_involved/ActNow.html မှ ထုတ်နုတ်ထားသည်။


# ၂. ပဋိပက္ခ

## အဓိကတွေ့ရှိချက်များ

- မြန်မာနိုင်ငံတွင် ကမ္ဘာ့ အရှည်ကြာဆုံး ပြည်တွင်းပဋိပက္ခ ရှိထားရာ နေရာအနှံ့ နေရပ်စွန့်ခွာရွှေ့ပြောင်းမှု၊ ပေါက်ကွဲခြင်းမရှိသေးသည့် လက်နက်ခဲယမ်းများ ပျံ့နှံ့မှု နှင့် ပဋိပက္ခဒေသများအတွင်း အရပ်သားများအား အကြမ်းဖက်မှုတို့ ရှိနေပါသည်။
- ၂၀၁၅-၂၀၁၆ တွင် ပဋိပက္ခ တိုက်ရိုက် ရိုက်ခတ်သက်ရောက်မှုခံရသည့် နေရာများရှိ (၁၉.၈%) ပျမ်းမျှရှိသည့် ကလေးငယ်များမှာ ကျောင်းတက်ခဲ့ဖူးခြင်းမရှိရာ၊ ယင်းကာလအတွင်း ပဋိပက္ခ သက်ရောက်မှုမရှိသည့် မြို့နယ်များမှ ကလေးငယ် (၉.၇%) တို့နှင့် နှိုင်းယှဉ်လျှင် ဖြစ်ပါသည်။
- ပဋိပက္ခ သက်ရောက်ခဲ့သော မြို့နယ်များတွင် လူဦးရေ၏ ပျမ်းမျှ (၃၄.၇%) မှာ ပညာသင်ကြားနိုင်ခြင်းမရှိပေ။ ပဋိပက္ခ သက်ရောက်ခြင်းမရှိသည့် မြို့နယ်များတွင် ယင်းရာခိုင်နှုန်းမှာ (၁၇.၁%) ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် ကမ္ဘာ့အရှည်ကြာဆုံး ပြည်တွင်းပဋိပက္ခ ရှိထားရာ နေရာအနှံ့ နေရပ်စွန့်ခွာရွှေ့ပြောင်းမှု၊ ပေါက်ကွဲခြင်းမရှိ သေးသည့် လက်နက်ခဲယမ်း များ (UXO) ပျံ့နှံ့မှု နှင့် ပဋိပက္ခဒေသများအတွင်း အရပ်သားများအား အကြမ်းဖက်မှုတို့ ရှိနေပါသည်။ ပဋိပက္ခများမှာ အဓိကအားဖြင့် ဗဟိုအစိုးရနှင့် နိုင်ငံတော်မဟုတ်သည့် လက်နက်ကိုင်အဖွဲ့များအကြား ဖြစ်ပွားပါသည်။ နိုင်ငံအဝှမ်း အပစ်အခတ်ရပ်စဲရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအပေါ် အလေးပေးဖြေရှင်းမှုက ဖော်ညွှန်းပြဆိုနေသည့်အတိုင်း မြန်မာနိုင်ငံ၏ ယခင်နှင့် ယခု အစိုးရတို့က စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ဆင်းရဲနွမ်းပါးမှု သက်သာလျော့ပါး စေရေးအတွက် ကြိုတင်မရှိမဖြစ်လိုအပ်ချက်များအဖြစ် ငြိမ်းချမ်းရေးနှင့် တည်ငြိမ်အေးချမ်းရေးကို ရှင်းလင်းစွာ အသိအမှတ်ပြုထားခဲ့ကြပါသည်။

ပုံ(၁၀)၂၀၁၅ မှ ၂၀၁၆ အတွင်း မှတ်တမ်းတင်ထားသည့် ထိပ်တိုက်တွေ့ဆုံပဋိပက္ခများ




မြန်မာနိုင်ငံတွင် ပဋိပက္ခနှင့် မတည်ငြိမ်မှုများအတွက် အများပြည်သူအတွက် ထုတ်ပြန်ထားသည့် အချက်အလက်အစုအဝေးများ အနည်းငယ်သာရှိနေပါသည်။ ယခု ဆန်းစစ်လေ့လာမှုသည် ၂၀၁၅ ဇန်နဝါရီလမှ ၂၀၁၆ ဒီဇင်ဘာလ အထိ လွှမ်းခြုံမှုရှိထားပြီး၊ ပဋိပက္ခဆိုင်ရာ အသီးသီးပိုင်းခြား ဆန်းစစ်မှုပြုရန်နှင့် ဒုက္ခအကျပ်အတည်း ပုံဖော်လေ့လာမှုတို့နှင့်အတူ အစိုးရ၏ ကိန်းဂဏန်းများ[၂၀] ရရှိရန်အတွက် ရည်ရွယ်၍ ပုံစံပြုဆောင်ရွက်သည့် လက်နက်ကိုင်ပဋိပက္ခများဖြစ်ပွားရာတည်နေရာနှင့် ဖြစ်ပွားမှုအချက်အလက်များ စုဆောင်းဆန်းစစ်ရေးစီမံကိန်းအဖွဲ့ (ACLED)၏ အချက်အလက်အစုအစည်းမှသော်လည်းကောင်း၊ NFI-Shelter-CCCM Cluster ဆန်းစစ်ချက်တို့မှ အချက်အလက်များထုတ်ယူသုံးစွဲထားခြင်းဖြစ်ပါသည်။ အဆိုပါအချက်အလက်များအားလုံးသည် အများပြည်သူသို့ ထုတ်ပြန်ပေးထားခြင်းဖြစ်ပါသည်။ ပဋိပက္ခ၏ နောက်ခံအခြေအနေအကြောင်းတရားနှင့် အဆိုပါအချိန်အပိုင်းအခြားအတွင်း ပေါ်ထွက်လာခြင်းမရှိသည့် ပဋိပက္ခများ ရှိနေနိုင်သည့် နယ်ပယ်နေရာများ၏ နောက်ခံအကြောင်းတရားများကို ယခုဆန်းစစ်လေ့လာမှုအတွင်း ထည့်သွင်းထားခြင်းမရှိသော်လည်း၊ ယင်းအချက်အား အသိအမှတ်ပြုသင့်ရာဝယ် ယခင်နှစ်များအတွင်း ပဋိပက္ခသက်ရောက်မှုခံရသည့် တည်နေရာများအတွက် ဖွံ့ဖြိုးမှု အညွှန်းဖော်ပြချက်များနှင့် အခွင့်အလမ်းများအပေါ် လျော့၍ တွက်ချက်မှု လည်းဖြစ်သွားနိုင်သည့်အတွက်ဖြစ်ပါသည်။

၂၀၁၅-၂၀၁၆ ခုနှစ်အတွင်း နိုင်ငံ၏ မြောက်ပိုင်း၊ အရှေ့ပိုင်းတို့နှင့် ရခိုင်ပြည်နယ်တို့တွင် ပဋိပက္ခဖြစ်ပွားသည်ကို တွေ့ရပါသည်။ လက်နက်ကိုင်ပဋိပက္ခများဖြစ်ပွားရာတည်နေရာနှင့် ဖြစ်ပွားမှုအချက်အလက်များ စုဆောင်း ဆန်းစစ်ရေးစီမံကိန်းအဖွဲ့၏ အချက်အလက်အပေါ်တွင် အခြေခံမှုအရ၊ ယင်း(၂)နှစ်အတွင်း နိုင်ငံရေးဆိုင်ရာ ပြင်းထန်မှုဖြစ်ရပ်နှင့် ဆန္ဒပြမှုဆိုင်ရာ ဖြစ်ရပ်ဖြစ်စဉ် (၈၀၀) နှင့် ထိပ်တိုက်တွေ့ဆုံဖြစ်ပွားမှု (၅၃၈)၊ မှတ်တမ်းအရ ပဋိပက္ခတွင်း ထိခိုက်သေဆုံးမှု (၁၀၉၅)၊ နှင့် အရပ်သားများအပေါ်တွင် အကြမ်းဖက်ဖြစ်ရပ်များ (၇၇) တို့ကို တွေ့ရပါသည်။[၂၁] ပဋိပက္ခတွင်း ထိခိုက်သေဆုံးမှုများအတွက် (၁၃.၅%) သောသူတို့မှာ လက်နက်ကိုင်တပ်ဖွဲ့ဝင်များ မဟုတ်ကြကြောင်း ဖော်ပြထားပါသည်။

အချက်အလက်များက ပြညွှန်နေသည်မှာ အဆိုပါကဲ့သို့ အကြမ်းဖက်မှု ဖြစ်ပွားခြင်း ဖြစ်လေ့ရှိသည့်ပုံစံများမှာ ၂၀၁၁ ခုနှစ်ကတည်းက ပုံမှန်ဆိုသလို ဖြစ်ပွားလာခဲ့ခြင်းဖြစ်ကြောင်း၊ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး သဘောတူညီချက်အတွင်း လက်မှတ်ရေးထိုးထားခြင်းမရှိသည့်အဖွဲ့များ အများအားဖြင့် ပါဝင်မှုရှိကြောင်း ဖြစ်ပါသည်။ ယင်းတွင် ထည့်သွင်းထားသည်များမှာ အကြမ်းဖက်မှု ထပ်တလဲလဲဖြစ်လေ့ရှိသည့် တည်နေရာများဖြစ်ပြီး၊ ယင်းတို့မှာ အဓိကအားဖြင့် ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် တည်ရှိကြသည့် နေရာများ ဖြစ်ကြပြီး ၂၀၁၄ ခုနှစ်အတွင်း စတင်မှုပြုခဲ့သည့် ရှမ်းပြည်မြောက်ပိုင်းတွင် သိသာမြင်သာသည့် ပဋိပက္ခတိုးပွားမှုများလည်း

[၂၀] ရခိုင်ပြည်နယ်တွင် လက်တလောအရှိန်မြင့်တက်လာသည့် အကြမ်းဖက်မှုများကြောင့် သေဆုံးသူဦးရေသည် လွတ်လပ်သော အတည်ပြုစစ်ဆေးခြင်းလုပ်ငန်းစဉ်မရှိသည့်အတွက် အစိုးရကထုတ်ပြန်ထားသည့်နောက်ဆုံးတရားဝင် သေဆုံးသူဦးရေကို ဆန်းစစ်ချက်တွင် အသုံးပြုထားပါသည်။

[၂၁] တိုက်ခိုက်မှုအချင်းဖြစ်ပွားခြင်း/ဆန့်ကျင်ဆန္ဒပြခြင်းတို့ကို ဖြစ်ရပ်/နေ့ရက်များအဖြစ်ရည်ညွှန်းပြီး၊ ၂-ရက်တာ တိုက်ခိုက်မှုအချင်းဖြစ်ပွားခြင်း/ဆန့်ကျင်ဆန္ဒပြခြင်း ကဲ့သို့သောအခြေအနေကို ဖြစ်ရပ်နှစ်ခု၊ တစ်ရက်တွင်တစ်ခု အဖြစ်မှတ်တမ်းတင်ခြင်း ဖြစ်ကြောင်း မှတ်သားရန်။

အပါအဝင် ဖြစ်ပါသည်။ ထိပ်တိုက်တွေ့ဆုံသည့် ပဋိပက္ခများ၏ (၆၅%) မှာ မြောက်ပိုင်းမဟာမိတ်အဖွဲ့ နှင့် တပ်မတော်တို့အကြား ၂၀၁၄ မှ ၂၀၁၆ ခုနှစ်တို့အတွင်းဖြစ်ပွားခဲ့ကာ၊ ယင်းကာလအတွင်း ပဋိပက္ခကြောင့် ထိခိုက်သေကြေမှုများ၏ (၇၀%) ကို ဖြစ်စေခဲ့ပါသည်။ ရခိုင်ပြည်နယ်အတွင်းတွင်လည်း ၂၀၁၆ခုနှစ်နှောင်းပိုင်းအတွင်း သိသာထင်ရှားသည့် တပ်မတော်စစ်ရေးလှုပ်ရှားမှုများကို ကြုံတွေ့ခဲ့ရပြီး၊ ၂၀၁၆ခုနှစ်ကုန်ပိုင်း အစိုးရ၏ ကိန်းဂဏန်းများအရ ဖော်ပြခဲ့သည်မှာ လူပေါင်း (၆၅၀၀၀) တို့ ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်သို့ ထွက်ပြေးသွားကြကြောင်း၊ ထိုစဉ်အတွင်း နောက်ထပ်လူဦးရေ (၂၃၀၀၀) တို့မှာလည်း နိုင်ငံတွင်း နေရပ်စွန့်ခွာရွှေ့ပြောင်းသွားကြကြောင်း၊ ဤအင်အားသုံးကိုင်တွယ်မှုအတွင်း တိုက်ရိုက်ရလဒ်အနေဖြင့် လူပေါင်း (၁၃၄)ဦး ထိခိုက်သေဆုံးခဲ့ကြောင်း ဖော်ပြပါသည်။

ပုံ (၁၁) ၂၀၁၄ ခုနှစ်အတွင်း ထိပ်တိုက်တွေ့ဆုံ ပဋိပက္ခများ




ပုံ (၁၂) ၂၀၁၅ ခုနှစ်အတွင်း ထိပ်တိုက်တွေ့ဆုံ ပဋိပက္ခများ




ပုံ (၁၃) နိုင်ငံ့အဖွဲ့အစည်းမဟုတ်သော လက်နက်ကိုင်တပ်ဖွဲ့များ၏ လှုပ်ရှားမှုနယ်မြေများ (၂၀၁၅)



ရင်းမြစ်- မြန်မာ့ငြိမ်းချမ်းရေး လေ့လာစောင့်ကြည့်မှု

မြန်မာနိုင်ငံတွင် ပဋိပက္ခနှင့် မတည်ငြိမ်မှုများကို ဖြစ်ပွားစေသော အချို့သော အရေးကိစ္စများနှင့် နစ်နာခံစားရမှုများမှာ ယခင်နှစ်အနည်းငယ်အတွင်း ပုံမှန်ဆိုသလို ဖြစ်လာလျက်ရှိပါသည်။ အမျိုးသားပညာရေး ဥပဒေကြမ်းအပေါ်တွင် ဆန္ဒကျင်ခြင်းနှင့် မကျေနပ်ချက်များမှာ ၂၀၁၅ ခုနှစ်အတွင်း ပျံ့နှံ့စွာဖြစ်ပွားခဲ့သည့် ဆန္ဒကျင်မှုများနှင့် ဆန္ဒပြမှုများ၏ အကြောင်းရင်းပင် ဖြစ်ပါသည် (အဓိကရုဏ်း ၇၇ခု/ဆန္ဒကျင်မှုဖြစ်ရပ်များ)။ အခြားသော သိသာသည့် နစ်နာခံစားရမှုများမှာ ဆည်များဆောက်လုပ်ခြင်း နှင့် ယင်းနှင့်ဆက်စပ်သည့် လူထုများ နေရပ်ရွှေ့ပြောင်းရခြင်း၊ ထို့အတူ လုပ်ခလစာ အရေးကိစ္စ နှင့် သတ္တုတူးဖော်ရေးနှင့် ဆောက်လုပ်ရေးလုပ်ငန်းများအကြားနှင့် နေရပ်ရွှေ့ပြောင်းကြရသော လူထုများအကြား ထားရှိသည့် သဘောတူသတ်မှတ်ချက်များအပေါ် လိုက်နာမှုရှိစေရေး ကြပ်မတ်ထိန်းကျောင်းဆောင်ရွက်ပေးရန် လိုအပ်ချက် စသည်တို့နှင့် ဆက်နွယ်လျက်ရှိပါသည်။

အဆိုပါ အချိန်ကာလအတောအတွင်း ဖြစ်ခဲ့သော နစ်နာခံစားရမှုများ၏ အဓိကနယ်ပယ်များမှာ လက်နက်ကိုင်ပဋိပက္ခ၊ နေရပ်စွန့်ခွာရွှေ့ပြောင်းရခြင်း၊ အဓိကရုဏ်းများနှင့် ကန့်ကွက်ဆန္ဒပြမှုများတို့နှင့် ဆက်စပ်လျက်ရှိပါသည်။ အဆိုပါ အချိန်ကာလအတွင်း ၂၀၁၅ ခုနှစ် ကိုးကန့်ပဋိပက္ခ၏ ပြင်းထန်မှုမှအပ အရပ်သားများမှာ ထိခိုက်သေကြေမှုအများဆုံးရှိသည့် အုပ်စုအဖြစ် မှတ်တမ်းအတင်ခံထားရရာတွင် ပဋိပက္ခတွင်း ထိခိုက်သေဆုံးမှုများ၏ အနည်းဆုံး (၁၃.၅%) မှာ လက်နက်ကိုင်တပ်ဖွဲ့ဝင်များ မဟုတ်ကြပေ။ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်အား လက်မှတ်ရေးထိုးထားခြင်းမရှိသည့် အဖွဲ့များနှင့် တပ်မတော်တို့အကြား ထိပ်တိုက်ပဋိပက္ခဖြစ်ပွားမှုများမှာ ပဋိပက္ခများအားလုံး၏ (၆၅%) အထိရှိပြီး ပဋိပက္ခတွင်း ထိခိုက်သေကြေမှုအားလုံး၏ (၇၀%) ထိရှိပါသည်။ အဆိုပါကဲ့သို့ ပြင်းထန်အကြမ်းဖက်ခြင်းတို့ ဖြစ်ပွားရခြင်း အကြောင်းတရားများတွင် နည်းဗျူဟာပိုင်း/စီးပွားရေးအပိုင်း အကျိုးစီးပွားများအပေါ် ချုပ်ကိုင်နိုင်ရန် အပြိုင်အဆိုင်ပြုခြင်းနှင့် သဘာဝသယံဇာတများအပေါ် ပိုင်ဆိုင်မှု နှင့် စီမံခန့်ခွဲမှု၊ တရားမဝင်သစ်ခုတ်သစ်ထုတ်လုပ်မှုများအပေါ် ပေါင်းစပ်ဖိအားပေးနိမ်နင်းခြင်းများနှင့် မူးယစ်ဆေးဝါးများစိုက်ပျိုးခြင်းနှင့် နယ်မြေများအတွက် အငြင်းပွားမှုနှင့် ထိန်းချုပ်နယ်မြေများအတွက် သဘောတူညီထားသည့်အချက်များကို လိုက်နာရန် ပျက်ကွက်ကြခြင်း တို့ပါဝင်နေပါသည်။[၃၂] ကာလကြာရှည်သည့် ပဋိပက္ခများကြောင့် အုပ်ချုပ်ထိန်းကျောင်းရေးတွင် အကျပ်အတည်းများ ရေရှည်ဆက်လက်ဖြစ်ပေါ်နေပြီး ပဋိပက္ခတွင်း ပါဝင်နေကြသည့်ဘက်များအကြားရှိ နယ်မြေဆိုင်ရာ စီစဉ်ဆောင်ရွက်မှုများမှာ တရားဝင်ဖြစ်မှု နည်းပါးခြင်း၊ ပဋိပက္ခဖြစ်ပေါ်သည့် နယ်မြေများမှာ ပုံမှန်အားဖြင့် အစိုးရ၊ ပြည်သူ့စစ်၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ ရောနှောထိန်းချုပ်မှုပြုသည့် နေရာများပါဝင်တတ်ပြီး၊ "ရောနှောအာဏာရှိကြသည့်" စီစဉ်ဆောင်ရွက်မှုများရှိထားသည့် ကြီးမားကျယ်ပြန့်သည့် နယ်မြေများ ဖြစ်ကြပါသည်။ အုပ်ချုပ်ထိန်းကျောင်းမှုပြုရေးအပေါ်တွင် သက်ရောက်မှုဖြစ်ပေါ်နေခြင်းက တစ်ဖန် ဝန်ဆောင်မှုများ လက်လှမ်းမီရရှိရေး၊ အထူးသဖြင့် မည်သူသည် မည်သည့်ဝန်ဆောင်မှုမျိုးပေးအပ်မည်၊ မည်သည့်လူထုသည် ထိုဝန်ဆောင်မှုများကို ရယူနိုင်မည် စသည့် ရိုက်ခတ်သက်ရောက်မှုကို ဖြစ်စေပါသည်။

[၃၂]Burma News International (၂၀၁၅). မြန်မာ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အား အဓိပ္ပာယ်ဖော်ခြင်း၊ အကိုးအကား ဖော်ပြချက်-၂၀၁၅

ပုံ (၁၄) ထိပ်တိုက်ဖြစ်မှုများ/ပဋိပက္ခများ နှင့် မငြိမ်သက်မှုတို့အပေါ် ခြုံကြည့်ခြင်း* ၂၀၁၅ ဇန်နဝါရီ မှ ၂၀၁၆ စက်တင်ဘာ – ACLED အချက်အလက်အစု

| လက်နက်ကိုင် ပဋိပက္ခ | ပဋိပက္ခများ အရေတွက် | ပဋိပက္ခများ (%) | ထိခိုက်သေဆုံးမှုများ | ထိခိုက်သေဆုံးမှုများ (%) | အဓိကရုဂ်းများ နှင့် ဆန့်ကျင်ဆန္ဒပြမှုများ၏ နောက်ခံအကြောင်းတရားများ | ဖြစ်ပွားမှုများ အရေတွက် |
|---|---|---|---|---|---|---|
| KIA/စစ်တပ် | 108 | 20.07% | 84 | 8.44% | အမျိုးသားပညာရေး ဥပဒေကြမ်း | 77 |
| TNLA/စစ်တပ် | 105 | 19.52% | 96 | 9.65% | သတ္တုတူးတွင်းကိစ္စ၊ ပတ်ဝန်းကျင်အရေး နှင့် မြေယာအခွင့်အရေး | 52 |
| အရပ်သားများအပေါ် အကြမ်းဖက်မှု | 77 | 14.31% | 135 | 13.57% | အလုပ်သမား အခွင့်အရေး | 31 |
| MNDAA/စစ်တပ် | 72 | 13.38% | 432 | 43.42% | ပြန်လည်ရင်ကြားစေ့ရေး | 24 |
| SSA-N/စစ်တပ် | 32 | 5.95% | 31 | 3.12% | ဗမာမွတ်စလင်များ နှင့် မွတ်စလင်များအား မနှစ်မြို့မှု | 20 |
| UAG/စစ်တပ် | 24 | 4.46% | 39 | 3.92% | | |
| Burmese Muslims/စစ်တပ် | 23 | 2.97% | 134 | 13.47% | အရပ်သားများအပေါ် အကြမ်းဖက်မှု နှင့် မတရား ထိန်းသိမ်းထားမှု | 15 |
| AA/စစ်တပ် | 21 | 3.90% | 67 | 6.73% | မူးယစ်ဆေးများ | 12 |
| N. Alliance or FUA/စစ်တပ် | 20 | 3.72% | 43 | 4.32% | ကိုယ်စားပြုပါဝင်နိုင်ရေး နှင့် လူနည်းစုအခွင့်အရေး | 9 |
| SSA-S/TNLA | 19 | 3.53% | 5 | 0.50% | တရားဥပဒေစိုးမိုးရေး (rule of law)၊ သတင်းလွတ်လပ်ခွင့် နှင့် နိုင်ငံရေးပိုင်းဆိုင်ရာ အခွင့်အရေး | 6 |
| DKBA/စစ်တပ် | 16 | 2.97% | 3 | 0.30% | ထိုင်းနိုင်ငံအတွင်း ပြစ်ဒဏ်စီရင်မှုကိစ္စ | 6 |
| ထိခိုက်သေဆုံးဦးရေ | 10 | 1.86% | 0 | 0.00% | အိုးအိမ်အရေး နှင့် အခြေခံ ဝန်ဆောင်မှုများ | 4 |
| SSA-S/စစ်တပ် | 8 | 1.49% | 12 | 1.21% | အထွေထွေ | 6 |
| အခြား | 6 | 1.12% | 10 | 1.11% | | |
| နိုင်ငံရေးအရလုပ်ကြံသတ်ဖြတ်မှု | 4 | 0.74% | 4 | 0.40% | | |
| စုစုပေါင်း | 538 | | 1,095 | | | 262 |

*ယခုဇယားကွက်ပါ "စစ်တပ်" ဟူသော အသုံးအနှုန်းတွင် ပြည်သူ့စစ်များလည်း ပါဝင်ကြောင်း မှတ်သားရန်။
ထိပ်တိုက်ဖြစ်ပွားမှုများ ဆိုသည်မှာ "ဖြစ်ပွားမှု နေ့ရက်များ"အဖြစ်ရည်ညွှန်းပြီး၊ ၂-ရက်တာ ပဋိပက္ခ/ထိပ်တိုက်ဖြစ်ပွားခြင်း ကဲ့သို့သော အခြေအနေကို ဖြစ်ရပ်နှစ်ခု၊ တစ်ရက်တွင် တစ်ခု အဖြစ်မှတ်တမ်းတင်မည်ဖြစ်သည်။

**ပြည်တွင်းတွင် နေရပ်စွန့်ခွာရွှေ့ပြောင်းနေထိုင်သူ ခန့်မှန်း (၆၄၄၀၀၀) ခန့်တို့သည် ၎င်းတို့၏ မြန်မာနိုင်ငံရှိ နေအိမ်များကို ထားရစ်ခဲ့ကြရာ ၂၀၁၆ခုနှစ် ပဋိပက္ခနှင့် ရပ်ရွာအသိုင်းအဝိုင်းတို့အကြားဖြစ်သည့် အကြမ်းဖက်မှုတို့ကြောင့်ဖြစ်ပါသည်။**[၃၃] အများစုတို့မှာ ရခိုင်၊ ကချင်၊ ရှမ်းပြည်မြောက်ပိုင်းနှင့် ကရင်ပြည်နယ်တို့တွင် ဖြစ်ကြပါသည်။ အချို့သူတို့မှာ ကာလတို နေရပ်စွန့်ခွာရွှေ့ပြောင်းရခြင်းဖြစ်ပြီး နေရပ်သို့ ပြန်လာနိုင်ခဲ့ကြပါသည်။ ပဋိပက္ခကြောင့် နေရပ်စွန့်ခွာရွှေ့ပြောင်းနေထိုင်ရသူများအကြားတွင် (၂၁၇၅၁၄)ဦးတို့မှာ ကယ်ဆယ်ရေးစခန်းများ အတွင်း နေထိုင်လျက်ရှိကြပြီး၊ ၎င်းတို့အား ပံ့ပိုးကူညီပေးလျက်ရှိကာ၊ ကချင်ပြည်နယ်တွင် (၈၆၉၀၀)ဦး၊ ရခိုင်ပြည်နယ်တွင် (၁၁၉၈၇၆)ဦး (၎င်းတို့အထဲမှ ၉၄၀၉၁ဦးမှာ စစ်တွေမြို့အနီးနားတစ်ဝိုက်ရှိ ကယ်ဆယ်ရေးစခန်းများအတွင်းနေထိုင်)၊ နှင့် ရှမ်းပြည်နယ်တွင် (၁၀၃၇၈)ဦး တို့ဖြစ်ကြပါသည်။ မြန်မာနိုင်ငံတွင် နိုင်ငံတွင်း နေရပ်စွန့်ခွာရွှေ့ပြောင်းနေထိုင်သူများ၏ (ကယ်ဆယ်ရေးစခန်းပြင်ပတွင် ရှိသူများ) (၃)ပုံ (၂)ပုံ တို့၏ လူသားချင်းစာနာမှုအကူအညီ လိုအပ်မှုများနှင့် အခြေအနေများမှာ စနစ်တကျ (သို့) ထိထိရောက်ရောက် ဆောင်ရွက်ပေးခြင်းမရှိပါ။ ထိုကဲ့သို့သော များမကြာခင်က နေရပ်စွန့်ခွာရွှေ့ပြောင်းနေထိုင်သူများနည်းတူ မြန်မာနိုင်ငံ၏ အရှေ့တောင်ဘက်ပိုင်းတွင် အစောပိုင်းကထဲက နေရပ်စွန့်ခွာ ရွှေ့ပြောင်းနေထိုင်သူ ခန့်မှန်းဦးရေ (၄၀၀၀၀၀)ဦး တို့ရှိနေပါသည်။


**နေရပ်စွန့်ခွာ ရွှေ့ပြောင်းနေထိုင်ရမှုမှာ ယင်း၏ ကာလရှည်ကြာမြင့်မှုနှင့် သက်ဆိုင်မှုမရှိဘဲ တွေ့မြင်ရသည်မှာ များစွာသော ပြင်းထန်သည့် ဆိုးကျိုး ရိုက်ခတ်သက်ရောက်မှုများရှိကြောင်း ဖြစ်ပါသည်။**[၃၄] အဆိုပါ ဆိုးကျိုး ရိုက်ခတ်သက်ရောက်မှုများအနေဖြင့် နေရပ်စွန့်ခွာရွှေ့ပြောင်းနေထိုင်သည့် ကာလရှည်ကြာမှု၊ မိမိကဲ့သို့ နေရပ်စွန့်ခွာ ရွှေ့ပြောင်းထားကြရသည့်သူများထံမှ နေစရာ နှင့်/(သို့) စီးပွားရေးလုပ်ငန်းများအတွက် ၎င်းတို့တွင်ရှိ အရာများကို ရယူသုံးစွဲနိုင်မှု အခြေအနေ၊ ဝင်ငွေမရှိတော့ခြင်း၊ လူမှုရေး ပေါင်းစည်းညီညွတ်မှု မရှိတော့ခြင်း၊ နှင့် တိုးပွားလာသည့် ဖိအားနှင့် တင်းမာမှု စသည်တို့အပေါ်တွင်မူတည်လျက် ကွဲပြားခြားနားမှုရှိနိုင်ပါသည်။ ၂၀၁၅ ခုနှစ် ရေကြီးရေလျှံမှုနှင့် မြေပြိုမှုများ၏[၃၅] ရိုက်ခတ်မှုများကို ကိုင်တွယ်ဖြေရှင်းနိုင်ရန် အမျိုးသားပြန်လည်နလန်ထူရေး မူဘောင်နှင့် အစီအစဉ်မှ ပုံ (၁၆) တွင် အနှစ်ချုပ်တင်ပြထားသည့်အတိုင်း အဆိုပါ အကျိုးသက်ရောက်မှုများက ပဋိပက္ခကြောင့် နေရပ်စွန့်ခွာရွှေ့ပြောင်းနေထိုင်ကြသူများအတွက် ပိုမို၍ ကြီးလေးနေနိုင်ပါသည်။

**ကျန်ရှိနေသော နေရပ်စွန့်ခွာ ရွှေ့ပြောင်းနေထိုင်ကြသူများကို သတ်မှတ်ဖော်ထုတ်ရန် ပျက်ကွက်ခြင်းနှင့် အဆိုပါ ဆိုးကျိုးရိုက်ခတ်သက်ရောက်မှုများကို လျှော့ချရန် ပျက်ကွက်ခြင်းတို့က ပဋိပက္ခ သက်ရောက်မှုရှိသည် နယ်မြေများအတွင်း ထိခိုက်လွယ်မှုကို ပိုမို၍ တိုးပွားသွားစေပါသည်။** ယခုဆန်းစစ်မှုက ဖော်ပြသည်မှာ အဆိုပါ နယ်မြေဒေသများသည် နိုင်ငံ၏ ခက်ခဲမှု ပိုမိုနည်းသည့် အစိတ်ပိုင်းများထက် ဒဏ်ခံနိုင်ရည် ပိုမို၍ နည်းပါးလျက်ရှိကာ အဆိုပါ နယ်မြေဒေသများအတွက် ပေါင်းစည်း၍ ထပ်ဆင့်ဖြစ်သော ဖွံ့ဖြိုးမှုအကူအညီအတွက် လိုအပ်နေသည်ကို အလေးပေးဖော်ပြနေပြီး ရေရှည်ကြာမြင့်စွာ နေရပ်စွန့်ခွာရွှေ့ပြောင်းနေထိုင်ကြသည့် လူထုများအား ရေရှည်ဖြစ်သည့် အကူအညီ ပေးအပ်ခြင်းအားဖြင့်ဖြစ်ပါသည်။

[၃၃]http://www.internal-displacement.org/countries/myanmar/.
[၃၄]Correa E., Ramirez F. & H. Sanhuja (၂၀၁၁). ဘေးဒုက္ခ အန္တရာယ်အတွင်းကျရောက်နေသည့် လူထုများ - ပြန်လည်နေရာချထားရေးလမ်းညွှန်။GFDRR.
[၃၅]ပြည်ထောင်စုမြန်မာနိုင်ငံတော်(၂၀၁၅)။ မြန်မာနိုင်ငံအတွက် ရေကြီးရေလျှံမှုနှင့်မြေပြိုမှုဆိုင်ရာ ဘေးအန္တရာယ်ကျရောက်ပြီးနောက် လိုအပ်ရာများ အကဲဖြတ်သုံးသပ်ခြင်း၊ နေပြည်တော်၊ မြန်မာနိုင်ငံတော်အစိုးရ။

နယ်စပ်များရှိ IDPs အဖြစ်နေထိုင်သူများအနေဖြင့်လည်း ထပ်ဆင့်ဖြစ်သော ခက်ခဲကြမ်းတမ်းမှုများကို ကြုံတွေ့ရင်ဆိုင်နေရကြောင်းကိုလည်း မှတ်သားရရာတွင်၊ အမိုးအကာ၊ စားနပ်ရိက္ခာ၊ ဆေးဝါး နှင့် ကျန်းမာရေးစောင့်ရှောက်မှု၊ ထို့အပြင် ကလေးများအတွက် ပညာရေး စသည်တို့ မရှိခြင်းတို့ ပါဝင်နေပါသည်။[၃၆] နေရပ်စွန့်ခွာ ရွှေ့ပြောင်းနေထိုင်ရခြင်းကြောင့် စီးပွားရေးဆိုင်ရာနှင့် လူမှုရေးဆိုင်ရာ ကြီးမားသည့် ရိုက်ခတ်သက်ရောက်မှုများတွင် ပါဝင်သည်များမှာ တိုင်းပြည်ဝင်ငွေ ပျောက်ဆုံးခြင်း၊ ရပ်ရွာနှင့် အိမ်ထောင်စုများ၏ ဘေးဒဏ်ခံနိုင်မှုအား တိုက်စားခံရခြင်း တို့ဖြစ်ကြပါသည်။ အကျိုးသက်ရောက်မှုများ ပေါ်လွင်မှုမရှိသည့် နေရာတွင်ပင် ထပ်ဆင့်ဖြစ်သော အကြမ်းဖက်မှုနှင့် သဘာဝဘေးအန္တရာယ်များ စတင်ဖြစ်ပွားလာခြင်းကြောင့် အခြေအနေကို ထပ်၍ ဆိုးရွားသွားစေ မည်ဖြစ်ပြီး၊ လူတစ်ဦးတစ်ယောက်ချင်းစီနှင့် အိမ်ထောင်စုများအတွက် ကျန်းမာရေး၊ အာဟာရ နှင့် ကောင်းကျိုးချမ်းသာတို့ လျော့ပါးသွားစေမည်ဖြစ်ပါသည်။

ပုံ (၁၅) ၂၀၁၅ ခုနှစ် IDPs များနှင့် ဒုက္ခသည်များအား လေ့လာခြင်း- မြန်မာနိုင်ငံ ငြိမ်းချမ်းရေး စောင့်ကြည့်လေ့လာမှု




ပုံ (၁၆) နေရပ်စွန့်ခွာရွှေ့ပြောင်းရခြင်း၏ သက်ရောက်မှုများ - GFDRR ၂၀၁၁


| | | |
|---|---|---|
| နေရပ်စွန့်ခွာ ရွှေ့ပြောင်း နေထိုင်သည့် လူထုအပေါ် အကျိုးသက်ရောက်မှုများ | မြေယာမဲ့မှု<br>အိမ်ခြေမဲ့မှု<br>ဝင်ငွေလမ်း ပျောက်ဆုံးမှု<br>စီးပွားရေး အဆက်သွယ်ကွန်ယက်များ ပျောက်ဆုံးမှု<br>ပြည်သူ့ဝန်ဆောင်မှုများအား လက်လှမ်းမီရယူနိုင်မှု မရှိခြင်း | လူမှုရေးဝန်ဆောင်မှုများအား လက်လှမ်းမီရယူနိုင်မှု မရှိခြင်း<br>လူမှုရေး အဆက်သွယ်ကွန်ယက်များ ပျောက်ဆုံးမှု<br>ကျန်းမာရေးအပေါ် ရိုက်ခတ်မှု<br>လူမှုဝန်းကျင်၏ ပိုင်ဆိုင်ရာများ မရှိတော့ခြင်း |
| ဖြစ်ပွားရာနေရာတွင် ကျန်ရှိသော နှင့် ပြန်လည်နေရာချ ထားပေးရခြင်း မရှိသေးသော (သို့) နေရပ်စွန့်ခွာ ရွှေ့ပြောင်းထားသော လူထုများအပေါ်တွင် အကျိုးသက်ရောက်မှုများ | ဝင်ငွေလမ်း ပျောက်ဆုံးမှု<br>စီးပွားရေး အဆက်သွယ်ကွန်ယက်များ ပျောက်ဆုံးမှု<br>ပိုမို အရည်အသွေးနိမ့်သည့် ပြည်သူ့ဝန်ဆောင်မှုများ | ပိုမို အရည်အသွေးနိမ့်သည့် လူမှုရေးဝန်ဆောင်မှုများ<br>လူမှုရေး အဆက်သွယ်ကွန်ယက်များ ပျောက်ဆုံးမှု |
| လူများရွှေ့ပြောင်း နေထိုင်ရာ နေရပ်ရှိ အိမ်ရှင်လူထုအပေါ် အကျိုးသက်ရောက်မှုများ | အလုပ်အကိုင်များ နှင့် အရင်းအမြစ်များအပေါ်တွင် အပြိုင်အဆိုင်ဖြစ်မှု ပိုမိုကြီးထွားလာခြင်း<br>ပိုမို အရည်အသွေးနိမ့်သည့် ပြည်သူ့ဝန်ဆောင်မှုများ | ပိုမို အရည်အသွေးနိမ့်သည့် လူမှုရေးဝန်ဆောင်မှုများ<br>သေဆုံးမှုနှုန်း နှင့် ရောဂါဖြစ်ပွားမှုနှုန်း တိုးမြင့်လာခြင်း<br>အငြင်းပွားမှုများ ထွက်ပေါ်လာခြင်း |

သတ္တုတူးဖော်ခြင်း၊ ပတ်ဝန်းကျင်အရည်အသွေးနိမ့်ပါးလာခြင်း နှင့် မြေယာအခွင့်အရေးတို့မှာ ၂၀၁၅ မှ ၂၀၁၆ခုနှစ်အတွင်း ဖြစ်ပွားသည့် အဓိကရုဏ်းများနှင့် ဆန့်ကျင်ဆန္ဒပြမှုများ၏ အချို့သော အဓိက တွန်းအားများဖြစ်ခဲ့ရာတွင် အားလုံးသော အဓိကရုဏ်းများနှင့် ဆန့်ကျင်ဆန္ဒပြမှုများ၏ (၅)ပုံ (၁)ပုံ ၏ နောက်ကွယ်မှ မကျေနပ်ချက် ဖြစ်နေပါသည်။ ACLED ၏ အချက်အလက်အစုအဝေးတွင် အဓိကရုဏ်းများနှင့် ဆန့်ကျင်ဆန္ဒပြမှုများ၏ ဖြစ်ပွားမှုအားလုံးအတွက် မှတ်တမ်းအချက်အလက်များ အပြည့်အစုံ ပါဝင်ထားခြင်းမရှိသော်လည်း၊ ယင်းက ဖော်ညွှန်းပြသနေသည်မှာ ပြည်သူတို့၏ မကျေနပ်ချက် ပိုမိုဖြစ်ပေါ်လာသည့် ဖြစ်ရိုးဖြစ်စဉ်များနှင့် အဓိက တွန်းအားဖြစ်စေသည့် အရာများကိုပင် ဖြစ်သည်။ အဓိကအခရာကျသော အရေးကိစ္စများတွင် ပါဝင်သည်များမှာ ဆည်များ ဆောက်လုပ်ခြင်းနှင့် ယင်းနှင့်စပ်လျဉ်း၍ လူထုတို့ နေရပ်စွန့်ခွာရွှေ့ပြောင်းနေထိုင်ရခြင်း၊ သတ္တုတွင်းလုပ်ငန်းမှ စွန့်ပစ်အမှိုက်များအား မှန်ကန်စွာ စွန့်ပစ်ခြင်း မရှိသည့်အပေါ် ဆန့်ကျင် ဆန္ဒပြခြင်းကဲ့သို့သော ပတ်ဝန်းကျင်ဆိုင်ရာ အရေးကိစ္စများ၊ လုပ်ခလစာဆိုင်ရာ အရေးကိစ္စများအပါအဝင် သတ္တုတူးဖော်ရေးလုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်းများနှင့် နေရပ်စွန့်ခွာ ရွှေ့ပြောင်းနေထိုင်သည့် လူထုများအကြား ထားရှိသည့် သဘောတူညီချက်များ လိုက်နာမှုရှိစေရေး ကြပ်မတ်ပေးရန် လိုအပ်ချက်အရေးကိစ္စ စသည်တို့ ဖြစ်ပါသည်။ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသတွင် သောင်တူး၍ မြစ်ကြောင်းရှင်းလင်းခြင်းနှင့် မြစ်ကမ်းပါးများကို မြှင့် တင်ခြင်းကဲ့သို့သော အခြား ကြိုးပမ်းဆောင်ရွက်ချက်များအနေဖြင့် ယခုကာလအတွင်း နယ်မြေခံ တောင်သူလယ်သမားများ၏ သိသာထင်ရှားစွာ ဆန့်ကျင်မှုအား ကြုံတွေ့ရလျက်ရှိရာဝယ်၊ ၎င်းတို့အနေဖြင့် ခံစားကြရသည့်အရာမှာ အဆိုပါ ကြီးမားသည့် အခြေခံအဆောက်အအုံဆိုင်ရာ လုပ်ငန်းများအတွင်း ၎င်းတို့၏ လိုအပ်ရာများအတွက် ထည့်သွင်းစဉ်းစားပေးခြင်းမရှိ ဟူ၍ဖြစ်ပါသည်။

ယခုဆန်းစစ်မှု၏ ရည်ရွယ်ချက်များအတွက် ဖန်တီးထားသော ပဋိပက္ခ အညွှန်းဖော်ပြချက်က ပိုမိုနံ့စပ်သည့် ထိခိုက်လွယ်မှုဆိုင်ရာ အညွှန်းဖော်ပြချက်အနေဖြင့် ၂၀၁၅ မှ ၂၀၁၆ ခုနှစ် ကာလအတွင်း တွေ့ကြုံခံစားခဲ့ရကြသည့် ပဋိပက္ခဆိုင်ရာ တိုက်ရိုက်သက်ရောက် ရိုက်ခတ်မှုအား ပါဝင်မှုရှိစေရန် ဖြစ်ပါသည်။ ယခု အညွှန်းဖော်ပြချက်ခွဲအနေဖြင့် မြို့နယ်များအသီးအသီးအတွင်း ပဋိပက္ခဖြစ်ပွားမှုများအား နှိုင်းယှဉ်လေ့လာမှု တစ်ရပ်ကို ဖြစ်ပေါ်စေရာ၊ ယင်းတွင်ပါဝင်သည်များမှာ ထိပ်တိုက်တွေ့ဆုံဖြစ်ပွားမှု/ပဋိပက္ခများ၊ ပဋိပက္ခတွင်း ထိခိုက်သေကြေမှုများ၊ နေရပ်စွန့်ခွာရွှေ့ပြောင်းနေထိုင်ရမှုနှင့် အရပ်သားများအပေါ်တွင် အကြမ်းဖက်မှု စသည်တို့ဖြစ်ပါသည်။ ၂၀၁၅ ခုနှစ် ဇန်နဝါရီလမှ ၂၀၁၆ခုနှစ် စက်တင်ဘာလအထိ ကာလအတွင်း မြို့နယ်အဆင့်များအတွင်း တိုက်ရိုက်ပဋိပက္ခဖြစ်ပွားမှုကို ပဋိပက္ခ၏ ပိုမိုပြင်းထန်မှုအားဖော်ညွှန်းရန် အရောင်ရင့်ဖြင့် ပုံ (၁၇) အတွင်း ဖော်ပြထားပါသည်။ အဆိုပါ လက်နက်ကိုင် ပဋိပက္ခများ၏ ပြင်းထန်မှုနှင့် ဖြစ်ပွားမှုအကြိမ်ရေမှာ များမကြာမီနှစ်များအတွင်း တိုးပွားလာကြောင်း တွေ့မြင်ရသော်လည်း ယင်းအတွက် အရေအတွက်အား သတ်မှတ်၍မရနိုင်ဘဲရှိရာ၊ အကြောင်းမှာ မြန်မာနိုင်ငံ ငြိမ်းချမ်းရေး စောင့်ကြည့်လေ့လာရေးအဖွဲ့နှင့် ACLED အချက်အလက်အစုများအကြား ကွဲပြားခြားနားသည့် နည်းစနစ်များကြောင့် ဖြစ်ပါသည်။

[၃၆] Burma News International (၂၀၁၅) မြန်မာ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အား အဓိပ္ပာယ်ဖော်ခြင်း၊ A Reference Guide 2015. Chiang Mai: Burma News International. မြန်မာ့ငြိမ်းချမ်းရေး လေ့လာစောင့်ကြည့်မှု။

အဆိုပါကာလအတွင်း ပဋိပက္ခ သက်ရောက်မှုခံရသည့် နယ်မြေများအတွင်း နေထိုင်မှု အဆင့်အတန်းများသည် ပဋိပက္ခသက်ရောက်မှုမခံရသည့် နယ်မြေများထက် နိမ့်ကျလျက်ရှိပြီး ပျမ်းမျှအားဖြင့် (၂၃%) ပိုမိုဆိုးရွားပါသည်။ ပဋိပက္ခ သက်ရောက်မှုခံရသည့် နယ်မြေများအတွင်း နေထိုင်မှုပုံစံအား ရိုက်ခတ်သက်ရောက်မှုများသည် ကျောင်းပညာရေးရယူလက်လှမ်းမီမှုတွင် အထူးသဖြင့် နိမ့်ပါးသည်ဟု ခန့်မှန်းသိရှိရပါသည်။ ပဋိပက္ခသက်ရောက်မှုခံရသည့် နယ်မြေများအတွင်း (၂၁%) နီးပါးသောသူတို့အနေဖြင့် ကျောင်းလုံးဝ တက်ခဲ့ဖူးခြင်းမရှိဘဲ၊ (၃၅%) တို့အနေဖြင့်လည်း ကျောင်းပညာရေး အောင်မြင်မှု မရှိထားကြပါ။ ပဋိပက္ခ သက်ရောက်မှုမရှိသည့် နယ်မြေများအတွင်း နှိုင်းယှဉ်ကြည့်ပါက (၉%) မှာ ကျောင်းလုံးဝတက်ဖူးခြင်းမရှိဘဲ၊ (၁၇%) မှာ တရားဝင် ပညာရေး အောင်မြင်ထားမှု မရှိကြပါ။



ပုံ (၁၇) ၂၀၁၅-၂၀၁၆ ပဋိပက္ခအညွှန်းဖော်ပြချက်

အိုးအိမ်အခြေအနေများမှာ ကွာခြားမှု ပိုမိုနည်းပါကာ ပျမ်းမျှခြင်းအားဖြင့် ပဋိပက္ခသက်ရောက်မှုခံရသည့် နယ်မြေများအတွင်း (၁၅%) ပိုမိုဆိုးရွားမှုရှိနေပါသည်။ ပဋိပက္ခကြောင့် အိုးအိမ်အခြေအနေအပေါ်တွင် ပိုမိုနည်းပါးသည့် အကျိုးသက်ရောက်မှုရှိခြင်းမှာ များစွာသော အကြောင်းတရားများကြောင့်ဖြစ်ပြီး၊ တစ်ခုသော အကြောင်းအရင်းမှာ ပဋိပက္ခ သက်ရောက်မှုခံရသည့် နယ်မြေများစွာတို့မှာ တရုတ်နိုင်ငံနယ်စပ်နှင့် နီးစပ်မှုရှိသည့်အတွက် လိုင်းတွန့်ပါသည် သံအပြားကဲ့သို့သော ပိုမိုကောင်းမွန်သည့် အိုးအိမ်ဆောက်လုပ်ရေးပစ္စည်းများကို အလွယ်တကူရရှိနိုင်ကြသည့်အတွက်ဖြစ်ပါသည်။ အချို့သောနယ်မြေများအတွင်း EAO အဖွဲ့များက ပိုမိုကောင်းမွန်သော အခြေခံအဆောက်အအုံနှင့် အခြေခံဝန်ဆောင်မှုများကို ပေးထားရာ၊ ဥပမာအားဖြင့် လောက်ကိုင်တွင် ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်း ကောက်ယူစဉ်က လျှပ်စစ်မီးရရှိမှုနှုန်းမှာ (၈၉.၅၃%) ရှိခဲ့ရာ ရန်ကုန်ရှိ အဓိက မြို့ပြနေရာအပြင် အခြားသော အကောင်းဆုံးရပ်တည်နေကြသည့် မြို့နယ်များ နည်းတူဖြစ်ပါသည်။

မည်သို့ပင်ဖြစ်စေ ပဋိပက္ခ သက်ရောက်မှုခံရသည့် နယ်မြေများအတွင်း နေထိုင်မှု အခြေအနေများမှာ ကွာခြားမှု အတော်ပင် ကျယ်ပြန့်လျက်ရှိရာ- ရခိုင်နှင့် ရှမ်းပြည်နယ်တို့၏ ကျေးလက်ဒေသတို့တွင် ဆင်းရဲနွမ်းပါးမှုအရှိဆုံးအဖြစ် ရပ်တည်နေကြပြီး၊ မူဆယ်နှင့် စစ်တွေတို့ကဲ့သို့သော မြို့ပြနေရာများတွင်ပင် ပညာရေးအား လက်လှမ်းမီမှုနှင့် ကျောင်းပညာရေး အောင်မြင်မှုတို့မှာ ပိုမိုကောင်းမွန်သော သန့်ရှင်းမှု၊ အိမ်ဆောက်ပစ္စည်းများနှင့် လျှပ်စစ်မီးများရရှိသည့်တိုင် အားနည်းလျက်ပင်ရှိပါသည်။

ပဋိပက္ခ သက်ရောက်မှုခံရသည့် နယ်မြေများကို ကာလကြာမြင့်စွာ နေရပ်စွန့်ခွာ ရွှေ့ပြောင်းနေထိုင်လျက်ရှိကြသည့် လူထုများအား ရေရှည်အကူအညီပေးအပ်ခြင်းနှင့် ယှဉ်တွဲလျက် ဖွံ့ဖြိုးမှုဆိုင်ရာ ထပ်ဆင့်အကူအညီအား ပေးအပ်ရန် လိုအပ်လျက်ရှိပါသည်။ ယခုဆန်းစစ်မှုက ဖော်ပြသည့်အတိုင်းပင် ပဋိပက္ခသက်ရောက်မှုခံရသည့် နယ်မြေများသည် နိုင်ငံ၏ အခက်အခဲပိုမိုနည်းပါးသည့် အစိတ်အပိုင်းများထက် ဘေးဒဏ်ခံနိုင်ရည် များစွာနည်းပါးလျက်ရှိနေပါသည်။ နေရပ်စွန့်ခွာ ရွှေ့ပြောင်းနေထိုင်မှုကြောင့် အလားအလာရှိသော ကောင်းကျိုးမပေးသည့် သက်ရောက်မှုများ ပြင်းထန်လျက်ရှိနေသည့်အတွက် ကျန်ရှိသော နေရပ်စွန့်ခွာ ရွှေ့ပြောင်းနေထိုင်ကြသူများအား သတ်မှတ်ဖော်ထုတ်ရန် ပျက်ကွက်ခြင်းနှင့် အဆိုပါ ဆိုးကျိုးရိုက်ခတ်မှုများကို လျှော့ချရန် ပျက်ကွက်မှုတို့အနေဖြင့် ပဋိပက္ခသက်ရောက်လျက်ရှိပြီးသည့် နယ်မြေများအတွက် ထိခိုက်လွယ်မှု တိုးပွားလာရန် အန္တရာယ်ကို ဖြစ်စေပါသည်။

မကြာသေးမီက အာရှဖောင်ဒေးရှင်း[၃၇] ၏ အစီရင်ခံစာ ထုတ်ပြန်ချက်တွင် ယခုအစီရင်ခံချက်၏ တွေ့ရှိချက်များနှင့် တူညီမှုရှိနေရာ ပဋိပက္ခသက်ရောက်မှုခံရသော မြို့နယ်များအသီးသီးတို့အတွင်း မသိမသာကွဲပြားသည့် ဖွံ့ဖြိုးမှုဆိုင်ရာ ပုံရိပ်အပေါ်တွင် ဖြစ်ပါသည်။ ယင်းအစီရင်ခံမှုက တွေ့ရှိခဲ့သည်မှာ ၂၀၁၆ ခုနှစ်အတွင်း မြန်မာနိုင်ငံ၏ လူဦးရေ၏ လေးပုံတစ်ပုံ နီးပါးတို့မှာ နေလိုက်/ထွက်ခွာလိုက် လုပ်နေရသည့် ပဋိပက္ခသွင်ပြင်လက္ခဏာများရှိသည့် မြို့နယ်များအတွင်း နေထိုင်နေကြသည် ဟူ၍ဖြစ်ပါသည်။ MIMU-HARP ၏ သုံးသပ်လေ့လာမှုက ဖွံ့ဖြိုးမှုနောက်ကျကျန်နေခြင်းနှင့် ဖြစ်ပွားလျက်ရှိသည့် ပဋိပက္ခအပေါ်တွင်ရှိ အညွှန်းဖော်ပြချက်များကို ၂၀၁၄-၂၀၁၆ ခုနှစ် ကာလအတွင်း ယင်း၏ ထိခိုက်လွယ်မှုအပေါ် သုံးသပ်အကဲဖြတ်မှုအတွင်း ချိတ်ဆက်မှုပြုပေးထားစဉ်ဝယ်၊ TAF ပဏာမဆောင်ရွက်မှုက နိုင်ငံရေး/ပဋိပက္ခနှင့် လူသားဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အစိတ်အပိုင်းကဏ္ဍများကို သီးခြားသုံးသပ်ဆောင်ရွက်ခဲ့ရာ ဆန်းစစ်မှုအတွင်း ပါဝင်ခဲ့သည့် အတိုက်အခံဖြစ်နေသော နယ်မြေများအတွင်း ပဋိပက္ခအပေါ်တွင် ဖွံ့ဖြိုးမှုဆိုင်ရာ အခြေအနေသက်ရောက်မှုကို သိရှိဆုံးဖြတ်နိုင်ရန်အတွက် ဖြစ်ပါသည်။

[၃၇] The Asia Foundation (၂၀၁၇). မြန်မာနိုင်ငံ၏အတိုက်အခံဖြစ်ပွားနေသည့်ဒေသများ- နယ်မြေစိုးမိုးရေး ပဋိပက္ခ၊ ထောက်ပံ့ကူညီမှုနှင့် ဖွံ့ဖြိုးရေး။

အရေးကြီးသည်မှာ TAF အစီရင်ခံစာက ဖွံ့ဖြိုးမှုနောက်ကျကျန်နေခြင်းကိစ္စတစ်ခုတည်းအား ဖြေရှင်းဆောင်ရွက်ခြင်းက ငြိမ်းချမ်းရေးရရှိရန် မလုံလောက်ပါ ဟူ၍ မှတ်ချက်ပြုထားပါသည်။ မြန်မာနိုင်ငံ၏ ထိန်းချုပ်ရန်အပြိုင်အဆိုင် အတိုက်အခံဖြစ်နေသော နယ်မြေများအတွင်း လူသားဖွံ့ဖြိုးမှု၊ စီးပွားရေးတိုးတက်မှု နှင့် ပဋိပက္ခတို့အကြား ရိုးရှင်းသည့် ဆက်နွယ်မှုတစ်ခုမျှ တွေ့ရှိနိုင်ခဲ့ခြင်း မရှိချေ။ သို့ဖြစ်သော်လည်း တင်းမာမှုများအား တိုးပွားစေပြီး နစ်နာခံစားရမှုများနှင့် ပြိုင်ဆိုင်မှုပြုခြင်းများကို ပိုမိုဆိုးရွားစေမည့် အလားအလာရှိပြီး ပဋိပက္ခကို သက်တမ်းရှည်စေမည့် ဘဏ္ဍာငွေထောက်ပံ့ပေးသည့် စီးပွားရေးဆိုင်ရာ အပြောင်းအလဲများနှင့်အတူ လုံခြုံရေးဆိုင်ရာ ဦးတည်ချက်များနှင့် တိုးပွားလာသော သဘာဝသယံဇာတများကို ထုတ်ယူအမြတ်ထုတ်ခြင်းတို့ကို အကူအညီဖြစ်စေရန် ဖွံ့ဖြိုးမှုဆိုင်ရာ မူဝါဒများအား အသုံးချခြယ်လှယ်မည့် အန္တရာယ်တစ်ခုလည်း ရှိနေပါသည်။

ပုံ (၁၈) ပဋိပက္ခ တိုက်ရိုက်ခံရခြင်း နှင့် အခြားသော မြို့နယ်များ- ၂၀၁၄ သန်းခေါင်စာရင်း* ၊ACLED ၂၀၁၅-၂၀၁၆

| အညွှန်းဖော်ပြချက် | ပဋိပက္ခ တိုက်ရိုက်သက်ရောက်မှုခံရသည့် မြို့နယ်များ | အခြားမြို့နယ်များ | အချိုးအစား |
|---|---|---|---|
| ကျောင်းတက်ဖူးခြင်းမရှိသူများ % | 20.71% | 9.35% | 45.15% |
| ပုံမှန်ပညာရေး အောင်မြင်ထားခြင်း မရှိသူများ % | 35.13% | 16.75% | 47.70% |
| တိုးတက်ကောင်းမွန်သော သောက်သုံးရေ ရင်းမြစ် % | 53.82% | 69.89% | 77.00% |
| သက်သေခံကတ်ပြား မရှိသူများ စုစုပေါင်း % | 33.00% | 25.76% | 78.06% |
| အလယ်တန်းအဆင့်ထိ ပညာရေး ရှိထားသူများ % | 31.01% | 38.24% | 81.10% |
| စာတတ်မြောက်မှု % | 73.27% | 88.87% | 82.45% |
| ဘေးကင်းသည့် မိလ္လာ/ရေဆိုးထုတ်စနစ် % | 61.65% | 74.05% | 83.26% |
| သက်ငယ် နှင့် ဝါး အမိုး % | 31.32% | 36.72% | 85.30% |
| ဝါး (သို့) မြေသား ကြမ်းခင်းများ % | 38.12% | 32.61% | 85.54% |
| မီဒီ ကလေးအချိုး | 51.95% | 44.56% | 85.76% |
| အိမ်ထောင်စုတစ်ခုတွင်း ဆက်သွယ်ရေး ကိရိယာများ | 1.15 | 1.34 | 85.87% |
| လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးမှု % | 28.01% | 32.20% | 86.98% |

*လူဦးရေကိန်းဂဏန်းများမှအပ မြို့နယ်တန်ဖိုးများသည် သန်းခေါင်စာရင်းကောက်ယူခဲ့သည့် လူဦးရေအပေါ်အခြေခံထားခြင်းဖြစ်ပြီး သန်းခေါင်စာရင်းကောက်ယူထားခြင်းမရှိသည့်လူအုပ်စုများကို အပြည့်အဝ ထင်ဟပ်မည်မဟုတ်ပါ။

# ၃. ရင်းနှီးမြှုပ်နှံမှုနည်းပါးခြင်း နှင့် ဖွံ့ဖြိုးမှုနောက်ကျခြင်း

## အဖွဲ့အစည်းလိုက် စွမ်းရည်

### အဓိကတွေ့ရှိချက်များ

- ၂၀၁၁ မှ စ၍ ပြည်ထောင်စု ဘတ်ဂျက်ငွေများအတွက် ပြုပြင်ပြောင်းလဲမှုများသည် လျှပ်စစ်ဓာတ်အားပေးဝေရေး၊ စွမ်းအင် ထုတ်လုပ်ရေး နှင့် အခြေခံအဆောက်အအုံ လိုအပ်ချက်များ အပေါ်တွင် တပ်မတော်၏ အသုံးစရိတ်နှင့်တွဲလျက် များပြားစွာ အလေးပေးထားခဲ့ပါသည်။
- ဗဟိုမှအောက်ခြေအထိ လုပ်ပိုင်ခွင့်ပေးအပ်ခြင်းမှာ တစ်ဖြည်းဖြည်း တိုးများလာသော်လည်း ပြည်နယ်နှင့် တိုင်းဒေသကြီး များအတွက် ခွဲတမ်းချထားပေးမှုများမှာ ဆက်လက်၍ နည်းပါးလျက်ရှိရာ (၈%) ရှိပါသည်။
- ၂၀၁၁/၁၂ ခုနှစ်ကတည်းက ကျန်းမာရေးနှင့် ပညာရေးကဏ္ဍများအတွက် ခွဲတမ်းချပေးမှုများမှာ များစွာတိုးများသော်လည်း၊ လူတစ်ဦးချင်းစီအတွက် အသုံးစရိတ်မှာ ဆက်လက်နည်းပါးလျက်ရှိရာတွင်၂၀၁၆ ခုနှစ်တွင် အမေရိကန်ဒေါ်လာ(၃၅.၆၀) ဖြစ်သည်။

အစိုးရ သုံးစွဲမှု၏ ရောမကြီးမားသည့် အစိတ်အပိုင်းမှာ လျှပ်စစ်ဓာတ်အားပေးဝေရေးနှင့် စွမ်းအင်အတွက် အသုံးစရိတ်များကို ခွဲတမ်းချပေး ထားပါသည်။ လက်ရှိတွင် အိမ်ထောင်စုပေါင်း (၆၇%) ခန့်သည် မဟာဓာတ်အားလိုင်းနှင့် ချိတ်ဆက်ထားခြင်းမရှိပါ။ မဟာဓာတ်အားလိုင်းနှင့် လျှပ်စစ်ထုတ်လုပ် ပေးပို့ခြင်း နှစ်ခုစလုံးအား တိုးချဲ့မှုပြုခြင်းအားဖြင့် အထူးသဖြင့် ကျေးလက်နေသူများအတွက် နေထိုင်မှုအဆင့်အတန်းများ၊ အလုပ်အကိုင်အခွင့်အလမ်းများနှင့် လုပ်သားများ၏ ထုတ်လုပ်မှုစွမ်းရည်များ တိုးတက်ကောင်းမွန်လာမည်ဟု မျှော်လင့်ရပါသည်။

လျင်မြန်စွာ ကြီးထွားနေသော်လည်း မြန်မာနိုင်ငံတွင် လူတစ်ဦးချင်းစီအတွက် လျှပ်စစ်ဓာတ်အားသုံးစွဲမှုမှာ လွန်စွာနည်းပါးမှုဖြစ်နေကာ တရုတ်နိုင်ငံ၏ သုံးစွဲမှု၏ အပုံ (၂၀)ပုံ တစ်ပုံခန့်သာ ရှိနေပါသည်။ မြန်မာနိုင်ငံ၏ ပျမ်းမျှ လျှပ်စစ်ဓာတ်အားသို့ ပြောင်းလဲသုံးစွဲမှုအချိုးအစားမှာ ၂၀၀၆ ခုတွင် (၁၆%) ရှိနေရာမှ ၂၀၁၅[၃၈] ခုနှစ်တွင် (၃၄%) သို့ တိုးတက်လာခဲ့သော်လည်း တစ်ဦးချင်းစီ၏ လျှပ်စစ်ဓာတ်အားသုံးစွဲမှုမှာ (၁၅၀ မှ ၁၆၀) ကီလိုဝပ် ဝန်းကျင်ရှိသည့် အင်မတန်နည်းပါးသည့် အတိုင်းအတာဖြစ်လျက်ရှိကာ၊ တရုတ်နိုင်ငံ၏ သုံးစွဲမှုနှင့် နှိုင်းယှဉ် ကြည့်ပါက ၎င်းတွင် (၃၃၀၀) ကီလိုဝပ် ဝန်းကျင်ရှိနေပါသည်။[၃၉] ယခုကဲ့သို့ တစ်ဦးချင်းစီသုံးစွဲမှု နိမ့်ပါးမှုက နိုင်ငံအဝှမ်းတွင် လျှပ်စစ်ဓာတ် အား ရယူသုံးစွဲနိုင်မှု မညီမျှခြင်းအဆင့်များ မြင့်မားနေခြင်းကို ဖော်ပြပြီး၊ ရန်ကုန်တွင် လျှပ်စစ်ဓာတ်အားသုံးစွဲနိုင်မှုနှုန်း (၇၈%)၊ နောက်တွင် ကယားပြည်နယ်က (၄၆%)၊ မန္တလေးက (၄၀%) နှင့် နေပြည်တော်က (၃၉%) တို့ရှိကြကာ ကျေးလက်ဒေသများသည် လျှပ်စစ်ဓာတ်အား ကောင်းစွာဖြန့်ဖြူးပေးခြင်းမခံရဘဲ ပျမ်းမျှအားဖြင့် (၂၀%) အောက်သာ ရှိကြပါသည်။[၄၀]

မြန်မာနိုင်ငံ အမျိုးသား လျှပ်စစ်ဓာတ်အားရရှိရေး စီမံချက် အနေဖြင့် ၂၀၃၀ ခုနှစ်တွင် တစ်နိုင်ငံလုံး လျှပ်စစ်ဓာတ်အား ရယူသုံးစွဲမှုအား ဆောင် ကျဉ်းပေးရန်ဖြစ်ရာတွင် ဝေးလံသည့် ဒေသများနှင့် တောင်ပေါ်ဒေသများအတွက် ရွေးချယ်ဆောင်ရွက်နိုင်မည့်အရာများမှာ နည်းပါး လျက်ရှိပါသည်။ စီမံချက်အတွင်း မဟာဓာတ်အားလိုင်းနှင့် မဟာဓာတ်အားလိုင်းဖြင့် မဟုတ်သည့် အစိတ်အပိုင်းကဏ္ဍခွဲများပါဝင် လျက်ရှိရာ -- (၇၂)သန်းသော အိမ်ထောင်စုများသည် အမျိုးသားမဟာဓာတ်အားလိုင်းနှင့် ချိတ်ဆက်ပေးရန်ဖြစ်ပြီး ၂၀၃၀ခုနှစ်တွင် လူဦးရေ (၃၆) သန်းတို့အတွက် လျှပ်စစ်ဓာတ်အား ရယူသုံးစွဲနိုင်မည်ဖြစ်ကာ၊ ဝေးလံသော ဒေသများအတွက် မဟာဓာတ်အားလိုင်းဖြင့်မဟုတ်သည့် နည်း ပညာများဖြစ်သည့် နေစွမ်းအင်လျှပ်စစ် ဆိုလာဓာတ်အား (သို့) အသေးစား/အငယ်စား ရေအားလျှပ်စစ်ထုတ်လုပ်ခြင်းတို့အားဖြင့် ထောက် ပံ့ပေးသွားရန် ဖြစ်ပါသည်။ အမျိုးသား မဟာဓာတ်အားလိုင်းအား တိုးချဲ့ခြင်းအတွက် ကုန်ကျမှုမှာ မြေပြန့်နှင့် တောင်ပေါ်ဒေသတို့ မြေမျက်နှာ သွင်ပြင်တို့အားဖြင့် ဆုံးဖြတ်ပေးမည်ဖြစ်၍ ဝေလံသည့် ဒေသကြီးများအနေဖြင့် မဟာဓာတ်အားလိုင်းကို မျှော်လင့်နိုင်ရာ - ယင်းနှင့် စပ်လျဉ်း သည့် ဘဝအရည်အသွေးအတွက် တိုးတက်ကောင်းမွန်မှုများ အပါအဝင်ဖြစ်လျက် ၂၀၃၀ခုနှစ် နီးကပ်လာသည်နှင့်အမျှ ရရှိရန် ပိုမိုနည်း ကပ်လာနေပြီးဖြစ်ရာ ယင်းကိစ္စအောင်မြင်ခဲ့လျှင်ဖြစ်သည်။ ထောက်ခံအကြံပြုထားသည့် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးရေး အစီအမံအဆင့် အဆင့်အား ဖော်ပြသည့် စီမံချက်များက[၄၁] ဖော်ညွှန်းနေသည်မှာ ဝေးလံသည့်ဒေသများဖြစ်ပြီး - အထူးသဖြင့် ရှမ်း၊ ချင်း၊ ကချင် နှင့် ကယား ပြည်နယ်တို့တွင် ရှိသည့်ဒေသများဖြစ်ကာ၊ ယင်းဒေသများအတွက် လက်ရှိအချိန်အတောအတွင်း မဟာဓာတ်အားလိုင်းနှင့် ဆက်သွယ် ပေးရန် ဦးတည်ထားမှု လုံးဝမရှိသေးပါ။ ယင်းအစား ယင်းဒေသများအတွက် "လျှပ်စစ်ဓာတ်အား မဖြန့်ဖြူးပေးခင်" ဝန်ဆောင်မှုများကို ပေးထားမည်၊ သို့တည်းမဟုတ် နေစွမ်းအင်ဆိုလာစနစ်များ (သို့) အသေးစား လျှပ်စစ်ဓာတ်အားလိုင်း ထုတ်လုပ်ပေးခြင်းတို့ ပြုလုပ်ပေး မည်ဖြစ်ပါသည်။ အဆိုပါ ဝန်ဆောင်ပေးမှုများအနေဖြင့် စီးပွားရေးအတွက်သုံးနိုင်ခွင့်များမရှိခြင်းနှင့် ဦးတည်ထားရာ လူထုများအတွက် အကျိုးကျေးဇူးများသိရှိကြစေရန် အားပေးကြော်ငြာမှု ပြုလုပ်ရန်လိုအပ်နေခြင်း တို့ကြောင့် ထပ်ဆင့်ရှုပ်ထွေးမှု ရှိမည်ဖြစ်ပါသည်။


[၃၈]အာရှဖွံ့ဖြိုးရေးဘဏ်(၂၀၁၆)။ မြန်မာ - စွမ်းအင်ကဏ္ဍအကဲဖြတ်သုံးသပ်ခြင်း၊ မဟာဗျူဟာနှင့် လမ်းပြမြေပုံ။

[၃၉]Dobermann, T. (၂၀၁၆) မြန်မာနိုင်ငံအတွင်းရှိ စွမ်းအင်ကဏ္ဍ။ နိုင်ငံတကာ ဖွံ့ဖြိုးကြီးထွားရေး စင်တာ။ IGC Myanmar။


[၄၀]အာရှဖွံ့ဖြိုးရေးဘဏ်(၂၀၁၆)။ မြန်မာ - စွမ်းအင်ကဏ္ဍအကဲဖြတ်သုံးသပ်ခြင်း၊ မဟာဗျူဟာနှင့် လမ်းပြမြေပုံ။

[၄၁]ကမ္ဘာ့ဘဏ် (၂၀၁၅)၊ မြန်မာ - ၂၀၃၀ပြည့်နှစ်တွင် နေရာမရွေး လျှပ်စစ်မီးရရှိရေးသို့ (ရှင်းလင်းတင်ဆက်မှု)။


ပုံ (၁၉) ပြည်ထောင်စု ဘတ်ဂျက်အတွင်းမှ အရေးကြီး အချက်များ အနှစ်ချုပ်




ပုံ (၂၀) ၂၀၁၄ အတွင်း လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးမှု - သန်းခေါင်စာရင်း *




ပုံ (၂၁) အမျိုးသား မဟာဓာတ်အားလိုင်း တိုးချဲ့မှု အစီအစဉ်အဆင့်ဆင့် နှင့် ဓာတ်အားလိုင်း လက်လှမ်းမီမှု




*မြို့နယ်တန်ဖိုးများသည် သန်းခေါင်စာရင်းကောက်ယူထားခြင်းမရှိသည့် လူအုပ်စုများကို အပြည့်အဝ ထင်ဟပ်မည်မဟုတ်ပါ။

မြန်မာနိုင်ငံ၏ ရေအားလျှပ်စစ်ထုတ်လုပ်မှုလုပ်ငန်းမှာ သိသာထင်ရှားစွာ ကြီးထွားမှုရှိလာသော်လည်း အသုံးချမှု နည်းနေသေးသည့် အရင်းအမြစ်တစ်ခုအဖြစ် ရှိနေပါသေးသည်။ ၂၀၁၁ ခုနှစ်တွင် (၁၁၀) ကီလိုဝပ် မှ ၂၀၁၄ခုနှစ်တွင် (၁၈၀) ကီလိုဝပ်ထိ ရေအားလျှပ်စစ်အနေဖြင့် တိုးမြှင့်ထုတ်လုပ်ပေးနိုင်သော်လည်း ယင်းမှာ ရရှိနိုင်သည့် ရေအားလျှပ်စစ်ထုတ်လုပ်မှု (ထုတ်လုပ်ရရှိနိုင်သော ၂၄၀.၂ TWh ၏ ၈.၇၁ TWh) ၏ (၅.၈%)သာရှိပြီး ဟုသိရှိရပါသည်။[၄၂] ထပ်ဆင့် (၁၂%) ဖြစ်သည့် အလားအလာရှိသော ရေအားလျှပ်စစ်မှာ ထူထောင်ထားပြီး (သို့) ဆောက်လုပ်ဆဲအခြေအနေတွင် ရှိနေပါသည်။ ရေအားလျှပ်စစ် ပဏာမလုပ်ငန်းများအနေဖြင့်လည်း အငြင်းပွားစရာများ ပေါ်ထွက်ထားခဲ့ရာ -- ရပ်ဆိုင်းထားသော မြစ်ဆုံဆည်သည် ဥပမာအနေဖြင့် ကြီးမားသည့် မြေပြင်နယ်မြေများစွာအပေါ်တွင် လွှမ်းမိုးသက်ရောက်နိုင်ခြေရှိသည့်အတွက် တရုတ်နိုင်ငံသို့ တင်ပို့ဖြန့်ဖြူးပေးမည့် လျှပ်စစ်ဓာတ်အားထုတ်ပေးလျှင် ပဋိပက္ခမီးကို တောက်လောင်စေနိုင်ပါသည်။

ရေအားလျှပ်စစ်ကိုသာ စီးပွားရေးအရ အမြတ်ထုတ်သုံးစွဲမှု ရှိနေစဉ်တွင် သိရှိထားသည့် အခြားသော အသစ်တစ်ဖန်ပြန်လည်ဖြစ်သော စွမ်းအင်အရင်းအမြစ်များအတွက် နည်းပညာပိုင်းဆိုင်ရာ အလားအလာရှိမှုလည်းရှိနေရာတွင် --ဥပမာ ရှမ်းနှင့် ချင်းပြည်နယ်များနှင့် ကမ်းရိုးတမ်း တစ်လျှောက်တို့တွင် လေအားလျှပ်စစ်၊ ထို့နည်းတူ အလယ်ဗဟို အပူပိုင်းဒေသ၏ အလားအလာရှိသော နေစွမ်းအင်လျှပ်စစ် ဆိုလာစနစ်အား ချဲ့ထွင်နိုင်မှုရှိထားရာ တစ်နှစ်တွင် (၅၂၀၀၀) Terrawatt-hours ဝန်းကျင်အတွက် ခန့်မှန်းထားပါသည်။[၄၃] ဆောက်လုပ်မှုပြီးစီးပါက အဆိုပါ စနစ်ယန္တရားများက ထပ်မံကုန်ကျမည့်စရိတ်များ သုညနီးပါးဖြစ်မည့် လျှပ်စစ်ဓာတ်အားကို ပေးစွမ်းမည်ဖြစ်ရာ အထူးသဖြင့် ဝေးလံသည့် ဒေသများအတွက် လျှပ်စစ်ဓာတ်အား ပံ့ပိုးမှု အသေးစားများအတွက် နေစွမ်းအင်လျှပ်စစ်နှင့် လေအားလျှပ်စစ် နည်းပညာများသည် ဆွဲဆောင်မှုရှိသည့် ရွေးချယ်စရာနည်းလမ်းများ ဖြစ်သွားစေမည်ဖြစ်သည်။

အဆုံးတွင် လူမှုရေးပိုင်းဆိုင်ရာအတွက် များစွာသော ထပ်ပေါင်း သုံးစွဲမှုသည် နေထိုင်မှုနှင့် လူမှုစီးပွားရေးဆိုင်ရာ အခြေအနေများ မြှင့်တင်ရန်အတွက်လိုအပ်ရာတွင် အထူးသဖြင့် ဝန်ဆောင်မှုပေးခြင်း နိမ့်ပါးနေသည့် ဒေသများအတွက်ဖြစ်ပြီး ယင်းတို့အနေဖြင့် နိုင်ငံတော်အဆင့် ပျမ်းမျှခြင်းနှင့် နီးစပ်လာစေရန် ဖြစ်ပါသည်။ အဆိုပါဒေသများတွင် နေထိုင်မှုအခြေအနေများ နိမ့်ပါးခြင်းနှင့် လက်လှမ်းမီနိုင်မှု နည်းပါးခြင်းတို့မှာ ဆက်လက်၍ တည်တံ့နေနိုင်မည့် အလားအလာရှိရာဝယ် အဆိုပါ မြို့နယ်များစွာတို့တွင် ရင်းနှီးမြှုပ်နှံမှုနှင့် အလုပ်အကိုင်တို့ကို ဆွဲဆောင်နိုင်ရန် လိုအပ်သော လူဦးရေထူထပ်မှု မရှိသည့်အတွက်ကြောင့် ဖြစ်ပါသည်။ အဆိုပါ ဒေသများအတွက် ပစ္စည်းများနှင့် ဝန်ဆောင်မှုများ၏ စရိတ်စကများကို ထေမိစေရန်နှင့် စိုက်ထုတ်မှုပြုပေးနိုင်ရန် ထပ်မံ၍ ကြိုးပမ်းအားထုတ် ဆောင်ရွက်မှုများအား လိုအပ်လျက်ရှိပါသည်။

၂၀၁၁/၂၀၁၂ ခုနှစ် ပြုပြင်ပြောင်းလဲမှုများ စတင်ခဲ့ချိန်မှစ၍ ပညာရေးနှင့် ကျန်းမာရေးအတွက် ခွဲတမ်းချထားပေးမှုများမှာ တစ်ဖြည်းဖြည်း ကြီးထွားလာခဲ့ပါသည်။ ပြည်ထောင်စု ရသုံးမှန်းခြေစာရင်းများအား ဆန်းစစ်ချက်က ဖော်ညွှန်းပြသနေသည်မှာ ပြည်သူလူထုအတွက် လူမှုကာကွယ်စောင့်ရှောက်မှု သုံးစွဲငွေများ (ပညာရေး၊ ကျန်းမာရေးစောင့်ရှောက်မှု၊ လူမှုကာကွယ်စောင့်ရှောက်မှု) တိုးများလာကြောင်းဖြစ်ရာ GDP မှာ ၂၀၁၀ခုနှစ် (၀.၉၄%) မှ ၂၀၁၅ခုနှစ် (၄.၁၂%) တိုးသွားပြီး၊ လူထုကျန်းမာရေးစောင့်ရှောက်မှု သုံးငွေ တစ်ခုတည်းအတွက် GDP ၏ (၀.၂၄%) မှ (၁.၄၉%) ထိ အဆိုပါ အချိန်ကာလအတွင်း တိုးများလာခဲ့ပါသည်။ ခြားနားမှုအားဖြင့် လူမှုဖူလုံရေး၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနအတွက် ခွဲတမ်းများမှာ လွန်ခဲ့သော (၆)နှစ်တာအတွင်း ပမာဏအားဖြင့် လွန်စွာနည်းပါးပြီး များစွာ ထူးခြားမှုမရှိဘဲ တည်တံ့လျက်ရှိနေရာ GDP ၏ (၀.၀၃%) ဝန်းကျင်တွင်သာဖြစ်နေပါသည်။

ပုံ (၂၂) ၂၀၁၄ အာဆီယံ ကျန်းမာရေးဆိုင်ရာ သုံးစွဲမှုများ - ကမ္ဘာ့ဘဏ်

| နိုင်ငံ | လူထု စုစုပေါင်း % ၂၀၁၄ | အိတ်စိုက် စုစုပေါင်း % ၂၀၁၄ | ပြင်ပရင်းမြစ်များ စုစုပေါင်း% ၂၀၁၄ | တစ်ဦးချင်း ($) ၂၀၁၄ |
|---|---|---|---|---|
| ဘရူနိုင်း Darussalam | 93.9 | 6 | 0 | 958 |
| ကမ္ဘောဒီးယား | 22 | 74.2 | 16.3 | 61 |
| အင်ဒိုနီးရှား | 37.8 | 46.9 | 1.1 | 99 |
| လာအို PDR | 50.5 | 39 | 31.8 | 33 |
| မလေးရှား | 55.2 | 35.3 | 0 | 456 |
| မြန်မာ | 45.9 | 50.7 | 21.8 | 20 |
| ဖိလစ်ပိုင် | 34.3 | 53.7 | 1.4 | 135 |
| စင်ကာပူ | 41.7 | 54.8 | 0 | 2,752 |
| ထိုင်း | 86 | 7.9 | 0.5 | 360 |
| ဗီယက်နမ် | 54.1 | 36.8 | 2.7 | 142 |


[၄၂] မင်းခိုင် (၂၀၁၅)၊ ကမ္ဘာ့ရေအားလျှပ်စစ်ကွန်ဂရက် - ဒေသတွင်းဖွံ့ဖြိုးရေး၊ ကုန်ကျမှုကိုမည်သို့မျှဝေကျခံနိုင်မည်နည်း။(ရှင်းလင်းတင်ဆက်မှု)။ ဘေဂျင်း - လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန။

[၄၃] Dobermann, T. (၂၀၁၆)၊ မြန်မာနိုင်ငံအတွင်းရှိ စွမ်းအင်ကဏ္ဍ။ နိုင်ငံတကာ ဖွံ့ဖြိုးကြီးထွားရေး စင်တာ။ IGC Myanmar။

ကမ္ဘာ့ဘဏ်က မှတ်ချက်ပြုသည်မှာ ပညာရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုတို့နှင့် သက်ဆိုင်သည့် ၂၀၁၁/၂၀၁၂ ခုနှစ် ပြုပြင်ပြောင်းလဲမှုများစွာတို့မှာ ဥပဒေဖြင့်ပြဋ္ဌာန်းပြီးဖြစ်ကြောင်း -- မူလတန်းကျောင်းပညာရေးမှာ ယခုတွင် မဖြစ်မနေ တက်ရောက်ရမည်ဖြစ်ပြီး၊ မူလတန်း၊ အလယ်တန်းနှင့် အထက်တန်း ပညာရေးဆိုင်ရာ ပေးသွင်းရမည့်ငွေကြေးများ လျှော့ပေါ့ပေးလိုက်ပြီး နောက်ထပ် ဆရာ/မ ပေါင်း (၇၉၀၀၀) အား ခေါ်ယူခန့်ထားပြီးဖြစ်ပါသည်။ အရေးပေါ် ဝန်ဆောင်မှုများ လိုအပ်နေသည့် ကလေးငယ်များ၊ ကိုယ်ဝန်ဆောင်မိခင်များ နှင့် နာမကျန်းသူများသည် ယခုတွင် အခမဲ့ ဆေးဝါးနှင့် ကျန်းမာရေးစောင့်ရှောက်မှုကို ရယူနိုင်ကြပါသည်။ မိမိအိတ်တွင်းမှပေးရသည့် ငွေသုံးစွဲမှုများမှာ (၈၀%) မှ (၅၀%) သို့ ကျဆင်းသွားပါသည်။

အဆိုပါ ခွဲတမ်းများ တိုးမြှင့်လာသော်လည်း တစ်ဦးတစ်ယောက်ချင်းအတွက် သုံးစွဲမှုမှာ ဆက်လက်၍ နည်းပါးဆဲဖြစ်နေရာ၊ အကြောင်းမှာ ပြည်ထောင်စု ဘတ်ဂျက်ပမာဏ အကန့်အသတ်ဖြစ်နေသည့်အတွက်ဖြစ်ပါသည်။[၄၄] ကာကွယ်ရေး အသုံးစရိတ်မှာ ခွင်းချက်ဖြစ်ပြီး တင်ပြခဲ့သည့် ပြည်ထောင်စု ဘတ်ဂျက်၏[၄၅] ပုံမှန်မဟုတ်သည့် ကြီးမားသည့်အစိတ်အပိုင်းဖြစ်လျက်ရှိရာ အာဆီယံအဖွဲ့အတွင်းရှိ အိမ်နီးချင်းနိုင်ငံများနှင့် နှိုင်းယှဉ်ကြည့်လျှင်ဖြစ်ကာ -- ယင်းနိုင်ငံများထဲမှ များစွာသော နိုင်ငံများအတွင်းတွင်လည်း ၎င်းတို့၏ တည်ငြိမ်မှုမရှိသည့် နယ်မြေဒေသများတွင် လက်ရှိ ပုန်ကန်မှုများနှင့် ပြင်းထန်သည့် အုံကြွမှုများ ရှိနေပါသည်--

ပုံ (၂၃) GDP ၏ ရာခိုင်နှုန်းအရ ကာကွယ်ရေး အသုံးစရိတ် နှင့် အစိုးရ၏ စုစုပေါင်း အသုံးစရိတ် ၂၀၁၄ – Abuza




အစိုးရ၏ ဝင်ငွေနှင့် (ထို့နည်းလည်းကောင်းပင်) လူမှုရေး အသုံးစရိတ်တို့ကို တိုးပွားစေမည့် အလားအလာရှိသော ရန်ပုံငွေ ပင်ရင်းများကို ကမ္ဘာ့ဘဏ်နှင့် အကျိုးအမြတ်အတွက်မဟုတ်သည့် အပြည်ပြည်ဆိုင်ရာ ငွေရေးကြေးရေး သမာသမတ်ကျမှုဆိုင်ရာ သုတေသနနှင့် အကြံပြုရေးအဖွဲ့တို့က မီးမောင်းထိုးပြသခဲ့ပါသည်။ ကမ္ဘာ့ဘဏ်၏ ၂၀၁၅ ခုနှစ် ပြည်သူ့အသုံးစရိတ် လေ့လာသုံးသပ်မှုအစီရင်ခံစာက မီးမောင်းထိုးပြသထားခဲ့သည့်အချက်မှာ အခွန်ဘဏ္ဍာ စနစ်တကျစီမံအုပ်ချုပ်ရေးတွင် တိုးတက်ကောင်းမွန်မှုများအတွက်သော်လည်းကောင်း၊ အစိုးရအနေဖြင့် အခွန်ဘဏ္ဍာကောက်ယူခြင်းကိစ္စအပေါ် ပိုမိုကောင်းမွန်တိုးတက်စေပြီး တည်ငြိမ်သည့်အခြေအနေဖြစ်စေရန် အသုံးပြုသည့် အဓိကယန္တရားများအဖြစ် ပိုမို၍ တစ်သမတ်တည်းကျသည့် အကောက်ခွန်များ ချမှတ်ကောက်ယူခြင်းကိုသော်လည်းကောင်း လိုအပ်နေသည့်အချက်ကိုပင်ဖြစ်သည်။ အပြည်ပြည်ဆိုင်ရာ ငွေရေးကြေးရေး သမာသမတ်ကျမှုဆိုင်ရာ လေ့လာရေးအဖွဲ့ (GFI) ခန့်မှန်းမှုပြုထားသည်မှာ ၁၉၆၀ မှ ၂၀၁၃ ခုနှစ် ကာလအတွင်း နိုင်ငံတွင်း တရားမဝင်သည့် ဘဏ္ဍာရေးစီးဝင်မှုများမှာ စုစုပေါင်းအားဖြင့် အမေရိကန်ဒေါ်လာ (၇၇.၇) ဘီလီယံ (သို့) နှစ်စဉ် GDP ၏ (၁၄.၄%) ရှိသည် ဟူ၍ဖြစ်ပါသည်။ အဆိုပါစီးဝင်မှုများ၏ ထက်ဝက်နီးပါးမှာ အမှန်တကယ်အားဖြင့် ၂၀၁၀ မှ ၂၀၁၃ ခုနှစ် အတွင်း ဖြစ်ပွားခဲ့ခြင်းဖြစ်ကာ ယနေ့ခေတ်တွင် တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ (၈)ဘီလီယံ ထိသို့များပြားလာလျက်ရှိပါသည် (သို့တည်းမဟုတ် ပြည်ထောင်စု ဘတ်ဂျက်၏ ထက်ဝက်ကျော်သော ပမာဏ)။ [၄၆] တရားမဝင်စီးဝင်မှုများကြောင့် အခွန်များဆုံးရှုံးခြင်းသည် နိုင်ငံ၏ အရေးတကော့အရေးကြီးသည့် ပြည်သူ့ရန်ပုံငွေများအား ရရှိမှုမရှိစေဘဲ လေ့လာသုံးသပ်မှုပြုခဲ့သော ကာလအတောအတွင်းတွင် ကျန်းမာရေးကဏ္ဍ အသုံးစရိတ်များ၏ (၁၇၂%) နှင့် ပညာရေးကဏ္ဍ အသုံးစရိတ်များ၏ (၇၃%) ထိ ပမာဏအားဖြင့် ရှိနေပါသည်။ တရားမဝင် စီးထွက်မှုများမှာ စီးဝင်မှုအခြေအနေများအရ သိသာထင်ရှားမှုမရှိသော်လည်း နိုင်ငံ၏ နှစ်စဉ် GDP ၏ ပျမ်းမျှ (၆.၄%) ထိရှိနေဆဲဖြစ်ပါသည်။

[၄၄]ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (၂၀၁၄)။ တစ်ဦးတစ်ယောက်ချင်း ကျန်းမာရေးသုံးစွဲကုန်ကျစရိတ်နှင့် အစိုးရသုံးစွဲကုန်ကျစရိတ်။ http://data. worldbank.org/indicator/SH.XPD.PCAP?locations=MM. မှတဆင့်ရရှိသည်။

[၄၅]Abuza, Z.(၂၀၁၄)၊ အရှေ့တောင်အာရှ၏ စစ်သုံးစရိတ်အပေါ် ခွဲခြမ်းစိတ်ဖြာခြင်း(Stockholm International Peace Research Institute ၏ အချက်အလက်များကို အသုံးပြုပါသည်)။ မဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေး စင်တာ။

[၄၆]Dev, K.&Spanjers,J. (၂၀၁၅). ၁၉၆၀ - ၂၀၁၃ ခုနှစ်တွင်း မြန်မာနိုင်ငံ မှ/သို့ ငွေအလုံးအရင်းထွက်ခြင်း နှင့် တရားမဝင်ငွေရေးကြေးရေးစီးဆင်းမှု။ Global Financial Integrity

အဂတိလိုက်စားမှု၊ သာတူညီမျှမှုမရှိခြင်း နှင့် ကုန်ပစ္စည်းဈေးနှုန်းများ ပုံမှန်မဟုတ်အတက်အကျများခြင်းတို့သည် ကြီးထွားဖွံ့ဖြိုးမှုနှင့် အစိုးရ၏ ဝင်ငွေတို့အတွက် အန္တရာယ်ကျရောက်နိုင်ခြေများအဖြစ် ဆက်လက်တည်ရှိနေပါသည်။ ကမ္ဘာ့ဘဏ်က မြန်မာနိုင်ငံ၏ စီးပွားရေးကဏ္ဍ စုံလင်မှုရှိလာစေရန်နှင့် ကုန်ပစ္စည်းဈေးနှုန်းများ ပုံမှန်မဟုတ်အတက်အကျများခြင်းတို့၏ သက်ရောက်မှုဒဏ်ကို လျော့ပါးစေရန် အချို့သော ပြန်လည်ချိန်ညှိ၍ ဟန်ချက်ထိန်းနိုင်မည့်ကိစ္စများကို အရေးဆိုတင်ပြခဲ့ပါသည်။ ထို့ပြင် အဂတိလိုက်စားမှုမှာ ကြီးမားသည့် စိန်ခေါ်ချက်အဖြစ် ဆက်လက်တည်ရှိနေပြီး၊ နိုင်ငံတကာပွင့်လင်းမြင်သာမှုအဖွဲ့က မြန်မာနိုင်ငံအား (၁၇၆)နိုင်ငံအတွင်း (၁၃၆)ခုမြောက် နိုင်ငံအဖြစ် စာရင်းသွင်းထားပါသည်။[၄၇]

အဆိုပါ အကြောင်းတရားများရှိနေသော်လည်း ပြည်ထောင်စု ဘတ်ဂျက်သည် အစိုးရ၏ ဖော်ပြထားသော ဦးစားပေးအစီအစဉ်များအတိုင်း ယေဘုယျအားဖြင့် ခွဲတမ်းချထားခြင်း ဖြစ်ပါသည်။ ယင်းမှာ ပြည်ထောင်စု၏ ကာကွယ်ရေးအသုံးစရိတ်အပေါ် တာဝန်ရှိမှုများနှင့် ယှဉ်တွဲပြုလုပ်ခြင်းဖြစ်ကာ လွန်စွာသေးငယ်သည့် ဘတ်ဂျက်များသည်သာ လူမှုဖူလုံရေးနှင့် လူမှုလုံခြုံရေးကဲ့သို့သော အရေးပါသည့် လုပ်ငန်းဆောင်တာများအတွက် ရရှိနိုင်ခြင်းဖြစ်ပါသည်။

နိုင်ငံတော်အဆင့် အသုံးစရိတ်ဆိုင်ရာ ဖြစ်စဉ်ပုံစံများမှာ ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့်တို့တွင်လည်း တည်ရှိနေပြီး၊ အခြေခံအဆောက်အအုံနှင့် မြို့ပြဖွံ့ဖြိုးရေးတို့အတွက် အသုံးစရိတ် (၆၉%) ထိရှိပါသည်။ ယင်းအချက်က မြန်မာနိုင်ငံတွင် အခြေခံအဆောက်အအုံအတွက် အထူးလိုအပ်ချက်အတွက် မှန်ကန်မှုရှိကြောင်း ထင်မြင်ရကာ၊ ဆင်းရဲနွမ်းပါးမှု လျော့ပါးစေရေးနှင့် မညီမျှမှုလျော့ချရေးတို့ပါဝင်သည့် လူမှုရေးဆိုင်ရာ အကျိုးကျေးဇူးများရရှိနိုင်ရန်အတွက် အခြေခံအဆောက်အအုံဆိုင်ရာ သက်ဆိုင်သော ကုန်ကျစရိတ်အတွက် အကျိုးထွက်ပေါ်မှု ကိစ္စနှင့် တွဲစပ်ပေးထားပါသည်။[၄၈] သို့ဖြစ်သော်လည်း ပြည်နယ်/တိုင်းဒေသကြီး အဆင့်ရှိ အရင်းအမြစ်များမှာ နိုင်ငံတော်အဆင့်ထက်များစွာပိုမို၍ကန့်သတ်မှုရှိနေရာ၊ ၂၀၁၃/၄ ဘဏ္ဍာနှစ်အတွက်ပြည်နယ်/တိုင်းဒေသကြီးအသုံးစရိတ်များတွင်မြင်နိုင်သည့်အတိုင်းဖြစ်ပါသည်။

ပုံ (၂၄) တင်ပြခဲ့သည့် ပြည်ထောင်စု ဘတ်ဂျက်များ ၂၀၁၁-၂၀၁၇ (ကိန်းဂဏန်းအားလုံးမှာ မြန်မာကျပ်) – Open Myanmar Initiative


| ပြည်ထောင်စု ဘတ်ဂျက် အမျိုးအစား | 2011-2012 | 2012-2013 | 2013-2014 | 2014-2015 | 2015-2016 | 2016-2017 | % of 16/17 |
|---|---|---|---|---|---|---|---|
| လျှပ်စစ်ဓာတ်အား | 699,641 | 659,890 | 2,088,741 | 2,564,006 | 2,851,112 | 3,187,686 | 15.4% |
| ကာကွယ်ရေး | 1,409,648 | 2,104,198 | 2,289,022 | 2,613,847 | 3,167,885 | 2,876,469 | 13.9% |
| စွမ်းအင် | 1,108,834 | 2,211,954 | 3,631,830 | 3,373,699 | 3,396,783 | 2,694,258 | 13.0% |
| ဘဏ္ဍာရေး နှင့် စီမံအုပ်ချုပ်မှု | 1,134,436 | 2,148,981 | 2,206,721 | 2,139,399 | 2,454,977 | 2,526,985 | 12.2% |
| ပြည်နယ်/တိုင်းဒေသကြီး ခွဲတမ်းများ | 160,201 | 477,675 | 659,208 | 1,632,908 | 1,821,695 | 1,720,419 | 8.3% |
| ပညာရေး | 310,401 | 764,793 | 909,459 | 1,158,917 | 1,470,998 | 1,501,854 | 7.2% |
| အခြေခံအဆောက်အအုံ | 1,175,868 | 1,146,390 | 1,265,390 | 2,011,919 | 1,418,614 | 1,442,331 | 7.0% |
| စိုက်ပျိုးရေး၊ မွေးမြူရေး နှင့် ငါးလုပ်ငန်း | 440,540 | 481,420 | 699,706 | 1,237,084 | 1,773,137 | 1,287,803 | 6.2% |
| ကျန်းမာရေး | 92,008 | 400,719 | 528,573 | 709,184 | 844,053 | 831,052 | 4.0% |
| စက်မှု နှင် ကုန်သွယ်ရေး | 432,197 | 1,486,887 | 898,258 | 768,298 | 692,234 | 655,705 | 3.2% |
| သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာ | 529,108 | 634,285 | 657,372 | 881,316 | 589,172 | 459,379 | 2.2% |
| ဗဟိုဘဏ်* | - | - | - | 359,757 | 343,468 | 308,183 | 1.5% |
| ပြည်ထဲရေး | 75,516 | 158,024 | 273,212 | 347,050 | 355,093 | 302,034 | 1.5% |
| သဘာဝပတ်ဝန်းကျင် | 142,465 | 397,412 | 344,901 | 300,267 | 452,184 | 251,447 | 1.2% |
| သတ္တုတွင်းလုပ်ငန်း | 87,855 | 213,366 | 166,452 | 193,568 | 175,373 | 138,364 | 0.7% |
| သိပ္ပံ နှင့် နည်းပညာ | 42,564 | 22,492 | 115,162 | 121,877 | 149,322 | 123,910 | 0.6% |
| နယ်စပ်ရေးရာ | 38,367 | 146,991 | 271,010 | 128,441 | 130,441 | 122,566 | 0.6% |
| တရားစီရင်ရေး၊ ဥပဒေပြုရေး နှင့် ရွေးကောက်ပွဲများ | 12,708 | 18,347 | 65,795 | 76,279 | 88,974 | 65,522 | 0.3% |
| အားကစား၊ သာသနာရေး နှင့် ယဉ်ကျေးမှု | 19,647 | 350,263 | 187,595 | 63,540 | 59,522 | 51,644 | 0.2% |
| မြို့တော်စည်ပင်သာရေးကောင်စီ (နေပြည်တော်) | 4,136 | 6,141 | 172,657 | 140,983 | 122,883 | 50,937 | 0.2% |
| နိုင်ငံခြားရေး | 2,491 | 46,502 | 58,985 | 72,192 | 76,807 | 50,908 | 0.2% |
| အလုပ်သမား၊ အလုပ်အကိုင် နှင့် လူမှုဖူလုံရေး | 8,853 | 8,039 | 7,106 | 27,823 | 32,973 | 28,073 | 0.1% |
| လူဝင်မှုကြီးကြပ်ရေး နှင့် ပြည်သူ့အင်အား | 2,656 | 11,678 | 26,988 | 18,253 | 20,206 | 21,383 | 0.1% |
| လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေး နှင့်ပြန်လည်နေရာချထားရေး | 15,113 | 21,015 | 11,902 | 16,577 | 16,092 | 18,645 | 0.1% |
| အုပ်ချုပ်ရေးမဏ္ဍိုင် | 531,648 | 496,917 | 76,179 | 38,054 | 16,298 | 15,926 | 0.1% |
| အထွေထွေစုစုပေါင်း | 8,476,913 | 14,414,391 | 17,611,236 | 20,995,251 | 22,520,310 | 22,520,310 | |

*ဘဏ္ဍာရေးဝန်ကြီးဌာနလက်အောက်မှ ခွဲထွက်၍ သီးခြားလွတ်လပ်သော ဗဟိုဘဏ်အဖြစ် အပြည့်အဝ ဖွဲ့စည်းရခြင်းမရှိသေးသောကြောင့် အသုံးစရိတ်များ မရှိသေးပါ။

[၄၇] ပွင့်လင်းမြင်သာမှု နိုင်ငံတကာ (၂၀၁၆) အဂတိလိုက်စားမှုအပေါ် သဘောထားအမြင် အညွှန်းဖော်ပြချက်

[၄၈] Seneviratne D. & Sun Y. (၂၀၁၃). ASEAN -5 တွင် အခြေခံအဆောက်အအုံ နှင့် ဝင်ငွေဆိုင်ရာ ပျံ့နှံ့ချိတ်ဆက်မှုများမှာအဘယ်နည်း။ အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့။

ပုံ (၂၅) နှစ်အလိုက် ပြည်ထောင်စု သုံးစွဲငွေ နှိုင်းယှဉ်ချက်




ခြုံငုံ၍ဆိုရလျှင် ပြည်နယ်/တိုင်းဒေသကြီး ဘတ်ဂျက်များမှာ ပြန်လည်ဖြန့်ဝေသုံးစွဲနိုင်ရန်အတွက် သတ်မှတ်ထားခြင်းမရှိပေ။ တစ်ဦးတစ်ယောက်ချင်းစီအတွက် အစိုးရ၏ အသုံးစရိတ်ဆိုင်ရာ ပိုမိုမြင့်မားသည့် အဆင့်များသည် ထိခိုက်လွယ်မှု (သို့) တစ်ဦးချင်းပျမ်းမျှ GDP တို့နှင့် အပြန်အလှန်ဆက်စပ်မှုရှိသည်ဟု ကောက်ချက်ဆွဲရန် လုံလောက်မှုရှိသည့် အထောက်အထား (အနည်းဆုံး ပြည်နယ်/တိုင်းဒေသကြီး အဆင့်တွင်) ရှိမထားပါ။ ပြည်နယ်/တိုင်းဒေသကြီး အသုံးစရိတ်များနှင့် သက်ဆိုင်သည့် စာရင်းအချက်အလက်အရ သိသာထင်ရှားသည့် ဆက်နွယ်မှုများမှာ သုံးစွဲငွေ၏ ပမာဏပြည့် သုံးစွဲမှုများနှင့် စုစုပေါင်းလူဦးရေ အရွယ်အစားတို့အကြားရှိ အပြုသဘောဆောင်သည့် ဆက်စပ်မှု နှင့် တစ်ဦးချင်းအတွက်သုံးစွဲမှု နှင့် လူထုအရွယ်အစားတို့အကြား အနုတ်လက္ခဏာပြ ဆက်စပ်မှု တို့ဖြစ်ကြပါသည်။ တစ်ဦး တစ်ယောက်ချင်းအတွက် သုံးငွေမှာ အများအားဖြင့် အနည်းဆုံးနှင့် ကျဲပါးသည့် လူထုများရှိကြသည့် ဒေသများတွင် အမြင့်မားဆုံး ဖြစ်နေတတ်ရာ-- လူဦးရေကျဲပါးသည့် ချင်းပြည်နယ်တွင် အခြားမည်သည့်ဒေသထက်မဆို တစ်ဦးတစ်ယောက်ချင်းစီအတွက် သုံးငွေများတွင် အမြင့်မားဆုံးဖြစ်နေပါသည်။ ရှမ်းပြည်နယ် နှင့် ရန်ကုန်တိုင်းဒေသကြီးကဲ့သို့သော ကြီးမားသည့် ဒေသများအတွက် အလားတူသော ကြီးမားသည့် ခွဲတမ်းများ ပေးအပ်ထားစဉ်ဝယ်၊ ပဲခူးတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့ရှိ ထိခိုက်လွယ်အားနည်းသည့် လူထုများ၏ အရွယ်အစားအများအကြားနှင့် ယင်းဒေသများ၏ တစ်ဦးတစ်ယောက်ချင်းအတွက် သုံးစွဲငွေများမှာ ကိုက်ညီမှုမရှိသည့် အခြေအနေများရှိနေပါသည်။ ထိခိုက်လွယ်မှုအတွက် အချက်အလက်များကဲ့သို့ပင် ဖြစ်စဉ်ပုံစံများနှင့် ပြောင်းလဲကွာခြားမှုများအား ပိုမို၍ မြင်သာမှု ရှိလာစေရန် GDP ကို မြို့နယ်အဆင့် ကိန်းဂဏန်းများ ရယူမှုပြုခြင်းသာ အကောင်းဆုံးဖြစ်နိုင် ခြေရှိပါသည်။

ဗဟိုမှ လက်အောက်ခံအဆင့်များသို့ လုပ်ပိုင်ဆုံးဖြတ်ခွင့်ပေးအပ်ခြင်းမှာ တစ်ဖြည်းဖြည်း တိုးများလာလျက်ရှိသော်လည်း ပြည်နယ်နှင့် တိုင်းဒေသကြီး ခွဲတမ်းများမှာ (၈%) သာ ဆက်လက်ရှိနေရာ၊ အုပ်ချုပ်ရေးအာဏာကို စနစ်တကျ ဗဟိုမှ လက်အောက်ခံအဆင့်များသို့ အပ်နှင်းခြင်းအတွက် မူဘောင်တစ်ရပ် မြန်မာနိုင်ငံတွင် မရှိဘဲဖြစ်နေပါသည်။ မြန်မာနိုင်ငံတွင် လက်ရှိ ဗဟိုမှ လက်အောက်ခံအဆင့်များသို့ လုပ်ပိုင်ဆုံးဖြတ်ခွင့် အပ်နှင်းခြင်းအဆင့်မှာ ပြည့်စုံမှုမရှိဟု ဖော်ပြကောင်းဖော်ပြနိုင်ပါသည်။ ဥပမာ ကမ္ဘောဒီးယားနိုင်ငံကဲ့သို့ အခြားသော အာဆီယံနိုင်ငံများတွင် ကျန်းမာရေး၊ ပညာရေးနှင့် သဘာဝသယံဇာတ စီမံခန့်ခွဲမှု (အဆင့်တစ်ခုအထိ) စသည့် ဒေသန္တရဖွံ့ဖြိုးရေးနှင့် ဝန်ဆောင်မှုပေးအပ်ခြင်းတို့အတွက် အရေးကြီးသည့် ကဏ္ဍရပ်များအတွက် ဒေသန္တရအစိုးရများသို့ လုပ်ပိုင်ဆုံးဖြတ်ခွင့် ကြီးမားစွာ အပ်နှင်းထားပြီး သက်ဆိုင်ရာ ဝန်ကြီးဌာနများက ကြီးမားသည့်ဆုံးဖြတ်ချက် အချို့ကိုသာ ပြုလုပ်နေဆဲ အခြေအနေသာဖြစ်ပါသည်။ ပြည်နယ်များနှင့် တိုင်းဒေသကြီးများအတွက် ဘတ်ဂျက်ခွဲတမ်းများ တိုးများလာခြင်းမှာ မှန်ကန်သောလမ်းကြောင်းအပေါ်တွင် ခြေလှမ်းတစ်လှမ်းလှမ်းခြင်းဖြစ်ရာ ပြည်နယ်/တိုင်းဒေသကြီး အုပ်ချုပ်ရေးအစိုးရများ၊ တိုင်းရင်းသားအဖွဲ့အစည်းများ နှင့် နိုင်ငံတော်အဆင့်တို့အကြား ပေါင်းစပ်ညှိနှိုင်းဆွေးနွေးမှုများကို လိုအပ်နေဆဲဖြစ်ကာ အုပ်ချုပ်ရေးလုပ်ငန်းဆိုင်ရာ ဆုံးဖြတ်ချက်ချမှတ်ခြင်းလုပ်ငန်းစဉ်အပေါ် စနစ်ကျသည့် ဗဟိုမှ လက်အောက်ခံအဆင့်များသို့ လုပ်ပိုင်ဆုံးဖြတ်ပိုင်ခွင့်အပ်နှင်းခြင်းအတွက် မူဘောင်တစ်ရပ်နှင့် တွဲဖက်၍ လိုအပ်မည်ဖြစ်သည်။

မှတ်သားဖွယ်မှာ ပြည်နယ် နှင့် တိုင်းဒေသကြီး ဘတ်ဂျက်များအတွင်း ၂၀၁၃/၂၀၁၄ ခုနှစ်အတွင်း ရေအရင်းအမြစ် စီမံခန့်ခွဲခြင်းနှင့် အိုးအိမ်တို့အတွက် အားလုံးသော သုံးစွဲငွေများ၏ (၁.၈%) (သို့) အမေရိကန်ဒေါ်လာ (၇.၃)သန်းသာ ရှိပါသည်။ အဆိုပါကဲ့သို့ အင်မတန်နည်းပါးသည့် အစိုးရ၏ အရင်းအမြစ်များကြောင့် အမိုးအကာ၊ ရေနှင့် သန့်ရှင်းရေးကိစ္စတို့အတွက် လိုအပ်ရာများမှာ ကြိုတင်မြင်နိုင်သည့်အနာဂတ်ကာလအထိ ထပ်ဆင့်အကူအညီကို လိုအပ်နေဦးမည်ဟု မျှော်လင့်ရပါသည်။ နောက်လာမည့်အခန်းတွင် သီးခြားဖြစ်သည့် မြို့နယ်များကို မီးမောင်းထိုးပြမည်ဖြစ်ရာ၊ အထူးသဖြင့် ထိုမြို့နယ်များအတွင် နေထိုင်မှုအခြေအနေများ ချို့တဲ့ခြင်းအတွက်ဖြစ်ပါသည်။ ယင်းမှာလည်း အခြေခံအားဖြင့် အလေးထားစရာ အကြောင်းတစ်ခုမဟုတ်ရာဝယ်၊ အကြောင်းမှာ ရန်ပုံငွေများ၏ ကြီးမားသည့် အစိတ်အပိုင်း (ပျမ်းမျှအားဖြင့် (၉၄%) အား သက်ဆိုင်ရာ ဝန်ကြီးဌာနများက စီမံကိုင်တွယ်သည့်အတွက်ဖြစ်ပြီး၊ သို့ရာတွင်လည်း အချိုးညီသော ရင်းနှီးသုံးစွဲမှုကို (ကျေးလက်) အိုးအိမ်ကဏ္ဍ (သို့) ရေ နှင့် သန့်ရှင်းရေးကိစ္စတို့အတွင်း ပြည်ထောင်စုအစိုးရက ပြုလုပ်ထားခြင်း မရှိပါ။

မြန်မာနိုင်ငံ၏ စီးပွားရေးမှာ ရာသီဥတုဆိုင်ရာ ဘေးဒဏ်သင့်မှုများနှင့် ဖိအားများတို့မှလည်း ထိခိုက်လွယ်မှုရှိနေပါသည်။ ၂၀၁၅ ခုနှစ်တွင် ရေကြီးရေလျှံမှုကြောင့် စီးပွားရေးတိုးတက်မှုကို နှေးကွေးမှုဖြစ်စေခဲ့ရာ ၂၀၁၁-၂၀၁၂ ခုနှစ် ပြုပြင်ပြောင်းလဲမှုများမှစ၍ ပျမ်းမျှ (၈.၅%)[၄၉] မှ (၇%) သို့ရောက်ရှိခဲ့ပါသည်။ ကြီးမားသည့် ရေကြီးရေလျှံမှုကြောင့်ဖြစ်သည့် ဘေးဒဏ်သင့်မှုများအပြင် အခြားသော ပံ့ပိုးပေးသည့် အကြောင်းတရားများလည်းရှိခဲ့ရာတွင်၊ ယင်းတို့မှာ ကုန်ပစ္စည်းဈေးနှုန်းများ ပိုမိုနိမ့်ပါးခြင်း နှင့် ရွေးကောက်ပွဲအချိန်တစ်ဝိုက်တွင် မသေချာမရေရာမှုကြောင့် အသစ်သော ရင်းနှီးမြှုပ်နှံမှုများ ဝင်လာမှုနည်းပါးခြင်းတို့ဖြစ်ပြီး၊ ယင်းက မီးမောင်းထိုးပြသည်မှာ နိုင်ငံ၏ ဖွံ့ဖြိုးကြီးထွားမှုအတွက် အဆိုပါ ဖြစ်စဉ်ဖြစ်ရပ်များ၏ သက်ရောက်ရိုက်ခတ်နိုင်ခြေ အလားအလာကိုပင် ဖြစ်ပါသည်။

မြို့နယ်အဆင့်တွင် အသီးသီးသော ကဏ္ဍရပ်တို့အတွက် ဘတ်ဂျက်များ ချထားပေးမှုအပေါ်တွင် ဆန်းစစ်လေ့လာမှုတစ်ခု ပြုလုပ်နိုင်ရန် ထပ်ဆင့်အချက်အလက်များကို လိုအပ်မည်ဖြစ်သည်။ လိုအပ်သော အချက်အလက်အချို့တို့မှာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (GAD) တွင် ရှိထားနိုင်ရာ၊ ယင်းတို့အနေဖြင့် မြို့နယ်ကော်မတီများအတွင်း ဗဟိုအချက်အချာကျသည့် အခန်းကဏ္ဍ ရှိထားသည့်အတွက်ဖြစ်ပါသည်။ နိုင်ငံသားဆိုင်ရာ မှတ်ပုံတင်ခြင်းများတိုးပွားလာမှုအတွက်နှင့် ကလေးမွေးဖွားမှု၊ လူသေဆုံးမှု၊ ရောဂါဖြစ်ပွားမှု၊ ထိုနည်းတူ ဖွံ့ဖြိုးလျက်ရှိသည် စီးပွားရေးဆိုင်ရာ သတင်းအချက်အလက်များ (ဒေသတွင်း စတင်လိုက်သော စီးပွားရေးလုပ်ငန်းများ) စသော အရေးပါသည့် စာရင်းအချက်အလက်များအား ထုတ်ပြန်ပေးရန်တို့အတွက် အပြင်းအထန်လိုအပ်ချက်တစ်ခုရှိနေပါသည်။ လက်ရှိတွင် GAD အနေဖြင့် ကျေးရွာ-အဆင့် အချက်အလက်များကို ကောက်ယူစုဆောင်းလျက်ရှိပြီး၊ ယင်းတို့အား သုံးစွဲခွင့်ပေးပါက မည်သို့သော ရည်မှန်းထားသည့် ကြိုးပမ်းဆောင်ရွက်မှုနှင့် အဓိကအညွှန်းဖော်ပြချက်များကို စောင့်ကြည့်လေ့လာမှုအတို့အတွက်မဆို အဖိုးမဖြတ်နိုင်သည့် အသုံးဝင်မှုရှိမည်ဖြစ်သည်။

ပုံ (၂၆) ပြည်နယ်/တိုင်းဒေသကြီး အဓိက အညွှန်းဖော်ပြချက်များ (၂၀၁၃/၂၀၁၄) – Open Myanmar Initiative and MIMU-HARP တို့၏ လေ့လာဆန်းစစ်မှု*

| ပြည်နယ်/ တိုင်းဒေသကြီး | စုစုပေါင်း လူဦးရေ | ထိခိုက်လွယ်မှု ရှိသူ လူဦးရေ | ထိခိုက်လွယ်မှု ဖြစ်ပွားမှုပမာဏ | ၂၀၁၅-၂၀၁၆ GDP (ကျပ်သန်း) | တစ်ဦးချင်းGDP (အမေရိကန် ဒေါ်လာ) | ပြည်နယ်/တိုင်း အစိုးရ အသုံးစရိတ် (ကျပ်သန်း) | ပြည်/တိုင်း အစိုးရ တစ်ဦးချင်းအပေါ် အသုံးစရိတ် (ကျပ်) |
|---|---|---|---|---|---|---|---|
| ရခိုင် | 3,188,807 | 1,935,247 | 60.03% | 3,038,447 | 714.64 | 77,130.48 | 36,749.68 |
| ကရင် | 1,574,079 | 916,749 | 58.82% | 1,157,213 | 618.19 | 29,001.99 | 19,279.06 |
| ရှမ်း | 5,824,432 | 3,254,647 | 58.36% | 4,005,710 | 515.81 | 168,693.10 | 28,963.01 |
| ကချင် | 1,689,441 | 842,207 | 54.43% | 1,237,773 | 549.49 | 53,170.98 | 32,365.26 |
| ချင်း | 478,801 | 251,131 | 51.02% | 234,178 | 366.82 | 47,799.13 | 99,830.90 |
| တနင်္သာရီ | 1,408,401 | 682,651 | 49.42% | 3,501,779 | 1,864.76 | 45,345.13 | 32,196.18 |
| ဧရာဝတီ | 6,184,829 | 2,983,768 | 47.87% | 8,344,558 | 1,011.90 | 97,598.28 | 15,780.27 |
| စစ်ကိုင်း | 5,325,347 | 2,364,113 | 46.54% | 7,386,084 | 1,040.23 | 101,308.38 | 19,023.81 |
| မကွေး | 3,917,055 | 1,748,708 | 45.33% | 5,930,205 | 1,136.46 | 138,995.79 | 35,484.77 |
| ကယား | 286,627 | 114,692 | 44.52% | 225,970 | 591.28 | 25,803.93 | 90,026.18 |
| ပဲခူး | 4,867,373 | 2,094,817 | 43.92% | 5,188,866 | 799.54 | 62,735.06 | 12,888.90 |
| မွန် | 2,054,393 | 894,883 | 43.85% | 2,562,259 | 935.41 | 30,553.80 | 26,333.99 |
| မန္တလေး | 6,165,723 | 2,311,387 | 38.10% | 6,634,594 | 807.03 | 97,057.92 | 15,741.53 |
| နေပြည်တော် | 1,160,242 | 410,343 | 33.68% | 1,405,692 | 908.66 | -- | -- |
| ရန်ကုန် | 7,360,703 | 1,869,787 | 23.36% | 14,408,766 | 1,468.14 | 167,277.47 | 22,725.75 |
| စုစုပေါင်း/ပျမ်းမျှ | 51,486,253 | 22,675,130 | 44.04% | 65,262,093 | 950.67 | 1,142,471.44 | 22,701.41 |

*လူဦးရေကိန်းဂဏန်းများမှအပ မြို့နယ်တန်ဖိုးများသည် သန်းခေါင်စာရင်းကောက်ယူခဲ့သည့် လူဦးရေအပေါ်အခြေခံထားခြင်းဖြစ်ပြီး သန်းခေါင်စာရင်းကောက်ယူထားခြင်းမရှိသည့်လူအုပ်စုများကို အပြည့်အဝ ထင်ဟပ်မည်မဟုတ်ပါ။

[၄၉] ကမ္ဘာ့ဘဏ်အုပ်စု - အသေးစားစီးပွားရေး နှင့် အခွန်ဘဏ္ဍာရေးစီမံခန့်ခွဲမှု (၂၀၁၅)။ မြန်မာ့စီးပွားရေး စောင့်ကြည့်လေ့လာမှု။

## အရွယ်အစား သေးငယ်သော မြို့ပြအချက်အချာတည်နေရာများ နှင့် ဆင်းရဲနွမ်းပါးမှု လျော့ကျမှုနှင့် ဘေးဒဏ်ခံနိုင်ရည်

ဘေးဒဏ်ခံနိုင်ရည် တိုးမြှင့်ရန်၊ ဆင်းရဲနွမ်းပါးမှု လျော့ချရန်၊ နှင့် ဝင်ငွေညီမျှမှုအား ဖြစ်ပေါ်စေရန် ကိစ္စများ ရေရှည်ဖြစ်ထွန်းနိုင်ရန် ပို၍ကြီးမားသည် သေးငယ်သည် စသဖြင့် မြို့ပြနယ်မြေများကို ပိုင်းခြားဆောင်ရွက်သည့်အပြင် ကျေးလက်ဒေသများကို မတူညီမှုအလိုက် ခွဲခြားဆောင်ရွက်သည့် စုံလင်စွာပါဝင်စေသော ဘက်ပေါင်းစုံနည်းလမ်းအား လိုအပ်မည်ဖြစ်သည်။ နေထိုင်မှုအခြေအနေများအတွင်း ရှင်းလင်းသည့် ကွဲပြားခြားနားမှုများနှင့် မြို့ပြနေသူများနှင့် ကျေးလက်နေသူများအကြား စီးပွားရေး လွတ်လပ်ခွင့်များမှာ ထင်ရှားမြင်သာမှု ရှိရာ ဝယ်-- (၇၂%) သော ကျေးလက်ဒေသရှိ ကျေးရွာများမှာ လျှပ်စစ်မီးရရှိခြင်းမရှိဘဲ ကျေးလက်ဒေသရှိ လူများတွင် ဘေးကင်းသည့် သောက်သုံးရေနှင့် သန့်ရှင်းမှုစနစ် သိသိသာသာ ပို၍နည်းပါးစွာ ရရှိကြခြင်း၊ ထို့ပြင် ပညာရေးဆိုင်ရာ ထွက်ပေါ်ချက်ရလဒ်များမှာ ကျယ်ပြန့်စွာ အမျိုးမျိုးကွာခြားမှုရှိကာ အလယ်တန်းအဆင့်မှစ၍ ကျောင်းတက်ရောက်မှုနှုန်းမှာ ကျေးလက်ဒေသများတွင် မြို့ပြဒေသများ၏ ထက်ဝက်သာရှိခြင်း တို့ဖြစ်ပါသည်။[၅၀] သို့ဖြစ်သော်လည်း တူညီသော နည်းလမ်းဆောင်ရွက်မှုများပြုလုပ်နိုင်ရန် ကျေးလက်ဒေသများသည် နိုင်ငံအဝှမ်းတွင် အတူတူပင်ဖြစ်သည်ဟု ကြိုတင်ယူမှတ်ထား၍မရသဲ၊ တူညီသော နည်းလမ်းဆောင်ရွက်မှုများပြုလုပ်နိုင်ရန် မြို့ပြနယ်မြေများသည် နိုင်ငံအဝှမ်းတွင် အတူတူပင်ဖြစ်သည်ဟု ကြိုတင်ယူမှတ်ထား၍မရပါ။ မြို့ပြနှင့် ကျေးလက်နယ်မြေများကို ယင်းတို့အကြားတွင် တည်ရှိပြီးသားဖြစ်သည့် အပြန်အလှန်ဆက်သွယ်မှုအခြေအနေအပေါ်တွင် အသုံးချမှုပြုရန် အားထုတ်မှုပါသော ဘက်ပေါင်းစုံပေါင်းစပ်ထားသည့် ပုံစံဖြင့် အလေးပေးဖြေရှင်းမှုပြုရမည် ဖြစ်ပါသည်။

အရွယ်အစားပို၍ ကြီးမားကြသည့် မြို့ပြများအနေဖြင့် ဝင်ငွေနှင့် ပညာရေးပိုင်းဆိုင်ရာ အခွင့်အလမ်းသာလွန်မှုများကို ပိုမိုအရွယ်အစား သေးသည့် မြို့ပြနယ်မြေများနှင့် မြို့များထက် ပို၍ ပေးနိုင်လေ့ရှိပါသည်။ ၁၉၈၄ မှ ၂၀၀၄[၅၁] ခုနှစ် ထိ (၅၁)နိုင်ငံအပေါ် သုံးသပ်လေ့လာမှုက ဖော်ပြသည်မှာ ကြီးမားသည့် မြို့ပြနယ်မြေများအတွင်း ရွှေ့ပြောင်းကြသူများတွင် မြို့ကလေးများနှင့် နယ်ဒေသမြို့တော်များသို့ ရွှေ့ပြောင်းကြသည့်သူများထက် အတော်ပင်များပြားသည့် ဝင်ငွေများ ရှိခဲ့ကြကြောင်း ဖြစ်ပါသည်။ ထိုနည်းတူစွာပင် ဒုတိယအဆင့်နှင့် တတိယအဆင့်ရှိ မြို့ပြနယ်မြေများသည်လည်း မြို့တော်ကြီးများကဲ့သို့ပင် လူများကို (၄)ဆတိုင် ဆွဲဆောင်၍ နေထိုင်မှုပြုစေနိုင်ကြရာ ဆင်းရဲနွမ်းပါးမှု လျော့ကျခြင်း (၂)ဆ အထိ ဖြစ်စေခဲ့ပါသည်။ မြို့တော်ကြီးများသည် ကျေးလက်မှ ရွှေ့ပြောင်းလာသူများအတွက် လက်လှမ်းမီမှု ပုံမှန်အားဖြင့် နည်းပါးသည်ကိုလည်း တွေ့ရပါသည်။ တန်ဇားနီးယားနိုင်ငံ၏ စီမံရေးကော်မရှင်က မှတ်ချက်ပြုခဲ့သည်မှာ မြို့များနှင့် ဒုတိယအဆင့်ရှိ မြို့တော်များသို့ ရွှေ့ပြောင်းခဲ့ကြသူများအနေဖြင့် မြို့တော်ကြီးများသို့ ရွှေ့ပြောင်းကြသူများထက် ဝင်ငွေအနည်းငယ်ပိုမိုရရှိသည်ကို တွေ့ကြုံခံစားခဲ့ကြရာ၊ ပိုမိုနည်းပါးသည့် နေထိုင်မှုစရိတ်စကများနှင့် ၎င်းတို့၏ မူလဌာနေများနှင့် ပိုမိုနီးစပ်မှုရှိသည့်အခြေအနေများမှလည်း အကျိုးရရှိခဲ့ကြသည့်အတွက်ဖြစ်သည်။

သို့ဖြစ်သော်လည်း အသေးစားနှင့် အလတ်စား မြို့ပြအချက်အချာတည်နေရာများသည် ကျေးလက်နှင့် ဒေသ ဖွံ့ဖြိုးတိုးတက်မှုတွင် အရေးပါသည့် အခန်းကဏ္ဍတွင် ရှိနေကြပါသည်။ OECD[၅၂] ၏ ဆန်းစစ်လေ့လာမှုက မီးမောင်းထိုးပြသည်မှာ လိုအပ်ချက်အရဖြစ်သည့် အချက်အချာတည်နေရာများ၏ ပါဝင်ဆောင်ရွက်မှုများဖြစ်ရာ၊ ယင်းတို့မှာ စိုက်ပျိုးရေးထွက် ပစ္စည်းများအတွက် ဈေးကွက်များအဖြစ်သော်လည်းကောင်း၊ ပိုမို၍ ဈေးတန်သည့် ကုန်ပစ္စည်းများအတွက် ဖြန့်ဖြူးရေး အချက်အချာများအဖြစ်သော်လည်းကောင်းနှင့် နိုင်ငံတွင်းနှင့် ပြည်ပတင်ပို့မှု ဈေးကွက်များအတွက် အချိတ်အဆက်များအဖြစ်သော်လည်းကောင်း ဖြစ်ပါသည်။ မြို့ပြအချက်အချာတည်နေရာများနှင့် ကျေးလက်ထုတ်လုပ်သူများ၏ နီးကပ်မှုမှာ အခြေခံအဆောက်အအုံအားဖြင့် လက်လှမ်းမီရန်အဆင့်သင့်ဖြစ်မှုအား ဖြစ်ပေါ်စေသောကြောင့် ယင်းတို့မှာ စိုက်ပျိုးရေးကဏ္ဍ ဝင်ငွေများ တိုးများလာခြင်း၏ အကြောင်းတရားများပင်ဖြစ်ပါသည်။ ပိုမို သေးငယ်သည့် မြို့ပြအချက်အချာတည်နေရာများ နှင့် မြို့များသည် ကျေးလက်ဒေသ၏ စိုက်ပျိုးရေးမဟုတ်သည့် လုပ်ငန်းများနှင့် အလုပ်အကိုင်တို့ကို ကြီးထွားဖွံ့ဖြိုးစေခြင်းနှင့် စုစည်းပေးခြင်းတို့အတွက် ဌာနများဖြစ်လည်းဖြစ်နိုင်ပြီး အသေးစား၊ အရွယ်အစားငယ် နှင့် အလယ်အလတ် စီးပွားရေးလုပ်ငန်းများအား ထူထောင်ခြင်းအားဖြင့်ဖြစ်ခြင်း (သို့) အရွယ်အစားကြီးမားသည့် စီးပွားရေးလုပ်ငန်းများ၏ ဌာနခွဲ တည်နေရာများအဖြစ် ဆောင်ရွက်ပေးခြင်းတို့အားဖြင့် ဖြစ်ပါသည်။ စိုက်ပျိုးရေးမဟုတ်သည့် အလုပ်အား ပတ်ဝန်းကျင်ဒေသမှ ကျေးလက်မှရွှေ့ပြောင်းလာသူများအား ပေးထားခြင်းအားဖြင့် အဆိုပါ ပို၍အရွယ်အစားသေးငယ်သည့် မြို့ပြဒေသများအနေဖြင့် ရာသီအလိုက်ဖြစ်ပြီး ရာသီဥတုထံမှ ထိခိုက်လွယ်မှုရှိသည့် စိုက်ပျိုးရေးလုပ်ငန်းမှ လူပေါင်းများစွာကို စုစည်းထိန်းထားနိုင်သည့် အခြေအနေရှိနေပါသည်။ ရှင်သန်လှုပ်ရှားပြီး ပိုမိုသေးငယ်သည့် မြို့ကလေးများသည် ပိုမို၍ "ဟန်ချက်ညီ" ပြီး မြို့ပြဖွံ့ဖြိုးမှုအား ပိုမိုကောင်းမွန်သည့် ဖြန့်ကျက်မှုအား ဖြစ်ပေါ်စေသောကြောင့် ပိုမိုအရွယ်အစားကြီးမားသည့် မြို့ပြတည်နေရာများအပေါ် ကျရောက်လျက်ရှိသည် ဖိအားကို လျှော့ချပေးပါသည်။

ကျေးလက်ဒေသများအနေဖြင့် ပုဂ္ဂလိက၊ ထိုနည်းတူ ပြည်သူ့ရင်းနှီးမြှုပ်နှံမှုပြုခြင်းများကို ရှိထားသည့် အလွန်ကွာခြားမှုရှိသည့် အခြေအနေများအပေါ်အလေးပေးဖြေရှင်းနိုင်ရန်လည်းလိုအပ်မည်ဖြစ်သည်။ မြို့များနှင့် ဒုတိယအဆင့်ရှိမြို့တော်များသည် ပိုမိုအရွယ်အစားကြီးမားသည့် အခြေခံအဆောက်အအုံနှင့် စီးပွားရေးအရ ရင်းနှီးမြှုပ်နှံမှုများအတွက် အကောင်းမွန်ဆုံး ပစ်မှတ်ဦးတည်ချက်များဖြစ်နိုင်မည် ဖြစ်သော်လည်း၊ မြို့အနီးနားတစ်ဝိုက်ရှိ နယ်မြေအပေါ်တွင်လည်း အဆုံးတွင် အကျိုးဖြစ်ထွန်းမှုရှိစေမည်ဖြစ်ရာ ရှိထားသည့် အလွန်ကွာခြားသည့် အခြေအနေများအပေါ် ပို၍ ဆိုးသွားခြင်းမရှိစေရန် ကျေးလက်ဒေသများအတွင်း အိမ်ထောင်စုအဆင့်နှင့် ရပ်ရွာအဆင့် ဖြေရှင်းဆောင်ရွက်ပေးသည့် လုပ်ငန်းများ ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ကျေးလက်ဒေသများရှိစိုက်ပျိုးထုတ်လုပ်ရေးလုပ်ငန်းအတွင်း ရင်းနှီးမြှုပ်နှံမှုများအနေဖြင့် သယ်ယူပို့ဆောင်ရေး၊ လျှပ်စစ် နှင့် ကြိုးမဲ့ဆက်သွယ်ရေးဆိုင်ရာ အခြေခံအဆောက်အအုံများနှင့်အတူ ဆက်သွယ်ထားသည့် မြို့များနှင့် ဒုတိယအဆင့် မြို့တော်များရှိ ဘဏ္ဍာရေးဆိုင်ရာနှင့် ဖွံ့ဖြိုးရေး ဝန်ဆောင်မှုလုပ်ငန်းများ စသည်တို့နှင့် တိုးမြှင့်လက်လှမ်းမီနိုင်မှုအခြေအနေနှင့် ယှဉ်တွဲထားသင့်ပါသည်။ မရှိမဖြစ်လိုအပ်ရာမှာ မြို့များနှင့် ဒုတိယအဆင့်ရှိ မြို့တော်များတွင် ထုတ်လုပ်မှုမြင့်မားပြီး အကာအကွယ်ဖြစ်စေသည့် ရင်းနှီးမြှုပ်နှံမှုများအနေဖြင့် စီးပွားရေးအရ ဖြစ်နိုင်ခြေရှိသည့်နည်းလမ်းတစ်ခုဖြင့် ဆင်းရဲနွမ်းပါးမှု လျော့ကျမှုအပေါ် အရှိန်မြှင့်တင်ပေးလိမ့်မည်ဖြစ်သော်လည်း ကျေးလက်ဒေသများမှ လူတို့အားလည်း ၎င်းတို့ပတ်ဝန်းကျင်ရှိ အခွင့်အလမ်းများအား အသုံးချနိုင်ရန်အတွက် ကျွမ်းကျင်မှုအရည်အသွေးများနှင့် လက်စွဲသုံးနိုင်စရာများကိုလည်း ပေးအပ်ထားသင့်ပေသည်။

---

[၅၀] ပြည်သူ့အင်အားဦးစီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန (၂၀၁၅)။ ၂၀၁၄ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း၊ ပြည်ထောင်စု သန်းခေါင်စာရင်းအစီရင်ခံစာ။

[၅၁] Christiaensen L., de Weerdt J. & R. Kanbur (၂၀၁၆) မြို့ပြအသွင်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှုလျော့ချရေး။ Tanzania နိုင်ငံတွင် အလယ်အလတ်မြို့များ၏အခန်းကဏ္ဍ။ Dodoma မြို့တော် - စီမံရေးရာကော်မရှင်၊ သမ္မတရုံး တန်ဇန်းနီးယား။

[၅၂] Tacoli C. (၂၀၁၄) အသေးစားနှင့် အလယ်အလတ်စားမြို့ပြဗဟိုချက်များ နှင့် ဈေးဖွင့်လှစ်ရောင်းချသောမြို့တွင်းနေရာများ၏အခန်းကဏ္ဍနှင့် ကျေးလက်ဒေသ ဆင်းရဲမှုလျော့ချရေးမူဝါဒအပေါ် ဒေသတွင်းနည်းလမ်းများဖြင့် ဆောင်ရွက်ခြင်း၏ တန်ဖိုး။ Helsinki: OECD

# အကူအညီ အထောက်အပံ့ နှင့် လူမှုအဖွဲ့အစည်း

## အဓိကတွေ့ရှိချက်များ

- ၂၀၁၆ခုနှစ်တွင် အမေရိကန်ဒေါ်လာ (၇.၄၄)ဘီလီယံ ရှိ နိုင်ငံတကာ၊ နိုင်ငံအများနှင့် သဘောတူညီမှုနှင့် တစ်နိုင်ငံချင်းနှင့် သဘောတူညီမှု အကူအညီ အထောက်ပံ့အတွက် ကတိကဝတ်ထားရှိခဲ့ပြီး၊ ယင်းတို့အထဲမှ အမေရိကန်ဒေါ်လာ (၁.၇၇) ဘီလီယံအား အဆိုပါကာလအတွင်း ငွေကြေးထုတ်ပေးခဲ့ပါသည်။
- အကူအညီအထောက်အပံ့ (၄၄%) မှာ အကူအညီပေးအပ်ရေးဆိုင်ရာနှင့် ဘဏ္ဍာရေးဆိုင်ရာ အဖွဲ့အစည်းများမှတစ်ဆင့် ပေးအပ်ခဲ့ပြီး၊ အနည်းဆုံး (၃၃%)မှာ အစိုးရဆိုင်ရာ အစုအဖွဲ့များဆီသို့ တိုက်ရိုက်ပေးအပ်ရန် လျာထားခဲ့ခြင်းဖြစ်သည်။
- အကူအညီပေးအပ်ရေးဆိုင်ရာအဖွဲ့အစည်းများမှတစ်ဆင့်ချပေးခဲ့သော ODA၏(၄၄%)မှာကဏ္ဍအနည်းငယ်အပေါ်တွင်သာ များစွာ အလေးပေးထားခဲ့ခြင်းဖြစ်ရာ၊ အများစုမှာ ကျန်းမာရေးနှင့် အာဟာရကဏ္ဍ (၃၂.၅%)၊ အသက်မွေးဝမ်းကျောင်းမှုနှင့် အခြေခံအဆောက်အအုံကဏ္ဍ (၁၇%)၊ စိုက်ပျိုးရေး (၁၅.၁%)၊ ကာကွယ်စောင့်ရှောက်ရေးကဏ္ဍ (၁၁%)၊ WASH (၇%) နှင့် ပညာရေးနှင့် အုပ်ချုပ်ထိန်းကျောင်းရေးကဏ္ဍအတွက် (ကဏ္ဍတစ်ခုစီအတွက် ၄.၅%) တို့ဖြစ်ပါသည်။

မြန်မာနိုင်ငံ၏ တရားဝင်ဖြစ်သော အကူအညီအထောက်အပံ့ဆိုင်ရာ အချက်အလက် စီမံခန့်ခွဲမှုစနစ် Mohinga က ဖော်ပြသည်မှာ အမေရိကန်ဒေါ်လာ (၇.၄၄)ဘီလီယံ ရှိ နိုင်ငံတကာ၊ နိုင်ငံအများနှင့် သဘောတူညီမှုနှင့် တစ်နိုင်ငံချင်းနှင့် သဘောတူညီမှု အကူအညီ အထောက်ပံ့သည် ၂၀၁၆ခုနှစ်တွင် ကတိပြုလျာထားခဲ့ခြင်းဖြစ်ပြီး အမေရိကန်ဒေါ်လာ (၁.၇၇)ဘီလီယံအား ငွေကြေးထုတ်ပေးပြီးဖြစ်ပါသည်။[၅၃] အကူအညီ အထောက်အပံ့ (၄၄%) မှာ အကူအညီပေးအပ်ရေး အဖွဲ့အစည်းဌာနများ၊ ကမ္ဘာ့ဘဏ်၊ လူမှုရေးလုပ်ငန်းများ နှင့် စီးပွားရေးတွင် လူမှုရေးတာဝန်ရှိမှုဆိုင်ရာ ဌာနများ (ယင်းတို့အထဲမှ အချို့မှာ အစိုးရ အစုအဖွဲ့ဌာနများနှင့် မိတ်ဖက်ပူးပေါင်းထား) ကဲ့သို့သော အဖွဲ့အစည်းဌာနများအား ပေါင်းစပ်ခြင်းမှတစ်ဆင့် ပေးအပ်ခဲ့ခြင်းဖြစ်ကာ၊ (၃၃%) သော အကူအညီအထောက်အပံ့ကို အစိုးရဆိုင်ရာ အစုအဖွဲ့များထံသို့ တိုက်ရိုက်ပေးအပ်ရန် လျာထားခဲ့ခြင်းဖြစ်ပြီး ကျန်ရှိသည်များအတွက် အကောင်အထည်ဖော်မည့် အဖွဲ့အစည်း ဖော်ပြထားခြင်းမရှိသော်လည်း နောက်ဆက်တွဲမှတ်ချက်များအရ ပေါ်လွင်သည်မှာ အစိုးရထံသို့ တိုက်ရိုက်ဝေခွဲပေးရန် ပြုလုပ်ထားကြောင်း ဖြစ်ပါသည်။

အစိုးရ၏ အရင်းအမြစ်များကဲ့သို့ပင် ODA ၏ (၄၄%) အား အဆိုပါကာလအပိုင်းအခြားအတွင်း အကူအညီပေးအပ်ရေး အဖွဲ့အစည်းများမှတစ်ဆင့် ချထားပေးခြင်းမှာလည်း သီးသန့်ကဏ္ဍများအတွက် အကောင်အထည်ဖော်ခြင်းအပေါ်တွင် များစွာအလေးသာလျက်ရှိရာ -- MIMU 3W/မည်သူသည် မည်သည့်အရာကို မည်သည့်နေရာတွင် အကောင်အထည်ဖော်နေသနည်း ဆိုသည့် လုပ်ငန်းက စုဆောင်းခဲ့သည့် အချက်အလက်များတွင် ဖော်ညွှန်းထားသည့်အတိုင်းဖြစ်ပါသည်။[၅၄] Mohinga စနစ်နှင့် MIMU 3W[၅၅] နှစ်မျိုးစလုံးက ကောက်ယူထားသည်မှာ အစိုးရ ဝန်ဆောင်မှုလုပ်ငန်းများပြင်ပတွင် ဆောင်ရွက်နေသော နိုင်ငံတွင်း လုပ်ဆောင်ချက်များ၏ သိသာထင်ရှားသည့် အစိတ်ပိုင်းဖြစ်သော်လည်း ယင်းမှာ အလှူရှင် နှင့် အကောင်အထည်ဖော်ဆောင်သူတို့၏ အစီရင်ခံစာများအပေါ်တွင် အခြေခံထားခြင်းဖြစ်သည့်အတွက် အမှန်တကယ် အခြေအနေကို လျော့ပါး၍ တင်ပြအစီရင်ခံမှု ဖြစ်ကောင်းဖြစ်နေနိုင်ပါသည်။ တင်ပြထားသည့် 3W လုပ်ငန်းများအားလုံး၏ (၉၁%)မှာ ကျန်းမာရေး နှင့် အာဟာရကဏ္ဍ (၃၂.၅%)၊ အသက်မွေးဝမ်းကျောင်းမှုနှင့် အခြေခံအဆောက်အအုံကဏ္ဍ (၁၇%) စိုက်ပျိုးရေး (၁၅.၁%)၊ ကာကွယ်စောင့် ရှောက်ရေးကဏ္ဍ (၁၁%)၊ WASH (၇%) နှင့် ပညာရေးနှင့် အုပ်ချုပ်ထိန်းကျောင်းမှုကဏ္ဍ (ကဏ္ဍတစ်ခုစီအတွက် ၄.၅%) စသည်တို့ထဲမှ တစ်ခုခုနှင့် ပါဝင်သက်ဆိုင်နေပါသည်။

အဖွဲ့အစည်းဌာန (၂၁၀) ၏ အစီရင်ခံစာများအပေါ် အခြေခံမှုအရ ၂၀၁၆ခုနှစ်အတွင်း မြို့နယ်ပေါင်း (၂၅)ခု တွင် လုပ်ငန်းပေါင်း (၁၀၀၀) ကျော် ရှိထားခဲ့ပါသည်။ ယင်းက ထိခိုက်လွယ်မှု ရှိနေသော လူထု၏ (၁၄%)ခန့် အတွက် ဖြစ်ပြီး လုပ်ငန်းပေါင်းအားလုံး၏ (၃)ပုံ တစ်ပုံရှိရာတွင် နိုင်ငံအဝှမ်း 3W အတွင်း အစီရင်ခံထားသည့် ထိခိုက်လွယ်မှု ရှိနေသည့် လူအရေအတွက် နှင့် လုပ်ငန်းအရေအတွက်တို့ အကြားတွင် စာရင်းဇယားပိုင်းအရ သိသာထင်ရှားသည့် အပြုသဘောဆောင်သည့် ဆက်နွယ်မှု ရှိနေပါသည်။ ယင်းမြို့နယ် (၂၅)ခု အထဲတွင် ဧရာဝတီတိုင်းဒေသကြီးတွင် ဘိုကလေး၊ ဖျာပုံ၊ လပွတ္တာ၊ မော်လမြိုင်ကျွန်း နှင့် ငပုတော၊ ကရင်ပြည်နယ်တွင် ဘားအံနှင့် ကော့ကရိတ်၊ မန္တလေးတိုင်းဒေသကြီးတွင် မိတ္ထီလာ၊ မကွေးတိုင်းဒေသကြီးတွင် ရေနံချောင်း၊ နှင့် ရခိုင်ပြည်နယ်တွင် ဘူးသီးတောင် တို့ဖြစ်ကြပါသည်။ ထိခိုက်လွယ်မှု အရှိဆုံးသူများအား အကူအညီပေးရေးတွင် အခြေပြုထားသည့် ဦးတည်၍ အညွှန်းဖော်ရည်ညွှန်းမှုပြုခြင်းကိစ္စအတွင်း ဖော်ပြပါ ကိန်းဂဏန်းများတွင် အချို့သော ဒေသန္တရ NGO  အဖွဲ့များနှင့် လူထုအခြေပြု အဖွဲ့များစွာတို့၏ လုပ်ငန်းဆောင်တာများ ထည့်သွင်းထားခြင်းမရှိရာ အဆိုပါတို့ကို လက်စွဲအသုံးပြုသည့် နည်းလမ်းများအတွင်း ထည့်သွင်းရန် စွမ်းရည်အတိုင်းအတာ မရှိသည့်အတွက်ဖြစ်ပါသည်။

(၁၂၄) မြို့နယ်ရှိသော (၃)ပုံ တစ်ပုံထက်ပိုသော နယ်မြေများသည် လူပေါင်း (၁၀၀)ဦးအတွက် လုပ်ငန်းငန်းဆောင်တာ (၀.၀၄၂)ခု ထက်နည်း၍ ရရှိကြပါသည်။  ယင်းမြို့နယ်များမှာ တူညီသောအရာ အနည်းငယ်ရှိနေကြရာ၊ ယင်းတို့ထဲမှ အများစုတို့မှာ မြို့ပြ နှင့် မြို့ပြ ပတ်ဝန်းကျင် နယ်မြေများဖြစ်ကြကာ ဆင်းရဲနွမ်းပါးသူများနှင့် ထိခိုက်လွယ်အားနည်းသူများအား သတ်မှတ်ဖော်ထုတ်ရန် လွယ်ကူမှု များစွာမရှိဘဲ မြို့ပြဖွံ့ဖြိုးရေးနှင့် ဘေးဒဏ်ခံနိုင်ရည်ကိစ္စများ အထူးသီးသန့်ဆောင်ရွက်သည့် အဖွဲ့အစည်းဌာန အနည်းငယ်သာ ရှိနေပါသည်။ သို့ဖြစ်သော်လည်း ပြည်ထောင်စုအတွင်းရှိ ထိခိုက်လွယ်မှု အရှိဆုံး အခြားမြို့နယ်များအကြားတွင်   များစွာသောမြို့နယ်တို့တွင် မိုင်းဆတ်၊ နန်းယွန်း၊ လဟယ်၊ ဒီပဲယင်း၊ နားဖန်၊ ကျေးသီး၊ မိုင်းတုံ နှင့် မိုင်းရယ် တို့ပါဝင်နေပါသည်။ လူ (၁၀၀)ဦးအတွက်  လုပ်ငန်းဆောင်တာ (၁ မှ ၄)ခု အကြား ရှိနေသည် ကရင်နှင့် ချင်းပြည်နယ်များကဲ့သို့သော ဆင်တူသည့် နယ်မြေများနှင့် မတူဘဲ ယင်းတို့တွင် တစ်ဦးချင်းစီအတွက် ပိုမိုများသည့် သုံးစွဲမှုကို ခွဲတမ်းချပေးထားခြင်းမရှိရာ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ နန်းယွန်းမြို့နယ်သည် ထိခိုက်လွယ်မှု အရှိဆုံး နံပါတ်(၈) မြို့

[၅၃] Mohinga Database, ၂၀၁၆ အချက်အလက်၊ https://mohinga.info/en/dashboard/loacation/ 13 Jan 2017 မှ ထုတ်နုတ်ထားသည်။


[၅၄] MIMU ၏ 3W၊ ဘယ်သူက ဘာကိုလုပ်ဆောင်မည်နည်း၊ ဘယ်နေရာတွင်နည်း၊ စက်တင်ဘာ ၂၀၁၆။ ပူးပေါင်းဆောင်ရွက်ရေးမိတ်ဖက်များ၊ အဓိကအားဖြင့် နှစ်နိုင်ငံချင်းတိုက်ရိုက်လှူတန်းသောအလှူရှင်များ (bilateral donors)နှင့် ကုလသမဂ္ဂအေဂျင်စီများက အစီရင်ခံသော အနာဂတ်အတွက်အသုံးပြုမည့် ငွေရေးကြေးရေးဆိုင်ရာသဘောတူညီချက် (Financial commitments ) ၏ သတင်းအချက်အလက်များကို Mohinga information မှစုစည်းထားခြင်းဖြစ်သည်။ The MIMU ၏ 3W အား ၆ လတိုင်းတွင်ဆောင်ရွက်ပြီး အဓိကအားဖြင့် NGOများ၊ ကုလသမဂ္ဂအေဂျင်စီများမှအကောင်အထည်ဖော်လိုက်သောလုပ်ငန်းစဉ်များ၏ဖြန့်ကြက်မှုနှင့်အမျိုးအစားအပေါ်တွင်သတင်းအချက်အလက်များစုစည်းပါသည်။ ယင်းတွင် ငွေရေးကြေးရေးဆိုင်ရာ သတင်းအချက်အလက်များ မပါဝင်ပါ။

[၅၅] 3W ဆောင်ရွက်ချက်များသည် ထိခိုက်လွယ်မှု ရှိနေသူ ခန့်မှန်းခြေ အရေအတွက်နှင့် နှိုင်းယှဉ်ပါက [(၀.၂၉) R-squared] ဖြစ်ပြီး ထိခိုက်လွယ်မှု တစ်ခုတည်း စဉ်းစားပါက ယင်းဆက်စပ်မှုသည် (၀.၀၃) သို့ကျဆင်းသွားသည်။


နယ်ဖြစ်နေသော်ငြားလည်း ယခင်နှစ်အတွက် လုပ်ငန်း (၄)ခုသာ ရှိခဲ့ပါသည်။

အခြားတစ်ဘက်တွင်မူ ဧရာဝတီတိုင်းဒေသကြီးတွင်း အရေးပါသည့် ကဏ္ဍရပ်များအားလုံးအတွက် အလွန်ကောင်းစွာ ထင်ဟပ်မှု ရှိထားပါသည်။ ယင်း၏ မြို့နယ်များသည် စိုက်ပျိုးရေး၊ ကျန်းမာရေးနှင့် အာဟာရ၊ နှင့် စိုက်ပျိုးရေးမဟုတ်သည့် အသက်မွေးမှုလုပ်ငန်းများ နှင့် အခြေခံအဆောက်အအုံကဏ္ဍဆိုင်ရာ အကူအညီအထောက်အပံ့၏ ကြီးမားသည့်အစိတ်အပိုင်းကို ရရှိကြပါသည်။ အကူအညီပေးရေး လုပ်ငန်းဆောင်တာများ များပြားစွာရှိနေခြင်းမှာ များစွာသော အကြောင်းရင်းများကြောင့် ဖြစ်နိုင်ပြီး ဘိုကလေး၊ လပွတ္တာ နှင့် ဖျာပုံတို့တွင် များစွာသော အရေအတွက်ရှိသည့် ထိခိုက်လွယ်အားနည်းနေသောသူများရှိနေခြင်းအပြင် နာဂစ်ဆိုင်ကလုန်းမုန်တိုင်းဖြစ်ပွားပြီးနောက် ကယ်ဆယ်ရေးလုပ်ငန်းများမှသည် ဖွံ့ဖြိုးရေးဦးတည်သည့် လုပ်ငန်းများသို့ ကူးပြောင်းခြင်းသည်လည်း အပါအဝင် ဖြစ်ပါသည်။

ပုံ (၂၇) ထိခိုက်လွယ်မှု အခြေအနေ ဖြစ်ပွားမှုပမာဏ နှင့် ထိခိုက်လွယ်မှု ရှိနေသည့် ခန့်မှန်းလူဦးရေ*





ပုံ (၂၈) 3W ၏ တစ်ဦးချင်းအတွက် လုပ်ငန်းဆောင်ရွက်ချက်များ နှင့် စုစုပေါင်း လုပ်ငန်းဆောင်ရွက်ချက်





*လူဦးရေကိန်းဂဏန်းများမှအပ မြို့နယ်တန်ဖိုးများသည် သန်းခေါင်စာရင်းကောက်ယူခဲ့သည့် လူဦးရေအပေါ်အခြေခံထားခြင်းဖြစ်ပြီး သန်းခေါင်စာရင်းကောက်ယူထားခြင်းမရှိသည့်လူအုပ်စုများကို အပြည့်အဝ ထင်ဟပ်မည်မဟုတ်ပါ။

ပုံ (၂၉) တစ်ဦးချင်းအတွက် 3W ၏ လုပ်ငန်းဆောင်ရွက်ချက်အား ပြည်နယ်/တိုင်းဒေသကြီး ထိခိုက်လွယ်မှုဆိုင်ရာ ရမှတ်နှင့် တိုက်ဆိုင်ကြည့်ခြင်း




ပုံ (၃၀) ၂၀၁၄-၂၀၁၆ 3W လုပ်ငန်းဆောင်ရွက်မှု အရေအတွက် အများဆုံးရှိသည့် မြို့နယ်များ - MIMU




# အမိုးအကာ နှင့် အိုးအိမ်

## အဓိကတွေ့ရှိချက်များ


- အိမ်ထောင်စုအားလုံး၏ (၈၂%) မှာ ၎င်းတို့၏ အိမ်နံရံများအတွက် မြေသား၊ သက်ငယ်၊ ဝါး နှင့် သစ်သားတို့ကို အသုံးပြုကြပါသည်။ နိုင်ငံအတွင်းရှိ အားလုံးသော အိုးအိမ်အဆောက်အအုံတို့၏ ထက်ဝက်ကျော်မှာ ဝါးနံရံဖြင့်သာပြုလုပ်ထားသည့် အိမ်များဖြစ်ကြပါသည်။
- မကွေး၊ မန္တလေးနှင့် စစ်ကိုင်း မြို့နယ်များရှိ စိုက်ပျိုးရေး မြို့နယ်များတွင် မြေသားနှင့် ဝါးကြမ်းခင်းများပါသည့် အိမ်အရေအတွက် အများဆုံးရှိနေပါသည်။
- ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့မှာ ရာသီဥတုဆိုင်ရာ အန္တရာယ်များအတွင်း အကျရောက်ဆုံးနေရာများဖြစ်ပြီး၊ နှစ်နေရာစလုံးတွင် ဆိုင်ကလုန်းမုန်တိုင်းများ (သို့) ကြီးမားသည့် ရေကြီးရေလျှံမှုများအား ဒဏ်ခံနိုင်မှုအနိမ့်ဆုံးအဆင့်ဖြစ်သည့် အိမ်ခေါင်မိုးနှင့် နံရံပစ္စည်းများ ဆင်းရဲ၍ ကောင်းမွန်မှုမရှိသည့် နှုန်းမှာ ပမာဏကြီးမားလွန်းကဲသည့် အတိုင်းအတာအစိတ်အပိုင်းများအထိရှိပြီး လိုအပ်နေသည့်အရာများ ရှိနေပါသည်။

များသောအားဖြင့် ချို့တဲ့သည့် နေထိုင်မှုအခြေအနေများမှတစ်ဆင့် သက်သေပြနေသည့် ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု အခြေအနေတို့နှင့်အတူ အိုးအိမ်အရည်အသွေးအနေဖြင့် ထိခိုက်လွယ်မှုဆိုင်ရာ အသုံးဝင်သည့် သင်္ကေတတစ်ခုကို ပေးစွမ်းပါသည်။ မြန်မာနိုင်ငံအဝှမ်းတွင် အိမ်ထောင်စုအားလုံး၏ (၈၂%) မှာ ၎င်းတို့၏ အိမ်နံရံများအတွက် မြေသား၊ သက်ငယ်၊ ဝါး နှင့် သစ်သားတို့ကို အသုံးပြုကြပြီး၊ နိုင်ငံအတွင်းရှိ အားလုံးသော အိုးအိမ်အဆောက်အအုံတို့၏ ထက်ဝက်ကျော်မှာ ဝါးနံရံဖြင့်သာပြုလုပ်ထားသည့် အိမ်များဖြစ်ကြကာ၊ အများစုတို့မှာ ကျေးလက်ဒေသပုံစံအခြေအနေများရှိနေကြောင်း ဖော်ပြနေပါသည်။ ယင်းတို့တွင် အဆိုပါကဲ့သို့သော ပစ္စည်းများအသုံးပြုထားခြင်းတစ်ခုတည်းက ထိခိုက်လွယ်မှုကို ဖော်ညွှန်းခြင်းမရှိဘဲ၊ အဆိုပါ အားနည်းသည့် အဆောက်အအုံများကို မှန်ကန်ခြင်းမရှိသည့် ဆောက်လုပ်ရေးနည်းပညာများ (သို့) ကောင်းမွန်ခြင်းမရှိသည့် အိမ်အမိုးပစ္စည်းများနှင့် တွဲဖက်လိုက်သောအခါ နေထိုင်သူများအတွက် ဘေးအန္တရာယ်များ တိုးပွားလာပါတော့သည်။

ပုံ (၃၁) သက်ငယ် နှင့် ဝါး ခေါင်မိုးများ ရှိကြသည့် အိမ်ထောင်စုများ * – ၂၀၁၄ သန်းခေါင်စာရင်း




ပုံ (၃၂) သစ်သား၊ မြေသား နှင့် ဝါး နံရံတို့ ရှိကြသည့် အိမ်ထောင်စုများ * – ၂၀၁၄ သန်းခေါင်စာရင်း





*သန်းခေါင်စာရင်းကောက်ယူခဲ့သည့် လူဦးရေအပေါ်တွင်သာ အခြေခံထားခြင်းဖြစ်သည်။

ရခိုင်ပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် ဆိုင်ကလုန်းမုန်တိုင်းဖြစ်ရပ်များနှင့် ကြီးမားသည့် ရေကြီးရေလျှံမှုများအား ခံနိုင်ရည်မရှိနိုင်သော ကောင်းမွန်ခြင်းမရှိသည့် အိမ်အမိုးနှင့် နံရံဆောက်လုပ်ရေးပစ္စည်းများရှိသည့် အမြင့်မားဆုံးသော နှုန်းများရှိနေပါသည်။ ရာသီဥတုဆိုင်ရာ ဘေးအန္တရာယ်နှင့် ကြီးမားသည့် ဘေးဒုက္ခဒဏ်တို့၏ ရေရှည်ရိုက်ခတ်သက်ရောက်မှုတို့ ပေါင်းစုံခြင်းမှာ ဧရာဝတီတိုင်းဒေသကြီးအတွက် သီးခြားအရေးကိစ္စတစ်ခုဖြစ်ရာတွင်၊ အကြောင်းမှာ လူထုများအနေဖြင့် ကြီးမားမှုရှိသည့် ရာသီဥတုဆိုင်ရာ အန္တရာယ်ရှိမှုများအောက် ကျရောက်နေပြီး၊ ပင်လယ်ရေမျက်နှာပြင် မြင့်တက်ခြင်းများ၊ ဆားငန်ရေဝင်ရောက်မှုနှင့် ဆိုင်ကလုန်းမုန်တိုင်းနှင့် မိုးသည်းထန်စွာ ရွာသွန်းမှုများကဲ့သို့သော ပြင်းထန်သည့် မိုးလေဝသဆိုင်ရာ ဖြစ်စဉ်ဖြစ်ရပ်များ အပါအဝင်ဖြစ်ပါသည်။ ငပုတော၊ လပွတ္တာ၊ ဘိုကလေး၊ ဖျာပုံ၊ မော်လမြိုင်ကျွန်း၊ ပုသိမ်၊ မြောင်းမြ၊ ဒေးဒရဲ၊ ဝါးခယ်မ နှင့် ကျိုက်လတ် တို့အပါအဝင်ဖြစ်သည့် နာဂစ် ဆိုင်ကလုန်းမုန်တိုင်းအားဖြင့် အများဆုံးရိုက်ခတ်မှုခံရသည့် မြို့နယ်များအားလုံးသည် ရေနှင့်ဆိုင်သည့် မိုးလေဝသဆိုင်ရာ အန္တရာယ်များအောက် ပြင်းထန်စွာ ထိခိုက်လွယ်မှု ဆက်လက်ရှိနေကြပါသည်။

မြေသားနှင့် ဝါးကြမ်းခင်းများရှိကြသည့် အိမ်ထောင်စု အရေအတွက် အများဆုံးရှိသည့် မြို့နယ်များမှာ ရခိုင်ပြည်နယ်မြောက်ပိုင်း နှင့် နိုင်ငံ၏ အတွင်းပိုင်းတို့တွင် တည်ရှိနေကြရာ၊ မကွေး၊ မန္တလေးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့ရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကြသည့် မြို့နယ်များအတွင်း ရှိကြပါသည်။ အိမ်ကြမ်းခင်းအမျိုးအစားမှာ နမူနာအချက်အလက်ပေါ်တွင် ငွေကြေးချမ်းသာမှုတိုင်းတာစစ်ဆေးချက်များအတွင်း အသုံးပြုသည့် ဆင်းရဲနွမ်းပါးမှုအတွက် ပုံမှန်အညွှန်းဖော်ပြချက်တစ်ခုဖြစ်ရာ၊ အကြောင်းမှာ အရည်အသွေးနိမ့်ပါးသည့် ကြမ်းခင်းပစ္စည်းများက အဆောက်အအုံသည် လက်တွေ့အားဖြင့် ဘေးဒဏ်ခံနိုင်မှုအခြေအနေမရှိခြင်းကို ဖော်ပြသည်သာမကဘဲ ရေခဲသေတ္တာများ၊ ရုပ်မြင်သံကြားစက်များနှင့် အခြားသော အိမ်သုံးလျှပ်စစ်ပစ္စည်းများ (သို့) ပိုမိုတိုးတက်ကောင်းမွန်သည့် သယ်ယူပို့ဆောင်ရေး နည်းလမ်းများကဲ့သို့သော အရေးပါသည့်ပိုင်ဆိုင်မှုများ ရှားပါးနေခြင်းကိုလည်း ဖော်ပြပါသည်။ မြေသားကြမ်းခင်းသည် ဝမ်းရောဂါ၊ အရေပြားနှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများတို့ကို ဖြစ်ပွားစေသည့် ညစ်ညမ်းမှုဖြစ်စေသောအရာများကို အကောင်းဆုံးသယ်ဆောင်ပေးသည့်အရာများအဖြစ် သိရှိကြပြီးသား ဖြစ်ရာ၊ ယင်းအားဖြင့် ဆက်လက်၍ အာဟာရပြတ်လပ်ခြင်းကို တွန်းအားဖြစ်စေပြီး အိမ်တွင်းနေထိုင်သူများအတွက် အိမ်အတွက် သန့်ရှင်းရေးနှင့် ကောင်းမွန်သောအခြေအနေရှိစေရေး အချိန်ပိုမိုလိုအပ်ပါသည်။ အချို့နေရာတွင် ဝမ်းရောဂါနှင့် ဆေးကုသစရိတ်များ သက်သာစေရန် မြေသားကို ကွန်ကရစ်ကြမ်းခင်းနှင့် အစားထိုးခြင်းကိုတွေ့ရှိပြီး၊ ယင်းမှာ အိမ်ထောင်စုမှ အမျိုးသမီးများအနေဖြင့် ကြမ်းခင်းအား သန့်ရှင်းရေးလုပ်ချိန် ရက်သတ္တပတ် တစ်ပတ်လျှင် (၆)နာရီမှ (၁)နာရီသို့ လျှော့ချပေးလိုက်နိုင်ပါသည်။[၅၆]


ပုံ (၃၃) ဝါး (သို့) မြေသားကြမ်းခင်းများ ရှိကြသည့် အိမ်ထောင်စုများ * – ၂၀၁၄ သန်းခေါင်စာရင်း




*သန်းခေါင်စာရင်းကောက်ယူခဲ့သည့် လူဦးရေအပေါ်တွင်သာ အခြေခံထားခြင်းဖြစ်သည်။

[၅၆] ကျန်းမာရေးအား အောက်ခြေအခြေခံမှစတင်၍ဆောင်ရွက်ခြင်း၊ Dhaka, Bangladesh. Archive Global http://archiveglobal.org/bangladesh/ June 2017 မှပြန်လည်ရယူသည်။

ပုံ (၃၄) ဝါး (သို့) မြေသားကြမ်းခင်းများ ရှိကြသည့် မြို့နယ်အလိုက်ရှိ အိမ်ထောင်စုများ * – ၂၀၁၄ သန်းခေါင်စာရင်း




*သန်းခေါင်စာရင်းကောက်ယူခဲ့သည့် လူဦးရေအပေါ်တွင်သာ အခြေခံထားခြင်းဖြစ်သည်။

# ရေအရင်းအမြစ် စီမံခန့်ခွဲမှု နှင့် ရေဆိုး/မိလ္လာထုတ်စနစ်


## အဓိကတွေ့ရှိချက်များ

- တစ်နိုင်ငံလုံးတွင် (၂၆%)သော အိမ်ထောင်စုများသည် ဘေးကင်းသည့် ရေဆိုး/မိလ္လာထုတ်စနစ် မရှိကြဘဲ၊ (၃၀%) သည် တိုးတက်ကောင်းမွန်သော သောက်သုံးရေကို လက်လှမ်းမီရရှိကြခြင်း မရှိချေ။
- ရခိုင်ပြည်နယ်သည် ဘေးကင်းသော ရေဆိုး/မိလ္လာထုတ်စနစ် အဆင့်များ အနိမ့်ပါးဆုံး သိသာထူးခြားစွာဖြစ်နေပါသည်။
- ဧရာဝတီ၊ ပဲခူး၊ ရခိုင် နှင့် ရန်ကုန် ပြည်နယ်/တိုင်းဒေသကြီးများသည် တိုးတက်ကောင်းမွန်သော ရေအရင်းအမြစ်များအား လက်လှမ်းမီမှု အနည်းပါးဆုံးအခြေအနေ ရှိနေပါသည်။

၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းက ဖော်ပြသည်မှာ နိုင်ငံအဝှမ်းတွင် အားလုံးသော အိမ်ထောင်စုများ၏ (၂၆.၃%)တွင် ဘေးကင်းသည့် ရေဆိုး/မိလ္လာထုတ်စနစ်[၅၇] မရှိကြောင်းနှင့် (၃၁.၁%)တွင် တိုးတက်ကောင်းမွန်သည့် သောက်သုံးရေအား လက်လှမ်းမီရရှိမှုမရှိကြောင်း ဖြစ်ပါသည်။ ပုံ (၄၀) တွင် တွေ့မြင်နိုင်သည့်အတိုင်း ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့မှာ အကူအညီလိုအပ်နေသည့် အချို့သော လူထုအသိုင်းအဝိုင်းများရှိနေပြန်ရာ၊ အဆိုပါ ဒေသများအတွက် အကြောင်းရင်းများစွာပါဝင်နေသည့် ထိခိုက်လွယ်မှုဆိုင်ရာ သဘောသဘာဝက တောင်းဆိုနေသည်မှာ (ကဏ္ဍရပ်အသီးသီးအနေဖြင့်မဟုတ်ဘဲ) တည်နေရာအခြေခံသည့် အစီအစဉ်ရေးဆွဲ အကောင်အထည်ဖော်ဆောင်ရွက်ပေးမှုကိုပင် ဖြစ်ပါသည်။

ရေဆိုး/မိလ္လာထုတ်စနစ်အား လိုအပ်နေမှုများသည် ရခိုင်ပြည်နယ်တွင် အထူးသဖြင့် မြင့်မားလျက်ရှိကာ ပြည်နယ်၏မြောက်ပိုင်းရှိ မြို့နယ်များအတွင်း အချက်အလက်ကောက်ယူထားခြင်းမရှိသည့် နယ်မြေများမှ သတင်းအချက်အလက်များ ရှိမနေသည့်တိုင် ဖြစ်ပါသည်။ နောက်ထပ် (၁၅%) သော မြို့နယ်များတွင်လည်း အကူအညီလိုအပ်နေသည့် လူထုများ အထူးသဖြင့် မြင့်မားလျက်ရှိရာ၊ ယင်းမှာ အများအားဖြင့် ရခိုင်ပြည်နယ်အတွင်းဖြစ်ပြီး (သို့) ကချင်ပြည်နယ်ရှိ ခေါင်လန်ဖူး ၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် ပင်လယ်ဘူး ကဲ့သို့သော လူထု၏ (၉၀%) အနေဖြင့် ဘေးကင်းသည့် ရေဆိုး/မိလ္လာထုတ်စနစ်အား လက်လှမ်းမီခြင်းမရှိသည့် နယ်မြေများဖြစ်ပါသည်။ ပဋိပက္ခ၊ ဖယ်ကြဉ်သီးခြားခွဲထားခြင်းနှင့် ရာသီဥတုဆိုင်ရာ အန္တရာယ်များအောက် ကြိမ်ဖန်များစွာ ကျရောက်မှုတို့ ပေါင်းစပ်၍ အဆိုပါ ကွာခြားမှုများကို တွန်းအားပေးဖြစ်ပေါ်စေပါသည်။


ပုံ (၁၅) ဘေးကင်းမှုမရှိသည့် မိလ္လာ/ရေဆိုး ထုတ်စနစ် ပျံ့နှံ့တည်ရှိမှု နှင့် ပမာဏ* – ၂၀၁၄ သန်းခေါင်စာရင်း





*သန်းခေါင်စာရင်းကောက်ယူခဲ့သည့် လူဦးရေအပေါ်တွင်သာ အခြေခံထားခြင်းဖြစ်သည်။

[၅၇]ဘေးကင်းသည့် ရေဆိုး/မိလ္လာထုတ်စနစ်ဆိုသည်မှာ ရေဆွဲချရသောဘိုထိုင်အိမ်သာနှင့် ရေလုံအိမ်သာ(ကောင်းမွန်အောင်ပြုလုပ်ထားသည့်မြေကျင်းအိမ်သာ) တို့အဖြစ်ယူဆထားရာ၊ ၂၀၁၄ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းအရဖြစ်ပါသည်။ ဘေးကင်းမှုမရှိသော ရေဆိုး/မိလ္လာထုတ်စနစ်တွင် သမာရိုးကျ မြေကျင်းအိမ်သာများ၊ အိမ်သာအိုးများ/မြေပြင်ဟင်းလင်းအိမ်သာများနှင့် အခြားပုံစံများ သို့မဟုတ် အိမ်သာလုံးဝမရှိခြင်းတို့ပါဝင်ပါသည်။

ပုံ (၃၆) တိုးတက်ကောင်းမွန်သည့် သောက်သုံးရေရှိသည့် အိမ်ထောင်စုများ* – ၂၀၁၄ သန်းခေါင်စာရင်း




ပုံ (၃၇) ဘေးကင်းသည့် မိလ္လာ/ရေဆိုးထုတ်စနစ် ရှိကြသည့် အိမ်ထောင်စုများ* – ၂၀၁၄ သန်းခေါင်စာရင်း




*သန်းခေါင်စာရင်းကောက်ယူခဲ့သည့် လူဦးရေအပေါ်တွင်သာ အခြေခံထားခြင်းဖြစ်သည်။


**(၃၁%) ရှိသည့် (၃.၄)သန်းကျော်ရှိသည် အိမ်ထောင်စုများသည် တိုးတက်ကောင်းမွန်သော သောက်သုံးရေအား လက်လှမ်းမီရယူနိုင်ခြင်း မရှိချေ။**[၅၈] အဆိုပါ အိမ်ထောင်စုများ အများစုတို့သည် ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းနှင့် ရခိုင်ပြည်နယ်များ တို့တွင်ရှိကြပြီး၊ အဆိုပါ ပြည်နယ်/တိုင်းဒေသကြီးတို့အတွင်း ရှိနေသည့်ရာနှုန်းမှာ နိုင်ငံအဝှမ်းရှိ အိမ်ထောင်စုအားလုံးပေါင်း၏ (၄၉%) ထိ ရှိပြီး တိုးတက်ကောင်းမွန်သည့် သောက်သုံးရေမရှိကြပါ။ ရခိုင်ပြည်နယ် နှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှာ အထူးစိုးရိမ်ဖွယ်ဖြစ်နေရာ တိုးတက်ကောင်းမွန်ခြင်းမရှိသည့် များစွာသော သောက်သုံးရေ အရင်းအမြစ်များအား ရာသီဥတုအပြောင်းအလဲကြောင့်ဖြစ်သည့် ဆားငန်ရေဝင်ရောက်မှု တိုးများလာခြင်းနှင့် လူကြောင့်ဖြစ်သည့် သဘာဝပတ်ဝန်းကျင် ပျက်စီးမှုတို့အားဖြင့် ကြီးကြီးမားမား ရိုက်ခတ်သက်ရောက်မှုဖြစ်နေသည်ဟု ခန့်မှန်းရပါသည်။ သုံးခွ နှင့် ခရမ်း ကဲ့သို့သော ရန်ကုန်၏ မြစ်ဝကျွန်းပေါ် အစိတ်အပိုင်းများတွင်လည်း အလားတူသော ပြဿနာများ တွေ့ကြုံခံစားရပါသည်။ လက်ရှိတွင်လည်းဖြစ်နေပြီး ပိုမိုဆိုးရွားလာလျက်ရှိသည့် သောက်သုံးရေ ပြဿနာအခက်အခဲများအတွက် ရေရှည်တည်တံ့မည့် ဖြေရှင်းနည်းလမ်းများ ထုတ်ဖော်ရန် ထပ်ဆင့်သုတေသနနှင့် တည်နေရာအလိုက်သီးသန့် လက်တွေ့စမ်းသပ်ချက်ကို လိုအပ်ပါသည်။

**ရေနှင့် ရေဆိုး/မိလ္လာထုတ်စနစ် လိုအပ်မှုများရှိနေသည့် နယ်မြေများမှာ အမိုးအကာ လိုအပ်ချက်များရှိနေသည့် နယ်မြေများနှင့် တစ်ထပ်တည်းကျရောက်နေရာ** ပထဝီနယ်မြေဒေသအလိုက် ဦးတည်ပစ်မှတ်ထားမှုနှင့် ကဏ္ဍအသီးသီးတစ်လျှောက် ဆန်းစစ်မှုတို့ကို တိုးတက်ကောင်းမွန်ရှိစေရန် လိုအပ်ချက်ကို ဖော်ပြနေပါသည်။ ယင်းက အဆိုပါနယ်မြေများအတွင်း တုံ့ပြန်ဖြေရှင်းရေးနှင့် ဒဏ်ခံနိုင်မှုရှိရေး လုပ်ငန်းအစီအစဉ်များဆိုင်ရာ ပုံစံပြုချမှတ်ခြင်းအတွက် နယ်မြေအခြေပြု အစီအစဉ်ချမှတ်ရေးဆွဲမှုအား လိုအပ်နေခြင်းကိုလည်း မီးမောင်းထိုးပြနေပြီး၊ အထူးသဖြင့် အရေးပေါ်အခြေအနေဆိုင်ရာ လုပ်ငန်းအစီအစဉ်များအတွက် ဖြစ်ပါသည်။ ရခိုင်ပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီး နှစ်ခုစလုံးတို့အတွင်း ကြီးမားသည့် ဘေးဒုက္ခများကျရောက်ပြီးနောက်ပိုင်း အစိုးရနှင့် ဒေသခံလူထုတို့၏ အသိရှိနိုးကြားမှုမှာ တိုးပွားလာသော်လည်း အိုးအိမ်တို့၏ ရုပ်ပိုင်းဆိုင်ရာ လက်တွေ့ဒဏ်ခံနိုင်ရည်အပေါ်နှင့် ရေရှည်တည်တံ့နိုင်မည့် ရေနှင့် စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲသည့် အခြေခံအဆောက်အအုံတို့အပေါ် ရင်းနှီးမြှုပ်နှံမှု မလုံလောက်ခြင်းကြောင့်ဖြစ်သော အားနည်းချက်များကို အလေးပေးဖြေရှင်းရန် လိုနေပါသေးသည်။ ယင်းတို့အား ရှေ့နောက်ထားသို၍ ဖြေရှင်းမှုအခြေပြု လုပ်ငန်းအစီအစဉ်ဆိုင်ရာ ဆောင်ရွက်မည့်နည်းလမ်းများ (သို့) ကဏ္ဍအများအပေါ် အတွဲလိုက်ကူညီထောက်ပံ့မှုများမှတစ်ဆင့် စဉ်းစားသုံးသပ်ပေးရန်သင့်ပါသည်။

**ထိခိုက်မှုခံရသည့် အိမ်ထောင်စုများ (သို့) တစ်ဦးတစ်ယောက်ချင်းစီ အရေအတွက်ကို မြို့နယ်များတစ်လျှောက် နှိုင်းယှဉ်လေ့လာသောအခါ စဉ်းစားသုံးသပ်ပေးရမည်ဖြစ်သည်။** ဘေးကင်းသည့် သောက်သုံးရေအား လက်လှမ်းမီရယူနိုင်ခြင်းမရှိသည့် အိမ်ထောင်စုများ၏ အမြင့်ဆုံးအရေအတွက်အား တိုးတက်ကောင်းမွန်သည့် သောက်သုံးရေ လက်လှမ်းမီရရှိခြင်းမရှိသည့် နယ်မြေဒေသမှသူများ၏ ရာခိုင်နှုန်းနှင့် ယှဉ်တွဲ၍ မြို့နယ်များကို နှိုင်းယှဉ်ပြသပေးသော ပုံ (၄၄) တွင် ပြထားသည့်အတိုင်း ရာခိုင်နှုန်းများဖြင့် ဖော်ပြခြင်းသည် အဆိုပါ အရေအတွက်ကိန်းများကို ဖုံးလွှမ်းသွားနိုင်ပါသည်။


[၅၈] ၂၀၁၄ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းအရ ကောင်းမွန်သောသောက်သုံးရေရင်းမြစ်များတွင် ဘုံပိုင်ခေါင်း/ရေပိုက်ခေါင်းမှလာသောရေ၊ ရေတွင်း (သို့) စက်ရေတွင်း(အဝီစိတွင်း)၊ အကာအကွယ်ဖြင့် ထိန်းသိမ်းသောရေတွင်း သို့မဟုတ် စမ်းရေ/ချောင်း။ ဘူးသွပ်ထားသော သို့မဟုတ် သန့်စင်ထားသောသောက်ရေသန့်တို့ပါဝင်ပါသည်။ အခြား (ကောင်းမွန်အောင်ပြုလုပ်မထားသည့်) သောက်သုံးရေရင်းမြစ်များတွင် အကာအကွယ်မရှိသောရေတွင်း သို့မဟုတ် စမ်းရေ၊ ရေအိုင်၊ ရေကန်ငယ်၊ ရေကန်၊ မြစ်၊ စမ်းချောင်း၊ တူးမြောင်း၊ ရေတံခွန်၊ မိုးရေ၊ ရေလှောင်ကန် သို့မဟုတ် ရေစည်ကားရေတို့ပါဝင်ပါသည်။

ပုံ (၃၈) တိုးတက်ကောင်းမွန်အောင်ပြုလုပ်ထားခြင်းမရှိသည့် သောက်သုံးရေအရင်းအမြစ်များ ပျံ့နှံ့နေမှု နှင့် ပမာဏ* – ၂၀၁၄ သန်းခေါင်စာရင်း




*သန်းခေါင်စာရင်းကောက်ယူခဲ့သည့် လူဦးရေအပေါ်တွင်သာ အခြေခံထားခြင်းဖြစ်သည်။

ပုံ (၃၉) ဘေးကင်းသည့် သောက်သုံးရေအား လက်လှမ်းမီမှု အနိမ့်ဆုံးအဆင့်ရှိကြသည့် မြို့နယ်များအား နှိုင်းယှဉ်ကြည့်ခြင်း*




*သန်းခေါင်စာရင်းကောက်ယူခဲ့သည့် လူဦးရေအပေါ်တွင်သာ အခြေခံထားခြင်းဖြစ်သည်။

# ကျန်းမာရေး နှင့် အာဟာရ

## အဓိကတွေ့ရှိချက်များ

- ၂၀၁၃ ခုနှစ်အထိ (၅၁)သန်းခန့်သော လူများကို ဆရာဝန် (၃၀၀၀၀)ဦး နှင့်တကွ သူနာပြုနှင့် သားဖွားဆရာမ (၅၅၀၀၀)ဦး တို့အားဖြင့်သာ ဝန်ဆောင်မှုပေးအပ်ခဲ့ပါသည်။ ကျန်းမာရေးဝန်ဆောင်မှုများ၏ လွှမ်းခြုံပေးနိုင်မှုနှင့် ရရှိနိုင်မှုတို့မှာ မြို့ပြ နှင့် ကျေးလက်တို့အကြား သိသာထင်ရှားစွာ ခြားနားပါသည်။
- မြန်မာနိုင်ငံတွင် မိခင်သေဆုံးမှု အချိုးအစား နှင့် (၅)နှစ်အောက်ကလေး သေဆုံးမှုနှုန်းတို့မှာ အာဆီယံအတွက် ပျမ်းမျှထားရှိသည့်နှုန်းထက် နှစ်ဆထက် ကျော်လွန်နေရာ၊ ကလေးငယ်သေဆုံးမှုနှုန်းမှာ အာဆီယံအတွက် ပျမ်းမျှထား ရှိသည့်နှုန်းထက် (၂.၆)ဆ ရှိပါသည်။
- တိုးတက်ကောင်းမွန်ခြင်းမရှိသည့် အိမ်သာများရှိသည့် အိမ်ထောင်စုများအတွင်းမှ ကလေးသူငယ်များသည် တိုးတက် ကောင်းမွန်မှုရှိသည့် အိမ်သာများရှိသည့် အိမ်ထောင်စုမှ ကလေးသူငယ်များထက် (၅)နှစ် အရွယ်မတိုင်ခင် သေဆုံးနိုင်မှု ကံတရားမှာ (၅၁%) ပိုမိုများနေပြီး၊ ဘေးကင်းမှုမရှိသည့် သောက်သုံးရေရရှိသည့် ကလေးသူငယ်များသည် ဘေးကင်းသည့် သောက်သုံးရေရရှိသည့် အိမ်ထောင်စုများမှ ကလေးသူငယ်များထက် သေဆုံးနိုင်မှု ကံတရားမှာ (၁၈%) ပိုမိုများနေပါသည်။
- မြန်မာနိုင်ငံတွင် ရောဂါဖြစ်ပွားမှုနှင့် သေဆုံးမှုတို့အတွက် ဦးဆောင်နေသည့် အကြောင်းရင်းများမှာ ကူးစက်နိုင်သော ရောဂါများနှင့် ထိခိုက်ဒဏ်ရာရမှုများကြောင့် ကြီးကြီးမားမားဖြစ်နေရာ နှစ်မျိုးစလုံးသည် တိုးတက်ကောင်းမွန်မှုရှိသည့် ကျန်းမာရေးစောင့်ရှောက်မှု လွှမ်းခြုံမှုပေးခြင်းအားဖြင့် ကုသ၍ရပြီး ကာကွယ်တားဆီးနိုင်သော အရာများဖြစ်သည်။

**မြို့နယ်အဆင့်နှင့်ထိုထက်နိမ့်သည့်အဆင့်အတွက်အများသူငါရရှိနိုင်မည့်ကျန်းမာရေးနှင့်အာဟာရဆိုင်ရာအချက်အလက်များမရှိခြင်းသည် အသေးစိတ် လေ့လာဆန်းစစ်မှုအတွက် ကြီးမားသည့် အဟန့်အတားတစ်ခု ဖြစ်နေပါသည်။** နှစ်စဉ်ကောက်ယူသော ကျန်းမာရေးကဏ္ဍ စီမံခန့်ခွဲမှု သတင်းအချက်အလက်စနစ်အတွက် ကျယ်ပြန့်နှံ့စပ်သည့် အချက်အလက်များမှာ အဆင်သင့်ရနိုင်ခြင်းမရှိဘဲ နောက်ဆုံး ဝေမျှ ပေးထားသည့် တစ်နိုင်ငံလုံး မြို့နယ်အဆင့် အချက်အလက်များမှာ ၂၀၁၁ခုနှစ်အတွက်ဖြစ်ပါသည်။ ယခုအချက်အလက် အတိုင်းအတာပမာ ဏအတွင်း အခြားသော အချက်အလက်များ (ဥပမာ၊ မြို့နယ်အဆင့်နှင့် အောက်) မရရှိနိုင်ပါ။ မကြာသေးခင်က ပြုလုပ်ထားသည့် လူမှု ပထဝီ နှင့် ကျန်းမာရေးဆိုင်ရာ စစ်တမ်းက ပြည်နယ်/တိုင်းဒေသကြီး အဆင့် သတင်းအချက်အလက်ကို ဖော်ပြပေးပြီး၊ ယင်းအား ထိုထက် နိမ့် သောအဆင့်များအတွက် ဆန်းစစ်လေ့လာမှုပြုခြင်းအတွက် အသုံးပြု၍ မရနိုင်ပါ။

**မိခင်ကျန်းမာရေးစောင့်ရှောက်မှုအတွက် သိသာထင်ရှားသည့် တိုးတက်မှုများရှိထားသော်လည်း၊ မြန်မာနိုင်ငံ၏ မိခင်၊ ကလေး နှင့် (၅)နှစ် အောက်ကလေး သေဆုံးမှုနှုန်းများမှာ အာဆီယံဒေသတွင်း အခြားနိုင်ငံများထက် များစွာ ပိုမိုမြင့်မားသည့် နှုန်းများဖြစ်နေပါသည်။** မြန်မာနိုင်ငံ၏ မိခင်သေဆုံးမှုနှုန်းမှာ သိသာစွာ ကျဆင်းသွားသော်လည်း (၁၉၉၀ခုနှစ်တွင် (၁၀၀၀၀၀)သော ရှင်လျက်မွေးဖွားမှုအတွင်း (၅၂၀)ဦးသေဆုံးခြင်းမှ ၂၀၁၄ခုနှစ်တွင် (၂၈၂)ဦး) အခြားသော အာဆီယံနိုင်ငံများထက် နှစ်ဆအထိ ဆက်လက်ရှိနေပါသည်။ ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်း ကောက်ယူမှုခဲ့သော နယ်မြေဒေသအဝှမ်းတွင် မြန်မာနိုင်ငံ၏ မွေးကင်းစကလေးသေဆုံးမှုနှုန်းမှာ ဒေသတွင်း နိုင်ငံများ၏ ပျမ်းမျှထက် (၂.၆)ဆ ရှိပြီး ကမ္ဘာတစ်ဝှမ်းလုံးရှိ ဖွံ့ဖြိုးဆဲနိုင်ငံများအားလုံး၏ ပျမ်းမျှထက် (၁.၆)ဆ ဝန်းကျင် ရှိကာ၊[၅၉] အသက် (၅)နှစ်အောက်သေဆုံးမှုနှုန်းမှာ အာဆီယံ ပျမ်းမျှထက် (၂)ဆကျော်နေပါသည်။ အဆိုပါ နှုန်းများသည် ဝင်ငွေအဆင့်အတန်းများအား ထည့်သွင်းစဉ်းစားမှုပြုလျှင်ပင် အလွန်အမင်းမြင့်မားလျက်ရှိရာ၊ မြန်မာနိုင်ငံ၏ တစ်ဦးချင်း GDP နှင့် အခြားသော အာဆီယံနိုင်ငံများ၏ တစ်ဦးချင်း GDP တို့ကို ကမ္ဘာ့ဘဏ်က ချိန်ညှိပြီး နှိုင်းယှဉ်လေ့လာမှုတစ်ခုက ဖော်ပြနေသည်မှာ မွေးကင်းစကလေးသေဆုံးမှုနှုန်းမှာ လက်ရှိအဆင့်များထက် (၃၀%)ခန့် ပိုမိုနည်းပါးသင့်ကြောင်း ဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ မွေးလာသောကလေး၏ အသက်ရှည်မည့်နှုန်းမှာ (၆၄.၇)နှစ်မှာလည်း အာဆီယံနိုင်ငံများအတွင်း အနိမ့်ဆုံးဖြစ်နေပါသည်။[၆၀]

**အဆိုပါကဲ့သို့သော လွန်စွာမြင့်မားသည့် သေဆုံးမှုနှုန်းများအတွင်း ဖုံးကွယ်နေသည့်အရာမှာ ကျယ်ပြန့်သည့် ပထဝီမြေပြင်၊ တိုင်းရင်းသားရေး ရာနှင့် လူမှုစီးပွားရေးဆိုင်ရာတို့ လွန်စွာကွဲပြားခြားမှုတို့ရှိနေသည့် နိုင်ငံတော်အဆင့်ခွဲရှိ သိသာထင်ရှားသည့် မတူညီကွဲပြားမှုပင်ဖြစ်ပါသည်။** ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်း၏ အချက်အလက်က ဖော်ပြနေသည်မှာ မြန်မာနိုင်ငံ၏ ခရိုင် (၇၄)ခုတွင် (၂၉)ဦးဖြစ်သည့် နိုင်ငံတော်အဆင့် ပျမ်းမျှခြင်းထက် မွေးကင်းစကလေးသေဆုံးမှုနှုန်းများမှာ ပိုမိုမြင့်မားနေကြောင်းဖြစ်ရာ၊ မြန်မာနိုင်ငံ၏ ပြည်ထောင်စုအဆင့် ပျမ်းမျှခြင်းကိုယ်၌ က အာဆီယံ ပျမ်းမျှခြင်းချက် (၃)ဆ ပိုမိုမြင့်မားနေခြင်းဖြစ်ပါသည်။ မှတ်တမ်းတင်ထားခဲ့သော အမြင့်မားဆုံးဖြစ်သည့် မွေးကင်းစကလေးသေ ဆုံးမှုနှုန်းသည် ဧရာဝတီတိုင်းဒေသကြီး၏ လပွတ္တာခရိုင်တွင်ရှိနေပြီး၊ ယင်းတွင် ပြည်ထောင်စုအဆင့် မွေးကင်းစကလေးသေဆုံးမှုနှုန်း၏ (၂)ဆဖြစ်ကာ၊ နောက်တွင် ချင်းပြည်နယ်ရှိ မင်းတပ်ခရိုင် ရှိနေပါသည်။ မကွေး၊ စစ်ကိုင်း နှင့် တနင်္သာရီ တိုင်းဒေသကြီးတို့တွင်လည်း အစောပိုင်းနှစ်များအတွင်း သေဆုံးမှုနှုန်း အထူးသဖြင့် မြင့်မားလျက်ရှိပါသည်။ သန်းခေါင်စာရင်း ကောက်ယူမှုအတွင်း လစ်ဟာမှုများရှိခြင်းက ဆိုလိုနေသည်မှာ ရခိုင်ပြည်နယ်၏ အစိတ်အပိုင်းများအတွက် အချက်အလက်မရရှိနိုင်ခြင်းကို ဖြစ်ရာ -- သို့ရာတွင်လည်း အသက်တစ်နှစ် မတိုင်မီ သေဆုံးသည့်ကလေးငယ် အရေအတွက် (အရှင်မွေးဖွားမှု ၁၀၀၀ဦး တွင် ၆၅ဦး) နှင့် အသက်(၅)နှစ် မတိုင်ခင်သေဆုံး အရေအတွက် (အရှင်မွေးဖွားမှု ၁၀၀၀ဦး တွင် ၇၅ဦး) နှစ်မျိုးစလုံးမှာ နိုင်ငံတော်အဆင့် ပျမ်းမျှခြင်းထက် မြင့်မားလျက်ရှိပါသည်။[၆၁]

[၅၉] ပြည်သူ့အင်အားဦးစီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန(၂၀၁၅)။ ၂၀၁၄ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း -- အသေအပျောက်အကြောင်းအရာလိုက် အစီရင်ခံစာ၊ အတွဲ ၄-ခ။ ကလေးငယ်သေဆုံးသည့်နှုန်းဆိုသည်မှာ တစ်နှစ်အောက်ကလေးငယ် (၁၀၀၀) ရှင်လျက်မွေးဖွားလျှင် သေဆုံးသွားသည့်အရေအတွက်ဖြစ်သည်။

[၆၀] ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန(၂၀၁၆)။ အမျိုးသား ကျန်းမာရေးစီမံချက် (၂၀၁၇-၂၀၂၂)။

[၆၁] ပြည်သူ့အင်အားဦးစီးဌာန(၂၀၁၅) ။ ၂၀၁၄ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း-ရခိုင်ပြည်နယ်အစီရင်ခံစာ၊ အတွဲ ၃-ဋ။ နေပြည်တော်၊ လူဝင်မှုကြီးကြပ်ရေး နှင့် ပြည်သူ့အင်အားဝန်ကြီးဌာန။

မြန်မာနိုင်ငံ၏ သေဆုံးမှုနှုန်းမှာ ကူးစက်နိုင်သော ရောဂါများနှင့် ထိခိုက်ဒဏ်ရာရမှုများကြောင့် ကြီးကြီးမားမားဖြစ်နေရာ နှစ်မျိုးစလုံးသည် ကုသ၍ရပြီး အဓိကအားဖြင့် ကာကွယ်တားဆီးနိုင်သော အရာများဖြစ်နေရာ ကိုယ်ဝန်ဆောင်ခြင်းနှင့် ကလေးမွေးဖွားမှုနှင့် ဆက်စပ်သော အကြောင်းတရားများသည် သေဆုံးမှုနှင့် ရောဂါဖြစ်ပွားမှုတို့၏ ဦးဆောင်လျက်ရှိသော အကြောင်းရင်းများဖြစ်နေကြပါသည်။ ကြိုတင်ကာကွယ်တားဆီးသော စောင့်ရှောက်မှုအတွက် လုံလောက်သော ခွဲတမ်းများချထားပေးခြင်းမှာ ဖိအားများ၍ ချိန့်လျက်ရှိသော ကျန်းမာရေးစောင့်ရှောက်ရေးစနစ်တစ်ခုအပေါ်တွင်ရှိသည့် ခက်ခဲနေသည့် ဝန်ထုပ်ဝန်ပိုးအား အတိုင်းအတာများစွာ တိုးတက်ကောင်းမွန်မှုရှိစေနိုင်သည့်အတွက် ကျန်းမာရေး အသုံးစရိတ်များအပေါ် အသေးစိတ် ပိုင်းခြားစိစစ်မှုများအား ထပ်ဆင့်အနေဖြင့် စူးစမ်းလေ့လာခြင်းအားဖြင့် အစီအစဉ်ရေးဆွဲချမှတ်နိုင်ရန်အတွက် အဖိုးတန် ထိုးထွင်းသိမြင်မှုများကို ပေးအပ်နိုင်ပါလိမ့်မည်။

ပုံ (၄၀) သေဆုံးမှုနှုန်း အညွှန်းဖော်ပြချက်များ၊ မြန်မာနိုင်ငံ (၂၀၁၄ သန်းခေါင်စာရင်း) အား ဒေသတွင်းနှင့် ကမ္ဘာလုံးဆိုင်ရာ အညွှန်းဖော်ပြချက်များနှင့် နှိုင်းယှဉ်ပြထား


| သေဆုံးမှုနှုန်း အညွှန်းဖော်ပြချက် | မြန်မာနိုင်ငံ* | အရှေ့တောင်အာရှ | ဖွံ့ဖြိုးဆဲနိုင်ငံများ | ဖွံ့ဖြိုးပြီးနိုင်ငံများ | ကမ္ဘာပေါ်တွင် |
|---|---|---|---|---|---|
| သားသည်မိခင် သေဆုံးမှုအချိုး | 282 | 140 | 230 | 16 | 210 |
| ဓမ္မတာအတိုင်း သေဆုံးမှုနှုန်း | 9.6 | 6.9 | 7.4 | 10.0 | 7.8 |
| မွေးဖွားလာသူ အသက်ရှင်မှုနှုန်း | 64.7 | 70.3 | 68.8 | 78.3 | 70.5 |
| အမျိုးသား ပျမ်းမျှအသက်ရှည်မှုနှုန်း | 60.2 | 67.5 | 66.9 | 75.1 | 68.3 |
| အမျိုးသမီး ပျမ်းမျှအသက်ရှည်မှုနှုန်း | 69.3 | 73.2 | 70.7 | 81.5 | 72.7 |
| မွေးကင်းစ သေဆုံးမှုနှုန်း | 62 | 24 | 39 | 5 | 36 |
| (၅)နှစ်အောက်ကလေး သေဆုံးမှုနှုန်း | 72 | 30 | 54 | 6 | 50 |

ပုံ (၄၁) မြန်မာနိုင်ငံအဝှမ်း နို့စို့အရွယ် နှင့် (၅)နှစ်အောက်ကလေး သေဆုံးမှုနှုန်း အမြင့်ဆုံးရှိနေသည့် မြို့နယ်များ - ၂၀၁၄ သန်းခေါင်စာရင်း*


| အဆင့် | ပြည်နယ်/ တိုင်းဒေသကြီး | ခရိုင် | မြို့နယ် | ကျား/မ နှစ်မျိုးလုံး | | ကျား | | မ | |
|---|---|---|---|---|---|---|---|---|---|
| | | | | IMR | U5MR | IMR | U5MR | IMR | U5MR |
| 1 | ဧရာဝတီ | လပွတ္တာ | ပြင်စလူမြို့ | 170 | 204 | 184 | 220 | 155 | 187 |
| 2 | ချင်း | မင်းတပ် | ဆမီးမြို့ | 145 | 172 | 160 | 188 | 130 | 155 |
| 3 | ချင်း | မင်းတပ် | ပလက်ဝ | 129 | 153 | 139 | 164 | 118 | 140 |
| 4 | မကွေး | ပခုက္ကူ | ဆိပ်ဖြူ | 128 | 154 | 146 | 174 | 110 | 132 |
| 5 | မကွေး | မင်းဘူး | စေတုတ္တရာ | 119 | 143 | 132 | 158 | 106 | 127 |
| 6 | ဧရာဝတီ | လပွတ္တာ | လပွတ္တာ | 119 | 143 | 131 | 157 | 106 | 127 |
| 7 | စစ်ကိုင်း | ကသာ | ဗန်းမောက် | 118 | 136 | 124 | 144 | 111 | 128 |
| 8 | မကွေး | ပခုက္ကူ | ပေါက် | 115 | 137 | 131 | 157 | 98 | 118 |
| 9 | ဧရာဝတီ | ဖျာပုံ | ဘိုကလေး | 115 | 138 | 128 | 153 | 102 | 122 |
| 10 | စစ်ကိုင်း | ကသာ | ပင်လယ်ဘူး | 113 | 132 | 120 | 139 | 107 | 123 |
| 11 | တနင်္သာရီ | ကော့သောင်း | ပြည်ကြီးမဏ္ဍိုင် | 113 | 133 | 114 | 133 | 113 | 134 |
| 12 | ချင်း | မင်းတပ် | ကန်ပက်လက် | 110 | 131 | 120 | 141 | 101 | 120 |
| 13 | ဧရာဝတီ | ဖျာပုံ | အမာမြို့ | 109 | 131 | 123 | 147 | 96 | 115 |
| 14 | ရှမ်း | မိုင်းဆတ် | မိုင်းတုံ | 108 | 125 | 113 | 130 | 104 | 119 |
| 15 | ရှမ်း | မိုင်းဆတ် | မုံးထမြို့ | 108 | 125 | 111 | 128 | 105 | 120 |

*မြို့နယ်တန်ဖိုးများသည် ၂၀၁၄ ခုနှစ် လူဦးရေ နှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းတွင် စာရင်းကောက်ယူခဲ့သည့် လူထုများအပေါ်တွင်သာ အခြေခံထားခြင်းဖြစ်သည်။

ပုံ (၄၂) ပြည်နယ်များ နှင့် တိုင်းဒေသကြီးတို့အလိုက် အသက်(၅)နှစ်အောက် ကလေးများ ကြီးထွားဖွံ့ဖြိုးမှု နှေးကွေးခြင်း – DHS ၂၀၁၅-၂၀၁၆




ပုံ (၄၃) မြို့နယ် နှင့် မြို့နယ်ခွဲအလိုက် အသက်အရွယ် အစောပိုင်းတွင် သေဆုံးမှုနှုန်း* – ၂၀၁၄ သန်းခေါင်စာရင်း[၆၂]




*သန်းခေါင်စာရင်းကောက်ယူခဲ့သည့် လူဦးရေအပေါ်တွင်သာ အခြေခံထားခြင်းဖြစ်သည်။

**များမကြာမီနှစ်များအတွင်း ကျန်းမာရေး အသုံးစရိတ်မှာ များစွာတိုးပွားလာမှုရှိသော်လည်း ကျန်းမာရေး အကျိုးရလဒ်ထွက်ရှိမှုများအပေါ်တွင် ယင်း၏အကျိုးသက်ရောက်မှုအားပြည့်စုံစွာ သုံးသပ်အကဲဖြတ်ရန် ရှိနေပါသေးသည်။** ၂၀၀၉ ခုနှစ် မြန်မာနိုင်ငံတွင် ကျန်းမာရေးကဏ္ဍအတွက် ပြည်သူ့ အသုံးစရိတ်အား အမျိုးသားကျန်းမာရေး စီမံချက်အတွက် မှတ်ချက်ပြုထားသည့်အချက်မှာ GDP ၏ (၀.၂%) သာရှိပြီး ကမ္ဘာပေါ်တွင် အနည်းဆုံးဖြစ်ကြောင်း၊ သို့သော်လည်း တစ်ဖြည်းဖြည်း တိုးများလျက်ရှိရာ ၂၀၁၄ ခုနှစ်တွင် (၁%) ကျော်သာသာ နှင့် ၂၀၁၆ ခုနှစ်တွင် (၃.၆၅%) သို့ရောက်ရှိခဲ့ကြောင်း ဟုဖော်ပြသော်လည်း တစ်ကမ္ဘာလုံးအဆင့်နှင့် ဒေသတွင်း နိုင်ငံများအဆင့် စံနှုန်းများ အောက်တွင်သာ ရှိနေပါသေးသည်။[၆၃] အစိုးရ၏ ကျန်းမာရေးကဏ္ဍ ပြုပြင်ပြောင်းလဲမှုများအား ၂၀၁၁ မှ ၂၀၁၄ခုနှစ်အတွင်း အစပြုဆောင်ရွက်ခဲ့ရာ မြန်မာနိုင်ငံ၏ ၂၀၃၀ ခုနှစ် ကျန်းမာရေးဆိုင်ရာ အနာဂတ်မျှော်မှန်းချက်နှင့်အညီ အထွေထွေကျန်းမာရေး လွှမ်းခြုံမှုအား ရရှိရန်အတွက်ဖြစ်ပြီး ရလဒ်များထွက်ပေါ်လျက်ရှိကာ မရှိမဖြစ် ထောက်ပံ့ရသည့် ပစ္စည်းများနှင့် ဆေးကုသမှု ကိရိယာများအတွက် အသုံးစရိတ်တိုးမြှင့်မှု (၃၅)ဆ ရှိခြင်း၊ လူနာတို့အိတ်ကပ်ထဲမှပေးငွေအား (၈၀%) မှ (၆၀%)ထိ လျော့ပါးသွားခြင်း၊ ဆရာဝန် နှင့် သူနာပြုများ ၂၀၁၁ မှ ၂၀၁၅ ခုနှစ်အလယ်ပိုင်းထိ (၂၅%) တိုးများလာခြင်း၊ ထို့ပြင် ငှက်ဖျား၊ တီဘီ နှင့် HIV/AIDS ရောဂါများတိုက်ဖျက်ခြင်းတို့တွင် တိုးတက်ကောင်းမွန်မှုများ စသည်တို့ ပါဝင်ခဲ့ပါသည်။[၆၄] သို့ဖြစ်သော်လည်း အိမ်ထောင်စုများ၏ ကိုယ်ပိုင်ပေးငွေမှာ ကျန်းမာရေးအတွက် ငွေကြေးထောက်ပံ့မှု အဓိကပင်ရင်းအဖြစ် ဆက်လက်ရှိနေပြီး အိမ်ထောင်စုများအား ဆင်းရဲတွင်းထဲသို့ တွန်းပို့နိုင်သကဲ့သို့ များစွာသောသူတို့အား လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှု ရယူရန် အတားအဆီးလည်း ဖြစ်စေပါသည်။

[၆၂] ပြည်သူ့အင်အားဦးစီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန(၂၀၁၅)။ ၂၀၁၄ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း --အသေအပျောက် အကြောင်းအရာလိုက် အစီရင်ခံစာ အတွဲ ၄-ခ။ အရွယ်မရောက်မီစောစီးစွာ သေဆုံးခြင်းဆိုသည်မှာ ယခုအခြေအနေတွင် အသက် ၂၀-၃၄ နှစ် အမျိုးသမီးများ မှမွေးဖွားလိုက်သော ကလေးများထဲတွင် သေဆုံးသွားသောကလေးငယ်များ ရာခိုင်နှုန်းဖြစ်သည်ဟု အဓိပ္ပာယ်ရပါသည်။

[၆၃] ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန(၂၀၁၆)။ အမျိုးသား ကျန်းမာရေးစီမံချက် (၂၀၁၇-၂၀၂၁)။

[၆၄] ပြည်ထောင်စု မြန်မာနိုင်ငံတော်(၂၀၁၅)။ မြန်မာနိုင်ငံ ရေကြီးရေလျှံခြင်းနှင့်မြေပြိုခြင်း ဘေးအန္တရာယ်များဖြစ်ပွားပြီးနောက် လိုအပ်ရာများကို အကဲဖြတ်သုံးသပ်ခြင်း။

### ပုံ (၄၄) ၂၀၁၂ သေဆုံးမှုနှုန်း နှင့် ရောဂါဖြစ်ပွားမှုနှုန်း တို့အတွက် ထိပ်ဆုံးမှ အကြောင်းတရားများ - ကျန်းမာရေး ဝန်ကြီးဌာန

| အဆင့် | သေဆုံးမှုအတွက် အဓိက အကြောင်းရင်းတစ်မျိုးစီ | % | ရောဂါဖြစ်ပွားမှုအတွက် အဓိက အကြောင်းရင်းတစ်မျိုးစီ | % |
|---|---|---|---|---|
| 1 | HIV/AIDS | 6.6 | အခြား ထိခိုက်ဒဏ်ရာများ (တိကျစွာ သတ်မှတ်နိုင် နှင့် မသတ်မှတ်နိုင်) | 10.0 |
| 2 | သွေးအဆိပ်တက်ခြင်း | 6.1 | ကိုယ်ဝန်ဆောင်ခြင်းနှင့် သားဖွားခြင်းဆိုင်ရာ အခြားထပ်တိုးရောဂါများ | 6.9 |
| 3 | အခြား ထိခိုက်ဒဏ်ရာများ (တိကျစွာ သတ်မှတ်နိုင် နှင့် မသတ်မှတ်နိုင်) | 5.4 | ဆေးဝါး၊ ဆရာဝန် အကူအညီမပါဘဲ သားဖွားခြင်း | 6.0 |
| 4 | သန္ဓေသား ဖွံ့ဖြိုးမှုနှေးခြင်း၊ အာဟာရချို့တဲ့မှု နှင့် ပဋိသန္ဓေလွယ်ကာလတိုခြင်းနှင့် အလေးချိန်မပြည့်မွေးဖွားခြင်းဆိုင်ရာ မူမမှန်ခြင်း ရောဂါများ | 4.6 | ရောဂါပိုးဝင်ခြင်းကြောင့်ဟု ယူဆရသည့် ဝမ်းရောဂါ နှင့် အစာအိမ်နှင့် အူများရောင်ခြင်း | 5.8 |
| 5 | အခြား အသဲရောဂါများ | 4.0 | ဗိုင်းရတ်ပိုးကြောင့်ဖြစ်သော အခြားသော ရောဂါများ | 3.8 |
| 6 | အသက်ရှူလမ်းကြောင်းဆိုင်ရာ အခြားရောဂါများ | 4.7 | ကိုယ်ဝန်ဆောင်ခြင်းနှင့် ကိုယ်ဝန်ပျက်ကျခြင်းဆိုင်ရာကြောင့် ဖြစ်ပေါ်လာသော ရောဂါများ | 2.6 |
| 7 | သန္ဓေသား သားအိမ်တွင်းရှိစဉ် နှင့် မွေးဖွားစဉ် အောက်ဆီဂျင်ဓာတ်မလုံလောက်မှု | 3.4 | အစာအိမ်ရောင်ခြင်း နှင့် အူသိမ်ရောင်ခြင်း | 2.4 |
| 8 | ရုတ်တရက်နှလုံးခုန်ရပ်ခြင်း | 3.3 | ငှက်ဖျားရောဂါ | 2.4 |
| 9 | အဆုတ်တီဘီရောဂါ | 3.2 | မျက်စိအတွင်းတိမ် နှင့် အခြားသော မျက်စိတွင်းရှိ မျက်တွင်းမှန် မူမမှန်ခြင်း ရောဂါများ | 2.4 |
| 10 | ဦးခေါင်းတွင်း သွေးထွက်ခြင်း | 2.9 | အခြားသော အထူးစိုးရိမ်ဖွယ် အဆုတ်တွင်း ရောဂါဝင်ခြင်းများ | 2.0 |
| 11 | အခြား နှလုံးရောဂါများ | 2.8 | အဆုတ်ရောင်ရောဂါ | 1.8 |
| 12 | ဦးခေါင်းတွင်း ထိခိုက်ဒဏ်ရာရခြင်း | 2.7 | မီးဖွားမှုကာလအတွင်း အခြားသော ရောဂါအခြေအနေများ | 1.7 |
| 13 | ငှက်ဖျားရောဂါ | 2.6 | ဆေးဝါးမဟုတ်သည့် မူးယစ်ဆေးများ၏ အဆိပ်ဓာတ်သင့်မှုများ | 1.6 |
| 14 | အဆုတ်ရောင်ရောဂါ | 2.6 | ခြေလက်အင်္ဂါကျိုးပဲ့ခြင်း | 1.5 |
| 15 | သွေးယိုစိမ့်မှု (သို့) သွေးလမ်းကြောင်းပိတ်ခြင်း ဟူ၍ မခွဲခြားထားသည့် လေသင်တုန်းဖြတ်ရောဂါ | 2.5 | အူအတက် ရောဂါများ | 1.5 |
| -- | အခြားသော အကြောင်းရင်းများအားလုံး | 43.6 | အခြားသော အကြောင်းရင်းများအားလုံး | 47.6 |

များစွာသော စိန်ခေါ်မှုများ ဆက်လက်ရှိနေရာ ၂၀၁၄ခုနှစ် သန်းခေါင်စာရင်းက ဖော်ပြသည်မှာ တိုးတက်ကောင်းမွန်ခြင်းမရှိသည့် အိမ်သာများရှိကြသည့် အိမ်ထောင်စုများမှ ကလေးများသည့် အသက် (၅)နှစ် အရွယ်မရောက်မီ သေဆုံးနိုင်ခြေ (၅၁%) ပိုမိုများပြားနေပြီး ဘေးကင်းသည့် သောက်သုံးရေမရှိကြသည့် ကလေးများသည် ယင်းတို့အား ရှိကြသည့်ကလေးများထက် သေဆုံးနိုင်ခြေ (၁၈%) ပိုမိုများပြားနေပါသည်။ ရှင်းလင်းသည်မှာ အထွေထွေကျန်းမာရေး လွှမ်းခြုံမှုအား ရရှိရန် ကြိုးပမ်းအားထုတ်မှုများအနေဖြင့် အခြားသော ကဏ္ဍရပ်များအတွင်း ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန် လိုအပ်မည်ဖြစ်ရာ ရပ်ရွာအသိုင်းအဝိုင်း ဖွံ့ဖြိုးရေး၊ သယ်ယူပို့ဆောင်ရေး နှင့် ဆက်သွယ်ရေး ကဏ္ဍ၊ ပုဂ္ဂလိကကဏ္ဍ၏ ပါဝင်ဆောင်ရွက်မှု၊ ပြည်သူ့ပညာရေးကဏ္ဍ၊ မြို့နယ်အဆင့် အပါအဝင်ဖြစ်သော ပြည်သူ့ဘဏ္ဍာရေးနှင့် အုပ်ချုပ်စီမံ ထိန်းကျောင်းရေးကဏ္ဍ စသည်တို့ ပါဝင်နေပါသည်။

များမကြာမီကပြုလုပ်သော မြန်မာနိုင်ငံ လူမှုပထဝီ နှင့် ကျန်းမာရေးဆိုင်ရာ စစ်တမ်း[၆၅] တွင်တွေ့ရှိရသည်မှာ မြန်မာနိုင်ငံ၏ ကလေးများနှင့် အမျိုးသမီးများအကြားတွင် သွေးအားနည်းရောဂါဖြစ်ပွားမှုနှင့် အာဟာရဓာတ်မလုံလောက်မှုတို့ မြင့်မြင့်မားမား ဖြစ်ပွားနေကြောင်း ဖြစ်ပါသည်။ သွေးအားနည်းရောဂါအနေဖြင့် ကလေး အသက် (၆လ မှ ၁၁လ) အတွင်း (၇၆.၄%)၊ (၁၂လ မှ ၂၃လ) အတွင်း (၇၄.၈%)၊ နှင့် ကိုယ်ဝန်ဆောင်သားဖွားနိုင်သည့်အရွယ်ရှိ အမျိုးသမီးများ၏ ထက်ဝက်နီးပါး (၄၆.၆%) တို့အား သက်ရောက်လျက်ရှိပါသည်။ ကလေးများ အကြား သွေးအားနည်းရောဂါ ဖြစ်ပွားမှုအများဆုံးမှာ စစ်ကိုင်းတိုင်းဒေသကြီးတွင်ဖြစ်ပြီး (၇၁%)၊ ထို့နောက်တွင် ရန်ကုန်တိုင်းဒေသကြီး (၆၆%) နှင့် တနင်္သာရီတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး နှင့် ရခိုင်ပြည်နယ်တို့တွင် (၆၂%) အသီးသီး ဖြစ်ကြပါသည်။ ရှမ်းပြည်နယ်တွင် ကလေးများအကြား သွေးအားနည်းရောဂါ ဖြစ်ပွားမှု အနည်းဆုံး (၄၀%) ဖြစ်ပါသည်။ အာဟာရပိုင်းအားကြည့်မည်ဆိုလျှင် အသက် (၅)နှစ်အောက်ကလေး (၂၉%) တို့မှာ ကောင်းစွာ ကြီးထွားဖွံ့ဖြိုးမှုမရှိဘဲ၊ (၈%) မှာ ကြီးထွားမှုနှေးကွေးခြင်း ပြင်းထန်ပြီး (နာတာရှည် အာဟာရဓာတ်မလုံလောက်မှု) (၇%) မှာ ကြုံလှီအားနည်းပြီး၊ (၁%)မှာ ကြုံလှီအားနည်းမှု ပြင်းထန် (စိုးရိမ်ဖွယ် အာဟာရဓာတ် မလုံလောက်မှု) ပါသည်။ နောက်ထပ် (၁၉%)မှာ ကိုယ်အလေးချိန်ပြည့်မီခြင်းမရှိပါ။ မည်သို့ပင်ဖြစ်စေကာမူ အထက်ပါက ဖော်ညွှန်းပြသသည်မှာ ၂၀၀၉ မှ ၂၀၁၀ ခုနှစ်က ပြုလုပ်ခဲ့သော အညွှန်းများအား ဖော်ပြနိုင်ရန် စုစည်းလေ့လာမှုပြုချက် အချိန်မှစ၍ ကလေးများအတွက် အာဟာရကဏ္ဍတွင် တိုးတက်မှုရှိသည်ဆိုသည်ကိုဖြစ်ပြီး၊ ထိုစဉ်က အသက် (၅)နှစ်အောက်ကလေး (၃၅%) မှာ ကောင်းစွာကြီးထွားဖွံ့ဖြိုးမှုမရှိဘဲ၊ (၈%) မှာ ကြုံလှီအားနည်းပြီး၊ (၂၃%) မှာ ကိုယ်အလေးချိန် ပြည့်မီခြင်းမရှိခဲ့ပေ။

ဤတွင်လည်း သိသာသည့် ကွာခြားမှုများရှိနေပြန်ရာ -- ကျေးလက်ဒေသများရှိကလေးများ (၃၂% ရှိ) သည် မြို့ပြနယ်မြေများမှ ကလေးများ (၂၀% ရှိ) ထက် နာတာရှည် အာဟာရဓာတ်မပြည့်ဝမှု (၃၂% ကြီးထွားမှု နှေးကွေး) ပိုမို ဖြစ်ပွားနိုင်ပါသည်။ ကလေးများအကြား ကြီးထွားဖွံ့ဖြိုးမှုနှေးကွေးခြင်းမှာ ချင်းပြည်နယ်တွင် အမြင့်မားဆုံးဖြစ်ကာ (၄၁%) ရှိပြီး (၁၃%) မှာ ကြီးထွားမှုနှေးကွေးခြင်း ပြင်းထန်ပါသည်။ ရခိုင်ပြည်နယ်ရှိ ကလေးများ၏ အာဟာရဓာတ်အခြေအနေအဆင့်အတန်းမှာ နိုင်ငံအတွင်းတွင် အဆိုးရွားဆုံးအဖြစ် တွေ့ရှိရပြီး၊ (၃၈%) ရှိ ကလေးများမှာ ကြီးထွားဖွံ့ဖြိုးမှုနှေးကွေးကြ (၁၈% မှာ ကြီးထွားမှုနှေးကွေးခြင်း ပြင်းထန်) ပြီး၊ (၁၄%)မှာ ကြုံလှီအားနည်းကာ (၃၄%)မှာ ကိုယ်အလေးချိန် ပြည့်မီခြင်း မရှိပေ။ စစ်တမ်းက ထပ်၍ အတည်ပြုပေးသည်မှာ အိမ်ထောင်စုများကြွယ်ဝမှုနှင့် မိခင်များ၏ ပညာရေးတို့ မြင့်မားသည့်အဆင့်များသည် ကြီးထွားမှုနှေးကွေးခြင်းနှင့် ကိုယ်အလေးချိန်မပြည့်ခြင်းနှုန်းတို့ နည်းပါးခြင်းနှင့် ဆက်စပ်နေသည် ဆိုသည့် အချက်ဖြစ်ပါသည်။


[၆၅] ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ DHS အစီအစဉ်(၂၀၁၆)။ မြန်မာနိုင်ငံလူနေမှုဘဝနှင့် ကျန်းမာရေးဆိုင်ရာ အခြေခံအချက်အလက်စစ်တမ်း၊ အဓိကအညွှန်းအစီရင်ခံစာ ၂၀၁၅-၂၀၁၆။

**ကမ္ဘာ့ဘဏ်၏ ၂၀၁၅ ခုနှစ် ပြည်သူ့အသုံးစရိတ် သုံးသပ်လေ့လာမှုက အတည်ပြုပေးသည်မှာ မြန်မာနိုင်ငံတွင် ကျန်းမာရေးဆိုင်ရာဝန်ဆောင်မှု များ အလွန်နိမ့်ပါးသည့် အဆင့်များရှိနေသည့်အချက်ဖြစ်ပါသည်--** ၂၀၁၃ ခုနှစ်အထိ ဆရာဝန်ပေါင်း (၃၀၀၀၀) နှင့် သူနာပြုနှင့် သားဖွားဆရာမ (၅၅၀၀၀) သာရှိပြီး လူပေါင်း (၅၁)သန်းကျော်အား စောင့်ရှောက်မှုပေးနေရပြီး[၆၆] အဆိုပါ ဆရာဝန်များ၏ ထက်ဝက်ထက်နည်းသော အရေအတွက်ကသာ အစိုးရကဏ္ဍအတွင်း အလုပ်လုပ်ကြပါသည်။ ၂၀၁၂ ခုနှစ် အချက်အလက်က ဖော်ပြသည်မှာ ၂၀၁၂ ခုနှစ်အတွင်း မြန်မာနိုင်ငံတွင် နေထိုင်သူ (၁၀၀၀)ဦးတွင် ဆေးကုဆရာဝန် (၀.၆)ဦး ရှိရာ၊ ကမ္ဘောဒီးယားနိုင်ငံနှင့် လာအိုနိုင်ငံတို့နှင့် အထူးနှိုင်းယှဉ်ကြည့် ပါက (ယင်းနှစ်နိုင်ငံစလုံးတွင် လူ ၁၀၀၀ဦးတွင် ဆေးကုဆရာဝန် ၀.၂% ဝန်းကျင်) ရှိပါသည်။[၆၇] လေ့လာသုံးသပ်မှုက ဆက်လက်အလေးပေး ဖော်ပြသည်မှာ အရေးပေါ်စောင့်ရှောက်မှုလိုအပ်နေကြသူများအတွက် ထိရောက်သော ဝန်ဆောင်မှုပေးခြင်း၊ ကြီးကြပ်၍ စောင့်ကြည့်ပေး ခြင်း၊ ဆေးရုံသို့လွှဲပြောင်းကုသစေခြင်းအတွက် သယ်ယူပို့ဆောင်ရေး အခက်အခဲပြဿနာကို အလေးပေးဖြေရှင်းခြင်းနှင့် အခြေခံစောင့် ရှောက်မှုနှင့် အရေးပေါ်မွေးလူနာစောင့်ရှောက်မှုတို့အတွက် သားဖွားဆရာမများနှင့် သူနာပြုများအတွက် လေ့ကျင့်သင်တန်းပေးမှုအား အားဖြည့်ကောင်းမွန်စေခြင်း စသည်တို့အပြင် များစွာသော အထောက်အပံ့ပစ္စည်း/အဆောက်အအုံ တို့ကို အဆင့်မြှင့်တင်ခြင်းနှင့် အသစ် မွမ်းမံခြင်းတို့ လိုအပ်နေကြောင်းဖြစ်ပါသည်။

**လေ့ကျင့်သင်ကြားမှုပြုထားသည့် ကျန်းမာရေးစောင့်ရှောက်မှုပေးသူများအား လက်လှမ်းမီခြင်းကိစ္စမှာလည်း မြန်မာနိုင်ငံ၏ ကျေးလက်ဒေသ များတွင် သိသာထင်ရှားစွာ ဆက်လက်၍ နည်းပါးနေဆဲ ဖြစ်ပါသည်။** ကျန်းမာရေးဝန်ကြီးဌာန၏ ၂၀၁၃ ခုနှစ် စာရင်းအချက်အလက်က ဖော်ပြသည်မှာ လေ့ကျင့်သင်ကြားပေးထားသော စေတနာ့ဝန်ထမ်း ကျန်းမာရေးလုပ်သား များစွာတို့သည် လက်ရှိလုပ်ကိုင်မှုမရှိကြကြောင်း၊ ရပ်ရွာကျန်းမာရေးလုပ်သား (၆၀%) နှင့် အရန်သားဖွားဆရာမ (၇၁%) တို့သည်သာ ဆက်လက်အလုပ်လုပ်လျက်ရှိကြပြီး၊ (၅၇%) သော အရပ်သားဖွားလက်သည်များမှာ လေ့ကျင့်သင်ကြားမှုခံယူထားခြင်းမရှိကြဘဲ၊ လေ့ကျင့်သင်ကြားမှုခံယူထားကြသောသူများ၏ ထက်ဝက်နီး ပါးတို့မှာ အလုပ်ထွက်သွားကြပါသည်။[၆၈] အဆိုပါ ကျန်းမာရေးလုပ်သားများအပေါ် မှီခိုနေရမှုမှာ ဆက်လက်၍ မြင့်မားမှုရှိနေသော်လည်း ၂၀၁၃ ခုနှစ်အတွင်း စာရင်းသွင်းမှုပြုထားသည့် အားလုံးသော သားဖွားမှုများ၏ (၆၀%) မှာ အိမ်တွင် မွေးဖွားခြင်းဖြစ်ပြီး၊ (၃၄%) မှာ ကျွမ်း ကျင်သားဖွားဆရာများဖြင့်လည်းကောင်း၊ (၁၀%)မှာ အရန်သားဖွားဆရာမများအားဖြင့်လည်းကောင်းနှင့် (၈%)မှာ အရပ်လက်သည် သားဖွားများဖြင့် လည်းကောင်း ဖြစ်ကြပါသည်။[၆၉]

**ကာကွယ်ရေးနှင့် ကုသရေးဆိုင်ရာ ဝန်ဆောင်မှုများပေးအပ်ခြင်းတွင် ပြည်နယ်များနှင့် တိုင်းဒေသကြီးများ အသီးသီးတို့တွင် ကျယ်ပြန့်စွာ ကွာခြားမှုရှိပါသည်။** ၂၀၁၃ခုနှစ်အတွင်း ကိုယ်ဝန်ဆောင်မိခင်များအတွက် ကျန်းမာရေးစောင့်ရှောက်မှု၊ ကာကွယ်ဆေးထိုးနှံခြင်း၊ ပတ်ဝန်း ကျင် သန့်ရှင်းရေးဆိုင်ရာ လုပ်ငန်းဆောင်တာများနှင့် ကျန်းမာရေးပညာပေးလုပ်ငန်းတို့ ပါဝင်သည့် ကျန်းမာရေး ဝန်ဆောင်မှုများပေးအပ်ရန် ကျန်းမာရေးဆိုင်ရာ ပုဂ္ဂိုလ်တို့၏ ကွင်းဆင်းဆောင်ရွက်မှုများသည် ရှမ်း နှင့် ချင်းပြည်နယ်တို့တွင် အနည်းဆုံးဖြစ်သည်ကို တွေ့ရှိရပြီး၊ သို့သော်လည်း ကရင်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး နှင့် ရခိုင်ပြည်နယ်တို့တွင်လည်း ပြည်ထောင်စုအဆင့် ပျမ်းမျှခြင်း ထက်နည်းပါးသည် ကိုလည်း တွေ့ရပါသည်။

ပုံ (၄၅) ၂၀၁၃ ခုနှစ်အတွင်း ကျေးရွာများ/ရပ်ကွက်များ သို့ ကွင်းဆင်းမှု ပျမ်းမျှအကြိမ်ရေ - ကျန်းမာရေး ဝန်ကြီးဌာန




**အဆိုပါ ကန့်သတ်ချက်အခက်အခဲများ ရှိနေသည့်တိုင် ၂၀၁၅ခုနှစ် နေရာအနှံ့ ရေကြီးရေလျှံမှုအတွက် တုံ့ပြန်ဆောင်ရွက်သည့်အနေဖြင့် ကျယ်ပြန့်သည့် အရေးပေါ်ဆောင်ရွက်မှုများကို ဖြန့်ကျက်ဆောင်ရွက်ခဲ့ပါသည်။** ၂၀၁၅ခုနှစ် ရေကြီးရေလျှံမှုများသည် ကျန်းမာရေးဝန်ကြီး ဌာန၏ စောစီးစွာ သတင်းရယူခြင်းနှင့် တုံ့ပြန်ဆောင်ရွက်ခြင်းစနစ် (EWARS) အတွက် ရောဂါများ နေရာအနှံ့ပျံ့နှံ့ဖြစ်ပွားမှုများအတွက် ပထမဦးဆုံး ကြီးမားသည့် စမ်းသပ်မှု ဖြစ်စေခဲ့ပါသည်။ ရောဂါပျံ့ပွားစေနိုင်သည့် ခြင်/ယင် ကဲ့သို့ အကောင်နှင့် ရေမှတစ်ဆင့် ကူးစက်နိုင်သော ရောဂါများအားဖြင့် အန္တရာယ်မြင့်မားစွာရှိနေသည့် သွေးလွန်တုပ်ကွေး အမြင့်ဆုံးကာလရာသီအတွင်း ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့ခြင်း ဖြစ်သော်လည်း လူနာများကို ဖော်ထုတ်ကုသရန်နှင့် ရောဂါကြိုတင်ကာကွယ်တားဆီးရန်၊ တွန်းတွန်းတိုက်တိုက်ဖြစ်သော ဆောင်ရွက်မှု နည်းလမ်းများထားရှိခဲ့ခြင်းအနေဖြင့် ကူးစက်ပျံ့ပွားနိုင်သော ရောဂါများ ကျယ်ပြန့်စွာ ဖြစ်ပွားမှုများ မရှိစေခဲ့ပေ။ ဘေးဒုက္ခဖြစ်ပွားပြီးနောက်ပိုင်း လိုအပ်ရာများကို လေ့လာအကဲဖြတ်မှုက မှတ်ချက်ပြုထားခဲ့သည်မှာ မည်သို့ပင်ဖြစ်စေ ဘေးဒုက္ခကြုံတွေ့မှုကြောင့် ရိုက်ခတ်သက် ရောက်မှုခံရသည့် နယ်မြေများအတွင်း ကျန်းမာရေးဆိုင်ရာ ဝန်ဆောင်မှုများ ရရှိနိုင်မှုအခြေအနေမှာ လက်ရှိရှိထားသည့် ကွာခြားကွဲပြားမှု များ အကြားဝယ် တိုးပွားလာခဲ့ဖွယ်ရှိသည် ဟူ၍ ဖြစ်သည်။[၇၀]

---

[၆၆] ကမ္ဘာ့ဘဏ်အုပ်စု (၂၀၁၅)။ မြန်မာနိုင်ငံ- ပြည်သူ့အသုံးစရိတ်အပေါ်သုံးသပ်ချက်

[၆၇] လူဦးရေ (၁၀၀၀) တွင်ဆရာဝန်ဦးရေ၊ ကမ္ဘာ့ဘဏ် http://data.worldbank.org/indicator/SH.MED.PHYS.ZS မှထုတ်နုတ်ထားသည်၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ကမ္ဘာလုံး ဆိုင်ရာ ကျန်းမာရေးလုပ်သားအင်အားစုစာရင်း၊ OECD, နိုင်ငံအချက်အလက်ဖြည့်သွင်းမှု။


[၆၈] ကျန်းမာရေးဦးစီးဌာန-စီမံ (၂၀၁၅)၊ ပြည်သူ့ကျန်းမာရေးအချက်အလက် ၂၀၁၃၊ နေပြည်တော်-ကျန်းမာရေးဝန်ကြီးဌာန။

၆၉ အထက်တွင်ရည်ညွှန်းထားပြီးဖြစ်သည်။

[၇၀] ပြည်ထောင်စု မြန်မာနိုင်ငံတော်(၂၀၁၅)။ မြန်မာနိုင်ငံ ရေကြီးရေလျှံခြင်းနှင့်မြေပြိုခြင်း ဘေးအန္တရာယ်များဖြစ်ပွားပြီးနောက် လိုအပ်ရာများကို အကဲဖြတ်သုံးသပ်ခြင်း။

မကြာသေးမီက ထုတ်ပြန်ခဲ့သည့် မြန်မာနိုင်ငံ၏ အမျိုးသားကျန်းမာရေး စီမံချက် (၂၀၁၇ မှ ၂၀၂၂ ခုနှစ်ထိ) က အတည်ပြုထားသည့်အချက်မှာ ပြည်နယ်များ နှင့် တိုင်းဒေသကြီးများ တစ်လျှောက်တို့တွင် မရှိမဖြစ် ပြည်သူ့ကျန်းမာရေး ဝန်ဆောင်မှုများ ရရှိခြင်းတွင် ကွဲပြားကွာခြားမှုများ ဆက်လက်ရှိနေဦးမည် ဟူ၍ ဖြစ်ပါသည်။[၇၁] အစိုးရ၏ ကျန်းမာရေးဆိုင်ရာ ဆောင်ရွက်မှုအင်အားအတွက် ၂၀၁၆ ခုနှစ်နှောင်းပိုင်း ရမှတ်အနေဖြင့် ပြည်နယ်နှင့် တိုင်းဒေသကြီး (၁၅)ခုအတွင်း (၁၁)ခုတွင် သင့်တော်မှုအဆင့်များအောက် ရောက်နေကြောင်း ဖော်ပြခဲ့ရာ၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ် နှင့် ဧရာဝတီတိုင်းဒေသကြီး (ပုံ ၅၁ ကိုကြည့်ပါ) တို့တွင် အဆိုးဝါးဆုံး အခြေအနေရှိနေပါသည်။ ဆေးရုံကုတင်ပေါ် တက်ရောက်ကုသမှုနှုန်း၊ TB ရောဂါဖြစ်ပွားမှု အသစ်တွေ့ရှိမှုနှုန်း နှင့် EPI လွှမ်းခြုံမှုတို့အပေါ်တွင် မူတည်လျက် အခြေခံ မရှိမဖြစ်လိုအပ်သော ပြည်သူ့ကျန်းမာရေးဝန်ဆောင်မှုများအား ပေးအပ်နိုင်စွမ်းအား ထင်ဟပ်သည့် ကျန်းမာရေးဆိုင်ရာ အကျိုးဖြစ်ထွန်းထွက်ပေါ်မှုဆိုင်ရာ ရမှတ်အညွှန်းက ဖော်ပြခဲ့သည်မှာ ပြည်နယ်နှင့် တိုင်းဒေသကြီး (၁၅)ခုလုံး အနေဖြင့် အနိမ့်ဆုံးလက်ခံနိုင်လောက်သည့် အဆင့်အား ရရှိအောင်မြင်ခဲ့ခြင်းမရှိကြောင်းဖြစ်ရာ၊ ယင်းတို့တွင် ရှမ်း၊ ကချင်၊ ကယားနှင့် ချင်းပြည်နယ်တို့မှာ အထူးသဖြင့် ဆိုးရွားသည့် ကိန်းဂဏန်းများ ရရှိခဲ့ပါသည်။ ကျန်းမာရေးဆိုင်ရာ အဆောက်အအုံ/ပစ္စည်းများ၏ လုပ်ငန်းလည်ပတ်ကောင်းမွန်ခြင်းရှိမရှိ အခြေအနေကိုလည်း အဆိုပါ တွက်ချက်မှုများအတွင်း အကြောင်းတရားတစ်ခုအဖြစ် ထားရှိရန် ကျန်ရှိနေပါသေးသည်။

ပုံ (၄၆) ပြည်နယ်များ/တိုင်းဒေသကြီးများ အကြား ကျန်းမာရေးကဏ္ဍ ရလဒ်ထွက်ပေါ်မှု၊ ၂၀၁၆ နိုဝင်ဘာလ၊ အမျိုးသား ကျန်းမာရေး စီမံချက်




၂၀၁၇ မှ ၂၀၂၁ ခုနှစ်ကာလအတွက် အမျိုးသားကျန်းမာရေး စီမံချက်အသစ်က အသိမှတ်ပြုထားသည့် အချက်မှာ မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာ ကဏ္ဍစနစ်က တွေ့ကြုံနေရသော စိန်ခေါ်မှုများစွာကိုပင် ဖြစ်သည်။ လူ့စွမ်းအားအရင်းအမြစ်များ၊ ရုပ်ဝတ္ထု အခြေခံအဆောက်အအုံများ၊ မရှိမဖြစ်လိုအပ်သော ဆေးဝါးများ နှင့် ယင်းတို့အား ထောက်ပံ့ပေးမှုများ၊ နှင့် ဘဏ္ဍာရေးဆိုင်ရာ အရင်းအမြစ်များ ပါဝင်နေသည့် ရလဒ်အတွက် ထည့်ဝင်ရမည့်အရာများအပေါ် ဖြစ်ပေါ်ရရှိစေခြင်းနှင့် ဖြန့်ဝေပေးခြင်းအား အလေးပေးကိုင်တွယ်ရန်လည်းကောင်း၊ ထိုနည်းတူ အထောက်အကူပေး ကြီးကြပ်မှု၊ လူနာလွှဲပြောင်းပို့လွှတ်မှု၊ အထောက်အပံ့စနစ်၊ ကျန်းမာရေး စီမံခန့်ခွဲမှုဆိုင်ရာ သတင်းအချက်အလက် စနစ်၊ နှင့် ပြည်သူ့ဘဏ္ဍာငွေ စီမံခန့်ခွဲမှု စသည်တို့ဖြစ်သည့် အရေးပါသည့် လုပ်ငန်းများအတွင်း အားနည်းချက်များကို ဖြေရှင်းဆောင်ရွက်ရန်လည်းကောင်း လိုအပ်နေမှုကို ယင်းက သတ်မှတ်ဖော်ထုတ်ပေးပါသည်။ ယင်းက မှတ်ချက်ပြုထားသည်မှာ ဖော်ပြပါ စိန်ခေါ်မှုများအား ဆက်လက်၍ ပိုမို ဆိုးရွားသွားစေမည့် အုပ်ချုပ်ထိန်းကျောင်းမှု၊ ဦးဆောင်ဦးရွက်ပြုမှု နှင့် တာဝန်ခံ/ယူမှု တို့အတွင်း ကန့်သတ်ချက်အခက်အခဲဖြစ်နေမှုကိုဖြစ်ပြီး၊ ထို့အတူ ရင်းနှီးထည့်ဝင်မှုအား သိသာစွာ တိုးမြှင့်ရန်အပြင် အကျိုးအမြတ်အတွက်ဖွင့်ထားသည့် ပုဂ္ဂလိကဆေးခန်းများ၊ တိုင်းရင်းသား ကျန်းမာရေးအဖွဲ့အစည်းများ နှင့် အစိုးရမဟုတ်သည့် အဖွဲ့အစည်းများ ပါဝင်နေသည့် အစိုးရကဏ္ဍပြင်ပမှ ကျန်းမာရေး ဝန်ဆောင်မှုပေးနေသူများနှင့် မိတ်ဖက်ဖွဲ့ဆောင်ရွက်မှု တို့ လိုအပ်နေမှုအပေါ်တွင်လည်း အသိအမှတ်ပြုပေးထားပါသည်။

အထွေထွေလွှမ်းခြုံမှုကိစ္စအား အားကောင်းစေရန် မဟာဗျူဟာများတွင် မြို့နယ်များ၏ ဆောင်ရွက်နေမှုအခြေအနေအပေါ် မူတည်လျက် တည်နေရာအလိုက် ဦးစားပေးသတ်မှတ်မှု (အမျိုးသား ကျန်းမာရေး စီမံချက် ရေးဆွဲရာတွင် အသုံးပြုခဲ့သော ကျန်းမာရေးဆိုင်ရာ ရလဒ်အတွက် ထည့်ဝင်မှုနှင့် ထွက်ပေါ်မှုဆိုင်ရာ သတ်မှတ်ပေးသည့် အညွှန်းဖော်ပြမှုများ) ကို နေရာအားလုံးကို အခြေခံဝန်ဆောင်မှု များပါဝင်သည့် အတွဲလိုက်အစီအစဉ်တစ်ခုအား ပေးအပ်ရန် ဦးစားပေးစီစဉ်ထားမှုနှင့် ယှဉ်တွဲလျက် ထည့်သွင်းထားပြီး၊ ယင်းအား စွမ်းဆောင်ရည်စွမ်းဆောင်မှုများ တိုးပွားလာသည်နှင့်အမျှ ဆက်လက်တိုးချဲ့နိုင်မည်ဖြစ်သည်။ မြို့နယ်ကျန်းမာရေး စီမံကိန်းများနှင့် ဆောင်ရွက်ခြင်းအားဖြင့် အစီအစဉ်ရေးဆွဲချမှတ်ခြင်းတွင် ဒေသန္တရအဆင့် ပါဝင်မှုရှိစေရေးအပေါ်တွင်လည်း အသစ်တစ်ဖန် အလေး ပေးမှုတစ်ခုရှိထားပြီး၊ ယင်းအား ရပ်ရွာလူထုအသိုင်းအဝိုင်းများ၊ လိုအပ်ချက်ရှိနေသည့်နေရာများနှင့် ယင်းတို့ကို ကူညီဖြည့်ဆည်း ပေးနိုင်မည့်သူများထံသို့ ဝန်ဆောင်မှုများနှင့် ကူညီဖြေရှင်းပေးရေးလုပ်ငန်းများ လက်လှမ်းမီရောက်ရှိရေးအတွက်ဖြစ်သည့် သတင်းအချက်အလက်များအပေါ်တွင် အခြေခံထားမည်ဖြစ်ပါသည်။ ကျန်းမာရေး ရန်ပုံငွေထောက်ပံ့ပေးခြင်း နည်းဗျူဟာတွင် ဆင်းရဲနွမ်းပါးပြီး ထိခိုက်လွယ်မှုရှိကြသည့် အိမ်ထောင်စုများအနေဖြင့် မိမိတို့အိတ်ကပ်ထဲမှ ကျန်းမာရေးအတွက် သုံးစွဲငွေအား လျှော့ချပေးနိုင်ရန် ထပ်ဆင့် အကူအညီအထောက်ပံ့အတွက် လိုအပ်နေမှုအပေါ်တွင်လည်း လေ့လာသုံးသပ်မှုတစ်ရပ် ပါဝင်မည်ဖြစ်သည်။

[၇၁] ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန(၂၀၁၆)။ အမျိုးသား ကျန်းမာရေးစီမံချက် (၂၀၁၇-၂၀၂၂)။

# ပညာရေးကဏ္ဍ

## အဓိကတွေ့ရှိချက်များ

- အသက် (၁၅)နှစ်အထက် မြန်မာနိုင်ငံ လူဦးရေ၏ (၉၀%) မှာ စာတတ်မြောက်ကြပြီး၊ စာတတ်မြောက်မှုနှုန်းမှာ ကျေးလက်ဒေသများအတွင်း ပိုမိုနည်းပါးကာ ပြည်နယ်များနှင့် တိုင်းဒေသကြီးများ အသီးသီးတို့တွင် သိသာထင်ရှားသည့် ကွာခြားမှုကို ပြသနေပါသည်။
- ၂၀၁၄ ခုနှစ်အတွင်း (၇နှစ် မှ ၁၅နှစ်) ကလေးများ၏ တစ်သန်းဝက်နီးပါးရှိကြသူများမှာ ကျောင်းတက်ရောက်ဖူးခြင်းမရှိဘဲ၊ ထက်ဝက်ကျော်သော ကလေးများအရေအတွက်တို့အနေဖြင့် ကျောင်းတက်ရောက်ဖူးခြင်းမရှိသည့် နိုင်ငံအနှံ့ (၁၉) မြို့နယ် ၏ (၁၈)မြို့နယ်မှာ ရှမ်းပြည်နယ်တွင် ရှိနေပါသည်။
- ပထမတန်းတွင် တက်ရောက်လာကြသော ကလေးများ၏ (၃)ပုံ တစ်ပုံထက်နည်းသူတို့သာ အတန်း (၁၁)သို့ အောင်မြင်ရောက်ရှိကြပြီး၊ အထက်တန်းအဆင့် ပညာရေး အောင်မြင်ရန် စာမေးပွဲတွင် ပုံမှန် (၃)ပုံ (၂)ပုံ ကျရှုံးမှုနှုန်း ရှိနေပါသည်။

**အသက် (၁၅)နှစ် အထက်ရှိကြသည့်သူများ၏ (၈၉.၅%) မှာ စာတတ်မြောက်ကြသော်လည်း၊ အသက်အရွယ်၊ ကျား-မ နှင့် ပထဝီတည်နေရာများအရ ကွဲပြားမှုများရှိသည်။**[၇၁] အကြမ်းဖျင်းအားဖြင့် အမျိုးသား (၉၂.၆%) နှင့် အမျိုးသမီး (၈၆.၉%) တို့မှာ စာတတ်မြောက်ကြသော်လည်း ယင်းစာတတ်မြောက်မှုနှုန်းမှာ ပိုမိုငယ်သည့် မျိုးဆက်များအတွက် ပိုမိုဆက်လက်မြင့်မားနေရာ လူငယ်စာတတ်မြောက်မှုနှုန်းများမှာ 'ကျား' အတွက် (၉၄.၅%) နှင့် 'မ'အတွက် (၉၃.၅%) တို့ဖြစ်ကြပါသည်။ ကျား-မ ကွာခြားမှုများမှာ အသက် (၅၀)နှစ် အတွင်းရှိသူများအကြား နည်းပါးပြီး၊ ယင်းအသက်အရွယ်ပိုင်းခြားကျော်လွန်သွားသောအခါ ကွာခြားမှုမှာ သိသိသာသာမြင့်မားသွားရာ အသက်ကြီး အမျိုးသမီးများအကြား စာတတ်မြောက်မှုနှုန်း နည်းပါးခြင်းဖြစ်ကာ ယခင်က ပညာရေးအခွင့်အလမ်းများအတွင်း သာတူညီမျှမှု မရှိခြင်းများကြောင့် ဖြစ်ပါသည်။ ချင်း၊ ရခိုင် နှင့် ရှမ်းပြည်နယ်တို့တွင် ကျား-မ အကြား ကွာခြားမှုများ (၁၀% အထက်) အကြီးမားဆုံးရှိပြီး အကြမ်းအားဖြင့် ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့် တင်ပြထားသည့် ကွာခြားမှုနှုန်းအနည်းဆုံးတို့မှာ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး နှင့် ဧရာဝတီတိုင်းဒေသကြီး (၄% အောက်) တို့ဖြစ်ကြပါသည်။ စာတတ်မြောက်ခြင်းမရှိကြသည့် အိမ်ထောင်စုများသည် ကျေးလက်ဒေသများတွင် ပိုမိုရှိနေကြပြီး၊ ရှမ်းပြည်နယ် (၂၄.၉%)၊ ကရင်ပြည်နယ် (၁၇.၁%) နှင့် ချင်းပြည်နယ် (၁၀.၇%) တို့တွင် အမြင့်မားဆုံးဖြစ်နေပါသည်။

**စာတတ်မြောက်မှုမှာ မြို့ပြနယ်မြေများထက် ကျေးလက်ဒေသများအတွင်း ပိုမိုနိမ့်ပါးပြီး ပြည်နယ်များနှင့် တိုင်းဒေသကြီးများ အသီးသီးတို့တွင် သိသာစွာ ကွာခြားမှုရှိနေပါသည်။** မြို့ပြနယ်မြေများအတွင်း နေထိုင်ကြသူများ (၉၅%) တို့သည် ကျေးလက်ဒေသများတွင် နေထိုင်ကြသူများ (၈၇%) တို့ထက် စာတတ်မြောက်မှုနှုန်း ပိုများပြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ နေပြည်တော်နယ်မြေ နှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် စာတတ်မြောက်မှုနှုန်းမှာ အမြင့်ဆုံးဖြစ်ကာ၊ ချင်း၊ ကရင် နှင့် ရှမ်းပြည်နယ်တို့တွင် အနိမ့်ဆုံးဖြစ်၍ ပြည်နယ် (၃)ခုလုံးတွင် (၈၀%) အောက်ရှိကြောင်း တွေ့ရပါသည်။ စုစုပေါင်း စာတတ်မြောက်မှုနှုန်းမှာ အထူးသဖြင့် ရှမ်းပြည်နယ် (၆၄.၆%) တွင် နိမ့်ပါးလျက်ရှိပြီး (၄၀%)သော အမျိုးသမီးများမှာ စာတတ်မြောက်မှုမရှိကြောင်း တင်ပြထားပါသည်။ လူငယ်စာတတ်မြောက်မှုနှုန်းများမှာ ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံးတို့အတွင်း (၉၀%) ကျော်ရှိကြောင်း တင်ပြထားပြီး၊ ရှမ်းပြည်နယ် (၇၆.၈%) နှင့် ကရင်ပြည်နယ် (၈၆.၈%) တို့မှ အပဖြစ်ပါသည်။

**မြန်မာနိုင်ငံတွင် လူပေါင်း (၄၅၁၆၈၁၀)ဦး တို့တွင် ပုံမှန်ကျောင်းပညာရေး လုံးဝမရှိထားကြောင်း ၂၀၁၄ခုနှစ် သန်းခေါင်စာရင်းတွင် တွေ့ရပါသည်။** အသက် (၂၅)နှစ်နှင့် အထက် ရှိသော လူထု၏ (၆၁.၃%) တို့တွင် ပုံမှန်ကျောင်းပညာရေးမရှိ (သို့) မူလတန်းကျောင်းအဆင့်သာ တက်ရောက်ထားကြပြီး၊ ၂၀၁၄ ခုနှစ်အတွင်း (၁)သန်း၏ ထက်ဝက်အောက်နားထိရှိကြသော အသက် (၇နှစ် မှ ၁၅နှစ်) တို့မှာ ကျောင်းတက်ဖူးခြင်း လုံးဝမရှိခဲ့ပေ။ ကျောင်းတက်ရောက်မှုမရှိခြင်းနှုန်းမှာ ကျေးလက်ဒေသများအတွင်း (၆%) မြို့ ပြနယ်မြေများ (၂%) ထက်(၃)ဆ ပိုမိုမြင့်မားပါသည်။[၇၂] သန်းခေါင်စာရင်းရလဒ်ကလည်း အတည်ပြုပေးသည့်အချက်မှာ စာတတ်မြောက်မှု (ကျောင်းတက်ရောက်နိုင်မှုအဆင့်နှင့်အတူ)၊ အလုပ်အကိုင်မျှော်မှန်းချက်များ နှင့် အိမ်ထောင်စုတို့၏ နေထိုင်မှုအဆင့်အတန်းတို့အကြားတွင် နီးစပ်သည့် ဆက်စပ်မှုရှိကြောင်းကိုဖြစ်ရာ၊ -ကြွယ်ဝမှုအဆင့်များ နိမ့်ပါးခြင်းမှာ စာတတ်မြောက်မှုမရှိကြသည့်သူများ၏ (၃)ပုံ တစ်ပုံတို့တွင် ရှိကြရာ၊ ချမ်းသာကြွယ်ဝမှုအမြင့်ဆုံးဖြစ်သည့် စာတတ်မြောက်သူတို့ (၇.၄%) နှင့် နှိုင်းယှဉ်ကြည့်နိုင်ပါသည်။


**ပညာရေး ဆုံးခန်းတိုင်မှု အဆင့်များမှာ နိုင်ငံအဝှမ်းတွင် ကျယ်ကျယ်ပြန့်ပြန့် ကွဲပြားမှု ရှိရာ** - ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်း အချက်အလက်များက ဖော်ပြသည်မှာ မောင်တော (စာရင်းကောက်ယူမှု သတ်မှတ်ချက်ပြည့်မီမှုမရှိသည့်တိုင်) တွင် အသက် (၂၅)နှစ် ကျော်ပြီးသော်လည်း အလယ်တန်းအဆင့် ကျောင်းပညာရေးမရှိသူ အရေအတွက် (၁၄၉၃၈၃ဦး) အများဆုံး ရှိခဲ့ပြီး၊ ထို့နောက်တွင် ကပ်၍ လိုက်နေသည်မှာ လှိုင်သာယာ၊ ပဲခူး နှင့် ဘားအံ မြို့နယ်များ တို့ဖြစ်ကြပါသည်။ လှိုင်သာယာ မြို့နယ်တွင် တစ်နိုင်ငံလုံးတွင် အသက် (၅) နှစ် ကလေးများမှစ၍ အသက် (၂၉)နှစ်ရှိ လူငယ်များအထိ ကျောင်းမတက်သည့် အရေအတွက် အမြင့်မားဆုံး (၂၂၉၆၅၉ဦး) ရှိနေပြီး၊ ဒုတိယမြောက် အများဆုံးရှိသည့် မြို့နယ်ဖြစ်သည့် ပဲခူးထက် (၂)ဆများပြီး၊ ထို့နောက်တွင် တောင်ကြီး၊ ဒဂုံ နှင့် ရွှေပြည်သာ မြို့နယ်တို့ဖြစ်ကြပါသည်။

---

[၇၁] ပြည်သူ့အင်အားဦးစီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် UNFPA(၂၀၁၇)။ ၂၀၁၄ခုနှစ်လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်း-ပညာရေးကဏ္ဍအကြောင်းအရာအလိုက်အစီအရင်ခံချက်။ သန်းခေါင်စာရင်းအစီရင်ခံစာ အတွဲ ၄-ဇ

[၇၂] အထက်တွင်ရည်ညွှန်းထားပြီးဖြစ်သည်။

ပုံ (၄၇) အသက်အရွယ် အပိုင်းခြားအလိုက် အမြင့်ဆုံးပညာရေး သင်ယူထားမှု၊ ၂၀၁၄* – သန်းခေါင်စာရင်း




*သန်းခေါင်စာရင်းကောက်ယူခဲ့သည့် လူဦးရေအပေါ်တွင်သာ အခြေခံထားခြင်းဖြစ်သည်။

ဝေးလံပြီး သီးခြားတည်ရှိနေသည့် နယ်မြေများတွင်ရှိသူများ နှင့် အသက်ကြီးရင့်သူများတို့မှာ ပုံမှန်ပညာရေးမရှိခြင်း ပိုမိုဖြစ်နိုင်ပါသည် - ILO ၏ စစ်တမ်းတစ်ခုက[၇၄] တွေ့ရှိသည်မှာ (၂၀%)သော အိမ်ထောင်စုများအနေဖြင့် စာရေးတတ်ဖတ်တတ်သည့် အိမ်ထောင်စုဝင်တစ်ဦးမျှမရှိရာ၊ ကျေးလက်ဒေသများ (၂၃.၄%) အတွင်း ထိုသို့ရှိသည့် နှုန်းများသည် မြို့ပြနယ်မြေများ (၁၁.၆%) ရှိ နှုန်းများထက် (၂) ဆကျော် များပြားနေကြောင်း ဖြစ်ပါသည်။ သန်းခေါင်စာရင်း အချက်အလက်က ဖော်ပြသည်အရ ပညာရေးသင်ကြားနိုင်မှု မရှိခြင်းမှာ အသက်ကြီးရင့်သူများအတွက် ကြီးကြီးမားမား ဖြစ်ပေါ်နေပြီး ပိုမိုငယ်ရွယ်သည့် အသက်အရွယ်အပိုင်းအခြားများအတွက် ပုံမှန်အားဖြင့် ယင်းကဲ့သို့ များပြားမှုမရှိဘဲ ကျဆင်းသွားကြောင်း ဖြစ်ပါသည်။

ကလေးများ၏ ထက်ဝက်ကျော်တို့ ကျောင်းတက်ရောက်ဖူးခြင်းမရှိသည့် နေရာများ နိုင်ငံအနှံ့တွင် မြို့နယ် (၁၉)ခု ရှိရာ၌ ရှမ်းပြည်နယ်တွင် မြို့နယ် (၁၈)ခု ရှိထားပါသည်။ ၂၀၁၄ခုနှစ် သန်းခေါင်စာရင်းအရ ရှမ်းပြည်နယ်ရှိ (၄၄.၉%) သော အရွယ်ရောက်ပြီးသူများတွင် ကျောင်းပညာရေး လုံးဝမရှိဘဲ၊ (၈၅%)သော ကလေးများ ကျောင်းလုံးဝမနေခဲ့သည့် နေရာဖြစ်သည့် မိုင်းခတ်မြို့နယ်တွင် ကျောင်းလုံးဝ တက်ခဲ့ဖူးခြင်းမရှိသည့်သူ ရာခိုင်နှုန်းမှာ အမြင့်မားဆုံးဖြစ်နေပါသည်။

မိုင်းခတ်တွင် ကျောင်းနေခဲ့ဖူးခြင်းမရှိသူ ရာခိုင်နှုန်း အမြင့်မားဆုံး (၈၅%) ရှိနေရာ၊ အဆိုပါအကျိုးခံစားခွင့် မရကြသည့် လူထုများ၏ အကြီးမားဆုံးသော လူအရေအတွက်မှာ တန့်ယန်း နှင့် နားဖန် မြို့နယ်များအတွင်း ရှိနေကြပါသည်။ တန့်ယန်း နှင့် ပန်ဆန် ထို့နောက်တွင် နားဖန် နှင့် မိုင်းကိုင်မြို့နယ်များတို့တွင် ပညာရေးအား လက်လှမ်းမီခြင်းကိစ္စတွင် 'ကျား' နှင့် 'မ' တို့အကြား ကြီးမား ဆုံးသော ခြားနားချက်များရှိနေပြီး၊ မိုင်းခတ်တွင် ကျား-မ အချိုးဟန်ချက်မှာ ပို၍အချိုးအစားညီပါသည်။ အခြားသော နယ်မြေဒေသများတွင် ပညာရေးအတွက် ငွေကြေးထောက်ပံ့ထုတ်ပေးရန် အခက်အခဲဖြစ်ကြသောအခါဝယ် (အခြားသော သုံးစွဲမှုအတွက်လည်း ထိုနည်းလည်းကောင်းပင်) 'ကျား'ပုဂ္ဂိုလ် များသည် တန်းတူရွယ်တူ 'မ'ပုဂ္ဂိုလ်များထက် အခွင့်အလမ်းများ ပုံမှန်အားဖြင့် ပို၍ ပေးခြင်းခံရရာ၊ မြန်မာနိုင်ငံ၏ အခြေအနေနောက်ခံအတွင်း ရှိကြသော အမျိုးမျိုးကွဲပြားသော လူထုအုပ်စုများအတွက် ကျား-မ အပိုင်း ကွဲပြားခြားနားခြင်းများရှိနေရသည့် အကြောင်းရင်းခံများ အတိအကျကို သိရှိဖော်ထုတ်နိုင်ရန် ထပ်ဆင့် လေ့လာမှုများ လိုအပ်မည်ဖြစ်ပါသည်။

ပညာရေး မရှိထားကြသည့်သူ အရေအတွက်များ အထူးသဖြင့် မြင့်မားမှုရှိသည့် မြို့နယ်များသည် ကရင်ပြည်နယ်၊ မကွေးတိုင်းဒေသကြီး နှင့် ရခိုင်ပြည်နယ်တို့အတွင်း ရှိနေကြရာ၊ အမည်အားဖြင့် လှိုင်းဘွဲ့၊ ဘားအံ နှင့် ကြာအင်းဆိပ်ကြီး (ကရင်ပြည်နယ်)၊ မြိုင် (မကွေးတိုင်းဒေသကြီး)၊ ဘူးသီးတောင် နှင့် မောင်တော (ရခိုင်ပြည်နယ်) တို့ဖြစ်ကြပါသည်။ သန်းခေါင်စာရင်းတွင် ထည့်သွင်းထားသော (၉၁၄၁၉ဦး) သော မောင်တောမှ လူထု၏ (၃၅.၇%) တို့မှာ ပုံမှန် ပညာရေးမရရှိထားကြောင်း တွေ့ရပါသည် (အဆိုပါ ကိန်းဂဏန်းများများသည် ယခုထက်ပို၍ မြင့်မားနိုင်ကြောင်း မျှော်လင့်နိုင်ရာ သန်းခေါင်စာရင်းကောက်ယူမှုအတွင်း မဆောင်ရွက်နိုင်ခဲ့သည့် ကွာဟမှုများ ရှိသည့်အတွက်ဖြစ်သည်)။


အဆိုပါ နယ်မြေများအတွင်း အရေးပါသည့် ကူညီဖြေရှင်းရေးလုပ်ငန်းများတွင် ပညာရေးအားလက်လှမ်းမီရရှိမှု သေချာစေရေးလုပ်ငန်း နှင့် အခြားသော အခြေခံဝန်ဆောင်ပေးမှုများ ပါဝင်လျက်ရှိပြီး အကြောင်းရင်းမှာ ထိုနယ်မြေများအနေဖြင့် ပညာရေး သင်ယူနိုင်မှုအတွက်သာ လိုအပ်နေသည်မဟုတ်ဘဲ တိုးတက်ကောင်းမွန်မှုရှိသော သောက်သုံးရေနှင့် ဘေးကင်းသည့် သန့်ရှင်းမှုစနစ်အားလည်း လိုအပ်နေကြသည့်အတွက် ဖြစ်ပါသည်။ အဆိုပါ နယ်မြေများ များစွာတို့မှာ ကိုယ်ပိုင်အုပ်ချုပ်ခွင့် ဒေသများအတွင်း တည်ရှိနေကြပြီး ကိုးကန့်၊ ကျေးသီး နှင့် မိုင်းယွန်း တို့ပါဝင်သည့် များစွာသော နယ်မြေတို့မှာ များစွာသော ထိပ်တိုက်ရင်ဆိုင်ပဋိပက္ခများ တည်ရှိနေကြသည့် နေရာများအတွက် နာမည်ကြီးကြကာ၊ ဖြစ်ပေါ်လာသည့် မတည်ငြိမ်မှုက အဆိုပါ နယ်မြေများအတွင်း အခြေခံအဆောက်အအုံ နှင့် အခြေခံဝန်ဆောင်မှုများအတွက် နည်းပါးသည့် ရင်းနှီးထည့်ဝင်မှုဖြစ်နေရခြင်းအတွက် ဖြစ်နိုင်ခြေရှိပါသည်။

ကျောင်းတက်ရောက်ကြသူများအကြားတွင် ကျောင်းတက်ရောက်မှုနှင့် ဆုံးခန်းတိုင်မှု နှုန်းများမှာ ဆက်လက်၍ နည်းပါးနေဆဲ ဖြစ်ပါသည်။ ကျောင်းတက်ရောက်မှုဆိုင်ရာ အချက်အလက်အပေါ်တွင်[၇၅] အာရှဖွံ့ဖြိုးရေးဘဏ်၏ လေ့လာဆန်းစစ်ချက်က ဖော်ပြသည်မှာ ကျောင်းထွက်မှုနှုန်း မြင့်မားခြင်းတို့ဖြစ်ပြီး၊ လူငယ်များ၏ (၈၀%)ကျော်မှာ မူလတန်းပညာရေးကို ပြီးဆုံးမှုရှိကြသော်လည်း၊ (၄၄%)တို့သာ အလယ်တန်းအ

[၇၄]အထက်တွင်ရည်ညွှန်းထားပြီးဖြစ်သည်။

[၇၅]အာရှဖွံ့ဖြိုးရေးဘဏ်(၂၀၁၅)။ မြန်မာနိုင်ငံ ပညာရေးကဏ္ဍ ဘက်စုံသုံးသပ်ခြင်း အဆင့်၂- အလုံးစုံ ခွဲခြမ်းစိတ်ဖြာလေ့လာခြင်း။ နောက်ဆက်တွဲ-အပို မြန်မာနိုင်ငံတွင် ပညာရေး လက်လှမ်းမီမှု၊ ကျရှုံးခြင်းနှင့် အောင်မြင်ခြင်း အပေါ် အသစ်ပြန်လည် လေ့လာဆန်းစစ်မှု၊ မူလတန်းလွန်ပညာရေးအပေါ်အလေးပေး အာရုံစိုက်ထားခြင်းဖြစ်သည်။

ပုံ (၄၈) မြို့နယ်အလိုက် ပုံမှန်ပညာရေးသင်ယူထားမှု မရှိသည့်သူများ ပျံ့နှံ့မှုနှင့် ရှိသည့်ပမာဏ* – ၂၀၁၄ သန်းခေါင်စာရင်း




မှတ်ချက်၊ မောင်တောမြို့နယ်သည် ၂၀၁၄ သန်းခေါင်စာရင်း ကောက်ယူထားသော လူဦးရေထဲတွင် (၉၁၀၀၀)ဦးကျော်မှာ ပုံမှန်ပညာရေး မရှိထားဘဲ ယခုဇယားကွက်၏ အတိုင်းအတာပမာဏ အပြင်ဖက်တွင်ရှိနေပါသည်။ သန်းခေါင်စာရင်း ကောက်ယူထားခြင်းမရှိသော လူဦးရေအရေအတွက်အားထည့်တွက်မည်ဆိုလျှင် အမှန်တကယ်ရှိသော ကိန်းဂဏန်းမှာ ပို၍ မြင့်မားမည်ဖြစ်သည်။

ပုံ (၄၉) ကျောင်းလုံးဝ မနေဖူးသည့် ကလေးများ အမြင့်မားဆုံးနှုန်းရှိသည့် မြို့နယ်များ* – ၂၀၁၄ သန်းခေါင်စာရင်း

| ပြည်နယ်/တိုင်း အမည် | မြို့နယ် အမည် | ကျောင်းလုံးဝ မနေဖူး | | | | | |
|---|---|---|---|---|---|---|---|
| | | စုစုပေါင်း % | ကျား % | မ % | ကျား နှင့် မ ဦးရေ | ကျား ဦးရေ | မ ဦးရေ |
| ရှမ်း | မိုင်းခတ် | 85.3% | 84.39% | 86.19% | 18,009 | 8,614 | 9,395 |
| ရှမ်း | မက်မန်း | 71.7% | 70.88% | 72.55% | 7,000 | 3,337 | 3,663 |
| ရှမ်း | နားဖန် | 68.4% | 64.68% | 72.08% | 43,253 | 20,511 | 22,742 |
| ရှမ်း | မိုင်းပြင်း | 67.0% | 67.13% | 66.93% | 20,983 | 10,161 | 10,822 |
| ရှမ်း | ပန်ဝိုင် | 65.9% | 62.95% | 68.89% | 35,804 | 16,897 | 18,817 |
| ရှမ်း | မိုင်းယန်း | 64.6% | 61.99% | 67.16% | 32,202 | 15,145 | 17,057 |
| ရှမ်း | မိုင်းမော | 61.4% | 57.75% | 64.99% | 22,799 | 10,722 | 12,077 |
| ရှမ်း | တန့်ယန်း | 61.4% | 61.59% | 61.18% | 49,887 | 23,113 | 26,774 |
| ရှမ်း | ပန်ဆန်း | 60.5% | 56.71% | 64.01% | 27,228 | 12,107 | 15,121 |
| ရှမ်း | မိုင်းကိုင် | 56.9% | 55.97% | 57.68% | 17,362 | 7,592 | 9,770 |
| ရှမ်း | မိုင်းဆတ် | 56.6% | 55.11% | 58.07% | 27,804 | 13,958 | 14,206 |
| ရှမ်း | မိုင်းယောင်း | 55.4% | 52.97% | 57.79% | 17,973 | 8,571 | 9,402 |
| ရှမ်း | ကျေးသီး | 54.0% | 57.24% | 51.47% | 17,227 | 8,095 | 9,132 |
| ရှမ်း | ကွန်ဟိန်း | 53.5% | 55.10% | 52.17% | 11,818 | 5,545 | 6,273 |
| စစ်ကိုင်း | လဟယ် | 52.9% | 49.26% | 56.40% | 14,634 | 6,613 | 8,021 |
| ရှမ်း | မိုင်းလား | 52.6% | 50.29% | 54.84% | 6,723 | 3,155 | 3,568 |
| ရှမ်း | မိုင်းရယ် | 52.0% | 53.44% | 50.86% | 13,347 | 5,871 | 7,476 |
| ရှမ်း | ကုန်းကြမ်း | 51.3% | 46.63% | 56.31% | 16,516 | 7,854 | 8,662 |

*သန်းခေါင်စာရင်းကောက်ယူခဲ့သည့် လူဦးရေအပေါ်တွင်သာ အခြေခံထားခြင်းဖြစ်သည်။

ဆင့် ပညာရေးကို ဆုံးခန်းတိုင်ပြီး (၁၈%)သာ အထက်တန်းပညာရေးကို ဆုံးခန်းတိုင်မှုရှိကြကြောင်း ဖြစ်ပါသည်။ ၂၀၀၂/၂၀၀၃ ခုနှစ်အတွင်း ပထမတန်း (၁)တန်း တက်ရောက်ခဲ့သော ကျောင်းသားများ၏ (၂၈%)သာ (၁၁)တန်း သို့ ရောက်ရှိကြပြီး၊ အထက်တန်းကျောင်းပြီးမြောက်မှု စာမေးပွဲအတွင်း နှစ်စဉ် (၃)ပုံ (၂)ပုံ ကျရှုံးမှုနှုန်း ပုံမှန်ရှိနေပါသည်။ ခေတ်ပေါင်းသွားသော သင်ရိုးညွှန်းတမ်း၊ သင်ကြားမှုနည်းပညာ နှင့် အကဲဖြတ်စစ်ဆေးခြင်း ပုံစံတို့မှာ ထိုကဲ့သို့ဖြစ်စေရန် ပံ့ပိုးပေးသည့် အကြောင်းတရားများဖြစ်ပြီး၊ သီးသန့်ကျူရှင် (ပညာရေးစနစ်အား ဖြည့်စွက်ထောက်ပံ့ရန် ကျယ်ပြန့်စွာ အသုံးပြု) မှာ အိမ်ထောင်စု၏ ပညာရေးအသုံးစရိတ်အတွင်း အကြီးမားဆုံးသော အစိတ်အပိုင်းအဖြစ် တည်ရှိပါသည်။

**ရနိုင်သော အချက်အလက်များအပေါ် ဆန်းစစ်လေ့လာမှုကလည်း ကျောင်းထွက်ရကိန်း အမြင့်မားဆုံးရှိသည့် နယ်ပယ်များနှင့် အသက်အရွယ်များအပေါ် ပိုမိုနားလည်သိရှိစေပါသည်။** အာရှဖွံ့ဖြိုးရေးဘဏ် (ADB) ၏ လေ့လာဆန်းစစ်မှုက[၇၆] ဖော်ပြသည်မှာ ပညာရေး စီမံခန့်ခွဲမှု သတင်းအချက်အလက်စနစ် (ပညာရေး ဝန်ကြီးဌာန) မှ အချက်အလက်များကိုဖြစ်ပြီး၊ ၂၀၁၄ခုနှစ် သန်းခေါင်စာရင်း နှင့် ၂၀၁၀ခုနှစ် အိမ်ထောင်စု စားဝတ်နေရေး အခြေအနေ ဘက်စုံလေ့လာမှုစစ်တမ်းတို့ကလည်း တူညီသည့် အကြောင်းအရာကို ဖော်ပြနေကြရာ၊ ကလေးများ (၉၅%)ခန့် တို့မှာ မူလတန်း အတန်းတစ်တန်း အနည်းဆုံး ပြီးဆုံးကြပြီး၊ ကလေး (၅)ဦး ကျောင်းထားတိုင်း (၄)ဦးမှာ မူလတန်းကျောင်း ဆုံးခန်းတိုင်ကြကာ၊ (၂)ဦးမှာ အလယ်တန်းကျောင်း ပြီးမြောက်လျက်၊ (၁၈% ခန့်) ရှိ (၅)ဦး (၁)ဦးထက် နည်းသောသူတို့သာ နောက်ဆုံးတွင် တက္ကသိုလ်ဝင်စာမေးပွဲကို အောင်မြင်ခြင်းရှိကြရာ၊ ယင်းမှာ အထက်တန်းကျောင်း အောင်မြင်စွာ ပြီးမြောက်ကြောင်းနှင့် တက္ကသိုလ်ဝင်နိုင်ကြောင်း သတ်မှတ်ခြင်းဖြစ်ပါသည် (ယင်းမှာလည်း စာမေးပွဲအောင်ရန် တစ်နှစ်ထက်မက ကြိုးပမ်းဖြေဆိုမှုများ ပါဝင်နိုင်)။ ဖြစ်စဉ်ပုံစံမှာ ပထဝီတည်နေရာပေါ်လိုက်၍ ကွာခြားမှုရှိရာ - ရှမ်းပြည်နယ် အရှေ့ပိုင်းတွင် များစွာသော ကလေးများသည် မူလတန်းကျောင်း ပြီးမြောက်ထားခြင်းမရှိဘဲ၊ သို့သော် အလယ်တန်းကျောင်းသို့ နောက်ဆုံးထား ဆက်လက်တက်ရောက်နေကြသည့် သူများလည်းရှိပါသည်။ ခြားနားမှုအားဖြင့် စစ်ကိုင်းတိုင်းဒေသကြီးတွင် မူလတန်းကျောင်း ပြီးမြောက်မှုနှုန်းမှာ ပိုမိုကောင်းမွန်မှုရှိသော်လည်း ကလေးများသည် အလယ်တန်းကို ပြီးမြောက်အောင် တက်ရောက်လေ့မရှိပါ။

**ကျေးလက်မိသားစုများ၊ ဆင်းရဲနွမ်းပါးသော (သို့) အခွင့်အရေးမရရှိကြသည့် လူအုပ်စုများမှ ကလေးများသည် မူလတန်းကျောင်းမှ အလယ်တန်း/အထက်တန်းကျောင်း သို့ ကူးပြောင်းနိုင်ခြေ များစွာမရှိခြင်း (သို့) ၎င်းတို့၏ အလယ်တန်း/အထက်တန်း ပညာရေးကို အောင်မြင်စွာ ပြီးမြောက်နိုင်ခြေ များစွာမရှိကြပါ။**[၇၇] လွန်စွာနည်းပါးသည့် သူတို့သာ အဆင့်မြင့်ပညာအဆင့်သို့ တက်လှမ်းနိုင်ကြရာ- ၂၀၁၄ခုနှစ် သန်းခေါင်စာရင်းက ဖော်ပြသည်မှာ သက် (၂၅)နှစ်နှင့် အထက် လူထု၏ (၇၃%)တို့သာ တက္ကသိုလ်အဆင့် ဘွဲ့တစ်ခုရှိကြရာ၊ အမျိုးသမီးများ (၆၃%)သည်အမျိုးသားများ(၃၇%)ထက်အချိုးအစားပိုမို၍ဘွဲ့လွန်ဘွဲ့တစ်ခုကိုရရှိကြကြောင်းဖြစ်ပါသည်။[၇၈] စီးပွားရေးလမ်းကြောင်းများနှင့် အလယ်တန်းအဆင့်တွင် ကျောင်းထွက်သွားမှုများ ပိုမိုမြင့်မားသည့် နှုန်းများနှင့်အတူရှိနေသည့် နယ်မြေများ၏ အခြေအနေပုံစံများကိုလည်း စူးစမ်းလေ့လာမှု ပြုလုပ်နိုင်ပါသေးသည်။

**ပညာရေးနှင့် ပတ်သက်၍ ရလဒ်ထွက်ပေါ်မှုများအတွက် နည်းပါးသည့် သုံးသပ်အကဲဖြတ်မှုများရှိရာ၊ လေ့လာမှုတစ်ရပ်က ဖော်ပြသည်မှာ နမူနာစုစည်း စစ်တမ်းကောက်ယူမှုပြုခဲ့သော (၃)တန်းကျောင်းသား/သူများ၏ (၉%) တို့မှာ စာတစ်လုံးမှ ဖတ်တတ်ကြခြင်းမရှိကြောင်း၊** နှင့် နောက်ထပ် (၁၂%) တို့တွင် စာတတ်မြောက်နားလည်မှု နည်းပါးမှုရှိနေကြောင်း ဖြစ်ပါသည်။[၇၉] နိုင်ငံ၏ ကျန်ရှိသည့် (များစွာ ဆင်းရဲနွမ်းပါးသည့်) ဒေသများအတွက် ရလဒ်များမှာလည်း ပိုမိုသိသာစွာ ဆိုရွားလိမ့်မည်ဟု မျှော်မှန်းရပါသည်။ အထက်တန်းအဆင့် နှင့် အဆင့်မြင့်ပညာရေးအဆင့် ပြီးမြောက်ထားကြသည့် လူငယ်များအကြား ဝေဖန်ပိုင်းခြားတွေးတောနိုင်မှု၊ ပြဿနာအခက်အခဲ ဖြေရှင်းနိုင်မှု နှင့် ဆက်သွယ်ဆက်ဆံနိုင်မှု ကဲ့သို့သော အရေးပါသည့် ကျွမ်းကျင်မှုအရည်အသွေးများအတွင်း လိုအပ်ချက်များရှိနေကြောင်းကို လုပ်ငန်းရှင်များက ဖော်ပြထားပြီး၊ ယင်းကြောင့် ဘွဲ့ရပုဂ္ဂိုလ်များအနေဖြင့် အလုပ်အကိုင်အတွက် ကောင်းစွာတတ်မြောက်ပြင်ဆင်ထားမှု မရှိခြင်းဖြစ်ပါသည်။[၈၀]

**ပညာရေး ဝန်ကြီးဌာနအနေဖြင့် ယင်း၏ လုပ်ငန်းများအား တိုးတက်ကောင်းမွန်စေခြင်းအား များစွာသော အကြောင်းတရားတို့က ကန့်သတ်ထားမှု ခံနေရပါသည်။** ကမ္ဘာ့ဘဏ်က မီးမောင်းထိုးပြခဲ့သည်မှာ စီမံခန့်ခွဲအုပ်ချုပ်မှုဆိုင်ရာနှင့် လုပ်ကိုင်ဆောင်ရွက်မှုအစွမ်းဆိုင်ရာ အချက်အလက်များ နည်းပါးမှုရှိနေခြင်း (သုံးစွဲငွေ ဦးစားပေးအစီအစဉ်များကို ရှုပ်ထွေးမှုရှိစေခြင်း)၊ မူဝါဒနှင့် ဘတ်ဂျက် အချိတ်အဆက်များကို လေ့လာဆန်းစစ်ရန် စွမ်းရည်တတ်မြောက်မှု နည်းပါးနေခြင်း၊ ဆရာ/မ လေ့ကျင့်သင်တန်းပေးမှု နည်းပါးခြင်းနှင့် မလုံလောက် အားနည်းသည့် ဆရာ/မ အထူးကဏ္ဍပြုမှု နည်းပါးခြင်း တို့ဖြစ်ကြပါသည်။ အခြားသော အခက်အခဲပြဿနာများအတွင်း ပါဝင်သည်များမှာ လိုအပ်သည့် ကျောင်းပညာသင်နှစ်များ ထပ်ပေါင်း၍ မတိုးပေးနိုင်ခြင်း၊ ဖယ်ကြဉ်ခံရထားသူများ နှင့် ဝေးလံသည့် ဒေသများရှိသူများအတွက် လွှမ်းခြုံမှု တိုးချဲ့ပေးရန် အားနည်းသည့် စွမ်းဆောင်နိုင်ရည်၊ နှင့် ကလေးဘဝအစောပိုင်း ပြုစုပျိုးထောင်ပေးမှု မရှိခြင်း တို့ဖြစ်ကြပါသည်။[၈၁] များမကြာမီက ထုတ်ပြန်ခဲ့သော အမျိုးသားပညာရေး မဟာဗျူဟာ စီမံချက်က အလေးပေးဖော်ပြသည်မှာ အရည်အသွေးပိုင်း၊ သင်ရိုးညွှန်းတမ်းအပိုင်း၊ သင်ကြားပေးနိုင်မှု စွမ်းရည်အပိုင်း၊ စောင့်ကြည့်လေ့လာမှုအပိုင်း၊ နှင့် ဝေးလံသည့်နေရာများနှင့် ကျေးလက်ဒေသများရှိ မူလတန်း နှင့် အလယ်တန်းကျောင်းများအတွင် ကလေးများ ကျောင်းတက်ရောက်မှု နည်းပါးခြင်းအပိုင်း စသော အရေးကိစ္စများကို ကိုင်တွယ်ဖြေရှင်းရန် ရည်ရွယ်ထားသော မဟာဗျူဟာများကိုပင် ဖြစ်ပါသည်။[၈၂]

[၇၆]Dr Christopher Spohr, ADB. Personal communication.

[၇၇]အာရှဖွံ့ဖြိုးရေးဘဏ်(၂၀၁၇)။ မြန်မာနိုင်ငံတွင် မူလတန်းလွန်ပညာရေး ဆောင်ရွက်ထွက်ပေါ်မှုရလဒ်များ များတိုးတက်ကောင်းမွန်စေရေး-အကျဉ်းချုပ်။

[၇၈]ပြည်သူ့အင်အားဦးစီးဌာန(၂၀၁၇)။ ၂၀၁၄ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း-ပညာရေးကဏ္ဍအကြောင်းအရာအလိုက်အစီအရင်ခံချက်။ သန်းခေါင်စာရင်း အစီရင်ခံစာ အတွဲ ၄-ဇ


[၇၉]Education Global Practice (၂၀၁၅)။ ရန်ကုန်တိုင်းဒေသကြီးအတွက် မြန်မာနိုင်ငံ အတန်းငယ်များ စာဖတ်နိုင်စွမ်းကို အကဲဖြတ်သုံးသပ်ခြင်း။ GEDDR အရှေ့အာရှနှင့် ပစိဖိတ်ဒေသ-ကမ္ဘာ့ဘဏ်။

[၈၀]အာရှဖွံ့ဖြိုးရေးဘဏ်(၂၀၁၅)။ မြန်မာနိုင်ငံ ပညာရေးကဏ္ဍ ဘက်စုံသုံးသပ်ခြင်း အဆင့်၂- အလုံးစုံ ခွဲခြမ်းစိတ်ဖြာလေ့လာခြင်း။ နောက်ဆက်တွဲ-အပို မြန်မာနိုင်ငံတွင် ပညာရေး လက်လှမ်းမီမှု၊ ကျရှုံးခြင်းနှင့် အောင်မြင်ခြင်း အပေါ် အသစ်ပြန်လည် လေ့လာဆန်းစစ်မှု၊ မူလတန်းလွန်ပညာရေးအပေါ်အလေးပေး အာရုံစိုက်ထားခြင်းဖြစ်သည်။


[၈၁]ကမ္ဘာ့ဘဏ်အုပ်စု (၂၀၁၅)။ မြန်မာနိုင်ငံ ပြည်သူ့အသုံးစရိတ်သုံးသပ်ချက်

[၈၂]ပညာရေးဝန်ကြီးဌာန(၂၀၁၆)။ အမျိုးသားပညာရေးမဟာဗျူဟာစီမံချက် (၂၀၁၆-၂၁)

ပုံ (၅၀) ၂၀၀၂/၀၃ ခုနှစ် ပညာသင်နှစ် အတန်းအမျိုးမျိုးရှိသည့်အနက် ပထမတန်း တက်ရောက်သူများ – ADB (EMIS အချက်အလက်)





ပုံ (၅၁) ကျောင်းထွက်သွားသူများ၏ ပထဝီတည်နေရာ အမျိုးမျိုး – ADB[၈၃]





[၈၃] Spohr, C (၂၀၁၇) မြန်မာနိုင်ငံ အလယ်တန်းမှ အထက်တန်း ပညာရေးကဏ္ဍခွဲ သင်ရိုးညွှန်းတမ်း ပြုပြင်ပြောင်းလဲရေးများတွင် လမ်းညွှန်ရန် အကိုးအကားအထောက်အထား။ (ရှင်းလင်းတင်ဆက်ခြင်း)။ အာရှဖွံ့ဖြိုးရေးဘဏ်။

ပုံ (၅၂) အလယ်တန်းကျောင်း ပညာရေးသင်ယူထားမှု မရှိသည့်သူများ ပျံ့နှံ့မှုနှင့် ရှိသည့်ပမာဏ* – ၂၀၁၄ သန်းခေါင်စာရင်း




*သန်းခေါင်စာရင်းကောက်ယူခဲ့သည့် လူဦးရေအပေါ်တွင်သာ အခြေခံထားခြင်းဖြစ်သည်။

ပုံ (၅၃) အလယ်တန်းကျောင်း ပညာရေးသင်ယူထားမှု မရှိသည့် အသက်(၂၅)နှစ်နှင့်အထက် လူအရေအတွက် အမြင့်ဆုံးရှိသည့် မြို့နယ်များ* – ၂၀၁၄ သန်းခေါင်စာရင်း




*သန်းခေါင်စာရင်းကောက်ယူခဲ့သည့် လူဦးရေအပေါ်တွင်သာ အခြေခံထားခြင်းဖြစ်သည်။

၂၀၁၁ ခုနှစ်ကတည်းက အကောင်အထည်ဖော်ခဲ့သော ပညာရေးကဏ္ဍ ပြုပြင်ပြောင်းလဲရေးများအနေဖြင့် ဆယ်စုနှစ်များစွာ ရင်းနှီးထည့်ဝင်မှု မလုံလောက်မှုအား ပြန်လည်ကုစားရန် အဆင့်ဆင့်ကို ထည့်သွင်းမှုပြုထားရာ - ၂၀၁၁/၁၂ နှင့် ၂၀၁၅/၁၆ တို့အတွင်း ပြည်သူ့အသုံးစရိတ်မှာ အင်မတန်နည်းပါးသည့် အခြေခံမှ (၃၅၁%) သို့တိုးမြှင့်သွားကြောင်း တင်ပြခဲ့ရာ၊ ၂၀၁၁/၁၂ နှင့် ၂၀၁၄/၁၅ တို့အတွင်း ပြည်သူ့ဝန်ထမ်းများ၏ လစာများ (၄)ဆနီးပါး တိုးသွားသည့် အချိန်အတွင်း ဖြစ်ခဲ့ပါသည်။[၈၄] မူလတန်းနှင့် အလယ်တန်း/အထက်တန်းကျောင်း အခကြေးများအား ဖယ်ရှားလိုက်ပြီး အချို့သော ကျောင်းသား/သူ များအတွက် ကျောင်းပညာသင်စရိတ် တိုးချဲ့ထောက်ပံ့မှုအစီအစဉ်များ မိတ်ဆက်မှုပြုပေးခဲ့ကာ၊ ယင်းအနေဖြင့် ဆင်းရဲနွမ်းပါးမှုကြောင့် ပိုမိုဖြစ်စေသော ပညာရေးဆိုင်ရာ အခက်အခဲများဖြစ်သည့် များစွာသော အိမ်ထောင်စုများအနေဖြင့် ကျေးလက်ဒေသများတွင် သယ်ယူပို့ဆောင်ရေးစရိတ် နှင့် အလုပ်ပိုလုပ်ရန် လိုအပ်မှုစသော ကိုယ်ပိုင်ထုတ်သုံးစွဲရသည့် ကျသင့်မှုများအား ကျော်လွှားနိုင်ရန် တတ်စွမ်းနိုင်မှုမရှိခြင်း စသည်တို့ကို တစ်စိတ်တစ်ပိုင်းသာ ဖြေရှင်းမှုပေးပါသည်။

လေ့လာသင်ယူမှုဆိုင်ရာ ရလဒ်ထွက်ပေါ်ချက်များအား စောင့်ကြည့်ထိန်းကျောင်းရန်နှင့် ကျောင်းတက်ရောက်မှုနှုန်းနှင့် ဆုံးခန်းတိုင်မှုနှုန်းများအား တိုးမြှင့်ပေးရန် ပညာရေးဝန်ကြီးဌာန၏ စွမ်းရည်ကို အားကောင်းမှုရှိစေရန် အကူအညီ လိုအပ်ရာ၊ ကျောင်းတက်ရောက်မှုအတွက် ဆွဲဆောင်မက်လုံးပေးခြင်းအားဖြင့်သာမက ပညာရေးကဏ္ဍအတွက် လုပ်ရိုးလုပ်စဉ်များ၏ ပြင်ပသို့ ချဲ့ထွင်ဆောင်ရွက်ပေးခြင်းအားဖြင့် ဖြစ်ပါသည်။ ကမ္ဘာ့ဘဏ်၏ ပြည်သူ့အသုံးစရိတ် သုံးသပ်လေ့လာမှုက ဖော်ပြသည်မှာ စီးပွားရေးဆိုင်ရာ အရေးကိစ္စ ပြဿနာများသည် မိသားစု၏ အလုပ်ပိုလုပ်ရန် လိုအပ်ချက်အပါအဝင် ကျောင်းမတက်ရောက်ခြင်းကိစ္စအား တွန်းအားဖြစ်စေသည့် အဓိကအကြောင်းတရားများ ဖြစ်နေကြောင်း ဖြစ်ပါသည်။ ယင်းအတွက် လိုအပ်သည်မှာ အထက်တွင်မှတ်ချက်ပြုထားသည့်အတိုင်း ကျောင်းမတက်ရောက်ရခြင်း၏ ကွဲပြားသော အကြောင်းအရင်းများအပေါ်တွင် အလေးပေးအာရုံစိုက်မှု ဖြစ်ပါသည်။

ကျောင်းတက်ရောက်ကြခြင်းမရှိသူများနှင့် ကျောင်းလုံးဝတက်ဖူးခြင်း မရှိသူများတို့၏ အခြေအနေများမှာ များစွာ ကွာခြားမှုရှိရာ - ကျောင်းလုံးဝနေဖူးခြင်း မရှိသူများသည် ပဋိပက္ခ နှင့် လက်လှမ်းမီမှုဆိုင်ရာ အရေးကိစ္စများ၏ ရိုက်ခတ်သက်ရောက်မှုကို ပိုမို၍ ခံရနိုင်ခြေများရှိနေစဉ်ဝယ်၊ ကျောင်းတက်ရောက်မှုမရှိသည့် (သို့) စောစီးစွာကျောင်းထွက်သွားသည့် ကျောင်းသား/သူ များ၏ များစွာသော အရေအတွက်ရှိသည့် နယ်မြေများအတွင်း စီးပွားရေးဆိုင်ရာ ပြဿနာကိစ္စများ ပိုမိုရှိနေလေ့ရှိပါသည်။

ပိုမိုကောင်းမွန်သော ပြည်သူ့အသုံးစရိတ်ဆိုင်ရာ ခြေရာခံမှုစနစ်အား လိုအပ်နေပြီး ရန်ပုံငွေများအား မည်သို့ထိထိရောက်ရောက် သုံးစွဲနေကြောင်းနှင့် ပညာရေးဆိုင်ရာ ဖြေရှင်းကူညီမှုလုပ်ငန်းများအနေဖြင့် လိုလားသည့် အကျိုးကျေးဇူးထွက်ပေါ်စေခြင်း ရှိမရှိ စသည် အချက်အလက်အထောက်အထားတို့ကို ကောက်ယူမှုပြုနိုင်ရန် ဖြစ်ပါသည်။ ကမ္ဘာ့ဘဏ်ကလည်း သတ်မှတ်ဖော်ထုတ်ပေးသည့် အချက်မှာ ခရိုင်အရာရှိများနှင့် ကျောင်းအုပ်များအတွက် ကျွမ်းကျင်မှု စွမ်းရည်များ တည်ဆောက်ပေးမှုအား လိုအပ်နေကြောင်းဖြစ်ရာ ဝယ်ယူရေးဆိုင်ရာ မှန်ကန်သည့် လုပ်ထုံးလုပ်နည်းများ နှင့် တာဝန်ခံ/ယူမှု တို့ရှိစေရန်ဖြစ်ပါသည် (ပညာရေးဝန်ကြီးဌာန၏ မူဘောင်များအောက်အတွင်း)။ အခြားသော အရေးပါသည့် အလုပ်များတွင် ပါဝင်သည်များမှာ ပညာရေးဝန်ကြီးဌာနအား ယင်း၏ မြို့နယ်အဆင့် စောင့်ကြည့်လေ့လာရေး စနစ်အား အကောင်အထည်ဖော်မှုအား ကူညီပေးရေးဖြစ်ကာ၊ ယင်းအားဖြင့် ကျောင်းသား/သူများ၊ ဆရာ/မများနှင့် သင်ယူလေ့လာမှု ရလဒ်ထွက်ချက်များနှင့် ဆိုင်သည့် များစွာပိုမို ကောင်းမွန်သည့်အဆင့်ရှိ အချက်အလက်များ ကောက်ယူ၊ အစီရင်ခံတင်ပြပြီး ဆန်းစစ်လေ့လာမှု ပြုနိုင်မည်ဖြစ်ပါသည်။

[၈၄]အထက်တွင်ရည်ညွှန်းထားပြီးဖြစ်သည်။

# အသက်မွေးဝမ်းကျောင်းမှု နှင့် အိမ်ထောင်စု အသုံးစရိတ်

## အဓိကတွေ့ရှိချက်များ

- အလုပ်လုပ်ခများမှာ ဆက်လက်၍ နည်းပါးဆဲဖြစ်ရာ - စိုက်ပျိုးရေး၊ သစ်တော နှင့် ငါးဖမ်းလုပ်ငန်းများ ရှိလူထု၏ ထက်ဝက်ကျော်သူများ၏ ပျမ်းမျှဝင်ငွေများမှာ ပြည်ထောင်စု၏ ပျမ်းမျှလစာ၏ (၁၈%) လျော့၍ ရရှိကြပါသည်။
- အမျိုးသားများသည် အမျိုးသမီးများထက် ပို၍ လုပ်ခလစာရရှိကြရာ - နေ့စားခရရှိသူ အမျိုးသားများသည် အမျိုးသမီးများထက် ပျမ်းမျှခြင်း (၄၇%) ပိုမို၍ ရရှိကြပါသည်။
- ရခိုင်ပြည်နယ်၊ ချင်းပြည်နယ် နှင့် မကွေးတိုင်းဒေသကြီးတို့ရှိ ကျေးလက်ဒေသများသည် အိမ်ထောင်စု တစ်စုချင်းသုံးစွဲမှုအတွင်း မြင်သာစွာ ကွာခြားမှုရှိနေသည့်နေရာများဖြစ်ကြရာ၊ စားနပ်ရိက္ခာအတွက် လစဉ်အသုံးစရိတ်ဘတ်ဂျက်၏ (၇၀%) ဝန်းကျင်ကို သုံးစွဲကြရပါသည်။
- (၉.၂)သန်းမျှ များပြားသောလူများ [ကျေးရွာများ၏ (၄၀%) သို့တည်းမဟုတ် ကျေးလက်လူထု၏ (၂၅%)] တို့မှာ မည်သည့်လမ်းမများနှင့်မျှ ဆက်သွယ်ထားခြင်းမရှိသည့် ကျေးရွာများအတွင်း နေထိုင်လျက်ရှိကြသည်ဟု ခန့်မှန်းထားပါသည်။

**မြန်မာ့လုပ်သားထု ၂၀၁၅ခုနှစ် စစ်တမ်းက[၉၅] မှတ်ချက်ပြုသည်မှာ နိုင်ငံ၏ အလုပ်လုပ်နိုင်သည့် အသက်အရွယ်ရှိကြသည့် သူများမှာ အဓိကအားဖြင့် ကျေးလက်ဒေသများအတွင်း (၇၁%) ရှိကြပြီး၊ အမျိုးသားများထက် အမျိုးသမီးများ (၅၄%) ပိုမို ပါဝင်နေကြပါသည်။** ပြည်ထောင်စုအဆင့်အတွင်း လုပ်သားထုအတွင်း ပါဝင်မှုနှုန်း (၆၄.၇%) က အရေးပါသည့် ကျား-မ အကြားကွာခြားမှုကို ဖုံးကွယ်ထားရာ လုပ်သားထုအတွင်း အမျိုးသားများ (၈၀%) ဖြစ်နေပြီး အမျိုးသမီးများအရေအတွက် (၅၂%) ရှိခြင်း နှိုင်းယှဉ်ကြည့်ရာ၌ ဖြစ်ပါသည်။ ကျေးလက်ဒေသများအတွင်ဝင်ငွေမှာ စိုက်ပျိုးရေးအခြေခံမှု များများစားစား ဖြစ်နေပြီး (အိမ်ထောင်စုများ၏ ထက်ဝက်နီးပါး)၊ ဝယ်ယူသုံးစွဲစားသုံးသူတို့၏ သုံးစွဲငွေမှာ ပိုမိုနည်းပါးလျက်ရှိကာ၊ မတူညီသည့် ဝယ်ယူသုံးစွဲစားသုံးသူလူအုပ်စုများအကြား ကွာခြားမှု မရှိသလောက်ပင် ဖြစ်နေပါသည်။ ခြားနားမှုအားဖြင့် မြို့ပြနယ်မြေများရှိ အိမ်ထောင်စုများ၏ ထက်ဝက်ကျော်တို့၏ ဝင်ငွေမှာ လခစားအလုပ်အကိုင်များမှ ရရှိခြင်းဖြစ်ပြီး၊ မြို့ပြနယ်မြေများအတွင်း ပုံမှန်အားဖြင့် ပိုမိုမြင့်မားသည့် စရိတ်သုံးစွဲမှု အဆင့်အတန်းများ ရှိနေသည့်အပြင် အချင်းချင်းအကြား ကွာခြားမှုသည်လည်း ပိုမိုများပြားပါသည်။

**ကျေးလက်ဒေသများတွင် အလုပ်အကိုင်မရှိမှု အဆင့်များမှာ သိသာထင်ရှားစွာ ပိုမိုမြင့်မားနေပါသည်။** အလုပ်သမားထု စစ်တမ်းက တွေ့ရှိသည်မှာ ကျေးလက်ဒေသရှိ လူများမှာ မြို့ပြရှိသူများထက် အလုပ်အကိုင်ခန့်ထားမှုနည်းပါးသည့်နှုန်းများ ပိုမိုမြင့်မားခြင်းအား တွေ့ကြုံခံစားနေရကြောင်း ဖြစ်ပါသည် [(၇၅.၂%) နှင့် (၂၄.၈%) ကိုနှိုင်းယှဉ်ကြည့်နိုင်]။

**ယခုစစ်တမ်းက အတည်ပြုပေးသည်မှာ လုပ်ခလစာများမှာ ဆက်လက်၍ လွန်စွာ နည်းပါးနေဆဲဖြစ်ကြောင်း၊ ပျမ်းမျှအားဖြင့် အိမ်ထောင်စု တစ်စုတွင် တစ်လလျှင် (၁၂၄၁၀၀)ကျပ် (အမေရိကန် ဒေါ်လာ ၁၂၁) ရှိကြောင်း ဖြစ်ပါသည်။** စိုက်ပျိုးရေး၊ သစ်တော နှင့် ငါးလုပ်ငန်း ကဏ္ဍရပ်များ အတွင်း အလုပ်ခန့်အပ်ထားခံရသည့် လူများ၏ ထက်ဝက်ကျော် (၅၄.၂%) ရှိနေပြီး၊ ပျမ်းမျှဝင်ငွေ အနိမ့်ဆုံးအဆင့်နှုန်းထားဖြစ်သည့် တစ်လလျှင် (၁၀၁၁၀၀)ကျပ် ရရှိကြပါသည်။ လစာငွေ အဆင့်အတန်းများမှာ ပျမ်းမျှအားဖြင့် မြို့ ပြနယ်မြေများတွင် (၁၄၇၆၀၀) ကျပ်ဖြင့် ကျေးလက်ဒေသ၏ လစာ (၁၁၇၁၀၀)ကျပ်ထက် သိသာထင်ရှားစွာ ပိုမိုမြင့်မားလျက်ရှိနေပါသည်။ အမျိုးသားများသည် ပုံမှန်အားဖြင့် အမျိုးသမီးများထက် ပိုမိုမြင့်မားသည့် လစာများကို ရရှိကြရာ - နေ့စားဝင်ငွေရရှိသူ အမျိုးသားများသည် ပျမ်းမျှအားဖြင့် (၄၇%) အမျိုးသမီး များထက် ပိုမို၍ ရရှိ ပေးအပ်ခံရပါသည် (တစ်ရက်လုပ်ခ (၄၉၀၀)ကျပ် နှင့် တစ်ရက်လုပ်ခ (၃၃၄၀)ကျပ် တို့ကို နှိုင်းယှဉ်ကြည့်နိုင်)။

**ပညာရေး အဆင့်ပိုမိုမြင့်မားကြသည့်သူများ၏ (၄၄.၆%) (သို့တည်းမဟုတ် တက္ကသိုလ်တက်ရောက်နေသူများ) သည် သိပ္ပံ၊ နည်းပညာ၊ အင်ဂျင်နီယာလုပ်ငန်း၊ နှင့် သင်္ချာပိုင်းဆိုင်ရာ လုပ်ငန်းအမျိုးအစားများအတွင်း လုပ်ကိုင်ရန် ဆန္ဒရှိကြပါသည်။** အဆိုပါ (STEM) ဆိုင်ရာ ဘွဲ့ရများ သည် ပုံမှန်အားဖြင့် နိုင်ငံတော်၏ ကျွမ်းကျင်လုပ်သားအရင်းအမြစ်၏ အလွန်အရေးပါသည့် အစိတ်အပိုင်းတစ်ခုဖြစ်ပြီး၊ အဆိုပါ လုပ်ငန်းပိုင်း ဆိုင်ရာတို့အတွင်း ဘွဲ့ရရှိထားကြသူများအနေဖြင့် အခြားသော လုပ်ငန်းကဏ္ဍများရှိသူများထက် ပိုမိုများပြားသည့် ဝင်ငွေများကို မျှော်မှန်း ထားလေ့ရှိပါသည်။ သို့ဖြစ်သော်လည်း မြန်မာနိုင်ငံရှိ ပျမ်းမျှ သိပ္ပံပညာရှင်တစ်ဦး (သို့) နည်းပညာရှင်တစ်ဦးသည် ပျမ်းမျှ တောင်သူလယ် သမားတစ်ဦးထက် (၁.၂၇)ဆသာ ပိုမို ဝင်ငွေရရှိရန် မျှော်မှန်းနိုင်သည့် အခြေအနေဖြစ်ပါသည်။[၉၆] အမြင့်ဆုံး ပျမ်းမျှဝင်ငွေရှိသည့် အလုပ်အကိုင် အမျိုးအစားများမှာ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နယ်ပယ်များ (စိုက်ပျိုးရေးဝင်ငွေ၏ တစ်လစာထက် (၁.၉)ဆ နီးပါး)၊ ထိုနည်းတူ ဘဏ္ဍာရေး နှင့် အာမခံနယ်ပယ်လုပ်ငန်းများ၊ နှင့် ဆောက်လုပ်ရေးလုပ်ငန်းနယ်ပယ်များတို့ ဖြစ်ကြပါသည်။ တစ်ချိန်တည်းတွင် နည်းပညာပိုင်းနှင့် အသက်မွေးဝမ်းကျောင်းမှုဆိုင်ရာ ပညာရေးနှင့် သင်တန်းများအနေဖြင့် လုပ်ငန်းခွင်အတွင်း လက်တွေ့ကျွမ်းကျင်မှု အရည်အချင်းများ (ဥပမာ၊ ဂဟေဆက်ခြင်းဆိုင်ရာ နှင့် ဆောက်လုပ်ရေးလုပ်ငန်းဆိုင်ရာ ကျွမ်းကျင်မှုများ) အတွက် တောင်းဆိုလိုအပ်ချက်များနှင့် ထိထိရောက်ရောက် ကိုက်ညီပြည့်မီမှု မရှိထားရာ၊ လက်လုပ်မီနိုင်မှု နိမ့်ပါးခြင်း (အထူးသဖြင့် အခွင့်အလမ်းမသာသည့် လူငယ်ပိုင်းများနှင့် အလုပ်သမားများအတွက်) နှင့်အတူ ခေတ်မီခြင်းမရှိသော၊ ပြင်ပမှ မှာယူပြုလုပ်ရသော၊ ထို့ပြင် ပိုလွန်သည့် အယူအဆသီအိုရီဆန်သော ဆောင်ရွက်လုပ်ကိုင်မှုနည်းလမ်းများ တို့ပါဝင်နေလျက်ဖြစ်ပါသည်။

[၉၅] အလုပ်သမားဝန်ကြီးဌာန၊ အလုပ်အကိုင်ခန့်ထားခြင်းနှင့် လူမှုဖူလုံရေး၊ ဗဟိုစာရင်းအင်းအဖွဲ့၊ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ (၂၀၁၆)၊ မြန်မာနိုင်ငံ အလုပ်သမားအင်အား၊ ကလေးအလုပ်သမားနှင့် ကျောင်းမှ အလုပ်သို့ ကူးပြောင်းခြင်း စစ်တမ်း (၂၀၁၅) ၏ အဓိကတွေ့ရှိချက်များ။ အလုပ်  လုပ်ကိုင်နိုင်သည့် အသက်အရွယ်အပိုင်းခြားသည် အသက် ၁၅ နှစ်မှ ၆၄ နှစ်ဖြစ်သည်။

[၉၆] အထက်တွင်ရည်ညွှန်းထားပြီးဖြစ်သည်။

ပုံ (၅၄) အဆင့်မြင့်ပညာရေး ရှိထားကြသူများ သင်ကြားခဲ့သည့် ဘာသာရပ်နယ်ပယ်များ - ၂၀၁၅ မြန်မာနိုင်ငံ အလုပ်သမား စစ်တမ်း

| လေ့လာသင်ယူသည့် ဘာသာရပ် | အသက်အရွယ်အုပ်စုအတွင်း ရာနှုန်း (နှစ်များ) | | | | | | | |
|---|---|---|---|---|---|---|---|---|
| | 15-19 | 20-24 | 25-29 | 30-34 | 35-39 | 40-44 | 45+ | All (15+) |
| ပညာရေးဘာသာရပ် | 5.1 | 1.8 | 1.8 | 1.5 | 1.2 | 2 | 5 | 2.6 |
| ဝိဇ္ဇာ နှင့် Humanities ဘာသာရပ်များ | 28.7 | 33.5 | 28.6 | 31.4 | 33.1 | 35.7 | 32 | 31.8 |
| လူမှုရေးသိပ္ပံ၊ သတင်းစာပညာ နှင့် သတင်းအချက်အလက်ဆိုင်ရာ | 10.3 | 7.3 | 8.5 | 14 | 10.5 | 6.3 | 7.6 | 9.1 |
| စီးပွား၊ စီမံ နှင့် ဥပဒေ ဘာသာရပ်များ | 3.9 | 3.9 | 9.1 | 8.5 | 3.1 | 1.7 | 5 | 5.5 |
| Natural Sciences၊ သင်္ချာ နှင့် စာရင်းကိုင်ပညာ ဘာသာရပ်များ | 32.1 | 38.3 | 38.2 | 33.9 | 41.1 | 46.3 | 37.7 | 38.2 |
| အင်ဂျင်နီယာ၊ ကုန်ထုတ်လုပ်မှု နှင့် ဆောက်လုပ်ရေးဆိုင်ရာများ | 11.9 | 9.1 | 6 | 5.2 | 5 | 3.8 | 5.7 | 6.4 |
| စိုက်ပျိုးရေး၊ သစ်တော၊ ငါးလုပ်ငန်း နှင့် တိရစ္ဆာန်ဆေးကုပညာများ | 1.5 | 1.9 | 1.2 | 2.1 | 3.5 | 3.2 | 3.6 | 2.5 |
| ကျန်းမာရေး နှင့် လူမှုဖူလုံရေး ဆိုင်ရာများ | 4.3 | 2.4 | 2.9 | 1.5 | 1.1 | 0.4 | 3 | 2.2 |
| အခြားဘာသာရပ်များ | 2 | 1.8 | 3.7 | 1.9 | 1.4 | 0.6 | 0.3 | 1.6 |

ပုံ (၅၅) လုပ်ငန်းကဏ္ဍအမျိုးအစားအလိုက် ဝင်ငွေများ - ၂၀၁၅ ခုနှစ် မြန်မာနိုင်ငံ အလုပ်သမား စစ်တမ်း

| လုပ်ငန်းနယ်ပယ်ကဏ္ဍ | အိမ်ထောင်ဦးစီးလက်အောက် တစ်လဝင်ငွေ (ကျပ်၁၀၀၀ နှင့် မြှောက်ရန်) | | | | | |
|---|---|---|---|---|---|---|
| | အခြေခံ လုပ်ခလစာ | အချိန်ပိုကြေး | ပုံသေ ထောက်ပံ့ငွေ | အပိုကြေး | အခြား | စုစုပေါင်း |
| စိုက်ပျိုးရေး၊ သစ်တော နှင့် ငါးဖမ်းလုပ်ငန်း | 89.6 | 1.2 | 1 | 7.6 | 1.7 | 101.1 |
| သတ္တုတူးဖော်ရေး နှင့် ကျောက်ကျင်း | 137.6 | 4 | 7 | 0.4 | 0 | 144.3 |
| ကုန်ထုတ်လုပ်မှုလုပ်ငန်း | 105.9 | 4.5 | 3.9 | 5.6 | 0.6 | 119.5 |
| ဆောက်လုပ်ရေး | 154.8 | 3.6 | 2.4 | 3.7 | 1.7 | 166.6 |
| လက်လီလက်ကား ရောင်းချကုန်သွယ်ရေး၊ ယာဉ်များ၊ မော်တော်ဆိုင်ကယ်များ ပြုပြင်ရေး | 105.4 | 1.2 | 1.2 | 2.7 | 0.5 | 105.4 |
| သယ်ယူပို့ဆောင်ရေး နှင့် ကုန်ပစ္စည်းသိုလှောင်မှု | 142.1 | 5.1 | 4.9 | 10.6 | 5.4 | 165.7 |
| တည်းခိုရိပ်သာ နှင့် စားသောက်ဆိုင် လုပ်ငန်းများ | 90.8 | 1.6 | 1.5 | 7.1 | 0.5 | 102.7 |
| သတင်းအချက်အလက် နှင့် ဆက်သွယ်ရေး လုပ်ငန်း | 165.5 | 12.5 | 6.9 | 2.7 | 0.6 | 188.1 |
| ငွေကြေး နှင့် အာမခံ လုပ်ငန်းများ | 158.0 | 5.1 | 5.8 | 7.8 | 0.4 | 172.7 |
| ကျွမ်းကျင်ပညာရှင်၊ သိပ္ပံပညာရှင် နှင့် နည်းပညာဆိုင်ရာ လုပ်ငန်းများ | 102.1 | 8.8 | 12.2 | 3.1 | 0.9 | 128.6 |
| စီမံခန့်ခွဲရေး နှင့် အထောက်ကူပြု ဝန်ဆောင်မှု လုပ်ငန်းများ | 109.4 | 5 | 12.5 | 5.2 | 1.7 | 123.9 |
| ပြည်သူ့ရေးရာ စီမံအုပ်ချုပ်မှုလုပ်ငန်း၊ ကာကွယ်ရေးလုပ်ငန်း၊ လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်း | 112.8 | 7.6 | 15 | 2.2 | 1.4 | 137.4 |
| ပညာရေး | 101.0 | 5.6 | 17.6 | 2 | 1.1 | 123.4 |
| လူ့ကျန်းမာရေး နှင့် လူမှုရေးလုပ်ငန်းများ | 103.8 | 3 | 9.6 | 5.2 | 1.2 | 116.6 |
| အခြားသော ဝန်ဆောင်မှု လုပ်ငန်းများ | 116.1 | 2.6 | 2.3 | 7.3 | 1.7 | 128.1 |
| မြန်မာနိုင်ငံတွင်း ပျမ်းမျှ | 109.7 | 4.1 | 6.6 | 5.2 | 1.4 | 124.1 |

စိုက်ပျိုးရေးလုပ်ကြသော အိမ်ထောင်စုများအနေဖြင့် လုပ်ငန်းကဏ္ဍအားလုံးအတွင်း အနိမ့်ဆုံးအဆင့် ဝင်ငွေရရှိကြပါသည်။ အခြားသော ကျေးလက်ရှိ စိုက်ပျိုးရေးမဟုတ်သည့် ဝင်ငွေရရှိသည့် လုပ်ငန်းများ၊ ဥပမာ အသေးစား ကုန်ရောင်းကုန်ဝယ်၊ ခရီးသွားလုပ်ငန်း၊ ဧည့်ရိပ်သာလုပ်ငန်းနှင့် စက်တပ်ယာဉ်များနှင့် စက်ပစ္စည်းအသေးစားများ ပြုပြင်ခြင်းလုပ်ငန်းတို့အနေဖြင့် စိုက်ပျိုးလုပ်ငန်းသီးသန့်လုပ်ကိုင်ခြင်းထက် အနည်းငယ်ကွာခြားမှုရှိသော ဝင်ငွေကိုပေးစွမ်းနိုင်သည့်တိုင် လုပ်ငန်းရာသီတည်ငြိမ်မှုရှိကာ ပင်ပန်းဆင်းရဲစွာလုပ်အားထုတ်ရမှု ပိုမိုနည်းပါးသည့် ပုံစံများရှိနေပါသည်။ ဘေးအန္တရာယ်ခံနိုင်မှုဘက်က ကြည့်လျှင် ဝင်ငွေလမ်းကြောင်းများ ပိုမိုကွဲပြားများပြားမှုရှိခြင်းမှာ အသက်မွေးဝမ်းကျောင်းမှုအတွက် အရေးကြီးသည့်ရလဒ်ထွက်ပေါ်မှုတစ်ရပ်ဖြစ်လျက်ရှိနေပါသည်။ အံ့အားသင့်ဖွယ်မဟုတ်သည်မှာ ကျေးလက်ဒေသများရှိသူတို့သည် မြို့ပြမှသူများထက် ပိုမိုမြင့်မားသည့် အလုပ်အကိုင်နည်းပါးမှုနှုန်းများအား တွေ့ကြုံခံစားကြရခြင်းဖြစ်ပြီး (၇၅.၂% နှင့် ၂၄.၈% တို့ကို နှိုင်းယှဉ်ကြည့်ပါက) စိုက်ပျိုးရေးနှင့် ကျေးလက်အလုပ်အကိုင်တို့၏ ရာသီအပေါ်မှီတည်မှုနှင့် တစ်သမတ်တည်းမရှိမှုတို့ကြောင့် ဖြစ်ကောင်းဖြစ်နိုင်ကာ၊ နှိုင်းယှဉ်မှုပြုရပါက မြို့ပြနယ်မြေများအတွင်း လခစားအလုပ်အကိုင် အချိုးအစားများ ပိုမိုမြင့်မားနေလျက်ရှိပါသည်။

ကျေးလက် အိမ်ထောင်စုများသည်လည်း မြို့ပြအိမ်ထောင်စုများ ကြွေးတင်ရှိမှုထက် (၂)ဆ ကြွေးတင်ရှိမှု ဖြစ်နိုင်ခြေ ရှိပါသည်။ မြန်မာ့အလုပ်သမားထု စစ်တမ်းက တွေ့ရှိသည်မှာ စစ်တမ်းကောက်ယူမှုပြုသည့်အချိန် ၂၀၁၅ ခုနှစ်အတွင်း အားလုံးသော အိမ်ထောင်စုများ၏ (၃၅%) တို့တွင် ပြန်မဆပ်ရသေးသော ချေးငွေ (၁၀၀၀၀)ကျပ် သို့တည်းမဟုတ် ထိုထက်ပို၍ ရှိနေကြရာ၊ ကျေးလက်ရှိ အိမ်ထောင်စုများ (၄၁%) တို့သည် မြို့ပြအိမ်ထောင်စုများ (၂၀%) ထက် အကြွေးတင်ရှိမှု ပိုမိုဖြစ်နိုင်ကြောင်း ဖြစ်ပါသည်။ အားနည်းချက်၊ ခွဲခြားဆက်ဆံမှုနှင့် လူမှုစီးပွားရေးအတွင်း ဖယ်ထုတ်ခံရခြင်းတို့ကို ခံစားကြရသည့် လူအုပ်စုများသည်လည်း ဆိုးရွားစွာ အခွင့်အလမ်းနည်းပါးနေမှုတို့ဖြစ်နိုင်ပြီး - ဥပမာအားဖြင့် HIV ရောဂါပိုးရှိသည့် မိသားစုဝင်ရှိနေသည့် အိမ်ထောင်စုများတွင် ပိုမိုနည်းပါးသည့် ဝင်ငွေများ၊ ပိုမိုနည်းပါးသည့် ပိုင်ဆိုင်မှုများ၊ အိမ်ပိုင်ဆိုင်မှုနှုန်းနည်းပါးခြင်း၊ အိမ်ထောင်စုအတွင်း ပိုမိုအကြွေးတင်ရှိခြင်းနှင့် HIV ရောဂါ ရိုက်ခတ်ခံရခြင်းမရှိသည့် အိမ်ထောင်စုများထက် ပိုမိုမြင့်မားသည့် အတိုးနှုန်းအား ပေးရခြင်းတို့ရှိကြောင်း တွေ့ရှိရပါသည်။[၆၇]

ပြင်ပနေရာသို့ ရွှေ့ပြောင်းသွားကြခြင်းမှာ များစွာဖြစ်နေပြီး၊ ယင်းကြောင့် နယ်မြေဒေသရှိ စိုက်ခင်းများအနေဖြင့် ခက်ခဲမှု လွန်စွာဖြစ်စေနိုင်ရာဒေသတွင်း အခြားနေရာများမှ ကျွမ်းကျင်လုပ်သားများ လိုအပ်မှုအခြေအနေနှင့် မယှဉ်သာ၍ ဖြစ်ပါသည်။ အလုပ်သမားထု စစ်တမ်းက တွေ့ရှိသည်မှာ လူပေါင်း (၄)ပုံ တစ်ပုံမှာ အလုပ်အကိုင်အတွက် ၎င်းတို့၏ နေထိုင်ရာနေရာ ရွှေ့ပြောင်းခဲ့ကြရပြီး အိမ်ထောင်စု (၆%)ခန့်တွင် အိမ်ထောင်စုဝင်တစ်ဦး နိုင်ငံခြားတွင် နေထိုင်လျက်ရှိကြောင်း၊ များပြားစွာသောသူတို့မှာ အလုပ်အကိုင်အတွက် ထိုသို့နေထိုင်ရခြင်းဖြစ်ကြောင်း ဖြစ်ပါသည်။ တန်ဖိုးရှိသည့် လူသားအရင်းအနှီးအား ထပ်မံဆုံးရှုံးရခြင်းမရှိစေရန်မှာ အရေးပေါ် ဦးစားပေးတစ်ခုဖြစ်ပြီး၊ လူတို့အနေဖြင့် ၎င်းတို့၏ လက်ရှိအလုပ်အကိုင်အပေါ် ကျေနပ်မှုမရှိသည့် အဓိကအကြောင်းရင်းများကို မြန်မာနိုင်ငံအနေဖြင့် ပိုမိုနားလည်သိရှိပြီး ဖြေရှင်းကိုင်တွယ်ပေးရန် လိုအပ်လျက်ရှိရာ - အနိမ့်ဆုံးအဆင့်လုပ်ခလစာအပေါ် ဥပဒေလိုက်နာမှုရှိစေရေး ကြပ်မတ်ဆောင်ရွက်မှု အပါအဝင်ဖြစ်သော အထူးဖြစ်နေသည့် လုပ်ခလစာများ နည်းပါးမှုနှင့် ကောင်းမွန်ခြင်းမရှိသည့် လုပ်ငန်းခွင်အခြေအနေများ[၆၈] ဖြစ်ပါသည်။

အစားအစာ ကုန်ကျစရိတ်များမှာ အိမ်ထောင်စု၏ အသုံးစရိတ်တွင် ထိပ်ဆုံးတွင်ရှိနေပြီး၊ ပိုမိုငွေကြေးပြည့်စုံသည့် မြို့ပြနေရာများအတွင်းပင် ထိုသို့ဖြစ်နေပါသည်။ ဝယ်ယူသုံးစွဲစားသုံးမှု ပုံစံအလေ့အထများအပေါ် မြို့နယ်အဆင့် အချက်အလက်များ ရရှိနိုင်ခြင်းမရှိသော်လည်း ၂၀၁၂ခုနှစ် CSO စစ်တမ်းတစ်ခုက[၆၉] မြို့ပြနှင့် ကျေးလက်ဒေသများအတွင်း လစဉ်သုံးစွဲမှု အလေ့အထများအတွင်း ရှုပါးသည့် ထိုးထွင်းသိမြင်မှုတစ်ရပ်အား ပေးအပ်ခဲ့ရာ - ပျမ်းမျှအိမ်ထောင်စုများအနေဖြင့် ၎င်းတို့၏ လစဉ်ဝင်ငွေ၏ (၆၃%)ကို အစားအစာနှင့် အဖျော်ယမကာအသုံးအဆောင်များအတွက် သုံးစွဲရာတွင် ယင်း၏အများစုမှာ ဆန်အတွက် (၁၅.၂%)၊ အသားငါးအတွက် (၈.၂%) နှင့် ဟင်းသီးဟင်းရွက်အတွက် (၆.၄%) တို့ဖြစ်ကြပါသည်။ အစားအစာအတွက် မဟုတ်သည့် သုံးစွဲမှုများအတွင်း အမြင့်ဆုံးမှာ နယ်မြေအတွင်း ခရီးသွားလာမှု စရိတ် (၅.၇%)၊ နှင့် လောင်စာ နှင့် မီးအလင်းရောင်တို့အတွက် (၅.၄%) တို့ဖြစ်ကြပါသည်။ မြို့ပြနယ်မြေများသည် ကျေးလက်ဒေသများထက် များစွာ အခြေအနေပိုမိုကောင်းမွန်လေ့ရှိသော်လည်း၊ ပိုမိုငွေကြေးအဆင်ပြေသည့် မြို့ပြနယ်မြေများအတွင်း၌ပင် ၎င်းတို့ငွေကြေး၏ (၆၀%) နီးပါးကို အစားအစာအတွက် သုံးစွဲမှုပြုကြပါသည်။

နိုင်ငံအဝှမ်းအတွင်း တစ်ဦးချင်းသုံးစွဲငွေများ အနိမ့်ဆုံးအဆင့်ဖြစ်နေသည့် နေရာများမှာ ချင်းပြည်နယ်၏ ကျေးလက်ဒေသ၊ ရခိုင်ပြည်နယ်နှင့် မကွေးတိုင်းဒေသကြီးတို့၏ ကျေးလက်ဒေသများဖြစ်ကြပြီး၊ အများစုကို အစားအစာအတွက် သုံးစွဲမှုပြုကြပါသည်။ ၂၀၁၂ ခုနှစ် CSO စစ်တမ်းက တွေ့ရှိသည်မှာ ရခိုင်ပြည်နယ် ကျေးလက်ဒေသရှိ အိမ်ထောင်စုများမှာ ၎င်းတို့၏ လစဉ်ဘတ်ဂျက်ငွေ၏ (၇၁%) အကြီးမားဆုံးသော အစိတ်အပိုင်းကို အစားအစာအတွက်သာ အသုံးပြုနေကြောင်း ဖြစ်ပါသည်။ ၂၀၁၂ခုနှစ်အတွင်း တစ်ဦးချင်း အမြင့်ဆုံး လစဉ်သုံးစွဲငွေရှိသည့် ကျေးလက်ဒေသများမှာ တနင်္သာရီ နှင့် ရန်ကုန်တိုင်းဒေသကြီးတို့အတွင်းရှိ နေရာများ ဖြစ်ကြပါသည်။ ယခုအချက်အလက်အား ကောက်ယူခဲ့သည့်အချိန်ကတည်းက မြန်မာနိုင်ငံအတွင်း မြန်ဆန်သည့် အပြောင်းအလဲ ရှိထားသော်ငြားလည်း ပြည်နယ်များစွာတို့ရှိ ကျေးလက်ဒေသများသည် အစားအစာမလုံလောက်မှုကိစ္စအတွက် ထိခိုက်လွယ်မှု အခြေအနေ ဆက်လက်ရှိနေပြီး၊ ယင်းအခြေအနေအား အင်မတန်သေးငယ်သည့် ဘေးအန္တရာယ်များနှင့် ဖိအားများက ဖြစ်ပွားစေနိုင်ပါသည်။

ပိုမိုဆင်းရဲနွမ်းပါးသည့် နယ်မြေများအတွင်း သတ်မှတ်ချက်မထားသည့် ငွေသား ပံ့ပိုးပေးမှုများအနေဖြင့် ဒေသန္တရစီးပွားရေးအတွင်း အလုံးစုံစီးဆင်းသွားမည့် အနေအထားရှိနေရာဝယ် အဆိုပါနယ်မြေ များစွာတို့အတွင်း အိမ်ထောင်စုတို့၏ နည်းပါးသည့် သုံးစွဲမှုအခြေအနေ ရှိနေသည့်အတွက် ဖြစ်ပါသည်။ ဘဏ္ဍာရေးအရင်းအမြစ်များကို ပုံမှန်အားဖြင့် ထပ်ပေါင်းထုတ်ပေးမှုမှန်သမျှတို့သည် ဝယ်ယူသုံးစွဲခြင်းကို တိုးပွားစေရန် ချက်ချင်းဦးတည်ပေးနိုင်မည်ဖြစ်ကာ၊ အထူးသဖြင့် အိမ်ထောင်စုများ ဘတ်ဂျက်၏ (၅၅%) ထက်လျော့နည်းပြီး အစားအစာအပေါ်သုံးစွဲသည့် နယ်မြေများမရှိထားသည့် အခြေအနေအတွက်ကြောင့် ဖြစ်ပါသည်။ ကျန်ရှိသည့် အချက်များကို ဆက်လက်လေ့လာစုံစမ်းရမည်ဖြစ်ပြီး၊ ယင်းတို့မှာ များစွာသော ကျေးလက်ဒေသများအတွင်း ဈေးရောင်းချရာနေရာများကို လွယ်ကူစွာ လက်လှမ်းမီမှုရှိစေရေးနှင့် အခြားသော အခွင့်အလမ်းများ ရရှိရေးတို့ပါဝင်၍ ဒဏ်ခံနိုင်မှု တိုးတက်မှုရှိစေရန်အတွက်နှင့် ထိခိုက်လွယ်အားနည်းသည့် လူထုအား လျော့ချစေရန်အတွက် တို့ဖြစ်ကြပါသည်။


---

[၆၇]အမျိုးသား AIDS အစီအစဉ်နှင့် UNDP(၂၀၁၇)။ မြန်မာနိုင်ငံ အိမ်ထောင်စုအဆင့်တွင် HIV ပိုးရှိသူများအပေါ် လူမှုစီးပွားရေးဆိုင်ရာ ရိုက်ခတ်သက်ရောက်မှု။ နေပြည်တော်- ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန။

[၆၈]အလုပ်သမားဝန်ကြီးဌာန၊ အလုပ်အကိုင်ခန့်ထားခြင်းနှင့် လူမှုဖူလုံရေး၊ဗဟိုစာရင်းအင်းအဖွဲ့၊ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ (၂၀၁၆)၊ မြန်မာနိုင်ငံအလုပ်သမားအင်အား၊ ကလေးအလုပ်သမားနှင့် ကျောင်းမှ အလုပ်သို့ ကူးပြောင်းခြင်း စစ်တမ်း (၂၀၁၅) ၏ အဓိကတွေ့ရှိချက်များ။

[၆၉]ဗဟိုစာရင်းအင်းအဖွဲ့ (၂၀၁၅)။ မြန်မာနိုင်ငံစာရင်းအင်းဆိုင်ရာနှစ်ချုပ် (၂၀၁၅)

ပုံ (၅၆) အိမ်ထောင်စု စုစုပေါင်း ရာခိုင်နှုန်းအဖြစ် ၂၀၁၂ခုနှစ် အိမ်ထောင်စု ဝယ်ယူသုံးစွဲမှုနှုန်း လေ့လာချက် - CSO




| Monthly Household Expenditure | Union (%) |
|---|---|
| % Rice | 15.16 |
| % Meat | 8.21 |
| % Vegetables | 6.40 |
| % Fresh Fish and Crustacea | 5.52 |
| % Travelling expenses (Local) | 5.40 |
| % Food Taken Outside Home | 5.40 |
| % Fuel and light | 5.39 |
| % Cooking oil and fats | 4.85 |
| % Other household goods | 4.32 |
| % Charity and Ceremonials | 4.00 |
| % Dried Fish and crustacea | 2.97 |
| % Fruits | 2.94 |
| % Wheat and Rice products | 2.73 |
| % Clothing and Apparel | 2.70 |
| % Education | 2.45 |
| % Beverages | 2.39 |
| % Other Expenses | 2.30 |
| % House Rent and Repairs | 2.30 |
| % Cleansing and Toilet | 2.16 |
| % Eggs | 2.01 |
| % Medical Care | 1.95 |
| % Personal Use Goods | 1.94 |
| % Pulses | 1.75 |
| % Ngapi and Nganpyaye | 1.33 |
| % Sugar and other food | 0.73 |
| % Spices and Condiments | 0.73 |
| % Tobacco | 0.46 |
| % Milk and Dairy | 0.39 |
| % Furniture | 0.34 |
| % Travelling Expenses (Journey | 0.28 |
| % Stationery, School Supplies | 0.20 |
| % Recreation | 0.17 |
| % Crockery | 0.12 |

ပုံ (၅၇) အိမ်ထောင်စု စုစုပေါင်း ရာခိုင်နှုန်းတစ်ခုအဖြစ် အိမ်ထောင်စု ဝယ်ယူသုံးစွဲမှုနှုန်း– CSO ၂၀၁၂

| ပြည်နယ်/ တိုင်းဒေသကြီး | အိမ်ထောင်စု အရွယ် အစား (၂၀၁၂) | တစ်ဦးချင်း အသုံးစရိတ် ကျပ်ငွေ | အစားအစာစရိတ် စုစုပေါင်း % | လောင်စာ နှင့် မီးအလင်း စရိတ် | ခရီးစရိတ် | အဝတ်အစားနှင့် တစ်ကိုယ်ရေ ပစ္စည်းများ | သန့်ရှင်းစင်ကြယ်ရေး နှင့် သန့်ရှင်းရေး စရိတ် | အိမ်အသုံးအဆောင် ပစ္စည်းများ | အိုးအိမ်စရိတ် | ပညာရေး နှင့် ကျောင်းသုံး ပစ္စည်းများ | ကျန်းမာရေး စောင့်ရှောက်မှုစရိတ် | အပန်းဖြေစရိတ် | အလှူအတန်းနှင့် ပွဲကျင်းပခြင်းများ | အိမ်ထောင်စုသုံး အခြား ပစ္စည်းများ | ဆေးရွက်ကြီးသုံးစွဲမှု ကုန်ကျစရိတ် | အခြား အသုံးစရိတ်များ | အစားအစာအတွက် မဟုတ်သည့် သုံးစွဲမှု စုစုပေါင်း % |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ချင်း-ကျေးလက် | 5.60 | 23,704 | 70.67 | 7.13 | 2.04 | 4.14 | 2.15 | 1.42 | 2.21 | 1.08 | 3.39 | 0.04 | 3.26 | 0.88 | 0.41 | 2.05 | 38.00 |
| ရခိုင်-ကျေးလက် | 4.82 | 27,945 | 71.15 | 6.62 | 3.04 | 4.66 | 1.88 | 0.97 | 2.21 | 2.22 | 1.14 | 0.47 | 2.21 | 0.44 | 1.39 | 2.04 | 39.74 |
| မကွေး-ကျေးလက် | 4.50 | 28,166 | 69.31 | 4.53 | 4.14 | 4.04 | 2.06 | 2.74 | 2.06 | 2.22 | 2.14 | 0.13 | 3.82 | 2.18 | 0.48 | 2.37 | 43.87 |
| ဧရာဝတီ-ကျေးလက် | 4.52 | 29,281 | 62.73 | 8.12 | 5.10 | 5.30 | 2.18 | 2.92 | 2.44 | 1.99 | 1.64 | 0.11 | 4.77 | 2.36 | 0.63 | 2.10 | 52.61 |
| ကယား-ကျေးလက် | 5.22 | 29,891 | 65.02 | 4.15 | 5.31 | 6.16 | 2.87 | 3.45 | 2.39 | 1.96 | 1.82 | 0.18 | 3.93 | 2.54 | 0.26 | 2.50 | 51.86 |
| ရှမ်း-ကျေးလက် | 4.89 | 30,680 | 65.20 | 5.90 | 5.76 | 3.92 | 2.15 | 5.29 | 1.72 | 2.26 | 1.40 | 0.07 | 3.91 | 4.91 | 0.51 | 1.92 | 52.04 |
| ကချင်-ကျေးလက် | 5.83 | 31,765 | 67.15 | 5.61 | 7.03 | 4.13 | 1.97 | 1.50 | 1.63 | 2.53 | 1.84 | 0.09 | 4.17 | 1.19 | 0.42 | 1.92 | 48.03 |
| နေပြည်တော်-ကျေးလက် | 4.30 | 31,883 | 61.95 | 6.19 | 6.37 | 5.23 | 2.20 | 3.84 | 1.63 | 2.33 | 2.27 | 0.06 | 4.81 | 3.44 | 0.72 | 2.38 | 55.80 |
| ပဲခူး-ကျေးလက် | 4.57 | 33,895 | 65.25 | 5.48 | 4.07 | 4.88 | 2.05 | 3.82 | 2.02 | 2.21 | 2.19 | 0.22 | 5.03 | 3.37 | 0.54 | 2.26 | 49.75 |
| စစ်ကိုင်း-ကျေးလက် | 4.99 | 34,089 | 64.89 | 4.25 | 6.25 | 5.09 | 2.25 | 4.62 | 1.30 | 2.33 | 1.96 | 0.17 | 4.66 | 4.02 | 0.37 | 1.91 | 53.45 |
| မန္တလေး-ကျေးလက် | 4.80 | 34,140 | 66.37 | 3.54 | 5.46 | 4.45 | 2.18 | 5.26 | 1.96 | 2.55 | 1.60 | 0.17 | 4.66 | 4.78 | 0.48 | 1.31 | 51.34 |
| တနင်္သာရီ-ကျေးလက် | 4.50 | 34,480 | 60.37 | 8.62 | 5.85 | 4.14 | 2.00 | 6.44 | 1.87 | 1.69 | 1.87 | 0.17 | 4.80 | 6.18 | 0.74 | 1.44 | 57.75 |
| မွန်-ကျေးလက် | 4.72 | 35,400 | 64.35 | 7.49 | 7.03 | 5.55 | 2.01 | 0.97 | 1.38 | 2.82 | 2.26 | 0.28 | 3.59 | 0.81 | 0.49 | 1.78 | 52.02 |
| ကယား-မြို့ပြ | 4.97 | 35,946 | 62.77 | 4.51 | 5.72 | 4.32 | 3.98 | 5.32 | 2.12 | 2.61 | 1.75 | 0.07 | 3.20 | 4.84 | 0.13 | 3.49 | 55.19 |
| ဧရာဝတီ-မြို့ပြ | 4.08 | 36,546 | 62.86 | 5.89 | 4.36 | 5.43 | 2.22 | 5.46 | 2.83 | 1.58 | 1.37 | 0.19 | 3.96 | 4.86 | 0.37 | 3.47 | 53.96 |
| ရန်ကုန်-ကျေးလက် | 4.63 | 36,960 | 61.12 | 5.21 | 8.17 | 4.77 | 2.42 | 2.91 | 3.37 | 2.94 | 2.22 | 0.11 | 4.26 | 2.49 | 0.43 | 2.08 | 57.68 |
| မွန်-မြို့ပြ | 4.69 | 37,679 | 63.72 | 6.13 | 5.94 | 4.39 | 2.33 | 3.29 | 2.06 | 3.37 | 2.46 | 0.19 | 3.53 | 2.95 | 0.30 | 2.29 | 53.27 |
| မကွေး-မြို့ပြ | 4.56 | 37,705 | 61.37 | 4.68 | 4.97 | 4.48 | 2.43 | 5.68 | 3.16 | 3.08 | 2.03 | 0.41 | 3.41 | 5.24 | 0.30 | 4.00 | 56.84 |
| နေပြည်တော်-မြို့ပြ | 4.50 | 38,072 | 57.33 | 5.35 | 6.73 | 6.32 | 2.50 | 4.78 | 0.87 | 3.72 | 3.43 | 0.06 | 4.91 | 4.36 | 0.34 | 3.65 | 64.21 |
| ကရင်-ကျေးလက် | 4.76 | 38,784 | 66.73 | 4.12 | 4.77 | 5.55 | 2.78 | 3.19 | 1.43 | 2.53 | 2.00 | 0.18 | 3.61 | 2.81 | 0.38 | 2.76 | 49.34 |
| ရခိုင်-မြို့ပြ | 5.25 | 39,084 | 64.41 | 6.82 | 5.17 | 5.29 | 2.11 | 1.06 | 3.48 | 4.22 | 1.56 | 0.22 | 1.80 | 0.55 | 0.43 | 3.42 | 51.32 |
| ပဲခူး-မြို့ပြ | 4.50 | 39,388 | 61.61 | 4.43 | 4.22 | 5.25 | 2.06 | 6.90 | 3.02 | 2.87 | 2.73 | 0.16 | 4.06 | 6.39 | 0.38 | 2.32 | 57.64 |
| ကရင်-မြို့ပြ | 5.31 | 40,401 | 62.17 | 3.88 | 5.77 | 5.25 | 2.95 | 3.77 | 2.52 | 3.03 | 2.47 | 0.41 | 4.09 | 3.29 | 0.48 | 3.21 | 55.65 |
| ချင်း-မြို့ပြ | 5.08 | 41,021 | 61.22 | 4.56 | 4.34 | 4.66 | 2.23 | 2.53 | 4.44 | 3.11 | 3.72 | 0.20 | 4.95 | 1.97 | 0.21 | 3.79 | 53.38 |
| ရှမ်း-မြို့ပြ | 5.17 | 41,873 | 57.87 | 5.80 | 5.35 | 5.11 | 2.36 | 8.92 | 2.37 | 3.34 | 1.64 | 0.08 | 3.62 | 8.49 | 0.36 | 3.20 | 64.87 |
| ကချင်-မြို့ပြ | 5.50 | 42,452 | 63.46 | 5.76 | 7.34 | 4.27 | 2.15 | 2.77 | 2.34 | 3.24 | 2.79 | 0.09 | 3.69 | 2.46 | 0.27 | 1.84 | 54.17 |
| တနင်္သာရီ-မြို့ပြ | 4.88 | 42,863 | 56.95 | 9.30 | 5.68 | 4.49 | 1.81 | 9.85 | 1.63 | 2.11 | 1.86 | 0.20 | 4.00 | 9.43 | 0.63 | 1.50 | 65.19 |
| စစ်ကိုင်း-မြို့ပြ | 4.80 | 44,474 | 60.55 | 4.05 | 7.71 | 5.32 | 2.13 | 5.78 | 1.47 | 4.23 | 1.47 | 0.22 | 4.47 | 5.19 | 0.18 | 2.42 | 62.49 |
| ရန်ကုန်-မြို့ပြ | 4.42 | 45,819 | 60.80 | 4.56 | 6.96 | 3.62 | 2.15 | 5.31 | 4.38 | 3.43 | 2.61 | 0.14 | 2.65 | 4.84 | 0.30 | 3.09 | 58.52 |
| မန္တလေး-မြို့ပြ | 4.81 | 52,066 | 57.04 | 4.49 | 7.05 | 4.13 | 1.89 | 12.15 | 2.00 | 2.96 | 1.45 | 0.13 | 4.22 | 11.78 | 0.21 | 2.30 | 69.27 |


အခြေခံအဆောက်အအုံအတွက် သုံးစွဲမှုများ ဆက်လက်၍ ကြီးထွားလာပြီး အလုပ်အကိုင်များစွာ ပေးစွမ်းသော်လည်း၊ အလုပ်သမားများ ရှိမနေပါ။ ယင်းက သက်သေပြနေသည်မှာ လစာအဆင့်အတန်းများကိုဖြစ်ပြီး ဘဏ္ဍာရေး နှင့် ICT ကျွမ်းကျင်သူများသာ ဆောက်လုပ်ရေး လုပ်သားများထက် ပိုမိုသည့် ဝင်ငွေရရှိကြပါသည်။ ဖွံ့ဖြိုးမှု အဖွဲ့အစည်းဌာနများအနေဖြင့်လည်း လက်ရှိလုပ်ငန်းလှုပ်ရှားမှုအခြေခံအရ ထွက်ပေါ်လာသည့် အခြေခံအဆောက်အအုံကဏ္ဍအတွင်းမှ အခွင့်အလမ်းများကို အခါအခွင့်ယူ အသုံးချနိုင်ရန် ကောင်းစွာ နေရာချထားမှု မရှိသည့်ပုံကို တွေ့ရှိရာတွင် - ၂၀၁၂ မှ ၂၀၁၆ ခုနှစ်အတွင်း တင်ပြခဲ့သည့် 3W ဆိုင်ရာ လုပ်ငန်းဆောင်တာများ အားလုံး၏ (၅.၂%)သာ (သို့တည်းမဟုတ် ၆၃၂၇ဦးတွင် ၃၃၃ဦး) စိုက်ပျိုးရေးပိုင်းဆိုင်ရာ မဟုတ်သည့် ဝင်ငွေ နှင့် အခြေခံအဆောက်အအုံတို့အတွင်း အကျုံးဝင်မှု ရှိပါသည်။ အဆိုပါ လုပ်ငန်းများနှင့် ဆက်စပ်သည့် အတတ်ပညာဆိုင်ရာ ကျွမ်းကျင်မှုအရည်အသွေးများအတွက် အကူအညီပေးအပ်ခြင်းမှာလည်း ထည့်သွင်းစဉ်းစားသင့်သည့် နယ်ပယ်တစ်ခု ဖြစ်ပါသည်။

သယ်ယူပို့ဆောင်ရေးဆိုင်ရာ အခြေခံအဆောက်အအုံ မရှိခြင်း၊ တသီးတသန့်တည်နေရာတွင်နေထိုင်ခြင်း နှင့် ဆင်းရဲနွမ်းပါးမှုတို့မှာ တိုးတက်ကောင်းမွန်သည့် အသက်မွေးမှု အခွင့်အလမ်းများအတွက် ဆက်လက်၍ အတားအဆီး ဖြစ်ဆဲရှိနေပါသည်။ အာရှဖွံ့ဖြိုးရေးဘဏ်[၉၀] ၏ လေ့လာဆန်းစစ်မှုက မှတ်ချက်ပြုထားသည်မှာ သယ်ယူပို့ဆောင်ရေးဆိုင်ရာ အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးအတွင်း ရင်းနှီးထည့်ဝင်မှု မရှိခြင်းက မြန်မာနိုင်ငံအား ယင်း၏ အာဆီယံအဖွဲ့အတွင်းရှိ အဖွဲ့ဝင်နိုင်ငံများနောက်သို့ နောက်ကျကျန်နေမှုကိုဖြစ်စေကြောင်း - ခန့်မှန်း လူဦးရေ (၂၀)သန်း သို့တည်းမဟုတ် လူထု၏ (၄၀%) (ကျေးလက်လူထု၏ ထက်ဝက်ကျော် အပါအဝင်ဖြစ်) တို့တွင် ရာသီအားလုံးသွားလာနိုင်သည့် လမ်းများအား လက်လှမ်းမီမှု မရှိထားကြပါ ဟူ၍ဖြစ်ပါသည်။

(၉.၂)သန်းမျှ များပြားသောသူများ [ကျေးရွာများ၏ (၄၀%) သို့တည်းမဟုတ် ကျေးလက်လူထု၏ (၂၅%)] တို့မှာ မည်သည့် လမ်းမများနှင့်မျှ ဆက်သွယ်ထားခြင်းမရှိသည့် ကျေးရွာများအတွင်း နေထိုင်လျက်ရှိကြသည်ဟု ခန့်မှန်းထားပါသည်။ ရာသီမရွေးသွားလာနိုင်သော လမ်းမမှ (၂)ကီလိုမီတာ အကွာအဝေးတွင် နေထိုင်ကြသည့် ကျေးလက်လူထု၏ အစိတ်အပိုင်းကို ဖော်ပြပေးသည့် မြန်မာနိုင်ငံ၏ ကျေးလက်တွင်း လက်လှမ်းမီမှု လေ့လာအကဲဖြတ်မှု အညွှန်းဖော်ပြချက်မှာ (၃၆%) ထိ နည်းပါးမှုကို ဖော်ပြနေရာ အာဖဂန်နစ္စတန်နိုင်ငံ၏ အညွှန်းဖော်ပြမှု (၃၄%) နှင့် နီးစပ်နေပါသည်။ သို့သော် ကြီးမားသော ကွာခြားမှုများ ရှိနေရာ၊ အချို့သော ပြည်နယ်များနှင့် တိုင်းဒေသကြီးများအတွင်းရှိ ကျေးလက်လူထုများအတွက် လက်လှမ်းမီမှုအဆင့်များ ကောင်းစွာမြင့်မားမှုများရှိပြီး၊ အသိသာဆုံးမှာ မွန်ပြည်နယ်တွင် (၇၃%)၊ မန္တလေး နှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် (၆၀%) တို့ဖြစ်ပါသည်။ လက်လှမ်းမီမှု အဆင့်များ အနိမ့်ဆုံးမှာ ချင်းပြည်နယ် (ကျေးလက်လူထု၏ (၁၁%)သာ အခြေခံလမ်းပန်းဆက်သွယ်ရေးရှိသည်ဟု ခန့်မှန်းရ)၊ ထို့နည်းတူ ရခိုင်ပြည်နယ် (၁၅%)၊ ကရင်ပြည်နယ် (၁၆%) နှင့် ကချင်ပြည်နယ် (၁၈%) တို့ဖြစ်ကြပါသည်။ ယင်းက အခြားဒေသများအတွင်း (၂၃% မှ ၄၀%ထိ) ရှိနေခြင်းကို နှိုင်းယှဉ်မှုပေးပါသည်။ ရထားပြီးဖြစ်သည့် အခြေခံအဆောက်အအုံတို့ကို ဘေးအန္တရာယ်များဖြစ်ပွားမှုက ဆိုးရွားစွာ ဖျက်ဆီးပစ်နိုင်ပြီး၊ ချင်း နှင့် ရခိုင်ပြည်နယ် တို့အတွင်းတွင် သယ်ယူပို့ဆောင်ရေးဆိုင်ရာ အခြေခံအဆောက်အအုံများအနေဖြင့် များစွာ ပျက်စီးမှုဖြစ်ပွားထားခဲ့ပြီးဖြစ်ရာ ဆိုင်ကလုန်း Komen ဖြစ်ပွားပြီးနောက် ၂၀၁၅ ခုနှစ် ရေကြီးရေလျှံမှုနှင့် မြေပြိုမှုများကြောင့် အဆိုးရွားဆုံး ထိခိုက်ရိုက်ခတ်မှုခံခဲ့သည့် ပြည်နယ်များဖြစ်ကြပါသည်။

ပုံ (၅၈) ပြည်နယ်/တိုင်းဒေသကြီး အလိုက် ကျေးလက်လမ်းပန်း ဆက်သွယ်မှု – ADB ၂၀၁၆

| ပြည်နယ်/ တိုင်းဒေသကြီး | ကျေးလက် လမ်းပန်းဆက်သွယ်ရေး |
|---|---|
| မွန် | 73 |
| မန္တလေး | 61 |
| ရန်ကုန် | 60 |
| မကွေး | 39 |
| ပဲခူး | 37 |
| ကယား | 35 |
| တနင်္သာရီ | 34 |
| စစ်ကိုင်း | 28 |
| ဧရာဝတီ | 24 |
| ရှမ်း | 23 |
| ကချင် | 18 |
| ကရင် | 16 |
| ရခိုင် | 15 |
| ချင်း | 11 |



[၉၀] အာရှဖွံ့ဖြိုးရေးဘဏ် (၂၀၁၆)၊ မြန်မာနိုင်ငံသယ်ယူပို့ဆောင်ရေးကဏ္ဍမူဝါဒဆိုင်ရာ မှတ်ချက်။ ကျေးလက်လမ်းများနှင့် လက်လှမ်းမီရေးကိစ္စ။

# စိုက်ပျိုးရေးလုပ်ငန်း နှင့် စားနပ်ရိက္ခာ ဖူလုံမှု


## အဓိကတွေ့ရှိချက်များ

- (၅၄.၂%) သော အလုပ်သမားထုမှာ စိုက်ပျိုးရေးလုပ်ငန်း၊ ငါးလုပ်ငန်းနှင့် သစ်တောဆိုင်ရာလုပ်ငန်းတို့အတွင်း အလုပ်အကိုင်ရှိထားကြသော်လည်း မြန်မာနိုင်ငံတွင် အာဆီယံဒေသတွင်း စိုက်ပျိုးရေးဆိုင်ရာ အကျိုးအမြတ် အနည်းဆုံးနှင့် စိုက်ပျိုးရေးလုပ်ငန်း အနိမ့်ဆုံးအဆင့် လုပ်ခလစာတို့ ရှိနေပါသည်။
- ထိုကဲ့သို့သော နိမ့်ပါးသည့် ထုတ်လုပ်မှုအတွက် အကြောင်းတရားများတွင် စက်မှုလယ်ယာသို့ ကူးပြောင်းမှုနှုန်းများ နိမ့်ပါးနေခြင်း၊ ပိုးသတ်ဆေးများနှင့် ဓာတ်မြေသြဇာများ အနည်းဆုံးအသုံးပြုခြင်း နှင့် လူလုပ်အားအပေါ်တွင် များစွာ မှီခိုအားထားနေရခြင်း တို့ပါဝင်နေပါသည်။
- ဆန်စပါးသည် မြန်မာနိုင်ငံရှိ အားလုံးသော အဓိက စိုက်ပျိုးသီးနှံများအတွင်း အထူးသဖြင့် ရေအသုံးပြုရမှု အများဆုံးဖြစ်ပြီး နယ်မြေဒေသများစွာ၏ ရေအရင်းအမြစ်များအား သိသာထင်ရှားသည့် ဖိအားသက်ရောက်မှုဖြစ်စေကာ အသေးစားစိုက်ပျိုးရေးပြုလုပ်သည့် တောင်သူလယ်သမားများအတွက် အကျိုးအမြတ်ပိုမိုနည်းပါးမှုရှိနေပါသည်။

**အာဆီယံဒေသတွင်းတွင် မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးလုပ်ငန်း အကျိုးအမြတ်များမှာ အနိမ့်ပါးဆုံး ဖြစ်နေရာ** - ခန့်မှန်း အမေရိကန်ဒေါ်လာ (၁.၆)ဘီလီယံ ရှိသော အမြတ်အစွန်းများကို ထွန်ယက်စိုက်ပျိုးမြေမှ ရိတ်သိမ်းမှုပြုခဲ့သည့် မြေဧက စုစုပေါင်း (၁၄)သန်းမှ ထွက်ပေါ်စေခဲ့ကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ငါးလုပ်ငန်း ဝန်ကြီးဌာနက ဝေမျှထားသည့် ရိတ်သိမ်းထုတ်လုပ်မှုဆိုင်ရာ အချက်အလက်အပေါ်နှင့် LIFT ၏ ၂၀၁၆ခုနှစ် လယ်ယာထုတ်လုပ်မှု စီးပွားရေး စစ်တမ်းမှ သီးနှံဈေးနှုန်းများအတွက် ခန့်မှန်းတွက်ချက်မှုများအပေါ် အခြေခံချက်အရ ဖြစ်ပါသည်။ ယင်းက အဓိပ္ပာယ်ဖော်ပြသည်မှာ မြေတစ်ဧကလျှင် အမေရိကန်ဒေါ်လာ (၁၀၈.၁၅)ခန့်သာ (သို့) မြေတစ်ဟက်တာလျှင် အမေရိကန်ဒေါ်လာ (၂၆၇.၂၅)ခန့်သာ မြတ်စွန်းမှု ရှိကြောင်း ဖြစ်ပါသည်။ နှိုင်းယှဉ်ချက်အားဖြင့် ဗီယက်နမ်နိုင်ငံတွင် မိုးရာသီ စပါး တစ်ဟက်တာက အသားတင် အမြတ် အမေရိကန်ဒေါ်လာ (၄၅၀)ခန့် ရရှိပြီး၊ အင်ဒိုနီးရှားတွင် မိုးစပါးအနေဖြင့် အသားတင်အမြတ် တစ်ဟက်တာလျှင် အမေရိကန်ဒေါ်လာ (၁၅၀၀)အထိ ရယူနိုင်ပါသည်။ အခြားနည်းလမ်းဖြင့် ကြည့်ရှုပါက မြန်မာနိုင်ငံတွင် တစ်ရက်ရိတ်သိမ်းမှုလုပ်အားအနေဖြင့် ဆန်စပါး (၂၃)ကီလိုဂရမ်သာ ထုတ်လုပ်ပေးသည်ဟု ခန့်မှန်းရပြီး၊ နှိုင်းယှဉ်ကြည့်ပါက ကမ္ဘောဒီးယားနိုင်ငံတွင် (၆၂)ကီလိုဂရမ်၊ ဗီယက်နမ်နိုင်ငံတွင် (၄၂၉)ကီလိုဂရမ် နှင့် ထိုင်းနိုင်ငံတွင် (၅၄၇)ကီလိုဂရမ် တို့ဖြစ်ကြပါသည်။

**မြန်မာနိုင်ငံတွင် လူလုပ်အား အများဆုံးလိုသည့် လုပ်ငန်းအဆင့်ဆင့်လည်းရှိထားပြီး စိုက်ပျိုးရေးလုပ်ငန်း လုပ်အားခမှာလည်း အနိမ့်ဆုံးအဆင့် ဖြစ်နေရာ - ကမ္ဘောဒီးယားနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့တွင် မျှော်မှန်းနိုင်သည်ထက် ထက်ဝက်ခန့်သာ ရှိနေပါသည်။** စိုက်ပျိုးရေးကဏ္ဍ ထုတ်လုပ်မှုနှုန်း နိမ့်ပါးရခြင်းအတွက် အကြောင်းတရားများတွင် သုတေသနပြုခြင်း နှင့် ကျေးလက်ဒေသအတွက် အခြေခံအဆောက်အအုံ၊ စက်မှုလယ်ယာသို့ ကူးပြောင်းမှုနှုန်းများ နိမ့်ပါးနေခြင်း၊ ပိုးသတ်ဆေးများနှင့် ဓာတ်မြေသြဇာများ အနည်းဆုံးအသုံးပြုခြင်းနှင့် လူလုပ်အားအပေါ်တွင် များစွာမှီခိုအားထားနေရခြင်းနှင့်အတူ ယင်းကြောင့် ဝင်ငွေအပေါ် ဆက်လက်၍ အကန့်အသတ်ဖြစ်စေခြင်း တို့ပါဝင်နေပါသည်။[၉၁] ကောင်းမွန်သော အရည်အသွေးရှိသည့် စိုက်ပျိုးရေးလုပ်ငန်းတွင်း ထည့်ဝင်ရင်းနှီးမှုများ နည်းပါးလျက်ရှိရာ - ထောက်ခံချက်ပါသည့် မျိုးစေ့များမှာ ဥပမာအားဖြင့် ရှိထားသော သိုလှောင်မှု၏ (၁%) ထက်နည်းပါးနေပါသည်။ မြန်မာနိုင်ငံ၏ ရေသွင်းစိုက်ပျိုးသော နယ်ပယ်ဧရိယာမှာ များစွာနည်းပါးလျက် ၂၀၁၅ခုနှစ်အတွင်း (၁၅%)ရှိရာ၊ နှိုင်းယှဉ်မှုပြုပါက ထိုင်းနိုင်ငံတွင် (၃၀%)၊ တရုတ်နိုင်ငံတွင် (၅၀%) နှင့် ဗီယက်နမ်နိုင်ငံတွင် (၇၀%) တို့ဖြစ်ကြပါသည်။[၉၂]

ပုံ (၅၉) အာဆီယံအတွင်း စိုက်ပျိုးရေးလုပ်ငန်းအတွက် ထည့်ဝင်ရင်းနှီးသည့်အရာများအား နှိုင်းယှဉ်လေ့လာမှု - LIFT




[၉၁] Zorya S. (၂၀၁၄)၊ မြန်မာနိုင်ငံ-လယ်ယာထုတ်ကုန်စီးပွားရေးအပေါ် လေ့လာဆန်းစစ်ချက် (ရှင်းလင်းတင်ဆက်ခြင်း)။ နေပြည်တော်-LIFT

[၉၂] အသက်မွေးဝမ်းကျောင်းမှုနှင့် စားနပ်ရိက္ခာဖူလုံရေး ရန်ပုံငွေ Trust ရန်ပုံငွေ (၂၀၁၆)။ မြန်မာနိုင်ငံ-လယ်ယာထုတ်ကုန်စီးပွားရေးအပေါ် လေ့လာဆန်းစစ်ချက်။

**စပါးစိုက်ပျိုးထုတ်လုပ်ခြင်းမှ အကျိုးအမြတ်များမှာ နိုင်ငံ၏ နယ်ပယ်အသီးသီးတို့အတွင်း သိသိသာသာ ကွာခြားမှုရှိနေပြီး အိမ်နီးချင်းနိုင်ငံများထက် များစွာ နည်းပါးလျက်ရှိပါသည်။** သီးနှံများ အမျိုးမျိုးရှိနေသော်လည်း၊ မြန်မာနိုင်ငံတွင် စပါးမှာ အရေးအကြီးဆုံး စိုက်ပျိုးကုန်အဖြစ် ဆက်လက်ရှိနေပြီး သေးငယ်သည့် စိုက်ခင်းများအတွက်ဖြစ်စေ၊ ကြီးမားသည့် စိုက်ခင်းများအတွက် ဖြစ်စေ မိုးစပါးမှာ အဓိက သီးနှံတစ်ခု ဖြစ်နေပါသည်။ မိုးရာသီ စပါးထွက်ရှိမှုများမှာ ဆက်လက်၍ လွန်စွာ နည်းပါးလျက်ရှိဆဲဖြစ်ကာ တစ်နေရာမှ တစ်နေရာအတွင်း သိသာစွာ ကွာခြားမှုရှိနိုင်ရာ - LIFT[၉၃] ၏ ၂၀၁၃ခုနှစ် စစ်တမ်းက တွေ့ရှိရသည်မှာ စစ်ကိုင်းတိုင်းဒေသကြီးတွင် တစ်ဟက်တာလျှင် (၂.၄)တန်၊ ဧရာဝတီတိုင်းဒေသကြီးတွင် (၃.၈)တန် နှင့် ပဲခူးတိုင်းဒေသကြီးတွင် (၃.၀)တန် ထွက်ရှိမှုနှုန်းများ ဖြစ်ပါသည်။ ခြားနားမှုအားဖြင့် ဗီယက်နမ်နိုင်ငံ မဲခေါင်မြစ်ဝကျွန်းပေါ်ဒေသတစ်လျှောက်ရှိ နှိုင်းယှဉ်မှုပြုနိုင်သော အခြေအနေရှိသည့် နယ်မြေများအတွင်း တစ်ဟက်တာလျှင် (၆ မှ ၇.၅) တန် ထွက်နှုန်း ရှိပါသည်။ စပါးဈေးများမှာလည်း ကွာခြားရာ - ရှမ်းပြည်နယ်တွင် မိုးစပါး ဈေးနှုန်းများမှာ ဧရာဝတီတိုင်းဒေသကြီးထက် (၆၈%) ပိုမိုမြင့်မားကြောင်း LIFT လေ့လာမှုပြုလုပ်သည့် အချိန်အတောအတွင်း တွေ့ရှိပါသည်။ ခြုံငုံချက်အားဖြင့် စိုက်ပျိုးရိတ်သိမ်းမှုပြုသည့် ဧရိယာအကျယ်အဝန်း၏ (၅၁%)ထိ စပါးက နေရာယူထားသော်လည်း စုစုပေါင်း အမြတ်အစွန်း၏ (၃၁%)သာ ရှိပါသည်။

**စိုက်ပျိုးရေးလုပ်ငန်း အရွယ်အစားမှာ အမြတ်အစွန်းအတွက် အရေးပါသည့် ဆုံးဖြတ်ပေးသည့်အရာတစ်ခု ဖြစ်ကြောင်း တွေ့ရပါသည်။** အငယ်စား စိုက်ပျိုးရေးလုပ်ငန်းများ အထွက်နှုန်း ပိုမိုမြင့်မားမှုရှိနေသော်လည်း ၎င်းတို့အနေဖြင့် ယင်းအခြေအနေအား ပိုမိုမြင့်မားသည့် အမြတ်အစွန်းများအဖြစ်သို့ ပြောင်းလဲရန်မစွမ်းသာဘဲ၊ ပိုမိုကြီးမားသည့် စိုက်ပျိုးရေးလုပ်ငန်းများအနေဖြင့် ကုန်ကျစရိတ်လျှော့ချရန် ပိုမိုခေတ်မီသည့် နည်းပညာများ ရွေးချယ်အသုံးပြုနိုင်သည့် အနေအထားရှိပါသည်။ အမျိုးသမီးဦးစီးသည့် အိမ်ထောင်စုများသည် အမျိုးသားဦးစီးသည့် အိမ်ထောင်စုများထက် အမြတ်အစွန်း ပိုမိုနည်းပါးသည်ကို တွေ့ရှိရပါသည်။ မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်ကြသူများအနေဖြင့် ထုတ်လုပ်မှုကုန်ကျစရိတ်များကို တိုးမြင့်စေသည့် ကြီးထွားလာသော ဝန်ဆောင်မှုလုပ်ငန်း၊ လက်လီ နှင့် လက်ကား အရောင်းလုပ်ငန်းများတို့၏ လုပ်အားအတွက်လည်း ယှဉ်ပြိုင်ရုန်းကန်ရပါသည်။

**စိုက်ပျိုးရေးဝင်ငွေတစ်ခုတည်းက စိုက်ပျိုးရေးလုပ်ငန်းအသေးစားလုပ်ကိုင်ကြသည့် တောင်သူလယ်သမားများအား ဆင်းရဲနွမ်းပါးမှုအတွင်းမှ ထုတ်မပေးနိုင်ပါ။** မြန်မာနိုင်ငံ၏ အလုပ်သမားထု စစ်တမ်းအရ အလုပ်သမားထု၏ (၅၄.၂%) တို့မှာ စိုက်ပျိုးရေး၊ ငါးလုပ်ငန်းနှင့် သစ်တောလုပ်ငန်းကဏ္ဍများအတွင်း အလုပ်ခန့်အပ်ထားခံရကြပြီး၊ ယင်းကဏ္ဍများအနေဖြင့် စီးပွားရေးကဏ္ဍအတွင်း ၎င်းတို့၏ အစိတ်အပိုင်းပါဝင်မှုအနေဖြင့် တန်ဖိုးဆက်လက်ကျဆင်းနေပါသည် (လုပ်သားထု ပါဝင်မှုအနေဖြင့် မဟုတ်သော်လည်း)။ LIFT စစ်တမ်းက ကောက်ချက်ချသည်မှာ တစ်ဟက်တာရှိ လယ်ယာစိုက်ပျိုးမြေရှိပြီး တစ်နှစ်လျှင် (၂)သီးစား စိုက်ပျိုးထုတ်လုပ်ကြသည့် မြန်မာနိုင်ငံရှိ တောင်သူလယ်သမားများအနေဖြင့် ၎င်းတို့၏ အိမ်ထောင်စုဝင်အားလုံးကို ဆင်းရဲတွင်းမှ ဆွဲထုတ်ပေးရန် မစွမ်းသာကြကြောင်း ဖြစ်ပါသည်။ မြန်မာနိုင်ငံ အလုပ်သမားထု စစ်တမ်းက တွေ့ရှိသည်မှာ အိမ်ထောင်စုများ၏ (၅)ပုံ တစ်ပုံကျော်မှာ (၀.၂)ဧက မြေကို ပိုင်ဆိုင်ကြပြီး၊ ကျေးလက်ဒေသများတွင် ပျမ်းမျှအားဖြင့် တစ်အိမ်ထောင်လျှင် (၁.၃၈)ဟက်တာ မြေကို ပိုင်ဆိုင်ကြကြောင်း ဖြစ်ပါသည်။[၉၄] မြန်မာနိုင်ငံ၏ အာဆီယံအဖွဲ့ဝင်နိုင်ငံများဖြစ်သည့် ထိုင်း နှင့် ဗီယက်နမ် စသည်တို့တွင် အရေးအကြီးအဆုံးနှင့် အထိရောက်ဆုံး ဆင်းရဲနွမ်းပါးမှု လျှော့ပါးသက်သာစေရေး ဖြေရှင်းဆောင်ရွက်မှုလုပ်ငန်းများမှာ တိုးတက်ကောင်းမွန်သော စိုက်ပျိုးရေးအလေ့အထများ နှင့် ခက်ခဲမှုရှိသည့် စိုက်ပျိုးရေးကဏ္ဍ ပြုပြင်ပြောင်းလဲရေးများတို့မှ ဆင်းသက်လာခြင်း ဖြစ်ပါသည်။

**မြန်မာနိုင်ငံတွင် ကြီးမားသည့်အတိုင်းအတာဖြင့် ထုတ်လုပ်သော စပါးသည် နယ်မြေဒေသများစွာ၏ ရေအရင်းအမြစ်များအပေါ်တွင် သိသာထင်ရှားသည့် ဖိအားသက်ရောက်မှု ရှိစေပါသည်။** စပါးအနေဖြင့် ပုံမှန်မဟုတ်သည့် မိုးရွာသွန်းမှုနှင့် ခန့်မှန်း၍ မရသည့် မိုးရာသီအခြေအနေတို့မှာ ထိခိုက်သက်ရောက်မှုခံနေရပြီး၊ မျှော်မှန်းထားသည်ထက် နည်းပါး၍ မြတ်စွန်းမှုရှိကြောင်းတွေ့ရကာ အထူးသဖြင့် ဆောင်းရာသီနှင့် ခြောက်သွေ့ရာသီများအတွင်း မြန်မာနိုင်ငံ၏ ဂေဟဝန်းကျင်ကိုမှီတည်လျက် စိုက်ပျိုးရေးပြုလုပ်သည့် ဒေသများ အများစုတွင် စိုက်ပျိုးထုတ်လုပ်မှုအတွက် ကုန်ကျစရိတ်ကြီးမားခြင်းကြောင့် ဖြစ်ပါသည်။ ရေသွင်းပေးနိုင်ပြီး ထည့်ဝင်နိုင်မည့် အရင်းအနှီး ရှိထားသည့် နယ်မြေဒေသများအနေဖြင့် နွေစပါးဖြင့် အမြတ်အစွန်းကို ပြုလုပ်နိုင်ခြေရှိသော်လည်း စွတ်စိုမှုမရှိသည့် ပိုမိုခြောက်သွေ့သော အပူပိုင်းဒေသများအနေဖြင့် စပါးအစား ကုန်ကျစရိတ်ပိုနည်းသည့် ပဲများနှင့် ဆီထွက်သီးနှံများ အပေါ်မှီခိုအားထားကြပါသည်။ အခြားသော ဒေသတွင်းရှိ နိုင်ငံများအနေဖြင့် ယခင် တစ်ချိန်က ဆန်စပါးအပေါ်တွင်သာ လွန်စွာမှီခိုအားထားမှုပြုခဲ့ရပြီး၊ ယခုတွင် အခြားသော စိုက်ပျိုးသီးနှံများ အမျိုးမျိုးသို့ ပြောင်းလဲစိုက်ပျိုးကြရာ ပြောင်း၊ ပဲ နှင့် ဆီထွက်သီးနှံတို့ ပါဝင်ပါသည်။ စိုက်ပျိုးရေးဆိုင်ရာ အလေ့အထများ အပြောင်းအလဲဖြစ်စေရန် နှိုးဆော်ပေးနိုင်ရန် ပြည်သူ့လူထုဆိုင်ရာ လုပ်ငန်းအစီအစဉ်များကို ပြန်လည်ပုံစံပြုပေးခြင်း အနေဖြင့် မြန်မာနိုင်ငံအား ယင်း၏ စိုက်ပျိုးရေးအခြေခံအား ထပ်ဆင့်အမျိုးမျိုးကွဲပြားမှုရှိစေရန် အကူအညီပေးကောင်းပေးနိုင်မည်ဖြစ်ပြီး ရာသီဥတု အပြောင်းအလဲများရုတ်ခြည်းဖြစ်ပေါ်ခြင်းများမှ စိုက်ပျိုးရေးလုပ်ငန်းကဏ္ဍရပ်ကို ကာကွယ်မှုပေးကာ အမြတ်အစွန်းများကို တိုးပွားစေနိုင်ရန် ဖြစ်ပါသည်။

**တစ်ဧကရိတ်သိမ်းမှု အသားတင် အမြတ်ထွက်ရှိမှု အမြင့်ဆုံးရရှိနေကြသည့် မြို့နယ်များမှာ မိုးစပါး စိုက်ပျိုးခြင်းမှ အတော်များများ ဆုတ်ခွာသွားလေ့ရှိကြရာ - LIFT ၏ လေ့လာဆန်းစစ်မှုအတွင်း အမြတ်အစွန်းအများဆုံးထွက်ရှိသည့် သီးနှံအဖြစ် တွေ့ရှိထားသည့် ပြောင်းကို** ပြောင်းလဲစိုက်ပျိုးခြင်းအပေါ်တွင် များစွာသော မြို့နယ်များက အာရုံစိုက်ထားခဲ့ကြပါသည်။ အဆိုပါ စစ်တမ်းအတွင်း လယ်ယာမြေအား အကျိုးအမြတ်အများဆုံးထွက်ရှိအောင် အသုံးပြုနေကြသည့် အခြားသော နယ်မြေများအတွင်း မှတ်သားဖွယ် တွေ့မြင်ရလေ့ရှိသည့်အရာမှာ ၎င်းတို့အနေဖြင့် လစာငွေပေးစရာမလိုသည့် မိသားစုဝင်လုပ်သားများအပေါ် မှီခိုလုပ်ကိုင်သည့် အချက်ဖြစ်ပါသည်။ စိုက်ပျိုးသီးနှံအမျိုးမျိုးထား ရှိခြင်းသည် စိုက်ပျိုးရေးကဏ္ဍအတွင်း ဒဏ်ခံနိုင်ရည်အား အဓိက ခန့်မှန်းမှုပြုနိုင်သည့် အချက်များထဲမှ တစ်ခုဖြစ်ကြောင်း အခြေအနေ အတိုင်းအတာအတွက် ထပ်ဆင့်သုတေသန ပြုလုပ်ရန် လိုအပ်ပါသည်။


**စိုက်ပျိုးရေးကဏ္ဍ တိုးချဲ့မှု လုပ်ငန်းဝန်ဆောင်မှုများအား တိုးပွားစေခြင်းနှင့် တိုးတက်ကောင်းမွန်မှုရှိစေခြင်းတို့မှာ လိုအပ်သော စီမံဆောင်ရွက်မှုဆိုင်ရာ အပြောင်းအလဲအတွက် သော့ချက်ဖြစ်ပါမည်။** LIFT အရ တောင်သူလယ်သမားများအနေဖြင့် စပါးစိုက်ပျိုးထုတ်လုပ်ခြင်းတွင် ယူရီးယားဓာတ် နှင့် ကွန်ပေါင်းဓာတ်မြေသြဇာများကို အနှံ့အပြား အသုံးပြုကြသော်လည်း၊ ၎င်းတို့အနေဖြင့် ပုံမှန်အားဖြင့် မလုံလောက်သည့် နှုန်းများနှင့် သင့်တော်မှုမရှိသည့် ပေါင်းစပ်သုံးစွဲမှုတို့ကို ပြုလုပ်ကြပါသည်။ မြန်မာနိုင်ငံရှိ တောင်သူလယ်သမားများသည် အခြားသော အာဆီယံနိုင်ငံများအတွင်း သုံးစွဲသည့် နိုက်ထရိုဂျင်ဓာတ်နှင့် ဖော့စဖရတ် သုံးစွဲမှုနှုန်းထားများ၏ တစ်ဝက်ကိုသာ ထည့်သုံးကြပြီး၊ ပိုတက်ဆီယံဓာတ်အား လျော့ကျစေသည့် နိုက်ထရိုဂျင်ဓာတ်နှင့် ဖော့စဖရတ်ဓာတ်များကို လွန်ကဲစွာအသုံးပြုသည့်အတွက် အထွက်နှုန်းမကောင်းခြင်းကိုလည်း ဖြစ်ပေါ်စေပါသည်။ (၁)ကီလိုဂရမ်ရှိသော နိုက်ထရိုဂျင်အနေဖြင့် မြန်မာနိုင်ငံတွင် စပါး (၃၀)ကီလိုဂရမ်ကိုသာ ထွက်ရှိစေရာ၊ ထိုင်းနိုင်ငံတွင် (၇၂)ကီလိုဂရမ် အထွက်နှုန်းနှင့် နှိုင်းယှဉ်ကြည့်နိုင်ပါသည်။

---

[၉၃] အထက်တွင်ရည်ညွှန်းထားပြီးဖြစ်သည်။

[၉၄] အလုပ်သမားဝန်ကြီးဌာန၊ အလုပ်အကိုင်ခန့်ထားခြင်းနှင့် လူမှုဖူလုံရေးဗဟိုစာရင်းအင်းအဖွဲ့၊ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ (၂၀၁၆)၊ မြန်မာနိုင်ငံ အလုပ်သမားအင်အား၊ ကလေးအလုပ်သမားနှင့် ကျောင်းမှ အလုပ်သို့ ကူးပြောင်းခြင်း စစ်တမ်း ၂(၀၁၅) ၏ အဓိကတွေ့ရှိချက်များ။

ပုံ (၆၀) စိုက်ပျိုးရေးမြေ အကျယ်အဝန်း ညွှန်းဆိုချက် – WFP




စိုက်ပျိုးရေးကဏ္ဍ၏ အားနည်းချက်များအနေဖြင့် စိုက်ပျိုးရေးအပေါ်မှီခိုအားထားနေရသည့် မိသားစုများအတွက် ရာသီဥတုဆိုင်ရာ ဘေးသင့်မှုများနှင့် ဖိအားဒဏ်များအပေါ်တွင် ထိခိုက်လွယ်မှု တိုးပွားစေပါသည်။ နာဂစ်ဆိုင်ကလုန်းမုန်တိုင်း[၉၅] အားလေ့လာသုံးသပ်မှုတစ်ခုက တွေ့ရှိသည်မှာ ဖြစ်ရပ်ဖြစ်ပွားပြီး (၅)နှစ်ကြာပြီးနောက် စစ်မှန်သည့် ပြန်လည်နလန်ထူမှု မရှိဘဲ ထိခိုက်ရိုက်ခတ်မှုခံရသည့်သူများအနေဖြင့် ပတ်ဝန်းကျင်ဆိုင်ရာ ပျက်စီးမှုနှင့် ရုတ်တရက်ဖြစ်သော ကပ်ဘေးများအတွက် ပိုမို၍ ထိခိုက်လွယ်မှုရှိကြောင်း ဖြစ်ပါသည်။ ဆိုင်ကလုန်းမုန်တိုင်းအနေဖြင့် တောင်သူလယ်သမားများ မှီခိုအားထားသည့် ငွေချေးငှားမှု၊ ရိတ်သိမ်းမှု နှင့် ချေးငွေပြန်ဆပ်မှုဖြစ်သော စိုက်ပျိုးရေးဖြစ်စဉ်အားပြင်းထန်စွာ နှောင့်ယှက်ဖျက်ဆီးခဲ့ကာ များစွာသောသူများအတွက် ထပ်ဆင့်ချေးငွေများကို အမျိုးမျိုးသော ပင်ရင်းများမှ ရယူစေခဲ့ပါသည်။ တိုက်ရိုက်ဆုံးရှုံးမှုများအပြင် ဆားငန်ရေဝင်ရောက်မှုနှင့် ခိုင်းစေမှုပြုသည့် တိရစ္ဆာန်များ သေဆုံးမှုတို့ ပေါင်းစပ်လိုက်သောကြောင့် အထွက်နှုန်းများ ပိုမိုနည်းပါးသွားရာ - များစွာသော တောင်သူလယ်သမားများအနေဖြင့် ၎င်းတို့၏ သုံးစွဲရန် လိုအပ်ရာများအတွက် ကာမိစေရန် ၎င်းတို့၏ စပါးများကို ရိတ်သိမ်းမှု ပြီးပြီးချင်း တိုက်ရိုက်ရောင်းချမှုပြုလုပ်ခဲ့ကြရာတွင် ၎င်းတို့ပုံမှန်ရနိုင်သည့် ဈေးနှုန်းများထက် ပိုမိုလျော့နည်း၍ ရောင်းချခဲ့ရပါသည်။ ယင်းကြောင့် အန္တရာယ်ရှိသည့် ဘဝအရေးရပ်တည်မှုနည်းလမ်းများကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုခဲ့ကြရာတွင် လယ်ယာမြေ၊ အသက်မွေးမှုအတွက်ထားသည့် အရင်းအနှီးများ နှင့် ပိုင်ဆိုင်မှုများ ရောင်းချမှုပြုခြင်း၊ အစားအစာ စားသောက်မှုနှုန်း လျှော့ချခြင်းနှင့် လွန်ကဲစွာ ချေးငှားမှုပြုရခြင်း စသည်တို့ ဖြစ်ကြပါသည်။


ဆိုင်ကလုန်းကြောင့်ဖြစ်သည့် ပတ်ဝန်းကျင် ပျက်စီးမှု (အဓိကအားဖြင့် ဆားငန်ရေဝင်ရောက်မှု နှင့် မြစ်တိုက်စားမှု) မှာ တောင်သူလယ်သမားများ၏ အသက်မွေးမှုပြုရန် ရင်းနှီးထည့်ဝင်သည့်အရာများအပေါ် ရင်းနှီးမြှုပ်နှံမှုပြုရန် မတတ်နိုင်သည့်အတွက် ပိုမိုဆိုးရွားသွားပါသည်။ စိုက်ပျိုးရေးအတွက် ရင်းနှီးထည့်ဝင်မှုများအတွက် သုံးစွဲရေးအပေါ်တွင် ဦးစားပေးရန် လိုအပ်နေခြင်းက စိုက်ပျိုးထုတ်လုပ်မှုများနှင့် သီးနှံအရည်အသွေးတို့အပေါ် ထပ်မံ၍ဆွဲချမှုဖြစ်စေခဲ့ရာ ထွန်ယက်စိုက်ပျိုးမြေအများစုအတွင်း အင်းဆက်ပိုးမွှားများနှင့် အခြားသော ခြင်/ယင်ကဲ့သို့အကောင်များ ဝင်ရောက်စေပြီး ထုတ်လုပ်မှုနှုန်းကို ဆက်လက်၍ မြန်ဆန်စွာ ကျဆင်းစေပါသည်။ ဆိုင်ကလုန်းမုန်တိုင်းဖြစ်ပွားပြီးနောက် (၅)နှစ်အကြာတွင် လူတွေ့မေးမြန်းခဲ့သူများ၏ အများစုမှာ ဆက်လက်၍ ရုန်းကန်နေရဆဲဖြစ်ကာ (၎င်းတို့၏ ကြွယ်ဝမှုအညွှန်းနှင့်မသက်ဆိုင်) နာဂစ်မတိုင်မီက ဝင်ငွေအဆင့်အတန်းများအထက်သို့ ရောက်ရှိရန်လည်း လိုအပ်နေသေးပါသည်။

ထိခိုက်သက်ရောက်မှုခံကြရသည့် လူထုအသိုင်းအဝိုင်းများစွာတို့အတွက် နာဂစ်မှာ မွေနှောက်ဖျက်ဆီးမှု ထိုးနက်ချက်တစ်ခု ဖြစ်ခဲ့ပြီး၊ ၎င်းတို့အနေဖြင့် ပြန်လည်နလန်မထူနိုင်သည့်အချက်က ဆိုင်ကလုန်းမုန်တိုင်းနှင့် အခြားသော ကြီးမားသည့် ရာသီဥတုဆိုင်ရာ ဖြစ်စဉ်ဖြစ်ရပ်များက ဝင်ငွေအလားအလာ လမ်းကြောင်းများအပေါ် ရေရှည်ထိခိုက်ရိုက်ခတ်မှုအား အလေးပေးဖော်ပြနေပါသည်။ လုံလောက်မှုမရှိသည့် ရေတို အကူအညီများကြောင့် အဆိုးဘက်သက်ရောက်သည့် ဘဝအရေးကိုင်တွယ်ဖြေရှင်းမှု နည်းလမ်းသံသရာအား ပိုမိုတွန်းအားဖြစ်စေပြီး ရေရှည်ဖြစ်သည့် ထုတ်လုပ်မှုကောင်းမွန်စေသည့် ရင်းနှီးထည့်ဝင်မှုများ မရှိခြင်း (ဆုံးရှုံးသွားသော စီးပွားရေးအလားအလာ အတွက်) တို့ကြောင့် ထိခိုက်သက်ရောက်မှုခံရသူများအနေဖြင့် ၎င်းတို့၏ အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းပြည့်မီမှုရှိရန် အနည်းငယ်သာ စွမ်းဆောင်နိုင်သည့် အခြေအနေအား ဖြစ်ပေါ်စေလျက်ရှိရာ၊ ရှောင်လွှဲ၍ မဖြစ်နိုင်သော ဆင်းရဲတွင်းနှင့် အကြွေးနွံများအတွင်းမှ ထွက်ရန်မှာ နောက်တွင်မှစဉ်းစားနိုင်မည့် အခြေအနေဖြစ်နေပါသည်။ များစွာသော သူတို့အနေဖြင့် ပတ်ဝန်းကျင် ပျက်စီးထားမှုအပေါ် ထပ်၍ ပိုမိုဖိအားဖြစ်စေမည့် ရေရှည်တည်တံ့မှု မရှိနိုင်သည့် အသက်မွေးဝမ်းကျောင်းမှု နည်းဗျူဟာများကို နှစ်ဆတိုး၍ ပြုလုပ်ရန်မှတစ်ပါး အခြားနည်းလမ်းမရှိသည့် အနေအထားသို့ ကျရောက်သွားပါတော့သည်။

---

[၉၅] Enlightened Myanmar Institute, ကမ္ဘာ့ဘဏ် & GFDRR (၂၀၁၄)၊ အခြားနာဂစ်ကဲ့သို့ မုန်တိုင်းများ နေ့စဉ်တိုက်ခတ်နေသည်-နာဂစ်မုန်တိုင်းအပြီး လူမှုရေးကဏ္ဍအပေါ် သက်ရောက်မှု ၅နှစ်တာ စောင့်ကြည့်ရေး။

ပုံ (၆၁) စိုက်ပျိုးရေးလုပ်ငန်း စက်ဝန်းအပေါ် နာဂစ်ဆိုင်ကလုန်းမုန်တိုင်း၏ ရိုက်ခတ်သက်ရောက်မှု – EMI, WB & GFDRR




အခြေအနေအား သက်သာလျော့ပါးစေသည့် လုပ်ဆောင်ချက်များက စိုက်ပျိုးရေးကဏ္ဍအပေါ်တွင် အသက်မွေးမီှခိုနေရသည့်သူများအပေါ် ကျရောက်သည့် ရာသီဥတုနှင့်ဆက်စပ်သည့် ဘေးကျရောက်မှုများကြောင့်ဖြစ်သည့် ရေရှည်ဖြစ်သည့် စီးပွားရေးဆိုင်ရာနှင့် ပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်ပျက်စီးမှုအား ကန့်သတ်နည်းပါးစေနိုင်ပါသည်။ ဆန်စပါးစိုက်ပျိုးထုတ်လုပ်ခြင်းမှ သီးနှံစုံစိုက်ပျိုးရေး အကူအညီသို့ ပြောင်းလဲအလေးပေးအာရုံစိုက်ခြင်းကို ဆင်းရဲနွမ်းပါးမှု လျှော့ချရေးအတွက် စိုက်ပျိုးရေးကဏ္ဍအပေါ် ပိုမိုကောင်းမွန်စွာ အခွင့်ကောင်းယူအသုံးချနိုင်ရန်အလို့ငှာ မရှိမဖြစ် လိုအပ်မည်ဖြစ်ပါသည်။ ရေအရင်းအမြစ် စီမံခန့်ခွဲမှုဆိုင်ရာ နှင့် ဆည်မြောင်းဆိုင်ရာ အခြေခံအဆောက်အအုံများ၊ အအေးခန်း သိုလှောင်ရုံများ၊ ပျိုးပင်ဖောက်ရန်/သုံးစွဲစားသုံးရန် အစေ့များကို သန့်စင်မွမ်းမံသည့် စက်ရုံများ၊ နှင့် စိုက်ပျိုးရေး တိုးချဲ့မှုဆိုင်ရာ လုပ်ငန်းဝန်ဆောင်မှုများ၊ ထို့နည်းတူ ကျေးလက်ရှိ ဆင်းရဲနွမ်းပါးသည့် အိမ်ထောင်စုများအနေဖြင့် စိုက်ပျိုးရေးအသေးစားအတွက် သုံးသည့် စက်ပစ္စည်းများကို လက်လှမ်းမီရရှိမှု ရှိစေမည့် စရိတ်မျှပေး အစီအစဉ်များ စသည်တို့အပေါ်တွင် ထပ်ဆင့်တိုးချဲ့ ရင်းနှီးထည့်ဝင်မှုများကို လိုအပ်ပါသည်။ ပါဝင်ကူညီလုပ်ကိုင်သူအား အခငွေထုတ်ပေးခြင်း/ငွေသားခွဲဝေပေးခြင်း ဆိုင်ရာ ရေတို၊ အလယ်အလတ် နှင့် ရေရှည် အတိုင်းအတာရှိသည့် အစီအစဉ်များသည် လယ်ယာလုပ်ငန်းအသေးစားလုပ်ဆောင်သည့် တောင်သူလယ်သမားများ နှင့် လယ်ယာမြေမရှိကြသည့် အိမ်ထောင်စုများအနေဖြင့် ဘေးဒဏ်သင့်ပြီးနောက် ဝယ်ယူသုံးစွဲရန် လိုအပ်ချက်တို့အပေါ်တွင် အထောက်အကူဖြစ်စေနိုင်ပြီး၊ ထုတ်လုပ်ရေးသုံး ပိုင်ဆိုင်မှုများအား ရောင်းချမှုပြုခြင်းအား တားဆီးပေးနိုင်ကာ ချေးငွေရရှိရေးအား လွယ်ကူမှုရှိစေခြင်း၊ ပေးဆပ်ရန်ကျန်ရှိနေသည့် အကြွေးများအား ပြန်လည်ပြင်ဆင်သတ်မှတ်ပေးခြင်း နှင့် ချေးငွေယူသူများကို အရင်းအနှီးပြန်လည်ဖြည့်တင်းပေးခြင်းတို့အနေဖြင့် စီးပွားရေးပြန်လည်နလန်ထူရေးအား အကူအညီ ဖြစ်စေနိုင်ပါသည်။ မြေယာအား ယခင်ထုတ်လုပ်မှုပုံစံပြန်ရရှိရန် ပြန်လည်ထိန်းသိမ်းနိုင်ရန်အတွက် အဆင့်ခြေလှမ်းများအနေဖြင့် ဘေးဒဏ်သင့်မှုကြောင့် ဖြစ်ပွားသော ပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုဆိုင်ရာ အကျိုးဆက်များကို တန်ပြန်နိုင်ရန် ရင်းနှီးထည့်ဝင်ရမည့်အရာများကို ဖြန့်ဖြူးပေးခြင်းနှင့် အစားထိုးလဲလှယ်ပေးခြင်း၊ မြစ်ရိုးတာတမံများအား မြှင့်တင်ပေးခြင်း နှင့် မြေယာပြန်လည်လျှောက်ထားမှုပြုလုပ်ခြင်း လုပ်ငန်းများအားဖြင့် ထုတ်လုပ်မှုကို တည်ငြိမ်မှုရှိအောင် ပြုလုပ်ပေးနိုင်ပါသည်။

# အပိုင်း (၃)
# ထိခိုက်လွယ်မှု - အဓိက တွေ့ရှိချက်များ

ယခု လေ့လာသုံးသပ်မှုအတွင်း ဖော်ထုတ်ထားသည့် ထိခိုက်လွယ်မှု အညွှန်းဖော်ပြချက်အပေါ် အခြေခံလျက် လူထု၏ (၄၄%)ခန့် (၂၂.၇ သန်းသော မြန်မာနိုင်ငံမှ လူများ) တို့တွင် ထိခိုက်လွယ်မှု ပုံစံတစ်မျိုးမျိုး ရှိထားကြပါသည်။ အဆိုပါ ပုဂ္ဂိုလ်များသည် အောက်ပါ အမျိုးမျိုးကွာခြားသည့် အခြေအနေများကို ပေါင်းစပ်ကြုံတွေ့ခံစားကြရပါသည် -

- **ကောင်းမွန်ခြင်းမရှိသည့် အိမ်ဆောက်ပစ္စည်းများ** - မြန်မာနိုင်ငံတွင် အိမ်ထောင်စုပေါင်း (၁၁၁၆၉၅၂၆) ၏ (၃၃%) (၃၇၁၆၀၅၇) သည် ဝါး (သို့) မြေသား ကြမ်းခင်းများပါသည့် အိမ်များ ရှိထားဆဲဖြစ်ပြီး၊ (၃၅.၈%) (၄၀၀၄၀၁၉) အိမ်ထောင်စုတို့တွင် ဝါး (သို့) သက်ငယ် အမိုးများ ရှိကြပါသည်။
- **ပညာရေးမရှိခြင်း နှင့် ပညာသင်ယူတတ်မြောက်မှု ကောင်းမွန်မှုမရှိခြင်း** - အသက် (၁၅)နှစ် အထက်ရှိသည့် သူများ (၄၃၆၉၄၂၃)ဦး (၁၆.၂%) တို့တွင် ပုံမှန်ပညာရေးတတ်မြောက်အောင်မြင်ထားမှု မရှိဘဲ၊ လူငယ် (၂၀၆၁၉၁၇)ဦး နှင့် (၉.၅% သော ကျောင်းနှင့် တက္ကသိုလ်ကောလိပ် တက်ရောက်နေသည့် အရွယ်ရှိ လူထု) ကလေးများ အနေဖြင့် ၂၀၁၄ခုနှစ် သန်းခေါင်စာရင်း ကောက်ယူသည့်အချိန်တွင် ကျောင်းတက်ရောက်ဖူးခြင်း မရှိကြချေ။
- **ဘေးကင်းသည့် သန့်ရှင်းရေးစနစ် နှင့် တိုးတက်ကောင်းမွန်သည့် သောက်သုံးရေ မရှိခြင်း** - အိမ်ထောင်စုပေါင်း (၁၆၉၅၉၃၄) (သို့) နိုင်ငံအဝှမ်းလုံး၏ (၁၅.၁%) တို့တွင် အိမ်သာမရှိကြပါ။ (၂၆.၃%) (၂၉၃၇၉၈၅ အိမ်ထောင်စု) တို့အနေဖြင့် ဘေးကင်းသည့် သန့်ရှင်းရေးစနစ် မရှိကြဘဲ၊ (၃၁.၁%) (၃၄၇၄၅၃၈ အိမ်ထောင်စု) တို့အနေဖြင့် တိုးတက်ကောင်းမွန်သော သောက်သုံးရေ ရရှိလက်လှမ်းမီမှု မရှိကြပါ။
- **ပဋိပက္ခအတွင်း တိုက်ရိုက်ကျရောက်နေခြင်း** - မြို့နယ် (၆၈)ခုတွင်း နေထိုင်ကြသူများအနေဖြင့် ၂၀၁၅ခုနှစ် ဇန်နဝါရီလ မှ ၂၀၁၆ ခုနှစ် ဒီဇင်ဘာလအတွင်း အမျိုးမျိုးသော အတိုင်းအတာဖြင့် ပဋိပက္ခဖြစ်ပွားမှုနှင့် နေရပ်စွန့်ခွာရွှေ့ပြောင်းရမှုတို့ကို တိုက်ရိုက်တွေ့ကြုံခံစားခဲ့ကြရပါသည်။[၉၆] အဆိုပါ အချိန်ကာလအတောအတွင်း အနည်းဆုံး ထိပ်တိုက်ရင်ဆိုင်ဖြစ်ပွားသည့်ပဋိပက္ခ (၂)ပွဲ ကြုံတွေ့ခဲ့ကြရသည့် မြို့နယ်များအတွင်းတွင် လူပေါင်း (၅.၆)သန်း နေထိုင်ကြပါသည်။


အဆိုပါ ထိခိုက်လွယ်အားနည်းကြသည့်သူများအတွက် အခြေအနေအကြောင်းအရာများနှင့် လိုအပ်ချို့တဲ့နေမှုများမှာ ယခုအစီရင်ခံစာ၏ ကျန်ရှိအပိုင်းများအတွင်း အဓိက အလေးပေးအာရုံစိုက်သွားမည်ဖြစ်ရာ၊ နိုင်ငံအနှံ့ ထိခိုက်လွယ်မှုနှင့် ထိခိုက်လွယ်အားနည်းနေသူများ မည်သို့ ပုံမှန်မဟုတ်ဘဲ အမျိုးမျိုး ဖြန့်ကျက်တည်ရှိနေကြသည့်အပေါ်တွင်လည်း မီးမောင်းထိုး ပြသပေးသွားမည် ဖြစ်ပါသည်။ သို့ဖြစ်သော်လည်း မှတ်သားထားရန် အရေးကြီးသည်မှာ ယခုလေ့လာဆန်းစစ်မှု အများစုအတွက် အခြေခံဖြစ်သည့် ၂၀၁၄ခုနှစ် အိမ်အကြောင်းရာနှင့် သန်းခေါင်စာရင်းက သန်းခေါင်စာရင်းကောက်ယူမှု ပြုလုပ်ခဲ့ခြင်းမရှိသည့် နယ်မြေဒေသများအတွက် လူဦးရေ ခန့်မှန်းချက်များ ဖော်ပြပေးထားသော်လည်း အခြားသော အညွှန်းဖော်ပြချက်များနှင့် ပတ်သက်၍ အသေးစိတ်အချက်အလက်များကို ဖော်ပြပေးထားခြင်းမရှိကြောင်း ဖြစ်ပါသည်။ ယင်းအချက်၏ သက်ရောက်မှုမှာ ရခိုင်ပြည်နယ်ရှိ မောင်တောခရိုင်အတွင်း အဓိကဖြစ်ပြီး၊ သက်ရောက်မှု အတိုင်းအတာအားဖြင့် ပိုမိုနည်းပါးသည့်နေရာများမှာ ကချင် နှင့် ကရင်ပြည်နယ်တို့အတွင်း ရှိပါသည်။ တည်နေရာအခြေပြု လေ့လာမှုစစ်တမ်းများမှ သတင်းအချက်အလက်များက ဖော်ပြသည်မှာ ထိခိုက်လွယ်မှု အဆင့်များမှာ အထူးသဖြင့် ရခိုင်ပြည်နယ်တွင် စာရင်းဖြည့်သွင်းမှုများပြုလုပ်နိုင်ခဲ့သည်ရှိသော် ပိုမိုမြင့်မားမှု ရှိပါလိမ့်မည် ဟူ၍ဖြစ်သည်။

ရှမ်းပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် ထိခိုက်လွယ်အားနည်းသည့် အကြီးမားဆုံးသော လူထုများ ရှိကြပြီး၊ နယ်မြေအရွယ်အစားနှင့် သက်ဆိုင်ရာ ထိခိုက်လွယ်မှုအခြေအနေ နှစ်မျိုးစလုံးအား အခြားသော ပြည်နယ်များနှင့် တိုင်းဒေသကြီးများနှင့် နှိုင်းယှဉ်မှု ပြုလုပ်ရာတွင်သုံးသည့် ပုံသေနည်းတစ်ခုအရဖြစ်ပါသည်။ အောက်ပါ ပုံ (၆၁) က ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် ထိခိုက်လွယ်မှု အညွှန်းဖော်ပြချက်ကို အသုံးပြုပြီး ထိခိုက်လွယ်အားနည်းမှုရှိသည်ဟု ယူဆသည့် လူဦးရေအရေအတွက်အား နှိုင်းယှဉ်ပြသထားပါသည်။ မှတ်ချက်ပြုဖော်ပြပေးထားသည့်အတိုင်း ကျန်းမာရေး နှင့် အာဟာရဆိုင်ရာ အချက်အလက်များအတွင်း လစ်ဟာချက်များရှိနေရာ ယင်းတို့ကို ထိခိုက်လွယ်မှုအညွှန်းဖော်ပြချက်အတွင်း ထည့်သွင်းထားခြင်း မရှိပါ - အထူးသဖြင့် ကျန်းမာရေး နှင့် အာဟာရဆိုင်ရာ အားနည်းသည့် အညွှန်းဖော်ပြချက်ရှိနေသည့် နယ်မြေများတွင် ထိခိုက်လွယ်မှုအား သတ်မှတ်ချက်မှာ ဆက်လက်၍ ပိုမိုမြင့်မားမှု ရှိနေနိုင်ရန် များပါသည်။

ထိခိုက်လွယ်အားနည်းကြသည့်လူထု၏ အရေအတွက်များကို ထိခိုက်လွယ်မှု အဆင့်အတန်းများနှင့် ယှဉ်တွဲ၍ စဉ်းစားသုံး သပ်ပေးရမည်ဖြစ်ကာ ပြည်နယ်/တိုင်းဒေသကြီး အဆင့်အောက်အတွက် လေ့လာဆန်းစစ်မှုနှင့် စောင့်ကြည့်လေ့လာမှုတို့ကို လိုအပ်မည်ဖြစ်သည်။ ပြည်နယ်/တိုင်းဒေသကြီးအဆင့် အညွှန်းဖော်ပြချက်များကို အလေးပေးကြည့်ရှုခြင်းက အထူးသဖြင့် ဖွံ့ဖြိုးမှုအညွှန်းဖော်ပြချက်များ လွန်စွာနည်းပါးခြင်းနှင့် မြင့်မားခြင်းတို့ရှိနေသည့် မြို့နယ်များကို ဖုံးကွယ်မှုဖြစ်စေနိုင်ရာ၊ ပုံ (၆၂) တွင် တွေ့မြင်နိုင်သည့်အတိုင်း ပြည်နယ်/တိုင်းဒေသ ကြီး တစ်ခုချင်းစီရှိ မြို့နယ်များအတွင်း ထိခိုက်လွယ်မှု ကွာခြားချက်အမျိုးမျိုးကို ပြသထားပါသည်။ မြို့နယ်တစ်မြို့နယ်ချင်းစီကို အစက်အ ပြောက်တစ်ခုအားဖြင့် ကိုယ်စားပြုပေးထားကာ၊ ယင်းအစက်၏ အရွယ်အစားမှာ အဆိုပါ မြို့နယ်အတွင်းရှိ ထိခိုက်လွယ်မှုရှိသည့် လူထု၏ အရေအတွက်ခန့်မှန်းခြေကို ထင်ဟပ်မှုပေးပါသည်။ မြို့နယ်ကိုယ်စားပြု အစက်ပြောက်များ၏ ဒေါင်လိုက် ရှည်လျားမှုက ထိခိုက်လွယ်မှု အညွှန်းကိန်းတန်ဖိုး ပိုမိုမြင့်မားပါက ပိုမိုမြင့်မားမှုရှိသည့် ထိခိုက်လွယ်မှုကို ထင်ဟပ်ပေးခြင်းအားဖြင့် သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီး တစ်ခု အတွင်းရှိ ထိခိုက်လွယ်မှုအခြေအနေ ကွာခြားမှု အမျိုးမျိုးကို ဖော်ပြပေးပါသည်။ ယင်းပုံစံဇယားက မြို့နယ်များအတွင်း ထိခိုက်လွယ်မှု ပျမ်းမျှအဆင့်အတန်းများကို နှိုင်းယှဉ်ပြသပေးရာ၊ မီးခိုးရောင် လေးထောင့်အကွက်များက သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီး အတွင်းရှိ ထိခိုက်လွယ်မှု ရှိနေသော လူထု၏ (၂၅% မှ ၇၅%) အတွင်းရှိသည့် ထိခိုက်လွယ်မှု ကိန်းဂဏန်းများကို ဖော်ပြပေးလျက်၊ မြို့နယ်များအနေဖြင့် အလားတူညီမှုရှိပါက ယင်းကိန်းဂဏန်း ဝန်းကျင်တွင် အများအားဖြင့် အတူတကွစုစည်းပေးထားပါသည်။

[၉၆] ယခုအချိန်အတိုင်းအတာအတွင်း လက်ရှိဖြစ်ပွားနေသောပဋိပက္ခများကို ကြုံတွေ့နေရသည့် မြို့နယ်များကိုရည်ညွှန်းပါသည်၊ အတိုက်အခံဖြစ်ပွားနေသောဒေသများရှိ မြို့နယ်များ အားလုံးမပါဝင်ပါ။

ပုံ (၆၂) ပြည်နယ်/တိုင်းဒေသကြီးအလိုက် ထိခိုက်လွယ်အားနည်းသူ အရေအတွက်[၉၇]




**ပြည်နယ်/တိုင်းဒေသကြီး အဆင့် အချက်အလက်များက ဖော်ညွှန်းပြသည်မှာ ရန်ကုန်၊ နေပြည်တော် နှင့် မန္တလေးတို့တွင် ထိခိုက်လွယ်မှု အနည်းဆုံးရှိကြောင်းဖြစ်သော်လည်း ထိခိုက်လွယ်အားနည်းမှု ရှိသောသူ အရေအတွက်နှင့် ၎င်းတို့၏ ထိခိုက်လွယ်မှု အဆင့်နှင့် ပတ်သက်လျှင် များစွာကွာခြားကွဲပြားနေပါသည်။** ပြည်နယ်များနှင့် တိုင်းဒေသကြီးများ အားလုံးတို့အတွင်း ကွဲပြားခြားနားသည့် အမျိုးစားများအတွင်း ကျရောက်သည့် မြို့နယ်အစုအဝေးတစ်ခုစီရှိကြရာ၊ သို့ဖြစ်သော်လည်း ပလက်ဝ နှင့် နန်းယွန်း ကဲ့သို့သော အချို့မြို့နယ်များမှာ ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး အသီးသီးတို့၏ ပျမ်းမျှအစုအဝေးများ ပြင်ပသို့ ကျရောက်လျက်ရှိပါသည်။ ပြည်နယ်/တိုင်းဒေသကြီး အဆင့်တွင် ရန်ကုန်တိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့က မြို့နယ်များအတွင်း ထိခိုက်လွယ်မှု အခြေအနေ အမျိုးမျိုးကွဲပြားမှု အကျယ်ပြောဆုံးဖြစ်နေကြောင်း ပြသထားပြီး၊ ထို့နောက်တွင်မူ မန္တလေးတိုင်းဒေသကြီး၊ ချင်း နှင့် ရခိုင်ပြည်နယ်တို့ ရှိနေပါသည်။ မကွေးတိုင်းဒေသကြီး နှင့် နေပြည်တော်နယ်မြေတို့က ပြသသည်မှာ မြို့နယ်များတစ်လျှောက် ကွဲပြားခြားနားမှု အနည်းဆုံးရှိကြောင်း ဖြစ်ပါသည်။ ရှမ်း၊ ရခိုင် နှင့် ကယားပြည်နယ်များတွင် ထိခိုက်လွယ်အားနည်းမှုရှိသောသူ အရေအတွက် (သက်ဆိုင်သည့်လူထု၏ ခန့်မှန်းအရေအတွက်ကိုပြသည့် အနီရောင် အစက်များအား တွေ့မြင်ရသည့်အတိုင်း) ပိုမိုများပြားစွာရှိသည့် မြို့နယ်များ ထူထပ်မှု အမြင့်မားဆုံး ရှိနေပါသည်။


**မြို့နယ်များအား နှိုင်းယှဉ်ကြည့်ခြင်းသည် ပိုမိုအသုံးဝင်မှုရှိသည့် အချက်အလက်များကို ထုတ်လုပ်ပေးပြီး၊ ယင်းသို့နှိုင်းယှဉ်ခြင်းသည် ယခုလေ့လာဆန်းစစ်မှု၏ အလေးပေးမှုပင်ဖြစ်ပါသည်။** အောက်ပါ အမျိုးအစားခွဲခြားပြသည့် ပုံဇယားကွက်တွင် နိုင်ငံအဝှမ်းရှိ မြို့နယ်ပေါင်း (၃၃၀)ခု ပါဝင်ပြီး ယင်းတို့၏ပြည်နယ် နှင့် တိုင်းဒေသကြီး အရောင်ကို ချိတ်ဆက်ပေးထားပါသည်။ ဇယားကွက်အတွင်း အမှတ်တစ်ခုချင်းစီမှာ မြို့နယ်တစ်ခုချင်းစီကို ကိုယ်စားပြုထားပြီး အတိုင်းအတာအမျိုးအစား (၂) မျိုး အပေါ်တွင် မူတည်ထားရာ၊ ပထမမှာ ယင်း၏ ထိခိုက်လွယ်မှုဖြစ်ပွားမှုပမာဏ နှင့် ဒုတိယမှာ ယင်းမြို့နယ်အတွင်းရှိ ထိခိုက်လွယ်အားနည်းသူ အရေအတွက်ကို သန်းခေါင်စာရင်း နှင့် ACLED အချက်အလက်အစုများမှ ထုတ်နုတ်ထားသည့် ထိခိုက်လွယ်မှု အညွှန်းဖော်ပြချက်အပေါ်တွင် မူတည်၍ ပြသပေးထားသည်။ ကိန်းဂဏန်း ပိုနည်းလေ ထိခိုက်လွယ်မှု အခြေအနေ ပိုမိုများပြားမှုကို ဖော်ပြကြောင်း မှတ်သားပါ။ ထိခိုက်လွယ်မှုနှုန်း နည်းပြီး ထိခိုက်လွယ်အားနည်းသူလူထု၏ အရေအတွက် နည်းသည့်မြို့နယ်များသည် လက်ဝဲဘက်အောက်ခြေရှိ အကွက်တွင်ကျရောက်ပြီး၊ ယခုအညွှန်းအရ ထိခိုက်လွယ်မှု ပိုမိုရှိနေသည့် လူထု၏ အရေအတွက် ပိုမိုမြင့်မားပါက လက်ယာဘက် အပေါ်အကွက်အတွင်း ကျရောက်ပါသည်။

[၉၇]လူဦးရေကိန်းဂဏန်းများမှအပ မြို့နယ်တန်ဖိုးများသည် သန်းခေါင်စာရင်းကောက်ယူခဲ့သည့် လူဦးရေအပေါ်အခြေခံထားခြင်းဖြစ်ပြီး သန်းခေါင်စာရင်းကောက်ယူထားခြင်းမရှိသည့်လူအုပ်စုများကို အပြည့်အဝ ထင်ဟပ်မည်မဟုတ်ပါ။

၂၀၁၄ခုနှစ် သန်းခေါင်စာရင်းကို အသုံးပြုထားသည့် အညွှန်းဖော်ပြချက်အရ၊ မောင်တောမှာ ထင်ရှားစွာ သီးခြားဖြစ်နေရာ၊ အကြောင်းမှာ ယင်းတွင် ထိခိုက်လွယ်အားနည်းသူများ များပြားသည့် အရေအတွက် ရှိနေသည့်အတွက် ဖြစ်ပါသည်။ မောင်တောရှိ သိသာသည့် အရေအတွက်ရှိ လူထုအပေါ် သန်းခေါင်စာရင်းကောက်ယူမှု ပြုလုပ်ထားခြင်းမရှိသည့်အတွက်ကြောင့် ယခုလေ့လာဆန်းစစ်ချက်က ၂၀၁၆ ခုနှစ် နှောင်းပိုင်း ဖြစ်ရပ်များနှင့် ဆက်စပ်နေသည့် ထိခိုက်သေဆုံးမှုများနှင့် နေရပ်စွန့်ခွာရွှေ့ပြောင်းမှုတို့ကို ထည့်သွင်းထားခြင်း မရှိရာ၊ ယင်းကိန်းဂဏန်းများသည် သမာရိုးဆန်နေမည်ဟု မျှော်မှန်းထားပါသည်။ ယင်းနယ်မြေ၏ အရွယ်အစားနှင့် နိမ့်ပါးသည့် နေထိုင်မှု အခြေအနေများကြောင့် အောက်ပါ အမျိုးအစားခွဲခြားပြသည့် ပုံဇယားကွက်အတွင်း လက်ယာဘက် အပေါ်ပိုင်းထောင့်နေရာအတွင်း ယင်းအား နေရာယူစေပြီး၊ ယင်းတွင် ပိုမို၍ လူဦးရေထူထပ်သော ထိခိုက်လွယ်မှုရှိသည့် နယ်မြေများ ပါဝင်နေလေ့ရှိပါသည် (နိုင်ငံအဝှမ်း - မြို့နယ်တစ်မြို့နယ်ချင်းစီရှိ ထိခိုက်လွယ်မှု ကိန်းဂဏန်း နှင့် ထိခိုက်လွယ်အားနည်းသူ အရေအတွက်အား ထင်ဟပ်ပြသည့် ပုံ (၆၅) ကို ကြည့်ပါ)။ ယခုအပိုင်းတွင် ရခိုင်ပြည်နယ်(အနီရောင်)၊ ရှမ်းပြည်နယ် (ပန်းရောင်)၊ ဧရာဝတီတိုင်းဒေသကြီး (အပြာ) တို့မှ မြို့နယ်များနှင့် ကရင်ပြည်နယ် (အစိမ်း) ၏ အစိတ်ပိုင်းများ အများအားဖြင့် ပါဝင်ထားပြီး၊ ယင်းတို့မှာ လေ့လာသုံးသပ်မှုပြုသည့် အချိန်ကာလအတောအတွင်း ပဋိပက္ခအတွင်း အများဆုံး ကျရောက်ခဲ့ပါသည်။


ထိခိုက်လွယ်မှုအခြေအနေ ဖြစ်ပွားမှုပမာဏ မြင့်မားမှုသည် ၎င်းတို့၏ လူဦးရေ အရွယ်အစား သေးငယ်မှုနှင့် ကျဲပါးမှုကြောင့် ပိုမို ဆိုးရွားမှုရှိသည့် မြို့နယ်များကို ပုံ (၆၅) ၏ လက်ယာဘက် အောက်ထောင့်တွင် စုဝေးပြထားပါသည်။ ယင်းအုပ်စုအတွင်းတွင် ရှမ်းပြည်နယ်ရှိ နယ်မြေများနှင့် စစ်ကိုင်းတိုင်းဒေသကြီး၏ ဝေးလံသည့် အစိတ်ပိုင်းအချို့တို့ အဓိက ပါဝင်နေပါသည်။ ယင်းတို့သည် ပဋိပက္ခနှင့် ပထဝီမြေပြင်နေအထားအရ ဝေးလံမှုတို့အပေါ် အင်မတန်မြင့်မြင့်မားမား ကျရောက်နေသည့်အတွက် အခြေခံဝန်ဆောင်မှုများအတွက် တိုးတက်ကောင်းမွန်အောင် ပြုလုပ်ခြင်းများ (ရှိခဲ့လျှင်) အဆိုပါ နယ်မြေများသို့ နောက်ဆုံးမှ ရောက်ရှိနိုင်မည့် အခြေအနေဖြစ်ပါသည်။

ပုံ (၆၃) မြို့နယ်အဆင့် ထိခိုက်လွယ်မှု အညွှန်း နှင့် ထိခိုက်လွယ်မှု ရှိနေသော ခန့်မှန်း လူဦးရေ*





*လူဦးရေကိန်းဂဏန်းများမှအပ မြို့နယ်တန်ဖိုးများသည် သန်းခေါင်စာရင်းကောက်ယူခဲ့သည့် လူဦးရေအပေါ်အခြေခံထားခြင်းဖြစ်ပြီး သန်းခေါင်စာရင်းကောက်ယူထားခြင်းမရှိသည့် လူအုပ်စုများကို အပြည့်အဝ ထင်ဟပ်မည်မဟုတ်ပါ။

ပုံ (၆၄) ပြည်နယ် နှင့် တိုင်းဒေသကြီး တစ်ခုချင်းစီရှိ မြို့နယ်များတစ်လျှောက် ထိခိုက်လွယ်အားနည်းသည့် လူထုအမျိုးမျိုး*




*လူဦးရေကိန်းဂဏန်းများမှအပ မြို့နယ်တန်ဖိုးများသည် သန်းခေါင်စာရင်းကောက်ယူခဲ့သည့် လူဦးရေအပေါ်အခြေခံထားခြင်းဖြစ်ပြီး သန်းခေါင်စာရင်းကောက်ယူထားခြင်းမရှိသည့်လူအုပ်စုများကို အပြည့်အဝ ထင်ဟပ်မည်မဟုတ်ပါ။

ပုံ (၆၅) မြို့နယ်အလိုက် ထိခိုက်လွယ်မှု အခြေအနေ*




*လူဦးရေကိန်းဂဏန်းများမှအပ မြို့နယ်တန်ဖိုးများသည် သန်းခေါင်စာရင်းကောက်ယူခဲ့သည့် လူဦးရေအပေါ်အခြေခံထားခြင်းဖြစ်ပြီး သန်းခေါင်စာရင်းကောက်ယူထားခြင်းမရှိသည့် လူအုပ်စုများကို အပြည့်အဝ ထင်ဟပ်မည်မဟုတ်ပါ။

ထိခိုက်လွယ်မှုအရှိဆုံး နယ်မြေများ၏ နိမ့်ပါးသည့် နေထိုင်မှု အခြေအနေများသည် ဆက်လက်ရှိမြဲဖြစ်နေမည်ဟု မျှော်မှန်းရပြီး၊ အကြောင်းမှာ အဆိုပါ မြို့နယ်များစွာတို့တွင် ရင်းနှီးမြှုပ်နှံမှုနှင့် အလုပ်အကိုင်အခွင့်အလမ်းများအား ဆွဲဆောင်နိုင်ရန် လိုအပ်သည့် လူဦးရေသိပ်သည်းမှုနှုန်း မရှိသည့်အတွက် ဖြစ်ပါသည်။ ထို့ပြင် လက်လှမ်းမီနိုင်မှု အခြေအနေ နိမ့်ပါးနေသည့်အတွက် အဆိုပါ နယ်မြေများအတွက် ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုများ ပေးအပ်ရန် ကုန်ကျစရိတ်ကို ခုနိမ်ပြီး စိုက်ထုတ်ပေးရန် ထပ်ဆင့် ကြိုးပမ်းအားထုတ်မှုများ လိုအပ်နေပါသည်။

များစွာသော အချက်အလက်အစုအဝေးများအတွင်း ချင်းပြည်နယ်သည် အဆင်းရဲဆုံးနှင့် ထိခိုက်လွယ်မှုအရှိဆုံး ဒေသအဖြစ် အသိအမှတ်ပြုခြင်း ခံထားရသော်လည်း ပိုမိုအသေးစိတ်ကျသည့် ကြည့်ရှုသုံးသပ်မှုက သိသာထင်ရှားသည့် ကွာခြားမှုအပြောင်းအလဲအား ဖော်ပြနေပါသည်။ ချင်းပြည်နယ်ရှိ များစွာသော မြို့နယ်များသည် အားလုံးသော မြို့နယ်များအတွက် ပျမ်းမျှ၏ အထက် (သို့) တစ်ဝိုက်အတွင်း သန်းခေါင်စာရင်း အညွှန်းဖော်ပြချက်များ အများစုအရ အမှန်တကယ်တွင် ကျရောက်လျက်ရှိပြီး၊ ခြွင်းချက်အားဖြင့် လျှပ်စစ်ရရှိမှု နှင့် မီခိုကလေး အချိုးတို့နှင့်အတူ ဖြစ်ပါသည်။ ပလက်ဝ၊ ကန်ပက်လက် နှင့် မင်းတပ် တို့တွင် ထိခိုက်လွယ်မှု အခြေအနေ အမြင့်ဆုံးအဆင့်ရှိ နေသော်လည်း ပလက်ဝမှာ အထူးသဖြင့် နိမ့်ပါးသည့် အခြေအနေ ဖြစ်တည်မှုကြောင့် သီးခြားရပ်တည်လျက်ရှိကာ ချင်းပြည်နယ်အတွင်းရှိ အခြေအနေအပေါ် မိမိတို့၏ နားလည်သိရှိမှုအား ဖြည့်စွက်မှု ဖြစ်စေခဲ့ပါသည်။

မီခိုကလေး အချိုးအစားများ (နှင့် ထို့ကြောင့် စုစုပေါင်း မှီခို အချိုးအစား) များမှာ ချင်းပြည်နယ်၏ များစွာသော အစိတ်အပိုင်းများတွင် (၈၀%) ထက် ကျော်လွန်နေပါသည် (ကန်ပက်လက်၏ စုစုပေါင်း မှီခို အချိုးအစားမှာ (၀.၉၁) ဖြစ်သည်)။ ယင်းက ဖော်ပြသည်မှာ ဝင်ငွေတိုးပွားမှု တစ်ခုတည်းအနေဖြင့် နေထိုင်မှုအခြေအနေများကို လုံလောက်စွာ ပြောင်းလဲမပေးနိုင်ကြောင်းဖြစ်ရာ၊ အကြောင်းမှာ အမေရိကန်ဒေါ်လာ လုပ်ခ တစ်ဒေါ်လာ တိုးမြှင့်တိုင်း တစ်ဦးချင်းဝင်ငွေများမှာ ဒေါ်လာ (၀.၄၀) ဝန်းကျင်သာ တိုးတက်သွားသည့်အတွက် ဖြစ်ပါသည်။

ပုံ (၆၆) ချင်းပြည်နယ်၏ ရွေးချယ်ထားသည့် သန်းခေါင်စာရင်း အညွှန်းဖော်ပြမှုများ၊ ကြွယ်ဝမှု အဆင့် နှင့် ထိခိုက်လွယ်မှု အဆင့်

| မြို့နယ်အမည် | မီးထွန်းရန် လျှပ်စစ် % | ဘေးကင်းသည့် မိလ္လာ/ရေဆိုးထုတ်စနစ် % | သက်ငယ် နှင့် ဝါး အမိုး % | CGI အမိုး % | ကျောင်းလုံးဝ မနေဖူးသည့် လူဦးရေ % | မူလတန်း ပညာရေး အနည်းဆုံးရှိ % | အလယ်တန်း ပညာရေး အနည်းဆုံးရှိ % | မှီခိုကလေး အချိုး | ကြွယ်ဝမှု အဆင့် - မြို့နယ် ၃၃၀ (ကမ္ဘာ့ဘဏ်) | ကူညီကင်း အဆင့် - မြို့နယ် ၃၃၀ (MIMU) |
|---|---|---|---|---|---|---|---|---|---|---|
| ပလက်ဝ | 5.19% | 24.29% | 58.5% | 38.80% | 19.3% | 59.70% | 25.08% | 73.3 | 5 | 8 |
| ကန်ပက်လက် | 12.12% | 53.99% | 63.0% | 34.80% | 11.2% | 63.58% | 34.57% | 83.4 | 20 | 52 |
| မင်းတပ် | 4.14% | 84.93% | 34.1% | 64.49% | 13.6% | 61.93% | 32.61% | 80.9 | 84 | 69 |
| တွန်းဇံ | 12.53% | 82.35% | 26.4% | 68.35% | 7.9% | 83.29% | 42.11% | 81.0 | 134 | 106 |
| မတူပီ | 13.63% | 83.46% | 18.9% | 80.74% | 9.5% | 70.23% | 37.18% | 72.2 | 131 | 164 |
| တီးတိန် | 18.84% | 93.50% | 5.7% | 91.14% | 7.3% | 82.52% | 42.04% | 73.7 | 231 | 188 |
| ထန်တလန် | 24.86% | 89.02% | 12.7% | 86.96% | 9.3% | 79.19% | 41.19% | 73.3 | 221 | 201 |
| ဟားခါး | 17.96% | 97.39% | 7.5% | 92.07% | 5.6% | 84.62% | 47.63% | 58.5 | 273 | 247 |
| ဖလန်း | 33.71% | 95.17% | 6.2% | 88.93% | 5.0% | 85.61% | 48.50% | 64.3 | 252 | 250 |
| ချင်းပြည်နယ် တစ်ဝှမ်း မြို့နယ်များ ပျမ်းမျှ | 31.31% | 71.42% | 35.58% | 61.17% | 11.76% | 79.38% | 36.70% | 46.1 | | |


# အပိုင်း (၄)
# အမျိုးတူမြို့နယ် အုပ်စုများကို လေ့လာဆန်းစစ်ချက်

ထိခိုက်လွယ်မှုဆိုင်ရာ ဤအညွှန်းဖော်ပြချက်ကြောင့် ထိခိုက်လွယ်မှုရှိနေသူများ မြန်မာနိုင်ငံတွင်း အမျိုးစုံလင်စွာ ပျံ့နှံ့တည်ရှိနေမှုတို့ကို ကျယ်ကျယ်ပြန့်ပြန့် နားလည်သဘောပေါက်နိုင်မည်ဖြစ်ပြီး၊ ထိုသူတို့အပေါ်သက်ရောက်နေသည့် အမျိုးမျိုးသော ပြဿနာနှင့်အန္တရာယ်များကိုဖြေရှင်းကိုင်တွယ်ရန်အတွက် မဟာဗျူဟာများ ရေးဆွဲချမှတ်ရာ၌ ၎င်းအချက်နစ်ရပ်စလုံးတို့သည် မဖြစ်မနေ ထည့်သွင်းစဉ်းစားရမည့် အကြောင်းရင်းခံများ ဖြစ်ပါသည်။ ဤစုပေါင်းအညွှန်းကိန်းကိုသုံးစွဲ၍ ဖွံ့ဖြိုးတိုးတက်မှုနည်းပါးခြင်း၊ ရာသီဥတုအန္တရာယ်နှင့် ပဋိပက္ခအညွှန်းစသဖြင့် အမျိုးမျိုးသော အညွှန်းများအတွက်ပါ ကြိုတင်တွက်ဆနိုင်ပါသည်။ ယခုပုံစံကို မြို့နယ်အဆင့်တွင် ကနဦးအသုံးပြုထားခြင်းဖြစ်သော်လည်း ကျေးရွာအုပ်စုအဆင့်ရှိ အချက်အလက်များ ရရှိဦးမည်ဆိုပါက ယခုပုံစံ၏ တွေးခေါ်မှုစနစ်သည် ကျေးရွာအုပ်စုအဆင့်၌ပါ မှန်ကန်နေဦးမည်ဖြစ်သည်။

ထိခိုက်လွယ်မှုဆိုင်ရာ MIMU-HARP အညွှန်းကိန်းသည် ဆင်းရဲနွမ်းပါးမှုအဆင့်ကို ထင်ဟပ်ရန် အသုံးပြုခဲ့သည့် အခြားစံပုံစံများနှင့် တူညီသော ရလဒ်များကို ထုတ်လုပ်ပေးထားပါသည်။ ထိခိုက်လွယ်မှုဆိုင်ရာ MIMU-HARP အညွှန်းဖော်ပြချက်မှ ထွက်ရှိသည့် ရလဒ်များသည် သန်းခေါင်စာရင်း အချက်အလက်[၉၈] မှ ထုတ်နုတ်ခဲ့သည့် ကမ္ဘာ့ဘဏ်၏ မြို့နယ်ကြွယ်ဝမှုအဆင့် သတ်မှတ်ချက်နှင့်သော်လည်းကောင်း၊ ၂၀၁၃ ခုနှစ် ဇွန်လမှ ၂၀၁၅ ခုနှစ်[၉၉] ဇူလိုင်လအတွင်း နိုင်ငံတစ်ဝှမ်းရှိ စံပြရွာများအား သုံးသပ်အကဲဖြတ် စောင့်ကြည့်မှု အချက်အလက်များ မှရရှိခဲ့သည့်  ကမ္ဘာ့စားနပ်ရိက္ခာ၏ ဆင်းရဲသောအိမ်ထောင်စုများဖြစ်ပွားမှု ခန့်မှန်းခြေနှင့်သော်လည်းကောင်း စသဖြင့် ရလဒ်များတူညီမှုရှိပါသည်။ ဤနည်းလမ်း (၃) ရပ် စလုံးသည် မတူညီသည့် တိုင်းတာမှုစနစ်များကို အသုံးပြုထားပြီး မတူသောဇာစ်မြစ်သုံးခုမှ အမှီအခိုကင်းကင်း ရရှိခဲ့သည့်တိုင်အောင် ယေဘုယျပုံရိပ်မှာ အတော်အတန်ပင် ဆင်တူလျက်ရှိပါသည်။

အဓိကခြားနားချက်တစ်ခုမှာ ပဋိပက္ခဒဏ်တိုက်ရိုက်ခံစားရသည့်ဒေသများကို MIMU-HARP အညွှန်းဖော်ပြချက်၏ ထိခိုက်လွယ်မှုအခြားရှုထောင့်များနှင့်အတူ ထင်ဟပ်ပြသထားခြင်း ဖြစ်ရာ၊ ရှမ်းပြည်နယ်နှင့် မြန်မာနိုင်ငံအရှေ့တောင်ပိုင်းတို့တွင် အရောင်ရင့်များဖြင့်ပြသထားသည့်မြို့နယ်များတွင် မြင်တွေ့ရသည့်အတိုင်း ဖြစ်ပါသည်။ မှတ်ချက်ပြုထားသည့်အတိုင်း ဤအညွှန်းဖော်ပြချက်သည် ၂၀၁၅ခုနှစ် ဇန်နဝါရီလမှ ၂၀၁၆ခုနှစ် စက်တင်ဘာ ကာလအတွင်း ပဋိပက္ခနေ့တိုက်ရိုက်ဖြစ်ရပ် အားလုံး၏အရေအတွက်ကိုဖော်ပြသော်လည်း ပဋိပက္ခဖြစ်ရပ်အကြိမ်နှုန်းကိုသော်လည်းကောင်း ပဋိပက္ခဖြစ်ရပ်တစ်ခုစီ၏ ကာလကိုသော်လည်းကောင်း ထင်ဟပ်ပြသခြင်းမရှိပေ။ သို့သော် ဤအညွှန်းဖော်ပြချက်ဖြင့်တောင် တူညီချက်များစွာရှိနေပြီး ဥပမာဆိုရလျှင်ချင်းပြည်နယ်တောင်ပိုင်းသည် ချင်းမြောက်ထက် ထိခိုက်လွယ်မှုပိုမိုခြင်း၊ အလားတူပင်ရှမ်းပြည်နယ်၊ စစ်ကိုင်းအထက်ပိုင်း၊ ရခိုင်မြောက်ပိုင်းနှင့် ကချင်ဒေသအချို့တို့တွင် ထိခိုက်လွယ်မှုအဆင့် ပိုမိုမြင့်မားလျက်ရှိခြင်း စသဖြင့်ပုံစံ ၃ ခုစလုံးတို့မှ တူညီစွာထင်ဟပ်ပြသလျက်ရှိပါသည်။

**ပုံ (၆၇) မြို့နယ်အဆင့် ထိခိုက်လွယ်မှုအဆင့်ရလဒ် နှင့် ထိခိုက်လွယ်အားနည်းသူခန့်မှန်း လူဦးရေ ***





*လူဦးရေကိန်းဂဏန်းများမှအပ မြို့နယ်တန်ဖိုးများသည် သန်းခေါင်စာရင်းကောက်ယူခဲ့သည့် လူဦးရေအပေါ်အခြေခံထားခြင်းဖြစ်ပြီး သန်းခေါင်စာရင်းကောက်ယူထားခြင်းမရှိ သည့်လူအုပ်စုများကို အပြည့်အဝ ထင်ဟပ်မည်မဟုတ်ပါ။

---

[၉၈]မြို့နယ်များ၏ကြွယ်ဝမှုအဆင့်သတ်မှတ်ချက်ကို အညွှန်းဖော်ပြသည့် လက်စွဲသုံးသည့်အရာတစ်ခုအဖြစ်အသုံးပြုပြီး အသေးစိတ်လုပ်ဆောင်ပုံနည်းစနစ်အား မရရှိနိုင်ပါ။

[၉၉]ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (၂၀၁၆)။ WFP အစားအသောက်ဖူလုံမှုနှင့် ဆင်းရဲနွမ်းပါးမှု အချက်အလက်။ မြန်မာနိုင်ငံကျေးလက်ဒေသမှ အဓိကတွေ့ရှိချက်များ။ ရန်ကုန်၊ မြန်မာ။

ပုံ (၆၈) ဆင်းရဲနွမ်းပါးမှု နှင့် ထိခိုက်လွယ်မှု အညွှန်းဖော်ပြချက်များကို နှိုင်းယှဉ်မှုပြုခြင်း




ကမ္ဘာ့ဘဏ် မြို့နယ် ကြွယ်ဝမှုအဆင့်သတ်မှတ်ချက်* | WFP ၏ အိမ်ထောင်စုများ ဆင်းရဲနွမ်းပါးမှု အဆင့်ရလဒ်များ | MIMU-HARP၏ ထိခိုက်လွယ်မှု အညွှန်းဖော်ပြချက်*

*လူဦးရေကိန်းဂဏန်းများမှအပ မြို့နယ်တန်ဖိုးများသည် သန်းခေါင်စာရင်းကောက်ယူခဲ့သည့် လူဦးရေအပေါ်အခြေခံထားခြင်းဖြစ်ပြီး သန်းခေါင်စာရင်းကောက်ယူထားခြင်းမရှိသည့်လူအုပ်စုများကို အပြည့်အဝ ထင်ဟပ်မည်မဟုတ်ပါ။


# အမျိုးတူမြို့နယ် စုစည်းခြင်း

အဓိကတူညီမှုရှိသော ကြန်အင်လက္ခဏာများအပေါ် အခြေခံ၍ မြန်မာနိုင်ငံရှိမြို့နယ်ပေါင်း ၃၃၀ ကို အဓိကအမျိုးအစား ၈ မျိုးအဖြစ်စုစည်းပေးထားပြီး မြို့နယ်တစ်မြို့နယ်စီကို အမျိုးအစားတစ်ခုတွင်သာ ထည့်သွင်းထားပါသည်။ ၂၀၁၄-၂၀၁၆မှ ရရှိသည့် အချက်အလက်များနှင့် ၂၀၁၅-၂၀၁၆ ပဋိပက္ခနှင့်ဆက်စပ်အညွှန်းများအပါအဝင် ရရှိသည့် အချက်အလက်များကို အသုံးပြုပါက ၎င်းမြို့နယ်များသည် အဓိကအုပ်စု (သို့)အမျိုးအစား (၈)မျိုးအတွင်းအကျုံးဝင်လျက်ရှိပြီး ၎င်းတို့မှ ပဋိပက္ခနှင့်ဖွံ့ဖြိုးတိုးတက်မှုနည်းပါးရခြင်းနှင့်ဆက်စပ်သော ပြဿနာရပ်များကို ဖော်ပြပေးပါသည်။ သတ်မှတ်လိုက်သည့် မည်သည့်မြို့နယ်၌မဆို အခြေအနေကွဲလွဲမှုအနည်းငယ်ရှိနိုင်သော်လည်း ဆန်းစစ်ချက်ကိုပိုမိုချဲ့ထွင်ဆောင်ရွက်ရန် (မြို့နယ်၏) အောက်ခြေအဆင့်များတွင် လုံလောက်သောအချက်အလက်များ မရှိသည့်အတွက် မြို့နယ်တစ်ခုစီသည် အမျိုးအစားတစ်မျိုးတွင်သာ အကျုံးဝင်နေရခြင်းဖြစ်သည်။ ကျေးရွာအဆင့် အချက်အလက်များရရှိမည်ဆိုပါက ယခုဤနည်းလမ်း/နည်းပညာကို ကျေးရွာအုပ်စုများအတွင်းထပ်မံ၍ အသုံးပြုနိုင်ပါသည်။

မြို့နယ်များအမျိုးတူရာစုစည်းလိုက်ခြင်းဖြင့် ထိခိုက်လွယ်မှုနှင့်စပ်လျဉ်း၍ မြို့နယ်များအကြား တွေ့ကြုံနေရသည့်တူညီသော အချက်များပေါ်ထွက်လာပါသည်။ ဥပမာအားဖြင့် အမျိုးအစား-၁ တွင် မြန်မာနိုင်ငံတစ်ဝှမ်း၌ ဖွံ့ဖြိုးမှုလိုအပ်ချက်အများဆုံးနှင့် ပဋိပက္ခထိတွေ့မှုအခံရဆုံး မြို့နယ်တစ်သိုက် ပါဝင်ပါသည်။ ဤအမျိုးအစားတွင် ရှမ်းပြည်နယ်သည် ၎င်းဒုက္ခခံရသည့်မြို့နယ်အရေအတွက်များစွာဖြင့် အသိသာဆုံးသော ပြည်နယ်ဖြစ်ပါသည်။ နိုင်ငံ၏အခြားသောနေရာဒေသများသည် ၎င်း၏သက်ရောက်မှုပိုမိုနည်းပါးသည့် မြို့နယ်များရှိသော်လည်း ဤအမျိုးအစားအောက် အကျုံးဝင်လျက်ရှိပါသည်။ ၎င်းတို့မှာ ရခိုင်၊ ကရင်၊ စစ်ကိုင်းတိုင်း အထက်ပိုင်း နှင့် ကချင်ပြည်နယ် တို့ဖြစ်ပါသည်။

ရရှိသည့်အချက်အလက်ကိုအသုံးပြု၍ ထွက်ပေါ်လာသည့် ကြန်အင်လက္ခဏာများအပေါ်အခြေခံ၍ မြို့နယ်တစ်မြို့နယ်စီသည် အမျိုးအစားတစ်မျိုးအောက်တွင်သာ ခွဲထုတ်လိုက်ခြင်းဖြစ်သည့်အတွက် မည်သည့်မြို့နယ်မဆို တစ်ခုနှင့် တစ်ခု တစ်သားတည်းဖြစ်သည်ဟု ဆိုလိုခြင်းမဟုတ်ပါ။ သတ်မှတ်မြို့နယ်တစ်ခုသည် အခြားသောအမျိုးအစားများအောက် အကျုံးဝင်နိုင်ခြေရှိသည့် နေရာဒေသများရှိကောင်းရှိနိုင်ပါသည်။ အစာအဟာရအညွှန်းဖော်ပြချက်ကဲ့သို့ လက်ရှိတွင်မရရှိနိုင်သည့် မြို့နယ်အဆင့်အချက်အလက်များ စသဖြင့်အခြားအချက်အလက်များစတင်အသုံးပြုမည်ဆိုပါက အချို့မြို့နယ်များအနေဖြင့် (အမျိုးအစားတစ်ခုအောက်အကျုံးဝင်မှု) အနေအထား ပြောင်းလဲသွားနိုင်ခြေရှိပါသည်။ သို့သော် အမျိုးအစားသတ်မှတ်ခြင်းသည် ၎င်းမြို့နယ်တစ်ခုအတွက် ဖွံ့ဖြိုးမှုလိုအပ်ချက်များကို ပြသပေးခြင်းဖြစ်ပြီး ထပ်ဆောင်းအချက်အလက်များ အကျိုးရှိရှိစုဆောင်းရှာဖွေနိုင်မည့် နယ်ပယ်များကို ညွှန်ပြပေးခြင်းဖြစ်ပါသည်။

ပုံ (၆၉) MIMU-HARP လေ့လာဆန်းစစ်မှုအပေါ် အခြေခံထားသည့် အမျိုးတူ မြို့နယ် အုပ်စုများ*




အမျိုးအစား (၁) ဖွံ့ဖြိုးမှုဆိုင်ရာ လိုအပ်နေမှုများ နှင့်/သို့ ပဋိပက္ခသက်ရောက်မှုစသည်တို့ကြောင့် လွန်စွာသီးခြားဖြစ်နေသည့်နေရာများ

အမျိုးအစား (၂) လူသားဖွံ့ဖြိုးမှုအားနည်းသည့် ပဋိပက္ခဒဏ်ခံရသည့် ဒေသများ

အမျိုးအစား (၃) ပဋိပက္ခဒဏ်ခံရသည့် ဒေသများရှိ ဇဟိုချက်များ

အမျိုးအစား (၄) အခြေခံဝန်ဆောင်မှုများနှင့် အခြေခံအဆောက်အအုံများ လက်လှမ်းမီသုံးစွဲနိုင်မှုလွန်စွာ နည်းပါးခြင်း

အမျိုးအစား (၅) တစ်ဦးချင်းအမြတ်အစွန်းအမြင့်မားဆုံးရှိသည့် စိုက်ပျိုးရေးမြို့နယ်များ

အမျိုးအစား (၆) ဒုတိယမြို့တော်များ နှင့် မြို့များရှိသည့် စိုက်ပျိုးရေးနေရာဒေသများ

အမျိုးအစား (၇) တိုးတက်ဖြစ်ထွန်းလာမည့် မြို့ပြနှင့်ကပ်လျက်ဒေသ နှင့် မြို့ပြဒေသများ

အမျိုးအစား (၈) ငွေကြေးပို အဆင်ပြေသည့် လူနေထူထပ်သော မြို့လယ်ခေါင်များ

*လူဦးရေကိန်းဂဏန်းများမှအပ မြို့နယ်တန်ဖိုးများသည် သန်းခေါင်စာရင်းကောက်ယူခဲ့သည့် လူဦးရေအပေါ်အခြေခံထားခြင်းဖြစ်ပြီး သန်းခေါင်စာရင်းကောက်ယူထားခြင်းမရှိ သည့်လူအုပ်စုများကို အပြည့်အဝထင်ဟပ်မည်မဟုတ်ပါ။

ပုံ (၇၀) အမျိုးအစားသတ်မှတ်မှုအလိုက် ရွေးချယ်ထားသည့် အင်္ဂါရပ်များ နှင့် လူမှုပထဝီ အခြေအနေများ*


| အမျိုးအစား | | အမျိုးအစား အလိုက် မြို့နယ် အရေအတွက် | စာတတ် မြောက်မှု (%) | မှီခိုကလေး အချိုး (%) | အမြင့်ဆုံး ပညာရေး- မရှိသူ (%) | အမြင့်ဆုံး ပညာရေး- အနိမ့်ဆုံး အလယ်တန်း အဆင့်ရှိသူ (%) | သက်သေခံ ကတ်မရှိသူ စုစုပေါင်း (%) | ဘေးကင်း သည့် မီလ္လာ/ ရေဆိုးထုတ် စနစ် (%) | ကောင်းမွန် သော သောက်ရေ ရင်းမြစ် (%) | ပဋိပက္ခ အညွှန်းခွဲ | ကြမ်းခင်းအ မျိုးစား - ဝါး (သို့) မြေ သား (%) | ခေါင်မိုး အမျိုးစား- သက်ငယ်/ ဝါး (%) | မြို့ပြလူဦးရေ (%) | လျှပ်စစ် ဓာတ်အား (%) | ထိခိုက်လွယ်မှုရှိ လူဦးရေ[၁၀၀] (လူအရေအတွက်) |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 1 | ဖွံ့ဖြိုးမှုဆိုင်ရာ လိုအပ်နေမှုများ နှင့်/သို့ ပဋိပက္ခသက်ရောက်မှု စသည်တို့ကြောင့် လွန်စွာသီးခြားဖြစ်နေသည့်နေရာများ | 36 | 50.87% | 58.80% | 59.06% | 15.64% | 52.69% | 35.17% | 41.85% | 43.79% | 49.44% | 42.01% | 12.15% | 19.02% | 2,733,320 |
| 2 | လူသားဖွံ့ဖြိုးမှုအားနည်းသည့် ပဋိပက္ခဒဏ်ခံရသည့် ဒေသများ | 25 | 67.35% | 58.67% | 42.56% | 27.87% | 26.29% | 57.50% | 44.33% | 41.67% | 53.89% | 35.68% | 20.47% | 22.63% | 1,519,749 |
| 3 | ပဋိပက္ခဒဏ်ခံရသည့် ဒေသများရှိ ဗဟိုချက်များ | 21 | 70.09% | 52.09% | 36.83% | 32.00% | 23.72% | 74.79% | 61.48% | 70.99% | 23.65% | 25.51% | 28.33% | 34.24% | 1,402,254 |
| 4 | အခြေခံဝန်ဆောင်မှုများနှင့် အခြေခံအဆောက်အအုံများ လက်လှမ်းမီသုံးစွဲနိုင်မှုလွန်စွာ နည်းပါး | 74 | 91.86% | 53.41% | 14.25% | 33.43% | 28.62% | 68.53% | 57.82% | 91.22% | 27.47% | 52.62% | 14.97% | 11.62% | 5,817,188 |
| 5 | တစ်ဦးချင်းအမြတ်အစွန်းအမြင့်မားဆုံးရှိသည့် စိုက်ပျိုးရေးမြို့နယ်များ | 64 | 94.47% | 39.72% | 12.05% | 31.17% | 23.84% | 73.84% | 73.63% | 96.29% | 42.28% | 40.20% | 12.00% | 15.23% | 4,484,117 |
| 6 | ဒုတိယမြို့တော်များ နှင့် မြို့များရှိသည့် စိုက်ပျိုးရေးနေရာဒေသများ | 65 | 92.78% | 42.30% | 12.69% | 39.29% | 23.84% | 80.45% | 75.88% | 87.26% | 34.89% | 30.05% | 28.21% | 40.44% | 4,957,216 |
| 7 | တိုးတက်ဖြစ်ထွန်းလာမည့် မြို့ပြနှင့် ကပ်လျက်ဒေသနှင့် မြို့ပြဒေသများ | 11 | 95.49% | 38.91% | 7.42% | 51.84% | 25.49% | 89.18% | 73.71% | 93.72% | 27.95% | 21.90% | 64.66% | 61.64% | 734,867 |
| 8 | ငွေကြေး ပိုအဆင်ပြေသည့် လူနေထူထပ်သော မြို့လယ်ခေါင်များ | 34 | 97.74% | 25.65% | 3.51% | 76.15% | 14.14% | 96.65% | 96.99% | 97.25% | 6.13% | 4.11% | 97.24% | 94.76% | 1,026,422 |

*လူဦးရေကိန်းဂဏန်းများမှအပ မြို့နယ်တန်ဖိုးများသည် သန်းခေါင်စာရင်းကောက်ယူခဲ့သည့် လူဦးရေအပေါ်အခြေခံထားခြင်းဖြစ်ပြီး သန်းခေါင်စာရင်းကောက်ယူထားခြင်းမရှိသည့် လူအုပ်စုများကို အပြည့်အဝ ထင်ဟပ်မည်မဟုတ်ပါ။

[၁၀၀] ထိခိုက်လွယ်သည့် ခန့်မှန်းခြေ လူဦးရေဆိုသည်မှာ ထိခိုက်လွယ်သည့် လူထုရာခိုင်နှုန်း (%) (ထိခိုက်လွယ်မှု အညွှန်းဖော်ပြချက်အတွင်းမှ ရာနှုန်း ကိန်းအမျိုးမျိုးတို့အား ပျမ်းမျှယူထားသောအရာ) အား သက်ဆိုင်ရာ မြို့နယ်လူဦးရေနှင့် မြှောက်ပေးခြင်း ဖြစ်ပါသည်။ ယခုတွက်ချက်ပုံတွင် စံသတ်မှတ်ချက်များအား ထည့်သွင်းအသုံးပြုခြင်းမရှိသော်လည်း မြို့နယ်တစ်ခုခြင်းစီကို အမျိုးအစားအလိုက် နေရာချသတ်မှတ်ရာတွင် ဆုံးဖြတ်ချက် ပုံစံကားချပ်အတွင်း စံသတ်မှတ်ချက်ကိုကျင့်သုံးပါသည်။ ဆောင်ရွက်ပုံနည်းစနစ် အသေးစိတ်အား နောက်ဆက်တွဲအပိုင်းတွင် ထည့်သွင်းဖော်ပြထားပါသည်။

## အမျိုးအစား (၁)

## ဖွံ့ဖြိုးမှုဆိုင်ရာ လိုအပ်နေမှုများ နှင့်/သို့ ပဋိပက္ခသက်ရောက်မှု စသည်တို့ကြောင့် လွန်စွာ သီးခြားဖြစ်နေသည့်နေရာများ[၁၀၁]



အဓိကအင်္ဂါရပ်များ*

- ထိခိုက်လွယ်မှု ရှိသူဦးရေ (၂၇၃၃၃၂၀)
- (၃၆) မြို့နယ်
- လှုပ်ရှားသွားလာမှုအကန့်အသတ်ရှိပြီး အဆက်အသွယ်ပြတ်ကာ သီးခြားတည်ရှိနေခြင်း စသည် တစ်မျိုးမျိုးရှိနေတတ်သည့် ဤမြို့နယ်များတွင် သွားလာရောက်ရှိရန် အခက်အခဲများစွာ ဖြစ်ပွားနေတတ်ပါသည်။
- ဤမြို့နယ်များသည် လူဦးရေကျဲပါးစွာဖြင့် မြို့ပြတည်ဆောက်မှုအနိမ့်ဆုံး ဖြစ်ပါသည်။
- ဤမြို့နယ်ရှိလူများတွင် စာမတတ်သူပျမ်းမျှ (၅၀.၈၇%) ရှိသည့်အတွက် ပညာတတ်မြောက်မှုအဆိုးဆုံးဖြစ်ပြီး အရွယ်ရောက်သူ (၁၀%) အောက်သာလျှင် မူလတန်းပညာရေးပြီးစီးထားသည့် နားဖန်နှင့် ပန်ဝိုင်တို့တွင် အထူးသိသာသောကြောင့် ၎င်းအချက်သည် ရှမ်းပြည်နယ်အတွက်အထူး မှန်ကန်လျက်ရှိပါသည်။
- ဤဒေသများသည် အလွန်ညံ့ဖျင်းလှသည့်မိလ္လာစနစ်၏ ဒုက္ခကိုခံရလျက်ရှိသည်။
- ဤမြို့နယ်များတွင် ထိပ်တိုက်ပဋိပက္ခဖြစ်ရပ်ပေါင်း (၁၆၇) ခု၊ ပဋိပက္ခကြောင့် လူသေဆုံး/ထိခိုက်သူ ၆၇၆ဦးနှင့် ကာလကြာရှည် နေရပ်စွန့်ခွာ ရွှေ့ပြောင်းနေထိုင်သူ (၃၂၆၀၂)ဦး ရှိပြီး ၂၀၁၅-၂၀၁၆ ကာလအတွင်း အကြမ်းဖက်ပဋိပက္ခ အားလုံးတို့ ၏ (၄၀%) ကိုကြုံတွေ့ခဲ့ရသည့်မြို့နယ်များဖြစ်သည်။
- ဤဒေသများရှိနေထိုင်သူဦးရေ တစ်ဝက်ကျော်တို့မှာ သက်သေခံလက်မှတ်မရှိပါ။ ဤမြို့နယ်များရှိ လူဦးရေ (၂.၇) သန်းမှာ ထိုသို့သက်သေခံလက်မှတ်မရှိသည့်ပြဿနာများ တွေ့ကြုံရလျက်ရှိသည်။

### ဆီလျော်သင့်တော်မှုရှိနိုင်သည့် ဝင်ရောက်ဖြေရှင်းကိုင်တွယ်မှုလုပ်ငန်း အမျိုးအစားများ

- ဤဒေသများရှိ သေရေးရှင်ရေးအကျပ်ရိုက်နေသောအရပ်သားများအတွက်အသက်ကယ်ဆယ်ရေးလုပ်ငန်းများသေချာစွာဆောင်ရွက်စေခြင်း
- ဆက်လက်ဖြစ်ပွားလျက်ရှိသည့် ပဋိပက္ခများအပေါ် ငြိမ်းငြိမ်းချမ်းချမ်းအဓွန့်ရှည်တည်တံ့မည့်ဖြေရှင်းချက်မျိုး ထွက်ပေါ်လာစေရန် ကြိုးပမ်းချက်များ မြှင့်တင်ဆောင်ရွက်ပေးခြင်း
- ရပ်ရွာအသိုင်းအဝိုင်းနှင့် နေရပ်စွန့်ခွာရွှေ့ပြောင်းခဲ့ရသူများကို ကြံ့ခိုင်လက်ခံနိုင်ရေးအတွက် ကဏ္ဍစုံ ကူညီကယ်ဆယ်ရေးကို စုံစုံလင်လင်စတင်ဆောင်ရွက်ပေးကာ အသက်မွေးဝမ်းကျောင်းမှုလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံပေးခြင်း
- အမြဲတည်တံ့မည့်ဖြေရှင်းချက်မျိုး (သို့) ယာယီတည်ငြိမ်မှုရှိသည့်ဖြေရှင်းချက်မျိုးအသုံးပြုကာ မတူကွဲပြားသည့် လူအုပ်စုများနှင့် နေရပ်စွန့်ခွာခဲ့ရသူများအတွက် "ယာယီ"ခိုလှုံရာ နေစရာများကို အဆင့်မြှင့်တင်ပေးကာ သဘာဝဘေးဒဏ်ခံနိုင်စေရန်အတွက် ရင်းနှီးထည့်ဝင်မှုတိုးမြှင့်ပေးခြင်း
- နေရပ်စွန့်ခွာ ရွှေ့ပြောင်းခဲ့ရသည့်လူ့အသိုင်းအဝိုင်းများနှင့် ၎င်းတို့ကိုလက်သင့်ခံရသည့်လူ့အသိုင်းအဝိုင်းများအတွက် တည်တည်တံ့တံ့ ပိုင်ဆိုင်နေထိုင်သွားနိုင်ရေး ဖြေရှင်းချက်မျိုးပေါ်ထွက်စေရန် မြေ၊ အိမ်ရာ အဆောက်အအုံ ရပိုင်ခွင့်ကျွမ်းကျင်သူများ နှင့် အတူပူးပေါင်းဆောင်ရွက်ခြင်း
- ဤဒေသများအတွင်းရှိ ကုန်သွယ်မှုဗဟိုများနှင့် ချိတ်ဆက်ရန် လမ်းများဖောက်လုပ်ပေးခြင်း၊ ဘေးပတ်ဝန်းကျင်ရှိ လူ့အသိုင်းအဝိုင်းများ ထံသို့ လက်လှမ်းမီရောက်ရှိရေးထက် ဈေးကွက်များဆီရောက်ရှိရေး ဦးစားပေးခြင်း

---

[၁၀၁]ယခု နည်းစနစ်က မြို့နယ်တစ်ခုချင်းစီကို အတန်းအစားတစ်မျိုးတည်းအတွင်းသို့သာ စုစည်းဖော်ပြပေးရာ၊ ယင်းမြို့နယ်၏ အဓိက ကြန်အင်လက္ခဏာရပ်များကို အများသူငါ ရယူနိုင်သည့် အချက်အလက်များမှ ဆွဲနုတ်ယူထားခြင်းအပေါ် အခြေခံချက်အရဖြစ်ပါသည်။ မည်သည့်မြို့နယ်များမဆို တစ်ထပ်ထည်း ကျနေသည်ဟု ယင်းကမဆိုလိုဘဲ သက်ဆိုင်ရာမြို့နယ်တစ်ခုအနေဖြင့် အခြားသော အမျိုးအစားသတ်မှတ်ချက်များအတွင်း ကျရောက်နေနိုင်သည့် နယ်မြေများလည်း ရှိနေနိုင်ပါသည်။

- အခြေအနေတည်ငြိမ်သွားသည်နှင့် ကျန်းမာရေးစောင့်ရှောက်မှု၊ မိလ္လာစနစ်၊ ပုံမှန်ပညာရေးနှင့် ကောင်းမွန်သည့် သောက်သုံးရေစနစ် စသည့်အခြေခံဝန်ဆောင်မှုများကို ပြန်လည်လုပ်ဆောင်စေရမည်။ ထိုအထဲတွင် လျှပ်စစ်ဓာတ်အားပေးခြင်းနှင့် ရေလှောင်ကန်များကဲ့သို့သော ပိုမိုကြီးမားသည့်အခြေခံအဆောက်အအုံ ဆောက်လုပ်ပေးခြင်းလုပ်ငန်းများလည်း ပါဝင်သည်။
- အိမ်ထောင်စုများ၏ စားသုံးမှုကို ပံ့ပိုးပေးရန်အတွက် ဒေသန္တရအစိုးရခွဲတမ်းအသုံးနှင့် ကာလရှည် လူမှုရေးအသုံးစရိတ်များကို တိုးမြှင့်ပေးရမည်။
- လုပ်သားများရွေးချယ်၍ ပန်းရန်အတတ်၊ လက်သမားအတတ်နှင့်အခြား(စျေးကွက်)လိုအပ်ချက်ရှိသည့် သက်မွေးပညာများ လေ့ကျင့်သင်ကြားပေးခြင်း၊ မွမ်းမံသင်တန်းများပေးခြင်းဖြင့် ပံ့ပိုးမှုပေးခြင်း။ ဤသည်ကို အလုပ်အကိုင်နှင့် ငွေကြေးဝန်ဆောင်မှုပိုင်း အကြံပေးအုပ်စုအစည်းအဝေးအတော်များများ လုည့်လည်ပြုလုပ်ခြင်းဖြင့် ဆောင်ရွက်နိုင်သည်။
- မည်သည့်တရားဝင်သက်သေခံကတ်ပြားမျှ မရှိခြင်းကြောင့် အကျိုးခံစားခွင့်ရသူဖြစ်ရန် အတားအဆီးမဖြစ်သင့်သော်လည်း မြေယာလုပ်ပိုင်ခွင့်များရရှိရန်(လျှောက်ထားရာတွင်) ချောမွေ့လွယ်ကူစေရန်အတွက် နိုင်ငံသားအဖြစ်မှတ်ပုံတင်ခြင်းနှင့် တရားဥပဒေရေးရာဝန်ဆောင်မှုများလက်လှမ်းမီစေရေးတို့အတွက် ပံ့ပိုးမှုပေးခြင်း။
- သင့်တော်ပါက ဌာနအချင်းချင်းတို့အကြား အကျိုးခံစားခွင့်ရှိသူများ၏ အချက်အလက်တစ်စုတစ်စည်းထားရှိမှုစနစ် သော်လည်းကောင်း၊ ဌာနအချင်းချင်းအကြား နေရပ်စွန့်ခွာ ရွှေ့ပြောင်းခဲ့ရသူ IDP အချက်အလက် တစ်စုတစ်စည်းထားရှိမှုစနစ် သော်လည်းကောင်း၊ နှစ်ခုစလုံးသော်လည်းကောင်း ဖန်တီးတည်ဆောက်ခြင်း။
- တည်ငြိမ်မှုရှိသည့်စီးပွားရေးပတ်ဝန်းကျင်ကို ပြန်လည်အသက်သွင်းရန် စီမံကိန်းစတင်ရေးဆွဲခြင်း၊ ထိခိုက်နစ်နာခဲ့သည့် လုပ်ငန်းများအား ပြန်လည်မတည်ပေးခြင်းနှင့် ဟိုပန်၊ ကွန်ဟိန်း၊ လောက်ကိုင်၊ ကွတ်ခိုင်နှင့် ကော့ကရိတ်စသည့် ပိုမို၍ မြို့ပြကျသည့်နေရာဒေသများတွင် ရင်းနှီးမြှုပ်နှံမှုများရှိလာရန် ပြန်လည်ဆွဲဆောင်မက်လုံး ပေးခြင်း

| အမျိုးအစား (၁) အတွင်း မြို့နယ်များ- ဖွံ့ဖြိုးမှုဆိုင်ရာ လိုအပ်နေမှုများ နှင့်/သို့ ပဋိပက္ခသက်ရောက်မှု စသည်တို့ကြောင့် လွန်စွာသီးခြားဖြစ်နေသည့်နေရာများ* | | | | | | | |
|---|---|---|---|---|---|---|---|
| ကချင် | ချီဖွေ | | | | | | |
| ကရင် | လှိုင်းဘွဲ | ကော့ကရိတ် | ကြာအင်းဆိပ်ကြီး | | | | |
| ရခိုင် | အမ်း | ကျောက်ဖြူ | ကျောက်တော် | မင်းပြား | မြေပုံ | ပေါက်တော | ပုဏ္ဏားကျွန်း |
| | ရသေ့တောင် | | | | | | |
| စစ်ကိုင်း | လဟယ် | နန်းယွန်း | | | | | |
| ရှမ်း | ဟိုပန် | သီပေါ | ကျေးသီး | ကုန်းကြမ်း | ကွတ်ခိုင် | ကွန်ဟိန်း | လောက်ကိုင် |
| | မန်တုံ | မက်မန်း | မိုင်းဆတ် | မိုင်းရှူး | မိုင်းကိုင် | မိုင်းခတ် | မိုင်းမော |
| | မိုင်းတုံ | မိုင်းရယ် | မိုင်းယန်း | မိုင်းယောင်း | နားဖန် | ပန်ဆန်း | ပန်ဝိုင် |
| | တန့်ယန်း | | | | | | |

*လူဦးရေကိန်းဂဏန်းများမှအပ မြို့နယ်တန်ဖိုးများသည် သန်းခေါင်စာရင်းကောက်ယူခဲ့သည့် လူဦးရေအပေါ်အခြေခံထားခြင်းဖြစ်ပြီး သန်းခေါင်စာရင်းကောက်ယူထားခြင်းမရှိသည့်လူအုပ်စုများကို အပြည့်အဝ ထင်ဟပ်မည်မဟုတ်ပါ။

# အမျိုးအစား (၂)
# လူသားဖွံ့ဖြိုးမှုအားနည်းသော ပဋိပက္ခဒဏ်ခံရသည့် ဒေသများ



**အဓိကအင်္ဂါရပ်များ***

- ထိခိုက်လွယ်မှု ရှိသူဦးရေ (၁၅၁၉၇၄၉)ဦး
- (၂၅) မြို့နယ်
- အမျိုးအစား-၂ မြို့နယ်များသည်အလွန်အမင်း ဆိုးရွားညံ့ဖျင်းသည့်မိုခိုအချိုးရှိခြင်းကြောင့် ထိခိုက်လွယ်မှုမှာ ကာလရှည်အမြစ်တွယ်နေသည်ကို ပြသသည်။ ၎င်းမှာ ချင်း၊ ရှမ်းနှင့် ကချင်ပြည်နယ်ရှိ ဒေသများတွင် အထူး ထူထပ်လျက်ရှိသည်။
- ၂၀၁၅-၁၆ ခုနှစ် ကာလအတွင်း ပဋိပက္ခကြောင့်သေဆုံး/ဒဏ်ရာရသူ (၂၈၀) ဦး၊ နေရပ်စွန့်ခွာ ရွှေ့ပြောင်းနေထိုင်သူ (၇၇၇၇၂)ဦးနှင့် ထိပ်တိုက်ပဋိပက္ခဖြစ်ရပ်ပေါင်း (၁၀၈)ခု ဖြစ်ပွားမှုရှိခဲ့သည့် အမျိုးအစား-၂ သည် အမျိုးအစား-၁ နှင့်နှိုင်းယှဉ်လျှင် ပဋိပက္ခပိုမိုနည်းပါး ပါသည်။
- အိမ်ထောင်စု (၅၀%) နီးပါးမှာ ဝါး (သို့) မြေသားကြမ်းခင်းများဖြစ်သောကြောင့် အခြားအဖိုးတန်ပစ္စည်းများ နည်းပါးမှုကိုပြသနေသည်။
- လူဦးရေသိပ်သည်းမှုနိမ့်ပါးသော်လည်း မိုးမောက်၊ လွိုင်လင်၊ မောင်တော၊ နမ့်ဆန်ကဲ့သို့သော မြို့များပါရှိ သည့်အတွက် အမျိုးအစား -၂ သည် အမျိုးအစား-၁ ထက် ပိုမိုမြို့ပြကျသည်။
- ပံ့မှန်ကျောင်းမတက်ထားသည့်ဦးရေမှာ လူဦးရေ၏ ၄၂%ရှိသောကြောင့် အမျိုးအစား-၂ အတွင်းရှိလူများသည် စာတတ်မြောက်မှုနှင့် ပညာတတ်မြောက်မှုအလွန်နိမ့်ပါးသည်။

**ဆီလျော်သင့်တော်မှုရှိနိုင်သည့် ဝင်ရောက်ဖြေရှင်းကိုင်တွယ်မှုလုပ်ငန်း အမျိုးအစားများ**


- ဤဒေသများရှိ သေရေးရှင်ရေးအကျပ်ရိုက်နေသော အရပ်သားများအတွက် အသက်ကယ်ဆယ်ရေးလုပ်ငန်းများ သေချာဆောင်ရွက်စေခြင်း
- ဆက်လက်ဖြစ်ပွားလျက်ရှိသည့် ပဋိပက္ခများအပေါ် ငြိမ်းငြိမ်းချမ်းချမ်း အဓွန့်ရှည်တည်တံ့မည့်ဖြေရှင်းချက်မျိုး ထွက်ပေါ်လာစေရန် ကြိုးပမ်းချက်များ မြှင့်တင်ဆောင်ရွက်ပေးခြင်း
- အိုးအိမ်များအဆင့်မြှင့်တင်ပေးခြင်း၊ ဒေသခံ စီးပွားရေးလုပ်ငန်းများအတွက် ပံ့ပိုးငွေ၊ ချေးငွေများပေးခြင်းအပါအဝင် ကဏ္ဍစုံ ကူညီကယ်ဆယ်ရေးနှင့်ဖွံ့ဖြိုးရေးကို စုံစုံလင်လင် စတင်ဆောင်ရွက်ခြင်း
- ထိခိုက်လွယ်မှု ရှိနေသူအားလုံးတို့အတွက် ငွေကြေးသုံးစွဲနိုင်ရန် ဒေသန္တရအစိုးရများ၏ ခွဲဝေအသုံးစရိတ်ကို တိုးမြှင့်ပေးခြင်းအပါအဝင် သဘာဝဘေးဒဏ်ခံနိုင်သည့် "ယာယီ" အဆောက်အအုံများအတွင်း တည်တည်တံ့တံ့ နေထိုင်သွားနိုင်ရေးအတွက် မြေ၊ အိမ်ရာနှင့် အဆောက်အအုံပိုင်ဆိုင်မှု (ရပိုင်ခွင့်) ဆိုင်ရာကျွမ်းကျင်သူများ၊ ခိုလှုံစရာနေရာ တည်ဆောက်ရေးအင်ဂျင်နီယာများနှင့် ပူးပေါင်းဆောင်ရွက်ရန်
- ကုန်သွယ်ရေးဇဟိုများကို အဓိကအဝေးပြေးလမ်းများနှင့် ချိတ်ဆက်ရန် အကြီးစားအခြေခံအဆောက်အအုံများအတွက် ငွေကြေးသုံးစွဲခြင်း။ ထိုအထဲတွင် လျှပ်စစ်ဓာတ်အားပေးခြင်း (သို့) လျှပ်စစ်ဓာတ်အားပေးခြင်းမပြုလုပ်မီ ဓာတ်အားပေးမည့်နေရာများ ချဲ့ထွင်ခြင်း စသည်တို့လည်း ပါဝင်သည်။
- ငွေကြေးစုဆောင်းနိုင်ရန်နှင့် ရင်းနှီးမြှုပ်နှံနိုင်ရန် ပံ့ပိုးပေးသည့်အနေဖြင့် နှစ်စဉ်တစ်လုံးတစ်ခဲတည်း သော်လည်းကောင်း၊ ဝယ်ယူသုံးစွဲမှုကိုပံ့ပိုးပေးသည့်အနေဖြင့် လစဉ်ငွေထုတ်ပေးခြင်း ဖြင့်လည်းကောင်း ထိခိုက်လွယ်မှု ရှိနေသူများကို ခြွင်းချက်မရှိ ငွေသားပံ့ပေးမှု ပြုလုပ်ပေးခြင်း

- ဤနေရာဒေသများရှိ ဒေသန္တရအစိုးရများ၏ ဘဏ္ဍာရေးခွဲတမ်းကိုအစဉ်တိုးမြှင့်ပေးရန်။ ဤဒေသများအတွက် ရည်စူး၍ ကာလရှည် ဖောက်ချဆောင်ရွက်ပေးရမည်ဖြစ်သည်။ ဤဒေသများတွင် လူဦးရေသိပ်သည်းမှုနိမ့်ပါးခြင်းကြောင့် ဈေးကွက်များဖော်ထုတ်ခြင်း၊ သက်မွေးလုပ်ငန်းအခွင့်အလမ်းများ တိုးတက်အောင်လုပ်ခြင်းတို့မှာ အလွန်အမင်း ခက်ခဲမှုရှိနိုင်သည့်အတွက် လူမှုရေးအသုံးစရိတ်အများအပြား ထပ်မံ၍ဆက်လက်သုံးစွဲရန် လိုအပ်မည်ဖြစ်သည်။
- ဒေသန္တရအစိုးရများ၏ ဝန်ဆောင်မှုအရည်အသွေးကို စောင့်ကြည့်ကာ ပိုမိုတိုးတက်လာစေရန် (နိုင်ငံတော်အစိုးရမှ ပြည်နယ်/တိုင်း/ဒေသန္တရအစိုးရ၏ စီမံကိန်းအတွက် ကြိုတင်လျာထားသည့်) ရန်ပုံငွေချထားပေးမှုစနစ်ကို တည်ထောင်ခြင်း။
- ပုံမှန်ပညာရေးရရှိမှု နည်းပါးခဲ့သည့် သူများအတွက်  အခြားဝင်ငွေရလမ်းများဆီ ရောက်ရှိသွားစေရန် ပြန်လည် လေ့ကျင့်သင်ကြားပေးခြင်း၊ အတတ်ပညာ ပြန်လည်ဖြည့်ဆည်းပေးခြင်း
- စပါးစိုက်ပျိုးမှုမှခွဲထွက်ကာ ပိုမိုမျိုးကွဲစုံလင်သည့် ပြောင်းနှင့် အကျိုးအမြတ်ပိုမိုရရှိနိုင်သည့် အခြားသီးနှံများစိုက်ပျိုးစေရန် ဆွဲဆောင်မက်လုံးပေးခြင်း

| အမျိုးအစား (၂) အတွင်း မြို့နယ်များ- လူသားဖွံ့ဖြိုးမှုအားနည်းသည့် ပဋိပက္ခဒဏ်ခံရသည့် ဒေသများ* | | | | | | | |
|---|---|---|---|---|---|---|---|
| ချင်း | ကန်ပက်လက် | ပလက်ဝ | | | | | |
| ကချင် | အင်ဂျန်းယန် | မိုးမောက် | ဆွမ်ပရာဘွမ် | ဆော့လော် | ဗိုင်းမော် | | |
| ကယား | ရှားတော | | | | | | |
| ရခိုင် | ဘူးသီးတောင် | မောင်တော | | | | | |
| စစ်ကိုင်း | လေရှီး | | | | | | |
| ရှမ်း | ဟိုပုံး | သိန္နီ | ဆီဆိုင် | ကွမ်းလုံ | ကျောက်မဲ | လဲချား | လွိုင်လင် |
| | မောက်မယ် | မိုင်းပြင်း | နမ့်ဆန် | နမ့်ခမ်း | နမ္မတူ | နမ့်စန် | ပင်လောင်း |

*လူဦးရေကိန်းဂဏန်းများမှအပ မြို့နယ်တန်ဖိုးများသည် သန်းခေါင်စာရင်းကောက်ယူခဲ့သည့် လူဦးရေအပေါ်အခြေခံထားခြင်းဖြစ်ပြီး သန်းခေါင်စာရင်းကောက်ယူထားခြင်းမရှိသည့်လူအုပ်စုများကို အပြည့်အဝ ထင်ဟပ်မည်မဟုတ်ပါ။

# အမျိုးအစား (၃)
# ပဋိပက္ခဒဏ်ခံရသည့် ဒေသများရှိ ဇပဟိုချက်များ



### အဓိကအင်္ဂါရပ်များ*

- ထိခိုက်လွယ်မှု ရှိသူဦးရေ (၁၄၀၂၂၅၄)ဦး
- (၂၁) မြို့နယ်
- ဤမြို့နယ်များသည်ပဋိပက္ခဒဏ်ခံစားရသော်လည်း အမျိုးအစား (၁) နှင့် (၂) တို့ထက်ပို၍ နည်းပါးသည်။ ၂၀၁၅- ၂၀၁၆ ကာလတွင်ဖြစ်ပွားခဲ့သည့် ပဋိပက္ခကြောင့်သေဆုံး/ဒဏ်ရာရသူ (၁၀၉၆)ဦးတွင် အယောက် (၄၀)မှာ ဤဒေသများတွင်ဖြစ်သည်။
- အမျိုးအစား (၁) နှင့် (၂) တို့ထက်သာလွန်၍ အခြေခံအဆောက်အအုံများကိုလက်လှမ်းမီသုံးစွဲနိုင်ခြင်း
- (၇၅%) သည် ဘေးကင်းသည့်မိလ္လာစနစ်သုံးစွဲနိုင်ခြင်း
- အိမ် (၂၄%)တွင် ဝါး (သို့) မြေသားကြမ်းခင်းရှိခြင်း
- အိမ် (၂၆%)တွင် ဝါးအမိုးရှိခြင်း
- အရွယ်ရောက်သူဦးရေ အနည်းဆုံး (၃၂%)သည် အလယ်တန်းအဆင့်ပညာရေးပြီးစီးထားခြင်း
- ဤဒေသများတွင် တရားဝင်မဟုတ်သော စီးပွားရေးလုပ်ငန်းများမှာ အထူးအရေးပါပြီး သယံဇာတအရင်းအမြစ်များ ပိုမိုရှားပါးလာခြင်းနှင့် မှောင်ခိုဈေးကွက်များ ပျက်စီးလာသည့်အတွက် မှောင်ခိုသွင်းခြင်းကို ညီညီညွတ်ညွတ် ကန့်သတ်ထိန်းချုပ်လိုက်ပါက ပဋိပက္ခများ ထပ်မံဖြစ်ပွားစေနိုင်သည်။


### ဆီလျော်သင့်တော်မှုရှိနိုင်သည့် ဝင်ရောက်ဖြေရှင်းကိုင်တွယ်မှုလုပ်ငန်း အမျိုးအစားများ

- ဤဒေသများရှိ သေရေးရှင်ရေးအကျပ်ရိုက်နေသော အရပ်သားများအတွက် အသက်ကယ်ဆယ်ရေးလုပ်ငန်းများ သေချာဆောင်ရွက်စေခြင်း
- ဆက်လက်ဖြစ်ပွားလျက်ရှိသည့် ပဋိပက္ခများအပေါ် ငြိမ်းငြိမ်းချမ်းချမ်း အဓွန့်ရှည်တည်တံ့မည့်ဖြေရှင်းချက်မျိုး ထွက်ပေါ်လာစေရန် ကြိုးပမ်းချက်များ မြှင့်တင်ဆောင်ရွက်ပေးခြင်း
- လယ်ယာသုံးနည်းပညာသစ်၊ ကိရိယာနှင့် မျိုးစေ့များဖြန့်ဝေပေးရန်အတွက် အသုံးဝင်သော ဇပဟိုချက်များ
- အစီအစဉ် စီမံချက်ရေးဆွဲချမှတ် အကောင်အထည်ဖော်မှုကို သိမြင်တုံ့ပြန်လာစေရေး သတင်းအချက်အလက်များ ဖြန့်ဝေပေးနိုင်ရန် ဒေသန္တရသတင်းမီဒီယာဌာနများ၊ သတင်းထောက်များနှင့် ပိုမိုခိုင်ခိုင်မာမာ ချိတ်ဆက်ဆောင်ရွက်မှုကို တည်ဆောက်ရန်။ မီဒီယာလက်လှမ်းမီမှု ပိုမိုနည်းပါးသည့် ကျေးလက်ဒေသလူထုထံသို့ သတင်းရောက်ရှိစေရေး ဆောင်ရွက်ရာတွင် မူဆယ်၊ တာချီလိတ်၊ ဘားအံ၊ ကျိုင်းတုံ၊ လားရှိုးနှင့် စစ်တွေမြို့နယ်များသည် အဓိကအရေးပါလျက်ရှိပါသည်။
- လျှပ်စစ်ဖြန့်ဖြူးပေးဝေရေးအတွက် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ကာ မဟာဓာတ်အားလိုင်းနှင့် ချိတ်ဆက်ပေးမှုကို ဦးစားပေးရန်
- ကုန်သွယ်/စီးပွားရေးလုပ်ငန်း လုပ်ဆောင်သူများအတွက် ငွေကြေးဝန်ဆောင်မှုများ ပေးလာစေရေး မက်လုံးပေး ဆွဲဆောင်ရန်။ လူဦးရေပိုမိုထူထပ်သည့် ဤမြို့နှင့် ဇပဟိုချက်များတွင်နေထိုင်ကြသူများ တည်ငြိမ်အေးချမ်းစွာဖြင့် စီးပွားရေးဖွံ့ဖြိုးမှုခံစားနိုင်စေရေး ဆောင်ရွက်ပေးရန်။

| အမျိုးအစား (၃) အတွင်း မြို့နယ်များ- ပဋိပက္ခဒဏ်ခံရသည့် ဒေသများရှိ ဗဟိုချက်များ* | | | | | | | |
|---|---|---|---|---|---|---|---|
| ချင်း | မတူပီ | မင်းတပ် | | | | | |
| ကယား | ဒီမောဆို | ဖရူဆို | | | | | |
| ကရင် | ဘားအံ | | | | | | |
| မွန် | ကျိုက်မရော | ရေး | | | | | |
| ရခိုင် | စစ်တွေ | | | | | | |
| စစ်ကိုင်း | ခန္တီး | | | | | | |
| ရှမ်း | ကျိုင်းတုံ | လင်းခေး | လားရှိုး | ရပ်စောက် | မိုင်းဖြတ် | မိုင်းလား | မိုးနဲ |
| | မိုင်းပန် | မူဆယ် | ဖယ်ခုံ | တာချီလိတ် | | | |
| တနင်္သာရီ | ရေဖြူ | | | | | | |

*လူဦးရေကိန်းဂဏန်းများမှအပ မြို့နယ်တန်ဖိုးများသည် သန်းခေါင်စာရင်းကောက်ယူခဲ့သည့် လူဦးရေအပေါ်အခြေခံထားခြင်းဖြစ်ပြီး သန်းခေါင်စာရင်းကောက်ယူထားခြင်းမရှိသည့်လူအုပ်စုများကို အပြည့်အဝ ထင်ဟပ်မည်မဟုတ်ပါ။

# အမျိုးအစား (၄)
# အခြေခံဝန်ဆောင်မှုများနှင့် အခြေခံအဆောက်အအုံများ လက်လှမ်းမီသုံးစွဲနိုင်မှုလွန်စွာ နည်းပါးခြင်း



### အဓိကအင်္ဂါရပ်များ*

- ထိခိုက်လွယ်မှု ရှိသူဦးရေ (၅၈၁၇၁၈၈)ဦး
- (၇၄) မြို့နယ်
- အမျိုးအစား-၄ သည်ကျေးလက်ဒေသများဖြင့် အဓိကဖွဲ့စည်းထားပြီး ပဋိပက္ခဖြစ်ပွားမှုနည်းပါးသည်
- (အမျိုးအစား-၃ ၏ (၃၇%) နှင့်နှိုင်းယှဉ်ပါက) ယခုဤအုပ်စုရှိလူဦးရေ၏ (၁၄%) သည် ပညာရေး ရရှိအောင်မြင်မှုမရှိကြပါ။
- အမျိုးအစား-၄ အတွင်းနှင့် ၎င်းအထက်ရှိမြို့နယ်များသာလျှင် စာတတ်မြောက်မှုနှုန်း (၉၀%) နှင့် အထက်ရှိသည်။
- ဤအုပ်စုတွင်းရှိ မြို့နယ်များ၏ လျှပ်စစ်ဓာတ်အားရရှိမှု ပျမ်းမျှနှုန်းထားမှာ (၁၂%) ရှိသည့်အတွက် အနိမ့်ဆုံးဖြစ်သည်။
- အိုးအိမ်အားလုံးတို့၏ ထက်ဝက်ကျော်မှာ သက်ငယ် (သို့) ဝါးခေါင်မိုးများ ရှိသည်။
- ဤမြို့နယ်များ၏ (၄၀%)မှာ (ရိတ်သိမ်းမြေဧရိယာ ၈၀%အထက်) စပါးတစ်မျိုးတည်းကို သီးသန့်နီးပါး စိုက်ပျိုးကြပြီး ယင်းမှာ အခြားစိုက်ပျိုးရေး အမျိုးအစား တစ်ခုကေထွက်ရှိသည့် အသားတင်အမြတ်အစွန်းတွင် အနိမ့်ဆုံးဖြစ်သည်။
- ကလေးသူငယ်မှီခိုမှုအချိုး မြင့်မားပြီး သောက်သုံးမှုအတွက် မဟုတ်သည့် ထိန်းသိမ်းဖြန့်ဝေပေးသည့် ရေရရှိမှုလွန်စွာနည်းပါးလှသည့် (ဆည်မြောင်းစနစ်မရှိခြင်းကို ဖော်ညွှန်းနေ) ဤအုပ်စု၏မြို့နယ်များသည် ရာသီဥတုနှင့် ဘေးပတ်ဝန်းကျင် ဂေဟစနစ်ကို လွန်စွာအားထား မှီတည်နေကြသည့်အတွက် ရာသီဥတုပုံစံ အပြောင်းအလဲများ၏ ဒဏ်ကို အလွယ်တကူ ခံရနိုင်သည့် မြို့နယ်များဖြစ်ပါသည်။

### ဆီလျော်သင့်တော်မှုရှိနိုင်သည့် ဝင်ရောက်ဖြေရှင်းကိုင်တွယ်မှုလုပ်ငန်း အမျိုးအစားများ


- (အိမ်သာနှင့် အိမ်ရာ ဆောက်လုပ်မှုတို့အတွက်) ပိုကောင်းအောင်ပြန်လည်ဆောက်လုပ်ရန်ဆိုသည့် အလုပ်ရုံအစည်းအဝေးများ အလှည့်ကျကျင်းပ၍ ငွေကြေး/ပစ္စည်းများ ဖြန့်ဝေပေးပါက နေထိုင်သူများအနေဖြင့် ၎င်းတို့တည်ဆောက်ထားသောပတ်ဝန်းကျင်၏ အင်အားကို ပိုမို တိုးတက်အောင် ဆောင်ရွက်နိုင်မည်ဖြစ်သည်။
- ကမ်းရိုးတန်းဒေသများတွင် စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုရှိသည့် ငါးဖမ်းလုပ်ငန်းနှင့် ရေနေသတ္တဝါမွေးမြူရေးလုပ်ငန်းများကို ပံ့ပိုးမှုပေးရန်။
- အထူးသဖြင့်ကမ်းရိုးတန်းနှင့် မြစ်ဝကျွန်းပေါ်ဒေသများတွင် စိုက်ပျိုးရေးမဟုတ်သောလုပ်ငန်းများကို သီးသန့်ရည်ရွယ်သော ငွေကြေးဝန်ဆောင်မှုများကို တိုးချဲ့ရန်။
- အထူးသဖြင့် စိုက်ပျိုးမြေမှ အမြတ်အစွန်းရရှိမှု လွန်စွာနည်းပါးသည့်ဒေသများတွင် စိုက်ပျိုးရေးတိုးချဲ့လုပ်ကိုင်စေရေး ဝန်ဆောင်မှုများ တိုးချဲ့ရောက်ရှိသွားစေရန် ပို့ဆောင်ရေး၊ ဝန်ထမ်းနှင့် လုပ်ငန်းသုံးပစ္စည်းတွင် ရင်းနှီးထည့်ဝင်ရန်။
- (အမြတ်ထွက်နိုင်သည့်အခြေအနေများရှိသည့် ပိုမိုအမြတ်အစွန်းရနိုင်သော နွေစပါးစိုက်ပျိုးချိန်မှအပ) စပါးမစိုက်ရန် ပြင်းပြင်းထန်ထန် အားပေးပါ။ မြေမျက်နှာပြင်ရေကို အလွန်အမင်းအားထားနေရသည့် ဤမြို့နယ်များအတွက် အမြတ်အစွန်းမြင့်မြင့်မားမား ထွက်ရှိပြီး ရေအသုံးပြုရမှု ပိုမိုနည်းပါးသည့် ဆီထွက်သီးနှံနှင့် ပဲအမျိုးမျိုးတို့မှာ လွန်စွာအရေးပါပေသည်။
- အဝီစိတွင်းရေနှင့် တွင်းများဖောက်၍ မြေလွှာအောက်ရေများတူးစေခြင်း၊ ဆည်မြောင်းရေပေးဝေမှုကို ကြာရှည်တည်တံ့မည့်ပုံစံဖြင့် တိုးချဲ့ပေးခြင်းဖြင့် ရပ်ရွာလူထုတို့မှ သဘာဝအရင်းအမြစ်များအား မိမိတို့ပိုင်အနေဖြင့်သုံးစွဲထိန်းချုပ်မှုကို တိုးမြှင့်ပေးရန်။ ထိုသို့ လုပ်ဆောင်ရာ၌ ရပ်ရွာလူထုတို့သုံးစွဲနိုင်မည့် ဆည်နှင့် ရေလှောင်ကန်များကို ပိုမိုကောင်းမွန်စွာ ပုံစံပြုရေးဆွဲ၍ နက်နက်နဲနဲတည်ဆောက်ပေးရန်လည်း ပါဝင်သည်။

- လယ်သမားတို့အနေဖြင့် လယ်ယာသုံးစက်အသေးစားများကို ဝယ်ယူရရှိနိုင်ရေး၊ မျှဝေသုံးစွဲနိုင်စေရေးအတွက် အတိုးနှုန်းနည်းပါးစွာဖြင့် ချေးယူရန်လွယ်ကူမည့် ချေးငွေများကိုသော်လည်းကောင်း၊ အငှားချစီမံချက်ကိုသော်လည်းကောင်း ရေးဆွဲအကောင်အထည်ဖော်ရန်။ ယင်းကို နေရာဒေသတစ်ခုစီ၏ လျှပ်စစ်ကွန်ရက် (သို့) အခြားဆိုလာသုံးဓာတ်အားပေး စနစ်သော်လည်းကောင်း၊ အသေးစားရေအားလျှပ်စစ် (သို့) လျှပ်စစ်ပေးဝေမှု မတိုင်မီဝန်ဆောင်မှု စသည်တို့ဖြင့် အတိုင်အဖောက်ညီညီ ချိတ်ဆက်၍ ဆောင်ရွက်ပေးသင့်သည်။ လယ်ယာထုတ်လုပ်မှုစွမ်းအားကို အလုံးစုံမြှင့်တင်ရန်လိုအပ်ပါက နှစ်မျိုး/သုံးမျိုးသုံး လယ်ထွန်စက်ကဲ့သို့ ကြီးမားသောစက်ပစ္စည်းများတွင်ရင်းနှီးမြှုပ်နှံပေးခြင်းဖြင့် မြေ(ဇက) များများစားစားပိုင်ဆိုင်ထားသူများကို တိုက်ရိုက်ပံ့ပိုးပေးနိုင်မည့် အလားအလာ များစွာရှိမည်ဖြစ်ပြီး ၎င်းတို့သည်လည်း စီးပွားရေးလုပ်ငန်းသုံး ချေးငွေအမျိုးမျိုးတို့ရရှိစေရန် ဆောင်ရွက်ပေးသင့်သည်။
- အလွန်အမင်းရေကြီးခြင်းတို့မှ ကာကွယ်ပေးရန်သာမက ယခင်သဘာဝဘေးဒဏ်များခံခဲ့ရစဉ်ကာလက တိုးပွားလာခဲ့သည့် နန်း/အနည်/နွံများရှင်းလင်းစေရန် မြစ်တူးဖော်ခြင်းလုပ်ငန်းကိုဆောင်ရွက်ကာ ကမ်းပါးတာတမံများ ပိုမိုခိုင်မာမှုရှိရေး ဆောင်ရွက်ရန်။

| အမျိုးအစား (၄) အတွင်း မြို့နယ်များ- အခြေခံဝန်ဆောင်မှုများနှင့် အခြေခံအဆောက်အအုံများ လက်လှမ်းမီသုံးစွဲနိုင်မှုလွန်စွာ နည်းပါးခြင်း* | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ဧရာဝတီ | ဘိုကလေး | ဒေးဒရဲ | အိမ်မဲ | ကန်ကြီးထောင့် | ကျိုက်လတ် | ကျုံပျော် | လပွတ္တာ | |
| | မအူပင် | မော်လမြိုင်ကျွန်း | မြောင်းမြ | ငပုတော | ပန်းတနော် | ဖျာပုံ | သာပေါင်း | |
| | ဝါးခယ်မ | | | | | | | |
| ပဲခူး | ထန်းတပင် | ကဝ | ကျောက်ကြီး | လက်ပံတန်း | အုတ်တွင်း | ရွှေကျင် | သနပ်ပင် | ဝေါ |
| ချင်း | ဟားခါး | တီးတိန် | ထန်တလန် | တွန်းဇံ | | | | |
| ကချင် | ခေါင်လန်ဖူး | မချမ်းဘော | နောင်မွန်း | ပူတာအို | ရွှေကူ | တနိုင်း | | |
| ကယား | မယ်စဲ့ | | | | | | | |
| ကရင် | ဖာပွန် | သံတောင်ကြီး | | | | | | |
| မကွေး | မြိုင် | မြို့သစ် | နတ်မောက် | ငဖဲ | ပေါက် | ဆိပ်ဖြူ | | |
| မန္တလေး | သပိတ်ကျင်း | | | | | | | |
| မွန် | ဘီးလင်း | ချောင်းဆုံ | | | | | | |
| နေပြည်တော် | လယ်ဝေး | | | | | | | |
| ရခိုင် | မြောက်ဦး | ရမ်းဗြဲ | တောင်ကုတ် | | | | | |
| စစ်ကိုင်း | ဗန်းမောက် | ဟုမ္မလင်း | ကလေး | ကန့်ဘလူ | ကနီ | ကသာ | မော်လိုက် | |
| | မင်းကင်း | ဖောင်းပြင် | ပင်လယ်ဘူး | ဒီပဲယင်း | တမူး | တန့်ဆည် | ထီးချိုင့် | |
| ရှမ်း | မိုးမိတ် | ရွာငံ | | | | | | |
| တနင်္သာရီ | ဘုတ်ပြင်း | ကော့သောင်း | ကျွန်းစု | လောင်းလုံ | မြိတ် | ပုလော | တနင်္သာရီ | |
| | သရက်ချောင်း | | | | | | | |
| ရန်ကုန် | တွံတေး | | | | | | | |

*လူဦးရေကိန်းဂဏန်းများမှအပ မြို့နယ်တန်ဖိုးများသည် သန်းခေါင်စာရင်းကောက်ယူခဲ့သည့် လူဦးရေအပေါ်အခြေခံထားခြင်းဖြစ်ပြီး သန်းခေါင်စာရင်းကောက်ယူထားခြင်းမရှိသည့်လူအုပ်စုများကို အပြည့်အဝ ထင်ဟပ်မည်မဟုတ်ပါ။

# အမျိုးအစား (၅)
# တစ်ဦးချင်းအမြတ်အစွန်းအမြင့်မားဆုံးရှိသည့် စိုက်ပျိုးရေးမြို့နယ်များ



### အဓိကအင်္ဂါရပ်များ*

- ထိခိုက်လွယ်မှု ရှိသူဦးရေ (၄၄၈၄၁၁၇)ဦး
- (၆၄) မြို့နယ်
- ခြုံကြည့်ပါက ဤအုပ်စုအတွင်းရှိလူများ၏ စာတတ်မြောက်မှုမှာ ပျမ်းမျှ ထက်ပိုခြင်း၊ ဘေးကင်းသည့်မိလ္လာစနစ်နှင့် ပိုမိုကောင်းမွန်သည့် သောက်သုံးရေ စသည်တို့ ရရှိထားပါသည်။
- ကလေးသူငယ်မှီခိုအချိုးမှာ (၃၉-၄၂%) ရှိပါသည်။ ထို့ကြောင့်လုပ်သားအင်အားပါဝင်မှုနှုန်းမှာ များစွာမြင့်မားလျက်ရှိပါသည်။
- အမျိုးအစားအားလုံးတို့တွင် အမျိုးအစား-၅ သည် သီးနှံစိုက်ပျိုးမှုမှ တစ်ဦးချင်းအသားတင် ပျမ်းမျှအမြတ်အစွန်း အများဆုံးထုတ်လုပ်နိုင်ခြေရှိပြီး အမေရိကန်ဒေါ်လာ (၁၂၃) ရှိပါသည်။ ဤသည်မှာ လုပ်သားအင်အား၏ ထုတ်လုပ်မှုစွမ်းအားကို ညွှန်ပြနေရုံသာမက လူဦးရေ၏ မည်မျှအရေအတွက်မှာ စိုက်ပျိုးရေးတွင် ပါဝင်လုပ်ကိုင်နေကြသည်ဆိုသည်ကို ပြသနေခြင်းဖြစ်ပါ သည်။
- မြို့ပြတည်ဆောက်မှုနှုန်း အလွန်နိမ့်ပါးပါသည်။
- ဓာတ်အားပေးနှုန်းမှာ (အမျိုးအစား-၄ ပြီးလျှင်) နိုင်ငံတွင်ဒုတိယအဆိုးရွားဆုံးဖြစ်ပါသည်။
- ကလေးသူငယ်မှီခိုနှုန်း နိမ့်ပါးခြင်းနှင့် တိုးတက်ကောင်းမွန်သည့် သောက်သုံးရေ မဟုတ်သော ရေအရင်းအမြစ်များကို များစွာလက်လှမ်းမီသုံးစွဲနိုင်ခြင်းတို့ကြောင့် ဤဒေသများသည် အခြားကျေးလက်မြို့နယ်အုပ်စုများထက် ဒဏ်ခံနိုင်မှုအစွမ်း ပိုမိုရှိနေပါသည်။
- အမျိုးအစား-၅ ရှိ မြို့နယ်အများအပြားမှာ အညာဒေသမှ ဖြစ်ပါသည်။
- စပါးစိုက်ပျိုးမှုမှ ဆီထွက်သီးနှံ၊ မြေပဲနှင့် ပဲအမျိုးမျိုးတို့ကို ရောနှော၍ သိသိသာသာ စုံစုံလင်လင်စိုက်ပျိုးမှု ရှိလာခဲ့ပါသည်။
- မျိုးကွဲစုံလင်စွာ စိုက်ပျိုးလာကြသော တောင်သူများသည် ၎င်းတို့ပိုင်လယ်ယာမှသာမက ၎င်းတို့လုပ်အားအတွက်ကြောင့်လည်း ဝင်ငွေပိုမိုရရှိလာလေ့ရှိပါသည်။


### ဆီလျော်သင့်တော်မှုရှိနိုင်သည့် ဝင်ရောက်ဖြေရှင်းကိုင်တွယ်မှုလုပ်ငန်း အမျိုးအစားများ

- ဒဏ်ခံနိုင်မှုအစွမ်း ပိုမိုရှိရန် သို့၊ ဆိတ် ကဲ့သို့ ရေအသုံးပြုရမှုများပြားလှသည့် တိရစ္ဆာန်များအစား ကြက်/ဘဲများ ပြောင်းလဲမွေးမြူရန် တောင်သူများကို တိုက်တွန်းပါ။
- ၎င်းတို့မြေယာများမှအမြတ်အစွန်းပိုမိုထွက်ရှိလာစေရန်အားပေးသည့်အနေဖြင့်ဤမြို့နယ်ရှိလူများသည်စက်ပစ္စည်းများစတင်သုံးစွဲကာ ၎င်းတို့၏ ဒီဇယ်လောင်စာအားသုံး ရေစက်များနှင့် ဆက်စပ်သုံးစွဲမှုကို ဖြည့်စွက်သည့်အနေဖြင့် လျှပ်စစ်ကွန်ရက်နှင့် ချိတ်ဆက်ရန်အတွက် ငွေကြေးရင်းနှီးမြှုပ်နှံပေးမှု ရရှိသင့်ပါသည်။
- ချေးငွေအကန့်အသတ်တိုးမြှင့်ပေးခြင်း (သို့) လက်ကိုင်ထွန်စက်ကဲ့သို့ အသေးစားလယ်ယာသုံးကိရိယာများဝယ်ယူ/ငှားရမ်းရေး အစီအစဉ်များကို ဆောင်ရွက်ပေးရန်
- စီးပွားဖြစ်လုပ်နေသည့် တောင်သူများအား ချေးငွေလမ်းကြောင်း များများစားစားလက်လှမ်းမီစေရန် ဆောင်ရွက်ပေးမှသာ ၎င်းတို့အနေဖြင့် လုပ်ငန်းများကို စက်များဖြင့် ပိုမိုဆောင်ရွက်နိုင်မည်ဖြစ်သည်။
- ဂေဟာခရီးသွားလုပ်ငန်း၊ စိုက်ပျိုး/မွေးမြူရေး (ကုန်) များအား အဆင့်ဆင့်စီမံထုတ်လုပ်ခြင်း (သို့) ဂိုထောင်/ပစ္စည်း သိုလှောင်ခြင်းနှင့် ပို့ဆောင်ရေးစသည့် စိုက်ပျိုး/မွေးမြူရေးမဟုတ်သည့် သက်မွေးလုပ်ငန်းများအတွက် ငွေကြေး မြှုပ်နှံပေးမှုကိုတိုးမြှင့်ပေးရန်။
- တန်ဖိုးဖြည့်တင်းကွင်းဆက်ကို သေသေချာချာဆန်းစစ်၍ လက္ကားဈေးကွက်များဖော်ထုတ်သတ်မှတ်ကာ ဤဒေသများမှထွက်ရှိသည့် လယ်ယာထွက်ကုန်များ၏ ကုန်သွယ်မှုဗဟိုဖြစ်နိုင်မည့် ဒုတိယအဆင့်ရှိ မြို့ကြီးမြို့ငယ်များကို ဖော်ထုတ်သတ်မှတ်ခြင်း
- အခြေခံအဆောက်အအုံများကို ပတ်ဝန်းကျင်သက်ရောက်မှုလမ်းညွှန်ချက်များအတိုင်း သေချာစွာဆောက်လုပ်စေရန်နှင့် မိုးခေါင်ရေရှားမှုများအတွက် ဝန်ကြီးဌာနအစုံပါဝင်သည့် ပေါင်းစည်းစီမံကိန်းများရှိထားရမည်ဖြစ်သည့်အတွက် ဌာနအချင်းချင်းတို့အကြား ပေါင်းစပ်ညှိနှိုင်းမှုအောက်ရှိ ရေအရင်းအမြစ်စီမံခန့်ခွဲမှု ဗဟိုနည်းလမ်းတစ်ရပ် လိုအပ်မည်ဖြစ်သည်။

| အမျိုးအစား (၅) အတွင်း မြို့နယ်များ- တစ်ဦးချင်းအမြတ်အစွန်းအမြင့်မားဆုံးရှိသည့် စိုက်ပျိုးရေးမြို့နယ်များ* | | | | | | | |
|---|---|---|---|---|---|---|---|
| ဧရာဝတီ | ဓနုဖြူ | ဟင်္သာတ | အင်္ဂပူ | ကြံခင်း | ကျောင်းကုန်း | လေးမျက်နှာ | မြန်အောင် |
| | ညောင်တုန်း | ရေကြည် | ဇလွန် | | | | |
| ပဲခူး | ကြို့ပင်ကောက် | မင်းလှ | မိုးညို | နတ်တလင်း | အုတ်ဖို | ပေါက်ခေါင်း | သာယာဝတီ |
| ကချင် | ဖားကန့် | | | | | | |
| မကွေး | ဂန့်ဂေါ | ကံမ | မင်းတုန်း | မင်းလှ | စလင်း | ဆော | စေတုတ္တရာ |
| | ဆင်ပေါင်ဝဲ | တောင်တွင်းကြီး | သရက် | ထီးလင်း | ရေစကြို | | |
| မန္တလေး | ကျောက်ပန်းတောင်း | မတ္တရာ | မလှိုင် | မြစ်သား | နွားထိုးကြီး | ငါန်းဇွန် | ပျော်ဘွယ် |
| | စဉ့်ကူး | တံတားဦး | တောင်သာ | သာစည် | ဝမ်းတွင်း | ရမည်းသင်း | |
| နေပြည်တော် | တပ်ကုန်း | | | | | | |
| ရခိုင် | ဂွ | မာန်အောင် | သံတွဲ | | | | |
| စစ်ကိုင်း | အရာတော် | ဘုတလင် | ကလေးဝ | ခင်ဦး | မြောင် | ပုလဲ | ဝက်လက် |
| | ရေဦး | ယင်းမာပင် | | | | | |
| ရှမ်း | မဘိမ်း | နောင်ချို | | | | | |
| တနင်္သာရီ | ထားဝယ် | | | | | | |
| ရန်ကုန် | ထန်းတပင် | ခရမ်း | ကော့မှူး | ကွမ်းခြံကုန်း | သုံးခွ | | |

*လူဦးရေကိန်းဂဏန်းများမှအပ မြို့နယ်တန်ဖိုးများသည် သန်းခေါင်စာရင်းကောက်ယူခဲ့သည့် လူဦးရေအပေါ်အခြေခံထားခြင်းဖြစ်ပြီး သန်းခေါင်စာရင်းကောက်ယူထားခြင်းမရှိသည့်လူအုပ်စုများကို အပြည့်အဝ ထင်ဟပ်မည်မဟုတ်ပါ။

# အမျိုးအစား (၆)
# ဒုတိယမြို့တော်များ နှင့် မြို့များရှိသည့် စိုက်ပျိုးရေးနေရာဒေသများ



### အဓိကအင်္ဂါရပ်များ*

- ထိခိုက်လွယ်မှု ရှိသူဦးရေ (၄၉၅၇၂၁၆)ဦး
- (၆၅) မြို့နယ်
- ဤအမျိုးအစားတွင် လူဦးရေပိုမိုများပြားလှသည့် ဗဟိုချက်များနှင့် အညာဒေသနှင့် စိုက်ပျိုးရေးရပ်ဝန်းတွင်းရှိ ဒုတိယမြို့တော်များ နှင့် မြို့ငယ်များပါရှိပါသည်။
- ခြုံကြည့်မည်ဆိုပါက ဤမြို့နယ်များသည် ရန်ကုန်နှင့် မန္တလေး မြို့လယ် ဗဟိုများပြင်ပရှိ လူဦးရေသိပ်သည်းမှု အများဆုံးဖြစ်သည့် မြို့ပြ(သို့) မြို့ပြနှင့်ကပ်လျက်ဒေသများဖြစ်ပါသည်။ ဤဒေသများတွင်မြစ်ကြီးနား၊ မြဝတီ၊ စစ်ကိုင်း၊ ပဲခူး၊ ပြည်၊ ပြင်ဦးလွင်၊ ပုသိမ်၊ တောင်ကြီးစသဖြင့် အဓိကမြို့ကြီးများ၊ ပြည်နယ်/တိုင်းဒေသကြီး မြို့တော်များ ပါဝင်ပါသည်။
- လူဦးရေ၏ (၄၀%)မှာ လျှပ်စစ်ဓာတ်အား လက်လှမ်းမီသုံးစွဲနိုင်မှု ရှိပါသည်။
- (၈၀%)မှာ ဘေးကင်းသည့်မိလ္လာစနစ်ရှိပါသည်။
- (၄၀%) နီးပါးသည် အလယ်တန်းအဆင့်ပညာရေး ပြီးစီးထားခြင်း
- ဘေးပတ်လည်နေရာဒေသများစွာတို့၏ စီးပွားရေးနှင့် နိုင်ငံရေးဗဟိုဖြစ်နေသည့် အဆိုပါမြို့ကြီးများမှာ ၎င်းတို့၏ ကုန်စည်နှင့် ဝန်ဆောင်မှုပိုင်း များစွာ သောလိုအပ်ချက်တို့အတွက် ဖြည့်ဆည်းဝန်ဆောင်ပေးနေရသည် သာမက ပြည်နယ်များအချင်းချင်းကြား ကုန်သွယ်မှုအဆင့်ကို ပိုမိုမြင့်မားစွာ ဆောင်ရွက်ပေးရလျက်ရှိပြီး ပြည်တွင်းပြည်ပ ဈေးကွက်များကိုပါ ကုန်းတွင်းပိုင်းနှင့် ချိတ်ဆက်ပေးနေရသည့် ဒေသများဖြစ်သည်။
- အဓိကကုန်သွယ်မှုနှင့် နိုင်ငံရေးဗဟိုချက်များ ဖြစ်သည့်တိုင် ဤမြို့နယ်များမှာ မြန်မာနိုင်ငံ၏ စိုက်ပျိုးရိတ်သိမ်းမြေ (၂၄%)ရာခိုင်နှုန်း ရှိနေဆဲဖြစ်သည့်အတွက် စိုက်ပျိုးရေးကိုတိုးတက်ရန်အတွက်ဆိုလျှင် အစောပိုင်းက အမျိုးအစား (၂) မျိုးတွင်ဖော်ပြခဲ့သည့် ဝင်ရောက်ဖြေရှင်းကိုင်တွယ်ရေးနည်းလမ်းများမှာ ဤနေရာတွင် ဆက်လက်အကျုံးဝင်ဆဲ ဖြစ်ပါသည်။

### ဆီလျော်သင့်တော်မှုရှိနိုင်သည့် ဝင်ရောက်ဖြေရှင်းကိုင်တွယ်မှုလုပ်ငန်း အမျိုးအစားများ

- ဤဒေသများ၏ ဘေးပတ်လည်ဒေသများအား ဖြည့်ဆည်းပေးနိုင်ရန်အတွက် စိုက်ပျိုးရေးထုတ်ကုန် လက္ကားရောင်းချမှု၊ ထောက်ပံ့ပို့ဆောင်ရေး၊ သိုလှောင်ရေးစွမ်းဆောင်ရည်များကို ဦးစွာဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီးနောက် ကုန်စည်နှင့် ဝန်ဆောင်မှုများစဉ်ဆက်မပြတ်ဖလှယ်နိုင်စေရန် မန္တလေးနှင့် ရန်ကုန်မြို့ကြီးများနှင့် ပိုမိုခိုင်မာစွာချိတ်ဆက်ရန် ကြိုးပမ်းအားထုတ်ခြင်းဖြင့် ဤဒုတိယမြို့တော်တစ်မြို့စီတွင် ရနိုင်သည့်ကုန်စည်နှင့်ဝန်ဆောင်မှုအမျိုးမျိုးအဖုံဖုံတိုးတက်များပြားစေရန် တက်ကြွစွာမြှင့်တင်ဆောင်ရွက်ပေးရန်။
- အအေးခံသိုလှောင်မှုနှင့် အစေ့စီမံထုတ်လုပ်မှုစက်ရုံများကဲ့သို့ စားသောက်ကုန်အဆင့်ဆင့်စီမံထုတ်လုပ်ခြင်း၊ လယ်ယာစိုက်ပျိုးရေးကုန်အဆင့်ဆင့်စီမံထုတ်လုပ်သည့် လုပ်ငန်းသုံးအဆောက်အအုံများတည်ဆောက်ရန် ဤမြို့နယ်များသည် သင့်တော်မှုအရှိဆုံးနေရာများဖြစ်သည်။ အဆင့်ဆင့်စီမံထုတ်လုပ်သည့် ကုန်ပစ္စည်းများကို ပြည်တွင်းမှာများစွာ အဝယ်လိုက်နေသည့်အပြင် တိုးတက်သည့် လယ်ယာစိုက်ပျိုးရေးကုန် အဆင့်ဆင့်စီမံထုတ်လုပ်ရေး အဆောက်အအုံများသည် လယ်ယာထွက်ကုန်များ၏ အရည်အသွေးနှင့် တန်ဖိုးတို့ကို ပိုမို မြှင့်တင်ပေးနိုင်ပါသည်။
- ရန်ကုန်နှင့် ပြည်ပမှ ရင်းနှီးမြှုပ်နှံသူများ၊ ဘဏ္ဍာရေးအဖွဲ့အစည်းများကို ဖိတ်ခေါ်နိုင်ရေးအတွက် မီဒီယာနှင့် အသိပညာပေးရေးမဟာဗျူဟာများ ထုတ်လုပ်ပါ။ ဤမြို့နယ်များရှိ စွန့်ဦးလုပ်ငန်းရှင်များ မတည်ရင်းနှီးငွေ များများစားစားဖြင့် လုပ်ငန်းစမ်းသပ်လုပ်ကာ လုပ်ငန်းများ ပိုမိုတိုးတက်လာစေရန်လိုအပ်သည့် ချေးငွေလမ်းကြောင်းများ လက်လှမ်းမီရရှိစေရေး (ချေးငွေများများစားစားရရှိရေး) အတွက်စီးပွားရေးလုပ်ငန်းသုံးချေးငွေများများစားစားချပေးနိုင်သည့်စွမ်းရည်နှင့်အကြွေးအပြင်အဆင်စသည့်အခြေခံအဆောက်အအုံများ လိုအပ်မည်ဖြစ်သည်။
- မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်(သို့) ဤနေရာဒေသများတွင် ရုံးခွဲရှိသည့် အခြားအဖွဲ့အစည်းများအပါအဝင် အသေးစား ငွေကြေးမြှုပ်နှံပေးသည့်ဌာနများကဲ့သို့ ငွေကြေးအမြောက်အများချေးနိုင်သူ အဖွဲ့အစည်းများအနေဖြင့် ပြင်းထန်ဆိုးရွားသည့် ရာသီဥတုဖြစ်ရပ်၊ ရာသီဥတုပုံစံအပြောင်းအလဲများမှ အကာအကွယ်ဖြစ်စေရန် ၎င်းတို့၏ ရင်းနှီးမြှုပ်နှံမှုအစုစု (နှင့်၎င်းတို့ဖောက်သည်များ)အတွက် အာမခံများ လုပ်ပေးသင့်ပါသည်။

- အသေးစားတောင်သူများပေါ် အနုတ်သဘော အကျိုးတန်ပြန်သက်ရောက်ခြင်းမရှိစေရန်နှင့် ကန္တာရဖြစ်မှုမှတန့်သွားစေရန်အတွက် သာမက တောင်ယာနည်းလမ်းများအသုံးပြု၍ ပိုမိုပျက်စီးလွယ်သည့် သီးနှံများအရိပ်ရစေရန် အညာဒေသ တစ်လျှောက်တွင် သစ်ပင်စိုက်ပျိုးမှုပါဝင်သော လယ်ယာစိုက်ပျိုးရေးပုံစံကို အတိုင်းအဆကြီးကြီးမားမား ဆောင်ရွက်ရန် ထည့်သွင်းစဉ်းစားသင့်ပါသည်။
- အရေးပါသည့် စည်ပင်သာယာရေးစနစ်တစ်ဝိုက် ပြည့်သိပ်ကြပ်ညပ်တစ်ဆို့နေမှုများကို ရှောင်ရှားရန် ဤဒုတိယမြို့ကြီးများတွင် မြို့ပြစီ မံကိန်းရေးဆွဲခြင်း၊ နယ်မြေပိုင်းခြားသတ်မှတ်ခြင်းနှင့် ဥပဒေအာဏာတည်စေမှုတို့ကို အလေးပေးထားရန်။
- လက်ရှိဆည်မြောင်းစနစ်၊ မိလ္လာ၊ ဆက်သွယ်ရေး၊ ပို့ဆောင်ရေးနှင့် လျှပ်စစ်ဓာတ်အားပေးရေး စသည့် အခြေခံအဆောက်အအုံများအပေါ် စီမံထားသည့် ရင်းနှီးမြှုပ်နှံမှုများနှင့်ပေါင်းစပ်၍ သဘာဝဘေးဒဏ်ခံနိုင်၍ လိုသလို ပြောင်းလွဲနိုင်သော စီမံကိန်းရေးဆွဲအကောင်အထည်ဖော်မှုမျိုးဖြစ်စေရန် ဘက်စုံကြိုးပမ်းအားထုတ်သင့်ပါသည်။

| အမျိုးအစား (၆) အတွင်း မြို့နယ်များ- ဒုတိယမြို့တော်များ နှင့် မြို့များရှိသည့် စိုက်ပျိုးရေးနေရာဒေသများ* | | | | | | | |
|---|---|---|---|---|---|---|---|
| ဧရာဝတီ | ပုသိမ် | | | | | | |
| ပဲခူး | ပဲခူး | ဒိုက်ဦး | ကျောက်တံခါး | ညောင်လေးပင် | ပန်းတောင်း | ပေါင်းတည် | ဖြူး |
| | ပြည် | ရွှေတောင် | တောင်ငူ | သဲကုန်း | ရေတာရှည် | ဇီးကုန်း | |
| ချင်း | ဖလမ်း | | | | | | |
| ကချင် | ဗန်းမော် | မံစီ | မိုးကောင်း | မိုးညှင်း | မြစ်ကြီးနား | | |
| ကယား | ဘော်လခဲ | ဖားဆောင်း | လွိုင်ကော် | | | | |
| ကရင် | မြဝတီ | | | | | | |
| မကွေး | အောင်လံ | ချောက် | မကွေး | မင်းဘူး | ပခုက္ကူ | ပွင့်ဖြူ | ရေနံချောင်း |
| မန္တလေး | ကျောက်ဆည် | မိတ္ထီလာ | မိုးကုတ် | မြင်းခြံ | ညောင်ဦး | ပုသိမ်ကြီး | ပြင်ဦးလွင် |
| | စဥ့်ကိုင် | | | | | | |
| မွန် | ကျိုက်ထို | မုဒုံ | ပေါင် | သံဖြူဇရပ် | သထုံ | | |
| နေပြည်တော် | ဒက္ခိဏသီရိ | ဥတ္တရသီရိ | ပျဉ်းမနား | ဇေယျာသီရိ | | | |
| စစ်ကိုင်း | ချောင်းဦး | အင်းတော် | ကောလင်း | ကျွန်းလှ | မြင်းမူ | စစ်ကိုင်း | ဆားလင်းကြီး |
| | ရွှေဘို | ဝန်းသို | | | | | |
| ရှမ်း | ကလော | ညောင်ရွှေ | ပင်းတယ | တောင်ကြီး | | | |
| ရန်ကုန် | ကိုကိုးကျွန်း | လှည်းကူး | ကျောက်တန်း | တိုက်ကြီး | | | |

*လူဦးရေကိန်းဂဏန်းများမှအပ မြို့နယ်တန်ဖိုးများသည် သန်းခေါင်စာရင်းကောက်ယူခဲ့သည့် လူဦးရေအပေါ်အခြေခံထားခြင်းဖြစ်ပြီး သန်းခေါင်စာရင်းကောက်ယူထားခြင်းမရှိသည့်လူအုပ်စုများကို အပြည့်အဝ ထင်ဟပ်မည်မဟုတ်ပါ။

## အမျိုးအစား (၇)
## တိုးတက်ဖြစ်ထွန်းလာမည့် မြို့ပြနှင့်ကပ်လျက်ဒေသနှင့် မြို့ပြဒေသများ



### အဓိကအင်္ဂါရပ်များ*

- ထိခိုက်လွယ်မှု ရှိသူဦးရေ (၇၃၄၈၆၇)ဦး
- (၁၁) မြို့နယ်
- ရန်ကုန်၊ မန္တလေး၊ နေပြည်တော်စသည့် ပင်မမြို့ပြဗဟိုချက်များနှင့် ပထဝီအနေအထားအရနီးကပ်မှုရှိသော်လည်း ဤမြို့နယ်များ၏လူမှုစီးပွားရေးမှာ ရန်ကုန်မြို့ရှိ မြို့ပြဒေသအများစုမှ ကျွန်ပ်တို့မျှော်မှန်းထားသည်နှင့် မကိုက်ညီဘဲ ဖြစ်နေပါသည်။
- လူများသည် အခြားမြို့လယ်ဒေသများရှိသူများထက် များစွာငယ်ရွယ်ကြပြီး ဤဒေသများရှိ ကလေးသူငယ်မှီခိုအချိုးမှာ (အမျိုးအစား-၈ ၏ ၂၅.၇% နှင့်ယှဉ်ပါက) (၃၈.၉%)ရှိသည့်အတွက် အမျိုးအစား (၅) နှင့် (၆) အချိုးအစားများနှင့် များစွာဆင်တူလျက်ရှိပါသည်။
- အခြေခံဝန်ဆောင်မှုနှင့် တိုးတက်ကောင်းမွန်သည့်အိမ်ရာများ လက်လှမ်းမီသုံးစွဲနိုင်မှုမှာ အမျိုးအစား-၈ ထက် ပိုမိုနိမ့်ကာ ပျမ်းမျှ (၂၇%) ရှိပါသည်။
- ပညာရေးပြီးစီးအောင်မြင်မှုမှာ ကျန်ရှိသည့်ပင်မမြို့ကြီးများ၏ တစ်ဝက်နီးပါးရှိပါသည်။
- ပျမ်းမျှအားဖြင့် ဤမြို့နယ်များရှိလူများသည် မြို့တွင်းမြို့နယ်များရှိလူများထက် မြေကွက်ပိုမိုကြီးကြီးမားမား ပိုင်ဆိုင်ထားကြပါသည်။ ၎င်းမြေကွက်များသည် အမျိုးအစား-၈ မြို့နယ်ပျမ်းမျှမြေအရွယ်အစားထက် (၁၀)ဆ မက ပိုကြီးမားကြပါသည်။
- မြေဧရိယာ (၆၃%)ကို လယ်ယာမြေများအဖြစ်အသုံးပြုနေပြီး တစ်ဧကရိတ်သိမ်း အသားတင် အသင့်အတင့်အမြတ် အမေရိကန်ဒေါ်လာ (၁၀၄) ဒေါ်လာ ထုတ်လုပ်ပေးပါသည်။ မှော်ဘီမြို့မှာ ရန်ကုန်သို့ လယ်ယာထွက်ကုန် အဓိကပို့နေသည့် မြို့ဖြစ်ပါသည်။
- ၎င်းတို့ဘေးပတ်ဝန်းကျင်တွင် အဓိကမြို့ကြီးများဖွံ့ဖြိုးတိုးတက်လာစဉ် ၎င်းဒေသများသည် ဖွံ့ဖြိုးရန် နောက်ဆုံးဖြစ်လာပါသည်။

### ဆီလျော်သင့်တော်မှုရှိနိုင်သည့် ဝင်ရောက်ဖြေရှင်းကိုင်တွယ်မှုလုပ်ငန်း အမျိုးအစားများ


- ဤမြို့နယ်များရှိ ကြီးမားသည့်မြေကွက်များကို ထုံးစံအားဖြင့် အထူးစီးပွားရေးဇုန်(သို့) စက်မှုဇရိယာများတည်ဆောက်ရန် သီးသန့်ဖယ်ထားချိန်၌ အထူးသဖြင့် ရန်ကုန်တွင် အိမ်ရာများဆောက်လုပ်ရန် ကျန်ရှိသည့်လက်ကျန် (မြေနေရာ) ကိုထပ်မံဖြည့်စွက်၍ ကြပ်တည်းသိပ်သည်းမှုကို ဖြေလျှော့ပေးနိုင်ရန်အတွက် အထူးသဖြင့်ရန်ကုန် တွင်(အိမ်ရာဆောက်လုပ်ရန်) မြေများဖော်ထုတ်ပေးမှုကို ထည့်သွင်းစဉ်းစားနိုင်ပါသည်။ မြေများဖော်ထုတ်ပေးရေး စီမံကိန်းမှန်သမျှသည် ဆုံးဖြတ်ချက်မချမီ အများပြည်သူနှင့်တိုင်ပင်ဆွေးနွေးသင့်ပါသည်။
- (အဆောက်အအုံဆောက်လုပ်ရန်)မြေဖော်ထုတ်ရေး ညှိနှိုင်းမှုများမပြုလုပ်မီ ထိခိုက်လွယ်မှု ရှိနေသော နေထိုင်သူများ မည်သူမည်ဝါဖြစ်သည်ကို ဖော်ထုတ်၍ ၎င်းတို့ကိစ္စကို လိုအပ်သလိုကိုင်တွယ်စီမံပေးခြင်း၊ (သက်ဆိုင်ရာသို့) ပြန်လည်လွှဲပေးခြင်း စသည့်စနစ်များ တည်ထောင်ပေးရမည်ဖြစ်သည်။
- ဤဒေသများရှိ လူထုအသိုင်းအဝိုင်းတို့သည် မြေ၊ အိမ်ရာ၊ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ၎င်းတို့ရပိုင်ခွင့်၊ ခံစားပိုင်ခွင့်များအပေါ် ကောင်းစွာသိရှိနားလည်ရမည်ဖြစ်ပြီး ဤနေရာဒေသများသည် အိမ်ရာဖွံ့ဖြိုးဆောက်လုပ်မည့်သူများကို ဆွဲဆောင်ခြင်းမပြုနိုင်မီ သင့်တော်သော ဥပဒေအကြံဉာဏ်ကို ရယူနိုင်ရမည်ဖြစ်သည်။ ထိုသို့ရယူခြင်းဖြင့် နေထိုင်သူများ ကျေကျေနပ်နပ် ပြောင်းရွှေ့သွားရမှုကို ဟန့်တားနှောင့်ယှက်နိုင်သည့် မြေနှင့် ရပိုင်ခွင့်များကို ဈေးကွက်တန်ဖိုးအောက် လျှော့ရောင်းရခြင်းကို (ကြိုတင်အကြံဉာဏ်များရယူခြင်းက) တားဆီးကန့်သတ်နိုင်မည်ဖြစ်သည်။ သို့မဟုတ်ပါက ထိခိုက်လွယ်မှု ရှိနေသော ထိုလူအုပ်စုများသည် အိုးအိမ်များ မဲ့သွားရနိုင်ခြင်းနှင့် ဆင်ခြေဖုံးများတွင် ယာယီတဲများဖြင့် နေထိုင်သွားရနိုင်သည်။
- မြို့ဖော်ထုတ်ဆောက်လုပ်ရေး စီမံချက်များလုပ်ဆောင်ရာ၌ ဤနေရာများတွင်နေထိုင်နေကြသည့် ထိခိုက်လွယ်မှု ရှိနေသူများ၏ သက်မွေးလုပ်ငန်းများကို တစ်စိတ်တစ်ဒေသအနေဖြင့် ထည့်သွင်းစဉ်းစားစေရမည် ဖြစ်သည်။ ထိုသို့လုပ်ဆောင်ရာ၌ အထူးသဖြင့် ၎င်းတို့၏ ယခင်လုပ်ငန်းသည် လယ်ယာ/မွေးမြူရေး (သို့) အခြား အခြေခံကျသည့် သက်မွေးလုပ်ငန်းများဖြစ်ပါက ၎င်းတို့အား စွမ်းရည်မြှင့်တင်ပေးခြင်းများ ဆောင်ရွက်ပေးရန် လိုအပ်မည်ဖြစ်သည်။

- ပြောင်းရွှေ့ပေးရမှုအတွက် အခြားလျော်ကြေးနှင့် သက်မွေးလုပ်ငန်း သင်တန်းပေးခြင်းများအပါအဝင် အိမ်ရာ (အစားထိုးပြန်လည်ပေးအပ်ခြင်း/ဆောက်လုပ်ပေးခြင်း စသဖြင့်) နည်းလမ်းအမျိုးမျိုး အစုံလိုက်ပါရှိသည့် သင့်တော်သော ပြန်လည်ပြောင်းရွှေ့နေရာချထားရေး အစီအစဉ်များ ရှိထားရမည်ဖြစ်သည်။ နေထိုင်သူများ အနေဖြင့် ၎င်းပြန်လည်နေရာချထားရေး အစီအစဉ် အစုံလိုက်ကို သဘောတူညီရမည် ဖြစ်သည်။
- ဤနေရာဒေသများကို (အိမ်ရာ/စက်ရုံစသဖြင့်) မြေဖော်ဆောင်ခြင်းမပြုမီ လမ်းမများ နှင့် အဝေးပြေးလမ်းမကြီးများ၊ မိလ္လာလမ်းကြောင်းနှင့် အခြားအများပြည်သူနှင့်သက်ဆိုင်သည့် လုပ်ငန်း စသည့်အခြေခံအဆောက်အအုံ အားလုံးတို့ကို စီမံလုပ်ဆောင်သွားရမည်ဖြစ်သည်။

| အမျိုးအစား (၇) အတွင်း မြို့နယ်များ-<br>တိုးတက်ဖြစ်ထွန်းလာမည့် မြို့ပြနှင့်ကပ်လျက်ဒေသနှင့် မြို့ပြဒေသများ* | | | | | | |
|---|---|---|---|---|---|---|
| မန္တလေး | အမရပူရ | ပြည်ကြီးတံခွန် | | | | |
| မွန် | မော်လမြိုင် | | | | | |
| နေပြည်တော် | ပုဗ္ဗသီရိ | | | | | |
| စစ်ကိုင်း | မုံရွာ | | | | | |
| ရန်ကုန် | ဒဂုံမြို့သစ် (အရှေ့) | ဒဂုံမြို့သစ် (ဆိပ်ကမ်း) | ဒလ | မှော်ဘီ | ဆိပ်ကြီးခနောင်တို | သန်လျင် |

*လူဦးရေကိန်းဂဏန်းများမှအပ မြို့နယ်တန်ဖိုးများသည် သန်းခေါင်စာရင်းကောက်ယူခဲ့သည့် လူဦးရေအပေါ်အခြေခံထားခြင်းဖြစ်ပြီး သန်းခေါင်စာရင်းကောက်ယူထားခြင်းမရှိသည့်လူအုပ်စုများကို အပြည့်အဝ ထင်ဟပ်မည်မဟုတ်ပါ။

# အမျိုးအစား (၈)
# ငွေကြေး ပိုအဆင်ပြေသည့် လူနေထူထပ်သော မြို့လယ်ခေါင်များ



### အဓိကအင်္ဂါရပ်များ*

- ထိခိုက်လွယ်မှု ရှိသူဦးရေ (၁၀၂၆၄၂၂)ဦး
- (၃၄) မြို့နယ်
- ဤအမျိုးအစားတွင် ရန်ကုန်၊ မန္တလေး၊ နေပြည်တော်စသည်တို့၏ မြို့ပြဗဟိုချက်များ ပါဝင်ပါသည်။
- အမျိုးအစား-၈ မြို့နယ်များတွင် ပညာရေးပြီးစီးအောင်မြင်မှု၊ နေထိုင်မှုအခြေအနေနှင့် အခြေခံဝန်ဆောင်မှုများ လက်လှမ်းမီသုံးစွဲနိုင်မှုအပါအဝင် အဓိက အညွှန်းဖော်ပြချက်များ၌ အခြားသောမြို့နယ်အားလုံးတို့ထက် အရှေ့ပိုရောက်မှု ကြီးမားနေပါသည်။
- ဤဒေသများသည် အမျိုးအစား-၇ ထက် ဓာတ်အားပေးကွန်ရက်နှင့် (၁၅၀%) ပိုမို၍ချိတ်ဆက်ထားပါသည်။
- ဤအမျိုးအစား၏ လူနေသိပ်သည်းမှုဖြစ်သည့် တစ်ကီလိုမီတာ ပတ်လည် (၈၇၄၉)ဦး မှာလည်း ပြည်ထောင်စုတစ်ဝှမ်းပျမ်းမျှ (၇၉.၈၈)ဦး ထက်စာပါက များစွာသိသာထင်ရှားလျက် ရှိနေပါသည်။

### ဆီလျော်သင့်တော်မှုရှိနိုင်သည့် ဝင်ရောက်ဖြေရှင်းကိုင်တွယ်မှုလုပ်ငန်း အမျိုးအစားများ

- မြို့ပြနေ ဆင်းရဲနွမ်းပါးသူများအနေဖြင့် ကာလရှည်ချေးငွေနှင့် အတိုးနှုန်းသက်သာသည့် အပေါင်ထားချေးငွေများ ရရှိနိုင်ရေးတွင် အိမ်ရာ ဆောက်လုပ်မှုအတွက် ငွေကြေးမြှုပ်နှံပေးသည့် ကော်ပိုရေးရှင်းထူထောင်ပေးခြင်း (နှင့် လိုအပ်သောဥပဒေ၊ မူဘောင်များရေးဆွဲထုတ်လုပ်ပေးခြင်းစသည်ဖြင့်) ငွေကြေးတတ်နိုင်သည့်အိမ်ရာများ ဆောက်လုပ်ပေးရေးအစီအစဉ်များ ဖော်ဆောင်ပေးမှုကို တိုးချဲ့မြှင့်တင်ပေးရန်။ ထိခိုက်လွယ်မှု အများဆုံး ရှိနေသူများအနေဖြင့် လျှော့ပေါ့အတိုးနှုန်းဖြင့် (ချေးငွေများ) ရရှိသင့်စေကာမူ (ချေးငွေ) ပြန်လည်ဖြည့်တင်းနိုင်ရေးအတွက် စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုရှိသည့် ကာလရှည်ဘဏ္ဍာငွေမြှုပ်နှံပေးသည့်စနစ်များ ကြိုးပမ်းတည်ဆောက်ထားသင့်ပါသည်။ အစိုးရပိုင် မြေများကို ပုဂ္ဂလိကကဏ္ဍမိတ်ဖက်များနှင့် ပူးတွဲဖော်ဆောင်ပါက စရိတ်ပြန်လည်ရရှိရန် ဖြစ်နိုင်ခြေရှိသည့် လမ်းကြောင်းတစ်ခု ပေါ်ထွက်လာမည်ဖြစ်သည်။
- မြို့ ပြပြန်လည်နေရာချခြင်း၊ ဆင်းရဲနွမ်းပါးသည့် ရပ်ကွက်များ ပမာဏကြီးကြီးမားမားရှင်းလင်းရေး လုပ်သည့်အခါ လျော်ကြေးရရန် တရားဝင်ရပိုင်ခွင့်များ၊ စာချုပ်စာတမ်းများပြသစရာမလိုဘဲ မျှမျှတတဖြင့် လျော်ကြေးရရှိစေရေးအတွက် တရားရေးရာနှင့် အုပ်ချုပ်မှုရေးရာအကူအညီကို နစ်နာသူများအနေဖြင့် အခမဲ့လက်လှမ်းမီ ရရှိသင့်ပါသည်။ နစ်နာသူများအနေဖြင့် လျော်ကြေးငွေ အလျင်အမြန်ရရှိစေရန် အစိုးရ၏ ဗျူရိုကရေစီယန္တရားကို အောင်မြင်စွာကျော်ဖြတ်နိုင်ရေးအတွက်လည်းကောင်း၊ တိုင်တန်းချက်များ လက်ခံဖြေရှင်းပေးနိုင်ရန်အတွက်လည်းကောင်း တိုက်ရိုက်တုံ့ပြန်ကိုင်တွယ်ပေးသည့် အစိုးရရုံးတစ်ရုံးတည်ထောင်ရန် အကြံပြုပါ သည်။
- လူနေရပ်ကွက်များတွင် အိမ်ရာအမျိုးအစား အမျိုးမျိုးရောထွေးထားသည့်ပုံစံ ဖြစ်စေရန်သေချာတည်ဆောက်ပေးခြင်းဖြင့် ဖယ်ကြဉ်ဘေးထုတ်ထားသည့် နေရာမျိုးမရှိစေရန် ဟန့်တားရမည်ဖြစ်သည်။ ဆင်းရဲနွမ်းပါး၍ သီးခြားဖြစ်သည့် ရပ်ကွက်မျိုးပေါ်ပေါက်ခြင်း၏ နောက်ဆက်တွဲအနေဖြင့် လူမျိုး/လူတန်းစား ကွဲပြားမှုဖြစ်သွားခြင်းမှာ မြို့တစ်မြို့၏ စည်းလုံးမှုကိုပျက်စီးစေနိုင်ပါသည်။
- ဌာနတွင်း နည်းပညာစွမ်းဆောင်ရည်မြှင့်တင်ကာ ဖွဲ့စည်းတည်ဆောက်ပုံစနစ်နှင့် အကြီးစားပြောင်းလဲမှုများတွင် ရင်းနှီးမြှုပ်နှံနိုင်ရန် အတွက် ပိုင်ဆိုင်မှုအခွန်နှင့် သက်ဆိုင်ရာအဖိုးအခများ၊ ဒဏ်ကြေးပြစ်ဒဏ်ကြေးကောက်ယူမှုများ ဆောင်ရွက်ခြင်းဖြင့် ကြိုတင်တွက်ဆနိုင်မည့် အခွန်ဝင်ငွေရလမ်းအမျိုးမျိုးကို ထုတ်လုပ်ထားပါ။ YCDC သည် ခေတ်မမီတော့သည့် ၁၉၂၂ ခုနှစ် ရန်ကုန် အက်ဥပဒေအရ ဖွဲ့စည်းခဲ့သည့်ဌာနဖြစ်သည်။ ဆင်းရဲသားများကို မမျှမတဒဏ်ခတ်သည့် အခွန်မျိုးဖြစ်သောကြောင့် VAT ကဲ့သို့ ခေတ်နောက်ပြန်ဆွဲသော အခွန်များကို ရှောင်ရှားသင့်ပါသည်။

| အမျိုးအစား (၈) အတွင်း မြို့နယ်များ- ငွေကြေး ပိုအဆင်ပြေသည့် လူနေထူထပ်သော မြို့လယ်ခေါင်များ* | | | | |
|---|---|---|---|---|
| မန္တလေး | အောင်မြေသာဇံ | ချမ်းအေးသာဇံ | ချမ်းမြသာစည် | မဟာအောင်မြေ |
| နေပြည်တော် | ဇမ္ဗူသီရိ | | | |
| ရန်ကုန် | အလုံ | ဗဟန်း | ဗိုလ်တထောင် | ဒဂုံ |
| | ဒဂုံမြို့သစ် (မြောက်) | ဒဂုံမြို့သစ် (တောင်) | ဒေါပုံ | လှိုင် |
| | လှိုင်သာယာ | အင်းစိန် | ကမာရွတ် | ကျောက်တံတား |
| | ကြည့်မြင်တိုင် | လမ်းမတော် | လသာ | မရမ်းကုန်း |
| | မင်္ဂလာဒုံ | မင်္ဂလာတောင်ညွန့် | မြောက်ဥက္ကလာပ | ပန်းပဲတန်း |
| | ပုဇွန်တောင် | စမ်းချောင်း | ဆိပ်ကမ်း | ရွှေပြည်သာ |
| | တောင်ဥက္ကလာပ | တာမွေ | သာကေတ | သဃ်န်းကျွန်း |
| | ရန်ကင်း | | | |

*လူဦးရေကိန်းဂဏန်းများမှအပ မြို့နယ်တန်ဖိုးများသည် သန်းခေါင်စာရင်းကောက်ယူခဲ့သည့် လူဦးရေအပေါ်အခြေခံထားခြင်းဖြစ်ပြီး သန်းခေါင်စာရင်းကောက်ယူထားခြင်းမရှိသည့်လူအုပ်စုများကို အပြည့်အဝ ထင်ဟပ်မည်မဟုတ်ပါ။

# နောက်ဆက်တွဲ- ဆောင်ရွက်ပုံနည်းစနစ်ဆိုင်ရာ ထပ်ဆင့်မှတ်ချက်များ

ဤလေ့လာဆန်းစစ်မှုအတွက် အစမှအဆုံး ဆောင်ရွက်မှုအဆင့်အဆင့် အခြေခံမှာ ဆက်လက်ဖော်ပြသည့်အတိုင်းဖြစ်ရာ - (၁) အချက်အလက်များကို စုစည်းပြီး၊ အချက်အလက်၏ အရည်အသွေးနှင့် အလုပ်ဖြစ်နိုင်ခြင်းရှိမရှိကို သုံးသပ်အကဲဖြတ်ကာ၊ အဓိကလေ့လာမည့် ပင်မအချက်အလက်အစုအဝေးအဖြစ် ယင်းအား ပြန်လည်စီစဉ်သတ်မှတ်ခြင်း (၂) အနီးကပ် စစ်ဆေးကြည့်ရှုလေ့လာနိုင်ရန်အတွက် စူးစမ်းလေ့လာနိုင်မည့် အချက်အလက်များကို ပိုင်းခြားလေ့လာရှာဖွေမှု ပြုလုပ်ပြီး၊ ထိခိုက်လွယ်မှုအတွက် လုပ်ငန်းစဉ်အတွင်း အသုံးပြုနိုင်မည့် အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ရေးသားတည်ဆောက်ခြင်း (၃) ထိခိုက်လွယ်မှုအား ခန့်မှန်းတွက်ချက်မှု ပြုလုပ်နိုင်ရန် စံနမူနာပုံစံစနစ်များကို ပြုစုထုတ်လုပ်ပြီး အစမ်းလုပ်ဆောင်ကြည့်ခြင်း၊ (၄) အမျိုးမျိုးသော ကြန်အင်လက္ခဏာ အင်္ဂါရပ်များအပေါ်တွင် အခြေတည်လျက် လူထုအား မည်သည့်ပုံစံဖြင့် အမျိုးတူစုဖွဲ့ပေးနိုင်ကြောင်း အပါအဝင်ဖြစ်သော တွေ့ရှိချက်များကို ပြုစုဖော်ထုတ်ပေးရန် အပြီးသတ်အတည်ပြုထားသည့် စံပြုပုံစံစနစ်ကို အသုံးပြုခြင်း၊ နှင့် (၅) တွေ့ရှိချက်များနှင့် အချက်အလက်အစုအဝေး ဇယားကွက်တို့အပေါ် အခြေခံ၍ အရည်အသွေးပိုင်းဆိုင်ရာ ဆန်းစစ်မှုအား အရေအတွက်ပိုင်းဆိုင်ရာ သတင်းအချက်အလက်နှင့်အတူ ဖြည့်စွက်တင်ဆက်မှုပြုပေးခြင်း တို့ဖြစ်ကြပါသည်။

ယခု ထိခိုက်လွယ်မှုအပေါ် လေ့လာဆန်းစစ်ချက်အတွက် သုံးထားသည့် MIMU-HARP ၏ လုပ်ငန်းစဉ်အတွင်း အသုံးပြုသည့် အချက်အလက်အစုအဝေးမှာ ယခုဆန်းစစ်ချက်အတွက် သီးသန့်ပြုစုထုတ်လုပ်ထားသည့် အထက်အောက်အဆင့်လိုက် စီစဉ်ထားခြင်းမရှိသည့် မြို့နယ်အဆင့် အချက်အလက်အစု ဖြစ်ပါသည်။ ယင်းက ၂၀၁၄ မှ ၂၀၁၆ ခုနှစ်ထိ အများသူငါသို့ ထုတ်ပြန်ပေးထားသည့် အချက်အလက်အရင်းအမြစ်များမှ ကောက်ယူစုစည်းထားသည့် သတင်းအချက်အလက်များကို စုစုပေါင်းအားဖြင့် စုစည်းပေးပြီး၊ ပါဝင်သည်များမှာ မြန်မာနိုင်ငံအတွင်း ပဋိပက္ခ၊ နေထိုင်မှုအခြေအနေများနှင့် ဌာနဆိုင်ရာ လွှမ်းခြုံမှုတို့အတွက် အချက်အလက်များ ဖြစ်ပါသည်။ ယခုဆန်းစစ်ချက်အတွင်း အသုံးပြုထားသည့် အချက်အလက်ဆိုင်ရာ အဓိကရင်းမြစ်များမှာ --

- ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန
- ၂၀၁၆ ခုနှစ် စိုက်ပျိုးရေးကဏ္ဍ အချက်အလက် (အမျိုးမျိုး)၊ စိုက်ပျိုးရေး ဝန်ကြီးဌာန
- လက်နက်ကိုင်ပဋိပက္ခများဖြစ်ပွားရာနေရာနှင့် ဖြစ်ပွားမှုအချက်အလက်များ စုဆောင်းဆန်းစစ်ရေးစီမံကိန်းအဖွဲ့၏ ၂၀၁၅-၂၀၁၆ အချက်အလက်အစုအဝေး
- ၂၀၁၅ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အား အဓိပ္ပာယ်ပြန်ဆိုခြင်း၊ မြန်မာနိုင်ငံ ငြိမ်းချမ်းရေးစောင့်ကြည့်လေ့လာရေးအဖွဲ့
- ၂၀၁၆ စားနပ်ရိက္ခာ ဝယ်ယူစားသုံးမှု အညွှန်းဖော်ပြချက်၊ ကမ္ဘာ့စားနပ်ရိက္ခာထောက်ပံ့ရေး အစီအစဉ်
- ၂၀၀၈ မှ ၂၀၁၅ ရေကြီးရေလျှံမှုနှင့် ဆိုင်ကလုန်းမုန်တိုင်း ဖြစ်ရပ်ဖြစ်စဉ်များ ဖြစ်ပွားမှုအခြေအနေ၊ MIMU
- ၂၀၁၆ စိုက်ပျိုးထုတ်လုပ်မှုဆိုင်ရာ စီးပွားရေးအား လေ့လာဆန်းစစ်ချက် (မြန်မာနိုင်ငံ)၊ LIFT
- တည်နေရာ သင်္ကေတများ၊ ပထဝီတည်နေရာနှင့်အချက်အလက်များ (shapefiles) နှင့် မြို့နယ်နှင့် ရပ်ကွက် နံပါတ်များ (၂၀၁၆)၊ MIMU
- ရေကြီးရေလျှံမှု/မြေပြိုမှု တို့ဖြစ်ပွားပြီးနောက် လိုအပ်ရာများ သုံးသပ်အကဲဖြတ်ချက် (၂၀၁၅)၊ မြန်မာနိုင်ငံအစိုးရ၊ ကမ္ဘာ့ဘဏ် နှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP)
- ရခိုင်ပြည်နယ် လိုအပ်ရာများ သုံးသပ်အကဲဖြတ်ချက် (၂၀၁၅)၊ အမျိုးသား ကွဲပြားခြားနားမှုနှင့် သဟဇာတဖြစ်မှု အဖွဲ့
- ပြန်လည်ထူထောင်မှု ပေါင်းစပ်ညှိနှိုင်းရေး စင်တာ၏ (၂၀၁၆) အချက်အလက်အစုအဝေး၊ မြန်မာနိုင်ငံအစိုးရ နှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ်
- Shelter-NFI-CCCM Cluster ၏ ၂၀၁၆ ခုနှစ် စက်တင်ဘာလ ဆန်းစစ်ချက်၊ UNHCR
- ပြည်နယ်နှင့် တိုင်းဒေသကြီး GDPs များ (၂၀၁၅)၊ အမျိုးသား စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာန
- မြို့နယ် ကြွယ်ဝမှု အဆင့်သတ်မှတ်ခြင်း (၂၀၁၅)၊ ကမ္ဘာ့ဘဏ်
- ၂၀၁၁ မှ ၂၀၁၆ ခုနှစ် ပြည်ထောင်စု၊ ထို့ပြင် ပြည်နယ်နှင့် တိုင်းဒေသကြီး ရသုံးမှန်းခြေများ၊ ပွင့်လင်းမြန်မာ့ရေ့ဆောင်
- ၂၀၁၆ ခုနှစ် စက်တင်ဘာလ မည်သူ၊ မည်သည့်အရာ၊ မည်သည့်နေရာ နှင့် မည်သည့်အချိန် ဆိုင်ရာ အချက်အလက်များ၊ MIMU

အချက်အလက်အစုအဝေးမှာ မြန်မာနိုင်ငံတွင် ထိခိုက်လွယ်မှု နောက်ကွယ်တွင်ရှိသည့် အဓိကတွန်းအား (၃)ခု အပေါ် မူတည်ရေးဆွဲထားခြင်း ဖြစ်ရာ၊ ယင်းတို့မှာ --

- ရာသီဥတုဆိုင်ရာ ဘေးအန္တရာယ် နှင့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု
- ပဋိပက္ခ
- ရင်းနှီးထည့်ဝင်မှု မပြည့်မီခြင်း နှင့် ဖွံ့ဖြိုးမှုနောက်ကျခြင်း

လူသားချင်းစာနာမှု နှင့် ဖွံ့ဖြိုးမှု ယေဘုယျ ဇယားတစ်ခုအရ၊ မြန်မာနိုင်ငံအတွက် လက်ရှိဆောင်ရွက်ပေးနေသည့် (သို့) အစီအစဉ်ပြုရေးဆွဲထားသည့် အကြိုပြင်ဆင်ထားမှု၊ ကယ်ဆယ်ရေး၊ ပြန်လည်နလန်ထူထောင်ရေး နှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဝင်ရောက်ဖြေရှင်းရေးလုပ်ငန်းများ အသီးသီးတို့အတွက် မှတ်တမ်းအစီရင်ခံရန် ယင်းအား ရည်စူးထားခြင်း ဖြစ်ပါသည်။ ယင်းအချက်အလက်အစုအဝေးအား ဇယား၏ အလျားလိုက်အကွက်တွင် ရှုမြင်သုံးသပ်မှုတစ်ခု (မြို့နယ်) နှင့် ဇယားဒေါင်လိုက်အကွက်တွင် ပြောင်းလဲကွာခြားမှုတစ်ခုအဖြစ် ရေးဆွဲပြသထားပါသည်။

ပုံ (၇၁) အချက်အလက်အစု ဇယားကွက်

**သဘာဝကြောင့် နှင့် လူတို့ကြောင့် ဖြစ်သော ဘေးအန္တရာယ်များကို လျှော့ချရန်၊ ရပ်ရွာအလိုက်နှင့် လူမှုအဖွဲ့အစည်းအလိုက် ဘေးဒဏ်ခံနိုင်မှုစွမ်းရည်အား အားဖြည့်ရန်**

**၁**
ဘေးကင်း၊ လုံခြုံပြီး ခွဲခြားဆက်ဆံခံရမှုကင်းသည့် လူမှုအသိုင်းအဝိုင်းများ ဖြစ်ရန်

**၂**
လုံလောက်သော နေထိုင်မှု အခြေအနေများ ရှိပြီး ရာသီဥတုအပြောင်းအလဲဒဏ်ခံနိုင်ရေးဆိုင်ရာ အခြေခံ ဝန်ဆောင်မှုများနှင့် အခြေခံအဆောက်အအုံများ ရှိကြသည့် လူမှုအသိုင်းအဝိုင်းများ ဖြစ်ရန်

**၃**
ဈေးကွက်များနှင့်တကွ ဒဏ်ခံနိုင်မှု နှင့် အမျိုးမျိုးသော အသက်မွေးမှု အခွင့်အလမ်းများအား လက်လှမ်းမီနိုင်သော လူမှုအသိုင်းအဝိုင်းများ ဖြစ်ရန်

**၄**
ရာသီဥတု နှင့် ဘေးအန္တရာယ်တို့မှ ထိခိုက်လွယ်မှု အခြေအနေကို လျှော့ချနိုင်ရန် အစိုးရနှင့် လူမှုအသိုင်းအဝိုင်းတို့၏ စွမ်းရည်အား မြှင့်တင်ရန်

## လူမှုပထဝီ နှင့် အခြေခံ ကိန်းဂဏန်းအချက်အလက်များ

MIMU-HARP လုပ်ငန်းတွင်းသုံး အချက်အလက်အစုအဝေးတွင် အသုံးပြုထားသည့် အခြေခံ လူမှုပထဝီဆိုင်ရာ အချက်အလက် နှင့် ကိန်းဂဏန်းများတွင် ပါဝင်သည်များမှာ --

- စုစုပေါင်း လူဦးရေ - ၂၀၁၄ သန်းခေါင်စာရင်း
- တည်နေရာ သင်္ကေတများ - MIMU
- ရပ်ကွက် အရေအတွက် - MIMU
- ကျေးရွာအုပ်စု အရေအတွက် - MIMU
- မြေအကျယ်အဝန်း - MIMU
- လူဦးရေ သိပ်သည်းထူထပ်မှု - သန်းခေါင်စာရင်း/MIMU

အဓိက အခက်အခဲပြဿနာမှာ အထူးသဖြင့် ရခိုင်ပြည်နယ် နှင့် (ပိုမို နည်းပါးသည့် အတိုင်းအတာအတွက်) ကချင် နှင့် ကရင်ပြည်နယ်တို့ အတွင်းရှိ မြို့နယ်လူဦးရေ ကိန်းဂဏန်းများဖြစ်နေရာ၊ ယင်းကိန်းဂဏန်းများမှာ ပြည်နယ်နှင့် တိုင်းဒေသကြီး အဆင့်အတွက်သာ ရှိထားခြင်းဖြစ်ပြီး၊ အကြောင်းမှာ သန်းခေါင်စာရင်းကောက်ယူမှုမရှိထားသည့် လူထုများအတွက် ခန့်မှန်းတွက်ချက်မှုများ နှင့် ပြင်ဆင်ထားသည့် သန်းခေါင်စာရင်းစုစုပေါင်းများရှိနေသည့်အတွက် ဖြစ်ပါသည်။ ယခု မြို့နယ်အဆင့် ဆန်းစစ်ချက်အတွက် ရည်စူးထားချက်များအပေါ်မူတည်၍ သန်းခေါင်စာရင်း အချက်အလက်အစုအဝေးတို့အား ကိုက်ညီမှုရှိစေရန်ပြုလုပ်ထားရာ၊ ယခင်နှစ်အတွင်း အများသူငါသို့ ရရှိစေထားသည့် ၂၀၁၁ခုနှစ် မြို့နယ် ကျန်းမာရေးဆိုင်ရာ အချက်အလက်များမှသည် ခရိုင်လူဦးရေ သန်းခေါင်စာရင်းထိမှ မြို့နယ်လူဦးရေ အချိုးအစားများကို ထည့်သွင်းအသုံးပြုခြင်းအားဖြင့် မြို့နယ်အဆင့်အတွက် ခန့်မှန်းတွက်ချက်မှုများကို ဖော်ဆောင်ထားရှိရန် ဖြစ်ပါသည်။ ယခုကဲ့သို့ ဆောင်ရွက်ပုံနည်းစနစ်အားဖြင့် သန်းခေါင်စာရင်းမှ ကိန်းဂဏန်းအချက်အလက်များနှင့် တပြေးညီမှုကိုဖြစ်စေပြီး၊ ရယူမှုကန့်သတ်ထားသည့် အချက်အလက်အစုအဝေးများနှင့် နှိုင်းယှဉ်ပါက ပိုမို၍ ကျိုးကြောင်းညီညွတ်စွာ ခိုင်မာမှုရှိသည့် မြို့နယ်လူဦးရေများအတွက် ခန့်မှန်းခြေများကိုပေးစွမ်းပြီး၊ အထူးသဖြင့် ပြည်နယ်/တိုင်းဒေသကြီး လူဦးရေအတွင်း မြို့နယ်တစ်ခုချင်းစီတွင် ရှိထားသည့် လူဦးရေဝေစုကို စဉ်းစားသုံးသပ်မှုပြုလုပ်သည့် အခါတွင်ဖြစ်ပါသည်။

ဆောင်ရွက်ပုံနည်းစနစ်အတွက် အဓိက ရည်ညွှန်းချက်များမှာ ကျန်းမာရေးဝန်ကြီးဌာန နှင့် သန်းခေါင်စာရင်း အချက်အလက်တို့ နှစ်မျိုးစလုံးအတွက် စုစုပေါင်း ပြည်နယ်/တိုင်းဒေသကြီး လူဦးရေများ ဖြစ်ကြပါသည်။ ရခိုင်ပြည်နယ်အတွက်ဆိုလျှင် (၇၉၇၇၆၃)ဦးသော သူတို့မှာ မြို့နယ် (၇)ခုအတွင်း နေထိုင်ကြရာ၊ ယင်းတို့အတွက် သန်းခေါင်စာရင်းကောက်ယူမှုအတွက် အခက်အခဲကိစ္စများ မရှိခဲ့ဘဲ - အဆိုပါ ကိန်းဂဏန်းများကို မူလရှိထားသည့်အတိုင်းထားရှိခဲ့ပါသည်။ ကျန်ရှိသော (၂၃၉၁၀၄၄)ဦးသော သူများကို အခက်အခဲပြဿနာရှိထားသော မြို့နယ်များအတွင်း ၂၀၁၁ခုနှစ် မြို့နယ်ကျန်းမာရေးဆိုင်ရာ အချက်အလက်များအရ ၎င်းတို့၏ လူဦးရေဝေစုအပေါ်မူတည်၍ ခွဲထားပေးခဲ့ပါသည်။

ယခု ဆောင်ရွက်ပုံနည်းစနစ်က သန်းခေါင်စာရင်း ကောက်ယူထားခြင်းမရှိသော မြို့နယ်များအတွက် လူဦးရေ ခန့်မှန်းအရေအတွက်တစ်ခုကို ပံ့ပိုးပေးသော်လည်း အဆိုပါ နယ်မြေများအတွင်း နေထိုင်မှု အခြေအနေများအပေါ်တွင် အချက်အလက်ကောက်ယူမှုမရှိခြင်းကိစ္စကို ဖြေရှင်းပေးခြင်း မဟုတ်ပါ။ ယခုဆန်းစစ်ချက်အတွင်း အသုံးပြုထားသော ကြိုတင်ယူဆချက်မှာ (အခြားသော ရွေးချယ်စရာနည်းလမ်း မရှိသဖြင့်) တူညီသော နယ်မြေအတွင်းရှိ သန်းခေါင်စာရင်းကောက်ယူထားသော လူထုများ နှင့် သန်းခေါင်စာရင်းကောက်ယူထားခြင်းမရှိသော လူထုများတို့၏ နေထိုင်မှုအခြေအနေများမှာ တူညီနေသည် ဟူ၍ ဖြစ်ပါသည်။ ယင်းမှာ မိုးမောက်၊ မန်စီ နှင့် ဖာပွန် စသော နယ်မြေများ အချို့တွင် ခက်ခဲမှုနည်းနိုင်ရာဝယ်၊ အခြားသော နယ်မြေများမှ ကောက်ယူရရှိသော အချက်အလက်များက အခြေခံဝန်ဆောင်မှုများနှင့် အခြေခံအဆောက်အအုံဆိုင်ရာ ထောက်ပံ့ပေးမှုတွင် တူညီသည့် အဆင့်များရှိကြောင်း ဖော်ပြသည့်အတွက် ဖြစ်ပါသည်။ အခြေအနေမှာ ရခိုင်ပြည်နယ်အတွက် ပိုမိုခက်ခဲနေရာ၊ ရခိုင်တွင် သန်းခေါင်စာရင်းကောက်ယူရရှိထားခြင်းမရှိသည့် အရေအတွက်အများဆုံးသော လူဦးရေ အရေအတွက် ရှိနေသည့်အတွက် ဖြစ်ပါသည်။

အမျိုးသား ကွဲပြားခြားနားမှုနှင့် သဟဇာတဖြစ်မှုအဖွဲ့ (CDNH) မှ ရခိုင်ပြည်နယ်အတွက် လိုအပ်နေမှုများကို သုံးသပ်အကဲဖြတ်ခြင်းက ဖော်ပြသည်မှာ ခြုံငုံလျက်ဆိုရလျှင် ရခိုင်လူမျိုး (၁၉%)သော သူများတွင် "လွန်စွာ နွမ်းပါးသည့် နေထိုင်မှုအခြေအနေများနှင့် ဝင်ငွေများ" ရှိထားကြသည်ဟု ယူဆထားပြီး၊ မွတ်စလင် လူထုများအတွက် ထိုသို့သော ကိန်းဂဏန်းမှာ (၃၅%) ဟူ၍ ဖြစ်ပါသည်။ ရခိုင်ပြည်နယ်တွင် သန်းခေါင်စာရင်း ကောက်ယူမှုမရှိထားသည့် လူထုအတွင်း မွတ်စလင်များ များစွာ ပါဝင်နေသည့်အတွက် ရခိုင်ပြည်နယ်အတွက် ထိခိုက်လွယ်မှုဆိုင်ရာ အညွှန်းကိန်းဖော်ပြမှုများမှာ လက်ရှိအခြေအနေထက် များစွာ မြင့်မားနေမည်ဟု မျှော်မှန်းထားနိုင်ပါသည်။ ယခုထက် ပိုမို၍ လေ့လာဆန်းစစ်မှုများပြုလုပ်ရန်မဖြစ်နိုင်ရာ၊ အကြောင်းမှာ CDHN သုံးသပ်အကဲဖြတ်ချက်၏နမူနာအချက်အလက်ပမာဏအရွယ်အစားများ အကန့်အသတ်ဖြင့်ရှိနေသည့်အတွက် သန်းခေါင်စာရင်းနှင့် တိုက်ဆိုင်စစ်ဆေးရည်ညွှန်းချက်ထုတ်ရန် မဖြစ်နိုင်သည့်အတွက်ဖြစ်ပါသည်။

အခြားသော အဖွဲ့အစည်းဌာနများမှ ကျွမ်းကျင်ပညာရှင်များနှင့် တိုင်ပင်ဆွေးနွေးပြီးနောက် ထိခိုက်လွယ်မှု အညွှန်းဖော်ပြချက်၏ ပါဝင်အစိတ်အပိုင်းများ (ဘေးကင်းသည့် မိလ္လာ/ရေဆိုး ထုတ်စနစ်၊ မီးခိုကလေး အချိုးအစား၊ အစရှိသဖြင့်) ကို ထပ်ဆင့် ပြင်ဆင်ချိန်ညှိမှု မပြုလုပ်ဘဲထားရှိရန် ဆုံးဖြတ်ခဲ့ပါသည်။ ပေါ်ထွက်လာသည့်အတိုင်းဆိုလျှင် သန်းခေါင်စာရင်း ကောက်ယူမှုမပြုထားသည့် လူထုများ၏ နေထိုင်မှုအခြေအနေများအား အမိအရ ရယူထားခဲ့ခြင်း မရှိသည့်တိုင် ရခိုင်ပြည်နယ်၏ အဆိုပါ အစိတ်အပိုင်းများအတွင်းရှိ မြို့နယ်များအနေဖြင့် ယင်းတို့၏ ထိခိုက်လွယ်မှုကိစ္စနှင့် ပတ်သက်လျှင် ပြည်ထောင်စုအတွင်းရှိ အားလုံးသော မြို့နယ်များ၏ အပေါ်ဆုံးတွင် စုဝေးနေရာယူထားသည့် အခြေအနေ ဖြစ်နေပါသည်။

လုပ်ငန်းဆောင်ရွက်မှုအတွင်း သုံးသည့် အချက်အလက်အစုအဝေးအတွင်း ထည့်သွင်းထားသည့် ကျန်ရှိသော လုပ်ငန်းပိုင်းဆိုင်ရာ အချက်အလက်များမှာ အဓိကအားဖြင့် MIMU (တည်နေရာ သင်္ကေတများ၊ ကျေးရွာများ နှင့် ရပ်ကွက်များ အရေအတွက်၊ ထိုနည်းတူ မြို့နယ်မြေနေရာ အကျယ်အဝန်းတို့ အပါအဝင်) မှ ပင်ရင်း ရယူထားခြင်းဖြစ်ပြီး၊ MIMU ၏ ပထဝီတည်နေရာနှင့် အချက်အလက်များ (shapefiles) မှ တွက်ချက်ရယူထားခြင်းဖြစ်ရာ၊ အကြောင်းမှာ ယင်းသည် ကွန်ပျူတာဖြင့်သုံးနိုင်အောင် ဒီဂျစ်တယ်နည်းပညာဖြင့် ပြုလုပ်ထားသည့် လက်ရှိရနိုင်သမျှသော စီရင်အုပ်ချုပ်မှုဆိုင်ရာ နယ်နိမိတ်အချက်အလက်များအကြား တိကျမှန်ကန်မှုအရှိဆုံး အချက်အလက်အစုအဝေး ဖြစ်သည့်အတွက် ဖြစ်ပါသည်။

| မြို့နယ် | သန်းခေါင်စာရင်း ကောက်ခဲ့သော လူဦးရေ | မြို့နယ် ကျန်းမာရေးဆိုင်ရာ အချက်အလက်များ | ရာနှုန်း အပြောင်းအလဲ | သန်းခေါင်စာရင်း ပြင်ဆင်မှု | ရာနှုန်းသစ် အပြောင်းအလဲ | လူဦးရေ ရာနှုန်း ဝေစု |
|---|---|---|---|---|---|---|
| အမ်း | 119,714 | 114,490 | 4.56% | 119,714 | 4.56% | 3.75% |
| ဘူးသီးတောင် | 55,545 | 309,530 | -82.06% | 304,812 | -1.52% | 9.56% |
| ဂွ | 66,015 | 62,070 | 6.36% | 66,015 | 6.36% | 2.07% |
| ကျောက်ဖြူ | 165,352 | 171,720 | -3.71% | 165,352 | -3.71% | 5.19% |
| ကျောက်တော် | 173,100 | 214,300 | -19.23% | 211,034 | -1.52% | 6.62% |
| မောင်တော | 40,785 | 540,030 | -92.45% | 531,799 | -1.52% | 16.68% |
| မင်းပြား | 169,208 | 198,610 | -14.80% | 195,583 | -1.52% | 6.13% |
| မြောက်ဦး | 189,630 | 220,410 | -13.96% | 217,051 | -1.52% | 6.81% |
| မာန်အောင် | 56,966 | 64,300 | -11.41% | 56,966 | -11.41% | 1.79% |
| မြေပုံ | 137,193 | 141,740 | -3.21% | 139,580 | -1.52% | 4.38% |
| ပေါက်တော | 145,957 | 180,740 | -19.24% | 177,985 | -1.52% | 5.58% |
| ပုဏ္ဏားကျွန်း | 129,753 | 152,360 | -14.84% | 150,038 | -1.52% | 4.71% |
| ရမ်းဗြဲ | 97,891 | 112,190 | -12.75% | 97,891 | -12.75% | 3.07% |
| ရသေ့တောင် | 111,974 | 166,720 | -32.84% | 164,179 | -1.52% | 5.15% |
| စစ်တွေ | 147,899 | 303,610 | -51.29% | 298,983 | -1.52% | 9.38% |
| သံတွဲ | 133,484 | 123,150 | 8.39% | 133,484 | 8.39% | 4.19% |
| တောင်ကုတ် | 158,341 | 146,510 | 8.08% | 158,341 | 8.08% | 4.97% |
| စုစုပေါင်း | 2,098,807 | 3,222,480 | -34.87% | 3,188,807 | -1.04% | |

# ထိခိုက်လွယ်မှုဆိုင်ရာ အညွှန်းဖော်ပြချက်

ပုံမှန်အားဖြင့် အရေးပေါ်အခြေအနေတစ်ရပ် စတင်လာပြီးနောက် ရိုက်ခတ်သက်ရောက်မှုရှိသည့် နယ်မြေများအကြား ဦးစားပေးသတ်မှတ်ရန် (ဘေးသင့်နိုင်ခြေ အန္တရာယ်အတွက် "ur" ပုံသေနည်း ကို အမှတ်ရရန်) အဓိက အချက်အလက်အလက် (၃) ပိုင်းကို လိုအပ်ရာ၊ ပျက်စီးမှုပမာဏ၊ ပျက်စီးမှု ပြင်းထန်ခြင်း အတိုင်းအတာ နှင့် ယခင်က ရှိနှင့်ပြီးသား ထိခိုက်လွယ်မှုပမာဏ တို့ဖြစ်ကြပါသည်။ ထိခိုက်ရိုက်ခတ်မှုခံရသော လူထုအကြား အရင်းအမြစ်များကို မျှတစွာ ခွဲဝေချထားပေးနိုင်ရေးအတွက် အဆိုပါ (၃)မျိုးစလုံး ပေါင်းစပ်၍ လိုအပ်ပါသည်။

အကူအညီလိုအပ်သော လူထုများ၏ တည်နေရာအား သိရှိထားသည့် နေရာသေးငယ်ပြီး တည်နေရာလိုက်ကွက်၍ ဖြစ်သော အရေးပေါ် အခြေအနေ ဖြစ်ပွားမှုများအတွင်း ယင်းအချက်မှာ များစွာရှုပ်ထွေးခြင်း မရှိချေ။ ၂၀၁၅ ခုနှစ် နိုင်ငံအနှံ့ ရေကြီးရေလျှံမှု (သို့) ၂၀၀၈ ခုနှစ် နာဂစ်ဆိုင်ကလုန်းမုန်တိုင်း ကဲ့သို့သော ပိုမိုအရွယ်အစား ကြီးမားသည့် အရေးပေါ်အခြေအနေဖြစ်ပွားမှုများတွင် ထိခိုက်သက်ရောက်မှု ခံရသော လူထုမှာ များစွာကြီးမားသည့်အတွက် အကူအညီလိုအပ်သော လူထုတည်ရှိနေသည့် နေရာနယ်ပယ်များအား စဉ်းစားသုံးသပ်ခြင်းမှာ နောက်ဆက်တွဲ အချက်အလက် (သို့) အစိုးရ၏ တရားဝင် အပျက်အစီး အစီရင်ခံချက်များအပေါ်တွင် မူတည်နေပါသည်။

မြန်မာနိုင်ငံရှိ လူထုများ၏ ရှိနှင့်ပြီးသား ထိခိုက်လွယ်မှု အခြေအနေအပေါ်တွင် ပိုမိုကောင်းမွန်သည့် အဓိပ္ပာယ်သတ်မှတ်ချက်က ပိုမိုဆောလျှင်ပြီး ပိုမိုကောင်းမွန်စွာ ဦးတည် တည့်မတ်ထားသည့် အရေးပေါ်အခြေအနေ တုံ့ပြန်ကိုင်တွယ်ရေးအတွက် အကူအညီဖြစ်စေမည် ဖြစ်ရာ၊ ပိုမို အသေးစိတ်သည့် ပျက်စီးဆုံးရှုံးမှု အချက်အလက်အား ကောက်ယူနေစဉ်အတွင်း၌ပင် ထိခိုက်ရိုက်ခတ်မှုခံရရန် အလားအလာရှိသည့် အထောက်အပံ့လိုအပ်နေသော လူများအပေါ် ပိုမိုရှင်းလင်းစွာ နားလည်သိရှိမှု ဖြစ်ပေါ်စေခြင်းအားဖြင့်ဖြစ်ပါသည်။ ပျက်စီးဆုံးရှုံးမှု ကိန်းဂဏန်းများ အပြောင်းအလဲမရှိတော့သောအခါ ကယ်ဆယ်ရေးလုပ်ငန်းအဆင့် အလယ်ပိုင်းမှ အဆုံးပိုင်း လုပ်ငန်းပိုင်းခြားမှုများကို သတ်မှတ်ဆုံးဖြတ်ရန်သော်လည်းကောင်း၊ ပြန်လည်ထူထောင်ရေး ဦးစားပေးအစီအစဉ်များ ဖော်ဆောင်ခြင်းအတွက်သော်လည်းကောင်း ယခင်ရှိနှင့်ပြီးသား ထိခိုက်လွယ်မှု အခြေအနေက အခရာကျသော အရာဖြစ်ပေမည်။

ထိခိုက်လွယ်သည့် ခန့်မှန်းခြေ လူဦးရေဆိုသည်မှာ ထိခိုက်လွယ်သည့် လူထုရာခိုင်နှုန်း (%) (ထိခိုက်လွယ်မှု အညွှန်းဖော်ပြချက်အတွင်းမှ ရာနှုန်း ကိန်းအမျိုးမျိုးတို့အား ပျမ်းမျှယူထားသော) အား သက်ဆိုင်ရာ (မြို့နယ်) လူဦးရေနှင့် မြှောက်ပေးခြင်း ဖြစ်ပါသည်။ ကျန်းမာပျော်ရွှင်စွာ သက်သောင့်သက်သာနေထိုင်ရခြင်း ဆိုသည်မှာ အဆိုပါ အခြေခံအကြောင်းအရာများ၏ မူခြေတစ်ခု အဖြစ်ဆိုလိုပြီး၊ ထိခိုက်လွယ်မှု ဆိုသည်မှာ ကောင်းကျိုးချမ်းသာနှင့် ဆန့်ကျင်ဘက် အနေအထား ဖြစ်ပါသည်။ ယင်းမှာ ဆုံးဖြတ်ချက်ချမှတ်ခြင်းဆိုင်ရာ ပုံစံကားချပ် မဟုတ်သည့်အတွက် (မြို့နယ် အမျိုးအစားများ သတ်မှတ်ခြင်းဖြင့် ဆောင်ရွက်မှုနည်းလမ်း တစ်ခုစီ) စံသတ်မှတ်ချက်များ ရှိမထားပါ။

# ပဋိပက္ခ အညွှန်းဖော်ပြချက်

ထိခိုက်လွယ်မှု ရမှတ်အဆင့်က ပဋိပက္ခ၊ အကြမ်းဖက်ပြင်းထန်မှု နှင့် ဘေးအန္တရာယ်တွေ့ကြုံရမှုတို့၏ ရိုက်ခတ်သက်ရောက်မှုများအား ယခုဖော်ပြပါ အချိန်အတောအတွင်း လူသားဖွံ့ဖြိုးမှုတိုင်းတာသည့် ယူနစ်များကို ပေါင်းစပ်စုစည်းပေးပါသည်။[၁၀၂] လက်နက်ကိုင်ပဋိပက္ခများ ဖြစ်ပွားရာတည်နေရာနှင့် ဖြစ်ပွားမှုအချက်အလက်များ စုဆောင်းဆန်းစစ်ရေးစီမံကိန်း (၂၀၁၅-၂၀၁၆) (ACLED) ၏ အချက်အလက်အစုအဝေး (သတင်းမီဒီယာ အစီရင်ခံမှုများ၏ စုစည်းစီစဉ်ပြီး တည်နေရာဖော်ထုတ်ချက်အပေါ် အခြေပြုထား) မှာ ထုတ်နုတ်ထားသည့် ပဋိပက္ခ အညွှန်းဖော်ပြချက်တစ်ခုအား ပေါင်းစပ်ထုတ်လုပ်ပေးပါသည်။ ယင်းအချက်အလက်သည် ထိပ်တိုက်တွေ့ဆုံဖြစ်ပွားမှု/ပဋိပက္ခများ၊ အဓိကရုဏ်းများ၊ တော်လှန်သူများ၏ တပ်ဖွဲ့ဝင်စုဆောင်းရေး လှုပ်ရှားမှုများ၊ အစိုးရများ၊ ပြည်သူ့စစ်များ၊ လက်နက်ကိုင်တပ်ဖွဲ့များ၊ ဆန္ဒကျင်ဆန္ဒပြသူများနှင့် အရပ်သားများအပါအဝင်ဖြစ်ပြီး နေ့စွဲများ၊ တည်နေရာများ၊ ဖြစ်စဉ်ဖြစ်ရပ်အမျိုးအစား၊ ပါဝင်သည့် အုပ်စုများ၊ ထိခိုက်သေဆုံးမှုများ နှင့် နယ်မြေထိန်းချုပ်မှု အပြောင်းအလဲများပါဝင်ကာ အမျိုးမျိုးကွဲပြားသော အရင်းအမြစ်များမှ စုဆောင်းရရှိသည့် အမျိုးမျိုးကွဲပြားသည့် အခြေအနေအရပ်ရပ်များစွာတို့မှ ပြည်သူများအနေဖြင့် အချက်အလက်စုဆောင်းကောက်ယူမှုပြုခြင်းကို ဖော်ညွှန်းနေသည့်အချက်တစ်ခု ဖြစ်ပါသည်။ အထူးမှတ်သားရမည်မှာ ဖြစ်စဉ်ဖြစ်ရပ်များကို ဖြစ်ရပ်နေ့စွဲများအဖြစ် မှတ်တမ်းတင်ရန် ယခုအချက်အလက်အစုအဝေးအား အသုံးပြုသည့် နည်းလမ်းပင်ဖြစ်ရာ၊ ဥပမာ - (၂)ရက်တာ ဖြစ်ပွားသည့် ပဋိပက္ခ/ထိပ်တိုက်ရင်ဆိုင်တွေ့မှုအား ဖြစ်ရပ် (၂)ခု အဖြစ် မှတ်တမ်းတင်မည်ဖြစ်ရာ၊ တစ်ရက်စီအတွက် ဖြစ်ရပ် တစ်ခုဖြစ်ပါမည်။

မြန်မာနိုင်ငံအတွက် ACLED ၏ အချက်အလက်မှာ လူဖြင့်တစ်ခုချင်း စိစစ်ပြီး သတ်သတ်မှတ်မှတ်ဖြစ်သော မြို့နယ်များနှင့် တိုက်ဆိုင်တွဲဖက်ပေးထားသည့် ဖြစ်စဉ်ဖြစ်ရပ် (၈၀၀) ကို မှတ်တမ်းတင်ထားရှိ (ဖြစ်ရပ်နှစ်ခုအား လျှော့ချမှုပြုခဲ့ရာ၊ အကြောင်းမှာ ထွက်ပေါ်လာသည့် သတင်းအချက်အလက်မှာ သံသယဖြစ်စရာကောင်းပြီး တည်နေရာအချက်အလက်မှာ ပြည့်စုံမှု မရှိသည့်အတွက်ဖြစ်သည်) ရာ၊ ယင်းတို့မှာ အချင်းကိစ္စ (သို့) နစ်နာမှု တစ်ခုခုနှင့် ဆက်နွယ်နေပါသည်။ ၂၀၁၄ မှ ၂၀၁၆ ကာလအတွင်း အဆိုပါ ဖြစ်ရပ်များအတွင်း ပဋိပက္ခကြောင့် ထိခိုက်သေဆုံးမှု (၁၀၉၅)၊ ရင်ဆိုင်ပဋိပက္ခပေါင်း (၅၃၈)၊ အရပ်သားများအပေါ် အကြမ်းဖက်မှု ဖြစ်စဉ် (၇၇)ခု တို့ ပါဝင်ပါသည်။ ACLED အချက်အလက်အစုအဝေးမှာ NFI-Shelter-CCCM Cluster ၏ လေ့လာဆန်းစစ်ချက် အစီရင်ခံစာ (UNHCR) မှ နေရပ်စွန့်ခွာရွှေ့ပြောင်းမှုဆိုင်ရာ အချက်အလက်နှင့် ပေါင်းစပ်ထားရာ၊ သက်ဆိုင်မြို့နယ်များအတွင်း ထိပ်တိုက်တွေ့ဆုံပဋိပက္ခများ၊ ထိခိုက်သေဆုံးမှုများ၊ အရပ်သားများအပေါ် အကြမ်းဖက်မှု နှင့် မြို့နယ်အဆင့် IDP ကယ်ဆယ်ရေးစခန်း၏ လူဦးရေများ ရှိနေခြင်းကို ထင်ဟပ်ပေးမည့် ပဋိပက္ခ အညွှန်းဖော်ပြချက်တစ်ခုကို ထုတ်လုပ်ပေးနိုင်ရန်အတွက် ဖြစ်ပါသည်။

[၁၀၂] မြန်မာနိုင်ငံ၏အတိုက်အခံဖြစ်ပွားနေသည့်ဒေသများ- နယ်မြေစိုးမိုးရေး ပဋိပက္ခ၊ ထောက်ပံ့ကူညီမှုနှင့် ဖွံ့ဖြိုးရေး(၂၀၁၇) လေ့လာမှုတွင် The Asia Foundation သည် မတူညီသော ချဉ်းကပ်ပုံနည်းလမ်းတစ်ခုကို လုပ်ဆောင်ခဲ့ပြီး ယင်းသည် ပဋိပက္ခဖြစ်ပွားနေခြင်း (သို့) ဖြစ်ပွားရန်ရှိခြင်းတို့အတွက် ရိုက်ခတ်သက်ရောက်မှုရှိသော မြို့နယ်များအတွင်းရှိ အခြေအနေကို လေ့လာသုံးသပ်ရန် ဤတိုင်းတာချက်များကို ယင်း၏ ဆောင်မှုနည်းလမ်းအတွင်း သီးခြားခွဲထားပေးသည်။

ပဋိပက္ခအညွှန်းဖော်ပြချက်အား အဆင့် (၄)ဆင့်ပါ လုပ်ငန်းစဉ်အား အသုံးပြုလျက် တွက်ချက်ထားပါသည်။ များစွာသော မြို့နယ်များအနေဖြင့် ပဋိပက္ခဖြစ်ပွားခြင်းကိုမှတ်တမ်းတင်ထားခြင်း(မည်သည့်အချက်မဆို)မရှိကြောင်းအသိအမှတ်ပြုထား၍ပဋိပက္ခအညွှန်းဖော်ပြချက်အနေဖြင့် ACLED ၏ ၂၀၁၅/၂၀၁၆ ခုနှစ်အတွင်းမှာ အချက်အလက်အစုအဝေးအတွင်း မှတ်တမ်းတင်ထားသည့် ပဋိပက္ခ/အကြမ်းဖက်ပြင်းထန်မှု ရှိထားသည့် မြို့နယ်များကိုသာ ထည့်သွင်းနှိုင်းယှဉ်မှုပြုလုပ်ပါသည်။ (၂၀၁၅/၁၆ အချက်အလက်) ဖြစ်သော မြို့နယ်တစ်ခုချင်းစီအတွက် အောက်ပါ ကိန်းဂဏန်းအချက်အလက်များမှ ရာနှုန်းအဆင့်များ (percentiles) (အမြင့်ဆုံး တန်ဖိုးအားယူထား) တွက်ချက်ထုတ်ဖော်ခြင်းမှ တစ်ဆင့် "envelopes" (၄)ခု အားပြုလုပ်ထားပါသည်--

- နေရပ်စွန့်ခွာရွှေ့ပြောင်း လူထု
- အရပ်သားများအပေါ် အကြမ်းဖက်မှု ဖြစ်ရပ်ဖြစ်စဉ်များ အရေအတွက်
- မြို့နယ်အတွင်း ထိပ်တိုက်ပဋိပက္ခများ အရေအတွက်
- မြို့နယ်အတွင်း ပဋိပက္ခဖြစ်ပွားမှုကြောင့် ထိခိုက်သေဆုံးမှုများ

(မြို့နယ်တစ်ခုစီအတွက်) ပဋိပက္ခအညွှန်း (B) ကို ထုတ်လုပ်ပေးရန် မြို့နယ်တစ်ခုချင်းစီအတွက် "envelopes" (၄)ခု၏ တန်ဖိုးအား ပျမ်းမျှ တွက်ချက်၍၊ ပဋိပက္ခအညွှန်း (B) ၏ ဆတိုးမှုပြုနိုင်သော အပြန်အလှန်တန်ဖိုး (1/x) အား (မြို့နယ်တစ်ခုစီအတွက်) ရရှိရာ[၁၀၇] [(1/0%) = 620 နှင့် (1/0.05%) = 615] ဆိုသည့်ပုံစံအတိုင်း ဖြစ်ကြပါသည်။ ပဋိပက္ခအညွှန်းဖော်ပြချက် (B) ၏ အပြန်အလှန်အညွှန်းအတွက် အပြီးသတ် "envelope" ကို ရရှိပါသည်။ ထွက်ရှိလာသော ရာနှုန်းအဆင့်များအားဖြင့် ပဋိပက္ခအညွှန်းဖော်ပြချက် (C) ကိုရရှိရာ၊ ယင်းမှာ ထိခိုက်လွယ်မှု အကဲဖြတ်တန်ဖိုး၏ အစိတ်အပိုင်းတစ်ခုအဖြစ် ထည့်သွင်းထားသည့် ပဋိပက္ခအညွှန်း ဖော်ပြချက်ပင် ဖြစ်ပါသည်။

ပဋိပက္ခ အချက်အလက်များမှာ အစဉ်အမြဲပင် ပြည့်စုံမှုမရှိကြောင်း အသိအမှတ်ပြုထားသင့်ရာတွင် - အဖွဲ့အစည်းများအနေဖြင့် မသိရှိခြင်း ဖြစ်နိုင်သကဲ့သို့ ပိုမိုကျယ်ဝန်းသည့် ပဋိပက္ခအတွင်း ဖြစ်စဉ်ဖြစ်ရပ်တစ်ခုချင်းစီ၏ အခန်းကဏ္ဍမှာ ရှင်းလင်းမှုမရှိခြင်းလည်း ဖြစ်နိုင်ပါသည်။ ထိပ်တိုက်ရင်ဆိုင်ဖြစ်ပွားမှုများ၏ တည်နေရာများ အတိအကျမှာ ပုံမှန်အားဖြင့် အသေးစိတ် မှတ်တမ်းတင်ခံရခြင်း မရှိသည့်အတွက် ဖြစ်စဉ်ဖြစ်ရပ်တစ်ခု၏ တည်နေရာအကျယ်အဝန်း အတိုင်းအတာများကို သိရှိနားလည်ရန်နှင့် ရေးသားရှင်းလင်းဖော်ပြရန်အတွက် စိန်ခေါ်မှုဖြစ်စေပါသည်။

၂၀၁၆ခုနှစ် နှောင်းပိုင်း ရခိုင်ပြည်နယ်တွင် ဖြစ်ပွားမှုအရှိန်မြင့်တက်မှုများအတွင်း ထိခိုက်သေဆုံးမှုများအတွက် ရှင်းလင်းတိကျမှု မရှိထားသည့် အခြေအနေအတွက် ၂၀၁၆ခုနှစ်ကုန်ပိုင်းတွင် အစိုးရ၏ ထုတ်ပြန်မှုပြုထားသည့် အရပ်သားများထိခိုက်သေဆုံးမှု နောက်ဆုံးရ တရားဝင်အရေအတွက်အား အသုံးပြုထားပါသည်။

## ကမ္ဘာ့ဘဏ်၏ မြို့နယ် ကြွယ်ဝမှု အဆင့်သတ်မှတ်ချက်

MIMU-HARP ၏ လုပ်ငန်းပိုင်း အချက်အလက်အစုအဝေးအတွက် ပြုစုဖော်ထုတ်ပေးထားသည့် ထိခိုက်လွယ်မှု အညွှန်းဖော်ပြချက်မှာလည်း အခြားသော မကြာသေးခင်က ထုတ်ဖော်ထားသည့် အညွှန်းဖော်ပြချက်များမှ ထုတ်နှုတ်ထားခြင်း ဖြစ်ပါသည်။ ၂၀၁၅ခုနှစ်တွင် ပြုစုသတ်မှတ်ခဲ့သော ကမ္ဘာ့ဘဏ်၏ မြို့နယ် ကြွယ်ဝမှု အဆင့်သတ်မှတ်ချက်က တစ်နိုင်ငံလုံး ခြုံငုံတွေ့ရှိမှုကို မြို့နယ်အဆင့်ဖြင့် ဖော်ပြပေးသော်လည်း ယင်းအဖွဲ့၏ လုပ်ငန်းဆောင်ရွက်ပုံနည်းစနစ်အတွက် အသေးစိတ်အချက်အလက်ကို မျှဝေပေးထားခြင်းမရှိပါ။ ၂၀၁၅ခုနှစ် ရေကြီးရေလျှံမှုနှင့် မြေပြိုမှုများအတွက် ဘေးဒုက္ခကြုံတွေ့ပြီးနောက်ပိုင်း လိုအပ်ရာများကို အကဲဖြတ်ချက်အတွင်း အသုံးပြုထားသည့် ဘဝနေထိုင်မှုအရည်အသွေး အညွှန်းဖော်ပြချက်မှာ ကြွယ်ဝမှုအဆင့်သတ်မှတ်ချက်နှင့်အတူ အစိုးရ၏ ပျက်စီးဆုံးရှုံးမှုအပေါ် ဦးစားပေးဖြေရှင်းရေး အညွှန်းဖော်ပြချက်တို့မှ ထုတ်နှုတ်ထားသည်ဟု တွေ့ထင်ရပါသည်။ ဘဝနေထိုင်မှုအရည်အသွေး အညွှန်းဖော်ပြချက်မှာ လက်စွဲအသုံးပြုသည့် အရာများ စုစည်းပါဝင်ထားသည့်အရာဖြစ်ပြီး၊ ယင်းလက်စွဲအသုံးပြုသည့်အရာများအတွင်း ပါဝင်သည်များမှာ--

- ရရှိနိုင်သော အိမ်များ အရေအတွက်
- ဆေးရုံတွင် ဆေးကုသခံရသော လူနာများ အရေအတွက်
- တစ်ဦးချင်း GDP
- ကျောင်းတက်ရောက်သော နေ့များ အရေအတွက်
- အများအတွက် ရေပေးဝေမှု နှင့် မိလ္လာ/ရေဆိုးထုတ် စနစ်များနှင့် ချိတ်ဆက်မှုပြုထားသည့် အိမ်ထောင်စုများ အရေအတွက်
- လျှပ်စစ်ဓာတ်အားလိုင်းအား သွယ်တန်းထားသည့် အိမ်ထောင်စု အရေအတွက်

[၁၀၇] ကနဦးပုံသေတွက်ချက်နည်းမှ ပူတာအိုနှင့် ရမ်းဗြဲမြို့နယ်များသည် မတူညီသောကြောင့် ယင်းမြို့နယ်များရှိ နေရပ်စွန့်ခွာ ရွှေ့ပြောင်းလူဦးရေအား ကိုက်ညီမှုရှိစေရန်ပြင်ဆင်ချက်များအတွင်း လူကိုယ်တိုင်ဖြည့်စွက်ပြင်ဆင်မှု ပါဝင်ပါသည်။

(RandomForest R package) မြို့နယ် ကြွယ်ဝမှု အဆင့်သတ်မှတ်ချက်အတွက် အရေးအကြီးဆုံး ကိန်းရှင်အပြောင်းအလဲဖြစ်သည့်အရာ (၁၀) မျိုးမှာ--

| ကိန်းရှင်အပြောင်းအလဲဖြစ်သည့်အရာများ ထိပ်ဆုံး (၁၀)ခု (အရေးကြီး အစဉ်လိုက်) | %IncMSE (Mean Square-Error) |
|---|---|
| သက်ငယ်၊ မြေသား (သို့) ဝါး မဟုတ်သည့် အိမ်နံရံ % | 24.39 |
| သက်ငယ် (သို့) ဝါး မဟုတ်သည့် အိမ်အမိုးများ % | 23.89 |
| ဝါး (သို့) မြေသား မဟုတ်သည့် ကြမ်းခင်းများ % | 23.27 |
| လျှပ်စစ်ဓာတ်အား ရရှိမှု % | 14.71 |
| အထက်တန်းအဆင့်ထိ ပညာရေး ရှိထားသူများ % | 12.80 |
| သက်သေခံကတ်များ မရှိသူများ % | 12.53 |
| လူဦးရေ သိပ်သည်းမှု နှင့် မြို့ပြလူဦးရေ | 10.39 |
| အလယ်တန်းအဆင့်ထိ ပညာရေး ရှိထားသူများ% | 9.38 |
| စာတတ်မြောက်မှု % | 8.87 |
| စာတတ်မြောက်သော အမျိုးသမီးများ % | 8.43 |

ထပ်၍ဖော်ပြရလျှင်၊ ယင်းတို့မှာ ကိန်းရှင်အပြောင်းအလဲရှိသည့်အရာများအောက်ဆုံး (၁၀)ခုဖြစ်ကာ၊ ယင်းတို့အားကြွယ်ဝမှုအဆင့်သတ်မှတ်ချက်က အကြိုခန့်မှန်းမှုပြုရာတွင် ကောင်းစွာ ဖော်ပြနိုင်ခြင်းမရှိပါ -

| ကိန်းရှင်အပြောင်းအလဲဖြစ်သည့်အရာများ အောက်ဆုံး (၁၀)ခု (အရေးကြီး အစဉ်လိုက်) | %IncMSE (Mean Square-Error) |
|---|---|
| လုပ်သားထုအတွင်း ပါဝင်မှု | 4.26 |
| မသန်စွမ်းသူ တွေ့ရမှုနှုန်း (အမျိုးသား) | 3.99 |
| ဘေးကင်းသော မိလ္လာ/ရေဆိုးထုတ်စနစ် ရှိသူ % | 3.14 |
| အိမ်ထောင်စုတစ်ခုအတွင်းရှိ ဆက်သွယ်ရေးကိရိယာများ | 2.54 |
| ထိပ်တိုက်ပဋိပက္ခဖြစ်ပွားမှု အညွှန်းကိန်း | 2.00 |
| နေရပ်စွန့်ခွာ ရွှေ့ပြောင်းမှု အညွှန်းကိန်း | 1.96 |
| ပဋိပက္ခတွင်း ထိခိုက်သေဆုံးမှု အညွှန်းကိန်း | 0.56 |
| အိမ်ထောင်စု အရွယ်အစား ပျမ်းမျှ | -0.15 |
| ကောင်းမွန်သော သောက်ရေ ရင်းမြစ်ရှိသူ % | -1.07 |
| အရပ်သားများအပေါ် အကြမ်းဖက်မှု အညွှန်းကိန်း | -1.21 |

မြို့နယ် ကြွယ်ဝမှုအဆင့်သတ်မှတ်ချက်သည် အဆိုပါ မျိုးကွဲအကြောင်းအရာများ များစွာတို့အတွက် ကောင်းစွာ ခန့်မှန်းပေးခြင်းမရှိဘဲ၊ အထူးသဖြင့် ပဋိပက္ခများအတွင်း ပါဝင်နေသည့်အရာများအတွက်ဖြစ်ကာ၊ အကြောင်းမှာ ယင်းအား ထိုကဲ့သို့ပြုလုပ်ပေးရန် ပုံစံပြုထားခြင်း မဟုတ်သည့်အတွက် ဖြစ်ပါသည်။ မည်သို့ပင်ဖြစ်စေကာမူ မြို့နယ် ကြွယ်ဝမှုအဆင့်သတ်မှတ်ချက်သည် လုပ်ငန်းအတွက် အချက်အလက် အစုအဝေးအတွက် အရေးပါသည့် တန်ဖိုးအသီးသီးအား စုစည်းထားမှုဖြစ်ပြီး၊ စံနမူနာပုံစံအတွက် စမ်းသပ်လေ့ကျင့်မှုပြုပေးရန် အသုံးပြုပြီး၊ အဆုံးတွင် ထိခိုက်လွယ်မှု အညွှန်းဖော်ပြချက်အား ပြုစုသတ်မှတ်ခြင်းအား ဖြစ်ပေါ်စေပါသည်။


# သန်းခေါင်စာရင်း အချက်အလက်အတွင်းမှ ဆက်နွယ်ချက်များ


အောက်ပါမှ တစ်ခုကဲ့သို့ ဆက်နွယ်ချက် အကွက်များကို ထုတ်လုပ်ပေးခြင်းအနေဖြင့် အချက်အလက်အစုအဝေးအတွင်း၌ပင် ဆက်စပ်မှုများ အပေါ် လမ်းညွှန်မြေပုံများ ပေးစွမ်းပါသည်။ ဖြေရှင်းနည်းလမ်းများ အားလုံးအား စူးစမ်းလေ့လာမှုပြုလုပ်ပြီးသွားသည်နှင့် တစ်ပြိုင်နက်၊ ထိခိုက်လွယ်မှုအတွက် လုပ်ငန်းဆောင်ရွက်ရန်လမ်းညွှန်မှုပေးသည့် အဓိပ္ပာယ်ဖွင့်ဆိုချက်တစ်ခုအား အချက်အလက်အစုအဝေးမှ ထုတ်ယူ၍ ပြုစုရေးသားပါသည်။ အောက်ပါ ဆက်နွယ်ချက်အကွက် (အမှတ်များမှာ မြို့နယ်များ တစ်ခုချင်းစီဖြစ်ပြီး၊ ပြည်နယ် နှင့် တိုင်းဒေသကြီး အရ အရောင်ခြယ်ပေးထား) က သန်းခေါင်စာရင်းမှ အချက်အလက်များကို အနှစ်ချုပ်ပေးပြီး၊ အရေးပါသည့် အညွှန်းဖော်ပြချက်များအကြားရှိ မြင့်မြင့်မားမား ဆက်နွယ်ချက်ရှိမှုကို ဖော်ပြပေးပါသည်။ ယင်းမှာ ကျိုးကြောင်းညီညွတ်မှုရှိပါသည်၊ အကြောင်းမှာ ဥပမာအနေဖြင့် ဘေးကင်းသည့် မိလ္လာ/ရေဆိုးထုတ်စနစ် မရှိသည့်သူများသည် ကျေးလက်ဒေသများတွင် နေထိုင်လေ့ရှိကာ၊ ပျမ်းမျှအားဖြင့် သားသမီးများ အရေအတွက် ပိုမိုရှိကြရာ၊ ပညာရေးအဆင့်ပိုမိုမြင့်မားကြပြီး လျှပ်စစ်မီးအား ကောင်းစွာလက်လှမ်းမီကြသည့် သူများထက် ပိုပါသည်။

အဆိုပါ ဆက်နွယ်မှုအပေါ်မူတည်လျက်၊ ယခုအစီရင်ခံမှုအတွင်း ထိခိုက်လွယ်မှုအား အဓိပ္ပာယ်သတ်မှတ်ပေးထားရာ၊ အောက်ပါ အချက်များကို ညွှန်ပြနေသည့် အခြေအနေများ ပေါင်းစပ်ဖြစ်တည်နေမှုတစ်ရပ်ရပ် အပေါ်တွင် မူတည်၍ဖြစ်ပါသည် --

- မလုံခြုံမှု၊ နောက်ခံအကြောင်းတရားများ ကြိမ်ဖန်များစွာ အပြောင်းအလဲဖြစ်မှု၊ ရွှေ့ပြောင်းသွားလာရန် လွတ်လပ်မှုမရှိခြင်း
- သီးခြားတည်ရှိမှု၊ ဝေးလံမှု၊ အခြေခံအဆောက်အအုံကွန်ရက် ကျဲပါးမှု နှင့် စီးပွားရေးအရ အချက်အချာကျသည့် နေရာများနှင့် နည်းပါးသည့် ဆက်သွယ်ဆက်ဆံမှု
- အိုးအိမ် ကောင်းမွန်မှုမရှိခြင်း၊ စုဆောင်းငွေမရှိခြင်း၊ သေချာမှုမရှိသည့် အသက်မွေးဝမ်းကျောင်းမှု၊ ဆက်လက်ရှင်သန်မှုအတွက်နှင့် အစာရေစာအတွက် မိမိတို့ ဘေးပတ်ဝန်းကျင်အပေါ်တွင် များစွာ မှီခိုနေကြရသူများ

အဓိက အညွှန်းဖော်ပြချက်များ - ၂၀၁၄ သန်းခေါင်စာရင်း






## ပုံသေတွက်ချက်မှုပုံစံများ၊ ဆုံးဖြတ်သည့်မှုများ နှင့် နောက်ဆုံး ပုံစံစနစ် ထွက်ရှိမှု

နောက်ဆုံးပုံစံစနစ်တစ်ခု ထွက်ပေါ်လာစေရန် ထိခိုက်လွယ်မှုအပေါ် ပုံသေတွက်ချက်မှုများအား ပြန်လည်သုံးသပ်နိုင်ရန်အတွက် တွက်ချက်မှုပုံစံတစ်ခုချင်းစီ၏ လုံလောက်ခြင်းရှိမှု မရှိမှုအား ဆုံးဖြတ်ပေးရန် အောက်ပါသတ်မှတ်ထားသော ဆုံးဖြတ်ရန်မှုများအား အသုံးပြုထားပါသည် --

- F-values များနှင့် သန်းခေါင်စာရင်း အဓိက အညွှန်းဖော်ပြချက်များအပေါ်မူတည်၍ ထွက်ပေါ်ချက်
- ကိုက်ညီမှုရှိအောင် ပြင်ဆင်ညှိယူထားသည့် R-aquared
- RandomForest ရလဒ်များအား အရည်အသွေးပိုင်းဆိုင်ရာ သုံးသပ်မှု

အားလုံးအတွင်း၊ တွက်ချက်မှုပုံစံ (၃၁)မျိုးအား ပြုစုထားရှိပြီး ပြန်လည်သုံးသပ်မှုပြုလုပ်ခဲ့ပါသည်။ RandomForest အားအသုံးပြုခြင်းအားဖြင့်၊ အပြီးသတ်ရွေးချယ်လိုက်သည့် အညွှန်းဖော်ပြချက်အတွက် ကိန်းရှင်အပြောင်းအလဲများ ထိပ်ဆုံး နှင့် နောက်ဆုံး (၁၀)ခု အဆင့်ရလဒ် ထွက်ပေါ်မှုမှာ အောက်ပါတို့အတိုင်း ဖြစ်ပါသည် --

ထိပ်ဆုံးရှိ ကိန်းရှင်အပြောင်းအလဲ (၁၀)ခု - ထိခိုက်လွယ်မှု အညွှန်းဖော်ပြချက် (RandomForest)

| ကိန်းရှင်အပြောင်းအလဲဖြစ်သည့်အရာများ (အရေးကြီး အစဉ်လိုက်) | %IncMSE | IncNodePurity |
|---|---|---|
| သက်သေခံကတ်များ မရှိသူများ % | 15.28 | 0.15 |
| အထက်တန်းအဆင့်ထိ ပညာရေး ရှိထားသူများ % | 14.13 | 0.45 |
| အလယ်တန်းအဆင့်ထိ ပညာရေး ရှိထားသူများ% | 13.58 | 0.38 |
| လျှပ်စစ်ဓာတ်အား ရရှိမှု % | 13.08 | 0.33 |
| အမျိုးသမီး စာတတ်မြောက်မှု % | 13.00 | 0.21 |
| မှီခိုကလေး အချိုးအစား | 12.97 | 0.19 |
| သက်ငယ်၊ မြေသား (သို့) ဝါး မဟုတ်သည့် အိမ်နံရံ % | 12.83 | 0.08 |
| သက်ငယ် (သို့) ဝါး မဟုတ်သည့် အိမ်အမိုးများ % | 12.14 | 0.08 |
| ကျောင်းလုံးဝ မနေဖူးသူများ % | 11.80 | 0.14 |
| မြို့ပြလူဦးရေ % | 10.96 | 0.34 |

အောက်ဆုံးရှိ ကိန်းရှင်အပြောင်းအလဲ (၁၀)ခု - ကောင်းမွန်ကျန်းမာပျော်ရွှင်မှု အညွှန်းဖော်ပြချက် (RandomForest)

ကိုးကားရန်မှာ၊ %IncMSE က ကိန်းရှင်ပြောင်းလဲသည့်အရာ၏ အရေးပါမှုအား ညွှန်းဆိုပြီး၊ IncNodePurity က ဆုံးဖြတ်ချက်ချမှတ်ခြင်း ပုံစံကားချပ်အား ပြုလုပ်ရာတွင် မည်မျှအသုံးဝင်သည်ကို ဖော်ပြပါသည်။ အရေးပါမှုအနည်းပါးဆုံး အဖြစ်တွေ့ရသည့် ကိန်းရှင်အပြောင်းအလဲရှိသည့် အရာများ -

| ကိန်းရှင်အပြောင်းအလဲဖြစ်သည့်အရာများ (အမြင့်ဆုံး မှ အနိမ့်ဆုံး) | %IncMSE | IncNodePurity |
|---|---|---|
| စုစုပေါင်းလူဦးရေ အရွယ်အစား | 3.83 | 0.15 |
| အိမ်ထောင်စုတစ်ခုအတွင်းရှိ ဆက်သွယ်ရေးကိရိယာများ | 3.72 | 0.45 |
| တစ်ဦးချင်း GDP [envelope] | 3.66 | 0.38 |
| လုပ်သားထုအတွင်း ပါဝင်မှုနှုန်း | 3.26 | 0.33 |
| မသန်စွမ်းသူ တွေ့ရမှုနှုန်း (အမျိုးသား) | 3.15 | 0.21 |
| အိမ်ထောင်စု အရွယ်အစား ပျမ်းမျှ [envelope] | 2.82 | 0.19 |
| အမျိုးသမီး မသန်စွမ်းသူ တွေ့ရမှုနှုန်း | 2.72 | 0.08 |
| အရပ်သားများအပေါ် အကြမ်းဖက်မှု အညွှန်းကိန်း | 2.55 | 0.08 |
| စုစုပေါင်း GDP [envelope] | 1.85 | 0.14 |
| ကောင်းမွန်သော သောက်ရေ ရင်းမြစ်ရှိသူ % | 1.2 | 0.34 |

ထိခိုက်လွယ်မှု ရမှတ်ထွက်ပေါ်မှုအတွက် အသုံးပြုထားသော ကိုက်ညီအောင် ပြင်ဆင်ညှိယူထားသည့် R-squared မှာ (၀.၉၇၅) ဖြစ်ပါသည်။ ထည့်သွင်းစဉ်းစားထားခဲ့သည့် ပုံသေတွက်ချက်မှုပုံစံများ အားလုံးတွင် အကောင်းဆုံးထွက်ပေါ်ကြောင်း တွေ့ရှိရပြီး၊ ပဋိပက္ခ နှင့် သန်းခေါင်စာရင်းအချက်အလက်တို့ နှစ်မျိုးစလုံး၏ အချက်အလက်အတွက် အကောင်းဆုံးသော ခန့်မှန်းချက်ပေးသည့်အရာအဖြစ် ယင်းကို သတ်မှတ်ထားပါသည်။ တန်းတူညီမျှ ထည့်သွင်းအလေးပေးစဉ်းစားခဲ့သော အစိတ်အပိုင်းများမှာ --


- တရားဝင် သက်သေခံကတ် မရှိသူ ရာနှုန်း
- မှီခိုကလေး အချိုး
- အမျိုးသမီး စာတတ်မြောက်မှုနှုန်း
- အလယ်တန်းပညာရေးရှိသူ ရာနှုန်း
- ဝါး နှင့် သက်ငယ်အမိုးများရှိသည့် ရာနှုန်း
- ဘေးကင်းသည့် မိလ္လာ/ရေဆိုး ထုတ်စနစ်ရှိသည့် ရာနှုန်း
- လျှပ်စစ်အားသို့ ပြောင်းလဲသုံးစွဲလာမှု နှုန်း
- ပဋိပက္ခ အညွှန်းဖော်ပြချက် (ထိပ်တိုက်ရင်ဆိုင်ပဋိပက္ခများ၊ ထိခိုက်သေဆုံးမှုများ၊ အရပ်သားများအပေါ် အကြမ်းဖက်မှု နှင့် နေရပ်စွန့်ခွာ ရွှေ့ပြောင်းရခြင်း တို့ကို ထင်ဟပ်ပေးထား)

# အချက်လက်များကို မြို့နယ် အမျိုးအစားလိုက် စုစည်းထားရှိခြင်း

ထိခိုက်လွယ်မှု အညွှန်းဖော်ပြချက်က ထိခိုက်လွယ်မှု/ဖြေရှင်းနိုင်စွမ်းအတွက် အသုံးဝင်သည့် အကြမ်းဖျင်း ဖော်ပြမှုကို ပေးစွမ်းသော်လည်း၊ လုပ်ငန်းအစီအစဉ် ပုံစံပြုရေးဆွဲမှုသည် တစ်သမတ်တည်းယူဆသည့် ဆောက်ရွက်မှုနည်းလမ်းအပေါ် အခြေတည်၍ ဖြစ်နိုင်မည် မဟုတ်ပေ။ လူဦးရေထူထပ်မှုနှုန်း ကဲ့သို့သော လူမှုပထဝီဆိုင်ရာ ထူးခြားသော လက္ခဏာများမှာ သင့်တော်မှုရှိမည့် လုပ်ငန်းစီစဉ်ဆောင်ရွက်မှု ပုံစံနစ်များအား ရွေးချယ်ဆုံးဖြတ်ရာတွင် ပင်တိုင်အဓိက အကြောင်းအရာ ဖြစ်ရမည်ဖြစ်သည်။

(Rpart) package ကို ဆုံးဖြတ်ချက်ချမှတ်ခြင်း ပုံစံကားချပ်အား ပြုစုရေးဆွဲရာတွင် အသုံးပြုခဲ့ပြီး၊ ထိခိုက်လွယ်မှု အညွှန်းဖော်ပြချက်နှင့် အခြားသော လုပ်ငန်းပိုင်းဆိုင်ရာ အချက်အလက်အစုမှ အညွှန်းဖော်ပြချက်တို့အပေါ်တွင် မူတည်ထားပါသည်။ ယခု ဆုံးဖြတ်ချက်ချမှတ်ခြင်း ပုံစံကားချပ်အား မြို့နယ်များကို အမျိုးတူရာအလိုက် ခွဲခြားထားရန်အတွက် အသုံးပြုထားရာ - အရောင်ရင့် မြားလက်တက်များဖြင့် ပုံဖော်ပြထားသော အရာများက အပြုသဘောဆောင်သည့် တုံ့ပြန်ချက်ရလဒ်များကို ဖော်ညွှန်းပေးပြီး အမျိုးအစား တစ်ခုချင်းစီအတွင်းမှ မြို့နယ်များ၏ အရေအတွက်အား ဘောင်များအတွင်း စာရင်းသွင်းပြထားပါသည်။ အညွှန်းဖော်ပြချက် တစ်ခု (သို့) နှစ်ခုတို့ကြောင့် လွန်စွာကွဲပြားခြားနားမှုရှိသည့် မြို့နယ်များ ပါဝင်နေသည့် အမျိုးတူအစုတစ်ခုအတွင်း ကျရောက်သွားခဲ့သော သတ်မှတ်ဘောင်ဝန်းကျင်အတွင်း ကျရောက်နေသော ကိစ္စများအတွက် အချို့သော ပုံသေနည်းပြင်ပ ချိန်ညှိမှုကို ပြုလုပ်ထားပါသည်။ ယခုကဲ့သို့ မြို့နယ်များအား ခွဲခြားကြည့်ခြင်းအားဖြင့် ရလဒ်အဆုံးပိုင်းတွင် ပိုမိုသာလွန်ကောင်းမွန်သော အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ပေးစွမ်းနိုင်မည် ဖြစ်ပါသည်။

ပုံ (၇၂) မြို့နယ် အုပ်စုများကို သတ်မှတ်ပေးရာတွင် သုံးသည့် ဆုံးဖြတ်ချက်ချမှတ်ခြင်း ပုံစံကားချပ်



* denotes terminal node
1) root 330 6.47402300 0.5441732
2) PopDen..Urban.Pop < 0.49985 286 2.58516900 0.5034858
4) Literacy.Female....literate < 79.4 81 0.64083930 0.3969261
8) ID.Card..no.ID.total.. >= 0.37 36 0.11851430 0.3287344 *
9) ID.Card..no.ID.total.. < 0.37 45 0.22099830 0.4514794
18) Floor.type..Bamboo.or.Earth.. >= 0.3863 25 0.06276741 0.4074142 *
19) Floor.type..Bamboo.or.Earth.. < 0.3863 20 0.04900788 0.5065609 *
5) Literacy.Female....literate >= 79.4 205 0.66116160 0.5455899
10) Electricity....with. < 0.2515 138 0.28780330 0.5221795
20) Child.dependency.ratio >= 45.45 74 0.15933720 0.4985012 *
21) Child.dependency.ratio < 45.45 64 0.03900557 0.5495575 *
11) Electricity....with. >= 0.2515 67 0.14195150 0.5938084 *
3) PopDen..Urban.Pop >= 0.49985 44 0.33788000 0.8086414
6) Roof.type.NOT.Thatch.and.Bamboo.roofing.. < 0.91065 14 0.07159457 0.7076667 *
7) Roof.type.NOT.Thatch.and.Bamboo.roofing.. >= 0.91065 30 0.05692950 0.8557630 *

# ရည်ညွှန်းချက်များ


Abuza, Z.(၂၀၁၄)၊ အရှေ့တောင်အာရှ၏ စစ်သုံးစရိတ်အပေါ် ခွဲခြမ်းစိတ်ဖြာခြင်း(Stockholm International Peace Research Institute ၏ အချက်အလက်များကို အသုံးပြုပါသည်)။ မဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေး စင်တာ။ ၂၀၁၆ခုနှစ် ဒီဇင်ဘာ ၅ ရက်တွင် https://www.cogitasia.com/analyzing-southeast-asias-military-expenditures/ မှ ထုတ်နုတ်ထားသည်။

Archive Global. ကျန်းမာရေးအားအခြေခံမှစတင်၍ဆောင်ရွက်ခြင်း၊ Dhaka, Bangladesh. ၂၀၁၇ခုနှစ် ဖွန်လ ၂၈ ရက်နေ့တွင် http://archiveglobal.org/bangladesh/ မှ ထုတ်နုတ်ထားသည်။

Armed Conflict Event and Location Dataset [ACLED] (၂၀၁၆)။ Asia Dataset. ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာ ၈ ရက်တွင် http://www.acleddata.com/asia-data/ မှ ထုတ်နုတ်ထားသည်။

အာရှဖွံ့ဖြိုးရေးဘဏ်(၂၀၁၅)။ မြန်မာနိုင်ငံ ပညာရေးကဏ္ဍအပေါ်အပြည့်အစုံသုံးသပ်ခြင်းအဆင့်၂-စေ့စပ်စွာခွဲခြမ်းစိတ်ဖြာခြင်း။ အပိုနောက်ဆက်တွဲ: မြန်မာနိုင်ငံတွင် ပညာရေးလက်လှမ်းမီမှု၊ အတန်းကျရှုံးခြင်းနှင့် အောင်မြင်ခြင်းတို့အား အသစ်ထပ်မံခွဲခြမ်းစိတ်ဖြာခြင်း၊ မူလတန်းလွန်ပညာရေးအပေါ်အလေးပေးအာရုံစိုက်ထားခြင်းဖြစ်သည်။ နေပြည်တော်၊ အာရှဖွံ့ဖြိုးရေးဘဏ်။

အာရှဖွံ့ဖြိုးရေးဘဏ်(၂၀၁၆)။ မြန်မာ- စွမ်းအင်ကဏ္ဍအကဲဖြတ်သုံးသပ်ခြင်း၊ မဟာဗျူဟာနှင့် လမ်းပြမြေပုံ။ Mandaluyong မြို့တော်: အာရှဖွံ့ဖြိုးရေးဘဏ်။

အာရှဖွံ့ဖြိုးရေးဘဏ်(၂၀၁၆)၊ မြန်မာနိုင်ငံသယ်ယူပို့ဆောင်ရေးကဏ္ဍမူဝါဒ မှတ်ချက်။ ကျေးလက်လမ်းများနှင် လက်လှမ်းမီရောက်ရှိခြင်း။ Manila: အာရှဖွံ့ဖြိုးရေးဘဏ်။

အာရှဖွံ့ဖြိုးရေးဘဏ်(၂၀၁၇)။ မြန်မာနိုင်ငံတွင် မူလတန်းလွန်ပညာရေးရလဒ်များ တိုးတက်ကောင်းမွန်စေရေး-အကျဉ်းချုပ်။ မြန်မာ၊ အာရှဖွံ့ဖြိုးရေးဘဏ်။

Barany,Z. (၂၀၁၆). မြန်မာနိုင်ငံတွင်လက်နက်ကိုင်တပ်ဖွဲ့များနှင့် ဒီမိုကရေစီပြောင်းလဲကျင့်သုံးခြင်း-အမေရိကန်စစ်တပ်သည် အဘယ်ကြောင့် တပ်မတော်နှင့်ထိတွေ့ဆက်ဆံသင့်သနည်း (Armed Forces and Democratization in Myanmar Why the U.S. Military Should Engage the Tatmadaw) Washington: Centre for Strategic and International Studies.

Burma News International (၂၀၁၅)။ မြန်မာ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အား အဓိပ္ပာယ်ဖော်ခြင်း၊ A Reference Guide 2015. Chiang Mai: Burma News International.

ဗဟိုစာရင်းအင်းအဖွဲ့(၂၀၁၅)၊ မြန်မာနိုင်ငံစာရင်းအင်းဆိုင်ရာနှစ်ချုပ် ၂၀၁၅။ နေပြည်တော်၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန။

Centre for Diversity and National Harmony (၂၀၁၅)။ ရခိုင်ပြည်နယ်လိုအပ်ရာများ အကဲဖြတ်သုံးသပ်ခြင်း။ ရန်ကုန်၊ Centre for Diversity and National Harmony (၂၀၁၅)

Christiaensen L., de Weerdt J. & R. Kanbur (၂၀၁၆)။ မြို့ပြအသွင် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှုလျှော့ချရေး။ Tanzania နိုင်ငံတွင် အလယ်အလတ်မြို့များ၏အခန်းကဏ္ဍ။ Dodoma မြို့တော် - စီမံရေးကော်မရှင်၊ သမ္မတရုံး Tanzania.

Coates R. M. & Ng Y. W. S. (၂၀၁၄). Haiyan တိုင်ဖွန်းမုန်တိုင်း တုံ့ပြန်ရေး မဟာဗျူဟာ။ Tacloban မြို့တော်၊ Leyte ခရိုင် - World Vision အပြည်ပြည်ဆိုင်ရာ Haiyan တိုင်ဖွန်းမုန်တိုင်း တုံ့ပြန်ရေး။

Cohen, M. (၂၀၀၉ ). မြို့ပြအသွင်ပြောင်းလဲခြင်းနှင့် ပဋိပက္ခ- ဖွံ့ဖြိုးတိုးတက်ရေးအကူအညီအတွက် အလားအလာ၊ သက်ရောက်မှုများနှင့် စိန်ခေါ်မှုများ New York: The New School.

Correa E., Ramirez F. & H. Sanhuja (၂၀၁၁). ဘေးအန္တရာယ်ကြောင့် အန္တရာယ်ကျရောက်နိုင်ခြေရှိသော လူထုများ-ပြန်လည်နေရာချထားရေး လမ်းညွှန်၊ Washington DC - Global Facility for Disaster Reduction and Recovery.

ကျန်းမာရေးဦးစီးဌာန စီမံ(၂၀၁၅)၊ ပြည်သူ့ကျန်းမာရေးအချက်အလက် ၂၀၁၃၊ နေပြည်တော်-ကျန်းမာရေးဝန်ကြီးဌာန။

မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာန၊ ပို့ဆောင်ရေးဝန်ကြီးဌာန၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောဝန်ကြီးဌာန နှင့် ကုလသမဂ္ဂ သဘာဝပတ်ဝန်းကျင် အစီအစဉ်(၂၀၁၂)။ မြန်မာနိုင်ငံ၏ အမျိုးသားအဆင့် ရာသီဥတုပြောင်းလဲမှုနှင့် လိုက်ရောညီထွေစွာနေထိုင်ရေးအစီအစဉ်။ နေပြည်တော်၊ ပို့ဆောင်ရေးဝန်ကြီးဌာန

စီမံကိန်းဦးစီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန။ ပြည်တွင်းထုတ်ကုန် စုစုပေါင်း အမြဲတမ်းဈေးနှုန်းနှင့် လက်ရှိဈေးနှုန်း-၂၀၁၂-၂၀၁၆။ (ထုတ်ဝေခြင်းမပြုရသေး)

ပြည်သူ့အင်အားဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန (၂၀၁၅)။ ၂၀၁၄ခုနှစ် မြန်မာနိုင်ငံ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း - ရခိုင်ပြည်နယ်အစီရင်ခံစာ၊ အတွဲ ၃-၄။ နေပြည်တော်-လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန။

ပြည်သူ့အင်အားဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန(၂၀၁၅)။ ၂၀၁၄ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း-ပြည်ထောင်စုအဆင့်အစီရင်ခံစာ၊ နေပြည်တော်-လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန။

ပြည်သူ့အင်အားဦးစီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန နှင့် UNFPA (၂၀၁၇)။ ၂၀၁၄ခုနှစ် မြန်မာနိုင်ငံ လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း-ပညာရေးကဏ္ဍ အကြောင်းအရာအလိုက်အစီအရင်ခံချက်။ သန်းခေါင်စာရင်းအစီရင်ခံစာ အတွဲ ၄-ဇ။ နေပြည်တော်၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန။

ပြည်သူ့အင်အားဦးစီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန နှင့် UNFPA (၂၀၁၆)။ ၂၀၁၄ခုနှစ် မြန်မာနိုင်ငံ လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း - အသေအပျောက် အကြောင်းအရာလိုက် အစီရင်ခံစာ။ သန်းခေါင်စာရင်းအစီရင်ခံစာ အတွဲ ၄-ခ။ နေပြည်တော်၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန။

Dev, K.&Spanjers, J. (၂၀၁၅)။ ၁၉၆၀ - ၂၀၁၃ မြန်မာနိုင်ငံ မှ/သို့ ငွေအလုံးအရင်းထွက်ခြင်း နှင့် တရားမဝင်ငွေရေးကြေးရေးစီးဆင်းမှု။ Washington: Global Financial Integrity.

Dickenson-Jones, G., De K.S. & Smurra, A.(၂၀၁၅)။ မြန်မာနိုင်ငံ ပြည်နယ်နှင့် တိုင်းဒေသကြီး ပြည်သူ့ဘဏ္ဍာ- မြန်မာနိုင်ငံ ပြည်နယ်၊ တိုင်းဒေသကြီး အုပ်ချုပ်ထိန်းကျောင်းမှု စာတမ်း အမှတ် ၈။ Myanmar Development Resource Institute/Centre for Economic and Social Development, International Growth Centre and The Asia Foundation.

Dobermann, T. (၂၀၁၆). မြန်မာနိုင်ငံအတွင်းရှိ စွမ်းအင်ကဏ္ဍ။ ရန်ကုန်၊ International Growth Centre.

Driel, W.F. van & T.A. Nauta (၂၀၁၄). မြန်မာနိုင်ငံ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ၏ အကူအညီ ထိခိုက်လွယ်မှုနှင့် ဒဏ်ခံနိုင်မှု အကဲဖြတ်ချက်။ အပြည့်အဝအကဲဖြတ်ခြင်းအဆင့်။ Delta Alliance အစီရင်ခံစာ အမှတ် ၁၀။ Delft-Wageningen, The Netherlands: Bay of Bengal Large Marine Ecosystem (BOBLME) စီမံကိန်း, Global Water Partnership (GWP) and Delta Alliance.

Drury, L.W.(၂၀၁၇)။ မြန်မာနိုင်ငံအလယ်ပိုင်း-အပူပိုင်းဒေသ၏ ဇလဘူမိဗေဒ။ Canberra: The Australian Water Partnership.

အရေးပေါ်စီမံခန့်ခွဲမှုဗဟိုဌာန(၂၀၁၅)။ ၂၀၁၅ ရေကြီးခြင်းနှင့် မြေပြိုခြင်းအပေါ် အမျိုးသား သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီ၏ အခြေအနေဖြစ်ရပ်အစီရင်ခံစာ (#၁-၆)။ နေပြည်တော် အမျိုးသား သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီ။

Enlightened Myanmar Institute, ကမ္ဘာ့ဘဏ် & GFDRR (၂၀၁၄)၊ နာဂစ်ကဲ့သို့မုန်တိုင်းများ နေ့စဉ်တိုက်ခတ်နေသည်-နာဂစ်မုန်တိုင်းအပြီး လူမှုအဖွဲ့အစည်းအပေါ် ရိုက်ခတ်သက်ရောက်မှု စောင့်ကြည့်ရေး ၅နှစ်တာ။ Washington D.C.: International Bank for Reconstruction and Development.

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ(၂၀၁၃)။ စီးပွားရေးနှင့် လူမှုရေး ပြုပြင်ပြောင်းလဲရေးများအတွက် မူဘောင်- အလုံးစုံအမျိုးသားဖွံ့ဖြိုးမှု စီမံကိန်း၏ ရေရှည်ချမှတ်ထားသောပန်းတိုင်များသို့ဦးတည်လျက် ၂၀၁၂-၂၀၁၅ အတွက် မူဝါဒ ဦးစားပေးသတ်မှတ်ချက်များ။ နေပြည်တော်၊ မြန်မာနိုင်ငံတော်အစိုးရ။

ပြည်ထောင်စု မြန်မာနိုင်ငံတော်(၂၀၁၅)။ မြန်မာနိုင်ငံ ရေကြီးရေလျှံခြင်းနှင့်မြေပြိုခြင်း ဘေးအန္တရာယ်ဖြစ်ပြီးနောက် လိုအပ်ရာများကို အကဲဖြတ်သုံးသပ်ခြင်း။ နေပြည်တော်၊ မြန်မာနိုင်ငံတော်အစိုးရ။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ (၂၀၀၉)။ ဘေးအန္တရာယ်ကျရောက်ရာတွင် အန္တရာယ်သင့်နိုင်ခြေလျှော့ချရေး လုပ်ဆောင်ချက် အစီအမံ။ နေပြည်တော်၊ မြန်မာနိုင်ငံတော်အစိုးရ။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ (၂၀၁၆)။ အမျိုးသား ပြန်လည်နလန်ထူရေး မူဘောင် နှင့် စီမံချက်။ နေပြည်တော်၊ ဆောက်လုပ်ရေး ဝန်ကြီးဌာန နှင့် ပြန်လည်နလန်ထူရေး ပေါင်းစပ်ညှိနှိုင်းမှု ဗဟို။

Haggblade S. et al. (၂၀၁၃). မြန်မာနိုင်ငံအတွက် ဗျူဟာမြောက် စိုက်ပျိုးရေးကဏ္ဍ နှင့် စားနပ်ရိက္ခာဖူလုံမှု စစ်ဆေးဖော်ထုတ်ချက်။ ရန်ကုန်၊ United States Agency for International development.

Harfst J. (၂၀၀၆). တည်နေရာအလိုက် ဖွံ့ဖြိုးရေး ဆောင်ရွက်မှု အစီအစဉ်ဖော်ဆောင်ခြင်း လက်တွေ့လမ်းညွှန်။ Bratislava: UNDP Regional Bureau for Europe and the Commonwealth of Independent States.

Hsiang S. M. & Jina A. S. (၂၀၁၄). သဘာဝပတ်ဝန်းကျင်ဆိုင်ရာကပ်ဘေး၏ ရေရှည်စီးပွားရေးဖွံ့ဖြိုးကြီးထွားမှုအပေါ် တမင်ပြုလုပ်ခြင်း မဟုတ်သည့် အကျိုးသက်ရောက်မှု - ဆိုင်ကလုန်းမုန်တိုင်းပေါင်း (၆၇၀၀) ၏ သာဓက။ Cambridge မြို့တော်, Massachusetts ပြည်နယ်: စီးပွားရေးဆိုင်ရာ အမျိုးသားအဆင့် သုတေသနဌာန

ထူးသန့် နှင့် မြတ်ကျော်သူ (၂၀၁၅, ဇွန်လ ၁၅)။ ပညာရေးဥပဒေကြမ်းတွင်ကျောင်းသားသမဂ္ဂချန်ထားခံရခြင်း http://www.mmtimes.com/index.php/national-news/15106-student-unions-left-out-of-education-law.html မှ ၂၀၁၇ ဒီဇင်ဘာ ၁၆ တွင်ထုတ်နုတ်ဖော်ပြထားသည်။

IHLCA Technical Unit (၂၀၁၁). အိမ်ထောင်စုများ နေထိုင်မှုရေးရာ အခြေအနေ အဆင့်အတန်းများအား ပေါင်းစပ်အကဲဖြတ်မှုစစ်တမ်း (၂၀၀၉-၂၀၁၀)။ ရန်ကုန်၊ အမျိုးသားစီမံကိန်း နှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန။

INFORM (၂၀၁၇)။ ဘေးအန္တရာယ်ဖြစ်နိုင်မှု စီမံခန့်ခွဲရေးအတွက် အညွှန်း -- ၂၀၁၇ ခုနှစ် ရလဒ်များ။ ၂၀၁၆ခုနှစ် ဒီဇင်ဘာ (၁၉)တွင် http://www.inform-index.org/Portals/0/InfoRM/INFORM%20Global%20Results%20Report%202017%20FINAL%20WEB.pdf on 19 December 2016. မှထုတ်နုတ်ဖော်ပြသည်။

Johnston R. et al. (၂၀၁၅) စားနပ်ရိက္ခာအာမခံချက်ရှိစေရန်၊ အသက်မွေးဝမ်းကျောင်းနှင့် ကျန်းမာရေးအတွက် မြန်မာနိုင်ငံ၏ အပူပိုင်းဒေသတွင် ရေအရင်းအမြစ်စီမံခန့်ခွဲရာတွင် တိုးတက်စေခြင်း - International Water Management Institute

Kreft, S., Eckstein, D. & Melchior, I. (၂၀၁၆)။ ကမ္ဘာ့ရာသီဥတု အန္တရာယ်အညွှန်းကိန်း ၂၀၁၇၊ ပြင်းထန်သော မိုးလေဝသဖြစ်စဉ်များမှ မည်သူတို့ ထိခိုက်မှုအခံရဆုံးဖြစ်သနည်း။ ၂၀၁၅ နှင့် ၁၉၉၆ မှ ၂၀၁၅ အထိ မိုးလေဝသနှင့်သက်ဆိုင်သော ပျက်စီးဆုံးရှုံးမှုဖြစ်ရပ်များ။ Bonn: Germanwatch

LIFT (၂၀၁၆)။ မြန်မာ- လယ်ယာထုတ်ကုန်စီးပွားရေးအပေါ် ဆန်းစစ်လေ့လာချက်။ Washington D.C. ကမ္ဘာ့ဘဏ်။

McClaren, A (၂၀၁၃)။ စိုက်ပျိုးရေးဆိုင်ရာ ဈေးကွက်များတွင် Price Transmission အချိုးမညီမှု၊ Working Paper Series 13-1-2. Geneva: Universite de Geneve

MIMU (၂၀၁၆)။ 3W Who/What/Where Interactive Dashboard. http://themimu.info/3W_ Dashboard_by_Village_Tract မှ ၂၀၁၇ ဇန်နဝါရီလ ၁၂ ရက်တွင် ထုတ်နုတ်ဖော်ပြသည်။

မင်းခိုင် (၂၀၁၅)။ ကမ္ဘာ့ရေအေးလျှပ်စစ်ကွန်ဂရက် - ဒေသတွင်းဖွံ့ဖြိုးရေး၊ ကုန်ကျမှုကိုမည်သို့ မျှဝေကျခံနိုင်မည်နည်း။ ဘေဂျင်း - လျှပ်စစ်စွမ်းအားဝန်ကြီးဌာန။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ FAO နှင့် WFP (၂၀၁၅)၊ လယ်ယာစိုက်ပျိုးရေးနှင့် အသက်မွေးဝမ်းကျောင်းမှုအပေါ် ရေကြီးရေလျှံခြင်း၏ ထိခိုက်သက်ရောက်မှုကို သုံးသပ်ခြင်း။

အလုပ်သမားဝန်ကြီးဌာန၊ အလုပ်အကိုင်ခန့်ထားခြင်းနှင့် လူမှုဖူလုံရေး၊ ဗဟိုစာရင်းအင်းအဖွဲ့၊ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ (၂၀၁၆)၊ မြန်မာနိုင်ငံအလုပ်သမားအင်အား၊ ကလေးအလုပ်သမားနှင့် ကျောင်းမှ အလုပ်သို့ ကူးပြောင်းခြင်း စစ်တမ်း ၂၀၁၅ ၏ အဓိကတွေ့ရှိချက်များ။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန(၂၀၁၇)။ မြန်မာနိုင်ငံ ရာသီဥတုပြောင်းလဲမှုအပေါ် မဟာဗျူဟာနှင့် လုပ်ဆောင်ချက်အစီအစဉ် ၂၀၁၆-၂၀၃၀၊ Version 11, ၂၀၁၆ ဇူလိုင်လ။ နေပြည်တော်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန။

ပညာရေးဝန်ကြီးဌာန (၂၀၁၆)။ အမျိုးသားပညာရေး မဟာဗျူဟာအစီအစဉ် ၂၀၁၆-၂၁။ နေပြည်တော်၊ ပညာရေးဝန်ကြီးဌာန။

ကျန်းမာရေးဝန်ကြီးဌာန (၂၀၁၄)၊ မြန်မာနိုင်ငံတွင် ကျန်းမာရေးကဏ္ဍ-အရေးပါသောစာရင်းဇယား။ http://www.moh.gov.mm/file/HEALTH%20STATISTICS.pdf မှ၂၀၁၆ နိုဝင်ဘာလ ၁၄ တွင် ထုတ်နုတ်ဖော်ပြသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန (၂၀၁၆)။ အမျိုးသားကျန်းမာရေးစီမံကိန်း ၂၀၁၇-၂၀၂၂။ နေပြည်တော်၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ DHS Program (၂၀၁၆)။ မြန်မာနိုင်ငံ လူမှုပထဝီ နှင့် ကျန်းမာရေး စစ်တမ်း၊ အဓိက အညွှန်းကိန်းများ အစီရင်ခံချက် ၂၀၁၅-၂၀၁၆။ နေပြည်တော်၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန။

Myanmar Resource Institute-Centre for Economic and Social Development & International Growth Centre. (၂၀၁၅). Fiscal Management in Myanmar. ရန်ကုန်၊ အာရှဖွံ့ဖြိုးရေးဘဏ်။

Myanmar Shelter Cluster (၂၀၁၅). ရခိုင် Shelter Cluster ပေါင်းစပ်ညှိနှိုင်းအစည်းဝေး၊ မေလ ၂၀၁၅။

အမျိုးသားAIDSဆိုင်ရာအစီအစဉ်နှင့်UNDP(၂၀၁၇)။မြန်မာနိုင်ငံအိမ်ထောင်စုအဆင့်တွင်HIVရှိသူများလူမှုစီးပွားရေးအပေါ်သက်ရောက်မှု။ နေပြည်တော်-ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန။

Ng, Y.W.S. (၂၀၁၆)။ အမျိုးသား သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှု ကော်မတီ၏ ပြန်လည်ရုပ်လုံးဖော်မှုဆိုင်ရာ အစီရင်ခံစာ။ နေပြည်တော်၊ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်။

Open Myanmar Initiative (၂၀၁၆). Open Myanmar Initiative Budget Explorer. http://budget. omimyanmar.org မှ ၂၀၁၆ နိုဝင်ဘာ ၁၆ တွင် ထုတ်နုတ်ဖော်ပြသည်။

REACH Initiative (၂၀၁၅)။ ရခိုင်ပြည်နယ်တွင် ဘေးအန္တရာယ်ကျရောက်မှုအတွင်း ဘေးသင့်နိုင်ခြေလျော့ချရေးအတွက် အသိပညာ၊ အမူအကျင့်နှင့် အလေ့အထများအပေါ်လေ့လာခြင်း(KAP)။ ရန်ကုန်- United States Agency for International Development.

ပြန်လည်နလန်ထူရေး ပေါင်းစပ်ညှိနှိုင်းမှု ဗဟို (၂၀၁၆)။ ပြန်လည်နလန်ထူရေး ပေါင်းစပ်ညှိနှိုင်းမှု ဗဟို အချက်အလက်အစုအဝေး။ နေပြည်တော် ပြန်လည်နလန်ထူရေး ပေါင်းစပ်ညှိနှိုင်းမှု ဗဟို၊ အမျိုးသားသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲခြင်း ကော်မတီ။

Ross R. P. (၂၀၁၅)။ မြန်မာနိုင်ငံ၏ လျှပ်စစ်ဓာတ်အားသုံးစနစ်သို့ပြောင်းလဲခြင်း လမ်းကြောင်း -ဖြန့်ဝေစွမ်းအင်စနစ်အခန်းကဏ္ဍ။ Washington: Centre for Strategic and International Studies.

Seneviratne D. & Sun Y. (၂၀၁၃). ASEAN -5 တွင် အခြေခံအဆောက်အအုံ နှင့် ဝင်ငွေ ပျံ့နှံ့မှု။ ချိတ်ဆက်မှုများမှာအဘယ်နည်း။ အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့။

Spohr, C (၂၀၁၇)။ မြန်မာနိုင်ငံ၏ အလယ်တန်းနှင့် အထက်တန်း ပညာရေး သင်ရိုးညွှန်းတမ်းခွဲ ပြုပြင်ပြောင်းလဲရေးများတွင် လမ်းညွှန်ရန် အကိုးအကား။(ရှင်းလင်းတင်ဆက်ခြင်း)။ အာရှဖွံ့ဖြိုးရေးဘဏ်။

Tacoli C. (၂၀၁၄)။ အသေးစားနှင့် အလယ်အလတ်စားမြို့ပြ ဗဟိုချက်များ နှင့် ဈေးဖွင့်လှစ်ရောင်းချသော မြို့တွင်းနေရာများ၏ အခန်းကဏ္ဍနှင့် ကျေးလက်ဒေသ ဆင်းရဲမှုလျှော့ချရေးမူဝါဒအပေါ် ဒေသတွင်း ဆောင်ရွက်ပုံနည်းလမ်းများဖြင့်ချဉ်းကပ်ခြင်း၏ တန်ဖိုး။ Helsinki: Organisation for Economic Co-operation and Development.

အာရှဖောင်ဒေးရှင်း (၂၀၁၇)။ မြန်မာနိုင်ငံ၏ အတိုက်အခံဖြစ်ပွားနေသည့်ဒေသများ - နယ်မြေစိုးမိုးရေး ပဋိပက္ခ၊ ထောက်ပံ့ကူညီမှုနှင့် ဖွံ့ဖြိုးရေး။ အာရှဖောင်ဒေးရှင်း။

သုံးဖွဲ့ဆိုင် အခြေခံပင်မ အဖွဲ့ - ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ၊ ASEAN နှင့် ကုလသမဂ္ဂ (၂၀၀၈)။ နာဂစ်ဖြစ်ပွားမှုပြီးနောက် ပူးတွဲအကဲဖြတ်ခြင်း။ နေပြည်တော်၊ သုံးဖွဲ့ဆိုင် အခြေခံပင်မ အဖွဲ့

ကုလသမဂ္ဂ ဖွံ့ဖြိုးမှုအစီအစဉ် (၂၀၁၆)။ #Act Now – Save Later လှုပ်ရှားမှု၊ ၂၀၁၆ ဒီဇင်ဘာ ၁၂ ရက်နေ့ http://www.undp.org/content/undp/en/home/ourwork/get_involved/ActNow.html မှ ထုတ်နုတ်ထားသည်။

ကုလသမဂ္ဂ ဘေးအန္တရာယ်ကြောင့်ဖြစ်ပွားသော အန္တရာယ်လျှော့ချရေးဆိုင်ရာရုံး (၂၀၁၅)။ ဘေးအန္တရာယ်ကြောင့်ဖြစ်ပွားသော အန္တရာယ်လျှော့ချရေး ကမ္ဘာလုံးဆိုင်ရာ အကဲဖြတ်ချက် အစီရင်ခံစာ (၂၀၁၅)။ New York - ကုလသမဂ္ဂ ဘေးအန္တရာယ်ကြောင့် ဖြစ်ပွားသော အန္တရာယ် လျှော့ချရေးဆိုင်ရာရုံး။

ဝလုံး နှင့် Lewis, Simon (၂၀၁၆၊ ဒီဇင်ဘာ ၁၆). In Myanmar, Profit Clouds Army Pledge to Return Seized Land http://www.reuters.com/article/us-myanmar-military-land-insight-idUSKBN14B0RHon မှ ၂၀၁၆ ဒီဇင်ဘာ ၂၀ တွင် ထုတ်နုတ်ဖော်ပြထားသည်။

Webb,E.L.,etal., ရောဝတီမြစ်ဝကျွန်းပေါ်ဒေသတွင် သစ်တောပြုန်းတီးခြင်းနှင့် နိုင်ငံတကာနှင့် ထိတွေ့ဆောင်ရွက်မှုအရ မြန်မာနိုင်ငံတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရာတွင် ပါဝင်ပတ်သက်မှုပြုခြင်းများ။ ကမ္ဘာလုံးဆိုင်ရာ ပတ်ဝန်းကျင် ပြောင်းလဲမှု (၂၀၁၃)၊ http://dx.doi.org/10.1016/j.gloenvcha.2013.10.007.

ကမ္ဘာ့ဘဏ် (၂၀၁၄)။ မြန်မာနိုင်ငံ၊ အသွင်ကူးပြောင်းမှုအချိန်ကာလတွင် ဆင်းရဲနွမ်းပါးမှုအဆုံးသတ်ရေးနှင့် ကြွယ်ဝချမ်းသာခြင်း မျှဝေခံစားမှု မြှင့်တင်ရေး။ တိုင်းပြည်အပေါ်စနစ်တကျစိစစ်ချက်။ ရန်ကုန် - ကမ္ဘာ့ဘဏ်။

ကမ္ဘာ့ဘဏ် (၂၀၁၅)၊ မြန်မာ - ၂၀၃၀ပြည့်နှစ်တွင် နေရာမရွေး လျှပ်စစ်မီးရရှိရေးဆီသို့ (ရှင်းလင်းတင်ဆက်မှု)။ နေပြည်တော်၊ ကမ္ဘာ့ဘဏ်။

ကမ္ဘာ့ဘဏ်အုပ်စု - အသေးစားစီးပွားရေး နှင့် အခွန်ဘဏ္ဍာရေးစီမံခန့်ခွဲမှု (Fiscal Management) (၂၀၁၅)။ မြန်မာ့စီးပွားရေး စောင့်ကြည့်လေ့လာမှု။ ရန်ကုန်၊ ကမ္ဘာ့ဘဏ်။

ကမ္ဘာ့ဘဏ်အုပ်စု (၂၀၁၅)။ မြန်မာနိုင်ငံ- ပြည်သူ့အသုံးစရိတ်အပေါ်သုံးသပ်ချက်။ ရန်ကုန် - ကမ္ဘာ့ဘဏ်။

ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (၂၀၁၆)။ WFP အစားအသောက်ဖူလုံမှုနှင့် ဆင်းရဲနွမ်းပါးမှု အချက်အလက်။ မြန်မာနိုင်ငံကျေးလက်ဒေသမှ အဓိကတွေ့ရှိချက်များ။ (ရှင်းလင်းတင်ဆက်မှု)

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (၂၀၁၄)။ တစ်ဦးတစ်ယောက်ချင်း ကျန်းမာရေးသုံးစွဲကုန်ကျစရိတ်နှင့် အစိုးရသုံးစွဲကုန်ကျစရိတ်။ ၂၀၁၇ ဇန်နဝါရီ ၄ တွင် http://data. worldbank.org/indicator/SH.XPD.PCAP?locations=MM. မှတဆင့် ထုတ်နုတ်ဖော်ပြသည်။

Zorya S. (၂၀၁၄)၊ မြန်မာနိုင်ငံ-လယ်ယာထုတ်ကုန်စီးပွားရေးအပေါ် လေ့လာဆန်းစစ်ချက်။ နေပြည်တော်-LIFT Livelihoods and Food Security Trust Fund.

MIMU


မြန်မာ သတင်းအချက်အလက် စီမံခန့်ခွဲမှုယူနစ် (MIMU)
အမှတ် (၅)၊ ကမ္ဘာ့အေးလမ်း၊
ဗဟန်းမြို့နယ်၊ ရန်ကုန်၊ မြန်မာ
www.themimu.info

လူသားချင်းစာနာထောက်ထားမှု အကူအညီနှင့် ပြန်လည်ထူထောင်နိုင်စွမ်း ထောက်ပံ့မှု အစီအစဉ် (HARP-F)
အမှတ် (၇၀)၊ ဟ-၁၊ ငွေဝတ်မှုံလမ်း၊ ရွှေတောင်ကြား (၁)၊
ဗဟန်းမြို့နယ်၊ ရန်ကုန်၊ မြန်မာ
www.harpfacility.com